ပဲခူးတိုင်း ၊ တောင်ငူခရိုင် ၊ တောင်ငူမြို့နယ် ၊ သဖန်းပင်ကျေးရွာအုပ်စု
ဆီးဖြူပင်ကျေးရွာ ၊ ဆီးဖြူပင်သာသနာ့ရိပ်သာကျောင်းတိုက်
ဦးစီးပဓာန မဟာနာယက ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ကျေးဇူးရှင်သက်တော်ရှည်

# ပထမဆီးဖြူပင်ဆရာတော်ဘုရားကြီး

တဒ္ဒန္တသုရိယ မဟာထေရ်မြတ်
၏
## ထေရုပ္ပတ္တိ ၊ ဩဝါဒကထာ နှင့် သာသနာပြု သမိုင်းမှတ်တမ်း




ဦးအောင်မြင့်ထွန်း
(စိုက်ပျိုးရေးပညာ)


စဆောင်းရေးသား စီစဉ်ပူဇော် မှတ်တမ်းတင်သည်။

၁၃၆၈-ခုနှစ် ၊ တပေါင်းလဆန်း(၈)ရက် ၊ ၂၃-၂-၂၀၀၇ ခုနှစ် ၊ သောကြာနေ့။
သက်တော်(၉၉)နှစ်မွေးနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေသည်။


သာသနာ ၂၅၅၀ပြည့်နှစ်   ကောဇာ ၁၃၆၈ နှစ်   ခရစ် ၂၀၀၇ ခုနှစ်

# သိကြားမင်းဆက်ကပ်သော အက္ခရာ စမ

လိပ်ပုတ်ကျေးရွာ၊ မော်ဘီမြို့နယ်

ပထဝီဓာတ်(မြောက်) နံနက်(၆-၉)နာရီ





အာပေါဓာတ်(တောင်) နံနက်(၉-၁၂)နာရီ






တေဇောဓာတ်(အရှေ့) နေ့လည်(၁၂-၃)နာရီ





ဝါယောဓာတ်(အနောက်) ညနေ(၃-၆)နာရီ







| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ |
|---|---|---|

# ...တံဆိပ်တော်ရ နှစ်ကျိပ်ရှစ်ဆူဘုရားများ

...ြာက်ပိုင်းခရိုင် ၊ ရန်ကုန်တိုင်း။


၉၂၂.၃၉၁ 6/41
၃၁၉
















ဗုဒ္ဓဟူး　　ကြာသပတေး　　သောကြာ　　စနေ

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သုတေသနဌာန ... တိုက်သို့
... ပါသည်



■ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဆီးဖြူပင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသူရိယ ■

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူဟူသမျှတွင် ဓမ္မဒါနအလှူသည် အမြတ်ဆုံး အသာဆုံးဖြစ်၏။

သို့

- - - - - - - - - - - - - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - - - - - - - - - - - - -

ဓမ္မဒါန (နိဗ္ဗုတ) မေတ္တာလက်ဆောင်မွန် ပေးပို့ပါသည်။

ဘုရားတည်ကိစ္စ၊ မအားရလည်း၊ ဓမ္မအလှူ၊
မြတ်ဆုံးဟူ၍၊ ကြည်ဖြူစိတ်သန်၊ အဓိဋ္ဌာန်ဖြင့်၊
နိဗ္ဗာန်ရည်မျှော်၊ (ရေး)ပူဇော်သည်၊
ဘုန်တော်နေလန်း၊ ထွန်းစေသော်။

မေတ္တာလက်ဆောင်ရှင်

- - - - - - - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - - - - - - -

နေ့စွဲ - - - - - - - - - - - - - - - - - - - - - -

ဆီးဖြူပင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုရိယ၏ ကြိုတင်ခွင့်ပြုချက်အရ ဒါယကာ၊ ဒါယိကာမများအတွက်သာ ဓမ္မဒါန ကန့်သတ် ရိုက်နှိပ်သည်။

| | | |
|---|---|---|
| သာသနာ | - | ၂၅၅၀ ပြည့်နှစ်၊ |
| ကောဇာ | - | ၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း (၈)ရက်၊ |
| ခရစ် | - | ၂၃-၂-၂၀၀၇ ခုနှစ်၊ သောကြာနေ့ |

**သက်တော် (၉၉)နှစ်မွေးနေ့၊ သိက္ခာဝါတော် (၇၉)ဝါရ အထိမ်းအမှတ် ထုတ်ဝေသည်။**

- ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ)တာဝန်ခံ၊ စုဆောင်းရေးသား စီစဉ်ပူဇော်မှတ်တမ်းတင် ထုတ်ဝေသည်။
- နန်းတော်ရှေ့ ဘဒ္ဒန္တပဝရ (ပဋ္ဌာနတာရာမတကောင်းကျောင်းတိုက်) မန္တလေးမြို့က ပြင်ဆင်တည်းဖြတ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ

# အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တော်

(ကမ္မဋ္ဌာန်းနည်းပြ ပထမဆင့်)

ထေရဝါဒကမ္မဋ္ဌာနနယပဒေသဂုဏ်၊ ဝိပဿနာစရာဝဟဂုဏ်၊
သန္တိသုခနိဒဿနဂုဏ်၊ မဟာနာယကဂုဏ်၊
သီလ သမာဓိ ပညာဂုဏ်တို့နှင့်ပြည့်စုံတော်မူသော
ပဲခူးတိုင်း၊ တောင်ငူမြို့နယ်၊ ဇီးဖြူပင်ကျေးရွာ၊
ဇီးဖြူပင်သာသနာ့ရိပ်သာကျောင်း

## ဆရာတော်ဘဒ္ဒန္တ သူရိယ

အရှင်မြတ်အား

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်

ဝန်ကြီး
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သာသနာတော်နှစ် ၂၅၄၅၊ ကောဇာသက္ကရာဇ် ၁၃၆၃-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆-ရက် (၄-၁-၂၀၀၂)

# ဆီးဖြူပင် ဆရာတော်ဘုရားကြီး ၏
# ဩဝါဒကထာ (၁)

- အချိန်မရွေး၊ သေခြင်းဘေး၊ မနေးတွေ့နိုင်သည်။
- နက်ဖြန်သဘက်၊ ချိန်းအချက်၊ သင့်တွက် မရှိပြီ။
- အချိန်ဆိုတာ၊ ပြန်မလာ၊ လွန်စွာတန်ဖိုးကြီးလှသည်။
- အချိန်တန်ဖိုး၊ လူ့တန်ဖိုး၊ အကျိုးထွက်စေမည်။
- ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာ၊ ဖြစ်ခါ ပျက်စီးသည်။
- အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာယာဉ်၊ သုံးပါးတင်၊ တွင်တွင် ရှုရမည်။
- ခု ရှု ခု ငြိမ်း၊ တရားကိန်း၊ သိန်းသိန်းမက တန်ပါသည်။
- ဝိပဿနာအလုပ်၊ ကြိုးအားထုတ်၍၊ နာမ်ရုပ်ပိုင်ပိုင်၊ ရှုမှတ်နိုင်လျှင်၊ မြဲခိုင်သမာဓိ၊ ပညာသိလျက်၊ သန္တိသုခ၊ နိဗ္ဗာန၊ မုချ ရနိုင်သည်။

မှတ်ချက်။ ။ ဆီးဖြူပင် ဆရာတော်ဘုရားကြီးက မဂ္ဂင်ရစ်ပါး လမ်းကြောင်း မှန်ပေါ်သို့ တက်ရောက်စေလို၍ ဆုံးမစာ လင်္ကာရှစ်ပုဒ်ဖြင့် သတိပေး ဆုံးမထားသည်။

# ဩဝါဒကထာ (၂)

## အချိန်ရွေ့မနေပါနှင့်၊ ခုချက်ချင်းလုပ်ပါ။

- ကံကောင်းတုန်း၊
- ဉာဏ်ကောင်းတုန်း၊
- အားအင်ကလေးတွေရှိတုန်း၊
- ကျန်းမာနေတုန်း၊
- တရားရနိုင်သော အခွင့်အရေးကလေး ပေါ်နေတုန်း ကြိုးစားကြ။
- အခွင့်အလမ်းကောင်းတွေ လက်လွှတ်မကုန်ကြစေနဲ့။
- ဟိုအရေး ဒီအရေးတွေနဲ့ အချိန်ဆွဲမနေကြနဲ့တော့။
- ခုချက်ချင်းလုပ်ပါ။

## အဇ္ဇေဝ သုဝေဝါ ပရသုဝေဝါ

- ယနေ့လား?၊ နက်ဖြန်လား?၊ သန်ဘက်လား? ဘယ်နေ့သေမယ် ဘယ်သူ သိနိုင်မှာလဲ?။
- အသေက မဦးခင်၊ ဉာဏ်ကဦးအောင် အလုပ်လုပ်ကြပါ။

## မစ္စုနာ သင်္ဂရော နတ္ထိ

- သေမင်းနှင့် ချိန်းချက်ထားမှုဆိုတာ မရှိ။
- ဘယ်တော့ကျမှ၊ ဘယ်အခါကျမှ၊ ဘယ်အသက်အရွယ်ရှိမှ လာခေါ်ပါဟု သေ မင်းနှင့် ညှိနှိုင်းထားမှု မရှိ။
- အချိန်မရွေး သေနိုင်သည်။ အသေကြီးကို ဆိုလိုရင်း ဖြစ်သည်။

(သမ္မုတိ မရဏ)

- အသေကလေးတို့ကား စက္ကန့်မလပ်၊ မိနစ်မလပ်၊ တရစပ် သေနေကြသည်သာ ဖြစ်၏။

(ခဏိက မရဏ)

(ဘဒ္ဒေ ကရတ္တသုတ်)

## ဩဝါဒကထာ (၃)

- ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ လွန်စွာတွေ့ခဲ့သည်။
- သာသနာစစ်၊ ကြုံသည့်ခေတ်၊ လူဖြစ်ခဲ့ပါသည်။
- လူဖြစ်ချိန်မှာ၊ ဝိပဿနာ၊ ရှုကာ ပွားရမည်။
- ဝိပဿနာလုပ်ငန်း၊ မဆုတ်တန်း၊ ကြိုးပန်းကျင့်ရမည်။
- ဝိပဿနာကို၊ ကြိုးအားပို၊ မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်သည်။
- သံသရာဝဋ်၊ ကျော့ကွင်းညွှတ်၊ ကင်းလွတ်နိုင်ပါသည်။
- အပါယ်ဆင်းရဲ၊ မတွေ့ပဲ၊ လွန်ကဲ ချမ်းသာသည်။
- လုံ့လဖွဲ့ရှိ၊ မပျင်းရိ၊ သတိရှိရမည်။
- အပ္ပမာဒ၊ သတိက၊ အမတ ရေးရှုသည်။
- ရုပ်,နာမ် နှစ်ဖြာ၊ ဖြစ်ပျက်ရာ၊ ဉာဏ်မှာ ထင်ရှားသည်။
- သံသရာဘေး၊ မျှော်ထောက်တွေး၊ ကျင့်ရေးမခက်ပြီ။
- ဘုရားစကား၊ လိုက်နာပွားလျှက်၊ တရားကျင့်သုံး၊ တို့အားလုံး၊ အဆုံးနိဗ္ဗာန်ပြည်။

အမှတ်တရား၊ မပြတ်ပွား၊ မှတ်သား နိဗ္ဗူသိ။
မမြဲဆင်းရဲ၊ အစိုးမရတာ၊ ပွားများကြပါ၊
နိဗ္ဗာန်ရောက်ဖို့ လမ်းစပါ။

ဖြစ်ချင်တာက သမုဒယ၊ ဖြစ်လာပြန်တော့ ဒုက္ခမှတ်၊
မဖြစ်ချင်မှ မဂ္ဂပြ၊ မဖြစ်ပါမှ နိရောဓ၊
သစ္စာလေးဖြာ သိမြင်လာ၊
သေချာ နိဗ္ဗာန်ရ။

ကမ္ဘာ့ သာသနာပြု
ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော် ဩဝါဒါစရိယ
မူလ မဟာစည်ဆရာတော်ဘုရားကြီး (ဘဒ္ဒန္တ သောဘန) ၏
ဩဝါဒတော်


မဟာစည်ဆရာတော်

# ဝိပဿနာ လုပ်ပါ

အို - သူတော်ကောင်း
အို - သူတော်ကောင်း

- လူဖြစ်နေစဉ် ယခုအခါသည်သာလျှင် ဝိပဿနာအလုပ်ကို အားထုတ်နိုင်သည့် အခါပေတည်း။
- ဤ ဝိပဿနာ အလုပ်ဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရ၍။
- အပါယ်ဆင်းရဲ၊ သံသရာဝဋ်ဆင်းရဲတို့မှ လွတ်ကင်း ထွက်မြောက်၍။
- ဤမျှ ကြီးကျယ်သော အကျိုးကို ပေါ့လျော့ ပျင်းရိစွာ အားထုတ်၍ အဘယ်မှာ ရနိုင်ပါမည်နည်း။

အို - သူတော်ကောင်း

- မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော အလွန်ကြီးမားတဲ့အကျိုးကို ရစေနိုင်တဲ့ ဝိပဿနာအလုပ်ကို ပြင်းထန်စွာ အားထုတ်ပါလော့။
- သင်မပျင်းနဲ့။ မမေ့နဲ့။
- အားထုတ်ပါလော့။

## ပမာဒေါ မစ္စုနော ပဒံ


သတိလွတ်သူသည် အသက်ရှုလျက် သေနေသူ ဖြစ်၏။

## အပ္ပမာဒေါ အမတံ ပဒံ

သတိကပ်ပြီး အပ္ပမာဒ တရားဖြင့် ရှုမှတ်နေသူသည် အသက် ရှုလျက် သေခြင်းကင်းရာ (အမတ) သို့ ဦးတည်နေ၏။

## သာမညနဲ့ ဆီးဖြူပင် အတူတူပါပဲ





တောင်ငူမြို့က ဒါယကာ၊ ဒါယိကာမ အချို့သည် ခရီးလမ်းအဆင့်ဆင့်ကို ကျော်ဖြတ်ပြီး၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ သာမညတောင် ဆရာတော်ကြီး အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိနယ (ဘေးမဲ့သားလွတ် ဆရာတော်) သက်တော်ထင်ရှား ရှိခဲ့စဉ်က သွားရောက်ဖူးမြော်ကြလေ့ရှိသည်။

ထိုအခါ ဆရာတော်ကြီးက "ဘယ်က လာကြသလဲ ?" ဟု မေးပါသည်။ ဒါယကာ၊ ဒါယိကာမများက "တောင်ငူမြို့မှ လာကြတာပါဘုရား" လို့ လျှောက်ထားကြလျှင် သာမညဆရာတော်ကြီးမှ မိန့်ကြားသည်မှာ "ဒီလောက် ခရီးဝေး ပင်ပန်းခံပြီး လာဖူးကြတဲ့ ဒါယကာ၊ ဒါယိကာမတွေရဲ့ သဒ္ဓါတရား၊ စေတနာတရား မေတ္တာတရားတွေကို ဘုန်းကြီးက ချီးကျူးမှတ်တမ်းတင်ပါတယ်။ တောင်ငူကဆို၊ အဲဒီမှာ ဆီးဖြူပင်ဆရာတော်ကြီး အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သူရိယ ရှိတာပဲ။ မသိကြဘူးလား ?၊ အဲဒီ ဆရာတော်ကြီးလည်း ဘုန်းကြီးနဲ့ အတူတူပါဘဲ။ သွားဖူးကြ။ တို့ကို လာဖူးတာနဲ့ အတူတူပဲ" လို့ ပြန်လည် မိန့်ကြားတတ်ကြောင်း သာမညဆရာတော်ကြီးထံ သွားရောက် ဖူးမြော်ပူဇော်သူ ဒါယကာ၊ ဒါယိကာမများ၏ တစ်ဆင့် ပြောပြချက်အရ သိရှိခဲ့ရပါသည်။

ပထမ ဆီးဖြူပင်ဆရာတော်ကြီးသည် ယခုအခါ သက်တော် (၉၉)နှစ် သိက္ခာဝါတော် (၄၉)ဝါ ထဲသို့ ချဉ်းနင်း ဝင်ရောက်နေပါပြီ။

## ရတနာယာဉ် ဆီးဖြူပင် (ဒွေးချိုး)

- ဆီးဖြူဆင်၊ ဆီးဖြူပင် ဖောင်တော်ဆိုက်ပြီမို့။
  အခိုက်ကြုံ ခါမဆုံးစေနဲ့ ၊ သာတုန်းမှာ စီး။
- သုံးမကုန်၊ အလုံးစုံ ရတနာစီတဲ့၊
  မဟာပြည် ခေမာမြို့ကို၊ ပို့မဲ့ယာဉ်ကြီး။

ဘဒ္ဒန္တ ဉာဏိန္ဒာလင်္ကာရ
စည်ပင်ဂိုဏ်းအုပ်ဆရာတော်၊ တောင်ငူမြို့။

## ရဟန္တာပုဂ္ဂိုလ်များ ထင်ရှား ရှိနိုင်သည်

ဣမေ စ သုဘဒ္ဒ သမ္မာ ဝိဟရေယျုံ၊
အသုညော လောကော အရဟန္တေဟိ အဿာတိ။

(ဒီ - ၂၊ ၁၂၅)

သုတ်မဟာဝဂ္ဂပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်လာအရ၊ ယနေ့ခေတ်ကာလ၌လည်း မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားကို ကောင်းမွန် မှန်ကန်စွာ ကြိုးစားအားထုတ်၍ နေသော ရဟန်း ‚ သံဃာများ၊ ထင်ရှားရှိနေသမျှ ကာလပတ်လုံး ရဟန္တာပုဂ္ဂိုလ် မဆိတ်သုဉ်းနိုင်ပါ။ ရဟန္တာ ပုဂ္ဂိုလ်များ ထင်ရှားရှိနိုင်ပေသည်ဟု အတိအလင်း ဖော်ပြထားကြောင်း လေ့လာတွေ့ရှိရပါသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သံဃာတော်များ၏

# သာသနာဝင် မှတ်တမ်း

စာအုပ် အမှတ်စဉ် ၁၂၄၉၃၈

---

အမှတ်စဉ် ...............................

၇/ထငန(သ)/၀၀၀၆၀၉

ကို



၏

သက်တော် (၄၉) သိက္ခာဝါတော် (၃၅)

ကိုင်ဆောင်သော ရဟန်းတော်၏လက်မှတ်



---

## လျှောက်ထားချက်

၁။ ဤ မှတ်တမ်းကို အမြဲဆောင်ထား၍ တာဝန် အရ သက်ဆိုင်ရာမှ မေး လျှောက် လာလျှင် ထုတ်ပြခြင်းဖြင့် မိမိ၏ သာသနာ့ဝန်ထမ်း စစ်မှန်ကြောင်း ဂုဏ်ယူတော်မူပါဘုရား။

၂။ မည်သည့် နေရာ၌မဆို ဗုဒ္ဓမြတ်စွာ၏ ဝိနည်းတော်ကို ဦးထိပ်တင်၍ ရှင် လူအများ၏ လေးစားမှုကို ခံယူကာ သာသနာတော်၏ အသရေကို ဆောင်တော်မူပါဘုရား။

၃။ ဘုရားရှင် ခွင့်ပြုတော်မူအပ်သော ပရိယတ်၊ ပဋိပတ် သာသနာကိစ္စများကိုသာ ထမ်းဆောင်ခြင်းအားဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို အားပေးတော်မူပါဘုရား။



---

အမှတ်စဉ် ...............................

ကိုင်ဆောင်သော ရှင်သာမဏေ၏
ဓာတ်ပုံနှင့် ရုံးတံဆိပ်

(သက်တော် ၁၂-နှစ်နှင့် ၁၂-နှစ်အထက်)

...............................

ကိုင်ဆောင်သော ရှင်သာမဏေ၏ လက်မှတ်

ရဟန်းတော်

၁။ ဘွဲ့တော် [illegible]

၂။ ယခု သီတင်းသုံးရာဌာန ပဲခူး ပြည်နယ်/တိုင်း
တောင်ငူ မြို့ [illegible] ကျောင်း

၃။ မွေးဖွားရာ ဒေသ ပဲခူး ပြည်နယ်/တိုင်း
တောင်ငူ မြို့ [illegible] ရွာ/ရပ်ကွက်

၄။ မွေးသက္ကရာဇ် [illegible] ခုနှစ် [illegible]
— လဆ [illegible] ရက် [illegible] နေ့

၅။ မည်သည့် နိုင်ငံသား မြန်မာ

၆။ အမျိုးသား/နိုင်ငံခြားသား မှတ်ပုံတင်နံပါတ် (ရှိလျှင်ဖော်ပြရန်)
မရှိ

၇။ ရဟန်းဖြစ်ရာ ဌာန ပဲခူး ပြည်နယ်/တိုင်း
တောင်ငူ မြို့ [illegible] ရွာ
[illegible] ကျောင်း — သိမ်



၈။ ရဟန်းဖြစ်ချိန် သာသနာတော်နှစ် [illegible] ခုနှစ်
ကောဇာသက္ကရာဇ် [illegible] ခုနှစ်
[illegible] လဆ [illegible] ရက် [illegible] နာရီ [illegible] မိနစ်
အရိပ် ... ဖဝါး ... ဗိလာ

၉။ ဥပဇ္ဈာယ်ဆရာဘွဲ့တော် [illegible]
ပဲခူး ပြည်နယ်/တိုင်း တောင်ငူ မြို့
[illegible] ရွာ [illegible] ကျောင်း

၁၀။ ခမည်းတော် အမည် [illegible]

၁၁။ အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင် —

၁၂။ မယ်တော် အမည် [illegible]

၁၃။ အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင် —

၁၄။ ၎င်းတို့၏ နေရပ်လိပ်စာ —

၁၅။ ရဟန်းဒါယကာ အမည် —

၁၆။ ရဟန်းဒါယိကာမ အမည် [illegible]

၁၇။ ၎င်းတို့၏ နေရပ်လိပ်စာ —



ဤသာသနာဝင် မှတ်တမ်းကို ကိုင်ဆောင်သည့် ရဟန်းတော် [illegible] သည် ၁၃[illegible] ခုနှစ် [illegible] လဆ [illegible] ရက်နေ့မှစပြီး ဆရာတော်/မိမိ၏ ကျောင်းတွင် နေထိုင်လျက်ရှိ၍ အထက်ပါ ရေးသွင်းချက်များ အားလုံး မှန်ကန်ကြောင်း ဆရာတော်ကိုယ်တိုင် လက်မှတ်ရေးထိုး လိုက်သည်။

လက်မှတ် [illegible]

ဆရာတော် [illegible]

ကျောင်း

ကျောင်းတိုက် အကျိုးတော်ဆောင်

ရပ်ကွက်/ကျေးရွာအုပ်စု မြို့နယ်သံဃနာယကအဖွဲ့

မြို့နယ် တောင်ငူမြို့-ပဲခူးတိုင်း

ပြည်နယ်/တိုင်း

မှန်ကန်ကြောင်း စစ်ဆေးပြီး

[illegible]

[illegible]

ဥက္ကဋ္ဌဆရာတော်လက်မှတ် [illegible]

မြို့နယ်သံဃနာယကအဖွဲ့

ဘွဲ့တော် [illegible]

ကျောင်းတိုက် [illegible]

တောင်ငူ မြို့

ပဲခူး ပြည်နယ်/တိုင်း

(အောင်မြင့်မောင်) [illegible]

ပြည်နယ်/တိုင်း သာသနာရေးမှူး/မြို့နယ်ဦးစီးမှူး လက်မှတ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန

တောင်ငူ မြို့

ပဲခူး ပြည်နယ်/တိုင်း

## သာသနာ့ဝင် မှတ်တမ်းနှင့် ပတ်သက်သော စည်းကမ်းချက်များပါဘုရား

၁။ ဤသာသနာ့ဝင် မှတ်တမ်းကို သေချာစွာ သိမ်းဆည်းထားရန် လိုအပ်သည့်အပြင်၊ ခရီးသွားလာသောအခါ ယူဆောင်၍ တာဝန်အရ သက်ဆိုင်သူများက မေးလျှောက်လျှင် ထုတ်ပြရပါမည်။

၂။ ဤသာသနာ့ဝင် မှတ်တမ်းကို လွှဲပြောင်းခြင်း မပြုရပါ။

၃။ ဤသာသနာ့ဝင် မှတ်တမ်း ပျောက်ဆုံးလျှင်သော်လည်းကောင်း မထင်မရှား ဖြစ်လျှင်သော်လည်းကောင်း အသစ်လဲလှယ် ထုတ်ပေးရန် သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့သို့ အကြောင်းကြားရပါမည်။

၄။ ဤသာသနာ့ဝင် မှတ်တမ်းပေါ်ရှိ အမှတ်အသားများကို ပြင်ဆင်ပြောင်းလဲရေးသားခြင်း မပြုရပါ။

၅။ ရဟန်းတော်/ရှင်သာမဏေတပါးသည် သာသနာ့ဝင် မှတ်တမ်းတခုသာလျှင် ကိုင်ဆောင်ခွင့် ရှိပါသည်။



၆။ သီတင်းသုံးရာဌာနမှ ပြောင်းရွှေ့လိုလျှင် လိုအပ်ချက်များ ရေးသွင်းနိုင်ရန် လက်ရှိ ကျောင်းထိုင် ဆရာတော်ထံ လျှောက်ထား၍ ပုံစံတွင်ပါရှိသည့်အတိုင်း ဖြည့်စွက်ဆောင်ရွက်ရပါမည်။

၇။ အခြားနေရာ အသစ်သို့ ရောက်ရှိသောအခါ ဤသာသနာ့ဝင် မှတ်တမ်းပေါ်တွင် လိုအပ်သော မှတ်ချက်များ ရေးသွင်းနိုင်ရန် နေရာအသစ်ရှိ ကျောင်းထိုင် ဆရာတော်ထံ လျှောက်ထား၍ ပုံစံတွင် ပါရှိသည့်အတိုင်း ဖြည့်စွက်ဆောင်ရွက်ရပါမည်။

၈။ ကိုင်ဆောင်သူ ပျံလွန်တော်မူလျှင် ဤသာသနာ့ဝင် မှတ်တမ်းကို သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့သို့ တာဝန်ရှိပုဂ္ဂိုလ်က ပြန်လည်အပ်နှံရပါမည်။

၉။ လူဝတ်လဲခဲ့သော် အမျိုးသား မှတ်ပုံတင်ကတ်ပြား ထုတ်ပေးနိုင်ရန်အတွက် ဤသာသနာ့ဝင် မှတ်တမ်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးထံ တင်ပြရပါမည်။




မှတ်ချက်။


(က) ဤသာသနာ့ဝင် မှတ်တမ်းသည် ခေတ္တခဏ ဝတ်သော ဒုလ္လဘရဟန်း ရှင်သာမဏေများနှင့် သက်ဆိုင်ခြင်းမရှိပါ။

(ခ) ထို ခေတ္တခဏဝတ်သော ဒုလ္လဘရဟန်းများသည် လူမှတ်ပုံတင်ရှိထားရမည့်အပြင်၊ ဥပဇ္ဈာယ်ဆရာတော် ကိုယ်တိုင် လက်မှတ်ရေးထိုးပါရှိသော ရဟန်းဖြစ်ချိန် ရက်ချုပ်ကို ကိုင်ဆောင်ရပါမည်။

(ဂ). အကယ်၍ ထို ဒုလ္လဘရဟန်းအဖြစ်မှဆက်လက်၍ သာသနာ့ဝန်ကို ထမ်းဆောင်လိုပါလျှင် လူမှတ်ပုံတင်လက်မှတ်နှင့် သာသနာ့ဝင် မှတ်တမ်းကို လဲလှယ်ခွင့် ရှိပါသည်။





# ပထမ ဆီးဖြူပင်ဆရာတော်ဘုရားကြီး၏
# ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်း
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ❂ | စေတနာလမ်းညွှန် | ၁ |
| ❂ | မိမိသီလ ဘာနှင့်မျှ မလဲနိုင် (ဝါးတန်းဆရာတော်ကြီး) | ၃ |
| ❂ | သက်တမ်းကွာခြားခြင်းအကြောင်း ( မင်္ဂလာဗိမာန်ဆရာတော်ကြီး) | ၄ |
| ❂ | သက်တော်ရှည်မှ သက်တော်ရှည်သို့ (နန်းတော်ရှေ့အရှင်ပဝရ) | ၇ |
| ❂ | အသက်ရှည်ကြောင်း နည်းလမ်းကောင်းများ (စာရေးသူ) | ၁၀ |
| ❂ | အဖွင့်စကား (လုရတနာဆရာတော်) | ၁၁ |
| ၁။ | ဗုဒ္ဓခြေတော်ရာရေစက် | ၁၁ |
| (၁) | စက်လက္ခဏာပိုင်ရှင် | ၁၁ |
| (၂) | တွေ့မြင်ဖူးချင်သော ဆရာတော်နှင့် ပုံတော် | ၁၂ |
| (၃) | ဒေါက်တာ ဆေလာ၏ ခြေတော်ရာစာတမ်း | ၁၃ |
| (၄) | ခြေတော်ရာ သာသနာပြုကြပုံ | ၁၃ |
| (၅) | ခြေတော်ရာ ကြည်ညိုသော ဆရာတော်ကြီး | ၁၄ |
| (၆) | ခြေတော်ရာ ကြည်ညိုသော မိသားစု | ၁၄ |
| (၇) | ဖူးမြင်ရသော ဆီးဖြူပင်ဆရာတော်ကြီး | ၁၆ |
| (၈) | ဆရာတော်ကြီးထံမှ တရားနာကြားရခြင်း | ၁၆ |
| (၉) | ခြေတော်ရာ ရေစက်ဖြင့် တွေ့ဆုံကြသူများ | ၁၇ |
| (၁၀) | မှတ်တမ်းတင် စာအုပ်တန်ဖိုး | ၁၇ |
| ၂။ | အနမောဒနာ သန္ဒေသကထာ ( မြိုင်ကြီးငူ ဆရာတော် ) | ၁၉ |
| ၃။ | အနမောဒနာ ဥယျောဇန ဓမ္မကထာ (မင်္ဂလာဗိမာန် ဆရာတော်) | ၂၀ |
| ၄။ | ဂုဏပကာသန ပဋ္ဌာနာရစနာ ဂါထာ ( စည်ပင်ဂိုဏ်းအုပ်ဆရာတော် ) | ၂၂ |
| ၅။ | ဗုဒ္ဓဝါဒနှင့် သက်သတ်လွတ်ဝါဒ | ၂၄ |
| ၆။ | အာသီသပဋ္ဌာနာ ဂါထာ ( မင်္ဂလာဗိမာန်ဆရာတော် ) | ၂၅ |
| ၇။ | နှုတ်ခွန်းဆက် မင်္ဂလာ | ၂၆ |
| (၁) | စာရေးသူ၏ ခံယူချက် | ၂၆ |
| (၂) | သံသရာဝဋ် - လွတ်လမ်းကိုရှာ၊ ဖြန့်ဝေလှူကြ ဓမ္မဒါန | ၂၆ |
| (၃) | ဆန္ဒထုတ်ဖော် မြွက်ကြားသော် | ၂၈ |
| (၄) | မွေးနေ့ပူဇာ မြတ်ဓမ္မာ | ၂၉ |
| (၅) | သီလဝါ သီလဝန္တေသု ဒါနလေလော့ | ၃၁ |
| (၆) | အမြတ်ဆုံး အဂ္ဂဒါန | ၃၂ |
| (၇) | ဘေးမဲ့သားလွတ် သာသနာ့နယ်မြေများတွင် ဆီးဖြူပင်သာသနာသည်လည်း တစ်ခုပါဝင် | ၃၂ |

စဉ် | အကြောင်းအရာ | စာမျက်နှာ

# ထေရုပ္ပတ္တိအကျဉ်း


၁။ ဖွားမြင်တော်မူခြင်း ( မန္တဒသကအရွယ် ) ၃၄
(၁) ယောက်ျားဇာနည် ရခဲသည် ၃၅
(၂) သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခို ၃၅
၂။ ရှင်သာမဏေပြုခြင်း (ခိဍ္ဍဒသက အရွယ် ) ၃၅
(၁) စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း ၃၆
၃။ ရောက်လေရာမှာ လေးစားကြည်ညို တရားပြဟ္မစိုရ် ( ဝဏ္ဏဒသကအရွယ် ) ၃၆
၄။ အများသတ္တဝါ ကိုယ်ချင်းစာ မေတ္တာထားပါလေ ( ဗလဒသကအရွယ် ) ၃၇
(၁) တွေ့ကြ ဆုံကြ ဘုံဘဝ ၃၇
၅။ သံသရာဝဋ် လွတ်လမ်းကို ရှာလို ( ပညာဒသကအရွယ် ) ၃၇
၆။ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း ( ဟာနိဒသကအရွယ် ) ၃၈
(၁) ဘုရားစကား လိုက်နာထား ကျေးဇူးဆပ်၍ ဘာဝနာပွား ၃၉
၇။ နိဗ္ဗာန်စိတ်သန် အဓိဋ္ဌာန် ချိန်မှန်အားထုတ် သစ္စာအလုပ် ( ပဗ္ဘာရဒသကအရွယ် ) ၃၉
၈။ တက်သစ်စနေဝန်းပမာ သတိပဋ္ဌာန်တရား အလင်းဖြာ ( ဝင်္ကဒသကအရွယ် ) ၄၀
(၁) ဘူမိနက်သန် အောင်မြေမှန်သော ဆီးဖြူပင်တောရကျောင်း ၄၁
၉။ တရားကျင့်သူကို တရားက ပြန်လည်စောင့်ရှောက်သည် ( မောဟာမူဒသကအရွယ် ) ၄၂
၁၀။ တရားမွေ့ကျင့်ပွားကြ ဘွဲ့တံဆိပ်တော်ရ ( သယန ဒသကအရွယ် ) ၄၃
(၁) အတိတ်သမိုင်းက မြင့်မြတ်ဘွဲ့တံဆိပ်တော် ၄၄
(၂) သတိတမံ ဉာဏ်မြေကတုတ် စိတ်ဆင်ရိုင်းကို ပညာချွန်းဖြင့် အုပ် ၄၅
(၃) ဆရာတော်ကြီး၏ ကျန်းမာရေး အခြေအနေ ၄၆
(၄) သီလမွှမ်းထုံ ဂုဏ်ပေါင်းစုံသည့် ဆီးဖြူပင်ဆရာတော်ဘုရား ၄၇
(၅) ပထမ ဆီးဖြူပင်ဆရာတော်ကြီး၏ ဝါဆိုစဉ် အခြေပြဇယား ၅၀
(၆) ဝါဆိုသံဃာတော်များစာရင်း ၅၀
(က) ဆီးဖြူပင် သာသနာ့ရိပ်သာတွင် နှစ်အလိုက် ဝါဆိုသံဃာစာရင်း အချုပ် ၅၂
( ခ ) သီလရှင်များစာရင်း ၅၃
(၇) သံဃာ့ဂုဏ်တော်ကိုးပါး ကြည်ညိုသဒ္ဓါပွား ၅၃
(၈) ဗုဒ္ဓမြတ်စွာ သာသနာ သုံးဖြာ ခွန့်ရှည်ကြာဖို့ ၅၅
(၉) သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၏ တာဝန်ကြီးနှစ်ရပ် ၅၆
(၁၀) ဆရာ့ဆရာတော်ကြီးများနည်းတူ အခမဲ့ ပါရမီဖြည့် ၅၆
(၁၁) ဘုရားဖက်တော့ အသက်ရှည်၊ တရားဖက်တော့ အမျက်ပြေ
သံဃာဖက်တော့ - အခက်ဝေ ၅၈
(၁၂) ရတနာသုံးပါးကို အမြတ်ဆုံး ပူဇာ ဆည်းကပ်ပါ ၅၉
(၁၃) ရက်မြတ်မင်္ဂလာ မွေးနေ့ချိန်ခါ အလှူတော်မင်္ဂလာပွဲ မြိမ့်မြိမ့်သဲ ၅၉
(က) ဝိဇာတ မွေးနေ့ မွေးရက် အလှူတော်မင်္ဂလာပွဲ ကျင်းပခဲ့သည့် နှစ်များ ၆၀

| ၌ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ဂုဏာဝိသိဋ္ဌ ပူဇာ

၁။ ဂုဏဝိသိဋ္ဌ ပူဇာ အချိုး အချည် (၂၃) ပဒစီ၊ ကိုယ်တွင်းပြည့် ပိဒ်စုံရတု ၆၁
၂။ ဂုဏဝန္ဒနာ ရှစ်ဆယ်ပေါ်တေးထပ် (စည်ပင်ဂိုဏ်းအုပ်ဆရာတော်) ၆၂
၃။ ရှစ်လုံးဘွဲ့ သံဆန်းကဗျာများ ( စည်ပင်ဂိုဏ်းအုပ်ဆရာတော် ) ၆၂
၄။ ဂုဏပူဇာ ရတုပိဒ်စုံနှင့် ရှစ်လုံးဘွဲ့ ကဗျာများ ( သီတာရုံ စာသင်တိုက်ဆရာတော် ) ၆၅

## ရွတ်ပွားမြဲ ဂါထာတော်နှင့် သုတ်တော်

၁။ အကျဉ်းအကြပ် အခက်အခဲမှ လွတ်ကင်းချမ်းမြေ့စေမည့် နမောတောဂါထာတော် ၆၈
(၁) ရွတ်ပွားခြင်း၏ အကျိုးကျေးဇူး ၆၈
၂။ သန္ဓေဆောင် ကိုယ်ဝန်သည်များ မီးဖွားလွယ်ကူစေရန် ရွတ်ဆိုရသော
အင်္ဂုလိမာလသုတ်တော် ၆၉
(၁) ရွတ်ပွားခြင်း၏ အကျိုးကျေးဇူး ၆၉
(၂) အင်္ဂုလိမာလသုတ်တော် ဝတ္ထုဖြစ်စဉ် ၆၉

## မေတ္တာစာ

၁။ ကျွဲ၊ နွား အသားစားခြင်းမှ ရှောင်ရန် မေတ္တာစာ ၇၁

## အဆုံးအမ ဩဝါဒကထာ

**ဒါနကထာ**

၁။ လိုရာပြည့်စုံ ကုံလုံကြွယ်ဝ မြတ်ဓမ္မ ၇၂
၂။ ဒကာ၊ ဒကာမများ ဝိနည်း နားလည် သာသနာစင်ကြယ် ၇၃
(၁) အသေးအဖွဲ ဝိနည်းကအစ လေးစားကြရမယ် ၇၄
၃။ ခေတ်ငါးခေတ် ၇၄
(၁) ဝိမုတ္တိယုဂခေတ်သို့ တစ်ဖန် ပြန်ရောက်လာပါပြီ ၇၅
၄။ ဒါနကြောင့် ကုံလုံပြည့်ဝ ပေါ်ကြွယ်ရ၏ ၇၆
(၁) သဒ္ဓါ ဒါန ၇၆
(၂) သက္ကစ္စဒါန ၇၆
(၃) ကာလဒါန ၇၇
(၄) အနုဂ္ဂဟိတဒါန ၇၇
(၅) အနုပဟစ္စဒါန ၇၇
၅။ ဒါနပြုရာ မွန်မြတ်ဖြူစင် သဒ္ဓါဝင်က လုံးစုံရ၏ ၇၇
၆။ ဝါကျွတ်ကာလ ကထိန်လှူကြ နိဗ္ဗာန်ရ ၇၈
၇။ ယုံကြည်မှုသဒ္ဓါ နှစ်ဖြာခွဲခြားသိပါ ၇၉
(၁) စလ သဒ္ဓါနှင့် အစလသဒ္ဓါ ၇၉

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | (၂) | ဇတေဒဂ်ရတနာနိုးရှင်ပင် အသက်နှင့် စည်းစိမ်ဥစ္စာကို တာဝန်ယူနိုင်သော်လည်း၊ သဒ္ဓါတရားကို တာဝန်မယူနိုင် | ၈၀ |
| | (၃) | မတုန်လှုပ်သော အစလသဒ္ဓါကြောင့် ဘာရဒွါဇပုဏ္ဏား ရဟန္တာ ဖြစ်သွား | ၈၁ |
| | (၄) | စေတနာ ဒါနသာ ပဓာနကျ၏ | ၈၂ |
| ၈။ | (၁) | ရတနာကုဋ္ဌ ပစ္စေကဗုဒ္ဓါ လောင်းလျာဝတ္ထု | ၈၄ |
| | (၂) | ရေကို လှူရ မြတ်ဒါနကြောင့် ရဟန္တာ ဖြစ်ရသော ဥဒကဒါယကာမထေရ် | ၈၆ |
| | (၃) | ဝိပဿနာ ခြံရံပြီး လှူတာ အမြတ်ဆုံး | ၈၇ |
| | (၄) | လူမင်းဘုန်းကြီး နတ်. သိကြား မနေသာ၊ မ.စရတာ - မြဲမြဲမှတ်ပါ | ၈၇ |
| | (၅) | ဆယ်နစ်ကြာ ပြဿနာ - အဖြေရှာ၊ ဗုဒ္ဓမိန့်မှာတာ အထူးမှတ်စရာ | ၈၈ |
| | | **သီလကထာ** | |
| ၉။ | (၁) | လူသားတိုင်းနှင့် သက်ဆိုင်တာ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ | ၈၉ |
| | (၂) | သီလပြည့်စုံ ကံ့လုံ့ကြွယ်ဝ အသေလှ၏ | ၉၀ |
| | (၃) | သိက္ခာသုံးပါး - မြတ်တရား၊ လေးထားကျင့်ပါ - ကိုယ်တိုင်သာ | ၉၁ |
| | (၄) | ကုသိုလ်ကောင်းမှု နေ့စဉ်ပြု | ၉၂ |
| | | **ဘာဝနာကထာ** | |
| ၁၀။ | (၁) | သာသနာ့ ဥယျာဉ်မှူးကြီး | ၉၂ |
| | (၂) | ရာဟုလာဟောကြား မြတ်တရားအား လိုက်နာပွားက ဝဋ်သုံးပါးမှ လွတ်ငြိမ်းရာ၏ | ၉၃ |
| ၁၁။ | | ကမ္ဘာ့အလယ်မှာ မြန်မာပြည်ဟာ ရတနာသုံးပါးကို ဖြန့်ဖြူးရာဗဟိုဌာန ဖြစ်တယ် | ၉၄ |
| | (၁) | သရဏဂုံသုံးပါး ဆောက်တည်ခြင်း | ၉၅ |
| | (၂) | ငါးပါးသီလ ဆောက်တည်ခြင်း | ၉၅ |
| | (၃) | မေတ္တာတရား ပွားများခြင်း | ၉၆ |
| | (၄) | ဆုတောင်း | ၉၆ |
| | (၅) | အမျှဝေ | ၉၇ |
| ၁၂။ | | အကာကိုပစ် အနှစ်ကိုရှာ ဆုတောင်းပါ | ၉၈ |
| ၁၃။ | | မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား ( ဒီ၊ ၂။ ၄၂ ။ ) | ၁၀၀ |
| ၁၄။ | | သတိပဋ္ဌာန်လမ်းစဉ် နိဗ္ဗာန်ဝင် | ၁၀၄ |
| ၁၅။ | | ကာယ. ဝေဒနာ. စိတ်. ဓမ္မာ၊ ပေါ်ရာ. ပေါ်ရာ ရှုမှတ်ပါ - အဲဒါ ဝိပဿနာ | ၁၀၇ |
| ၁၆။ | | မသိအဝိဇ္ဇာ၊ သိ -ဝိဇ္ဇာ နှစ်ဖြာခွဲ၍မှတ် | ၁၀၈ |
| ၁၇။ | | မာန ကင်းစင်၊ သံသရာဝဋ် - လွတ်စေချင် | ၁၁၁ |
| | (၁) | မြွေဖမ်း မတတ်လျှင်၊ ဖမ်းသူကို မြွေပြန်ကိုက်တတ်သည် | ၁၁၄ |
| | (၂) | ယောက်ျားအဖြစ်ကို ရလိုသော အမျိုးသမီးများ ( ဝါ) အမျိုးသမီး မဖြစ်လိုသော ယောက်ျားများ လိုက်နာရမည့်အကျင့် | ၁၁၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၁၈။ | အသိန့် အကျင့် တစ်ထပ်တည်းကျမှသာ လူ့ နတ် သာဓုခေါ်ဆိုမည် | ၁၁၅ |
| ၁၉။ | ဒုက္ခခပ်သိမ်း ငြိမ်းအေးရာအမှန် မြတ်နိဗ္ဗာန်သာစခန်းဆီသို့ | ၁၁၆ |
| ၂၀။ | တရားအလုပ် - သတိပဋ္ဌာန် အချုပ် ( မုံရွာနေဇာ ) | ၁၁၇ |
| | (၁) သမ္မဇာန - ဟူသည် | ၁၁၈ |
| | (၂) သမ္မဇဉ် လေးပါး | ၁၁၈ |
| | (၃) ပဋိကုလ မနသိကာရ ပဗ္ဗ | ၁၁၈ |
| | (၄) ဓာတုမနသိကာရ ပဗ္ဗ | ၁၂၀ |
| | (၅) နဝသိဝထိက ပဗ္ဗ | ၁၂၀ |
| | (၆) သတိပဌာန်တရားလေးပါး | ၁၂၀ |
| | (က) ကာယာနုပဿနာ သတိပဋ္ဌာန် | ၁၂၀ |
| | (ခ) ဝေဒနာနုပဿနာ သတိပဋ္ဌာန် | ၁၂၀ |
| | (ဂ) စိတ္တာနုပဿနာ သတိပဋ္ဌာန် | ၁၂၁ |
| | (ဃ) ဓမ္မာနုပဿနာ သတိပဋ္ဌာန် | ၁၂၂ |
| ၂၁။ | ပရိယတ္တိမှ ပဋိပတ္တိသို့ ပြောင်းမှသာ ဘုရားအလိုတော်ကျ ဖြစ်သည် | ၁၂၂ |
| ၂၂။ | ဘယ်အရွယ်မှာ တရားအားထုတ်ရမလဲ? | ၁၂၄ |
| ၂၃။ | (၁) အင်္ဂါလေးရပ် ညီညွတ်က မဂ် . ဖိုလ် အဆင့်ဆင့်ရ၏ | ၁၂၆ |
| | (၂) ပဓာနိယင်္ဂငါးပါး ပြည့်စုံက မကြာချက်ချင်း တရားထူးရနိုင်သည် | ၁၂၆ |
| | (၃) တရားထူး ရနိုင်သည့် ပုဂ္ဂိုလ်လေးမျိုး | ၁၂၆ |
| ၂၄။ | မည်သူမဆို နိဗ္ဗာန်ဝင်ခွင့် ရရှိနိုင်ကြသည် | ၁၂၇ |
| | (၁) လေးနှစ်သားအရွယ် ရဟန္တာ ဖြစ်သူများ | ၁၂၇ |
| | (၂) ငါးနှစ်သားအရွယ် ရဟန္တာ ဖြစ်သူများ | ၁၂၇ |
| | (၃) ခုနစ်နှစ်သားအရွယ် ရဟန္တာ ဖြစ်သူများ | ၁၂၇ |
| | (၄) ခုနစ်နှစ်သမီးအရွယ် ရဟန္တာဖြစ်သူများ | ၁၂၈ |
| | (၅) လူမျိုးမပျောက်အောင် သာသနာ့အကျိုးဆောင် | ၁၂၈ |
| ၂၅။ | တရားထူး ရရှိရန် ရဲရဲကြီး အာမခံပါသည် | ၁၂၈ |
| | (၁) တရားအားထုတ်သော်လည်း ပထမ မဂ် . ဖိုလ်ပင် မရနိုင်သူများ | ၁၂၉ |
| | (၂) ပထမ မဂ် . ဖိုလ် မရနိုင်သောပုဂ္ဂိုလ် ( ၁၆ ) ဦး ရှိသေးရာ - | ၁၂၉ |
| ၂၆။ | အရိယာ အစစ်၊ အမှန်ဖြစ်မည့် ကျင့်စဉ် ( မုံရွေး - မဟာဇေတဝန်ဆရာတော် ) | ၁၃၀ |
| | (၁) ပါရစ္ဆတ္တက ကမ္မဋ္ဌာန်း - ဝေဒနာ ဝိပဿနာပွားနည်း | ၁၃၁ |
| | (၂) ပါရစ္ဆတ္တက ကမ္မဋ္ဌာန်း - ခန္ဓာငါးပါး ဝိပဿနာပွားနည်း | ၁၃၂ |
| | (၃) အရိယ အလိုကျ မာယတ သမယ | ၁၃၄ |
| ၂၇။ | ကောဋ္ဌာသ ဘာဝနာပွားက မဂ် . ဖိုလ် နိဗ္ဗာန် လားရ၏ | ၁၃၅ |
| | (ကာယဂတာသတိကမ္မဋ္ဌာန်း ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်း ပွားများနည်း ) | ၁၃၅ |
| | (၁) ဘုရားရှင်တိုင်း ဟောညွှန်ပြ ကျင့်ကြံသူတိုင်း နိဗ္ဗာန်ရ | ၁၃၆ |
| | (က) ရှင်သာမဏေဖြစ်ရေး လမ်းညွှန်ပေး | ၁၃၆ |
| | (ခ) အဆင့်လိုက်ပွား အလွန်အကျိုးများ | ၁၃၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


(ဂ) နှုတ်ဖြင့် ရွတ်ပွားသည်ကို အထင်မသေးနှင့်၊ သောတာပန် ဖြစ်နိုင်၏ ၁၃၇
(ဃ) မရဏာနုဿတိ ရှုကြဘိလော့ ၁၃၇
၂၈။ မေတ္တာ အကျိုး တစ်ဆယ့်တစ်မျိုး ၁၃၇
၂၉။ ဆင်းရဲခပ်သိမ်း ငြိမ်းရာအမှန် ပြည်နိဗ္ဗာန် ၁၃၈
၃၀။ ဆီးဖြူပင် သာသနာ့ရိပ်သာ ဝိပဿနာ ဘာဝနာ တရားမှတ်အချိန်ဇယား ၁၃၈
(၁) မြတ်သော ယောဂီ - တရားမြန်မြန်လိုသော်၊ ဖြည်းဖြည်းကျင့်ဆောင်ပါ ၁၃၉
(၂) အရှုံး နှင့် အမြတ် ၁၄၀
(၃) အဆန်ခရီး ၁၄၀
(၄) သာမညဆရာတော်၏ဂူမှ "ဝ" သုံးလုံးအဖြေ ၁၄၁


## သာသနာပြု ဆောင်ရွက်ချက်များ


၁။ ဆရာ - ဒကာ နှစ်ဖြာ၊ ညီညာပေါင်းစု၊ တွဲကာသာသနာပြု ၁၄၃
၂။ သာသနာရေး အားပေး ဆောင်ရွက်တော်မူခြင်း ၁၄၄
၃။ တန်ခိုးကြီး၍ စေတီထိုက်သော မဟာဗောဓိပင် (ပရိဘောဂစေတီ) ၁၄၅
(၁) မဟာဗောဓိ ဘုရားရှိခိုးဂါထာတော် (ဝိဇ္ဇောဒယ ဆရာတော်) ၁၄၆
၄။ သာသနာပြု သမိုင်းမှတ်တမ်းများ ၁၄၇
(၁) ကြေးပြား + ရွှေစစ်ချ ဗုဒ္ဓခြေတော်ရာ ပါဒစေတီ ဝဲ၊ ယာ တစ်စုံ အလှူရှင် ၁၄၇
(၂) မဟာမုနိကြေးသွန်းဘုရား အလှူရှင်များစာရင်း ၁၄၈
(၃) ဒုက္ကရစရိယာ ကျင့်နေတော်မူ ပုံတော်အလှူရှင် ၁၄၉
(၄) ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားဦးဟောတော်မူပုံတော်အလှူရှင် ၁၄၉
(၅) သာသနဝိပုလမဟာကာရီ သိမ်တော်ကြီး အလှူရှင်များစာရင်း ၁၅၀
(က) ကျောက်ဆင်းတု နှင့် ပလ္လင်တော်အလှူရှင် ၁၅၀
(ခ) မဟာရပ်တော်မူအလှူရှင် ၁၅၀
(၆) ချမ်းမြေ့ကြည်ဖြူ သီတဂူ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး အကျိုးဆောင်အဖွဲ့ ၁၅၁
(က) နာယကများအဖွဲ့ ၁၅၁
(ခ) တည်ဆောက်ရေး အကျိုးဆောင်များအဖွဲ့ ၁၅၁
(ဂ) အလှူရှင်များစာရင်း (၁) ၁၅၂
(ဃ) အလှူရှင်များစာရင်း (၂) ၁၅၃
(င) ကမ္ဘည်းမော်ကွန်း ကျောက်စာ ၁၅၆
(၇) ဗုဒ္ဓရုပ်ပွားတော် နှင့် ပဉ္စဝဂ္ဂီ ငါးဦး အလှူရှင် (ဘုရားခန်းအတွင်း) ၁၅၇
(၈) ဗုဒ္ဓမြတ်စွာ၏ လက်ဝဲဘက် အထက်စွယ်တော် အလှူရှင် ၁၅၇
(၉) ဇမ္ဗူအေး ဆုတောင်းပြည့်စေတီတော် ၁၅၇
(က) မ.တည် အလှူရှင် ၁၅၇
(ခ) တံခွန်တိုင်အလှူရှင် ၁၅၇
(ဂ) ငြုပ်ပြေ - နံ့ပြေ အလှူရှင်များ ၁၅၇

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|


| | | | |
|---|---|---|---|
| | (ဃ) | စေတီရင်ပြင်တော် နေပူခံ ကျောက်ပြားအလှူရှင် | ၁၅၇ |
| | (င) | ခေါင်းလောင်းတော်များ အလှူရှင် | ၁၅၇ |
| | (စ) | မြန်မာမှု ဗိသုကာ ပညာရှင် | ၁၅၈ |
| | (ဆ) | စေတီရင်ပြင်တော် တက်. ဆင်း သံပန်းတံခါးများ အလှူရှင်များ | ၁၅၈ |
| (၁၀) | တောင်ဘက်မုခ်ဦး သံတံခါး အလှူရှင် | | ၁၅၈ |
| (၁၁) | မြောက်ဘက် မုခ်ဦး သံတံခါး အလှူရှင် | | ၁၅၈ |
| (၁၂) | မဟာဗောဓိပလ္လင်တော်နှင့် ဂြိုဟ်ပြေ - နံပြေ ရုပ်ပွားတော်များ | | ၁၅၈ |
| (၁၃) | (က) | နတ်ရေတွင်း၊ ရေကန်၊ ရေတင်စက် အလှူရှင် | ၁၅၈ |
| | (ခ) | ရေတွင်း၊ ရေကန်၊ ရေစင် အလှူရှင် | ၁၅၉ |
| | (ဂ) | ရေတွင်း၊ ရေစင် အလှူရှင် | ၁၅၉ |
| | (ဃ) | ပဌာန်းရေချမ်းစင်၊ ရေချမ်းစင် အလှူရှင်များ | ၁၅၉ |
| (၁၄) | ရေခဲသေတ္တာ အလှူရှင် | | ၁၅၉ |
| (၁၅) | ဆီးဖြူပင်သာသနာ့ရိပ်သာမြေကွက်အလှူရှင် | | ၁၅၉ |
| (၁၆) | မူလ ဝါးထရံကာ၊ သက်ကယ်မိုး၊ တဲကျောင်းအလှူရှင် | | ၁၅၉ |
| (၁၇) | ဆွမ်းစားကျောင်းဆောင် အလှူရှင် | | ၁၅၉ |
| (၁၈) | (က) | ပစ်တိုင်းထောင် ဓမ္မာရုံ | ၁၅၉ |
| | (ခ) | ဓမ္မာရုံအလှူရှင် | ၁၆၀ |
| (၁၉) | ဆီးဖြူပင် ဆရာတော်ကြီး ကျောင်းတော် အလှူရှင် | | ၁၆၀ |
| (၂၀) | သီလရှင်ကျောင်းများ အလှူရှင်များ | | ၁၆၀ |
| (၂၁) | ယောဂီများ နားနေဆောင် သုံးဆောင်အလှူရှင် | | ၁၆၀ |
| (၂၂) | (က) | အလင်းဓာတ် ( လျှပ်စစ်မီး ) အလှူရှင် | ၁၆၀ |
| | (ခ) | အလင်းဓာတ် ( မီးစက် ) အလှူရှင် | ၁၆၀ |
| | (ဂ) | အလင်းဓာတ် ( ကား - မီးစက် ) အလှူရှင် | ၁၆၀ |
| (၂၃) | နားနေရန် ထိုင်ခုံ အလှူရှင်များ | | ၁၆၀ |
| (၂၄) | ပြသောင် မင်းလေး ဦးစောစ နတ်နန်းအလှူရှင် ( မြောက်ဘက်မုခ်ဦးအဝင်ဝ ) | | ၁၆၀ |
| (၂၅) | မော်တော်ယာဉ်များ အလှူရှင်များ | | ၁၆၀ |
| (၂၆) | ဆီးဖြူပင် သာသနာ့ရိပ်သာကျောင်းတိုက် ပဒေသာပင်အလှူတော် | | ၁၆၁ |
| (၂၇) | ကျောင်းအလှူရှင် | | ၁၆၁ |
| (၂၈) | ပင်မ ဘုရားခန်း အလှူရှင် | | ၁၆၁ |
| (၂၉) | ဗုဒ္ဓကျောင်းဆောင် အလှူရှင် | | ၁၆၁ |
| (၃၀) | သံဃာဆောင်များအလှူရှင် | | ၁၆၁ |
| (၃၁) | အမျိုးသားဆောင်များ အလှူရှင် | | ၁၆၁ |
| (၃၂) | မီးစက်ရုံ အလှူရှင် | | ၁၆၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


(၃၃) အထွေထွေ ၁၆၂
(က) ကားဂိုဒေါင် ၁၆၂
(ခ) ကုဋီများ ၁၆၂
(ဂ) အမျိုးသား သန့်စင်ခန်းများ ၁၆၂
(ဃ) အမျိုးသမီး သန့်စင်ခန်းများ ၁၆၂
၅။ ဆီးဖြူပင်သာသနာ့ရိပ်သာ၏ အကျိုးဆောင်အဖွဲ့ ၁၆၂
(၁) သဒ္ဓါဖြူစင် သိဒ္ဓိပေါက် အောင်မြင် ၁၆၂
(၂) အကျိုးဆောင်သည် ဆိုသော်လည်း အလှူရှင်နှင့်မခြား အကျိုးတူရနိုင်ရာ၏ ၁၆၃
(၃) အခက်ဆယ်ပါး သတိထား ၁၆၃
၆။ ဆီးဖြူပင်သာသနာ့ရိပ်သာ ဓမ္မနေရာသို့ နတ်လမ်းညွှန် ၁၆၃
၇။ သက်ရှယ်တော်ကြီးပေမယ့် သစ်ပင်ရေလောင်းဆဲ ၁၆၄

## ဗုဒ္ဓပူဇာ

၁။ စေတီဘုရားတည်ထား ကိုးကွယ်နည်း ၁၆၇
(၁) မြေရှင်းခြင်း ၁၆၇
(၂) မြေညှိခြင်း ၁၆၇
(၃) မြေသန့်မင်္ဂလာ ၁၆၈
❀ မဏ္ဍပ်ထိုးရန်ပုံစံ ၁၇၀
(၄) ပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာ ၁၇၀
(၅) အုတ်မြစ်တော်စီ မင်္ဂလာ ၁၇၀
❀ ဒေဝါဝင်း၊ ရာဇာဝင်း ၁၇၀
❀ အုတ်မြစ်တော် စီပုံစီနည်း ၁၇၁
(၆) မူလဌာပနာ သွင်းနှံခြင်းမင်္ဂလာ ၁၇၃
❀ မထည့်မသွင်းရသော ပစ္စည်းများ ၁၇၅
(၇) အလယ်ဌာပနာ သွင်းနှံခြင်းမင်္ဂလာ ၁၇၅
❀ ဗုဒ္ဓဇာတာတော် ပုံစံနမူနာ ၁၇၅
(၈) အထက်ဌာပနာ သွင်းနှံခြင်းမင်္ဂလာ ၁၇၆
❀ အရပ်ရှစ်မျက်နှာ ထောင့်အသီးသီးမှ ဌာပနာတော်သွင်းစဉ် ဂါထာများ ရွတ်ဆိုပူဇော်ရန် ၁၇၇
❀ တနင်္ဂနွေသားက တနင်္ဂနွေထောင့်မှ ရွတ်ဆိုရန် ၁၇၇
❀ တနင်္လာသားက တနင်္လာထောင့်မှ ရွတ်ဆိုရန် ၁၇၇
❀ အင်္ဂါသားက အင်္ဂါထောင့်မှ ရွတ်ဆိုရန် ၁၇၇
❀ ဗုဒ္ဓဟူးသားက ဗုဒ္ဓဟူးထောင့်မှ ရွတ်ဆိုရန် ၁၇၈
❀ စနေသားက စနေထောင့်မှ ရွတ်ဆိုရန် ၁၇၈

အကြောင်းအရာ　　　　စာမျက်နှာ


❁ ကြာသပတေးသားက ကြာသပတေးထောင့်မှ ရွတ်ဆိုရန် ၁၇၉
❁ ရာဟုသားက ရာဟုထောင့်မှ ရွတ်ဆိုရန် ၁၇၉
❁ သောကြာသားက သောကြာထောင့်မှ ရွတ်ဆိုရန် ၁၈၀
❁ ဌာပနာသွင်းနံ့ပုံ အနေအထားများ ၁၈၀
❁ အောက်ခြေ မူလဌာပနတိုက်သွင်းပုံ ၁၈၀
❁ ဌာပနာသွင်း နံရံတွင် ကပ်ရန် နတ်မင်းကြီးလေးပါးပုံ ၁၈၁
❁ အလယ်ဌာပနာတိုက်သွင်းပုံ ၁၈၃
❁ အထက်ဌာပနာတိုက်သွင်းပုံ ၁၈၄
(၉) ရွှေထီးတော်တင်မင်္ဂလာ ၁၈၅
ဗုဒ္ဓခြေတော်ရာ ပါဒစေတီတော် ၁၈၇
(၁) စက္ကေနင်္ကိတ ပါဒလက္ခဏာတော် ၁၈၇
(က) ဗုဒ္ဓခြေတော်ရာဟူသည် ၁၈၇
(ခ) စေတီထိုက်သော ဗုဒ္ဓခြေတော်ရာ ၁၈၇
(၂) စက်တော်ရာသုံးဆူ ဘုရားရှိခိုး ၁၈၈
(က) အောက်စက်တော်ရာ ဘုရားရှိခိုး ၁၈၈
(ခ) အထက်စက်တော်ရာ ဘုရားရှိခိုး ၁၈၉
(ဂ) သီဟိုဠ်စက်တော်ရာ ဘုရားရှိခိုး ၁၉၀
(၃) ဘုရားရှင်၏ ပကတိခြေဖဝါးတော် အရွယ်ပမာဏ ၁၉၀
(၄) တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ ပါဠိ - မြန်မာပြန် ၁၉၁
(၅) လက်ယာရံ ရဟန္တာ မထေရ်မြတ် လေးဆယ် ၁၉၄
(၆) လက်ဝဲရံ ရဟန္တာ မထေရ်မြတ်လေးဆယ် ၁၉၅
(၇) ခြေတော်ရာကို ဝန်းရံပတ်ထား နဂါးများ ၁၉၆
(၈) ခြေတော်ရာ ပါဒစေတီ ရှစ်ဆူမှာ သုံးဆူသာ ဖူးရန်ကျန် ၁၉၇
(၉) တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်များနှင့် ပတ်သက်သည့် ကျင့်စဉ်များ ၁၉၉
(၁၀) တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်များကို ပူဇော်ရကျိုးများ ၁၉၉
(က) ပါဒစေတီတော်အား ပန်းခုနစ်ပွင့် ပူဇော်ရကျိုး ၂၀၀
(ခ) သံသရာဝဋ်လွတ်လိုသော် ပါဒစေတီတော် - လိပ်ဆူးရွှေပန်းပူဇော် ၂၀၀
(ဂ) တောလိုက်မုဆိုး၊ သဒ္ဒါရွှေမိုး ရှာသွန်းပြီးက - အဘိညာဉ်တန်ခိုးရ ၂၀၀
(ဃ) ခြေတော်ရာ မြတ်နိုး၊ အသရေတိုး ၂၀၁
(င) စက်လက္ခဏာ ပူဇော်သူမှာ၊ ကောင်းကျိုးဝေဖြာ - အနန္တပါ ၂၀၂
(စ) ကိန္နရာ တစ်ဖြစ်လဲ၊ ပါဒပူဇက ရဟန္တာမထေရ် ၂၀၂
(ဆ) သဒ္ဒါကြည်ဖြူစိတ် လက်ဖျောက်တစ်ချက်၊ တာဝတိံသာနတ်တစ်သက် ၂၀၃
(၁၁) တုနိုင်းမဲ့ ဗုဒ္ဓမြတ်စွာ၏ ခြေတော်ရာနှင့် လောကဓံမှန်တိုင်း လေလှိုင်းထန်ထန် ၂၀၄
(၁၂) မကွေးတိုင်း၊ မင်းဘူးမြို့(စကု)မြို့နယ်၊ ပန်းတောင်းကုန်းကျေးရွာရှိ သမိုင်းမှတ်တမ်း ၂၀၈
(၁၃) ဗဟုသုတ ဖြစ်ဖွယ် ခြေရာလေးသွယ် - သိမှတ်ကြကွယ် ၂၀၉

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၃။ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနှင့် မြန်မာပြည် ဆံတော်ရှင်များ ၂၁၀

(၁) လူ၊ နတ်ဦးခိုက် ပူဇော်ထိုက်သည့် အနှိုင်းမဲ့ မဟာကရုဏာတော်ရှင် ၂၁၀

(က) ပါရမီဆယ်ပါး ဖြည့်ဆည်းကာ ရွှေဉာဏ်ရှင်ဖြစ်လာ ၂၁၀

(ခ) ဦးဖျား၊ ထူးခြားသော ဗုဒ္ဓမြတ်စွာ သာသနာကြောင့် ကမ္ဘာအလယ်မှာ မြန်ပြည်ခန့်ထည်သည် ၂၁၂

(ဂ) အနန္တဂုဏ်အင် ဘုရားရှင်၊ ဖူးမြင်လိုကြချင် ၂၁၃

(ဃ) မင်းနှင့်ပြည်သူ ဆန္ဒအလျောက် ဘုရားရှင် ကြွရောက် ချီးမြှောက် ၂၁၄

(င) ဘုရားရှင်ကိုယ်စား၊ ချီးမြှင့်ပေးသနား - ဆံတော်ဓာတ်ခြောက်ပါး ၂၁၄

(၂) မြန်တိုင်းဌာနီ ဆံတော်ရှင်စေတီ ပေါ်များလှသည် ဖူးမြော်မကုန်ပြီ ၂၁၅

(က) အမည်ကွဲသော်လည်း ဗုဒ္ဓဆံတော် စစ်ကြောင်း အာမခံပါသည် ၂၁၇

(ခ) ဆံတော်ဖူးရန် လမ်းကောင်းညွှန် ၂၁၇

(ဂ) ဆံတော်ခြောက်ဆူ ရည်မှန်းပူဇော် အနာဂတ်သာသနာတော် နှစ်ပေါင်း ၂၅၀၀ - ကျော် ၂၁၈

(ဃ) မြတ်စွာဘုရား ဗျာဒိတ်ပေးထား ဆံတော်ရှင်ဘုရား ၂၁၉

(၃) ဘုရားဟောကြား သစ္စာလေးပါး မြဘ်တရား၊ ဘီလူး. နဂါးပွား ၂၁၉

(က) ဘုရားရှင်အား နဂါးလျှောက်ထား ချီးမြှင့်ပေးသနား ဆံတော်ရှင်လေးပါး ၂၁၉

(ခ) ဘုရားရှင်ထံ ဘီလူးတောင်းခံ၊ မွေရှင်တော် ဆယ်ပါးရရှိပြန် ၂၁၉

(ဂ) လူ့ရပ်ဌာနီ၊ ဆံတော်စေတီ ကိုးကွယ်ထား၊ အမျိုးလေးပါး အကျိုးများ ၂၂၀

(ဃ) ဆံတော်ရှင်စေတီ တည်ရန်၊ ဘုရားရှင်ညွှန်ပြ သုဒဿန ၂၂၀

(င) သမ္ဘူလဘီလူး တည်ကာထား၊ ကျန်မွေရှင်နှစ်ပါး ဖိုးဦးတောင်ဘုရား ၂၂၁

(စ) ဘီလူး သုံးဦး. မွေတော်ခြောက်ဆူ၊ ပေါင်းစုလှူတာ ဘုရားတစ်ဆူပါ ၂၂၁

(ဆ) လေးဆူဘုရား. လေးမည်ပြားသည် - သုဒဿနတောင် ၂၂၁

(ဇ) ဘူမိ.နက်သန် အောင်မြေမှန်၊ လေးဆူဓာတ်ပျော် ပြည် - ရွှေဆံတော် ၂၂၁

(ဈ) သိကြားခတ်နိပ် မြတ်တံဆိပ်တွင် ပါဝင်ထင်ပေါ် ပြည် - ရွှေဆံတော် ၂၂၂

(ည) ဘုရားရှင် ဆံတော်ပေးသနား - ရသေ့ခြောက်ပါးနှင့် ပုဂ္ဂိုလ်ခုနစ်ဦး (ဝါ) ကိုးဦး ၂၂၃

(ဋ) တန်ခိုးကြီးစေတီတော် ခုနစ်ဆူ ၂၂၄

(၄) ပရလောက လျှောက်ထား ဆံတော်ရှင်များ၊ ကိုးဆူဘုရား ဖြည့်စွက်မှတ်ထား ၂၂၆

(၅) ရသေ့နည်းတူ တောင်းပန်ရယူ၊ သွားတော်ဓာတ် သုံးဆယ့်သုံးဆူ ၂၂၇

(က) မင်းနှင့်ပြည်သူ သဒ္ဒါကြည်ဖြူ၊ သွားတော်စေတီ သုံးဆယ့်သုံးဆူလှူ ၂၂၇

(ခ) ထူးလှ မြန်မာပြည်၊ ဘုရားရှင် အကြိမ်ကြိမ်ကြွသည် ၂၂၈

(ဂ) သာသနာ့ ဆူးငြောင့်ခလုတ်၊ အမှန်တကယ်ဖယ်ထုတ် ၂၂၈

(၆) သာသနာ့ရှေ့ကြာ ရေမှာတင့်အောင်လို့၊ ကိုးတိုင်း . ကိုးဌာန သာသနာပြုကြွ ၂၂၉

(က) နောင့်ယှက်ကင်းစေ လာဘ်မိုးစွေဖို့ ၂၃၀

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

(ခ) အနိဋ္ဌ လောကဓံ ကြုံကြုံခဲ့သော ဓာတုစေတီတော်များ ၂၃၀
(ဂ) သွားတော်ဓာတ် စေတီ၊ ပွင့်ချိန်တန်ပြီ သုံးဌာနီ၊ ရာမညတိုင်း ဒေသဆီ ၂၃၀
(ဃ) ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက် သာသနာရေးအားပေးကာ
သာသနာ သန့်စင်တော်မူသည် ၂၃၁

## အခြားသာသနာပြု လုပ်ငန်းများ

၁။ မဟာမကုဋရုံသီ မြတ်မော်တင် ဆံတော်ရှင်စေတီတော် ၂၃၂
(၁) ဖြစ်-ပျက် လောကဓံ ကြုံကြုံခဲ့ ၂၃၂
(၂) မြတ်မော်တင် သာသနာ - ခွန့်ရှည်ကြာရန်၊ ဘက်စုံ ကြိုးစား ဒါယကာများ ၂၃၃
(၃) မဟာမကုဋရုံသီ စေတီတော်မြတ်ကြီး၏ အစဉ်အဆက်ဘုရားဒါယကာများ ၂၃၆
(၄) မြတ်မော်တင် သာသနာ့နယ်မြေရှိ စေတီတော်များ ပွင့်ထွန်းဝေစည်လာခြင်း ၂၃၆
(၅) သဒ္ဓါဖွေးဖြူ - မေတ္တာကူ၊ ပေးလှူပါမှ မြတ်ဒါန ၂၃၇
(၆) မဟာမကုဋရုံသီ မြတ်မော်တင်စေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာနှင့် မြတ်မော်တင်ဓာတ်ပေါင်းစုစေတီ ရွှေထီးတော်တင်မင်္ဂလာ ရေစက်သွန်းချ အခမ်းအနားကျင်းပ ၂၃၉
(က) ဆက်ကပ်လှူဒါန်း ၂၃၉
(ခ) ပက်ဖျန်းပူဇော် ၂၄၀
(ဂ) ဗုဒ္ဓပူဇနိယပွဲတော် အောင်မြင်စွာ ကျင်းပပြီး ၂၄၀
(၇) မြတ်မော်တင် ဓာတ်ပေါင်းစု စေတီတော် အသစ်တည်ထားကိုးကွယ်ရခြင်း ၂၄၀
(၈) စွန့်လွှတ်လှူဒါန်း မြတ်နိဗ္ဗာန်ရည်မှန်း ၂၄၁
၂။ ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ဝေန်မြစ်အနောက်ဖက်ကမ်းဒေသ ကမ်းနီဘေးမဲ့ သားလွှတ် သက်ကင်း သာသနာ့နယ်မြေ ပြန်လည်ဖော်ထုတ် အောင်မြင် ခြင်းမှတ်တမ်း (အကျဉ်း) ၂၅၁
(၁) ဆက်လက်အကောင်အထည်ဖော်နေသော သာသနာပြုဆောင်ရွက်ချက်များ ၂၅၆
(က) လောကနန္ဒာစေတီတော် - ဘုရားဘွဲ့ ၂၅၆
(ခ) လောကနန္ဒာစေတီတော် - ကမ္ဘည်းမော်ကွန်းကျောက်စာ ၂၅၆
(ဂ) ကြေးခေါင်းလောင်းတော် လှူဒါန်းခြင်း ၂၅၆
(ဃ) လောကနန္ဒာရင်ပြင် ဓမ္မပူဇာ သဘင် ပွဲတော် ၂၅၆
(င) ကြောင်ပန်းကုန်း မဟာဗောဓိရွှေညောင်ပင် ဓမ္မပူဇာသဘင် ပွဲတော် ၂၅၇
(၂) နှစ်ကျိပ်ရှစ်ဆူ သဗ္ဗညုမြတ်စွာဘုရားတို့၏ ဗုဒ္ဓဝင်အကျဉ်း ၂၅၈
(က) ဂေါတမမြတ်စွာဘုရားအလောင်းတော် ဗျာဒိတ်ခံရသော အဖြစ်တော်တို့တွင် ၂၆၂
(ခ) ဆယ့်တစ်မီးငြိမ်းရန် - ရည်ရွယ်တည်ထား - ဗုဒ္ဓရုပ်ပွားတော်များ ၂၆၂
(ဂ) ပွင့်တော်မူပြီး ( ၂၈ ) ဆူ ဘုရား၊ ရည်မှန်းကိုးကွယ် လောကနန္ဒာစေတီပတ်လည် ၂၆၃

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


(၃) ရွှေမြင်းမိုရ် သာသနာပြု မိသားစု အလှူတော် ၂၆၆

(က) သံသရာဝဋ် လွတ်ကြစေချင် ဓမ္မပူဇာသဘင် ၂၆၇

(ခ) အလှူတော်မင်္ဂလာပွဲ ငြိမ့်ငြိမ့်သဲ၊ သာဓု ခေါ်သံ - မစဲ ၂၆၈

(၄) ဘူး ဘုရား - လွန်ထူးခြား၊ ဖူးမြော်ကြသူများ - ကောင်းကျိုးပွား ၂၆၉

(၅) (က) ကြံ့ကြို့က်ရွာ နှင့် သက်သာကျေးရွာတွင် တံခွန်တိုင်စိုက်ထူ ၂၆၉

(ခ) မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော် - ဓမ္မစေတီတော် ၂၇၀

(၆) သာသနာအစွန့်ရှည်ဖို့၊ ရည်မှန်းပူဇော် - ပါဒစေတီတော် ၂၇၁

(၇) ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ် ကျောင်းဆောင်တော်ကြီးနှင့် သောက်ရေ ကန်တော်ကြီး တည်ဆောက်ခြင်း ၂၇၄

(၈) သဘာဝဘေးအန္တရာယ် ရန်စွယ်ကာကွယ် သာသနာ့နယ် ၂၇၅

(၉) သာသနာ့နယ်မြေ တိုးချဲ့သတ်မှတ်ခြင်း ၂၇၇

(၁၀) စေတီတည်ထား သပြေပင် ဆရာတော်များ ၂၇၈

(၁၁) ဆက်လက်သာသနာပြုမည့် အစီအစဉ် သွားရောက်လျှောက်ထား ကစင်ဆရာတော် ဘုရား ၂၈၂

ပဲခူးတိုင်း၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ရွာသာယာကျေးရွာအုပ်စု၊ စကြာတောင် (ဝါ) ကြယ်ခတောင် ဘေးမဲ့သားလွတ်သက်ကင်းသာသနာ့နယ်မြေ (အောင်ဘောဂသိဒ္ဓိသာသနာပြုစခန်း) ၂၈၃

(၁) သမိုင်းဝင် တောင်ကိုးလုံးတွင် တစ်ခုပါဝင် ၂၈၃

(၂) နိဗ္ဗာန်ရည်မှန်း စွန့်လွှတ်လှူဒါန်း၊ ကြယ်ခတောင်စခန်း ၂၈၃

(၃) ခုနစ်ရက်သား - သမီးများ စုပေါင်းလှူဒါန်း၊ သံဃိက ကျောင်းသင်္ခန်း ၂၈၄

(၄) ကထိန်လှူကြ - မြတ်ဒါန၊ စုပေါင်းပါဝင်ရ ၂၈၄

(၅) သိမ်ရှိမှ ရဟန်းသိက္ခာတင်လို့ရသည် ၂၈၄

(၆) ရွှတ်ပွား - ပူဇော် - ပဋ္ဌာန်းဒေသနာတော် ၂၈၅

(၇) ဘုရားကြွလာ ယုံမှားပျောက်ကာ၊ လှူဒါန်းသူမှာ ပီတိဝေဖြာ ၂၈၆

(၈) မြတ်နိဗ္ဗာန် - ရည်မှန်း၊ ဆောက်လုပ်လှူဒါန်း ၂၈၆

(၉) သဒ္ဓါဖွေးဖြူ - မေတ္တာကူ၊ ပေးလှူတည်ထား မြတ်ဘုရား၊ ပူဇော်ကြအများ ၂၈၇

(၁၀) ရောင်ခြည်တော်ကွန့်မြူး စေတီထူး ၂၉၂

(၁၁) စကြာတောင်(ခ)ကြယ်ခတောင် ဘေးမဲ့သားလွတ် သက်ကင်းသာသနာ့ နယ်မြေ ပြန်လည်ဖော်ထုတ်အောင်မြင်ခြင်း ကမ္ဘည်းမော်ကွန်း ၂၉၃

(၁၂) ထပ်မံပေးပို့လှူဒါန်း၊ ကြယ်ခတောင် ဘေးမဲ့စခန်း ၂၉၄

(၁၃) သာသနာ့အကျိုး ဆောင်သည်(သယ်)ပိုး၊ သဒ္ဓါမိုးတွေ ရွာသွန်းဖြိုး ၂၉၅

စဉ် | အကြောင်းအရာ | စာမျက်နှာ

## မာတာပိတု နှင့် အာစရိယပူဇာ

၁။ မိဘဆရာတို့၏ အနန္တဂုဏ်ဖော်၊ ရည်မှန်းပူဇော် ဓမ္မဒါန အလှူတော် ၂၉၇
(၁) လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဘ ၂၉၇
(၂) မိဘမေတ္တာ (ကဗျာ) ၂၉၈
(၃) မိတ်ကောင်းမိုမှ (နိဗ္ဗာန်ထိ) ချမ်းသာရ၏ ၂၉၈

## မေတ္တာရပ်လွှာ

● မေတ္တာရပ်ခံ တောင်းပန်အပ်ပါသည် ၃၀၂

## ကျေးဇူးတင်လွှာ

၁။ ကျေးဇူးဆပ်တာ မြတ်မင်္ဂလာ ပြုနိုင်ခဲ့လှတာ ၃၀၃
၂။ ဆီးဖြူပင်ဆရာတော်ကြီး၏ ကျမ်းစာအုပ်သတ်မှတ်ရက်ထက် ဆောလျင်စွာ ထွက်ပေါ်လာ ၃၀၅

## အကျိုး

● ဓမ္မပူဇာ ဓမ္မရတနာကို ရေးသားပြုစုရကျိုး ၃၀၈

## နိဂုံး

၁။ ဆရာတော်ကြီး၏ သီလရနံ့ သင်းပျံ့ပျံ့ မွှေး ၃၀၈
၂။ သူတော်စင်၊ သူတော်ကောင်း သူမြတ်လောင်းတို့သည်သာ ကျင့်နိုင်ရာ၏ ၃၀၉

## ဆုတောင်း၊ သစ္စာ

၁။ သဒ္ဒါပတရားနှင့် ယှဉ်သော အာသီသ ဆန္ဒ ၃၁၁
● မိုးပြမ်းကိုးကားသော စာအုပ်၊ စာတမ်းများ ၃၁၃
● ထွက်ခဲ့သမျှ ဓမ္မပူဇာ ဓမ္မရတနာ ၃၁၆
● ဆက်လက်ထုတ်ဝေမည့် စာအုပ်များ ၃၁၆
● ထုတ်ဝေပြီး ဓမ္မပူဇာတေးသီးချင်း ကက်ဆက်ခွေနှင့် ဗီဒီယိုတိတ်ခွေ ၃၁၆

## စေတနာလမ်းညွှန်

ဤစာအုပ်ကို စီစဉ်ပူဇော်ရာတွင် အနန္တော အနန္တငါးပါး ဦးထိပ်ထားလျက် ဘုရား. တရား. သံဃာ. မိဘ. ဆရာသမားတို့၏ လမ်းညွှန်ချက်များနှင့်အညီ "ဒါနသဘော. သီလသဘော. ဘာဝနာသဘော" ပါဝင် ပတ်သက်အောင် စီကာ၊ စဉ်ကာ၊ စနစ်တကျ ရေးသား ဖော်ပြထားပါသဖြင့်၊ စာမျက်နှာစဉ်အလိုက် စေ့စပ်သေချာ လေ့လာကာ ရေရေလည်လည် နားလည်သဘောပေါက်သည်အထိ ဖတ်ရှုခြင်းဖြင့် ပိုမိုအကျိုးများစေနိုင်ပါသည် ဟု စေတနာထား ကာ ရေးသားလိုက်ရပေသည်။

"အလိမ္မာ စာမှာရှိ" ဆိုသော စကားလာအတိုင်း၊ စာတိုင်း၌ အလိမ္မာ ရှိသည်မှာ မှန်ပါ၏။ သို့ရာတွင်၊ ထိုအလိမ္မာသည် -

(က) "အတ္တ (ဝါ) အန္တပဋိပဒါ" ကို အခြေခံသော အလိမ္မာလား?။

(ခ) "အနတ္တ (ဝါ) မဇ္ဈိမပဋိပဒါ" ကို အခြေခံသော အလိမ္မာလား?။

ဆိုသည်ကို ဆန်းစစ် လေ့လာရပေမည်။

(က) "အတ္တ (ဝါ) အန္တ ပဋိပဒါ" ကို အခြေခံသော အလိမ္မာဟူသမျှတို့သည် "မိစ္ဆာပဋိပဒါချည်း"ဖြစ်၍၊ မိမိအတွက်ရော. လောကအတွက်ပါ "ကောင်းကျိုး မပေးနိုင်ပါ"။ တစ်ခါတစ်ရံ ကောင်းကျိုးမပေးရုံမျှသာ မကသေးဘဲ ကြီးစွာသော အန္တရာယ်. ဆိုးကျိုးကိုပင် ဖြစ်စေတတ်ကြောင်း သတိပြုသင့်လှပါသည်။

(ခ) "အနတ္တ (ဝါ) မဇ္ဈိမပဋိပဒါ" ကို အခြေခံသော အလိမ္မာဟူသမျှတို့သည် "သမ္မာပဋိပဒါ ချည်းသာ" ဖြစ်၍ မိမိအတွက်ရော. လောကအတွက်ပါ "ကောင်းကျိုး" အထူးကို ဖြစ်ထွန်းစေနိုင်ပါသည်။

"ပရိဝတ္တနာဟာရနည်း" ဖြင့် စာကို ဖတ်တတ်မည်ဆိုလျှင်၊ မည်သည့် စာကိုပင် ဖတ်စေကာမူ မိမိအတွက် ဖတ်ရင်း. လောကအတွက်ကိုပါ အသုံးကျအောင် အသုံးချနိုင်ပေလိမ့်မည်။ လိမ္မာကျွမ်းကျင်သော သမားတော်သည် အဆိပ်ကိုပင် ဆေးဖြစ်အောင် စွမ်းဆောင် အသုံးချနိုင်သည် ဖြစ်၍၊ ဆေးကို အသုံးကျအောင် အသုံးချရန်မှာ အထူးရှင်းပြရန်ပင် လိုအပ်မည်မထင်တော့ပါ။ သမားတော် မဟုတ်သော ရောဂါသည်များကမူ အဆိပ်နှင့် ဆေးကို ရွေးချယ်ပြီး၊ အညွှန်းအတိုင်း မှန်မှန်ကန်ကန်. တိတိကျကျ အသုံးချနိုင်မှသာ အကျိုးရှိမည် ဧကန်ဖြစ်သည်။ သို့မဟုတ်ပါက၊ ဆေးပင် ဖြစ်ငြားသော်လည်း မှားယွင်းစွာ အသုံးချမိပြီး လွန်သွားပါက ဆေးသည် အဆိပ်အဖြစ် ပြောင်းလဲကာ အန္တရာယ်ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် "တန်လျှင်ဆေး - လွန်လျှင်ဘေး" ဟု ဆိုရိုးစကား ဖြစ်ပေါ်လာရသည် မဟုတ်ပါလား?။

ရှင်တော်မြတ်ဘုရား ဟောကြားသော သတိပဋ္ဌာန်ဒေသနာတော်ပါ "စိတ္တာနုပဿနာ" အရဆိုလျှင် -

"အကုသိုလ်ဖြစ်ပါက အကုသိုလ်ဖြစ်မှန်း သိရန်သာ အရေးကြီး၏။"

အကုသိုလ်ကို အကုသိုလ်မှန်း၊ သိလျှင်ပင် "ယထာဘူတဉာဏ်" ရသည် မည်၏။ ထို ဉာဏ်ကိုရလျှင်၊ အကုသိုလ်ကို သင်္ခါရသဘောတရားအမြင်ဖြင့် "ဖြစ် - ပျက်" ရှုနိုင်ပြီ ဖြစ်သည်။

သို့ဖြစ်ရာ အကုသိုလ်ဖြစ်စေ၊ ကုသိုလ်ဖြစ်စေ၊ အဗျာကတ ဖြစ်စေ လောကီပရမတ္ထ တရားဟူက သင်္ခါရ သဘောတရားအမြင့်ဖြင့် ဖြစ်. ပျက် ရှု၍ ရသည်ချည်းသာ ဖြစ်၏။ ထို ဖြစ်ခြင်း၊ ပျက်ခြင်း သဘောတရားတို့ကို မြင်လျှင် -

- ယင်းတို့၏ အပြစ်ကို မြင်၏။
- ယင်းတို့၌ ငြီးငွေ့၏။
- ယင်းတို့မှ လွတ်မြောက်လို၏။
- ယင်းတို့မှ တပ်မက်ခြင်း ကင်း၏။

ဤသို့ဖြင့် ဉာဏ်စဉ်များ တစ်ဆင့်ပြီးတစ်ဆင့် အဆင့်ဆင့်မြင့်တက်လာပြီး၊ လောက၏ လွတ်မြောက်ကြောင်း "သန္တိသုခ နိဗ္ဗာန်" ကို အမှန်တကယ်ပင် မျက်မှောက်ပြုနိုင်ပါပေ၏။

ထို့ကြောင့်၊ ဤစိစဉ်ပူဇော်သူကလည်း အသင်စာဖတ်သူ ဓမ္မမိတ်ဆွေ သူတော်စင်များအား "နေတ္တိကျမ်းလာ ပရိဝတ္တနာဟာရ စာဖတ်နည်း" ဖြင့် ဖတ်ရှုပါက ယထာဘူတဉာဏ်ကို ရရှိသည်အထိ ကောင်းကျိုး ရရှိစေနိုင်မည် ဖြစ်ပါကြောင်း။

ဤစာအုပ်တွင် စုစည်းတင်ပြ ရေးသားထားသော အကြောင်းအရာများသည် -

(က) "အကုသိုလ်" အကြောင်းအရာပင် ဖြစ်စေကာမူ၊

(ခ) "ကုသိုလ်" အကြောင်းအရာပင် ဖြစ်စေကာမူ၊

(ဂ) "အဗျာကတာ" အကြောင်းအရာပင် ဖြစ်စေကာမူ၊

မည်သည့် အကြောင်းအရာ ဖြစ်သည်က အဓိကမကျ။ အကုသိုလ်ကို အကုသိုလ်မှန်း သိခြင်း ကုသိုလ်ကို ကုသိုလ်မှန်း သိခြင်းတည်း ဟူသော အကြောင်းကသာ အဓိက အရေးကြီးသည်ဖြစ်ရာ -

"စတုသစ္စ ဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ"

ဟူသော ပါဠိတော်လာအရ "သစ္စာလေးပါးမှ လွတ်သောစာမည်သည် မရှိတော့ပြီ။"

ဤသို့ဖြင့် အချိန်ကုန် လူပန်း၊ ပင်ပန်းခံရကျိုး နပ်ပေမည်။ သို့မှလည်း အသင်စာဖတ်သူသည် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်နေပါက ဗုဒ္ဓဘာသာဝင် ဖြစ်ရခြင်း၏ အနှစ်သာရကို အပြည့်အဝရရှိကာ ဗုဒ္ဓသာသနာတော်ကို အဓွန့်ရှည် တည်တံ့နိုင်မြဲအောင် ပြုခွင့်ရရှိနေခြင်းတို့အတွက် ရခဲလှသော လူ့ဘဝရခိုက်၊ လူဖြစ်ကျိုး နပ်မည် ဖြစ်ပေသတည်း။

## တည်းဖြတ်သူ ရေးသားပြုစုခဲ့သော စာပေများ

၁။ တရားကြေးမုံ မာလာရုံ ကဗျာများ။
၂။ နစ်ကျိုပ်ရစ်ဆူ ဗုဒ္ဓဝင်နှင့် ပုလဲသွယ်ကဗျာများ။
၃။ ကျောက်ဆည်မြို့ လေသာဆရာတော်ဘုရားကြီး၏ "သက်တော်ကိုးဆယ် ကြည်ညိုဖွယ်"၊
၄။ ကျောက်ဆည်မြို့ လေသာဆရာတော်ဘုရားကြီး၏ အဂ္ဂမဟာပဏ္ဍိတဂုဏ ဝိသိဋ္ဌပူဇာ။
၅။ ကလေးအုပ္ပကျောင်းပဋ္ဌာန်းပူဇော်ပွဲမှတ်တမ်း ပထမတွဲ၊ ဒုတိယတွဲ။
၆။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ မြန်မာပြန်ကျမ်း။
၇။ ဗုဒ္ဓဂယာဘုရားဖူး ခရီးစဉ်မှတ်တမ်း အလွမ်းစာပန်းချီ။
၈။ သက်တော်ရှည် ကံ့လုံဆရာတော်။
၉။ ကံ့လုံဆရာတော်ဘုရားကြီး၏ "ရာပြည့်အကြို တစ်ဘဝသာသနာ" (တည်းဖြတ်သူ)။
၁၀။ တကောင်းကျောင်းတိုက်၏ "အရဟံ ရန်အောင်ဘုန်းပွင့် စေတီတော်" ဘုရားစုံသမိုင်း ။
၁၁။ တကောင်းဆရာတော် အရှင်ပဝရ၏ အမြုတေစာပေကဗျာများ။
၁၂။ ဆီးဖြူပင်ဆရာတော်ဘုရားကြီး၏ "ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်း" (တည်းဖြတ်သူ)
၁၃။ နယားဆရာတော်ဘုရားကြီး၏ ""တစ်ဘဝသာသနာ မြတ်ကျမ်းစာ" (ပံ့ပိုးကူညီသူ) စသည်တို့ ဖြစ်ပါသည်။



## မိမိသီလ ဘာနင့်မျှ မလဲနိုင်

သုခံ ယာဝ ဇရာ သီလံ၊
သုခါ သဒ္ဓါ ပတိဋ္ဌိတာ။
သုခေါ ပညာယ ပဋိလာဘော၊
ပါပါနံ အကရဏံ သုခံ။

(ဓမ္မပဒ)

ဒကာတော် ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ) တစ်ယောက် မတွေ့မဆုံ မရောက်လာသည်မှာ တစ်နှစ် ကျော်ကျော်ခန့် ရှိသွားပါပြီ။ အရင်တစ်ခေါက်လာစဉ်ကလည်း ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်၊ ဂဠုန်တောင် ကုံလုံဆရာတော် ဘုရားကြီး၏ ရာပြည့်အကြို တစ်ဘဝသာသနာ စာအုပ်ကြီးအတွက် ဩဝါဒကထာချီးမြှင့်ပေးပါရန် လျှောက်ထား တောင်းခံသွားပါသည်။

ယခုရောက်လာတော့လည်း၊ ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ တောင်ငူမြို့ ဆီးဖြူပင်သာသနာ့ရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သူရိယ သက်တော်(၉၉) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ထုတ်ဝေမည့်စာအုပ်၌ ဩဝါဒကထာ ချီးမြှင့်ပေးပါရန် လျှောက်ထား လာပြန်ပါသည်။

လျှောက်ထားသူ၏ အလိုဆန္ဒလည်း ပြည့်ဝသွားစေ၊ ဆရာတော်ကြီး၏ သီလရနံ့လည်း သင်းပျံ့မွှေးပါစေဟု စေတနာထား၍ ရေးသား ချီးမြှောက်လိုပါသည်။ ယခုလို သက်တော်ရှည် ဆရာတော်ဘုရားကြီးများ၏ ဂုဏ်သတင်းထူးကို ဦးအောင်မြင့်ထွန်း၏ စွမ်း ဆောင်မှုကြောင့် ကြားသိရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုမိပါသည်။ ဗုဒ္ဓသာသနာတော်အတွင်း သာသနာ့ကျက်သရေဆောင် ဆရာတော်ဘုရားကြီးများက သက်တော်ရှည်ရှည် ကျန်းကျန်းမာမာနှင့် မိမိတို့ စွမ်းနိုင်သည့်ဘက်က ဗုဒ္ဓသာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ရွှတ်ရွှတ်ချွန်ချွန် အကျိုးဆောင်နေသည့် မင်္ဂလာသတင်း ကြားသိခွင့်ရရှိရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

"သယနဒသက အရွယ်" အိုမင်းမစွမ်းရောက်လာသည့် အချိန်တွင် ငယ်စဉ်ကာလ ရှင်သာမဏေဘဝကစပြီး၊ "မိမိတို့ ကိုယ်တိုင် အသက်နှင့်လဲလှယ် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရသည့် မိမိသီလ ဖြူစင်သန့်ရှင်းလေလေ - အချမ်းသာဆုံး ပီတိခံစားရလေလေ" ဟု ဗုဒ္ဓရှင်တော်မြတ်ကိုယ်တော်တိုင် မိန့်ကြားခဲ့လေသည်။

ထို့ကြောင့် -

သီလံ = ငါးပါး၊ ဆယ်ပါး သီလများကို အားရှိသမျှ အခွင့်ဆုံးအောင် ကျင့်သုံးဆောက်တည်ရခြင်းသည်။
ယာဝဇရာ = တဖြည်းတဖြည်း အို၍ ဆွေးသည့်တိုင်အောင်။
သုခံ = အလွန်တစ်ရာ ချမ်းသာဆုံး ဖြစ်ရလေတော့သတည်း။

ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်လိုသော သူတော်စင်အပေါင်းတို့သည် မိမိသီလ ဖြူစင်သန့်ရှင်းသည်ထက် သန့်ရှင်းအောင် ရိုးရိုးသားသားဖြင့် စောင့်ထိန်းကျင့်ဆောင် နိုင်ကြပါစေကုန်သတည်း။

| | |
|---|---|
| ၂၅၅၀ ပြည့်နှစ်၊ | ဘဒ္ဒန္တ ဝဏ္ဏိတာဘိဝံသ (အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ) |
| ၁၃၆၈ ခုနှစ်၊ | အဂ္ဂမဟာပဏ္ဍိတ၊ မဟာမုနိဂေါပကအဖွဲ့ ဩဝါဒါစရိယ |
| သီတင်းကျွတ်လပြည့်ကျော် (၅)ရက်၊ | မဟာနာယက၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဝါးတန်းကျောင်း၊ |
| ၁၁ - ၁၀ - ၂၀၀၆ ခု၊ ဗုဒ္ဓဟူးနေ့။ | မန္တလေးမြို့၊ မန္တလေးတိုင်း၊ မြန်မာပြည်။ |



## သက်တမ်းကွာခြားခြင်း အကြောင်း

သက်တော်ရှည် ဆရာတော်ဘုရားကြီးများ၏ သာသနာပြု မှတ်တမ်းများကိုသာ ရေးသားလေ့ရှိသော စာရေးဆရာ ဒကာ အောင်မြင့်ထွန်းသည် ဘုရားအဆူဆူ သက်တမ်းကွာခြားပုံနှင့် လူတို့ အသက်တမ်း အတက်အကျ ဖြစ်ပေါ်လာရပုံတို့ကို မေးလျှောက်သဖြင့် ကျမ်းဂန်လာ သိမှတ်စရာများကို ရေးသားချီးမြှောက်လိုက်ပါသည်။

## အာယုဝေမတ္တ

အာယုဝေမတ္တ ဟူသည်ကား မြတ်စွာဘုရားတို့မှာ တစ်ဆူနှင့်တစ်ဆူ အသက်တမ်း မတူမှုပင် ဖြစ်၏။ ဒီပင်္ကရာ မြတ်စွာဘုရား၊ ကောဏ္ဍည မြတ်စွာဘုရား၊ အနောမဒဿီမြတ်စွာဘုရား၊ ပဒုမမြတ်စွာဘုရား၊ ပဒုမုတ္တရမြတ်စွာဘုရား၊ အတ္ထဒဿီမြတ်စွာဘုရား၊ သိဒ္ဓတ္ထ မြတ်စွာဘုရား၊ တိဿ မြတ်စွာဘုရား၊ ဤ "ကိုးဆူကုန်သော မြတ်စွာဘုရား"တို့သည် အသက်တစ်သိန်းတမ်း၌ ပွင့်တော်မူကြကုန်၏။

မင်္ဂလမြတ်စွာဘုရား၊ သုမနမြတ်စွာဘုရား၊ သောဘိတမြတ်စွာဘုရား၊ နာရဒမြတ်စွာဘုရား၊ သုမေဓမြတ်စွာဘုရား၊ သုဇာတ မြတ်စွာဘုရား၊ ပိယဒဿီ မြတ်စွာဘုရား၊ ဖုဿ မြတ်စွာဘုရား၊ ဤ "ရှစ်ဆူသော မြတ်စွာဘုရား"တို့သည် အသက်ကိုးသောင်းတမ်း၌ ပွင့်တော်မူကြကုန်၏။ "ဝိပဿီမြတ်စွာဘုရားသည်" အသက်ရှစ်သောင်းတမ်း၌ ပွင့်တော်မူ၏။ "သိခီမြတ်စွာဘုရားသည်" အသက် ခုနစ်သောင်းတမ်း၌ ပွင့်တော်မူ၏။

ရေဝတမြတ်စွာဘုရား၊ ဝေဿဘူ မြတ်စွာဘုရား၊ ဤ "နှစ်ဆူသော မြတ်စွာဘုရား"တို့သည် အသက်ခြောက်သောင်းတမ်း၌ ပွင့်တော်မူကြကုန်၏။ "ကကုသန် မြတ်စွာဘုရား"သည် အသက်လေးသောင်းတမ်း၌ ပွင့်တော်မူ၏။ "ကောဏာဂုံ မြတ်စွာဘုရား"သည် အသက်သုံးသောင်းတမ်း၌ ပွင့်တော်မူ၏။ "ကဿပ မြတ်စွာဘုရား" သည် အသက် နှစ်သောင်းတမ်း၌ ပွင့်တော်မူ၏။ အကျွန်ုပ်တို့၏ ကိုးကွယ်ရာ "ဂေါတမမြတ်စွာဘုရား"သည် အသက် တစ်ရာတမ်း၌ ပွင့်တော်မူ၏။

ဘုရားရှင်တို့သည် သက်တမ်းကိုငါးပုံခွဲ၍ပုံလျှင် လေးပုံမျှသာ သက်တော်ရှည်ရှိုးထုံးစံရှိကြ၏။ ဂေါတမဘုရားရှင်သည် အသက်တစ်ရာတမ်း၌ ပွင့်တော်မူသဖြင့် သက်တော် ရှစ်ဆယ်ပြည့်တွင် ခန္ဓပရိနိဗ္ဗာန် စံတော်မူရသည်။

## သက်တမ်းအလိုက် ရောဂါတိုးလာပုံ

လူတို့၏ အသက်သည် ရှစ်သောင်းတမ်း ရောက်သောအခါတွင် -

၁။ ဣစ္ဆာ = လိုချင်တောင့်တခြင်း။

၂။ အနသန = စားပြီးအိပ်ချင်ခြင်း။

၃။ ဇရာ = အိုမင်းခြင်း အားဖြင့် ရောဂါသုံးမျိုးတို့ ဖြစ်ပွားလာပါသည်။

သတ္တဝါ များ၏ အသက်ကို သတ်ဖြတ်၍ **အသားစားတတ်လာသောအချိန်တွင် အနာရောဂါ (၉၈)မျိုးတို့ ပွားတိုး၍ လာကြပါသည်။** အသားစားခြင်းသည် အသက်တိုခြင်း၏ အကြောင်း၊ မကောင်းသော အကျင့်ဆိုးတစ်ခုဖြစ်ကြောင်း ကျမ်းဂန်လာ အထောက်အထားတစ်ခု ဖြစ်ပေသည်။

တယော ရောဂါ ပုရေ အာသုံ၊ ဣစ္ဆာ အနသန ဇရာ။
ပသူနဥ္စ သမာ ရမ္ဗာ၊ အဋ္ဌ နဝုတိ မာဂမုံ။ [၁]

လူတို့၏ အသက်သည် ခြောက်သောင်းတမ်းသို့ ရောက်လာသောအခါတွင် -

| | | | |
|---|---|---|---|
| ၁။ | ဥဏှာ | = | အပူရောဂါ၊ |
| ၂။ | သီတ | = | အအေးရောဂါ၊ |
| ၃။ | ဇိဃစ္ဆ | = | ထမင်းဆာရောဂါ၊ |
| ၄။ | ပိပါသ | = | ရေသောက်ချင်သောရောဂါ၊ |
| ၅။ | ဥစ္စာရကမ္မ | = | ကျင်ကြီးစွန့်ရသောရောဂါ၊ |
| ၆။ | ပဿာဝကမ္မ | = | ကျင်ငယ်စွန့်ရသောရောဂါ ဤသို့အားဖြင့် ရောဂါခြောက်မျိုး ပွားတိုးလာပြန်ပါသည်။ [၂] |

## စက္ကဝတ္တိသုတ်လာ သက်တမ်းကျဆင်းပုံ

၁။ ပါဏာတိပါတ၊ အဒိန္နာဒါန ဖြစ်ပေါ်လာသောအခါ - သက်တမ်း ရှစ်သောင်းမှ လေးသောင်းသို့ ကျ၏။

၂။ မုသာဝါဒ ပေါ်သောအခါ - သက်တမ်း နှစ်သောင်းသို့ ကျ၏။

၃။ ပိသုဏာဝါစာ ပေါ်သောအခါ - သက်တမ်းတစ်သောင်းသို့ ကျ၏။

၄။ ကာမေသု မိစ္ဆာစာရ ပေါ်သောအခါ - သက်တမ်း ငါးထောင်သို့ ကျ၏။

၅။ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ပေါ်သောအခါ - သက်တမ်း နှစ်ထောင့်ငါးရာသို့ ကျ၏။

၆။ အဘိဇ္ဈာ၊ ဗျာပါဒ ပေါ်သောအခါ - သက်တမ်း တစ်ထောင်သို့ ကျ၏။

၇။ မိစ္ဆာဒိဋ္ဌိ ပေါ်သောအခါ - သက်တမ်း ငါးရာသို့ ကျ၏။

၈။ အဓမ္မရာဂ - လူ့အကျင့် မဟုတ်သော တက်မက်မှု၊ ဝိသမလောဘ - မတရား လိုချင်မှု၊ မိစ္ဆာဓမ္မ - ဖောက်လွဲ ဖောက်ပြန် မှားယွင်းစွာ ကြံစည်မှု၊ ဤရာဂ သုံးမျိုး ပေါ်ပေါက်လာသောအခါ - သက်တမ်း နှစ်ရာ့ငါးဆယ်သို့ ကျ၏။

၉။ အမိ၌ ကျင့်ဝတ်ပျက်ခြင်း၊ အဘ၌ ကျင့်ဝတ်ပျက်ခြင်း၊ ရဟန်းတို့၌ ကျင့်ဝတ်ပျက်ခြင်း၊ သူတော်ကောင်းတို့၌ မရိုမသေ ကျင့်ခြင်း၊ လူကြီးတို့၌ မရိုမသေ ကျင့်ခြင်း၊ အကုသိုလ် ငါးမျိုး ပေါ်သောအခါ - သက်တမ်း တစ်ရာမျှသာ ကျန်တော့၏။ ၎င်းတစ်ရာမှ နှစ်ပေါင်း တစ်ထောင်လျှင် တစ်နှစ်ဆုတ်သဖြင့်၊ ယခု သာသနာတော်နှစ် (၂၅၅၀) ပြည့်သို့ ရောက်သောအခါကာလတွင် သက်တမ်း (၇၄.၅) နှစ်မျှသာ ကျန်တော့၏။

## သက်တမ်းရှည်အောင် နေထိုင်နည်း

ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများ၏ အသက်တမ်းသည် ကံ စိတ် ဥတုနှင့် အစာအာဟာရ ကောင်း. မကောင်း အပေါ်မူတည်၍ အတိုး.အဆုတ်ဖြစ်လာရပါသည်။

---

၁။ သုတ္တန်၊ ၄ ၊ ၂ ၊ ၅၈။ ၂။ အံ ၊ ၃ ၊ ၅၀၃။

အသက်ရှည်စွာ အနာမဲ့ရေးအတွက် ဥတုသပ္ပါယ . ဘောဇနသပ္ပါယ မျှတဖို့ လိုအပ်ပါသည်။

အစိုးရမင်းနှင့်တကွ တိုင်းသားပြည်သူ ရဟန်းရှင်လူများတို့သည် ကိုယ်ကျင့်တရား ပျက်လျှင် မိုးလေဝသ မမှန်မကန်ဖြစ်လာတတ်သည်။ မိုးမမှန်သောကြောင့် အသီးအနှံများ ဖွံ့ဖြိုးအောင်မြင်ခြင်း မရှိတတ်ကြပါ။ မအောင်မမြင် ဖျင်းအ.သောသီးနှံများကို စားသုံးရသောကြောင့် အာဟာရဓာတ်ချို့ယွင်းလာပါသည်၊ အာဟာရ ချို့ယွင်းနေသော လူသည် ရောဂါပေါင်းစုံကို လက်ယပ်ခေါ်သကဲ့သို့ ဖြစ်နေပါသည်။ လိုရင်း အနှစ်ချုပ်ရေးရသော်၊ အုပ်ချုပ်သူမင်းနှင့်လူများ တရားပျက်သောကြောင့်သာလျှင် အသက်တမ်းတိုရခြင်းအဓိကအကြောင်းရင်း ဖြစ်ပါသည်။

ကမ္ဘာ့လူသားများသည် အသက်ရှည်ရှည် နေနိုင်ရေးအတွက် ရာသီဥတု အပူအအေး မျှမျှတတရှိသော အရပ်ဒေသ၌ ရွေးချယ်နေထိုင်ပြီး၊ အဆီသြဇာများ၍ ဗီတာမင်ဓာတ်ပေါ်များကြွယ်ဝသော အာဟာရများကို ရွေးချယ် စားသုံးရန် လိုအပ်ပါသည်။ အုပ်ချုပ်သူ မင်းအစိုးရနှင့် တိုင်းသူပြည်သားများ တရားစောင့်လျှင် လူ့သက်တမ်း ဆထက်ထမ်းပိုး တိုးပွားလာမည် ဖြစ်ကြောင်း ကျမ်းဂန်စကား ထောက်ထား၍ အကြံပြု ရေးသားတင်ပြအပ်ပါသည်။

ဥတု ဘောဇန ကာရဏာ၊ သတ္တာနံ အာယု ဟာယတိ။
ရာဇာဒိ အဓမ္မိကာဝ၊ ဥတု ဘောဇန ဝိပ္ပတ္တိ။

| | | |
|---|---|---|
| သတ္တာနံ | = | ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများတို့၏။ |
| ဥတုဘောဇန ကာရဏာ | = | ရာသီဥတု အာဟာရစုတို့ ညံ့မှုကောင်းမှု အကြောင်းပြုလျက်သာလျှင်။ |
| အာယု | = | တစ်သိန်းတမ်းမှ ဂဏန်းသင်္ချေ ဆုတ်ယုတ်လေ၍၊ တွက်ရေဆုတ်ခမ်း အသက်တမ်းသည်။ |
| ဟာယတိ | = | တစ်နေ့တစ်ခြား ပျက်ပြားယွင်းယို သက်တမ်းတိုရလေ၏။ |
| ရာဇာဒိ အဓမ္မိကာဝ | = | အစိုးရနှင့်တကွ ပြည်သူ ရှင်. လူအများ၊ တရားယွင်းကွက်၊ အကျင့်ပျက်သောကြောင့်သာလျှင်။ |
| ဥတုဘောဇနဝိပ္ပတ္တိ | = | မိုးလေမမှန် သီးနှံမရ အာဟာရချို့ယွင်း ဖောက်ပြန်ခြင်းသည်။ |
| ဟောတိ | = | စင်စစ်မသွေ ဖြစ်ရလေတော့သတည်း။ |

အရှင်ပညာသိရီဘိဝံသ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)
မင်္ဂလာဗိမာန်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊
မန္တလေးမြို့ မန္တလေးတိုင်း။

သာသနာတော်နှစ် - ၂၅၅၀ - ပြည့်နှစ်၊
ကောဇာသက္ကရာဇ် - ၁၃၆၈ - ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊
ခရစ်နှစ် - ၆-၁၀-၂၀၀၆ ခုနှစ်၊ သောကြာနေ့။



## သက်တော်ရှည်မှ သက်တော်ရှည်သို့

ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ)သည် "စားတတ်လျှင်မေတ္တာ၊ မစားတတ်လျှင် ဝေဒနာ (သို့မဟုတ်) တဏှာ"စာအုပ်မှစ၍ စာအုပ် ၁၂-အုပ်တို့ကို ရေးသားထုတ်ဝေခဲ့ရာ သက်တော်ရှည် နိုင်ငံကျော်ကြား ဆရာတော်ကြီးများ၏ အတ္ထုပ္ပတ္တိ, အဆိုအမိန့်, သာသနာပြု သမိုင်းမှတ်တမ်းများကသာ အဓိကနေရာယူထားသည်ကို တွေ့ရသည်။ သူ ရေးသားသော သက်တော်ရှည် ဆရာတော်ကြီးများကို ကမ္ပည်းမှတ်တမ်းထိုးရသော် -

၁။ ကျောက်ဆည်မြို့ နိုင်ငံတော် သြဝါဒါစရိယ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဇဝန မဟာထေရ်၊ သက်တော် (၁၀၄) နှစ်
မြန်မာသက္ကရာဇ် ၁၂၆၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၇)ရက်၊ အင်္ဂါနေ့ နံနက် (၄)နာရီတွင် ဖွားမြင်တော်မူသည်။

၂။ မဟာပရိတ္တာရုံ စလေကျောင်းတိုက် ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ဇောတိက မဟာထေရ် သက်တော် (၉၉) နှစ်
မြန်မာသက္ကရာဇ် ၁၂၆၆ ခုနှစ်၊ တပို့တွဲလဆန်း(၃)ရက်၊ တနင်္လာနေ့ နံနက် (၃)နာရီတွင် ဖွားမြင်တော်မူသည်။

၃။ ဂဠုန်တောင် ကုံလုံကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တတေဇနိယ မဟာထေရ် သက်တော် (၉၆)နှစ်
မြန်မာသက္ကရာဇ် ၁၂၆၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၄)ရက်၊ စနေနေ့ ညနေ (၆)နာရီတွင် ဖွားမြင်တော်မူသည်။

၄။ မန္တလေးတိုင်း၊ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဉသျှောင်ရပ်ကွက်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ နယားကျောင်း ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တ မေဓိယာဘိဝံသ မဟာထေရ် သက်တော်( ၉၄ ) နှစ်
မြန်မာသက္ကရာဇ် ၁၂၇၃ ခုနှစ်၊ ကဆုန်လဆန်း (၇)ရက်၊ ကြာသပတေးနေ့ ညနေ (၄)နာရီတွင် ဖွားမြင်တော်မူသည်။ (စီစဉ်ဆဲ)

၅။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက သာမညတောင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိနယ မဟာထေရ် သက်တော် (၉၃ )နှစ်
မြန်မာသက္ကရာဇ် ၁၂၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း (၆)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် (၇)နာရီတွင် ဖွားမြင်တော်မူသည်။

၆။ ရန်ကုန်တိုင်း၊ အနောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ ကစင်ကျေးရွာ၊ တတိယ ကစင်ဆရာတော် ဘဒ္ဒန္တသုမန မဟာထေရ် သက်တော် (၉၂) နှစ်
မြန်မာသက္ကရာဇ် ၁၂၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၆)ရက်၊ သောကြာနေ့ ညနေ (၄)နာရီတွင် ဖွားမြင်တော်မူသည်။

၇။ နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏိန္ဒ မဟာထေရ်သက်တော် (၉၂) နှစ် မြန်မာသက္ကရာဇ် ၁၂၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁)ရက်၊ အင်္ဂါနေ့ တွင် ဖွားမြင်တော်မူသည်။

## ရှုထောင့်သုံးခု မြင်အောင်ရှု

ဦးအောင်မြင့်ထွန်းသည် ယခုတစ်ဖန်၊ ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ် သက်တော်ရှည် ဆီးဖြူပင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သူရိယ မဟာထေရ်မြတ် သက်တော် (၉၉) နှစ်၏ သာသနာပြု သမိုင်းမှတ်တမ်း ကျမ်းကြီးတစ်စောင်ကို အချိန်တိုတိုအတွင်းရေးသား လိုက်ပြန်ပါပြီ။ သူရေးသားပြုစုတင်ပြသော ဆရာတော်ကြီး များသည် အသက်.သိက္ခာရှုထောင့်က ကြည့်လျှင် သက်တော်ရှည်ဆရာတော်ကြီးများ ဖြစ်သကဲ့သို့ သာသနာပြု ရှုထောင့်ကကြည့်လျှင်လည်း စွမ်းစွမ်းတမံ ပရိယတ် ပဋိပတ်တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပြီး၊ မြန်မာ ပြည်သူပြည်သား အများစု ကိုးကွယ် ကြည်ညိုမှီခိုရာ ဆရာတော်ကြီးများ ဖြစ်နေကြပါသည်။

ဦးအောင်မြင့်ထွန်းသည် ရာသက်ပန် သက်လွတ်စာ စား၍ မေတ္တာပွားနေသူဖြစ်သည်။ ဦးအောင်မြင့်ထွန်း ၏ မိသားစုအားလုံးလည်း သက်လွတ်စာ စစ်စစ်ကို မညည်းမညူ စားသုံးနေကြသူများ ဖြစ်ကြသည်။ ဦးအောင်မြင့် ထွန်း လေ့လာစုဆောင်းရေးသားဖြန့်ဝေ ပူဇော်ခြင်းခံရသော ဆရာတော်ဘုရားကြီးများသည်လည်း သက်လွတ်စာ စားသုံး၍ နိုင်ငံကျော် ထင်ပေါ်ထူးခြားသော ဆရာတော်ကြီးများက များစွာနေရာယူထားကြောင်း သတိပြုမိပါ သည်။

## ရှုထောင့်တစ်ခုသာ တင်ပြပါ

ဤ စာရေးသူသည် သာသနာပြု ရှုထောင့်၊ သက်လွတ်မေတ္တာရှုထောင့်က အကျယ်ချဲ့ထွင် မကြည့်လို တော့ပါ။ ဦးအောင်မြင့်ထွန်း ရေးသားထုတ်ဝေသော စာအုပ်များကိုသာ ရှာဖွေ၍ ဖတ်ရှုကြပါဟု တိုက်တွန်းလို ပါသည်။ သက်တော်ရှည်ရှုထောင့်ကသာ အနည်းငယ်ချဲ့ထွင်၍ ကြည့်လိုပါသည်။ မျက်မှောက်ခေတ် သက်တော်ရှည် ဆရာတော်ကြီးများမှသည် ဗုဒ္ဓခေတ် သက်တော်ရှည် ဆရာတော်ကြီးများကို မြင်ယောင် ထင်ယောင်မိပါ သည်။ သက်တော်ရှည် ရဟန်းပုဂ္ဂိုလ်ကြီးများ၊ လူပုဂ္ဂိုလ်ကြီးများသည် ယနေ့မှသာ ရှားပါးသည်မဟုတ်၊ သက်တမ်းတစ်ရာ တိတိရှိသော ဗုဒ္ဓခေတ်ကပင် အရေအတွက် နည်းပါးလှသည်။ လက်ချိုးရေ၍ပင် ရလောက်သည်။ ရတတ်သမျှ ရှာဖွေ၍ ရေးသားတင်ပြလိုက်ပါသည်။

## ဗုဒ္ဓလက်ထက်တော်က သက်တော်ရှည်များ

| | | |
|---|---|---|
| ၁။ | အရှင်ဗာကုလ | သက်တော် (၁၆၀)နှစ်၊ |
| ၂။ | အရှင်အနုရုဒ္ဓါ (ကပိလဝတ်) | သက်တော် (၁၅၀) နှစ်၊ |
| ၃။ | အရှင် မဟာကဿပမထေရ် | သက်တော် (၁၂၀) နှစ်၊ |
| ၄။ | အရှင် အာနန္ဒာမထေရ် (ကပိလဝတ်) | သက်တော် (၁၂၀) နှစ်၊ |
| ၅။ | သာနထေရ် (သာဝတ္ထိမြို့) | သက်တော် (၁၂၀) နှစ်၊ |
| ၆။ | ဓမ္မသဝပိတုထေရ် (မဂဓတိုင်း) | သက်တော် (၁၂၀) နှစ်၊ |
| ၇။ | ဥတ္တရာထေရီ၊ (သာဝတ္ထိမြို့) | သက်တော် (၁၂၀) နှစ်၊ |

| | | |
|---|---|---|
| ၈။ | ပေါက္ခရသာတိ ပုဏ္ဏား (ဥက္ကဋ္ဌမြို့) | သက်တော် ( ၁၂၀ ) နှစ် |
| ၉။ | ဖြဟ္မာယု ပုဏ္ဏား (မိထိလာမြို့) | သက်တော် ( ၁၂၀ ) နှစ် |
| ၁၀။ | သေလ ပုဏ္ဏား (အာပဏအရပ်) | သက်တော် ( ၁၂၀ ) နှစ် |
| ၁၁။ | ဇာဝရီ ပုဏ္ဏား (သာဝတ္ထိမြို့) | သက်တော် ( ၁၂၀ ) နှစ် |
| ၁၂။ | အာယုဝမုန ဥပါသကာ (ဒီယလယ်ိကမြို့) | သက်တော် ( ၁၂၀ ) နှစ် |
| ၁၃။ | ဝိသာခါ ကျောင်းအမကြီး (ဘဒ္ဒိယမြို့) | သက်တော် ( ၁၂၀ ) နှစ် |
| ၁၄။ | ဂေါတမီ = မိထွေးတော် (ကပိလဝတ်) | သက်တော် ( ၁၂၀ ) နှစ် |

စသည်တို့ ဖြစ်ကြပါသည်။

## သက်တော်ရှည် မြန်မာဘုရင်များ

| | | |
|---|---|---|
| ၁။ | အလောင်းစည်သူမင်း | သက်တော် ( ၁၀၁ ) နှစ် |
| ၂။ | ပါပိရန်မင်း | သက်တော် ( ၁၀၃ ) နှစ် |
| ၃။ | ဒွတ္တပေါင်မင်း | သက်တော် ( ၁၀၅ ) နှစ် |
| ၄။ | ကွမ်းဆော်မင်း | သက်တော် ( ၁၀၅ ) နှစ် |
| ၅။ | ရသေ့ကြောင်မင်း | သက်တော် ( ၁၀၆ ) နှစ် |
| ၆။ | ထီးမင်းယဉ်မင်း | သက်တော် ( ၁၀၇ ) နှစ် |
| ၇။ | ပျူစောထီးမင်း | သက်တော် ( ၁၁၀ ) နှစ် |

အားဖြင့် မင်းခုနစ်ပါးအား ကောက်နုတ်ဖော်ပြအပ်ပါသည်။

တောင်ငူမြို့နယ်၊ ဆီးဖြူပင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက သက်တော်ရှည် ဆရာတော် ဘုရားကြီးသည် အရှင်မဟာကဿပ မထေရ်ပမာ သက်တော်တစ်ရာ့နှစ်ဆယ် ရှည်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလိုက်ရပါသတည်း။

## ဆီးဖြူပါသော ဆေးနစ်ဖုံ ရောဂါစုံပျောက်သည်

✪ ဗုဒ္ဓဆုဆူ၊ မိန့်တော်မူသည့်၊ ဆီးဖြူဆေးတော်၊
အမြဲဖော်လျက်၊ ဖြစ်ပေါ်၍လာ၊ ဘေးရောဂါတို့၊
မကြာပျောက်ကင်း၊ ကျန်းမာခြင်းသည်၊ လာဘ်မင်းဇကန် ဖြစ်သတည်း။

✪ ဆီးဖြူထေရ်မွန်၊ ဟောဖော်ညွှန်သည့်၊ သတိပဋ္ဌာန်ဆေး၊
သောက်သုံးပေးလျှင်၊ သေဘေးကင်းကွာ၊ ကိလေသာတို့၊
အနာမရှိ၊ နိဗ္ဗာန်ထိ၊ သန္တိသုခ ရနိုင်သည်။

✪ အမြိုက်ရေသွန်း၊ အောင်မြင့်ထွန်းသည်၊ ဆေးညွှန်းတိုင်းသာ၊
သုံးဆောင်ပါလျှင်၊ ကိလေသာကင်း၊ အနာရှင်းလျက်၊
လာဘ်မင်းသုခ ရစေသော်။

၂၅၅၀ ပြည့်နှစ်၊
၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊
၄ - ၁၁ - ၂၀၀၆ ခု၊ စနေနေ့။

နန်းတော်ရှေ့အရှင်ပဝရ
တကောင်းကျောင်းတိုက်
မန္တလေးမြို့

## အသက်ရှည်ကြောင်း နည်းလမ်းကောင်းများ

(မဃဒေဝလင်္ကာ - ပုဒ်ရေနံပါတ် ၃၂၇)

(၁) ဤလူ့ဇာတ်၌၊ လျောက်ပတ်ကျင့်ငြား၊ လျောက်ပတ်စားနှင့်၊ ဆေးဝါးစားကြေ၊ သွားထွေကာလ၊ ဖြဟ္မစာရီ၊ ဤငါးလီမှု၊ လောကီလူ့ပေါင်း၊ သက်ရှည်ကြောင်းတည်း။

(၂) ၎င်းထိုမှ၊ ရှေးကကျမ်းလာ၊ တစ်နည်းမှာကား၊ အစာကြေမှ၊ စားထဘောဇဉ်၊ အစဉ်မှတ်ဖွယ်၊ ကြီးငယ်နှစ်ပါး၊ ကျင့်အသွားကို၊ မတားအဟုန်၊ မေထုန်ကြဉ်ရှား၊ သူ့အားမညှဉ်း၊ မစဉ်းစားမှု၊ မပြုလျှင်စွာ၊ ဤငါးဖြာလည်း၊ သက်အာယုမြတ်၊ ရှည်ကြောင်းမှတ်လော၊ ဆုံးဖြတ်စဉ်လာ၊ ကျမ်းဟောင်းမှာ၏။

(၃) တစ်ဖြာထို့ပြင်၊ ငါးအင်သီလ၊ ပဉ္စင်္ဂကို၊ စောင့်ထားမမှား၊ ထိုအပြားတွင်၊ မယားတစ်ယောက်၊ လင်တစ်ယောက်ထက်၊ မဖောက်ဘယ်မျှ၊ သန္တောသဟု၊ ဖြဟ္မစရိယာ၊ ကျင့်မြတ်စွာလည်း၊ မဟာဓမ္မ၊ ပါလပုဏ္ဏား၊ အမျိုးသားတို့၊ တရားဆောင်ကယ်၊ ကင်းအပါယ်နှင့်၊ သူငယ်ဟူသမျှ၊ ငယ်ကမသေ၊ ထောင်သက်နေ၏။

(၄) မှတ်ဆောင်တဆစ်၊ ရေစစ်ဆေးကျောင်း၊ အဟောင်းပြုပြင်၊ ပဉ္စင်အဌ၊ သီလမည်သာ၊ ဤခြောက်ဖြာလည်း၊ ဒီဃာယုက၊ ပုညခေါ်ရိုး၊ ကျင့်တစ်မျိုးတည်း၊ အားကျိုးသမှု၊ ဆောက်တည်ပြုက၊ ယခုဒိဌ၊ ဤဘဝ၌၊ သုခပွားစီး၊ စည်းစိမ်တည်၍၊ သက်ရှည်ဘုန်းကြီး၊ အံ့မပြီးအောင်၊ ဝှဲချီးလူ့ဘောင်၊ ဘဝနောင်လည်း၊ အခေါင်မိမိုင်း၊ တုမဲ့နှိုင်းသည်၊ - - -ဖြစ်တိုင်းကျော်ရမည်ကိုကား။

(မဃဒေဝလင်္ကာ - ပုဒ်ရေနံပါတ် ၂၉၁)


စာရေးသူ



# အဖွင့်စကား

## ၁။ ဗုဒ္ဓခြေတော်ရာ ရေစက်

(၁) စက်လက္ခဏာပိုင်ရှင်



သူ့ချမ်းသာဆောင်၊ မကြောက်အောင်ရွယ်၊ စောင့်ရှောက်ကယ်၍၊ ဖွယ်ရာခြံရံ၊ လှူဒါန်ကြောင့်၊ ဝန်းရံ ပတ်လျက်၊ ရာရှစ်ကွက်ဖြင့်၊ မြချက်ပုံတောင်း၊ အကွပ်ဆောင်း၍၊ ထောင်ပေါင်းအကန့်၊ ရှင်းသန့်ပြတ်သား၊ ခြေတော်ဖဝါး၌၊ ကြီးမားတေဇော်၊ စက်တော်ရတနာ၊ လက္ခဏာဖြင့်၊ မကွာခစား၊ ထံတော်ပါးဝယ်၊ များသောအခြံအရံ ရှိတော်မူပါသော မြတ်စွာဘုရား, မြတ်စွာဘုရား။

ဤလင်္ကာသည်ကား မြတ်ဗုဒ္ဓ၏ စက်လက္ခဏာ ခြေတော်ရာကို ပုံဖော်ဖွဲ့ဆိုထားသော လင်္ကာဖြစ်သည်။ စာဆိုရှင်မှာ မန္တလေးမြို့ တောင်ပြင် ဘုံကျော်ကျောင်းတိုက်မှ ဒေါင်းကျောင်းဆရာတော် ဦးဃောသိတ ဖြစ်သည်။

ဆရာတော်သည် လင်္ကာတွင် ခြေတော်ရာနှင့်စပ်သော အချက်အလက်တို့ကို စုံလင်စွာ ပါရှိအောင် ဖွဲ့ဆိုခဲ့လေသည်။ ဤလင်္ကာ၌ မြတ်ဗုဒ္ဓခြေတော်တွင် စက်လက္ခဏာ ပါရှိရခြင်း၏ အကြောင်း ကုသိုလ်ကံ, အကျိုးရင်း လက္ခဏာ, အကျိုးဆက်အာနိသံသတို့ကို ဖော်ပြထားပေသည်။ မြတ်ဗုဒ္ဓခြေတော်တွင် စက်လက္ခဏာ ပါရှိရခြင်း၏ အကြောင်း ကုသိုလ်ကံကား လေးမျိုး ဖြစ်ပေသည်။ ထို လေးမျိုးတို့ကား -

(က) မြတ်စွာဘုရားရှင်သည် ရှေးရှေးသော ဘုံဘဝများစွာတို့၌ ဘုရားလောင်းဘဝဖြင့် လူအများ ချမ်းသာအောင် ဆောင်ရွက်ခဲ့ခြင်း၊

(ခ) ထိတ်လန့် တုန်လှုပ် ကြောက်ရွံ့နေသူများ၏ ဘေးအန္တရာယ်များကို ပယ်ဖျောက်ပေးခဲ့ခြင်း၊

(ဂ) တရားနှင့် လျော်ညီစွာ စောင့်ရှောက်မှု, ကာကွယ်မှု, ခြံရံစေမှုတို့ကို စီမံခန့်ခွဲပေးခဲ့ခြင်း၊

(ဃ) လှူဖွယ်ဝတ္ထုပစ္စည်းကို အခြံအရံ ပစ္စည်းများနှင့်တကွ လှူဒါန်းခဲ့ခြင်းတို့ ဖြစ်ကြသည်။

ဤအကြောင်းကုသိုလ်ကံ လေးမျိုးကို လင်္ကာတွင် "သူ့ချမ်းသာဆောင်၊ မကြောက်အောင်ရွယ်၊ စောင့်ရှောက်ကယ်၍၊ ဖွယ်ရာခြံရံ၊ လှူဒါန်ကြောင့်" ဟူသော အပိုဒ်ဖြင့် ပြဆိုပါသည်။ ဤအကြောင်းကုသိုလ်ကံ လေးမျိုးတို့ကို ပါရမီဖြည့်ကျင့်စဉ် ဘုရားလောင်းဘဝတို့၌ ပြုလုပ်ဆည်းပူးခဲ့သောကြောင့် နောက်ဆုံးဘဝ သိဒ္ဓတ္ထမင်းသားလေး၏ ခြေဖဝါးအပြင်၌ စက်လက္ခဏာများထင်လျက် "စက္ကေနင်္ကိတပါဒလက္ခဏာ" ကို အကျိုးရင်းအနေဖြင့် ရရှိလာခြင်း ဖြစ်သည်။ နှစ်ဖက်သော ခြေဖဝါးတော်အပြင်တို့၌ စက်လက္ခဏာတို့ ပါရှိနေပုံကား - တစ်ထောင်သော အကန့်, အကွပ်တံကူအနားရေးနခမ်းသပ်), ပုံတောင်း (ဗဟိုချက်) နှင့်တကွ လုံ့မ အိမ်မွှန်စသော ခပ်သိမ်းသော အခြင်းအရာ တို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်,လက္ခဏာ အမှတ်အသား တို့ ပါရှိ, တည်ရှိ နေကြပေသည်။

လင်္ကာတွင် "ဝန်းရံပတ်လျက် ရာရှစ်ကွက်ဖြင့် မြချက်ပုံတောင်း အကွပ်ဆောင်း၍ ထောင်ပေါင်းအကန့် ရှင်းသန့်ပြတ်သား ခြေတော်ဖဝါး၌ ကြီးမားတေဇော် စက်တော်ရတနာ လက္ခဏာဖြင့်" ဟူသော အပိုဒ်မှာ ဆိုခဲ့ပြီးသည့် အတိုင်း စက်, လက္ခဏာကို အကျိုးရင်းအနေဖြင့် ရရှိပုံကို ဖွဲ့ဆိုထားခြင်း ဖြစ်ပေသည်။

ခြေဖဝါးတော်၌ စက်.လက္ခဏာများ ပါရှိခြင်းမှာ အကျိုးရင်း ဖြစ်ပြီး၊ အကျိုးဆက် အာနိသံသကိုလည်း ရရှိပါသေးသည်။ ထိုအကျိုးဆက် အာနိသံသကား - အခြံအရံပရိသတ် ပေါများခြင်းပင်ဖြစ်သည်။ မြတ်စွာဘုရားရှင်၏ အခြံအရံပရိသတ်တို့မှာ ရဟန်းသံဃာတော်များ. ဘိက္ခုနီမများ. ဥပါသကာဒါယကာများ. ဥပါသိကာမ ဒါယိကာမ များ. နတ်ပြဟ္မာများ. လူများ. အသူရာများ. နတ်နဂါးများ. ဂန္ဓဗ္ဗနတ်များအားဖြင့် များပြားလှပါပေ၏။

ဤသို့ အကျိုးဆက် အာနိသံသအနေဖြင့် အခြံအရံပရိသတ် များပြားစွာ ရရှိခြင်းကို လင်္ကာတွင် "မဂ္ဂာခစား ထံတော်ပါးဝယ် များသောအခြံအရံ ရှိတော်မူသော မြတ်စွာဘုရား. မြတ်စွာဘုရား" ဟူသော အပိုဒ်က ဖော်ပြပါသည်။

သပရိဝါရက ဒါနေန၊ တထာဂတော ပုရေ ဘဝေ။
စက္ကေနင်္ကိတပါဒေါ စ၊ ပရိဝါရောစ တံ နမေ။

ဆိုခဲ့ပြီးသော စကားရပ်တို့ကို အကျဉ်းချုပ်လိုက်လျှင် ဤသို့တွေ့ရပါမည်။ ကုသိုလ်ကောင်းမှု ပြုသည့်အနေ ဖြင့် လှူဒါန်းသည့်အခါ အခြံအရံ ဝတ္ထုပစ္စည်းနှင့်တကွ လှူဒါန်းခြင်း "သပရိဝါရကဒါန" ကုသိုလ်ကို ပြုလုပ်ရမည်။ ယင်းသို့ပြုလုပ်လျှင် အခြံအရံပရိသတ် ပေါများခြင်းအကျိုးကို ရရှိနိုင်သည်။ ထို့အပြင် "မြတ်ဗုဒ္ဓ၏ ခြေတော်ရာ" တို့ကိုလည်း ဖူးမြော်ပူဇော်ထိုက်သည်။ ဖူးမြော်ပူဇော်လျှင် "ဇနေတိ သဒ္ဒိသံ ပါကံ" ဟူသော ကမ္မနိယာမ-အရ မိတ်ကောင်း. ဆွေကောင်း. သူငယ်ချင်းကောင်း. ဆရာကောင်း. သမားကောင်း စသော ပုဂ္ဂိုလ်ကောင်းတို့နှင့် တွေ့ကြုံ ဆုံစည်းရလျက် အခြံအရံပရိသတ် ပေါများခြင်းအကျိုးကို ရရှိနိုင်ပေသည်။

## (၂) တွေ့မြင် ဖူးချင်သော ဆရာတော်နှင့် ပုံတော်



လွန်ခဲ့သော ရှစ်နှစ်ကျော်ကာလက ဖြစ်သည်။ "တောင်ငူမြို့အနီးတွင် သက်တော်ရှည် ဆရာတော်ကြီးတစ်ပါး ပေါ်ထွန်းလာသည်။ ဥပမိရုပ်တော် ခန့်ငြားသလို အသံတော်သြဇာမှာလည်း ကြီးမားသည်။ သတိပဋ္ဌာန်တရားကိုလည်း ကိုယ်တိုင်ပြသသည်" ဟူသော သတင်းစကား ပျံ့နှံ့လာသည်။

ထိုသတင်းစကားကို တောင်ငူတက္ကသိုလ် ဆရာ. ဆရာမတွေထံမှ ကြားသိရခြင်း ဖြစ်သည်။ ဆရာ. ဆရာမတို့ကား သူတို့ကိုယ်တိုင် သွားရောက်တွေ့ဆုံဖူးမြော်ပြီးမှ ပြောကြားခြင်း ဖြစ်သည်။ ထိုသတင်းစကားကို ကြားသိရချိန် ကာလကပင် ဆရာတော်ကြီးထံ သွားရောက်ဖူးမြော်လိုစိတ် ပေါ်လာခဲ့သည်။

သို့သော် တောင်ငူမြို့ပေါ်တွင် မြစည်းခုံစာသင်တိုက်မှ ဆရာတော် ဦးဝိဇယ၊ တပည့်ဖြစ်သူ ဦးသူရိယတို့နှင့် ရင်းနှီး ခင်မင် သော်လည်း အကြောင်းမညီညွတ်သဖြင့် တောင်ငူကိုပင် မသွားဖြစ်ခဲ့ပါ။ ဆရာတော်ကြီးဆီသို့ကား အဘယ်မှာလျှင် သွားဖြစ်ပါမည်နည်း။

လွန်ခဲ့သော ခြောက်နှစ်ကျော်ကာလက ဖြစ်သည်။ ဆူးလေဘုရား၏ ပရိဝုဏ်တိုက်ခန်း မိတ္တူကူးဆိုင် ၀၈ဆိုင်တွင် မိတ္တူ ဗုဒ္ဓခြေတော်ရာ ပုံသေးကို တွေ့ရသဖြင့် စိတ်ဝင်စားမိသည်။ ခြေတော်ရာပုံကြီးကို ပူဇော်ချင်လို့ ရနိုင်မည့် မူရင်းနေရာဌာနကို မေးမြန်းရာ ဖုန်းနံပါတ်ပေးပါသည်။ ထိုဖုန်းနံပါတ်ကို လှမ်းဆက်လိုက်သောအခါ "ကုန်နေပြီ" ဟု အကြောင်းပြန်ပါသည်။ အကျန်အကြွင်း တစ်ပုံတစ်လေတော့ ရှိတန်ရာသည်၊ လုံးဝကုန်နေတာတော့ မဖြစ်နိုင်၊ သို့သော် ငါနှင့် ခင်မင်ရင်းနှီးမှု မရှိသောကြောင့်သာ "ကုန်နေပြီ" ဟု လွယ်လွယ် အကြောင်းပြန်ခြင်း ဖြစ်မှာပါ-ဟု စဉ်းစားမိသည်။ ထိုခြေတော်ရာပုံကို ဘယ်မှာမှလည်း ရှာမတွေ့သဖြင့် မေ့မေ့ပျောက်ပျောက် ဖြစ်သွားပါသည်။

## (၃) ဒေါက်တာ ဆေလာ၏ ခြေတော်ရာ စာတမ်း

လွန်ခဲ့သော လေးနှစ်ကာလ ၂၀၀၃-ခုနှစ်က ဖြစ်သည်။ မြတ်ဆုမွန် ဘာသာရေးမဂ္ဂဇင်းမှ ခြေတော်ရာ ပညာရှင်ဒေါက်တာ ဝါလ်ဒေမာစီဆေလာ၏ ခြေတော်ရာ သုတေသနစာတမ်းများကို ဖတ်ရှုရသည်။ သုတေသန စာတမ်းဖြစ်သည့်အားလျော်စွာ ခေတ်အဆက်ဆက် လက်ရာအမျိုးမျိုးကို ပုံမျိုးစုံနှင့် ဖော်ပြထားသဖြင့် စိတ်ဝင်စားစွာ ဖတ်ရှုမိပါသည်။ သုံးလဆက်တိုက် ဖော်ပြပြီးသောအခါ မြတ်ဆုမွန်က ဤသို့ ဆန္ဒပြုထားလေသည်။

ယခုဖော်ပြထားသော ဗုဒ္ဓခြေတော်ရာ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ သရုပ်ဖော်ပုံတို့ကို အခြေခံ၍ အခြား. အခြားသော ခြေတော်ရာတို့၌ပါရှိသော သရုပ်ဖော်ပုံများနှင့် နှိုင်းယှဉ်ပြီးလျှင် ဗုဒ္ဓခြေတော်ရာ လေ့လာမှု ပညာကို ကျယ်ပွားကြံဆ လေ့လာနိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသတည်း။

ယင်းသို့ မြတ်ဆုမွန်က ဆန္ဒပြုလိုက်သောအခါ ပို၍ စိတ်ဝင်စားလာမိ၏။ ခြေတော်ရာ ဆိုင်ရာကျမ်းစာအုပ် တို့ကို လေ့လာကြည့်ရှု ဖြစ်သွား၏။ ထိုကျမ်းစာအုပ်တို့မှာ ဇိနာလင်္ကာရဋီကာ၊ လက္ခဏာသုတ် နှင့် ပြဟ္မာယုသုတ် ပါဠိတော်အဋ္ဌကထာ၊ မဟာဗုဒ္ဓဝင်၊ အ၁မးတော် ဖြေကျမ်း၊ သမန္တစက္ခုဒီပနီကျမ်း၊ ရွှေစက်တော်ဘုရားသမိုင်း၊ မြန်မာစွယ်စုံကျမ်း၊ တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်း၊ မြတ်ဗုဒ္ဓ၏ သွင်ပြင် လက္ခဏာများ ကျမ်း စက်လက္ခဏာ တော်ကျမ်း စသည်တို့ ဖြစ်ကြ၏။ ခြေတော်ရာဆိုင်ရာ အထက်ပါ ကျမ်းတို့ကို လေ့လာပြီးသောအခါ "စွယ်တော် ရတနာစေတီ" တည်ထားခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ၃၀-၁၁-၂၀၀၃ ခုနှစ်၊ တနင်္ဂနွေနေ့တွင် ဗုဒ္ဓခြေတော်ရာအကြောင်းကို ဟောကြားခဲ့ပါသည်။

## (၄) ခြေတော်ရာ သာသနာပြုကြံပုံ

မြန်မာပြည်အနှံ့ (သွားရေး၊ လာရေး လွယ်ကူသော) မြို့.ရွာ.ဌာန တောင်ပေါ် ဘုရား.ကျောင်း.ကန်. စေတီတို့၌ တည်ထားသော ဗုဒ္ဓခြေတော်ရာ အမျိုးမျိုးတို့ကိုလည်း ဒကာ - ကိုအောင်ဟိန်းနှင့်အတူ သွားလာ ကြလျက် ဖူးမြော်ပူဇော်ကြည်ညိုခဲ့ပါသည်။ ယင်းသို့ ဖူးမြော်ပူဇော် ကြည်ညိုနေစဉ်မှာပင် ဗုဒ္ဓခြေတော်ရာ ပိုစတာ တို့ကို ထုတ်ဝေဖြန့်ချိနေသော ခြေတော်ရာ ပညာရှင် ဆရာဦးအောင်မြင့်နှင့် သိကျွမ်းခင်မင်လာရခြင်း ဖြစ်ပါသည်။

လွန်ခဲ့သော ခြောက်နှစ် ဖုန်းဆက်စဉ်က သူ့ဆီမှာ တစ်ပုံတစ်လေမျှ မရှိသောကြောင့် "ကုန်နေပြီ" ဟု လျှောက်ထားရခြင်းဖြစ်ကြောင်း၊ ယခုအခါမှာတော့ ပုံသေး. ပုံလတ်. ပုံကြီးအားဖြင့် ဆိုက်စုံ ရပြီ ဖြစ်ကြောင်းတို့ကို လျှောက်ထားလာပါသည်။ သည်အခါမှာတော့ ဒကာကြီး ဦးအောင်မြင့်နှင့် ခင်မင်ရင်းနှီးနေပြီဖြစ်၍ ဆရာဒကာလို ဖြစ်နေပါပြီ၊ အချင်းချင်း အပြန်အလှန် ဆွေးနွေးတိုင်ပင်ကြပြီး ခြေတော်ရာ သာသနာ ပြုကြံပါသည်။

စာရေးသူ မိမိက ဒကာကြီး ဦးအောင်မြင့်အား နောက်တစ်ဖန် ဗုဒ္ဓခြေတော်ရာတို့ကို ထုတ်ဝေဖြန့်ချိလျှင် ကျောက္ကာရွာ ယွန်းခြေရာတော်၌ မဟာသာဝက ရဟန္တာအပါးရှစ်ဆယ်တို့ ဗုဒ္ဓခြေတော်ရာ ရှိခိုးပူဇော်နေပုံကို ပုံဖော်ထားသကဲ့သို့ ဝဲ.ယာ ဗုဒ္ဓခြေတော်ရာတို့တွင် လက်ဝဲရံ. လက်ျာရံ မဟာသာဝက ရဟန္တာ လေးဆယ်စီ ပါဝင်သင့်ကြောင်းကို အကြံပြုပါသည်။ ဒကာကြီးကလည်း လက်ခံပြီး နောက်ထုတ်သော ဗုဒ္ဓခြေတော်ရာ ပုံတော် တို့၌ ဝဲဘက် ဗုဒ္ဓခြေတော်ရာတွင် လက်ဝဲရံ မဟာသာဝကရဟန္တာ လေးဆယ်၊ ယာဘက် ဗုဒ္ဓခြေတော်ရာတွင် လက်ျာရံ မဟာသာဝက ရဟန္တာ လေးဆယ်တို့ကို ထည့်သွင်းလျက် ဖော်ပြထားသည်မှာ ဖူးမြော်ကြည့်ရှုလို့ အားမရ တင်းမတိမ်နိုင်အောင်ပင် ကြည်ညိုဖွယ် ကောင်းလှပါသည်။

လွန်ခဲ့သော ခြောက်နှစ်က ရေစက်မဆုံခဲ့သော ခြေတော်ရာ ပညာရှင် ဆရာဦးအောင်မြင့်နှင့် ယခုလို ခင်မင်ရင်းနှီးလျက် ဆရာဒကာဖြစ်ရခြင်း၊ ဆရာဒကာဖြစ်ရုံမျှ မကဘဲ ခြေတော်ရာ သာသနာထွန်းကားအောင်

ခြေတော်ရာပုံတော်တို့ကို အတူတိုင်ပင်လျက် ထုတ်ဝေဖြန့်ချီကြရခြင်း၊ စာရေးသူ မိမိတို့ ဗုဒ္ဓခြေတော်ရာကို လှူသည့်နေရာတိုင်းသို့ လိုက်ပါလျက် အောင်မြင့်ဟိန်း အဖွဲ့အနေဖြင့် ဝတ်ပြုကြခြင်းအားဖြင့် "ခြေတော်ရာ သာသနာ" ပြုကြရခြင်းတို့သည် ဗုဒ္ဓခြေတော်ရာကပင် ရေစက်ဆုံအောင် စီမံဖန်တီးလိုက်လေသလား ?... ဟူ၍ စဉ်းစားမိပါသည်။

## (၅) ခြေတော်ရာ ကြည်ညိုသော ဆရာတော်ကြီး

ဤခြေတော်ရာ ပညာရှင် ဦးအောင်မြင့်မှ တစ်ဖန် ဦးသန့်စင်ဌေး+ဒေါ်သန်းသန်းဝင်း မိသားစုနှင့် ရင်းနှီးရပြန်ပါသည်။ ရင်းနှီးရပုံမှာလည်း ဗုဒ္ဓခြေတော်ရာကြောင့်ပင် ဖြစ်သည်။ ဦးသန့်စင်ဌေး မိသားစုမှ တစ်ဖန် စာရေးဆရာ ဦးအောင်မြင့်ထွန်း(စိုက်ပျိုးရေးပညာ) နှင့် ပါ တစ်နွယ်ငင် တစ်စင်ပါ ဆိုသလို ရေစက်ဆုံရပြန်ပါသည်။ ရေစက်ဆုံရသည်မှာလည်း ဗုဒ္ဓခြေတော်ရာကို အကြောင်းပြု၍ပင် ဖြစ်သည်။ ဗုဒ္ဓခြေတော်ရာကို အကြောင်းပြု၍ ရေစက်ဆုံလာပုံကား ဤသို့ပါတည်း။


လွန်ခဲ့သော ရှစ်နှစ်ခန့်က မိမိဖူးမြော်လိုသော တောင်ငူမြို့အနီးမှ ဆရာတော်ကြီးဟူသည် ဆီးဖြူပင် သာသနာ့ရိပ်သာဆရာတော်ကြီး ဖြစ်သည်။ ထို ဆရာတော်ကြီးသည် မန္တလေး မဟာမြတ်မုနိ ဘုရားကြီးကို အာရုံပြုစဉ်အခါ ဘုရားကြီးအပြင် မင်းဘူး ရွှေစက်တော်မှ ဗုဒ္ဓခြေတော်ရာသည် အာရုံထဲတွင် ပေါ်လာသတတ်။



ရွှေစက်တော်မှ ဗုဒ္ဓခြေတော်ရာကို အာရုံပြုသောအခါမှာလည်း မဟာမြတ်မုနိဘုရားကြီးသည် အာရုံထဲမှာ ပေါ်လာသတတ်၊ ဤအကြောင်းကို တပည့်ဒကာ, ဒကာမတို့အား အမိန့်ရှိလိုက်သောအခါ၊ တိုင်းရင်းသား ဘုန်းကြီးတစ်ပါး ဦးဆောင်၍ မဟာမြတ်မုနိဘုရားကြီးကို ကြေးဖြင့်သွန်းလုပ် ပူဇော်ကိုးကွယ် တည်ထားဖြစ်သွားသည်။


သို့သော် ဗုဒ္ဓခြေတော်ရာကိုမူ မည်သူမျှ မလှူရသေးပေ။ ထိုအကြောင်းကို ဦးသန့်စင်ဌေးတို့ မိသားစု ကြားသိရသောအခါ ဗုဒ္ဓခြေတော်ရာကို လှူရန် လှေ့လာကြလေသည်။ ထိုအခါ ခြေတော်ရာပညာရှင် ဆရာ ဦးအောင်မြင့်မှတစ်ဆင့် စာရေးသူထံသို့ ရောက်ရှိလာကြသည်။

## (၆) ခြေတော်ရာကြည်ညိုသော မိသားစု



စာရေးသူတို့ လှရတနာကျောင်းတွင် ဒေါ်အောင်ပိုးလှို့ သာသနာပြု မိသားစုကောင်းမှုဖြင့် ပန်းချီ ပန်းပု ကျောင်းမှ ဆရာ ဦးမြင့်မောင် ထုလုပ်ထားသော ရွှေဗုဒ္ဓခြေတော်ရာကို ဖူးမြင်ရသောအခါ၌မူကား ဒေါ်သန်းသန်းဝင်း သည် စေတနာသဒ္ဓါတရားများစွာထက်သန်လာပါသည်။ ဗုဒ္ဓခြေတော်ရာကို အင်တေ, ပလာစတာ, ကျောက် စသည်တို့ဖြင့် မပြုလုပ်တော့ဘဲ ကြေးပြား ရွှေချ ပြုလုပ်သော ရွှေဗုဒ္ဓ ခြေတော်ရာကိုပင် လှူတော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်လေသည်။

ဦးသန့်စင်ဌေး မိသားစုသည် ဗုဒ္ဓခြေတော်ရာကို အလွန်ကြည်ညိုသော မိသားစု ဖြစ်သည်။ သို့ဖြစ်၍ ဆီးဖြူပင်သာသနာ့ရိပ်သာအပြင် ဖော်ပြပါ နေရာဌာနတို့၌လည်း ဗုဒ္ဓခြေတော်ရာတို့ကို လှူဒါန်းထားကြခြင်း ဖြစ်ကြောင်း သိရသည်။ ဆက်လက် လှူဒါန်းနေဆဲလည်း ဖြစ်သည်။



(၁) တောင်ငူမြို့ ဆီးဖြူပင် သာသနာ့ရိပ်သာတွင် ရွှေဗုဒ္ဓခြေတော်ရာ။

(၂) အိန္ဒိယနိုင်ငံ သံဝေဇနိယ လေးဌာနနှင့် သာဝတ္ထိမြို့ သရက်ဖြူကုန်းတို့တွင် ကြေးဗုဒ္ဓခြေတော်ရာများ။

(၃) ဂန့်ဂေါမြို့၊ မြောက်ကျောင်းတွင် စကျင်ကျောက် ဗုဒ္ဓခြေတော်ရာ။

(၄) ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာအုပ်စု၊ သီရိမင်္ဂလာအုတ်ဖိုကျောင်းတွင် အင်္ဂတေ ဗုဒ္ဓခြေတော်ရာ နှင့် ဓာတ်ပုံ အပ်ကတ် ဗုဒ္ဓခြေတော်ရာ။

(၅) ညောင်တုန်းကျောင်းတိုက် လုရတနာကျောင်းတွင် ဓာတ်ပုံအပ်ကတ် ဗုဒ္ဓခြေတော်ရာ၊

စာရေးသူအနေဖြင့်မူ ဖော်ပြပါ အလှူရှင်တို့နှင့်အတူ စေတီ, ဘုရား, ကျောင်း, ကန် လိုဏ်ဂူတို့တွင် ဗုဒ္ဓခြေတော်ရာများကို လှူဒါန်းခွင့်ရပါသည်။

(၁) ပိတ်ချင်းမြောင်လိုဏ်ဂူတွင် ဒေါ်မြင့်မြင့်စိန် မိသားစုက စကျင်ကျောက် ဗုဒ္ဓခြေတော်ရာ။

(၂) လုရတနာကျောင်းတွင် ဒေါ်အောင်ပိုးလှိုင် မိသားစုက ရွှေဗုဒ္ဓခြေတော်ရာ။

(၃) အိမ်တော်ရာဘုရားတွင် ဒေါ်ရွှေဥ မိသားစု က စကျင်ကျောက် ဗုဒ္ဓခြေတော်ရာ။

(၄) လုရတနာကျောင်းတွင် ဒေါ်ရွှေဥ မိသားစုက ရွှေချည်ထိုးဗုဒ္ဓခြေတော်ရာ။

(၅) ဆူးလေဘုရားတွင် ဦးချစ်အေး+ဒေါ်သန်းသန်းဆွေ မိသားစုက ရွှေချည်ထိုးဗုဒ္ဓခြေတော်ရာ။

(၆) မဟာဝိဇယဘုရားတွင် ဒေါ်မြယု မိသားစုက စကျင်ကျောက် ဗုဒ္ဓခြေတော်ရာ။

(၇) အဘိဓဇ ဆွမ်းစားကျောင်းတွင် ဦးအောင်ဇော်ဝင်း+ဒေါ်မြတ်ဇင်မာချို မိသားစုက သစ်သား ဗုဒ္ဓခြေတော်ရာ။

(၈) အဘိဓဇ ဆွမ်းစားကျောင်းတွင် ဦးဣန္ဒက၊ ဦးနာရဒါဘိဝံသ က စကျင်ကျောက် ဗုဒ္ဓခြေတော်ရာ။

(၉) လုရတနာကျောင်းတွင် ဦးမြ+ဒေါ်အေးသန်း မိသားစုက ရတနာဗုဒ္ဓခြေတော်ရာ။



## (၇) ဖူးမြင်ရသော ဆီးဖြူပင် ဆရာတော်ကြီး

ဆီးဖြူပင်သာသနာ့ရိပ်သာ၌ ရွှေဗုဒ္ဓခြေတော်ရာ တစ်စုံ ရေစက်ချ လှူဒါန်းပွဲကို သာသနာတော်နှစ် ၂၅၄၉-ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၇-ခုနှစ်၊ ခရစ်နှစ် ၂၅-၉-၂၀၀၅၊ တနင်္ဂနွေနေ့၌ ကျင်းပသောအခါ မိမိကိုလည်း ပင့်ပါသည်။

လွန်ခဲ့သော ရှစ်နှစ်ကတည်းက ဖူးမြော်ချင်နေသော ဆရာတော်ကြီးကို ဖူးမြော်ခွင့်ရမှာမို့ ဝမ်းသာမိပါသည်။ ထို့အပြင် လက်ရာမြောက်လှသော ရွှေဗုဒ္ဓခြေတော်ရာပါဒစေတီ တစ်စုံကို ဖူးမြော်ရမှာမို့လည်း ထပ်ဆင့် ဝမ်းသာနေမိပါသည်။ ၂၄-၉-၂၀၀၅၊ စနေနေ့တွင် တောင်ငူမြို့အနီးရှိ ဆီးဖြူပင်ကျေးရွာ၊ ဆီးဖြူပင် သာသနာ့ရိပ်သာသို့ ရောက်ရှိပါသည်။

ဆရာတော်ကြီးကိုလည်း ဖူးမြော်ရသောအခါ လွန်ခဲ့သောရှစ်နှစ်က သတင်းစကားကြားသိထားရသည့်အတိုင်း ဥပမိရုပ်တော်မှာ ခန့်ငြားလှသည်။ အသံဩဇာမှာလည်း ကြီးမားလှပါသည်။ ထိုစဉ်က သက်တော်မှာ (၉၇)နှစ်၊ သိက္ခာဝါတော် (၄၇)ဝါရှိသော်လည်း ကျန်းမာရေးကောင်းသည်။ ယင်းသို့သော သက်တော်ရှည် ဆရာတော်ကြီးကို ကျန်းကျန်းမာမာနှင့် တွေ့ဆုံ ဖူးမြော်ခွင့်ရသဖြင့် ဝမ်းသာရသည်။ ဣတိဝုတ်ပါဠိတော် သီလသမ္ပန္နသုတ်၌ "ဒဿနမ္ပတံ ဘိက္ခဝေ တေသံ ဘိက္ခူနံ ဗဟူပကာရံ ဝဒါမိ" ဟူ၍ ဘုရားရှင် ဟောထားသော ဒေသနာနှင့်အညီ ဆရာတော်ကြီးကို ဖူးမြော်ရရုံမျှသည်ပင် ကျေးဇူးများလှပါပြီ။

## (၈) ဆရာတော်ကြီးထံမှ တရားနာကြားရခြင်း

ထို့ထက်အလွန် ဝမ်းသာရသည်မှာ ညဉ့်ဦးပိုင်းတွင် ဦးသန့်စင်ဌေး၊ ဤထေရုပ္ပတ္တိ ရေးသူ၏ ညီ ဦးမြင့်အောင် (**B.E Mech**)၊ ဦးမြင့်မောင် တို့အဖွဲ့ ဓမ္မာရုံသို့ သွားရောက်လျက် ရွှေဗုဒ္ဓခြေတော်ရာတစ်စုံကို တပ်ဆင်နေကြသည်။ ထိုအချိန်တွင် ကျောင်းပေါ်၌ ဆရာတော်ကြီးအနားတွင် ဝေယျာဝစ္စပြုသူ ကပ္ပိယ ဒကာတစ်ဦး, ဦးပဥ္စင်းတစ်ပါးနှင့် စာရေးသူအားဖြင့် သုံးဦးသာ ရှိကြသည်။ မိမိသည် ခြေရင်း၌နေလျက် ဝတ်ဖြည့်နေပါသည်။ ဆရာတော်ကြီးသည် မိမိကို သူ၏နံဘေး၌ လာရန်ခေါ်ပြီး ဉာဏ်စဉ်တရားများနှင့် သတိပဋ္ဌာန်တရားတို့ကို ဟောကြားပါတော့သည်။

မိမိအဖို့ ဝမ်းလည်းဝမ်းသာသလို အံ့ဩမှုလည်း ဖြစ်ရသည်။ ဝမ်းသာမှုဖြစ်ရသည်မှာ ဆရာတော်ကြီးထံမှ မမျှော်လင့်ဘဲ၊ မမေးမြန်းမတောင်းပန်ဘဲ ဝိပဿနာဉာဏ်စဉ်တရားတော်တို့ကို နာကြားလိုက်ရသောကြောင့် ဖြစ်သည်။ အံ့ဩမှုဖြစ်ရသည်မှာ ဤမျှလေးနက်သော ဉာဏ်စဉ်တရား, သတိပဋ္ဌာန်တရားတို့ကို ဤဆရာတော်ကြီးလောက် သက်တော်မကြီးသေးဘဲ ရှစ်ဆယ်ကျော် ကိုးဆယ်အရွယ်အတွင်း၌ပင် တချို့ဆရာတော်တို့မှာ ဇရာဒုဗ္ဗလကြောင့် မေ့လျော့နေကြရပြီး၊ မမှတ်မိကြတော့ချေ။ ဤဆရာတော်ကြီးကား သက်တော် (၉၇) နှစ်ထိ ရှိနေပြီဖြစ်သော်လည်း မမေ့လျော့ဘဲ သတိဉာဏ်ကောင်းစွာ ဟောနိုင်, ပြောနိုင်သည်ကို ကိုယ်တွေ့မျက်မြင် တွေ့ရသောကြောင့် ဖြစ်သည်။

ဆရာတော်ကြီးထံမှ ဉာဏ်စဉ်နှင့် သတိပဋ္ဌာန်တရားကို ကြားနာရသောအခါမှာလည်း "သဝနမ္ပဟံ ဘိက္ခဝေ တေသံ ဘိက္ခူနံ ဗဟူပကာရံ ဝဒါမိ" ဟူသော သီလသမ္ပန္နသုတ်ဒေသနာနှင့်အညီ မိမိအဖို့ ကံထူးသလို ကျေးဇူးများလှ သည်ကိုလည်း နားလည်မိပါသည်။

လွန်ခဲ့သော ရှစ်နှစ်တည်းက ဖူးမြော်ချင်နေသော ဆရာတော်ကြီးကို ဖူးမြော်ခွင့် ရရုံမျှမကဘဲ၊ ယခုလို တရားပါ နာကြားခွင့်ရလိုက်သောအခါ အတိုင်းထက်အလွန် ဝမ်းသာမှု ပီတိ ဖြစ်မိပါသည်။

## (၉) ခြေတော်ရာ ရေစက်ဖြင့် တွေ့ဆုံကြသူများ

ယခုတစ်ဖန် ဆရာဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ)က ဆရာတော်ကြီး၏ "ထေရုပ္ပတ္တိ၊ သြဝါဒကထာ နှင့် သာသနာပြု သမိုင်းမှတ်တမ်း" စာအုပ်ကို ရေးသားထုတ်ဝေသောအခါ၊ ခြေတော်ရာ ရေစက်ဖြင့် ဆုံကြရသော ပုဂ္ဂိုလ်တို့ပင် ပြန်လည်၍ ဆုံစည်းကြရပြန်ပါသည်။ မှတ်တမ်းစာအုပ်ထဲ၌ သာသနာပြုသမိုင်းမှာ ဆီးဖြူပင် ဆရာတော်ကြီး၏ သမိုင်းဖြစ်ပြီး၊ စာအုပ် မ. တည် လှူဒါန်းမည့် ဒအလှူရှင်များမှာ ဤစာရေးသူတို့ မိဘ ညီ အစ်ကို မောင်နှမများနှင့် ရွှေဗုဒ္ဓခြေတော်ရာ အလှူရှင် ဦးသန့်စင်ဌေး တို့ သာသနာပြု မိသားစုဖြစ်ကြသည်။ ဤထေရုပ္ပတ္တိ ရေးသူမှာ ဆရာ ဦးအောင်မြင့်ထွန်း ဖြစ်ပြီး၊ ဆရာဦးအောင်မြင့်ထွန်း၏ တောင်းပန်ချက်အရ မိမိက "အဖွင့်စကား" ရေးသားပေးရသည်။ ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလထဲတွင် ရွှေဗုဒ္ဓခြေတော်ရာ ပါဒစေတီမှတ်ဖွယ် (ပန်းဖလက်) စာတမ်းကို ရေးသားပူဇော်ခွင့် ရခဲ့သည်။ ဒီနှစ် ၂၀၀၆ – ခုနှစ်၊ စက်တင်ဘာလ ထဲမှာပင် ဆရာတော်ကြီး၏ သမိုင်းစာအုပ်၌ "အဖွင့်စကား"ပူဇော်ခွင့်ရခြင်းသည် တိုက်ဆိုင်မှုလော ? ဗုဒ္ဓခြေတော်ရာက ပင် ဆုံစည်းပေးလိုက်လေသလော ? ဟူ၍ စဉ်းစားစရာပင် ဖြစ်နေသည်။

ယခုကဲ့သို့ ကြည်ညိုဖွယ် သက်တော်ရှည် ဆီးဖြူပင် ဆရာတော်ကြီးအပါအဝင် ပညာရှင်ပုဂ္ဂိုလ်များ၊ စာရေး သူများ၊ သဒ္ဓါတရား ကောင်းသူများနှင့် တွေ့ဆုံခင်မင် ရင်းနှီးခွင့် ရရှိခြင်းသည် ဗုဒ္ဓခြေတော်ရာကို ကြည်ညိုသော ကုသိုလ်ရေစက်ကြောင့်ပင် ဖြစ်သည်ဟု ယုံကြည်ရပါသည်။ စာရေး ဆရာ ဦးအောင်မြင့်ထွန်းကား "ကုံလုံ ဆရာတော်ကြီး၏ ရာပြည့်အကြို တစ်ဘဝ သာသနာ"၊ "တတိယကစင် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ သြဝါဒကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်း" တို့ကို ရေးသားခဲ့သူ ဖြစ်၍ သာသနာပြု သမိုင်းရေးရာ၌ စုံလင်တိကျစွာ ရေးနိုင်သူ ဖြစ်၏။ ယခုလည်း ဆီးဖြူပင် ဆရာတော်ကြီးထံ အနီးကပ်နေထိုင်ပြီး သြဝါဒခံကာ ရေးသားခဲ့ခြင်းဖြစ်၍ ယုံကြည်စိတ်ချစွာ ကြည်ညိုနိုင်ပါသည်။ ကောင်းကျိုးဇကန် ရရှိလိမ့်မည်ဟု မျှော်လင့်မိပါသည်။

## (၁၀) မှတ်တမ်းတင် စာအုပ်တန်ဖိုး

ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ မည်မျှပင် ပေါ်ထွန်းလာပါသော်လည်း၊ ထိုပုဂ္ဂိုလ်တို့၏ ဒကာ ဒကာမများ သဒ္ဓါတရား ရှိကြပါသော်လည်း၊ ဆရာ ဦးအောင်မြင့်ထွန်းကဲ့သို့သော မှတ်တမ်းတင်မည့်သူများ မရှိခဲ့လျှင် စာအုပ် အဖြစ် တိတိကျကျ မှတ်တမ်းမကျန်ရစ်နိုင်ပေ။ စာအုပ်အဖြစ် မှတ်တမ်းမကျန်ရစ်လျှင် ထိုပုဂ္ဂိုလ်ထူးများ ကွယ်လွန် ပြန်လွန်တော်မူ သွားသည်နှင့် မကြာမြင့်မီပင် ထိုပုဂ္ဂိုလ်ထူးတို့၏ ကြည်ညိုဖွယ်ရာ ဂုဏ်များ၊ အားကျအတုယူဖွယ်ရာ များ၊ လိုက်နာကျင့်သုံးစရာ သြဝါဒများလည်း ပျောက်ကွယ်သွားကြသဖြင့် လွန်စွာ ဝမ်းနည်းဖွယ်ပင် ဖြစ်သည်။


ဤစာရေးသူသည် မှတ်တမ်းတင် စာအုပ်တန်ဖိုးကို ထိုကဲ့သို့ အကျယ်တဝင့် ရှင်းပြရခြင်းမှာ မိမိက ကိုယ်တိုင် ခံစားချက်အပြည့်ရှိသောကြောင့် ဖြစ်ပါသည်။ ယခုမူ သက်တော်ထင်ရှား ရှိဆဲမှာပင် ဆီးဖြူပင် ဆရာတော်ကြီး၏ "ထေရုပ္ပတ္တိ သြဝါဒကထာနှင့် သာသနာပြုသမိုင်း" ကို ဆရာ ဦးအောင်မြင့်ထွန်းက စာအုပ်အဖြစ် သာသနာဝင် မှတ်တမ်း တစ်စောင် တင်လိုက်နိုင်သဖြင့် -

"အရှည်မကြာ ကိုယ်ခန္ဓာကား၊ တစ်ရာအနှစ်၊ ကိုယ်၌ဖြစ်သား၊ ပြန်စစ်နှိုင်းလျော်၊ ကျေးဇူးသော်မူ၊ ကျူးကျော်ကုန်ခန်း၊ ကမ္ဘာကျွမ်းလည်း၊ လူပြည်. နတ်ရပ်၊ ပွဲတင်ထပ်လိမ့်" -ဟူသော ဝိဓုရပျို့လာ အရ ဆီးဖြူပင် ဆရာတော်ကြီး၏ ဩဝါဒသာသနာကား အရှည်တည်တံ့လျက် ကာလကြာမြင့်စွာ တည်ရှိနေမည် ဖြစ်ပါတော့သည်။

ဘဒ္ဒန္တ နာရဒါဘိဝံသ (လုရတနာ)
ပထမကျော်. အဂ္ဂမဟာအကျော်. အဋ္ဌကထာပြန်အကျော်.
ဝင့်သကာ. ပါဠိပါရဂူ. သ.စ.အ ဓမ္မာစရိယ
ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်
ဗဟန်း၊ ရန်ကုန်။

သာသနာတော်နှစ် - ၂၅၅၀ ပြည့်နှစ်၊
မြန်မာသက္ကရာဇ် - ၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ( ၁၃ )ရက်၊
ခရစ်နှစ် - ၁၉-၉-၂၀၀၆ ခုနှစ်၊ အင်္ဂါနေ့ ည ( ၈း၀၀ ) နာရီ၊





## ၂။ အနုမောဒနာ သန္တေသကထာ

ဤစာရေးသူ ရန်ကုန်မြို့သို့ ရောက်သည်နှင့်တစ်ပြိုင်နက် မရှေးမနှောင်းမှာပင် စာရေးဆရာ ဒကာ ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ) ရောက်ရှိလာပြီး၊ ဘုန်းကြီးအား ဖူးမြော်ကန်တော့ကာ "ကုံလုံဆရာတော် ဘုရားကြီး၏ ရာပြည့်အကြို တစ်ဘ၀သာသနာ" စာအုပ်များ လှူဒါန်းလာပါသည်။

တစ်ဆက်တည်းမှာပင် တောင်ငူမြို့နယ်မှ "ကျေးဇူးတော်ရှင် ဆီးဖြူပင် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်းများ" အပူတပြင်း လုပ်ဆောင်လျက်ရှိကြောင်း၊ ဆရာတော်ကြီး၏ သက်တော် ( ၉၉ ) နှစ်၊ သိက္ခာတော် (၄၉)ဝါရအမီ ထုတ်ဝေနိုင်ပါရန် ကြိုးစားနေကြောင်း၊

မြိုင်ကြီးငူဆရာတော် ဘုရားအား တမ်းတသတိရနေဆဲကာလ၊ အခုလို မထင်မှတ်ဘဲ ဖူးမြော်ခွင့်ရတဲ့ အတွက် အထူးပင် ဝမ်းမြောက် ကြောင်း၊ ဆရာတော်ကြီးအား ဓမ္မပူဇာချီးမြှင့် ပူဇော်သည့်အနေဖြင့် စာတစ်မျက်နှာခန့် ရေးသားပေးပါရန် လျှောက်ထားတောင်းပန်ချက်အရ ဤ **"အနုမောဒနာ သန္တေသကထာ"** ကို ဆွေချမ်းသာမြိုင် ကရင်ဓမ္မာရုံတွင် ည (၈း၀၀) နာရီအချိန်၌ ရေးသားပေးတော်မူခဲ့သည်။

ကျေးဇူးတော်ရှင် ဆီးဖြူပင်ဆရာတော်ဘုရားကြီးအား ဘုန်းကြီးက သွားရောက်ဖူးမြော်ရင်း ဂုဏ်တော် အပေါင်းကို လေးစားကြည်ညိုသဖြင့် မော်တော်ယာဉ်တစ်စီး လှူဒါန်းခဲ့ဖူးပါသည်။ ဒကာကြီးက အဲဒါကို သိထားလို့ ရင်းရင်းနှီးနှီး ရေးသားချီးမြှင့်ဖို့ လျှောက်ထားတာဖြစ်မည်။ ဆီးဖြူပင်ဆရာတော်ဘုရားကြီးသည် ဝိပဿနာဓုရ ပဋိပတ်ကမ္မဋ္ဌာန်း ဝိပဿနာအလုပ်စခန်းတို့ကို ကိုယ်တိုင်လည်း မဆုတ်မနစ်တမ်း ကြိုးပမ်းအားထုတ်တော်မူသည်။ တရားချစ်ခင်သူတော်စင်တို့ကိုလည်း သစ္စာလေးပါး သိမြင်လာအောင် ဟောကြားတော်မူ၍ ပဋိပတ် ကမ္မဋ္ဌာန်း ဝိပဿနာ အလုပ်စခန်းတို့ကို အားထုတ်စေရန် အမြန်နှိုးဆော် တိုက်တွန်း သတိပေးနေလေ့ရှိသည်။


ယခု ဒကာကြီး ဦးအောင်မြင့်ထွန်း စုဆောင်း, ရေးသား, တင်ပြလာသော အကြောင်းအရာ အချက် အလက်များသည် ဆီးဖြူပင်ဆရာတော်ကြီး၏ အဖိုးတန်ရတနာ ဩဝါဒစကားလုံးများကို အဖိုးတန် ရတနာပန်းကုံး တစ်ကုံးအသွင် တစ်စုတစ်စည်းတည်း သီကုံးထားသကဲ့သို့ စနစ်တကျ လေ့လာတင်ပြထားကြောင်း တွေ့မြင် ဖတ်ရှု ခံစားရပါသည်။ **"ဗုဒ္ဓ၏ ဩဝါဒ တရားတော်များ တည်ရှိနေသရွေ့ ကာလပတ်လုံး ငါ-ဘုရား သက်တော် ထင်ရှား ရှိနေ ဆဲပင်ဖြစ်သည်ဟု လာရှိသည်နှင့်အညီ"** ဆီးဖြူပင်ဆရာတော်ဘုရားကြီး၏ ဩဝါဒများ ရောက်ရှိပျံ့နှံ့ သည့် ဒေသအသီးသီးတွင် ဩဝါဒများ တည်ရှိနေသရွေ့ ဒကာ, ဒကာမများက လိုက်နာ, ကျင့်ကြံ, ပွားများ, အားထုတ်နေ သရွေ့ ကာလပတ်လုံး ဆရာတော်ဘုရားကြီးကိုယ်တိုင် နီးနီးကပ်ကပ် ကြွရောက်ချီးမြှင့် ဩဝါဒပေး နေသည်နှင့် အတူတူပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

များမြောင်လှစွာသော သီလ, သမာဓိ, ပညာ သိက္ခာ သုံးရပ် သာသနာတော်မြတ်ကို ဝိနည်းတော်နှင့် အညီ ဖြည့်ကျင့်သာသနာပြုနေတော်မူဆဲဖြစ်သော ဆီးဖြူပင်ဆရာတော်ကြီး အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသူရိယ မဟာထေရ်ဆရာတော်ဘုရားသည် သက်တော်ရာကျော် ရှည်တော်မူ၍၊ ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာ ဆထက် ထမ်းပိုး သာသနာ့အကျိုး သည်ပိုးရွက်ဆောင်နိုင်ပါစေရန် လက်ဆယ်ဖြာ ထိပ်မှာမိုးပြီး အကြိမ်ကြိမ် ရှိခိုး ပူဇော် မေတ္တာပို့သရင်း၊ ဗုဒ္ဓသာသနာတော်ကြီး တည်ရှိနေသမျှကာလပတ်လုံး ဆီးဖြူပင်ပဋိပတ် ဘေးမဲ့သားလွတ် သာသနာ သည်လည်း အစွန့်ရှည် တည်တံ့နိုင်မြဲပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည် အရှင်မြတ် ကြီးဘုရား။

ဘဒ္ဒန္တ သုဇန (မြိုင်ကြီးငူဆရာတော်၊ ရာသက်ပန် ဘေးမဲ့သားလွတ်)

ဆွေချမ်းသာမြိုင် ကရင်ဓမ္မာရုံ၊ မဟာမြိုင်ကြီးငူ အထူးဒေသ၊

စုံနံ့သာမြိုင်ဆွေမြို့တော်၊ ဘားအံမြို့ ကရင်ပြည်နယ်။



## ၃။ အနုမောဒနာ ဥယျောဇန ဓမ္မကထာ

ဗဟုဿုတံ ဓမ္မဓရံ၊
သပ္ပညံ ဗုဒ္ဓသာဝကံ။
နိက္ခံ ဇမ္ဗောနဒဿေဝ၊
ကော တံ နိန္ဒိတု မရဟတိ။
ဒေဝါပိ နံ ပသံသန္တိ၊
ဗြဟ္မုနာပိ ပသံသိတော။

(ဝိသုဒ္ဓိ၊ ၁၊ ၄၆)

ဗဟုဿုတံ = ပရိယတ်၊ ပဋိပတ် နှံ့စပ်ဘက်စုံ၊ ပညာဂုဏ်ပြည့်ဝ၊ ဗဟုဿုတ ရှိပေသော။

ဓမ္မဓရံ = ခန္ဓာရုပ်. နာမ်.ဖြစ်. ပျက်ဟန်ကို၊ အဖန်ဖန် အထပ်ထပ်၊ ရှုမှတ်ပွားများ ဝိပဿနာ အမြတ်တရားကို ဆောင်ထားနိုင်ပေသော။

သပ္ပညံ = လောကီ.လောကုတ္တရာ မြတ်ပညာတို့နှင့် ကောင်းစွာ ပြည့်စုံကြွယ်ဝ တတ်မြောက်ပေထသော။

ဗုဒ္ဓသာဝကံ = မြတ်စွာဘုရား ကိုယ်တော်စားဟု အားထားမှီခို ကြည်ညိုဦးခိုက် ပူဇော်ထိုက်သည့် မကိုင်ရွှထင်ပေါ် သံဃာတော်ကို။

ကော = ဗြဟ္မာ . နတ်. လူ အဘယ်သူသည်။

နိန္ဒိတုံ = ဂုဏ်ကို ချိုးဖဲ့ ကဲ့ရဲ့ခြင်းငှာ။

အရဟတိ = ထိုက်ပါအံ့နည်း။

န အရဟတိ = မထိုက်ပါပေ။

ဇမ္ဗောနဒဿ = သိင်္ဂီရွှေစစ် ဇမ္ဗူရာဇ်၏။

နိက္ခံ = ပိဿာချိန်ဆ တစ်နိက္ခကို။

နိန္ဒိတုံ = ဂုဏ်ကို ချိုးဖဲ့ ကဲ့ရဲ့ခြင်းငှာ။

န အရဟတိဝိယ = မထိုက်သကဲ့သို့။

တံ = ပရိယတ်. ပဋိပတ်. နှံ့စပ်ဘက်စုံ၊ ပြည့်စုံကြွယ်ဝ ထိုသာသနာ့အာဇာနည် ပုဂ္ဂိုလ်မြတ်ကို။

နိန္ဒိတုံ = ဂုဏ်ကို ချိုးဖဲ့ ကဲ့ရဲ့ခြင်းငှာ။

နအရဟတိ = မထိုက်ပါပေ။

နံ = ထို ပရိယတ်. ပဋိပတ် နှံ့စပ်ဘက်စုံ ပြည့်စုံကြွယ်ဝ ထိုသာသနာ့ အာဇာနည် ပါရမီရှင်ကို။

ဒေဝါပိ = ထက်ပြည်နေတုံ အသရေစုံသည့် ရွှေဘုံစံစား နတ်. သိကြားတို့သည်။

ပသံသန္တိ = လွန်စွာအထူး ချီးကျူးဂုဏ်ပြုကြလေကုန်၏။

ဗြဟ္မုနာပိ = တန်ခိုးထိန်လင်း မဟာဗြဟ္မာမင်းကြီးသည်လည်း။

ပသံသိတော = သာဓုနမော်၊ ကြိမ်ကြိမ်ခေါ်၍၊ ကော်ရော်ဦးခိုက် ပူဇော်ထိုက်ပါပေသတည်း။

ဇယတွာယံ ။ အောင်သူတကာတို့၏ အဓိပတိ၊ အောင်မုနိတကာတို့၏ထွဋ်တင်၊ အောင်ဘုရင်

တကာတို့၏ မကိုင်၊ သုံးတိုက်လုံးမျက်ရှု၊ သဗ္ဗညုတွင်ထား၊ ရှင်တော်မြတ်ဘုရားသည် "ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ" ဟူ၍ မိန့်ခွန်းတော်မှာခဲ့ပြီးလျှင် ချစ်သား အာနန္ဒာ ငါဘုရားသခင်သည်၊ သုတ္တန်. ဝိနည်း. အဘိဓမ္မာ. ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် များမြောင်လှစွာ တရား ဒေသနာတော်တို့ကို၊ ကောင်းစွာ ဟောကြားအပ်ခဲ့ပေ၏။

ထို တရားဒေသနာတော်တို့သည် ငါဘုရားပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသော နောက်ကာလ၌ သင်တို့၏ အားထားကိုးကွယ်ရာ ဆရာတစ်ဆူ၊ ဘုရားတစ်ဆူ ဖြစ်ပေလိမ့်မည် ဟု ဒီဃနိကာယ်၊ သုတ်မဟာဝါပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်တွင် ဘုရားရှင် ကိုယ်တော်စား ပရိယတ်.ပဋိပတ်.ပဋိဝေဓဟူ၍ သာသနာသုံးရပ် သတ်မှတ်ထားရှိခဲ့ပေသည်။

ထို ပရိယတ်. ပဋိပတ်. ပဋိဝေဓ ဟူသော သာသနာသုံးရပ်တို့တွင် ပရိယတ် ပဋိပတ် နှစ်ရပ်ဘက်စုံ ပြည့်စုံကြွယ်ဝသော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကို ရွှေစင် ဇမ္ဗူရောင် မြူမညစ်ဘဲ ဖြူသစ်ဝင်းပ ရွှေစင်တစ်နိက္ခကို ရွှေအမျိုးအစားအားဖြင့်လည်းကောင်း၊ ရွှေပိဿာအရေအတွက် အချိန်ပမာဏအားဖြင့်လည်းကောင်း၊ ဂုဏ်ကို ချိုးဖွဲ့ ကဲ့ရဲ့စရာမလိုသကဲ့သို့ သာသနာတော်၌ ပရိယတ်. ပဋိပတ် နှစ်ပ်ဘက်စုံ ပြည့်စုံကြွယ်ဝသော သာသနာ့ အာဇာနည် ပုဂ္ဂိုလ်ထူးကို မကဲ့ရဲ့ထိုက် ချီးကျူးဂုဏ်ပြု ပူဇော်ထိုက်ပါပေ၏။

လူပြည် လူ့လောကရှိ လူသားအားလုံးတို့သည်သာ မကပါဘဲ နတ်ပြည်၊ ဗြဟ္မာပြည်ရှိ ဗြဟ္မာ၊ သိကြား၊ နတ်၊ အများတို့ကပါ လေးစားကော်ရော် ပူဇော်ထိုက်ပါပေ၏။

ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ သဖန်းပင်ကျေးရွာအုပ်စု၊ ဆီးဖြူပင်ကျေးရွာ ဆီးဖြူပင်သာသနာ့ ရိပ်သာ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက အဂ္ဂမဟာမဏ္ဍိုနာစရိယ ကျေးဇူးတော်ရှင် သက်တော်ရှည် ပထမ ဆီးဖြူပင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုရိယ မဟာထေရ်မြတ် (ရာသက်ပန်ဘေးမဲ့သားလွှတ်) သည် နိကာယ် ငါးရပ်. ပိဋကတ်သုံးပုံ အလုံးစုံကို အကုန်တတ်သိ၊ ကဝိ - ဝိဒူ . ပိဋကတ္တယပါရဂူ ဖြစ်တော်မူသည့်အပြင် ဝိပဿနာ တရားအလုပ်အားထုတ်တော်မူသည်မှာလည်း အရိုးပဲကြေကြေ၊ အရေပဲစုတ်စုတ် အသက်ဇီဝိန်ပြုတ်ပါစေ နောက်မဆုတ်တမ်း အားထုတ်တော်မူသဖြင့် ပြိုင်တူဘက်ရှား ထင်ရှား ကျော်ကြားလှပါသည်။

ထို့ပြင်မက၊ ဆရာတော်ကြီးသည် သက်တော် (၉၉)နှစ်၊ သိက္ခာဝါတော် (၇၉)ဝါ ရှိပြီဖြစ်သဖြင့် ဂုဏဝုဍ္ဍိ၊ ဝယဝုဍ္ဍိ၊ သီလ၊ သမာဓိ၊ ပညာဂုဏ် ပြည့်စုံထင်ရှား ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ပါးဖြစ်၍ ကြည်ညိုဦးခိုက် ပူဇော်ထိုက် လှပါပေသတည်း။

ဘဒ္ဒန္တ ပညာသိရီဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
မင်္ဂလာဗိမာန်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေးမြို့ မြန်မာပြည်။

၂၇၀၅၅

## ၄။ ဂုဏပကာသန - ပတ္ထနာ ရစနာဂါထာ

ထေရောပိ သူရိယာ ဒိဗ္ဗော၊ သူရေတိ ဘာတိ ပူဇိတော၊
ရဋ္ဌိသရေဟိ ဖတေန၊ ပါကဋ္ဌော ပဋိပတ္တိယာ။

| | |
|---|---|
| အာဒိစ္စော | = ရောင်ခြည်တစ်ထောင် အလင်းဆောင်၍၊ အမှောင်ပယ်ခွင်း ရှင်နေမင်းသည်။ |
| သူရိယော(သူရိယောနာမ) = | သကတ်ချင့်မျှော်၊ ဗျူပ္ပတ်တော်အောင်၊ မှည့်ခေါ်နာမ "သူရိယ" မည်ပါပေ၏။ |
| ထေရောပိ | = ကျေးဇူးတော်ရှင် သက်တော်ရှည် ဆီးဖြူပင်ဆရာတော်ဘုရားကြီးသည်လည်း။ |
| သူရိယော(သူရိယောနာမ) = | သကတ်အလိုက်၊ ဗျူပ္ပတ်ကိုက်အောင် သမိုက်ဘွဲ့ချီ "သူရိယ" မည်တော်မူပါပေ၏။ |
| တေသု | = နေ - သူရိယ၊ ထေရ် - သူရိယ၊ ဖော်ပြခွဲခြား၊ အဆိုပါ သူရိယ နှစ်ပါးတို့တွင်။ |
| အာဒိစ္စော | = ရောင်ခြည်တစ်ထောင် အလင်းဆောင်လျက် အမှောင်ပယ်ခွင်း "သူရိယ" နေမင်းသည်။ |
| ဘာတိ | = နေ့အခါတွင်သာ အရောင်ဖြာ၍၊ တေဇာမြင့်ကြွယ်၊ တင့်တယ်ပါပေ၏။ |
| ထေရော | = တရားတန်ဆောင်၊ အလင်းရောင်ဖြင့်၊ အမှောင်အမှား၊ ရှောင်ဖယ်ရှားသည့်၊ ဘဒ္ဒန္တသူရိယဆရာတော်ဘုရားသည်ကား။ |
| ဘာတိ | = တရားအရောင် အလင်းဆောင်လျက် အမှောင်ရှင်းပယ် အချိန်မရွေး တင့်တယ်တော်မူပါပေ၏။ |
| အာဒိစ္စော | = သူရိယနေမင်းသည်။ |
| သူရေတိ | = အမှောင်ဖယ်ခွာ သူ့ရောင်ဝါဖြင့် ကမ္ဘာသူ - ကမ္ဘာသား၊ လူအများကို စိတ်အားမငယ်၊ အကြောက်ပြယ်၍။ တကယ်မသွေ၊ ရဲရင့်စေတော်မူပါပေ၏။ |
| ထေရော | = ဘဒ္ဒန္တသူရိယ ဆရာတော်ဘုရားကြီးသည်ကား။ |
| သူရေတိ | = ကိုးကွယ်အားထား၊ ရှင်လူများကို တရားတော်မြတ်၊ အလင်းဓာတ်ဖြင့်၊ သုံးကပ်လေးပါယ်၊ ကျော်ရှင်းဖယ်၍ ပြဖွယ်မှန်စွာ ကုသလာဥ်၊ သဒ္ဓါဖိတ်ဝေ၊ ရဲရင့် စေတော်မူပါပေ၏။ |
| ထေရော | = သူရိယအမည်၊ မြတ်ဂုဏ်ရည်ဖြင့်၊ တည်ကြည်ဝင့်ကြွား၊ ကျေးဇူးတော်ရှင် သက်တော်ရှည် ဆီးဖြူပင်ဆရာတော်ဘုရားသည်။ |
| ပဋိပတ္တိယာ | = သဘောတရားတွင် ဉာဏ်သက်ဝင်၍၊ စွမ်းအင်လုံ့လ၊ သုံးမှုရသည့် စရဏခန်း၊ ပဋိပတ်လုပ်ငန်းဖြင့်။ |
| ပါကဋ္ဌော | = မင်းပေါက်စိုးဝင်၊ ပြည်တစ်ခွင်ဝယ်၊ ပေါ်လွင်ထင်ရှား၊ လွန်စွာကျော်ကြားတော်မူပါပေ၏။ |
| ဖတေန | = ဤသို့၊ ပဋိပတ်အကျင့်မြတ်ဖြင့် နည်းမှတ်ယူလောက်၊ တစ်ဂုဏ်မြောက်၍၊ ပေါက်ရောက်ထင်ရှား၊ လွန်စွာကျော်ကြားတော်မူသောကြောင့်။ |
| ရဋ္ဌိသရေဟိ | = နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖွဲ့စည်းတည်၍ တိုင်းပြည်သာယာ တိုးတက်လာအောင် အာဏာကိုင်စွဲ (တပ်မတော်အစိုးရ) နိုင်ငံတော် အကြီးအကဲတို့သည်။ |

ပူဇိတော = အမျိုးသားဂုဏ်ကြွေ၊ လွတ်လပ်ရေးအောင်ပွဲနေ့၌၊ လွေ့လွေ့ရှမ်းရမ်း၊ မိန့်စာတမ်းဖြင့်၊ ဝမ်းပန်းတသာ၊ ကြည်ညိုစွာလျှင်၊ ကြေညာထုတ်ဖော်၊ "အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ" ဆိုတဲ့ ဘွဲ့တံဆိပ်တော်ကို၊ နှုံးလျော်ပြိုင်ကင်း၊ သဘင်ကျင်းလျက် ဆက်နင်းပူဇော်အပ်ပေပြီတကား။

ရာဇဒတ္တိယ နာမေန၊ မြမ္မရဋ္ဌေ ဓဇူပမော။
မနသာနံ ဟိတံ စာရေ ၊ စိရံ ပါလေတု သာသနံ။

ရာဇဒတ္တိယနာမေန = တိုင်းပြည်သနင်း ဗိုလ်ချုပ်မင်းတို့ ဆက်နင်းပူဇော် "အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ" ဘွဲ့တံဆိပ်တော်နှင့်။

မြမ္မရဋ္ဌေ = "မြန်မဟာ" မျိုး၊ နွယ်သတိုးတို့၊ ဘုန်းမိုးသွန်းရွာ၊ တည်ကျင်းလာသည့်၊ ကမ္ဘာတွင်ကျော်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌။

ဓဇူပမော = မဟာဓမ္မစက်၊ သာသနာဘက်၌၊ အားတက်စေရေး၊ ဘာသာသွေးကို၊ အားပေးမြှင့်တင်၊ တလွင်လွင်နှင့်၊ ဝေဟင်မိုးယံ၊ ကြွားဝင့်ပျံသည့်၊ အောင်လံအတူ၊ ဖြစ်တော်မူပေသော။

ထေရော = တစ်ခေတ်တစ်ယောက်၊ ဆိုရလောက်အောင်၊ ထွန်းပေါက်ထင်ပေါ် ကျေးဇူးတော်ရှင် သက်တော်ရှည် ဆီးဖြူပင်ဆရာတော်ဘုရားကြီးသည်။

မနသာနံ = ဆရာတော်အား လွန်ကိုးစားလျက် တရားယူဆင်၊ များလူရှင်တို့၏ (ဝါ) သံသရာ နောင်ရေး၊ ဘဝင် အေးစေဖို့၊ လေးလေးပင်ပင်၊ တွေးခေါ်မြင်လျက်၊ အစဉ်ရိုးသား၊ ပိုမကြွားဘဲ၊ တရားယူဆင်၊ များလူရှင်တို့၏။

ဟိတံ = ဘဝအဆီ၊ အနှစ်မည်သည်၊ ပါရမီဆယ်ပါး၊ အကောင်းဆုံးအကျိုးစီးပွားကို။

စာရေ (စာရေတု) = ကိုယ်တော်ကျန်းမာ၊ စိတ်ချမ်းသာဖြင့်၊ ချိန်ခါမရွေး၊ မလင့်နေးဘဲ၊ ဆောင်ပေးတော် မူနိုင်ပါစေသတည်း။

သာသနံ = မြန်မာ့တန်ဆောင်၊ အလင်းရောင်ဟု၊ ရှေးနောင်ခုခေါ်၊ မြတ်စွာဘုရားသာသနာတော်ကို။

စိရံ = သက်တော်တစ်ရာမက ကြာလျက်။

ပါလေတု = လက်ရှိတန်ခိုး၊ ထက်မတိုးလည်း၊ မညှိုးမခြောက်၊ မကွယ်ပျောက်အောင်၊ ချီးမြှောက် စောင့်ရှောက်တော်မူနိုင်ပါစေသတည်း။

ဘဒ္ဒန္တ ဉာဏိန္ဒာလင်္ကာရ
စည်ပင်ဂိုဏ်းအုပ်ဆရာတော်
တောင်ငူမြို့

## ၅။ ဗုဒ္ဓဝါဒနှင့် သက်သတ်လွတ်ဝါဒ



စာဖတ်သူများသို့ -

ဤစာစုသည် စင်စစ်အားဖြင့် သီရိလင်္ကာနိုင်ငံ ကေလဏိယတက္ကသိုလ်၌ သွားရောက် ပညာဆီးပူးစဉ် မဟာဝိဇ္ဇာဘွဲ့ (MA) အတွက် တင်သွင်းရန် ရေးသားခဲ့သော သုတေသန စာတမ်း တစ်စောင်ဖြစ်သည်။ သက်သတ်လွတ်ဝါဒနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာ၏ ရှုမြင်သုံးသပ်ချက်ကို ပိဋကတ်ပါဠိတော်များ ကိုးကား၍ ရေးသားပြုစုထားခြင်းဖြစ်သည်။

မျက်မှောက်ကာလ၌ ကမ္ဘာနှင့်အဝန်း သက်သတ်လွတ်ဝါဒကို လက်ခံကျင့်သုံးသူ ဦးရေ တိုးပွားလျှက်ရှိသော်လည်း တစ်ဦးနှင့် တစ်ဦး သက်သတ်လွတ် စားသုံးရသည့် ရည်ရွယ်ချက် သဘောထားနှင့် အမြင်တို့ ကွဲပြားခြားနား သည်ကို တွေ့ရှိရ၏။ လူအချို့မှာ ကျန်းမာရေးကို အကြောင်းပြု၍ သက်သတ်လွတ်စားသုံးသူများ ဖြစ်ကြသလို အများစုသည် ဘာသာရေးကို အကြောင်းရင်းခံကား သက်သက်လွတ် စားသူများ ဖြစ်လာကြသည်။ သက်သတ်လွတ်စားသုံးရခြင်းနှင့် ပါတ်သက်၍ အယူအဆများ အမျိုးမျိုးကွဲပြားလျှက်ရှိရာ သားငါးစားသင့်၊ မစားသင့်ဆိုသည်ကို မည်သည့်အချက်တွင် အခြေခံ၍ ဆုံးဖြတ်နေကြပါသနည်း။

ဤတွင် သက်သတ်လွတ်စားသူများကို အုပ်စုခွဲ၍ လေ့လာနိုင်ပါသည်။ အချို့သက်သတ်လွတ် စားသူများသည် ကြက်ဥ၊ ဘဲဥ တို့ကို စားသုံးပြီး နို့သောက်ခြင်းမှ ရှောင်ကြဉ်ကြသည်။ တစ်ချို့ကမူ နို့သောက်သော်လည်း ဥစားခြင်းကို ရှောင်ကြဉ်ကြသည်။ အချို့သောသူများမှာ အသွေး၊ အသား၊ ဥစားခြင်းကို လုံးဝရှောင်ကြဉ်သော်လည်း သတ္တဝါတို့၏ အရိုး အရေတို့ဖြင့် ပြုလုပ်အပ်သော အသုံးအဆောင် ပစ္စည်းတို့ကို နှစ်သက်စွာ သုံးစွဲနေကြသည်။

အချို့သက်သတ်လွတ် သမားများမှာ အသွေး၊ အသား၊ ဥ စားသုံးခြင်းကိုလည်းကောင်း၊ အရိုးအရေတို့ဖြင့် ပြုလုပ်အပ်သော အသုံးအဆောင်တို့ကို သုံးစွဲခြင်းမှလည်းကောင်း လုံးဝရှောင်ကြဉ်ကြသည်ကို တွေ့ရှိရပေသည်။ ဗုဒ္ဓမြတ်စွာ အလိုကျ ထေရဝါဒဗုဒ္ဓဘာသာ အယူအဆကမူ ဗုဒ္ဓဘာသာဝင်တို့အား သက်သတ်လွတ်စားရမည်ဟု ပညတ်ချက် ချမထားသကဲ့သို့ သက်သတ်လွတ်မစားရန်လည်း တိုက်တွန်းအားပေးမှုမျိုး တစ်စုံတစ်ရာ မရှိပေ။ မြတ်စွာဘုရားရှင်သည် သက်သတ်လွတ်စားသူများအား ချီးမွမ်းတော်မမူခဲ့သကဲ့သို့ သက်သတ်လွတ်မစားသူများကိုလည်း ကဲ့ရဲ့တော်မမူခဲ့ပေ။

အစာအာဟာရကို စားသုံးကြရာ၌ အဓိကရည်ရွယ်ချက်မှာ အသက်နှင့် ခန္ဓာ ရှင်သန်တည်တံ့စေရန်သာ ဖြစ်ပြီးအပြစ်ကင်းသော အာဟာရကို စားသုံးရန်နှင့် အစားအစာပေါ်၌ တပ်မက်မှုကင်းနိုင်သမျှ ကင်းအောင် ယောနိသော မနသိကာရ သင့်တင့်သော နလုံးသွင်း၍ စားသုံးကြရန်သာ မိန့်ကြားတော်မူခြင်း ဖြစ်သည်။ သဗ္ဗညုတဉာဏ်ပိုင်ရှင် မြတ်စွာဘုရားသခင်သည် တပည့်သာဝက ရဟန်းများအား သားငါးစားသဖြင့် အချို့သော လူတို့၏ ကဲ့ရဲ့ပြစ်တင်ရှုံ့ချမှု မခံရစေရန် ရဟန်းတို့ မစားအပ်သော အသား သုံးမျိုးနှင့် အသားကြီး ဆယ်မျိုးကို ကရုဏာရှေးထား ဟောကြားတော်မူခဲ့ပါသည်။ ယခု ဖတ်ရှုရမည့် စာစုသည် သက်သတ်လွတ်နှင့် ပါတ်သက်၍ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သည့် တရား အဆိ အနစ်တို့ကို စုစည်းတင်ပြထားသဖြင့် စာရှုသူများအနေဖြင့် လေ့လာမှတ်သား သုတပွားကာ အသိမှန် အမြင်မှန် ရရှိနိုင်ကြစေရန် ဆန္ဒပြုလိုက်ပါသည်။

အရှင်နန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်)
အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊
ရန်ကုန်မြို့ မြန်မာပြည်



## ၆။ အာသီသပတ္ထနာ ဂါထာ

ဝိပဿနာ နာယံ ခမ္မံ၊
မဟာထေရေန ဒေသိတံ။
သုတွာန ဒုက္ခာ မုစ္စန္တု၊
သုခေန္တု သဇ္ဇနာ သဒါ။

| | | |
|---|---|---|
| မဟာထေရေန | = | ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ သဖန်းပင်ကျေးရွာ အုပ်စုအပိုင်၊ ဂုဏ်လှိုင်ဝေဆာ၊ ဆီးဖြူပင်ကျေးရွာတွင်၊ တေဇာထွန်းပြောင်၊ သာသနာ့ရိပ်သာ ဟု၊ ဂုဏ်ရောင်ကျော်ဟည်း၊ ဆီးဖြူပင်ကျောင်းတိုက်ကြီး၏၊ ဥူးစီးပဓာန၊ မဟာ နာယက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသူရိယ သက်တော်ရှည် ဆီးဖြူပင် ဆရာတော်ဘုရားကြီးသည်။ |
| ဒေသိတံ | = | ကမ္ဘာသူ ကမ္ဘာသား ချမ်းသာပွားဖို့ ဟောကြားတော်မူအပ်ပေသော။ |
| ဝိပဿနာနယံ ခမ္မံ | = | နိဗ္ဗာန်ခရီး တစ်ကြောင်းတည်းဖြင့်၊ အပြီးရောက်ရန် အသိမြန်သည့် သတိပဋ္ဌာန် ခေါ် တရားတော်ကို။ |
| သုတွာန | = | တစ်သက်မှာတစ်ခါကြုံ ရတနာပုံအခါဆိုက်ရောက်သကဲ့သို့၊ ကုသိုလ်ရတနာသိုက် အရတူးကာ အထူးမှတ်သား နာကြားရလေသောကြောင့်။ |
| သဇ္ဇနာ | = | ဝိပဿနာ၊ ဘာဝနာ တရားအလုပ် အားထုတ်ပျော်ရွှင် သူတော်စင်တို့သည်။ |
| သဒါ | = | အခါခပ်သိမ်း။ |
| ဒုက္ခတော | = | ဘဝဖန်ခါ သံသရာဝယ် အို, နာ, သေ ရေး ဒုက္ခဘေးမှ။ |
| မုစ္စန္တု | = | သစ္စာလေးအင်၊ အမှန်မြင်၍ ဉာဏ်စဉ်တက်လှမ်း မဂ်စခန်းဖြင့် အထက်တန်း ရောက် လွတ်မြောက်နိုင်ကြပါစေကုန်သတည်း။ |
| သုခေန္တု | = | ကိုယ်, စိတ် နှစ်ဖြာ လိုက္ခဏ္ဍာနှင့် ချမ်းသာလုံးစုံ ဣဋ္ဌာရုံတို့ဖြင့် ကုံလုံပြည့်ဝ ချမ်းသာနိုင်ကြပါစေ ကုန်သတည်း။ |
| သုခေန္တု | = | သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ၍၊ လိုရာဆန္ဒ၊ ကြံသမျှတို့ ၊ အမြန်ခဏပြီး မြောက်၊ သိဒ္ဓိပေါက်ကာ၊ ဝမ်းမြောက်,ဝမ်းသာ နန်းအမတာ စခန်းသာ၍ ချမ်းသာ နိုင်ကြပါစေ ကုန်သတည်း။ |

ဘဒ္ဒန္တ ပညာသိရီဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊
မင်္ဂလာဗိမာန်ကျောင်း
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့၊ မြန်မာပြည်။



## နှုတ်ခွန်းဆက်မင်္ဂလာ

### (၁) စာရေးသူ၏ ခံယူချက်

သာသနာတော်နှစ် ၂၅၄၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့၊ ခရစ် ၁၁-၁၂-၂၀၀၄ ခုနှစ်၊ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ **World Buddhist Summit** အစည်းအဝေးကြီး၏ အရှေ့-အနောက် ဗုဒ္ဓဘာသာခေါင်းဆောင်အားလုံး သဘောတူ သန္နိဋ္ဌာန် ချမှတ်ခဲ့သည့် အမှတ်စဉ်(၂) နှင့် (၃)တွင် အောက်ပါအတိုင်း ဖော်ပြထားပေသည်။

၂။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာခေါင်းဆောင် အားလုံးတို့သည် ဗုဒ္ဓသာသနာ တိုးတက်ရေးနှင့် ပြန့်ပွားရေးအတွက် လက်တွဲဆောင်ရွက်သွားကြမည်။

၃။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ ခေါင်းဆောင် အားလုံးတို့သည် ဗုဒ္ဓဘာသာဆိုင်ရာ ကျောင်း, ဘုရား, စေတီ,စာပေ, အဆောက်အအုံ အားလုံးတို့ကို ကာကွယ်စောင့်ရှောက်ခြင်း, ထိန်းသိမ်းခြင်း, ပြုပြင်မွမ်းမံခြင်းတို့၌ လက်တွဲဆောင်ရွက်သွားကြမည် ဟု အတိအလင်း ကြေညာထားပေသည်။

ဤစာရေးသူတို့သည် မိမိတို့၏ ဘဝငြိမ်းချမ်းမှုအတွက် သူတော်ကောင်းတရားများကို သိမြင်ရရှိရန် လိုအပ်သည်။ သူတော်ကောင်းဥစ္စာ ခုနစ်ပါးဖြစ်ကြသည့် "သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ" တရားများကို ဗုဒ္ဓ၏ သာသနာ အဆုံးအမတရားများတွင် တွေ့ရှိနိုင်သည်။ လောကသားတို့ ထိုသူတော်ကောင်းတရားများကို လိုက်နာ၊ ကျင့်သုံး၊ ဆောက်တည်နိုင်ကြစေရန် ဓမ္မစာပေများကို လေ့လာ၊ သင်ယူ၊ ပို့ချ၊ ဟောပြော၊ စုဆောင်း၊ ရေးသား၊ ထုတ်ဝေ ဖြန့်ချိကြရပေမည်။

ထိုသို့ ပြုလုပ် ဆောင်ရွက်ခြင်းသည်ပင် သာသနာပြုခြင်း မည်ပေ၏။ မိမိကိုယ်တိုင်လည်း စိတ်အေးငြိမ်းချမ်းမှုကို ရရှိစေနိုင်သကဲ့သို့ အခြားသူများကိုလည်း စိတ်အေးငြိမ်းချမ်းမှုကို ပေးစွမ်းနိုင်ပါသည်။ ဗုဒ္ဓ အဘိဓမ္မာတရားဖြင့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် တို့ကို ထုတ်ဖော် ပြသ ဂုဏ်ယူရာလည်း ဖြစ်၏။

ထိုမျှသာမကသေး။ ရှေးအစဉ်အဆက် စောင့်ထိန်းသယ်ဆောင်လာခဲ့ကြသည့် သာသနာပြုပုဂ္ဂိုလ်များ၊ မိဘ, ဘိုးဘွား, ဘီဘင်များနှင့် ရှေးဆရာ, ဆရာကြီးများ၏ ကျေးဇူးတရားများကို ပြန်လည်ပေးဆပ် တုံ့ပြန်မှုပြုရာလည်း မည်ပါပေသည်။ သို့ဖြစ်၍ ဤစာရေးသူသည် မြင့်မြတ်သော ကျေးဇူးတုံ့ပြန်မှုတစ်ခု ပြုလိုသည်။ အတိတ်, ပစ္စုပ္ပန်မှ သယ်ဆောင်လာခဲ့သော ဗုဒ္ဓသာသနာ (ယခု ဤစာရေးချိန်တွင် ) ၂၅၅၀ ပြည့်နှစ်သို့ ရောက်ပါပြီ။ ကြွင်းကျန်အနာဂတ် သာသနာ ၂၄၅၀ ခုနှစ် ကာလပတ်လုံး စိတ်အေးနိုင်စေရန် ကမ္ဘာ့ဗုဒ္ဓဘာသာ ခေါင်းဆောင်အားလုံးတို့၏ ဆုံးဖြတ်ချက်ကို စာရေးသူက "အုပ်တစ်ချပ်၊ သဲတစ်ပွင့်၊ ပုံပိုး ကူညီပါဝင်ဆောင်ရွက် အကောင်အထည် ဖော်ဆောင်သည့်အနေဖြင့်" ဤစာအုပ်ကို စုစည်းတင်ပြရေးသား တင်ဆက်လိုက်ရခြင်း ဖြစ်ပေသည်။ စာရှုသူ အပေါင်း သူတော်စင် ဓမ္မမိတ်ဆွေတို့။

### (၂) သံသရာဝဋ်လွတ်လမ်းကိုရှာ ဖြန့်ဝေလှူကြ ဓမ္မဒါန

သာသနာတော်နှစ် ၂၅၅၀ ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၈-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ( ၄ )ရက်၊ ခရစ်နှစ် ၁၂-၈-၂၀၀၆ ခုနှစ်၊ စနေနေ့ နေ့လည် (၃:၀၀)နာရီ မင်္ဂလာအချိန်တွင် ဤစာရေးသူ၊ စာရေးသူ၏ ညီ

ဦးမြင့်အောင် (B.E, Mech, M.O.T 1st Class Part (B), 2nd Engineer, R.C.L Singapore ) တို့နှင့်အတူ၊ ဦးသန့်စင်ဌေး(အငယ်တန်း အင်ဂျင်နီယာ - ၂၊ စက်မှုယန္တရား၊ တောင် ) နှင့်ဇနီး ဒေါ်သန်းသန်းဝင်း၊ ကိုမြတ်ဇင်၊ ကိုကောင်းထက် တို့နှင့် အတူတကွ ဆီးဖြူပင်ကျေးရွာ၊ ဆီးဖြူပင်သာသနာ့ရိပ်သာ ဆရာတော်ကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သူရိယ ( ရာသက်ပန် ဘေးမဲ့သားလွှတ်) ထံ သွားရောက် ဖူးမြော်ကန်တော့ ခဲ့ကြပါသည်။

အသင့်ယူဆောင်လာခဲ့သည့် ဤစာရေးသူတို့ကိုယ်တိုင် ရေးသားစီစဉ် ပူဇော် ထုတ်ဝေခဲ့သော - ကုံလုံ ဆရာတော် ဘုရားကြီး၏ ရာပြည့်အကြို တစ်ဘဝသာသနာ၊ သက်တော်ရှည် ကုံလုံဆရာတော်၊ စားတတ်လျှင် မေတ္တာ, မစားတတ်လျှင်ဝေဒနာ စာအုပ်နှင့် ကက်ဆက်ခွေ၊ သာမညတောင်ဆရာတော်ဘုရားကြီး၏ ညွှန်ကြား ချက်အရ ပြုစုသော - သက်လွှတ်မေတ္တာ အဆိုအမိန့်များ၊ ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ် (အနောက်ဖက် ခြမ်းဒေသ) ကမ်းနီဘေးမဲ့သားလွှတ် သာသနာ့နယ်မြေ ပြန်လည်ဖော်ထုတ်အောင်မြင်ခြင်း မှတ်တမ်း၊ တတိယ ကစင်ဆရာတော်ကြီး ဘဒ္ဒန္တ သုမန မဟာထေရ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်း စာအုပ်များ၊ ရုစ်ပါးပရိက္ခရာ စုံလင်စွာနှင့် အခြားလှူဖွယ်ပစ္စည်းအမျိုးမျိုး တို့ကို ဆီးဖြူပင်ဆရာတော်ကြီးအား လှူဒါန်းခဲ့ကြပါသည်။

ယခင်ကလည်း အခါအားလျော်စွာ အကြိမ်ကြိမ် သွားရောက်ကာ ပေးပို့ လှူဒါန်းခဲ့ကြပြီး ဖြစ်ပါသည်။ ဓမ္မမိတ်ဆွေအများ စိတ်တူ. ကိုယ်တူ. ကြည်ဖြူအားရ၊ ရွှင်ရွှင် ပျပျ၊ ပြုံးပြုံး - ပျော်ပျော်၊ အချင်းချင်း မေတ္တာပွားကြ၊ ကရုဏာ ထားကြ၊ မုဒိတာတွေ ဖလှယ်ကြနှင့် ကုသိုလ်ဒါနတွေ ပြုလုပ်ခဲ့ကြခြင်း ဖြစ်ပေသည်။

သာသနာတော်နှစ် ၂၅၅၀ - ပြည့်နှစ် မြန်မာသက္ကရာဇ် ၁၃၆၈ - ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ( ၅ )ရက်၊ ခရစ်နှစ် ၁၃ - ၈ - ၂၀၀၆ ခုနှစ်၊ တနင်္ဂနွေနေ့၊ နံနက် (၈း၀၀) နာရီ မင်္ဂလာချိန်တွင် ဤစာရေးသူတို့ ညီအစ်ကိုက မိဘနှစ်ပါးအား ဦးထိပ်ထား၍ ပထမဆီးဖြူပင်ဆရာတော်ဘုရားကြီးအား "သာသနာ့ဝိပုလမဟာကာရီ သိမ်တော်ကြီး" တွင် သိက္ခာထပ် မင်္ဂလာ ဆင်ယင်ကျင်းပ ပြုလုပ်ခဲ့ကြပါသည်။

ဤခရီးစဉ်တွင် ဆီးဖြူပင်ဆရာတော်ကြီးအား ဤစာရေးသူ စုဆောင်းရေးသားရိုက်နှိပ်လာခဲ့သည့် "ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်း" စာအုပ်ချောကို ဖတ်ကြား လျှောက်ထားပါသည်၊ "စေတီ ဘုရား တည်ထား ကိုးကွယ်နည်းနှင့် အခြားသာသနာပြုနယ်မြေများ" ပါဝင်ကြောင်း လျှောက်ထားရာ "သာသနာတော် အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ဟူသော မွန်မြတ်သည့် ရည်ရွယ်ချက်ဖြင့် ရေးသား ထားသောကြောင့် ကောင်းပါတယ်။ စာအုပ်ဖြစ်အောင် အမြန်ဆုံးလုပ်ဆောင်ပါ။ စာအုပ်စောထွက်သည်နှင့်အမျှ စာအုပ်ပါ အကြောင်းအရာများကို ဖတ်ရှုလေ့လာပြီး တရားဘာဝနာပွားများဖြစ်ခဲ့လျှင် စာဖတ်သူရော စာရေးသူပါ အလွန်အကျိုးထူးရှိပါတယ်။ သာသနာ့ကိစ္စကို သိန္နောမြင်း၏ အဟုန်ကဲ့သို့ လုပ်ဆောင်ရမယ်" ဟု မိန့်ကြား တော်မူပါသည်။

ဟင်္သာတမြို့ လယ်တီကျောင်းတိုက်၊ မဟာဒွါရနိကာယ၊ ဒွါဒသမသာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တခေမာစာရ မိန့်ကြားခဲ့ဖူးတယ်။ "ကျိုးမဲ့ ပြုလွယ်၊ ကျိုးရှိ ပြုခက်" တဲ့။

သုကရံ သာဓုနာ သာဓု၊ သာဓု ပါပေန ဒုက္ကရံ။
ပါပံ ပါပေန သုကရံ၊ ပါပ ပရိယေဟိ ဒုက္ကရံ။

မိမိတို့ရဲ့ ကိုယ်အမူအရာနဲ့ လုပ်တဲ့ကိစ္စ၊ နှုတ်အမူအရာနဲ့ ပြောတဲ့ကိစ္စ၊ စိတ်အမူအရာနဲ့ ကြံတဲ့ကိစ္စတွေမှာ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု၊ ပြုတိုင်း ပြောတိုင်း လုပ်ရှားတိုင်း ကြံစည်တိုင်းမှာ "ကျိုးမဲ့ ပြုလွယ် ကျိုးရှိ ပြုခက် ဖြစ်တတ်ကြပါတယ်။ ကျိုးမဲ့ ပြုလွယ်ဆိုတဲ့အတိုင်း အကျိုးမဲ့တဲ့အမှုကို လွယ်လွယ်ပဲ ပြုတတ်ကြပါတယ်။

ပါးစပ်က ပြောရမှာလည်း မကြောက်၊ ကိုယ်အမူအရာနဲ့ ပြရမှာလည်း မကြောက်၊ နှုတ်အမူအရာနဲ့ ပြောရမှာလည်း မကြောက်၊ လွယ်လွယ်ပဲ ပြော၊ လွယ်လွယ်ပဲ အပြစ်တင်တတ်ကြပါတယ်။ အဲဒီအမူတွေ မှန်သမျှဟာ အမည်းစက် ထင်သွားပြီ ဖြစ်ပါတယ်။ ဒီအမည်းစက်ကို ဖြူစင်သန့်ရှင်းသွားအောင် တစ်ဖန်ပြန်အားထုတ်ဖို့ သိပ်မလွယ်လှ တော့ဘူး။ ဒါကြောင့် ဘယ်နေရာ ဘယ်ကိစ္စမဆို "ကျိုးမဲ့ ပြုလွယ်၊ ကျိုးရှိပြုခက်၊ ဤနှစ်ချက် မပျက်သတိထား" ဆိုတဲ့ ဩဝါဒကို နှလုံးသွင်း စေချင်ပါတယ်။

ဘုန်းကြီးကို ကြည်ညိုလို့ရှိရင် ဘုန်းကြီးဟောတဲ့တရားကို နာကြား ကျင့်ကြံပွားများ အားထုတ်ပါ။ ဒါ ဘုန်းကြီးကို အမြဲ ပူဇော်နေတာနဲ့ အတူတူပါဘဲ။ [၁]

## (၃) ဆန္ဒထုတ်ဖော် မြွက်ကြားသော်

ဘုန်းကြီးရဲ့ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်းကို ဒကာကြီး အောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ) က ရေးမယ်ဆိုတော့ များစွာ သာဓု ခေါ်ပါတယ်။ အရင်ကလာခဲ့တဲ့ စာရေးဆရာတွေကတော့ ပါရမီမဂ္ဂဇင်း၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွေမှာ ရေးသားဖော်ပြခဲ့ကြဖူးပါတယ်။

အခု ဒီဒကာကြီးလို ဘုန်းကြီးအကြောင်း သတ်သတ်မှတ်မှတ် လုံးချင်းစာအုပ်ထုတ်တာတော့ မဟုတ်ပါ ဘူး။ ဒါ ဒကာကြီးက ပထမဆုံးပါဘဲ။ ဘုန်းကြီးက ခွင့်ပြုပါတယ်။ လိုအပ်ရင် နှုတ်တစ်ရာ စာတစ်လုံးဆိုတော့ လက်မှတ်ထိုးခွင့်ပြုပေးမှာပေ့ါ။ "ကတိသစ္စာ တည်သောခါဝယ်၊ ဩဇာလေးနယ်၊ ပေါ်ဆီတက်၍၊ နွယ် မြက် သစ်ပင် သေးဘက်ဝင်၏" တဲ့ ကတိတစ်လုံးကို လွယ်လွယ်မပေးရဘူး။ တကယ်လုပ်နိုင်မှ ပေးရတယ်။ ပေးပြီးတဲ့ ကတိကိုလည်း လွယ်လွယ်နဲ့ မဖျက်ကောင်းဘူး။ မပေးချင်ရင် စောစောကတည်းက ကတိမပေးနဲ့။ အဲဒါ ဘာမှ မဖြစ်ဘူး။ ကတိပေးပြီးရင်တော့ ဆုံးအောင်သာ လုပ်ပေတော့။

ရေးရင် အမှန်ကို အမှန်အတိုင်းပဲ တိတိကျကျ ရေးပါ။ ဒကာတော် လေ့လာတွေ့ရှိချက်အတိုင်းပဲ ရေးပါ။ ဘုန်းကြီးဆန္ဒကတော့ ဘုန်းကြီး ထေရုပ္ပတ္တိထက် ဘုရားလောင်းဖြစ်တော်စဉ်ဘဝက ဖြတ်သန်းလာခဲ့ရတဲ့ ဗုဒ္ဓဝင်တို့၊ ထေရဂါထာ၊ ထေရာပါဒါန်၊ ထေရီအပါဒါန်တို့ စတဲ့ တရားတော်များဟာ ပိုမိုဆန်းကြယ် အံ့ဩဖို့ ကောင်းပါတယ်။

ဗုဒ္ဓကိုယ်တိုင် ဟောကြားတော်မူခဲ့ပြီး ယနေ့ သာသနာတော်နှစ် ၂၅၅၀ ပြည့်နှစ်တိုင်အောင် ဗုဒ္ဓဂုဏ်တော် များကို သိရှိခဲ့ကြရတယ်။ လေ့လာခွင့်ရကြတယ်။ သင်ယူခွင့် ရကြတယ်။ နာယူခွင့် ရကြတယ်။ သိရှိလေလေ၊ ကြည်ညိုလေလေ ဖြစ်ကြရတယ်။ ကြည်ညိုလေလေ ကုသိုလ်ဇော ထက်သန်လေလေ၊ ကုသိုလ်ဇော ထက်သန် လေလေ အကျိုးပေး ထက်သန်လေလေသာ အမှန်ဖြစ်တယ်။ ဘုန်းကြီးက ဘုရားသားတော်ပဲ။ ဘုရားလောက် မြင့်မြတ်တာ ဘာ ရှိဦးမှာလဲ'?။

ဒကာကြီးက ဘုန်းကြီးထေရုပ္ပတ္တိကို ပြုစုမယ်ဆိုလို့သာ စေတနာ. သဒ္ဓါတရားကို အသိအမှတ်ပြုတဲ့အနေနဲ့ ခွင့်ပြုလိုက်တာပါ။ ဘုန်းကြီးရဲ့ ဩဝါဒ ဆိုတာလဲ ဗုဒ္ဓမိန့်ကြားခဲ့တာချည်းပါပဲ ကိုယ်ကျင့်တရားကောင်းဖို့ ကိုယ်တရား ကျင့်ဖို့က အရေးအကြီးဆုံးဘဲ။ တရားထူး၊ တရားဆန်းဆိုပြီး အခြားတရား မရှိပါဘူး။

---

၁။ ၂၉-၁၀-၀၁ ရက်နေ့တွင် အဓမ္မဝါဒီ စွန့်လွှတ်ပွဲ၌ ချီးမြှင့်တော်မူသော ဩဝါဒ။

၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ ( ၁၈ )ရက်နေ့၊ ကမ္ဘာအေးကုန်းမြေ၊ ဇမ္ဗူဒီပကျောင်းဆောင်တွင် နိုင်ငံတော်အကြီးအကဲများအား ချီးမြှင့်တော်မူသော ဩဝါဒတော်။

၆-၁၁-၉၆ ရက်နေ့တွင် တတိယအကြိမ်၊ သတ္တရသမ အစည်းအဝေး ဩဝါဒကထာများ။



▲ ဤစီစဉ် ပူဇော်သူတို့အဖွဲ့မှ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်း စာမူချော တင်ပြလျှောက်ထား



ထုတ်ဝေခဲ့သည့် ကျမ်းစာအုပ်များ ၊ ဗွီဒီယိုခွေများနှင့် ဓမ္မပူဇာတေး ကက်ဆက်ခွေများ ဆရာတော်ကြီးအား လှူဒါန်းစဉ် ▶





ဆီထိုဂွမ်းပမာ ပီတိဝေဖြာ လက်မှတ်ရေးထိုးခွင့်ပြုတာ သွန်းလောင်းမေတ္တာဖြာ ကြည်နူးစရာ ▶

အနာဂတ်သာသနာပြုမည့် ကိစ္စများလျှောက်ထား ◀ ဩဝါဒခံယူ





ဤကျမ်းစာစီစဉ်ပူဇော်သူ ညီအစ်ကိုမှ ဆရာတော်ကြီးအား သိင်္ကာထပ်မင်္ဂလာ ▲
ပြုလုပ်ရန် လျှောက်ထားစဉ်

▲ ဖွင့်ဆိုရှင်းပြ ကုံလုံတစ်ဘဝသာသနာ
မြတ်ကျမ်းစာ



သာပေါင်းမြို့နယ်ရှိ "အကျော်ဇေယျပသသထ" စေတီတော်မြတ်ကြီးအား ပြုပြင်မွမ်းမံလိုသည့်ကိစ္စ ကြိုးစားနေပါကြောင်း လျှောက်ထားသြဝါဒခံ



◀ ဦးသန့်စင်ဌေး +
ဒေါ်သန်းသန်းဝင်းတို့မှ
လှူဖွယ်ပစ္စည်း
ဆက်ကပ်စဉ်

ဦးမြင့်အောင်မှ
သကြားစမ
ဘွဲ့တံဆိပ်တော်ရ
(၂၈) ဆူဘုရားများ
တည်ထားမည့်ကိစ္စ
သြဝါဒခံယူစဉ် ▶



ဘုန်းကြီးရဲ့ သာသနာပြုလုပ်ငန်းဆိုတာလဲ ဘုရားရှင်ထားခဲ့တဲ့ သာသနာငါးထောင် အဓွန့်ရှည် တည်တံ့နိုင်မြဲအောင်လို့ အခန်းကဏ္ဍတစ်ခုကနေ တစ်ထောင့်တစ်နေရာ ပါဝင်စွမ်းဆောင်ခြင်းမျှသာ ဖြစ်ပါတယ်။ ဒါတောင်မှ အခုဆို လူ့သက်တမ်းက အသက်တစ်ရာတမ်းဆိုတော့ ဘုန်းကြီးနေရလှ အနှစ်တစ်ရာ. တစ်ရာ့နှစ်ဆယ်ပေါ့။ အခုပဲ သက်တော် (၉၉ )နှစ်၊ သိက္ခာဝါတော် ( ၄၉ ) ဝါ ရှိနေပါပြီ။ သာသနာတော် အပုံငါးဆယ်မှာ တစ်ပုံဟာ မိမိပါဝင်ပြုခဲ့ တဲ့ ဒီလက်ရှိ သာသနာပဲပေါ့။ ကိုယ်က ဒီလောက်ပဲ ပြုနိုင်တာကိုး။ ဒီလောက်ပဲ ပါရမီရှိတာကိုး။ ကိုယ့်ထက် သာအောင် ကမ္ဘာပျံ့အောင် ဖြန့်နိုင်တဲ့သူတွေလည်း အများကြီးရှိပါတယ်။

ဘုန်းကြီးကတော့ မြန်မာပြည်တွင်းပဲ တတ်နိုင်တာပါ။ ဒကာကြီးက ဒီလိုပြုစုတော့ နောင်လာ နောက်သားတွေ နည်းမှီ အတုယူကြရတာပေါ့။ မှတ်တမ်း . မှတ်ရာ နိုင်နိုင်လုံလုံ သိရတာပေါ့။ ဒကာကြီးလဲ သာသနာပြုလုပ်ငန်းတွေ လုပ်နေတာကို ကြားသိ မြင်တွေ့နေရတာပဲ။ ဘုန်းကြီးက ကြံ့တုန်း ဒကာကြီး သာသနာပြုလုပ်ငန်းအတွက် နဝကမ္မဝတ္ထုငွေ နှစ်သောင်းကျပ်တိတိ ချီးမြှင့်စွန့်ကြဲလိုက်ပါဦးမယ်။ ဉာဏ်ရှိသလိုသာ သုံးပေတော့။

ဘုန်းကြီးရဲ့ ဆန္ဒကတော့ ပွင့်ပွင့်လင်းလင်းဘဲ မိန့်မယ် ဒကာကြီး။ ဗုဒ္ဓဟောကြား ဗုဒ္ဓဝစန တွေသာ များများရေးပေးပါ။ ဘုန်းကြီးအကြောင်းကတော့ ဘုန်းကြီးရဲ့ ပဋ္ဌာန်းဆက်၊ ပါရမီဆက်ပါတဲ့ ဒကာ. ဒကာမတွေ သိရုံမျှ လောက်သာ ထည့်စေချင်တယ်။ စာရေးဆရာတွေ တော်တော်များများဟာ ဂုဏ်ကို မြှင့်တင်ရေးကြတယ်။ မှသားမပြောနဲ့၊ မုသားမရေးနဲ့၊ မုသားကို ပေါ့ပေါ့တန်တန် သဘောမထားကြနဲ့။ အဲဒါ ဘုန်းကြီးမကြိုက်ဘူး။ အဲလို မရေးပါနဲ့။ အမှန်အတိုင်းပဲ ရေးပါ။ ဘာမှ အားနာစရာ မလိုဘူး။ အရှိကို အရှိအတိုင်းပဲပေါ့။ ဘုန်းကြီးကလည်း ကိုယ့်တရား ကိုယ်ကျင့်နေတာ။ ဒကာကြီးကလည်း စေတနာ သဒ္ဓါတရားအလျောက် ကိုယ့်အလုပ် ကိုယ်လုပ်တာပဲ။ ကောင်းသော စေတနာနဲ့ လုပ်တာမှန်သမျှ ကောင်းကျိုးဖြစ်ထွန်းစေပါတယ်။ ကိုယ်က စေတနာဆိုးနဲ့ လုပ်မှာမှ မဟုတ်တာဘဲ။ ဒီလူဟာ ကောင်းတာလုပ်မှာလား ? ဆိုးတာ လုပ်မှာလား ? ကျင့်ထားတဲ့ စရဏအားရှိရင် ကြည့်လိုက်တာနဲ့ သူ့မနောကို သိနိုင်ပါတယ်။ စိတ်ကောင်းကောင်းထားပြီး တရားရှုမှတ်ပြီးတော့ ရေးပါ။ ဘုန်းကြီးလည်း မေတ္တာ ပြုပေးနေပါ့မယ်။ မကြာမီ အောင်မြင်ပါလိမ့်မယ်။ ဝမ်းမြောက်ကြရမှာပါ။

ဘုန်းကြီး အထူးမိန့်ကြားလိုတာကတော့ -

- တရားကိုသာ ကိုယ်တိုင်ကျင့်ပါ။ နာနာ ကျင့်ပါ။
- တရားကိုသာ ကိုယ်တိုင်အားထုတ်ပါ။ အချိန်ရတိုင်း အားထုတ်ပါ။
- တရားမှာ ကိုယ်မှာတွေ့ တဲ့။
- မြန်မြန်လုပ်ကြ။
- အချိန်မရှိဘူး၊ အချိန်ဆွဲမနေကြနဲ့တော့။
- ကျန်းမာ ချမ်းသာကြပါစေ။

## (၄) ဓမ္မနေ့ပူဇာ မြတ်ဓမ္မာ

ဤ စာရေးသူသည် သက်တော်ရှည် မဟာထေရ် ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်းများကို အခြေအနေ၊ အချိန်အခါ၊ အခွင့်အလမ်း ပေးလာသည်နှင့်အမျှ လက်မလွတ်တမ်း လျှုဒါန်းပူဇော်ခွင့်ရရှိခဲ့သူတစ်ဦး ဖြစ်ပါသည်။ ဆရာစွဲ. ပုဂ္ဂိုလ်စွဲ. ဂိုဏ်းစွဲ. ကျမ်းစွဲ ထားလေ့မရှိပါ။ ယခုမူ ဆရာတော်ကြီး၏ အာဘော်နှင့် စာရေးသူ၏ ဆန္ဒ ကိုက်ညီမှု ရှိပါပေသည်။

- ကျမ်းကြည့် မခက်၊ ကျမ်းညှိ ခက်၏။
- ကျမ်းဖတ် မခက်၊ ကျမ်းတတ် ခက်၏ ဟု ရှေးဆရာတော်ကြီးများ၏ အဆိုအမိန့်ကို မှတ်သား

ဖူးပါသည်။ အချို့ပုဂ္ဂိုလ်တို့သည် မှတ်၍ ပြောသည်။ ထိုသူတို့သည် တွေဝေနေတတ်၏။ အချို့ပုဂ္ဂိုလ်တို့သည် ဖတ်၍ ပြောသည်။ ထိုသူတို့သည် ခေါင်းမာလေ့ရှိကြ၏။ အချို့ပုဂ္ဂိုလ်တို့သည် တတ်၍ ပြောသည်။ ထိုသူတို့ကား ကျမ်းကို ညှိ၍ ပြောခြင်းဖြစ်၏။

ဤစာရေးသူသည် သက်တော်ရှည် ဆရာတော်ကြီးများ၏ အကြောင်းအရာကို လေ့လာစုံစမ်းမေးမြန်း၍ ထေရုပ္ပတ္တိ စာအုပ်များ ထုတ်ဝေပူဇော်လာခဲ့သည်မှာ ဆယ်အုပ်ထက်မနည်း ရှိနေချေပြီ။ မေတ္တာရပ် အကူအညီ တောင်းခံလာတိုင်း လွယ်လွယ်ဖြင့် ကူညီပေးခဲ့သည်သာ ဖြစ်၏။

ဆရာတော်ကြီးများသည်လည်း ဗုဒ္ဓ၏ သားတော်များပင် ဖြစ်ရကား - ဗုဒ္ဓဟောကြား မြတ်တရားတော်များနှင့် ပထမဦးစားပေးတိုက်ဆိုင် စစ်ဆေးလေ့ ရှိပါသည်။ အကြောင်းအရာတစ်ခု၊ အချက်အလက်တစ်ခုအတွက် ပတ်ဝန်းကျင်ကိုလည်း လက်တွေ့ကျကျ ကွင်းဆင်းလေ့လာရန် စိတ်အားထက်သန်ပါသည်။ မျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်မှန်များကို "ကာလမသုတ္တန် ဒေသနာတော်အရ" စဉ်းစားဆင်ခြင်ညှိနှိုင်းဆုံးဖြတ် သုံးသပ်ကာ ကိုယ့်ဆရာတော် ဂုဏ်မြင့်ဖို့ထက် သမိုင်းအချက်အလက် တိကျ မှန်ကန်ခိုင်မာမှုကို ပို၍ အလေးထားပါသည်။ ဆရာမှားက ဘဝသံသရာ တစ်လျှောက်လုံး ချာချာလည်နေတတ်သဖြင့် ဆန်းစစ်လေ့ရှိပါသည်။ ဥပမာဆိုရသော် ဒေဝဒတ်နှင့် အဇာတသတ်ကို ကြည့်ပါ။ ဆရာသမား ပြောစကားကို ယုံ၍ ဘဝကို ပုံအပ်လိုက်ရာ ဘဝသံသရာ ချာချာ လည်ရပေတော့၏။

ဤစာရေးသူသည် သာသနာတော်နှစ် ၂၅၄၉ - ခုနှစ်၊ မြန်မာသက္ကရာဇ် - ၁၃၆၇ - ခုနှစ်၊ ခရစ်နှစ် ၂၀၀၅ - ခုနှစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ "ကုံလုံဆရာတော်ဘုရားကြီး၏ ရာပြည့်အကြို တစ်ဘဝသာသနာ" ကို အောင်မြင်စွာထုတ်ဝေခဲ့ပါသည်။ ကုံလုံဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိဆဲ၊ ခရစ်နှစ် ၂၀၀၃ - ခုနှစ်ထဲကပင် စုဆောင်းရေးသားပြုစုနေခဲ့ရာ ဆရာတော်ကြီးသည် သက်တော် ( ၉၆ )နှစ် ပြည့်ရန် နှစ်လအလို သိက္ခာဝါ (၇၆)ဝါအရ ၃၀ - ၁ - ၂၀၀၄ ခုနှစ်၊ သောကြာနေ့ နံနက် ( ၀၀း ၁၅ ) နာရီအချိန်တွင် ရန်ကုန်မြို့၌ ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူခဲ့ရာ ယခုအခါ ရုပ်ကလာပ်တော်ကြီးကို ကုံလုံကျောင်းတိုက်ရှိ ကျုပ်သိန်းပေါင်းရှစ်ထောင်ကျော် အကုန်အကျခံ ဆောက်လုပ်ထားသော စဥ့်ကျောင်းတော်ကြီးတွင် အပူဇော်ခံထားရှိပါသည်။

သာသနာတော်နှစ် ၂၅၄၉ - ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၇ - ခုနှစ်၊ ပြာသိုလပြည့်နေ့၊ ခရစ်နှစ် ၁၃ - ၁ - ၂၀၀၆ ခုနှစ်၊ သောကြာနေ့တွင် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်ရှိ "တတိယ ကစင်ဆရာတော်ကြီး ဘဒ္ဒန္တ သုမန မဟာထေရ်၏ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်းကိုလည်း သက်တော် ( ၉၁ )နှစ် ပြည့် သိက္ခာတော်( ၇၁ )ဝါ အရတွင် အောင်မြင်စွာ ထုတ်ဝေနိုင်ခဲ့ပါသည်။

ယခု သာသနာတော်နှစ် ၂၅၅၀ - ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၈ - ခုနှစ်၊ တပေါင်းလဆန်း ( ၈ )ရက်၊ ခရစ်နှစ် ၂၃ - ၂ - ၂၀၀၇ - ခုနှစ်၊ သောကြာနေ့တွင် ပဲခူးတိုင်း တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ သဖန်းပင်ကျေးရွာ အုပ်စု၊ ဆီးဖြူပင် ကျေးရွာ၊ ဆီးဖြူပင်သာသနာ့ရိပ်သာကျောင်းတိုက် ဦးစီးပဓာန နာယက၊ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ ကျေးဇူးရှင် သက်တော်ရှည် (ရာသက်ပန်ဘေးမဲ့သားလွှတ်) "ပထမဆီးဖြူပင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သူရိယမဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်း" တစ်ဘဝတာ သာသနာဝင် ကျမ်းစာအုပ်ကို ဆရာတော်ကြီး၏ သက်တော် (၉၉) နှစ်ပြည့် မွေးနေ့၊ သိက္ခာဝါတော် ( ၄၉ ) ဝါအရ အထိမ်းအမှတ် စုဆောင်း ရေးသား စီစဉ်ပူဇော်လှူဒါန်းထုတ်ဝေရန် အခြေအနေ အချိန်အခါ အခွင့်အလမ်း ပေးလာခဲ့ပြန်ပါပြီ။

အဒိန္နံ ပုဗ္ဗ မဒ္ဒေသံ၊ အဝိသံ အာဒိကမ္မိကော။

ဤစာရေးသူတို့သည် ဆရာတော်ဘုရားကြီးအား သူတစ်ပါးတို့ မပေးလှူဖူးသေးသော (ဤစာပေကျမ်းပြု

ပညာဖြင့် တစ်ဘဝတာ ဤကျမ်းစာ) အလှူကို ပေးလှူခြင်းဖြင့် အလှူဦးကို လှူဒါန်းခွင့်ရသော "အာဒိကမ္မိက အလှူရှင်များ" ဖြစ်လာရပေသည်။

လောကအတွက်. သာသနာအတွက် အကျိုးပြုစေလိုသောအားဖြင့် ပေးစွန့်ချင်လှသောကြောင့်သာ နဖူးမှချွေး ခြေမကျအောင် အားထုတ်ကာ၊ ဤစာအုပ်ကို စုဆောင်း. ရေးသား စီစဉ်ပူဇော်ထုတ်ဝေခြင်း ဖြစ်ပါ၏။ မိမိ၏ ကိုယ်ကျိုးတစ်ခုတည်းအတွက် မျှော်မှန်း၍ လုပ်ဆောင်ခြင်း မဟုတ်ပါဘဲ၊ မြင့်မြတ်သော စိတ်စေတနာ သန့်သန့်ဖြင့် အများအကျိုး သာသနာ့အကျိုး လုပ်ဆောင်နေခြင်း ဖြစ်ပါ၏။ ဈေးကွက်စီးပွားရေးထွန်းကားလာသော ခေတ်တွင် စီးပွားရေးပညာအမြင်ဖြင့် ရှုမြင်သုံးသပ်လျှင် တစ်မျိုးတစ်ဖုံ ထူးခြား ဆန်းပြားနေပေလိမ့်မည်။ အဆင့်ဆင့် လက်ဆင့် ကမ်းလာခဲ့သော ဘုရားရှင်သာသနာတော်သည် အခမဲ့ သာသနာဖြစ်၍၊ "သဒ္ဓါသက်ဝင် စွဲတည်လျှင်၊ ကြည်လင် ချမ်းသာသည်။"

ဤစာရေးသူတို့ မိသားစုသည်၊ ဤဆီးဖြူပင်ဆရာတော်ကြီး၏ ကျမ်းစာအုပ်နှင့် ပတ်သက်၍ စုဆောင်း. ရေးသားသည်မှ အစပြုကာ ထုတ်ဝေ. ဖြန့်ချိသည့်အဆင့်တိုင်အောင် "ဓမ္မာနုဂ္ဂဟ၊ ပစ္စယာနုဂ္ဂဟ၊ သာသနာနုဂ္ဂဟ" အဖြစ်ခံယူကာ လုပ်ငန်းအဆင့်ဆင့်၊ စ-လယ်-ဆုံး အောင်မြင်သည်အထိ ဆောင်ရွက်သွားကြရန် သန္နိဋ္ဌာန် ချထားကြပြီး ဖြစ်ပါသည်။ မည်သည့် အခက်အခဲ အမျိုးမျိုးကိုပင် တွေ့စေကာမူ "စေတနာ သဒ္ဓါတရားတည်းဟူသော မဂ္ဂင်ဖောင်ကြီးဖြင့် သံသရာပင်လယ်ကြီးကိုပင် ဖြတ်ကူးနိုင်သကဲ့သို့" အောင်မြင်သည်အထိ ပန်းတိုင်အရောက် ကူးခပ်သွားကြမည်ဟုလည်း ဆုံးဖြတ်ထားကြပြီး အကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။

## (၅) သီလဝါ သီလဝန္တေသု ဒါန လေလော့

အလှူ၏ စင်ကြယ်ခြင်း "လေးမျိုး လေးစား" ရှိသည့်အနက်-အလှူပေးသူဘက်မှ သီလရှိ စင်ကြယ်၍၊ အလှူခံယူသူဘက်မှလည်း သီလရှိ စင်ကြယ်နေသော အလှူကို "သီလဝါ သီလဝန္တေသု ဒါန" ဟု သတ်မှတ်နိုင်ကြောင်း ကျမ်းဂန်များ၌ လေ့လာတွေ့ရှိရ၏။ သီလဝန္တ ပုဂ္ဂိုလ်သည် သီလဝန္တ ပုဂ္ဂိုလ်အား လှူဒါန်းခြင်းကို ခေါ်ပါသည်။ ဤအလှူဒါနကို "အသဒိသဒါန" ဖြင့် ထင်ရှားပါသည်။ သာဝတ္ထိပြည်၌ ကောသလမင်းနှင့် မလ္လိကာမိဖုရားတို့က ဘုရားအမှူးရှိသော သံဃာတော်တို့အား လှူဒါန်းသော "အသဒိသဒါန" အလှူမျိုးပင် ဖြစ်သည်။

ယခု အလှူပေးသူ ( ဤစာအုပ်ကို စီစဉ်ပူဇော်သူ) တို့ မိသားစုသည် ရာသက်ပန် ဘေးမဲ့ သားလွတ် စားသုံး၍၊ မြတ်စွာဘုရားရှင် ထေရဝါဒ ဗုဒ္ဓသာသနာတော် အစွန့်ရှည်တည်တံ့ ပြန့်ပွားစေရန် ဘေးမဲ့သားလွတ် သာသနာ့နယ်မြေများကို အခါအားလျော်စွာ ဖော်ထုတ်ကာ သမထ. ဝိပဿနာ ဘာဝနာကိုလည်း ကိုယ်တိုင်ကျင့်ကြံအားထုတ်နေဆဲ ဖြစ်သည်။ အလှူခံယူသူ ဆီးဖြူပင်ဆရာတော်ကြီးဘက်မှလည်း ရာသက်ပန်ဘေးမဲ့ သားလွတ် စားသုံးကာ ဗုဒ္ဓလမ်းညွှန် ဟောကြားတော်မူခဲ့သော ဝိနည်းတော်အတိုင်း နေထိုင်၍ ဆီးဖြူပင်သာသနာ့ရိပ်သာ (ဘေးမဲ့သားလွတ်) ပဋိပတ် တရားစခန်းတွင် ဝိပဿနာဘာဝနာ ပွားများအားထုတ်သူများ ဆထက်ထမ်းပိုး တိုးတက်လာစေရန် စွမ်းစွမ်းတမံ ဆောင်ရွက်နေသူ ပုဂ္ဂိုလ်ထူး ရဟန်းတော် မထေရ်မြတ်ကြီး တစ်ပါး ဖြစ်နေပေသည်။

အလှူ၏ စင်ကြယ်ခြင်း "ဒက္ခိဏာဝိသုဒ္ဓိ" လေးမျိုးတို့တွင် အလှူပေးပုဂ္ဂိုလ် အလှူခံပုဂ္ဂိုလ်တို့၏ သီလရှိမှု၊ မရှိမှုကပင်၊ အကျိုးကြီး. မကြီးကို ခွဲခြားသွားကြောင်း သိရှိရပေသည်။ ထို ဒက္ခိဏာဝိသုဒ္ဓိ လေးမျိုးတို့ကို ဟောပြပြီး

သည့်နောက် ဘုရားရှင်သည် အာမိသဒါနတို့တွင် အမြတ်ဆုံးဖြစ်သော "အဂ္ဂဒါန" ကိုလည်း ဤသို့ ဟောပြတော်မူခဲ့ပါသည်။

## (၆) အမြတ်ဆုံး အဂ္ဂဒါန

"ရာဂကင်းပြီးသော (ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ၊ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ဟု ဆိုအပ်သော) ဝီတရာဂပုဂ္ဂိုလ်သည် ကြည်လင်သောစိတ်ရှိ၍ ကြီးကျယ်မြင့်မြတ်သော ကံ၏ အကျိုးကို အလွန်ယုံကြည်လျက်၊ တရားသဖြင့် ရအပ်သော ဓမ္မိယလဒ္ဓ ပစ္စည်းကို ရာဂကင်းပြီးသော (ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ၊ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ဟု ဆိုအပ်ကုန်သော) ဝီတရာဂပုဂ္ဂိုလ်တို့အား ပေးလှူ၏။ ထိုအလှူကို အာမိသဒါန ပစ္စည်းအလှူတို့တွင် အမြတ်ဆုံး "အဂ္ဂဒါန" ဖြစ်၏ ဟူ၍ မြတ်စွာဘုရားရှင်က ဟောကြားပြသ လမ်းညွှန်တော်မူခဲ့လေသည်။

## (၇) ဘေးမဲ့သားလွှတ် သာသနာ့နယ်မြေများတွင် ဆီးဖြူပင်သာသနာသည်လည်း တစ်ခုပါဝင်

ဘေးမဲ့ သားလွှတ် သာသနာ့နယ်မြေများ ပေါ်ထွက်လာခဲ့ရာ ၎င်းတို့မှာ -

(က) ကမ္ဘာ့သာသနာပြု ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ၊ မူလမဟာစည် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသောဘန (ဘေးမဲ့သားလွှတ်ဆရာတော်) ရန်ကုန်တိုင်း။

(ခ) အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တ ဉာဏိန္ဒ (ဂေါလ် ဆရာတော်ကြီး) (ဘေးမဲ့ သားလွှတ် ဆရာတော်) ရန်ကုန်တိုင်း။

(ဂ) တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဥတ္တမသာရ ( ဘေးမဲ့သားလွှတ်ဆရာတော် ) ချင်းပြည်နယ်။

(ဃ) သက္ကအလဲတစ်ရာဆရာတော်ဘုရားကြီး အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တစန္ဒနဝံသ (ဘေးမဲ့သားလွှတ်ဆရာတော် )၊ မွန်ပြည်နယ်။

(င) သာမညတောင်ဆရာတော်ဘုရားကြီး အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိနယ (ဘေးမဲ့ သားလွှတ်ဆရာတော် )၊ ကရင်ပြည်နယ်။

(စ) ကုံလုံဆရာတော်ဘုရားကြီး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယ (ဘေးမဲ့ သားလွှတ်ဆရာတော် )၊ ရှမ်းပြည်နယ်။

(ဆ) ရွှေဥဒေါင်းတောင်ဆရာတော်ဘုရားကြီး (ဘေးမဲ့သားလွှတ်ဆရာတော် )၊ ရှမ်းပြည်နယ်။


(ဇ) မြိုင်ကြီးငူဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုဇန ( ဘေးမဲ့သားလွှတ်ဆရာတော်)၊ ကရင်ပြည်နယ် တို့ အသီးသီး ဖြစ်ကြပါသည်။

ထိုကဲ့သို့ပင် -

(ဈ) ဆီးဖြူပင်ဆရာတော်ဘုရားကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသူရိယ (ဘေးမဲ့သားလွှတ် ဆရာတော်) သည် ဆီးဖြူပင်ကျေးရွာ၊ သဖန်းပင်ကျေးရွာအုပ်စု၊ တောင်ငူမြို့နယ်၊ တောင်ငူခရိုင်၊ ပဲခူးတိုင်း အတွင်း ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ထေရဝါဒသာသနာတော် အဓွန့်ရှည်တည်တံ့ ပြန့်ပွား လာစေရန် ရည်ရွယ်၍ ဆီးဖြူပင်သာသနာ့ရိပ်သာ (ဘေးမဲ့သားလွှတ် သာသနာပြု ပဋိပတ္တိ တရား စခန်း) တစ်ခုကို ဖော်ထုတ်နေဆဲ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်ပါသည်။



မဟာစည်ဆရာတော်





ဦးဥတ္တမသာရ
နယ်ခြားတောင်တန်းသာသနာပြု








ရွှေဥဒေါင်းတောင်ဆရာတော်







## ကျေးဇူးတော်ရှင် သက်တော်ရှည်
## ပထမ ဆီးဖြူပင် ဆရာတော်ဘုရားကြီး
## အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ
## ဘဒ္ဒန္တ သူရိယ မဟာထေရ်မြတ်၏
## ထေရုပ္ပတ္တိအကျဉ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁။ ဖွားမြင်တော်မူခြင်း ( မန္ဒဒသက အရွယ် )

ဆရာတော် လောင်းလျာကို ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ပဒဲကျေးရွာ တွင် ခမည်းတော် ဦးဖိုးချို ( တောင်သူ ) (ကွယ်လွန် ) နှင့် မယ်တော် ဒေါ်ပန်းရင် ( မိုရို ) (ကွယ်လွန်) တို့မှ သာသနာတော်နှစ် - ၂၄၅၂ ခုနှစ်၊ မြန်မာသက္ကရာဇ် -၁၂၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ( ၈ )ရက်၊ ခရစ်နှစ် ၂၆-၂-၁၉၀၉ ခုနှစ်၊ သောကြာနေ့ တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသော **အကြီးဆုံးသားကြီး** ဩရသ ဖြစ်သည်။

အတိဇာတ - သားရတနာ တစ်ဦးဖြစ်သည်။ ငယ်မည်မှာ မောင်သန်းဖေ ဟု ခေါ်သည်။ လူလတ်ပိုင်း အရွယ်တွင် သခင်သန်းဖေ ဟု တစ်နယ်လုံးတွင် လူသိ ထင်ရှား ကျော်ကြားသည်။ မြန်မာ တိုင်းရင်းသား ဖြစ်သည်။

လူ့ဘဝ သက်တမ်း တစ်ရာကို ကျမ်းဂန်များက ဆယ်နှစ်စီခွဲခြားပြီး ဒသက ဆယ်ပါးဟု ပြဆိုထားကြရာ ဆရာတော်လောင်းလျာ ဖွားမြင်သည်မှ ဆယ်နှစ်သားအရွယ် (မန္ဒဒသက အရွယ် ) ထိ မောင်သန်းဖေ ဘဝသည် အလွန်နုနယ်သော အရွယ်ဖြစ်သည်။ ကုသိုလ်, အကုသိုလ်ကို ပိုင်ပိုင်နိုင်နိုင် ခွဲခွဲခြားခြား မသိတတ်သေးပါ။ အရာရာတွင် မိဘနှင့် မိဘကဲ့သို့သော ဆွေမျိုးလူကြီးများက ပြုပြင်သလို ခံယူနေကြရသည့် အရွယ်ဖြစ်သည်။ မိမိ၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းကို ပီပီပြင်ပြင် အသုံးမချနိုင်သေးသော အရွယ်လည်း ဖြစ်သည်။ ဆရာတော် လောင်းလျာသည် မသိနားမလည် ငယ်ရွယ်စဉ် ခုနစ်နှစ်သား အရွယ်ကပင် သတ္တဝါများအပေါ် အကြင်နာသနား ကရုဏာ ပွားကာ ဘေးမဲ့သားလွတ် အာဟာရကို အခါအားလျော်စွာ စားသုံးခဲ့သည်။

- လူတွင်တစ်ယောက်၊ ဆိုရလောက်အောင်၊ ထွန်းတောက်မည့်သူ၊ ထိုသည့်လူကား၊
  ငယ်မူ ငယ်သွေး ၊ ငယ်ကလေးက၊ ဘိုးဘေးလည်းစောင့်၊ မျိုးလည်းစောင့်၍၊
  စောင့်မည့်အရာ၊ တွေ့မည်သာတည်း။ [၁]

မွေးချင်း မောင်နှမလေးယောက်ရှိရာ -

(က) ညီ - ဦးသန်းမောင် ( ကွယ်လွန် )
( ခ ) ညီ - ဦးသန်းတင် (ကွယ်လွန် ) နှင့်
( ဂ ) ညီမ - ဒေါ်သန်းကြည် (ကွယ်လွန်) တို့ အသီးသီး ဖြစ်ကြသည်။

ယခု ကျမ်းစာအုပ် ရေးသားနေဆဲ ခရစ်နှစ် ၂၀၀၆-ခုနှစ်တွင် ကျေးဇူးရှင် သက်တော်ရှည် ပထမ ဆီးဖြူပင် ဆရာတော်ဘုရားကြီး အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သူရိယ မဟာထေရ်မြတ် ( ရာသက်ပန်ဘေးမဲ့သားလွတ် ) သည် သယနဒသကအရွယ် သက်တော် ( ၉၈ ) နှစ်၊ သိက္ခာဝါတော် ( ၄၈ ) သို့ ရောက်ရှိနေပြီ ။

၁။ အရှင်ဇနကာဘိဝံသ၏ တစ်ဘဝသာသနာ ။






ဆီးဖြူပင်ဆရာတော်ကြီး



သာသနာ့
ဝိပုလ
မဟာကာရီ
သိမ်တော်ကြီး



တိုင်းအဆင့်ပုဂ္ဂိုလ်များ လာရောက်ဖူးမြော်စဉ်



▲ ဆရာတော်ကြီးကျောင်း



▲ ဆီးဖြူပင်ဆရာတော်ကြီး



▲ ဆရာတော်ကြီးနားနေခန်း

(ခြေ)
လက္ခဏာ
တော်မြတ်
(ဎ.ယာ တစ်စုံ)
▼



(လက်)
လက္ခဏာ
တော်မြတ်
(ဝဲ.ယာ တစ်စုံ)
▼



## (၁) ယောက်ျားဇာနည် ရခဲသည်

ဒုလ္လဘော ပုရိသာ ဇညော = ယောက်ျား အာဇာနည် ပုဂ္ဂိုလ်များ ရနိုင်ခဲပါသည်။

န သော သဗ္ဗတ္ထ ဇာယတိ = ထိုယောက်ျား အာဇာနည် ပုဂ္ဂိုလ်မျိုးသည် အရပ်ဒေသတိုင်း၌ မဖြစ်ထွန်းနိုင်ပါ။

ယတ္ထ သော ဇာယတိ ဓိရော = အကြင်အရပ်၌ ယောက်ျားအာဇာနည် ပုဂ္ဂိုလ်မျိုး မွေးဖွားလာ၏။

တံ ကုလံ သုခမေဓတိ = ထိုအမျိုး၊ ထိုဒေသ၊ ထို မြို့-ရွာ တို့သည် လောကီ . လောကုတ္တရာ ပစ္စုပ္ပန်. သံသရာ နှစ်ဖြာကောင်းကျိုးချမ်းသာကို ဧကန် ရနိုင်ပါသည်။[၁]

## (၂) သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခို

ကျမ်းဂန်များတွင် သား သုံးမျိုးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ၎င်းတို့မှာ -

အတိဇာတ = မိဘထက် စိတ်နေ စိတ်ထားအားဖြင့်လည်းကောင်း၊ အသိဉာဏ်၊ အလိမ္မာ အစစ အရာရာအားဖြင့်လည်းကောင်း သာလွန်သော သားထူးသားမြတ်။

အနုဇာတ = အကျင့်စာရိတ္တ စိတ်နေ သဘောထားမှစ၍ မိဘနှင့် တူညီသော အလယ် အလတ် သား။

အဝဇာတ = အကျင့်စာရိတ္တ စိတ်နေသဘောထားမှစ၍ အစစ မိဘထက် ယုတ်လျော့သောသား တို့ အသီးသီး ဖြစ်ကြသည်။

ယခု ပထမ ဆီးဖြူပင် ဆရာတော်ဘုရားကြီးသည် မိဘထက် စိတ်နေ. စိတ်ထားအားဖြင့်လည်းကောင်း၊ အသိဉာဏ်. အလိမ္မာ အစစ အရာရာအားဖြင့်လည်းကောင်း၊ သာလွန်သော သားထူး . သားမြတ် အတိဇာတ သားမျိုး ဖြစ်သည်ဟုပင် ဆိုရချေမည်။ သို့ဖြစ်၍ "သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခို" ဟူသော ဆိုရိုးစကား လာအတိုင်း ဒါယကာ. ဒါယိကာမ အများက အားကိုးမှီခိုနေကြရပါသည်။ ဆွေမျိုး အသိုင်းအဝိုင်းမှလည်း ကြောက်ချစ်ရိုသေ လေးစားကြရပါသည်။

## ၂။ ရှင်သာမဏေပြုခြင်း ( ခိဒ္ဒသက အရွယ်)

ဆရာတော် လောင်းလျာသည် ကောဇာသက္ကရာဇ် ၁၂၈၂- ခုနှစ်တွင် ဖခင် အလုပ်လုပ်ရာ ပဲခူးတိုင်း၊ တောင်ငူမြို့နယ်၊ ကျွန်းကုန်းကျေးရွာသို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ ထိုနှစ်မှာပင် ကျွန်းကုန်းကျောင်း နိုင်ငံတော် ဝိနည်းမိုရ်ဆရာတော်ကြီးထံတွင် ရှင်ဒါယကာ ဦးဖိုးချိုနှင့် ဒါယိကာမ ဒေါ်ပန်းရင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေဘဝသို့ ရောက်ရှိတော်မူခဲ့သည်။ အသက်တစ်ဆယ့်နှစ်နှစ်အရွယ်တွင် ရှင်သာမဏေ ဖြစ်သည်။

ဘွဲ့တော်အမည်မှာ ရှင်သူရိယ ဖြစ်သည်။ သူရိယနေမင်းကြီးသည် ရောင်ခြည်တစ်ထောင် အလင်းဆောင်၍ လောကဓာတ်တစ်ခုလုံးကို ရောင်ဝါထွန်းပြောင် အလင်းရောင်ပေးခြင်းနှင့်အတူ၊ ရဲဝံ့စေသော သတ္တိထူးကို ရရှိခံစားသည်ဟု စာရေးသူက နားလည်ထားပါသည်။

ယခု ဆီးဖြူပင်ဆရာတော်လောင်းလျာအား ရှင်သူရိယ ဟု ဘွဲ့မည်သညာပေး ရွေးချယ်ခဲ့ခြင်းသည် သူရိယနေမင်းကြီးကဲ့သို့ပင် ကောင်းကျိုးပေးစွမ်းစေလိုခြင်းသဘော၊ သုံးဆယ့်တစ်ဘုံသား သတ္တဝါအများအား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးကာ အေးငြိမ်းချမ်းသာသော ခေမာ အမတ နိဗ္ဗာန်မြတ်သို့ ပို့ဆောင်

၁။ ဓမ္မပဒ၊ ၄၊ ၂၊ ၁၆၁၊

ပေးစေနိုင်ရန် အတိတ်တဘောင် နိမိတ်ဆောင်ကာ ဆရာ . ဆရာတော်ကြီးများက ဘွဲ့မည်သတ်မှတ်ပေးခဲ့ခြင်း လေလားဟု ဤစာရေးသူက ထင်မြင်ယူဆမိပါသည်။

## (၁) စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ရှင်သာမဏေ လေးဝါခန့်ထိ ရေတာရှည်မြို့၊ ကွင်းကျောင်းဆရာတော်ထံတွင် ပရိယတ္တိ အခြေခံစာပေများကို လေ့လာသင်ယူ ဆည်းပူးခဲ့ပါသည်။ တရားဓမ္မကို အထူးစိတ်ဝင်စားသည်။ သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ လောကနီတိ၊ သဒ္ဒါ၊ သင်္ဂြိုဟ် တို့မှ အစပြု၍ ဩဝါဒပါတိမောက်မှသည် ကျမ်းကြီးပေါက်သည်အထိ အောင်မြင်စွာ သင်ယူခဲ့ပါသည်။ သဒ္ဒါကို ကောင်းစွာ ကျွမ်းကျွင်းကျင်ကျင် တတ်မြောက်ခဲ့သည်။

> အခြေပါဒ၊ သင်ဦးစဉ်၊ ချုနည်းမကျယ်၊
> မိပ္ပါယ်ကောင်းစွာ၊ လိုရုံသာဖြင့်၊ အပ်ရာမသည်း၊
> နားထွင်းနည်းသို့၊ ညံ့ဖြည်းမွေ့မွေ့၊ တရွေ့ရွေ့လျှင်၊
> တစ်နေ့ တစ်ထူး၊ ကျေးဇူးချဲ့ထွင်၊ ကျမ်းရိုးငင်လျက်။ [၁]

ကန်တော် ဦးလက္ခဏကျောင်း (အထက်တန်းကျောင်း)တွင် ခေတ်သစ် လောကဓာတ်ပညာ သတ္တမတန်း စာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့သည်။

ဆရာတော်လောင်းလျာ အသက်(၁၈)နှစ်သား အရွယ်တွင် ကျန်းမာရေး သိသိသာသာ ယိုယွင်းလာသဖြင့် ရှင်သာမဏေဘဝကို စွန့်လွှတ်ခဲ့ရတော့သည်။ ဘေးမဲ့သားလွတ် မကြာခဏ စားဖြစ်သည်။ ကျမ်းဂန်များတွင် ဆယ်နှစ်သားမှ အသက် နှစ်ဆယ်အရွယ်ထိကို ခိဍ္ဍာသက အရွယ် ဟု ပြဆိုထားပါသည်။

ဆိုလိုသည်မှာ - ခန္ဓာကိုယ်အတွင်းမှ အသွေး.အသားတွေ အလွန်တိုးတက်လာပါပြီ။ ကုသိုလ်. အကုသိုလ် ကို ပိုင်ပိုင်.နိုင်နိုင် ခွဲခြားသိတတ်ကာစပင် ရှိသေးသည်။ သွေးသားတွေ များစွာလှုပ်ရှား ကစား ပျော်ပါးနေသည်။ ကစားနေသောကြောင့်ပင် အချိန်ကုန်စေတတ်သောအရွယ် ဖြစ်သည်။ ဆယ်ကျော်သက် အရွယ်က ကြွကြွမြူးမြူး ကြည်နူးမဆုံး အပျော်ဆုံး အရွယ်ဖြစ်သည်ဟု ပြဆိုထားပါသည်။

## ၃။ ရောက်လေရာမှာ လေစားကြည်ညို တရားပြဟွစိုရ် ( ဝဏ္ဏဒသကအရွယ်)

ဆရာတော်လောင်းလျာသည် လူဝတ်ကြောင်ဘဝတွင် မိဘများ၏ လက်ငုတ်ဖြစ်သော စီးပွားရေးလုပ်ငန်း များကို ငင်ရောက်ကူညီလုပ်ကိုင်ပေးရင်း တစ်ဖက်တစ်လမ်းမှ မိဘများကို ကျေးဇူးဆပ် ပူဇော်ခဲ့သည်။ မျှမျှတတ သမ္မာအာဇီဝဖြင့် လုပ်ကိုင်သောကြောင့် လုပ်ဖော်ကိုင်ဖက် ရောင်းရင်းများ၏ ကြည်ညိုလေးစားမှုကို ရရှိခဲ့သည်။ ကျမ်းဂန်များတွင် အသက်နှစ်ဆယ်မှ အသက်သုံးဆယ်အရွယ်ထိကို ဝဏ္ဏဒသကအရွယ်ဟု ပြဆိုထားပါသည်။

ဆိုလိုသည်မှာ - အသွေး၊ အသား၊ အရောင်၊ အဆင်း၊ လှပပြည့်ဖြိုးနေကြပါပြီ။ မှန်ကြည့်လိုက်၊ သနပ်ခါးလိမ်းလိုက်၊ ပန်းပန်လိုက်၊ အဝတ်အစားအသစ်တွေလဲလိုက် လုပ်နေတတ်သည်။ ကုသိုလ်. အကုသိုလ်ကို ပိုင်ပိုင်နိုင်နိုင် ခွဲခြားသိတတ်နေပါပြီ။ ငါလိုလူ ဇမ္ဗူမှာ ရှိသေးရဲ့လား ? ဟု အတ္တအလွန်ကြီးနေတတ်သည်။ နှစ်ဆယ်ကျော် မမတို့ အရွယ်ကား အလှပြင်ကောင်းတုန်း လှမာန်ဝင့်ထယ်၊ လှသွေးကြွသည့် အလှအပဆုံး အရွယ်ပေတကားဟု ပြဆိုထားပါသည်။

---

[၁] ရှင် မဟာရဋ္ဌသာရ

## ၄။ အများသတ္တဝါ ကိုယ်ချင်းစာ မေတ္တာထားပါလေ ( ဗလဒသကအရွယ် )

ဆရာတော်လောင်းလျာသည် လူ့ဘောင်ဘဝကတည်းပင် ဘေးမဲ့သားလွှတ်အာဟာရကို စားသုံးကာ ငါးပါးသီလကို အထူးလုံခြုံအောင် စောင့်ထိန်းလေ့ရှိသည်။ တစ်ခါတစ်ရံ ရှစ်ပါးသီလ ဥပုသ်ကို စောင့်ထိန်းတော်မူသည်။ သတ္တဝါများအပေါ် မေတ္တာတရားပွားများခြင်းကို အခြေခံ အလေးထားကျင့်ကြံအားထုတ်တော်မူခဲ့သည်။ ဦးစွာ သုံးရက်ခန့် ဘေးမဲ့သားလွှတ်စားနိုင်အောင် ကျင့်သည်။ နောက် (၇)ရက်မှ (၁၅)ရက်၊ (၁၅)ရက်မှသည် တစ်လ၊ နောက် တစ်လ မှသည် တစ်နှစ်၊ တစ်နှစ်. နှစ်နှစ် . သုံးနှစ် ဘေးမဲ့ သားစားလွှတ်စားသည်။ နောက်ဆုံးတွင် ရာသက်ပန် ဘေးမဲ့သားလွှတ်စားရန် ဆုံးဖြတ်လိုက်သည်။

သားသတ်လွှတ်စားတာ ကုသိုလ်ပွားစေသည်။ ကျမ်းဂန်များတွင် အသက် သုံးဆယ်မှ အသက်လေးဆယ်အရွယ်ထိကို ဗလဒသကအရွယ် ဟု ပြဆိုထားပါသည်။ ဆိုလိုသည်မှာ ခွန်အားများစွာ တိုးပွားလာပြီဖြစ်၍ မည်သူ့ကိုမျှ ဘာမထီ၊ မလေးစား၊ ကုသိုလ်လုပ်ဖို့ အချို့ကား သတိရနေကြပြီ။ အချို့ကား လုံးဝ သတိမရကြသေး။ မိမိကိုယ်မိမိ အလွန်အထင်ကြီးတတ်သောအရွယ် ဖြစ်သည်။ သုံးဆယ်ကျော်စ ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံကြီးများ၊ ကမ္ဘာကျော် ဘောလုံးသမားကြီးများ အစွမ်းပြနေကြသည်ကား ပုံစံသာဓကပေတည်း။

### (၁) တွေ့ကြ ဆုံကြ ဘုံဘဝ

ဆရာတော်လောင်းလျာသည် လူ့ဘောင်ဘဝတွင် ရှိခဲ့စဉ်က တို့ဗမာအစည်းအရုံးဝင်တစ်ဦး ဖြစ်သည်။ တစ်ချိန်က နိုင်ငံရေးလောကသို့ ခြေစုံပစ်ဝင်ခဲ့ရာ သခင်သန်းဖေ ဟု လူသိများပြီး အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲများတွင် သက်စွန့်ဆံဖျား ဆောင်ရွက်ခဲ့သည်။ ဒေသတွင်း စည်းရုံးရေး အလွန်ကောင်းသည်။ မြန်မာပြည် လွတ်လပ်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေး ရပြီးသည့်နောက်ပိုင်း တိုင်းကျိုး ပြည်ပြု လုပ်ငန်းများကို အားတက်သရော ပါဝင် အကောက်အထည်ဖော်ခဲ့သည်။ ကညွတ်ကွင်း၊ တောင်ငူ၊ အုတ်တွင်း၊ ရေတာရှည် မြို့များတွင် နာမည်ကောင်းဖြင့် အလွန်ထင်ရှားခဲ့သူ တစ်ဦး ဖြစ်သည်။

သခင်သန်းဖေသည် လူတို့၏ ဓမ္မတာအတိုင်း ဒေါ်အေးခင် (စက်ချုပ်လုပ်ငန်း) နှင့် ဖူးစာ ဆုံ အကြောင်းပါခဲ့သည်။ လူ့လောကတွင် နေထိုင်စဉ် သခင်သန်းဖေ ဘဝက ယာလုပ်ခြင်း၊ မျောတုံး (ပို့တုံး) ရောင်း-ဝယ်ခြင်း တို့ကို လုပ်ကိုင်ခဲ့သည်။ ဒိုးအင်းကျေးရွာနှင့် မွေးရပ်ဇာတိ ပဒဲ ကျေးရွာတို့တွင် စေတနာ ကျောင်းဆရာ လုပ်ခဲ့ရာ ထူးထူးခြားခြား သင်ပြပေးခဲ့သဖြင့် လူငယ်. လူကြီး အလွန်နှစ်သက် ခင်မင်ကြသည်။ အိမ်ထောင်ရှင်မ ဒေါ်အေးခင်သည် အလွန် အေးအေးဆေးဆေး နေတတ်သူတစ်ဦး ဖြစ်သည်။ ဆရာတော်လောင်းလျာ ရဟန်းဘဝသို့ ရောက်ရှိပြီး နှစ်အနည်းငယ် အကြာတွင် သူမ ကွယ်လွန်ခဲ့ကြောင်း သိရသည်။

## ၅။ သံသရာဝဋ် လွတ်လမ်းကို - ရှာလို ( ပညာဒသကအရွယ်)

ဆရာတော် လောင်းလျာသည် လူ့ဘောင်ဘဝတွင် မလွဲသာ၍ နေ.နေရသည်။ ပျော်မွေ့ခြင်း အလျဉ်းမရှိ။ "လူတစ်စု ပူမှုရယ်တဲ့ ဆယ်ကုဋေ" ။

အခါအခွင့် သင့်သည်နှင့် ရဟန်းဘောင်သို့ ကူးပြောင်းလိုသောဆန္ဒက တစ်နေ့တစ်ခြား ပြင်းထန်လာသည်။

❀ ယရာဝါသ၊ သမ္ဗာဓော၊ ဒုက္ခ ဆိုး. ကောင်း၊ ကျဉ်းမြောင်းပွေလီ၊<br>
တအီအီလျှင်၊ ကသီလင်တ၊ လောင်မီးကျသို့၊ နေ - ည ပူဆာ၊<br>
လွန်ကြီးစွာခဲ့၊ ယထာဘုတ်ဉာဏ်၊ ဟုတ်မှန်အတိုင်း၊ ဇကန်တိတိ၊

ရှုမြင်မိက၊ မချိထန်ပြင်း၊ ထိတ်လန့်ခြင်းသည်၊ ငြီးပျင်းကြည်မသာ တကား။ [၁]

ကျမ်းဂန်များတွင် အသက်လေးဆယ်မှ အသက်ငါးဆယ် အရွယ်ထိကို ပညာဒကသ အရွယ် ဟု ပြဆိုထားပါသည်။

ဆိုလိုသည်မှာ ဘဝတစ်လျှောက်လုံးတွင် ဉာဏ်မီးအတောက်ဆုံးအရွယ် ဉာဏ်ပညာ ပွင့်သောအရွယ် ဖြစ်သည်။ မီးရောင် . လရောင် . နေအရောင်ထက် ဉာဏ်ရောင် လွှမ်းမိုးသောအရွယ် ဖြစ်သည်။ အရာရာကို စဉ်းစား ချင့်ချိန်ပြီး၊ တွေးခေါ် မြော်မြင်တတ်သော ဉာဏ်ပညာ အရင့်ကျက်ဆုံးအရွယ် ဖြစ်သည်ဟု ပြဆိုထားပါသည်။

## ၆။ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း (ဟာနိဒသကအရွယ်)

ဆရာတော်လောင်းလျာ၏ စိတ်ကူးထဲတွင် - "ဘဝ သံသရာ ခရီးတာကြီးက ရှည်လွန်းလှသည်။ ဤခရီးရှည် ကာလကြီးအတွင်းမှ တစ်ခါမဟုတ်.တစ်ခါ တစ်ကွေ့မဟုတ်.တစ်ကွေ့၊ တွေ့ကြ. ဆုံကြ. ကွဲလိုက်ကြ၊ အမိ. အဖ. ညီအစ်ကိုမောင်နမ ဆွေမျိုးသားချင်း မတော်စပ်ဖူးသူဟူ၍ မရှိသလောက် ဖြစ်တော့သည်။ တွေ့ကြ. ဆုံကြ. ကြုံကြတုန်းမှာ ပြုံးရ၊ ရွှင်ရ၊ ကြည်နူးကြသော်လည်း၊ ကွဲကြ . ကွာကြ . ဝေးကြရလျှင် ဆွေးရ . ငေးရ. ငိုရှိုက်ကြရသည်။ ဆွေးခဲ့ရပေါင်းလည်း များပြီ။ ဝေးခဲ့ရပေါင်းလည်းများပြီ၊ ငိုကြွေးခဲ့ရပေါင်းလည်း များပြီ။ သတိဖြစ်သင့်ချေပြီ၊ ငြီးငွေ့ သင့်လှပေပြီ" ဟု စဉ်းစားမိကာ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။

ဆရာတော်၏ ရဟန်းရက်ချုပ်မှုရင်းကို ဖော်ပြရလျှင် -

တိသရဏံ၊ အဟံ ဝန္ဒာမိ၊ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု။

အာသီသပြု၍ ယခုအခါတွင် ဘုရားရှင်သာသနာ သချ်ာတွက်စစ် သက္ကရာဇ် ၅၀၀၀ ရှိသည့်အနက်တွင် သာသနာတော်နှစ် ၂၅၀၂ - ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၀ - ပြည့်နှစ်၊ ပေမန္တဥတု သီတင်းကျွတ် လပြည့်ကျော် (၄)ရက် ၊ ခရစ်နှစ် ၃၁-၁၀-၁၉၅၈ ခုနှစ်၊ သောကြာနေ့ နံနက် ( ၇ ) နာရီ ( ၄၅ ) မိနစ် (အရိပ် - ဖဝါး - ဗီလာ ) အချိန်တွင် ပဲခူးတိုင်း၊ တောင်ငူမြို့နယ်၊ အရှေ့ကျွန်းကုန်းရွာ၊ ကျွန်းကုန်းတောရကျောင်းရှိ ခဏ္ဍသိမ်တော်မြတ်၌ ဘဒ္ဒန္တကုသလ ( စည်ပင်တောရကြီးကျောင်း၊ ပဲချက်ကုန်းရွာ၊ တောင်ငူမြို့နယ်၊ ပဲခူးတိုင်း) ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ အောင်မြင်စွာ ရောက်ရှိတော်မူခဲ့သည်။ ဘွဲ့အမည် ခေါ်တွင်သည်ကား ဦးသူရိယ ဖြစ်သည်။ သက်တော် ဝါတော် (၁၂၀) ရှည်စေသောဝ်။

ဆရာတော်လောင်းလျာသည် ရဟန်းဒါယိကာမ ဒေါ်ဖွားခင် မိသားစု၏ ပစ္စယာ နုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းဘဝ ရောက်ရှိတော်မူခဲ့ခြင်းဖြစ်သည်။ သာသနာဝင်အမှတ် - ၇/ တငန ( သ) ၀၀၀၆၀၉ ဖြစ်၍ သာသနာဝင်မှတ်တမ်း စာအုပ်အမှတ်စဉ် - ၁၂၄၉၃၈၊ သုဓမ္မာဂိုဏ်းဝင် ဖြစ်သည်။ ဆရာတော်သည် ယခုဘဝတွင် ကံကောင်းထောက်မ၍ ဝတ်ရုံခွင့်ရသော သင်္ကန်းကို မြတ်နိုး၏။ တန်ဖိုးထား၏။ လေးစား၏။ တန်ဖိုးထား မြတ်နိုး သလောက် အခြားသော သင်္ကန်းဝတ်များကလည်း တန်ဖိုးထား၊ လေးစား၊ မြတ်နိုးစေချင်သော ဆန္ဒရှိသည်။ သင်္ကန်းဝတ် ပုဂ္ဂိုလ်တိုင်းလည်း တန်ဖိုးရှိစေချင်သည်။ ကျက်သရေ ရှိစေချင်သည်။ သိက္ခာရှိစေချင်သည်။ မြင့်မြတ်စေချင်သည်။ ဤသို့သော ပုဂ္ဂိုလ်မြတ် တစ်ပါးသာတည်း။

❁ ကိုယ်လျှင် ဝတ်ခြုံ၊ ဝမ်းဝရုံမျှ၊ တစ်စုံတစ်ရာ၊ ဘယ်ဥစ္စာကို၊
တဏှာလောလုတ်၊ မှုမရှုတ်ဘဲ၊ ရှင်လုပ်ဖြောင့်တန်း၊
ကမ္မဋ္ဌာန်းနှင့်၊ စီးဖြန်းယှဉ်မှီ၊ ရှင်ယောဂီတို့၊

[၁] မယဒေဝပိုဒ်ရေ (၁၂)လာအတိုင်း

တိစီဝရိတ်၊ သပိတ်ရေစစ်၊ တစ်ဆစ်ပဲခွပ်၊

အပ်နှင့်ခါးပန်း၊ ရှစ်ခန်းပရိက္ခရာ၊ လျောက်ပတ်စွာတည့်။ [၁]

## ၆။ (၁) ဘုရားစကား လိုက်နာထား ကျေးဇူးဆပ်၍ ဘာဝနာပွား (ဟာနိဒသကအရွယ်)

ဆရာတော်လောင်းလျာသည် သက်တော် ( ၅၁ ) မှ (၅၅ ) နှစ်ထိ သိက္ခာဝါတော် ပထမဝါမှ ငါးဝါ ရသည်ထိ သာသနာတော်နှစ် ၂၅၀၃ - မှ ၂၅၀၇ - ခုနှစ်ထိ၊ မြန်မာသက္ကရာဇ် ၁၃၂၁ - ခု မှ ၁၃၂၅ - ခုနှစ်ထိ၊ ခရစ်နှစ် ၁၉၅၉ - မှ ၁၉၆၃ ခုနှစ်ထိ၊ အနန်းပင်တောရကျောင်း၊ ကျွန်းကုန်းရွာနှင့် ဆရာတော် ဘဒ္ဒန္တကေတု နဂါတောရကျောင်း၊ ရေတာရှည်မြို့နယ်တို့ တွင် သီတင်းသုံး၍ ဝိပဿနာတရားများ အားထုတ်တော်မူခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် သက်တော် ၅၆ မှ ၆၀ နှစ်ထိ သိက္ခာဝါတော် ခြောက်ဝါမြောက်မှ ဆယ်ဝါရသည့်အထိ သာသနာတော်နှစ် ၂၅၀၈ မှ ၂၅၁၂ ခုနှစ် ထိ၊ မြန်မာသက္ကရာဇ် ၁၃၂၆ မှ ၁၃၃၀ ပြည့်နှစ်ထိ၊ ခရစ်နှစ် ၁၉၆၄ မှ ၁၉၆၈ ခုနှစ်ထိ ငါးနှစ်ခန့်ကြာမျှ မူလမဟာစည် ဩဝါဒခံ သောင်ကုန်းဆရာတော် ဘဒ္ဒန္တ ဇောတိက (မျက်မမြင်ဆရာတော်ကြီး) သောင်ကုန်းကျောင်း၊ သောင်ကုန်းရွာ၊ တောင်ငူမြို့နယ် သို့ သွားရောက်၍ ဂိလာနရဟန်းအား ပြုစုလုပ်ကျွေး ကျေးဇူးဆပ်ကာ ဝိပဿနာတရားများ အားထုတ်တော်မူခဲ့ပါသည်။ ဗုဒ္ဓမြတ်စွာဘုရားက မဟာဝါပါဠိတော်တွင် "ဂိလာန ရဟန်းကို ပြုစုလုပ်ကျွေးသူသည် ငါဘုရားကို ပြုစုလုပ်ကျွေးသည်နှင့် ထပ်တူ ထပ်မျှပင် အကျိုးရှိသည်" ဟု ဓမ္မကြောင်းအရ မိန့်ကြားတော်မူခဲ့ပါသည်။

ထို့ပြင် " ရဟန်းသည် သိလျက်နှင့် ဂိလာန (လူအို၊ လူနာ)ကို မပြုစု၊ မလုပ်ကျွေးလျှင် အာပတ်သင့်၏" ဟုလည်း ဝိနယ ကြောင်းအရ မိန့်ကြားတော်မူခဲ့ ၏။

ကျမ်းဂန်များတွင် အသက်ငါးဆယ်မှ အသက်ခြောက်ဆယ်အရွယ်ထိကို ဟာနိဒသကအရွယ် ဟု ပြဆိုထား ပါသည်။ ဆိုလိုသည်မှာ - ကုသိုလ်ကောင်းမှုများကို ပိုင်ပိုင်နိုင်နိုင် ပီပီပြင်ပြင် လုပ်သင့်သည်။ ဂေါတမ ဘုရားရှင်၏ သာသနာတော်မြတ်ကြီး တိုးတက်ကြီးပွားအောင် စစ်မှန်သော ကုသိုလ်စိတ်ဖြင့် လုပ်ဆောင်ရန် လှုပ်ရှားသွားလာနိုင် သော အရွယ်ဖြစ်၏။ ခိဍ္ဍာ၊ ရတိ၊ ဝဏ္ဏ၊ ဗလ၊ ပညာ ဆုတ်ယုတ်သောအရွယ် ဖြစ်သည်ဟု ပြဆိုထားပါသည်။

## ၇။ နိဗ္ဗာန်စိတ်သန်အဓိဋ္ဌာန်၊ ချိန်မှန်အားထုတ် သစ္စာအလုပ် (ပဗ္ဘာရဒသကအရွယ်)

ဆရာတော်လောင်းလျာသည် သက်တော် ( ၆၁ မှ ၆၃ နှစ်ထိ၊ သိက္ခာဝါတော် ၁၁ ဝါ မြောက်မှ ၁၃ ဝါ ထိ) သာသနာတော်နှစ် ၂၅၁၃ မှ ၂၅၁၅ ခုနှစ်ထိ၊ မြန်မာသက္ကရာဇ် ၁၃၃၁ မှ ၁၃၃၃ ခုနှစ်ထိ၊ ခရစ်နှစ် ၁၉၆၉ မှ ၁၉၇၁ - ခုနှစ်ထိ၊ ရွာဦးကျောင်း၊ ကျွန်းတောကုန်းရွာတွင် သီတင်းသုံး၍ ရဟန်းတရားများ အားထုတ်တော် မူခဲ့ပါသည်။ ထိုအချိန်က တစ်ခါတစ်ရံ အဂ္ဂိယဖိုထိုးတော်မူခဲ့သည်။

ကျမ်းဂန်များတွင် အသက် ခြောက်ဆယ်မှ အသက် ခုနစ်ဆယ်အရွယ်ထိကို ပဗ္ဘာရဒသကအရွယ် ဟု ပြဆိုထားပါသည်။ ဆိုလိုသည်မှာ ရှေ့သို့ ကုန်းနေသော အရွယ်သို့ ရောက်နေပြီ။ "ဖိုးကြီးအို ခါးကုန်းကုန်း မသေပါနဲ့အုံး၊ နောက်နှစ်ခါ တန်ဆောင်မုန်း ပွဲကြည့်ပါအုံး" ဟု စာချိုးရသော အရွယ် ဖြစ်သည်။ ထိုစာချိုးကြရသော အသက်ခြောက်ဆယ်ကျော်အရွယ်များသည် သံဝေဂယူပြီး၊ တရားဘာဝနာပွားများ သင့်ပါသည်။ သို့ဖြစ်ပါ၍ ဘုရားရှင်များသည် သက်တမ်းကို ငါးပုံ . ပုံ၍ လေးပုံမျှသာ နေထိုင်ရှိုးထုံးစံ ရှိပါသည်။

---

[၁] မာဃ ဒေဝလက်ာပိုဒ်ရေ - ၄၃၅။

ဂေါတမ ဘုရားရှင်သည် သက်တော် ရှစ်ဆယ်မှာ ပရိနိဗ္ဗာန် ဝင်စံသည်။ ပွင့်တော်မူလတ္တံ့သော အရိမေတ္တယျ ဘုရားရှင်သည် တစ်သိန်းတန်းမှာ ပွင့်တော်မူမည် ဖြစ်၍၊ သက်တော် ရှစ်သောင်းမှာ ပရိနိဗ္ဗာန်ဝင်စံမည် ဖြစ်ပါသည်။ အိုမင်းကုန်းကွ အလုပ်မလုပ်နိုင်သော ဘုရားဟူ၍ မရှိပါ။

## ၈။ တက်သစ်စ နေဝန်းပမာ သတိပဋ္ဌာန် တရားအလင်းဖြာ (ဝင်္ကဒသကအရွယ်)

ဆရာတော်လောင်းလျာသည် သာသနာတော်နှစ် ၂၅၁၆ ခုနှစ်၊ မြန်မာ သက္ကရာဇ် ၁၃၃၄ - ခုနှစ်၊ ခရစ်နှစ် ၁၉၇၂ - ခုနှစ်၊ သက်တော် ၆၄ နှစ်၊ သိက္ခာတော် (၁၄)ဝါအရတွင် ဆီးဖြူပင်ရွာနေ အလှူ့ဒါယကာ ဦးသိမ်းမောင်၊ (အသက် ၆၄ နှစ်တွင် ကွယ်လွန်ခဲ့ရာ ယခုအခါ ၂၆ - နှစ် ရှိပါပြီ) နှင့် အလှူ့ဒါယိကာမ ဒေါ်မြရင် ( ယခု အသက် ၈၇ နှစ်ထင်ရှားရှိဆဲ)တို့၏ ပင့်ဖိတ်လျှောက်ထား တောင်းပန်ချက်အရ (ဆီးဖြူပင်ဆရာတော်ကြီးဟု ထင်ရှားလာမည့်) ဆရာတော် ဘဒ္ဒန္တသူရိယသည် ဆီးဖြူပင်သာသနာ့ရိပ်သာကျောင်း၊ ဆီးဖြူပင်ကျေးရွာ၊ သဖန်းပင်ကျေးရွာအုပ်စု၊ တောင်ငူမြို့နယ်၊ တောင်ငူခရိုင်၊ ပဲခူးတိုင်း သို့ ကြွရောက်ချီးမြှင့်ကာ သီတင်းသုံးတော်မူခဲ့သည်။



ဆီးဖြူပင်ကျောင်းသို့ စတင်ရောက်ရှိချိန်တွင် ဆီးဖြူပင်များ လွန်စွာပေါက်ရောက်နေပြီး တစ်ပါးနေ၊ သက်ကယ်မိုး၊ ဝါးထရံကာ တဲကျောင်းကလေးမျှသာ ဆောက်လုပ်ထားခြင်း ဖြစ်သည်။ ဒေါ်မြရင်၏ ပြောပြချက်အရ - ထိုစဉ်က တစ်အိမ်ထောင်စ လျှင် သက်ကယ်တစ်ပျစ် အလှူခံခဲ့ကြရကြောင်း သိရှိရပါသည်။



ဒေါ်မြရင်သည် ငယ်စဉ်ကပင် ဆရာတော်နှမ ဒေါ်သန်းကြည်နှင့် သူငယ်ချင်းများဖြစ်ကြ၍ အစ်ကိုကြီးဟု ပင် ခေါ်ခဲ့ကြ သည်။ လူ့ဘောင်ဘဝရှိစဉ်ကပင် ရဟန်းဘဝသို့ ဖူးမြင်လိုသဖြင့် အကြိမ်ကြိမ် နှိုးဆော်တိုက်တွန်းခဲ့ သည်။ ယခု ရဟန်းဘဝရောက်နေပြီဖြစ်၍ အလွန်ဝမ်းမြောက်စွာ သာဓုခေါ်ဆိုကာ သွားပင့်ကြခြင်း ဖြစ်သည်။

ဆွမ်း၊ ကင်ပွန်းချဉ်၊ ခရမ်းကစော့သီးဟင်းများ ချက်ပို့ခဲ့ရကြောင်း ပြောပြသဖြင့် သိရှိရပါသည်။ ဒေါ်မြရင် ကိုယ်တိုင်ပင် ဝိပဿနာတရားစခန်းဝင်အားထုတ်ခဲ့ရာ သောင်ကုန်းကျောင်းတွင် (၇)ရက်စခန်း သုံးကြိမ်နှင့် ဆီးဖြူ ပင် သာသနာ့ရိပ်သာကျောင်းတွင် (၁၀)ရက်စခန်း (၄)ကြိမ် ဝင်ရောက်ခဲ့ဖူးပါသည်။ နောင်အခါ ကျမှသာ ယခုကဲ့သို့ ခမ်းနားကြီးကျယ်သော ကျောင်းအလှူရှင်များ စီရရီ ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ ယခု အခါ ခေတ်နှင့် လျော်ညီသော မြို့နယ် ကျက်သရေဆောင် **"ချမ်းမြေ့ကြည်ဖြူ သီတဂူစမ္မဝိမာန်တော်ကြီး"** ကိုပင် အောင်မြင်စွာ ဆောက်လုပ်ပြီးစီးခဲ့ပြီ ဖြစ်သည်။

ဆရာတော်သည် ထိုတစ်ပါးနေ တဲကျောင်းတွင် ဆယ်နှစ်နီးပါးခန့် **"ဧကစာရီ"** တစ်ပါးတည်း သီတင်း သုံးကာ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်အား မျက်မှောက်ပြုနိုင်မည့် သမထ၊ ဝိပဿနာ ဘာဝနာတရားများကို **မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့် စွဲစွဲမြဲမြဲ ပွားများ ကျင့်ကြံအားထုတ်ခဲ့သည်။**

ထိုစဉ်ကပင် ဒါယကာ၊ ဒါယိကာမ များက ပို့ဆွမ်း ဆက်ကပ်လှူဒါန်းသဖြင့် ဆွမ်းခံထွက်ခြင်း မပြုခဲ့ရပါ။ ယခုချိန်ထိ အလှည့်ကျသော်လည်းကောင်း၊ စေတနာသဒ္ဓါဖြင့်သော်လည်းကောင်း၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ပေးပို့လှူဒါန်းလျက် ရှိနေကြပါသည်။

ဘွဲ့အမည်မှာ ဘဒ္ဒန္တ သူရိယ ဖြစ်သော်လည်း ဆီးဖြူပင်ကျောင်း၊ ဆီးဖြူပင်ရွာကို အစွဲပြု၍ "ဆီးဖြူပင်ဆရာတော်" ဟုသာ အမည်တွင်ကာ တစ်နေ့တစ်ခြား ထင်ရှားကျော်ကြားလာတော့သည်။ ဆီးဖြူပင်ဆရာတော်ဘုရားကြီး ပေါ်ထွက်လာခြင်းသည် ဆီးဖြူပင် တစ်နယ်လုံးသာမက၊ မြန်မာတစ်နိုင်ငံလုံး သာမက၊ ကမ္ဘာ့နိုင်ငံအသီးသီးထိတိုင်အောင်ပင် ဒုစရိုက် အမှောင်ပျောက်ကာ တက်သစ်စ နေဝန်းပမာ သတိပဋ္ဌာန်တရား အလင်းရောင် ဖြာထွက် ကွန့်မြူးလာချေပြီ။

ကျမ်းဂန်များတွင် အသက်ခုနစ်ဆယ်မှ အသက်ရှစ်ဆယ်အရွယ်ထိကို ဝက်ဒသက အရွယ်ဟု ပြဆိုထားပါသည်။ ဆိုလိုသည်မှာ - ခန္ဓာကိုယ်ကြီးသည် ထွန်တုံးများကဲ့သို့ ကောက်ကွေးနေပါပြီ။ အဖိုးကြီး သရုပ်ပို၍ ပီပြင်လာပြီ။ ရှေ့တိုးလျင်လည်း သေတော့မည်ဖြစ်၍ အချိန်တိုင်းမှာ တရားဘာဝနာပွားများသင့်သော အရွယ် ဖြစ်သည်။ "ပုတီးကို ချပြီး၊ မြေးကို မချီနေရမည့် အရွယ်မဟုတ်တော့ပေ" အသက်ငါးဆယ်မှ ရှစ်ဆယ်အတွင်း နှစ်ပေါင်းသုံးဆယ်ခန့် သာသနာ့ကိစ္စများ ပီပြင်စွာ လုပ်သင့်သည်။ လူ့ပြည် အနှစ်ငါးဆယ်ကား တာဝတိံသာ နတ်သက်ဖြင့် ရေတွက်ပါလျှင် အချိန်တစ်နေ့တာ - ၁၂ နာရီခန့်သာ ရှိပါသည်။ အသက် ရှစ်ဆယ် အရွယ်ကား နတ်သက် ( ၁၉း၁၂ ) နာရီမျှသာ ကြာ၏။ အလွန်တိုတောင်းသော လူ့အသက် ရှစ်ဆယ်ကို တာဝတိံသာ နတ်သက်ဖြင့် ချင့်တွက်ပြီး သံဝေဂ ယူတတ်ကြရန် တင်ပြခြင်း ဖြစ်ပါသည်။

## ၈။ (၁) ဘူမိနတ်သန် အောင်မြေမှန်သော ဆီးဖြူပင်တောရကျောင်း

ဆီးဖြူပင်ကျောင်းတွင် ဆီးဖြူပင်ဆရာတော်တစ်ပါးတည်း တောရဆောက်တည်နေပါသည်။ ဆီးဖြူပင်ကျောင်းသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဝိနည်းမဟာဝါပါဠိတော် ( ၄၅ )ဗိမ္ဗိသာရ သမာဂမ ကထာ ၌လာသော တောရ ကျောင်း အင်္ဂါငါးပါးနှင့် ကိုက်ညီတော်မူပါပေသည်။

ယင်းတို့မှာ -

- မြို့ရွာနှင့် မဝေးလွန်းခြင်း၊
- မြို့ရွာနှင့် မနီးလွန်းခြင်း၊
- သွားလမ်း လာလမ်း နှင့် ပြည့်စုံခြင်း၊
- လူအများ အလိုရှိသောအခါ သွားလာနိုင်ရန် လွယ်ကူခြင်း၊
- အာရုံငါးတန် မြို့သံ ‚ ရွာသံ ‚ လူသံတို့မှ ဆိတ်ငြိမ်ခြင်း တို့ အသီးသီး ဖြစ်ကြသည်။

စာပေများတွင် မြတ်စွာဘုရားသည် တောကို အလွန်ချီးမွမ်းသည်။ တောရကို အလေးထားသည်။ ကိုယ်တော်တိုင်လည်း တော၌သာ သီတင်းသုံး ပျော်မွေ့တော်မူသည်။ တောရဓုတင်ဆောက်တည်သော ပုဂ္ဂိုလ်များသာ ကြွင်းခုတင် တစ်ဆယ့်နှစ်ပါးကို လွယ်ကူစွာ ဆောက်တည်တော်မူနိုင်သည် ဖြစ်၏။ ဘုရားရှင် ကိုယ်တော်တိုင် လူတို့ကျက်စားရာ မဟုတ်သော တောကျောင်း၊ အစွန်အဖျားကျ၍ အလွန်ဝေးကွာသော တောကျောင်းတို့ကို မှီဝဲခြင်းဖြင့် -

- မိမိမျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်းအကျိုး၊
- နောင်လာ နောက်သား ရဟန်းသူတစ်ပါးတို့အား စောင့်ရှောက်ခြင်း အကျိုး

ထိုနှစ်ပါးကို မြင်တော်မူ၍ ရဟန်းတို့အား တောရကျောင်းကို ခွင့်ပြုတော်မူခဲ့ပေသည်။ [၁]

---

၁။ အံ-ပါ-ဒုက-၆၂။

ထိုသို့၊ တောရကျောင်းများကို နေခွင့်ပြုတော်မူခဲ့သော်လည်း ရဟန်းတိုင်း တောရကျောင်းများတွင် နေခွင့်မှီဝဲခွင့် မရကြပေ။ နေကွမ္မဝိတက္က၊ အဗျာပါဒဝိတက္က၊ အဝိဟိံသဝိတက္က၊ ပညာဝါ အဖဋ္ဌအနေလမှက ဖြစ်တော်မူသော ရဟန်းများသည်သာ တောရကျောင်းများ၌ နေခွင့်ရသည်ဟု (အံ-အရဉ္ဉသုတ်) ၌ မိန့်ကြားတော်မူခဲ့သည်။ ထိုသို့ ဓုတင်တည်ဆောက်ခြင်း၌ သင့်တင့်လျောက်ပတ်သော သဘောရှိသည့် ရဟန်းပုဂ္ဂိုလ်တို့၌ -

- အလိုနည်း၍ ရောင့်ရဲလွယ်ခြင်း၊
- ဆိတ်ငြိမ်ရာသို့ ကပ်၍ လူတို့နှင့် မရောဘဲ အားထုတ်ခြင်း၊
- ကိလေသာကို ပယ်ခြင်း၊
- သဘောမခက်ထန်၊ ကောက်ကျစ်စဉ်းလဲ မရှိ၊
- ဝမ်းစာကို မငဲ့၊ လာဘ်သပ္ပကာ အခြံအရံ အကျော်အစောကို မလို၊
- သဒ္ဓါတရားနှင့် ပြည့်စုံ၍ ရဟန်းပြု၏၊
- ဇရာ - မရဏတရားမှ လွတ်လိုသည်ဖြစ်၍၊ ဘုရားရှင်သာသနာတော်ကို ချီးမြှောက်အံ့ဟု ဓုတင်ကို ဆောက်တည်၏။

ထို ပုဂ္ဂိုလ်သည် သမထ. ဝိပဿနာ တရားတို့၌ ပြည့်စုံခြင်း၊ ရင့်ခြင်းသို့ ရောက်၏။ မဂ်လေးပါး၊ ဖိုလ်လေးပါး နှင့် ပြည့်စုံသည်ဖြစ်၍ ဝိမုတ္တိတရားတည်းဟူသော သန့်ရှင်းဖြူစင် အညစ်အကြေးမရှိသော အရဟတ္တဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်ဖြစ်ကြောင်း ဘုရားရှင်က မိန့်မှာခဲ့ပေသည်။

## ၉။ တရားကျင့်သူကို တရားက ပြန်လည် စောင့်ရှောက်သည်(မောဟမူဒသကအရွယ်)

ဆီးဖြူပင်ဆရာတော်ကြီး တစ်ပါးတည်း ဆယ်စုနှစ်တစ်စုခန့် သီတင်းသုံးပြီးအကြာတွင် ဦးပဉ္စင်းနှစ်ပါး၊ ကိုရင်သုံးပါး စတင်ရောက်ရှိလာခဲ့ကြသည်။ ထို့နောက် တဖြည်းဖြည်း ဦးပဉ္စင်း၊ ကိုရင်၊ သီလရှင် ယောဂီများ ဆထက်ထမ်းပိုး တိုး၍သာ ရောက်ရှိလာကြနေပြီ ဖြစ်သည်။

"ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ" ဟူသော ပါဠိတော်လာအရ တရားကျင့်သောသူကို တရားက တစ်ဖန် ပြန်လည်စောင့်ရှောက်သည်။ ဆီးဖြူပင်ဆရာတော်ကြီးသည် သာသနာတော်နှစ် ၂၅၄၂-ခုနှစ်၊ မြန်မာ သက္ကရာဇ် ၁၃၆၀-ပြည့်နှစ်၊ ခရစ်နှစ် ၁၉၉၈-ခုနှစ်တွင် ဆီးဖြူပင်သာသနာ့ရိပ်သာကျောင်း၌ သီတင်းသုံးလာခဲ့ရာ သက်တော် (၉၀)ပြည့်နှစ် သိက္ခာဝါတော် (၄၀)ထဲသို့ ချဉ်းနင်း ဝင်ရောက်လာခဲ့ပေပြီ။

သထုံ၊ တောင်စွန်း၊ ကျွန်းကုန်း၊ အနန်းပင်တောရ စသော နေရာဒေသ အသီးသီးတို့၌ သမထ - ဝိပဿနာ ဘာဝနာတရားများကို ပြန့်ပွားအောင် စွမ်းအားရှိသမျှ ကြိုးစားရွက်ဆောင်တော်မူခဲ့သည်။ ဆီးဖြူပင် သာသနာ့ရိပ်သာတွင်မူ အချိန်ပြည့် တရားကျင့်ပုဂ္ဂိုလ် ၆၀ ဦးခန့်၊ အချိန်ပိုင်း တရားကျင့်ပုဂ္ဂိုလ် (၁၅၀) ဦးခန့် ကို တရားဘာဝနာ ဟောညွှန်ပြသ ကျွေးမွေးစောင့်ရှောက်နေပြီ ဖြစ်သည်။

ကျမ်းဂန်များတွင် အသက်ရှစ်ဆယ်မှ ကိုးဆယ်အရွယ်ထိကို မောဟမူဒသကအရွယ် ဟု ပြဆိုထားပါသည်။ ဆိုလိုသည်မှာ အမှတ်သတိနည်း၍ မေ့လျော့နေတတ်ပါပြီ။ အသက်အရွယ် အိုမင်းရင့်ရော်နေပြီ ဖြစ်၍ ခါးကိုပင် ကောင်းကောင်း ဆန့်မထားနိုင်တော့ပေ။ ခါးကုန်းနေပါပြီ။ ကုသိုလ်ကောင်းမှုလုပ်ရန် စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပြီ။ လှုပ်လှုပ်ရှားရှားပင် မလုပ်နိုင်တော့ပေ။ အရွယ်ဆယ်ပါးတွင် အမေ့တတ်ဆုံး အရွယ်ဖြစ်၏။

မှတ်ချက်။ ။ အသက်တစ်နှစ်မှ လေးဆယ်နှစ်အထိနှင့် အသက် ရှစ်ဆယ်နှစ်မှ တစ်ရာကြားကာလများသည် ကုသိုလ်ကောင်းမှု ပြုလုပ်ရေးအတွက် ကောင်းစွာဆောင်ရွက် လုပ်ကိုင်သွားလာနိုင်ခြင်း မရှိပေ။ ပုံသေတွက်ရန် မဟုတ်ဘဲ ယေဘုယျ သဘောကိုသာ ဆိုလိုခြင်း ဖြစ်သည်။ အရွယ်ငယ်ငယ်နှင့် ကုသိုလ်ကောင်းမှု ပြုနေတတ်သူများရှိသကဲ့သို့၊ အရွယ်ကြီးသော်လည်း ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေတတ်သူများရှိကြောင်း သတိပြုသင့်သည် ။

## ၁၀။ တရားဓမ္မ ကျင့်ပွားကြ ဘွဲ့တံဆိပ်တော်ရ (သဃန ဒသကအရွယ်)

ဤစာရေးသူသည် ပထမဆီးဖြူပင် ဆရာတော်ကြီး၏ ဘဝဖြစ်စဉ် ထေရုပ္ပတ္တိ အကျဉ်းချုပ်ကို အသက်အရွယ် ဆယ်စုနှစ်စီ အပိုင်းအခြားပြုလုပ်ကာ "ဒသက ဆယ်ပါး ဘာဝနာပွား" နိုင်ရန်နှင့် စိတ်ဝင်တစား လေ့လာလိုသူများ သိရှိနိုင်ရန် တင်ပြလာခဲ့ရာ သဃန ဒသကအရွယ်သို့ ရောက်ရှိလာပြီ ဖြစ်သည်။

ကျမ်းဂန်များတွင် အသက်ကိုးဆယ်မှ အသက်တစ်ရာအရွယ်ထိကို သဃနဒသကအရွယ် ဟု ပြဆိုထားပါသည်။ ဆိုလိုသည်မှာ အသက်အရွယ် အလွန်ကြီးရင့်နေပြီဖြစ်၍ မိမိကိုယ်တိုင် ဘာကိုမျှ မလုပ်နိုင်တော့ဘဲ အအိပ်များသော အရွယ် ဖြစ်သည်။ အိပ်ရာထဲမှာသာ အမြဲလဲနေတော့သည်။ သတိတရားလည်း ပမှန်တော့ချေ။ အရာရာ အခြား သူတစ်ပါးကိုသာ မှီခိုနေကြရသဖြင့် ကုသိုလ်ကောင်းမှု မလုပ်နိုင်တော့ပေ။ ဉာဏ်ပညာ လေးလံထိုင်းမှိုင်း နေပြီး၊ ဇရာတရားများက အလွန် ညှဉ်းပန်းနှိပ်စက်နေချေပြီ ဖြစ်ကြောင်း ပြဆိုထားပါသည်။ ဆီးဖြူပင် ဆရာတော်ကြီးမှာကား ထိုကျမ်းဂန်ပြဆိုချက်များနှင့် တခြားစီ ဖြစ်သည်ဟု ဆိုရချေမည်။

အကြောင်းမှာ - သဃနဒသကအရွယ်ထဲသို့ ချဉ်းနင်းဝင်ရောက်ဆဲကာလတွင် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းမှုကို ရရှိတော်မူခဲ့သောကြောင့် ဖြစ်ပါသည်။ သာသနာတော်နှစ် ၂၅၄၅ - ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၃ ခုနှစ် နတ်တော်လပြည့်ကျော် (၅) ရက်၊ ခရစ်နှစ် ၄ - ၁ - ၂၀၀၂ ခုနှစ် သောကြာနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၂ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း အမိန့်ကို ထုတ်ပြန်ခဲ့ပါသည်။

ထိုအမိန့်ကြော်ငြာစာ၏ အပိုင်း (၂)တွင် ကမ္မဋ္ဌာန်းနည်းပြ ဘွဲ့တံဆိပ်တော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ငါးပါး ပါရှိရာ -

(က) ဆရာတော် ဘဒ္ဒန္တတိလောက၊

(ခ) ဆရာတော် ဘဒ္ဒန္တသူရိယ၊ (ဆီးဖြူပင်သာသနာ့ရိပ်သာကျောင်း၊ ဆီးဖြူပင်ကျေးရွာ၊ သဖန်းပင်ကျေးရွာအုပ်စု၊ တောင်ငူမြို့နယ်၊ တောင်ငူခရိုင်၊ ပဲခူးတိုင်း။

(ဂ) ဆရာတော် ဘဒ္ဒန္တဉာဏ၊

(ဃ) ဆရာတော် ဘဒ္ဒန္တသုစိတ္တ၊

(င) ဆရာတော် ဘဒ္ဒန္တဓမ္မိက တို့အသီးသီးဖြစ်ကြပါသည်။

သာသနာပြုဆိုင်ရာ ကမ္မဋ္ဌာန်းနည်းပြ အမြင့်ဆုံးဘွဲ့တံဆိပ်တော်ဖြစ်သည့် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ငါးပါး စာရင်းတွင် ဒုတိယအမှတ်စဉ်၌ ကျေးဇူးတော်ရှင် သက်တော်ရှည် ပထမဆီးဖြူပင်ဆရာတော်ကြီး (ရာသက်ပန် ဘေးမဲ့သားလွတ် ) ၏ ဘွဲ့တော်အမည်ကို ဖေါ်ပြထားကြောင်း တွေ့ရှိရပေသည်။

ထို့အပြင် မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး (၉)ပါးနှင့် ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး တစ်ပါးတို့၏ စာရင်းများလည်း အသီးသီး ပါရှိသည်။ သာသနာတော်နှစ် ၂၅၄၅ - ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၃ - ခုနှစ်၊ တပေါင်းလပြည့် ခရာစ်နှစ် ၂၀၀၂ - ခုနှစ်၊ မတ်လ (၂၈)ရက် ကြာသပတေးနေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့်အတူ ပထမ ဆီးဖြူပင်ဆရာတော်ကြီးအား အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် (ကမ္မဋ္ဌာန်းနည်းပြ ပထမအဆင့်)ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

အဂ္ဂ = အမြတ်ဆုံးဖြစ်သော။

မဟာ = ကြီးကျယ်မြင့်မြတ်သော။

ကမ္မဋ္ဌာနာစရိယ = သမထ.ဝိပဿနာဘာဝနာတို့ကို ထွန်းလင်းတောက်ပအောင် ဟောညွှန်ပြသ သင်ကြားပေးသော ပုဂ္ဂိုလ်ဟု ဆိုလိုသည်။

သာသနာပြုရာတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ ကမ္မဋ္ဌာန်းတရားတော်များကို သူမတူအောင် ထူးချွန်စွာ ဆောင်ရွက်ဟောညွှန်ပြသ သင်ကြားပေးနိုင်သော ပုဂ္ဂိုလ်များအား ဤထိပ်တန်း ဘွဲ့တံဆိပ်တော်ကို လှူဒါန်းဆက်ကပ်ခြင်းဖြစ်သည်။ ဂုဏ်သိက္ခာကြီးမားသော ပုဂ္ဂိုလ်တို့ကိုကား ချီးကျူးဂုဏ်ပြု ထောမနာပြု၍ မကုန်နိုင်သည်မှာ လောကဓမ္မတာ ပင်။ ဆရာတော်ကြီးက မိန့်ကြားတော်မူသည်မှာ - ဆရာ့ ဆရာတော်များလည်း ဘွဲ့တံဆိပ်တော်ကို အားပါးတရ လက်ခံလိုကြသူမဟုတ်။ အများနှင့် မဆန့်ကျင်လို၍ လက်ခံတော်မူကြရခြင်းဖြစ်သည်။

ဘုန်းကြီးက ဒီဘွဲ့တံဆိပ်တော် ရလာအောင် ပြုလုပ်နေခြင်း မဟုတ်ပါ။ ဘုရားသာသနာတော်အတွက် ဘုရားရှင်၏ အလိုကျ ဖြစ်နိုင်သမျှဖြစ်အောင် သာသနာတော်ကို ပြုပြင်မွမ်းမံ ထိန်းသိမ်း စောင့်ရှောက်နေခြင်းသာ ဖြစ်ပါတယ်၊ ဒီ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရတာ လမ်းဆုံးပြီ ဟု မမှတ်ယူကြပါနှင့် ကိုယ်ကျင့်မှသာ ကိုယ်ရတာပါ။ သာသနာတော်အတွက် နိစ္စဓူဝ လုပ်နေကြအလုပ်တွေကို မသေသေးသရွေ့ လုပ်မြဲဆက်လက် လုပ်ဆောင်နေဦးမည်သာ ဖြစ်ပါတယ်" ဟု မိန့်မြွက်တော်မူသည်မှာ အထူးပင် ကြည်ညိုလေးစား မှတ်သားလောက်ပါပေသည်။

- ဒါယိကာမတွေ ကြည်ညိုဖို့ထက် ဒါယကာတွေ ကြည်ညိုဖို့က ခက်ခဲသည်။
- ဒါယကာတွေ ကြည်ညိုဖို့ထက် မိမိရဲ့အနီးနေ တပည့်သံဃာများ ကြည်ညိုဖို့က ပို၍ခက်ခဲသည်။
- တပည့်သံဃာတွေ ကြည်ညိုဖို့ထက် မိမိကိုယ် မိမိ ကြည်ညိုဖို့က အခက်ခဲဆုံးပင် ဖြစ်သည်။

ဆရာတော်ကြီးသည် ဗုဒ္ဓသာသနာတော်အပေါ်၌ မကြည်ညိုးသေးသူတို့ ကြည်ညိုလာကြစေရန်၊ ကြည်ညိုပြီးသူတို့လည်း ခိုင်မြဲစွာ ပိုမို တိုးတက် ကြည်ညိုလာကြစေရန် လက်တွေ့ ဂျင့်သုံးနေထိုင်ခြင်း၊ ဟောပြောခြင်း၊ လမ်းညွှန်ဆုံးမ သြဝါဒပေးခြင်း တို့ကို မနားမနေဆောင်ရွက်တော်မူသည့်အတွက် ဤဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်အစိုးရက ထိုက်ထိုက်တန်တန် ဆက်ကပ်လှူဒါန်းခြင်း ဖြစ်ပေသည်။

ဆရာတော်ကြီး၏ ဂုဏ်တော်များကို ကုန်စင်အောင် ရွေးစုငင်ထုတ်နုတ်ပါသော်လည်း ထိုဆရာတော်ကြီး၏ ဂုဏ်တော်တို့ကား ကုန်နိုင်ဖွယ်ရာ မရှိပါပေ။ အကြောင်းမူကား - အဆုံးမရှိ များပြားကျယ်ဝန်းလှသောကြောင့်ပင် ဖြစ်သည်။ ထိုမကုန်နိုင်လောက်အောင် များမြောင်လှသော ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်တို့ကို ပညာရှိကဝိသုခမိန်များကသာလျှင် ထုတ်ဖော်နိုင်ရန် စွမ်းဆောင်နိုင်ပေလိမ့်မည်။

## (၁) အတိတ်သမိုင်းက မြင့်မြတ်ဘွဲ့တံဆိပ်တော်

လောက၌ ပွင့်ထွန်းပေါ်ပေါက်တော်မူပြီးသော ဘုရားသဗ္ဗညု အဆူဆူတို့သည် ဗုဒ္ဓသာသနာတော်တွင် အများတကာတို့ထက် ထူးခြားသာလွန်သည့် ဂုဏ်ထူး ဝိသေသနှင့် ပြည့်စုံသော ရဟန်းယောက်ျား. ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမ တို့အား ယင်းဂုဏ်ထူးဝိသေသများအလိုက် သာသနာတော်ဆိုင်ရာ အမြင့်မြတ်ဆုံး (ဧတဒဂ်) ဘွဲ့ဂုဏ်ထူးများကို ဘုရားရှင်တို့ ကိုယ်တော်တိုင်ပင် ချီးမြှင့်ပေးအပ်ခဲ့တော်မူကြောင်း ပိဋကတ် စာပေကျမ်းဂန်များ၌ ထင်ရှားစွာ ဖော်ပြထားပေသည်။

ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသည့် နောက်ပိုင်းတွင်လည်း မြတ်ဗုဒ္ဓ၏ သာသနာတော်

ကို စဉ်လာမပျက် ထိန်းသိမ်းစောင့်ရှောက် ချီးမြှောက်ထောက်ပံ့သည့်အနေဖြင့် ဗုဒ္ဓဘာသာနိုင်ငံအသီးသီးရှိ မင်းအစိုးရအဆက်ဆက်တို့က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း "သာသနဝံသကျမ်း" များအရ သိရှိမှတ်ထားရပေသည်။ ယင်းတို့အနက် သီရိလင်္ကာ (သီဟိုဠ်) နိုင်ငံဘုရင်မင်းအဆက်ဆက်တို့သည် သာသနာ့ဦးသျှောင် ဆရာတော်ကြီးများအား "သံဃရာဇာ၊ သံဃဂုရု၊ ကဝိစက္ကဝတ္တိ" အစရှိသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းကိုလည်း လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင်လည်း ပုဂံခေတ်မှသည် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်သို့တိုင် ခေတ်အဆက်ဆက်၌ သာသနာတော်ကို ကြည်ညိုကြသော မင်းအစိုးရအဆက်ဆက်တို့သည် "အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂပဏ္ဍိတ၊ ဒီသာပါမောက္ခ၊ သိရီမဟာစတုရင်္ဂဗလ၊ သုဓမ္မ မဟာသာမိ၊ ရာဇဂုရု၊ မဟာဓမ္မရာဇဂုရု၊ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ဓမ္မသေနာပတိ" အစရှိသော ဘွဲ့တံဆိပ်တော်များနှင့် ပထမစာတော်ချ ဒုတိယစာတော်ချ၊ တတိယစာတော်ချ အစရှိသော ဘွဲ့တံဆိပ်တော်များကို သာသနာ့တွင် ထင်ရှား၊ ထူးခြားသော ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းခဲ့ကြပေသည်။

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝရောက်ချိန်၌ နယ်ချဲ့ကိုလိုနီတို့၏ ဖိနှိပ်မှုဒဏ်ကြောင့် မြတ်ဗုဒ္ဓ၏ သာသနာရောင်ရှိန် မှေးမှိန်ခဲ့ရသော်လည်း လွတ်လပ်ရေးရရှိပြီးသည့် နောက်ပိုင်းကာလများတွင်မူ အုပ်ချုပ်သူအစိုးရတို့သည် ပြည်တွင်းရှိ သာသနာ့ဦးသျှောင် ဆရာတော်ကြီးများကိုသာမက ပြည်ပရှိ ထေရဝါဒဗုဒ္ဓသာသနာပြု ဆရာတော်များကိုပါ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များကို စဉ်ဆက်မပြတ် ဆက်ကပ်လှူဒါန်းလျက် ရှိနေကြသည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်ပေသည်။

## (၂) သတိတမံ ဉာဏ်မြေကတုတ် စိတ်ဆင်ရိုင်းကို ပညာချွန်းဖြင့်အုပ်

ဆရာတော်ကြီးသည် ပစ္စည်းလေးပါး "ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး"နှင့် ပတ်သက်၍ ဆွမ်း၊ ခဲဖွယ်စသည့် အာဟာရများကို ဘုဉ်းပေးသုံးဆောင်စဉ် လှပဖို့၊ ခွန်အားကောင်းဖို့ မရည်ရွယ်ပါ။ ခန္ဓာကိုယ် အရှည်တည်တံ့ရုံ၊ မျှတရုံ၊ သာသနာ့အကျိုး သယ်ပိုးထမ်းဆောင်နိုင်ရန် စိတ်အာရုံထား၍ ဘုဉ်းပေးပါသည်။ ဝေဒနာဟောင်းကို ပယ်ဖျောက်၍ ဝေဒနာသစ်ကို ကာကွယ်ရန်အတွက်သာ ဘုဉ်းပေးပါသည်။ ဣဏပရိဘောဂ ထိုက်၍ ကြွေးတင်မှာကို အထူးစိုးရိမ်သဖြင့် ပစ္စဝေက္ခဏာတင်ကာ ဆင်ခြင်ဘုဉ်းပေးပါသည်။

"ရဟန်းစားရသော ဆွမ်းတစ်နပ် မလွယ်ကူကြောင်း"နှင့် "ရဟန်းမစားရသော ဆွမ်းတစ်နပ် အကြောင်း" တို့ကို စာရေးဆရာကြီး ဒါရိုက်တာ ဘဘ ဦးသုခ၏ အသံလွှင့် ရုပ် - သံ ဇာတ်လမ်းကို ကြည့်ရှုနားဆင်ခြင်းဖြင့် ထင်ရှား သိသာနိုင်ပါသည်။

ဒါယကာ၊ ဒါယိကာမများ လှူဒါန်းထားသည့် အဝတ် (သင်္ကန်း)ကို ဝတ်ရုံ သုံးဆောင်ရာတွင်လည်း ရာသီဥတု၏ နေဒဏ်၊ မိုးဒဏ်၊ လေဒဏ်များမှ ကာကွယ်ရန် ဘေးဥပါဒ်မဖြစ်စေရန်အတွက်သာ ဝတ်ရုံသုံးဆောင်ပါသည်။ မှက်၊ ခြင်၊ ယင် စသော ပိုးမွှားများ ကိုက်ခဲခြင်းကာကွယ်ရန်နှင့် အရှက်အကြောက်ကာကွယ်ရန်၊ ဟိရိဩတ္တပ္ပတရား ထားရှိရန်တို့ အတွက်သာ စိတ်အာရုံပြု၍ ဝတ်ရုံသုံးစွဲပါသည်။ လှပဖို့အတွက် သင်္ကန်းကို ဝတ်ဆင်နေခြင်း မဟုတ်ပါ။ နိုင်ငံခြားဖြစ် အဝတ်အထည်မှစ၍ ဝါချည်၊ သက္ကလပ် စသည့် ပစ္စည်းများဖြင့် ရက်လုပ်ထားသော သင်္ကန်းများကို ဆင်မြန်းဝတ်ရုံခွင့် ရှိပါလျက် ဟိတ်၊ ဟန် လုပ်ပြီး ဝတ်ရုံလေ့မရှိပါ။

ဒါယကာ၊ ဒါယိကာမများ လှူဒါန်းထားသည့် ကျောင်း၊ သင်္ခမ်း၊ အိပ်ရာ နေရာကို သုံးစွဲသည့်အခါတွင်လည်း

အချမ်း၊ အပူဒဏ်မှ ကာကွယ်ရန် မှက်၊ ခြင်၊ ယင် စသော ပိုးမွှားရန်မှ ကာကွယ်ရန်၊ ပြင်းထန်ဆိုးရွားသော ရာသီဥတု ဒဏ်တို့မှ ကာကွယ်ရန်ဟူသော ကောင်းမြတ်သည့် စိတ်နလုံးထားဖြင့် ကျောင်းအဆောက်အဦးကို နေထိုင်ခြင်း ဖြစ်သည်။ ဆရာတော်သီတင်းသုံးနေထိုင်စဉ်အတွင်း အမြဲထာဝရ သန့်ရှင်းသာယာလှပအောင် စနစ်တကျ စောင့်ရှောက်ထားလေ့ရှိသည်။ ကျောင်းတိုက်တွင် ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်လေ့ရှိပြီး ကျောင်း အဆောက်အဦးပေါ်တွင် စွဲလမ်းမှု တစ်စုံတစ်ရာ ထားရှိခြင်း မရှိပါ။

ကျန်းမာရေးအတွက်လည်း ရဟန်းတော်များအား ဘုရားပေးထားခဲ့သော ဆေးဝါးဓာတ်စာများအဖြစ် နွားကျင်ငယ်ရေထဲတွင် ဆီးဖြူသီး၊ သျှစ်သျှားသီး၊ ဖန်ခါးသီးတို့ကို စိမ်၍ လိုအပ်သလို မှီဝဲရန် ညွှန်ကြားထားပြီး ဖြစ်ပါသည်။ ဖြစ်ပြီး၊ ဖြစ်ဆဲ ဝေဒနာများ ပပျောက်စေရန် စိတ်ချောက်ချားမှုကြောင့်ဖြစ်သော ဝေဒနာများ ကင်းရှင်း စေရန် ကာကွယ်ရန်အတွက်လည်း ထောပတ် ဆီဦး၊ စားသုံးဆီ၊ ပျားရည်၊ တင်လဲ စသော စတုမဓုတို့ကို ခွင့်ပြုထားပြီး ဖြစ်သည်။ ထို့ကြောင့် ခေတ်မီ ဆေးဝါး၊ အစားအသောက်များကို မလိုလား၊ မနှစ်သက်ပါ။ တစ်ခါ တစ်ရံ ကျန်းမာရေး ယိုယွင်းနေကြောင်း တပည့် ဒါယကာများ သိရှိ၍ အကြိမ်ကြိမ် လျှောက်ထားတောင်းပန်မှသာ လှူဒါန်းသူ စိတ်ကျေနပ်ရုံမျှ ဆေးသောက်ဆေးထိုး ဆေးကုသမှု ခံယူတော်မူသည်။

"သဒ္ဓိံ ပါကံ ဖနေတိ" ဟူသော ပါဠိတော်အရ မျက်နှာကြီး၊ ငယ် မလိုက်တတ်သော ကံတရား၏ အကျိုးပေးပုံမှာ ဆန်းကြယ်လှသည်။ အနေတတ်မှ အသေမြတ်မည်။

ပစ္စည်းလေးပါး "ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး" ဆိုသည်မှာ ရဟန်းသံဃာတော်များအတွက် မရှိလည်း မဖြစ်၊ ရှိပြန်တော့လည်း ပစ္စည်းအပေါ် အငြိ၊ အတွယ်၊ အနှောင် အဖွဲ့ ကြောင့်ကြ စိုးရိမ်ရသည်။ သတိတမံ ဉာဏ်မြေကတုတ်ပြု၍ စိတ်ဆင်ရိုင်းကို ပညာချွန်းဖြင့် အုပ်ထားနိုင်မှသာ တော်ကာကျမည် အထူးသတိပြု ရမည် ဟု မကြာခဏ မိန့်ကြားတော်မူလေ့ရှိပါသည်။

ဘုရားနှင့်တကွ ဘုရား၏ တပည့်သား သံဃာတော်အားလုံးတို့သည် အလှူခံပုဂ္ဂိုလ်ချည်းသာ ဖြစ်ကြသည်။ သို့ဖြစ်၍ အလှူရှင်များ၏ ဆန္ဒအတိုင်း ဦးဦးဖျားဖျား လှူသည်ဖြစ်စေ၊ အကြောင်းကြောင်းကြောင့် အကြွင်းအကျန် ကို လှူဒါန်းရသည်ဖြစ်စေ၊ အလှူဒါနပြုကြရာတွင် အလှူဝတ္ထုပစ္စည်းထက် စေတနာ သဒ္ဓါတရား ထက်သန် သန့်စင်မွန်မြတ်ခြင်းသာ ပဓာနဖြစ်ပြီး အလှူခံပုဂ္ဂိုလ်များက ခံယူကြမည်သာ ဖြစ်ပေသည်။

## (၃) ဆရာတော်ကြီးများ၏ ကျန်းမာရေးအခြေအနေ

ဆီးဖြူပင်ဆရာတော်ကြီးသည် အသက်အရွယ်အားဖြင့် ကြီးရင့်နေပြီ ဖြစ်သော်လည်း ရာသက်ပန် ဘေးမဲ့ သားလွှတ် ဆွမ်းဘုဉ်းပေးသဖြင့်လည်းကောင်း၊ ဝိပဿနာကျင့်ကြံအားထုတ်မှု စရဏအား ကောင်းသောကြောင့် လည်းကောင်း၊ ဥတုရာသီအလိုက် ဆင်ခြင်နေထိုင်ကာ ကျန်းမာရေးကို အထူးဂရုစိုက်ပြီး အာယုဝမန ရှေးပြာဆေး ဝါး ဓာတ်စာများကို အစဉ်မှီဝဲ သုံးဆောင်သောကြောင့်လည်းကောင်း အရွယ်နှင့်မမျှအောင်ပင် ကျန်းမာသွက်လက် သည်။ ပေါ့ပါးလန်းဆန်းနေသည်။ သတိကောင်းနေသည်။ အသံသြဇာနှင့် ပြည့်စုံနေသည်။

တစ်ခါတရံ ကိုယ်လက် မအီမသာ ဖြစ်နေပါကလည်း ကြွရောက်လာသော ဧည့်သည်များကို ဗုဒ္ဓမြတ်စွာ၏ တရားဒေသနာတော် ဟောကြားဆုံးမခွင့်ရလိုက်သည်နှင့်တစ်ပြိုင်နက် ပြန်လည်ကျန်းမာသွားကြောင်း သိရ၏။ သတ္တဝါတွေကို ဘေးမဲ့ ပေးတော့ စိတ်ချမ်းသာမှု ရရှိသည်။ စိတ်ချမ်းသာမှုရရှိတော့ ကိုယ်လက်ကျန်းမာသည်။

## (၄) သီလမှမ်းထုံ ဂုဏ်ပေါင်းစုံသည့် ဆီးဖြူပင်ဆရာတော်ဘုရား

ကျေးဇူးတော်ရှင် ပဌမဆီးဖြူပင်ဆရာတော်ဘုရားကြီး၌ ကြည်ညိုဖွယ်ရာ ဂုဏ်အပေါင်းတို့သည် ရေးသား မကုန်နိုင်လောက်အောင်ပင် များပြားလှပေသည်။ ထေရဝါဒ ကမ္မဋ္ဌာန နယူဒေသကဂုဏ်၊ ဝိပဿနာဓုရာဝဟာဂုဏ်၊ သန္တိသုခနိဒဿနဂုဏ်၊ မဟာနာယကဂုဏ်၊ ပဋိပတ္တိဝိသာရဒဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမ ဝိနယ ဂရုက သံသာရ ဘီရုကဂုဏ် စသော ဂုဏ်ကျေးဇူးများကား ဖော်ကျူး၍ပင် ကုန်အံ့မထင်ပါ။

ဆရာတော်ကြီး၌

| | | |
|---|---|---|
| ခမာ | = | သည်းခံခြင်းနှင့် ပြည့်စုံခြင်းဂုဏ် |
| ဇာဂရိယ | = | နိုးကြားခြင်းရှိ၍ အရာရာတွင် အမှတ်သတိဖြင့် ပြုတော်မူခြင်းဂုဏ် |
| ဥဋ္ဌာန | = | တပည့်များထက် ထကြွ၊ လုံ့လ ရှိတော်မူခြင်းဂုဏ် |
| သံဝိဘာဂ | = | အရာရာတွင် ခွဲခြားဝေဖန်နိုင်ခြင်းဂုဏ် |
| ဒယာ | = | သနား ကြင်နားတော်မူတတ်ခြင်းဂုဏ် |
| ဣက္ခဏာ | = | အရာရာတွင် ဉာဏ်ဖြင့် ကြည့်ရှုတော်မူတတ်ခြင်းဂုဏ် ဟူသော ဤခြောက်ပါးဖြင့် ပြည့်စုံတော်မူသောကြောင့် ကိုးကွယ် ဆည်းကပ်ကြသူတိုင်း ကြည်ညိုလို့ မဝနိုင်အောင် ရှိကြရပေသည်။ |

ဆီးဖြူပင်ဆရာတော်ဘုရားကြီးသည် ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ နည်းနိဿယအတိုင်း သတိပဋ္ဌာန်လေးပါးဖြင့် ဝိပဿနာတရားရှုမှတ်ရာတွင် ဝမ်းဗိုက်မှ ဖောင်းတာ၊ ပိန်တာတို့ကို ရှုမှတ်ရမည်ဟု မိမိကိုယ်တိုင်လည်း လက်ခံကျင့်သုံး၍ ဒကာ၊ ဒကာမများကို ဟောကြားပြသရာတွင် အချို့သော ဆန့်ကျင်ဖက် ပုဂ္ဂိုလ်တို့က ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ဖြင့် အမျိုးမျိုး ပုတ်ခတ်ပြောဆိုခဲ့ကြသော်လည်း သည်းခံတော်မူ၍ အမှန်တရားတွေ့နိုင်သော ဖောင်းတာ၊ ပိန်တာတို့ဖြင့် ဝိပဿနာတရား ရှုမှတ်ပုံများကို တစ်စိုက်မတ်မတ် ဆက်လက် ဟောကြားပြသတော်မူခဲ့ပါသည်။ တကယ် လက်တွေ့ ရှုမှတ်ခြင်းဖြင့် တရားတွေ့သွားကြသော ယောဂီများ ရှိပါ သည်။ ဒေသခံ ဘာသာခြားအချို့ကလည်း လက်တွေ့က လက်ခံ ကျင့်သုံးလာကြကြောင်း တွေ့ရပေသည်။ ဤကဲ့သို့ ဆီးဖြူပင်ဆရာတော်ကြီးသည် သည်းခံခြင်း = ခမာဂုဏ်နှင့် ပြည့်စုံတော်မူပါပေသည်။

ဆီးဖြူပင်ဆရာတော်ဘုရားကြီးသည် ပိဋကတ်ကျမ်းစာများကို ကြည့်ရှုတော်မူခြင်း၊ စာပေရေးသား တော်မူခြင်း၊ တရားဟောကြားတော်မူခြင်း စသည်တို့တွင် အလွန်ပင် နိုးနိုးကြားကြားရှိ၍ အရာရာကို အမှတ်သတိ ဖြင့် အမြဲတမ်းလိုပင် ပြုလုပ်တော်မူလေ့ရှိသည်။ သွား၊ ရပ်၊ ထိုင်၊ လျောင်း ဣရိယာပုဒ်လေးပါးကိုလည်း အမှတ် သတိထားရှိလေသည်။ ဤကဲ့သို့ ဆီးဖြူပင်ဆရာတော်ကြီးသည် နိုးကြားခြင်း = ဇာဂရိယဂုဏ်နှင့်လည်း ပြည့်စုံ တော်မူပါပေသည်။

ဆီးဖြူပင် ဆရာတော်ဘုရားကြီးသည် တပည့် ဒကာ . ဒကာမများနှင့်အတူတကွ ဘုရားရှိခိုးခြင်း၊ တရား ထိုင်ခြင်း၊ ဥပုသ်ပြုခြင်း စသည်တို့ကို ပြုလုပ်ရာတွင် ဆရာတော်ကြီးကပင် စည်းဝေးရာသို့ ရှေးဦးစွာ ရောက်ရှိ နေတတ်ပေသည်။ ဤကဲ့သို့ ဆီးဖြူပင် ဆရာတော်ကြီးသည် ထကြွလုံ့လရှိခြင်း = ဥဋ္ဌာနဂုဏ်နှင့်လည်း ပြည့်စုံတော် မူပါပေသည်။

ကျေးဇူးတော်ရှင် ဆီးဖြူပင် ဆရာတော်ဘုရားကြီးသည် အမြို့မြို့ အနယ်နယ် ၊ ဒေသအသီးသီးတို့မှ ရောက်ရှိလာကြသော ရဟန်းသံဃာတော်များ၊ ကိုရင်များ၊ သီလရှင်များ၊ ယောဂီများအား မည်သို့မည်ပုံ ဆောင်ရွက် ကြရမည် စသည်ဖြင့် ခွဲခြားဝေဖန် ဆောင်ရွက်စေပါသည်။ အဘယ်ပုဂ္ဂိုလ်က သီလရှင်များနှင့် ယောဂီအမျိုးသမီး

များကို တရားစစ်ပေးကြရမည်။ အဘယ်ပုဂ္ဂိုလ်က ဆွမ်းစားကျောင်း တာဝန်ယူရမည်။ အဘယ်ပုဂ္ဂိုလ်က သေနာသနဝတ် ဆောင်ရွက်ကြရမည် စသည်ဖြင့် ခွဲခြားဝေဖန် ဆောင်ရွက်စေပါသည်။ ဤကဲ့သို့ ကျေးဇူးတော်ရှင် ဆီးဖြူပင် ဆရာတော်ဘုရားကြီးသည် ခွဲခြားဝေဖန်နိုင်ခြင်း = သံဝိဘာဂဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေသည်။

ဆီးဖြူပင် ဆရာတော်ဘုရားကြီးသည် ဆင်းရဲနွမ်းပါး မပြည့်စုံကြသော ပုဂ္ဂိုလ်များနှင့် တိရစ္ဆာန်သတ္တဝါတို့အား အလွန်ပင် သနားကြင်နာတော်မူတတ်ပါသည်။ ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ မိမိငယ်ဝဉ်အခါ မိတ်ဆွေတစ်ဦးက မိမိ၏ရှေ့တွင် ငါးသလဲထိုးကို နွားနို့စိမ်သည်။ ငါးသလဲထိုးသည် နွားနို့ဝသော် သေ၏။ ထိုအခါ ကြော်စားကြသည်။ အခြားတစ်ဦးက ကြက်ကို တုတ်ဖြင့် ရိုက်လိုက်ရာ ယိုင်ထိုး ယိုင်ထိုးဖြင့် ပြေးလွှားနေသည်။ ထို့နောက် ကြက်က ထိတ်လန့်ဖွယ်ရာအသံဖြင့် အော်ဟစ်၍ ဘဝတစ်ပါး ပြောင်းသွားကြရရှာသည်။ အသံပျောက်သွားပြီး မကြာမီ ဆရာတော်လောင်းလျာထံ ဟင်းအဖြစ် လာပို့ပေးသည်။ ထိုနေ့ကစ၍ သနားစရာသတ္တဝါငယ်ကလေးများအား လုံးဝမစားတော့။ ဘောမဲ့သားလွတ် သက်ပယ်ဟင်းကိုသာ စားသုံးပါတော့မည်ဟု သစ္စာဓိဋ္ဌာန်ပြုကာ ဆုံးဖြတ်ချက် ချလိုက်ပါတော့သည်။

သို့ဖြစ်၍ ဆွမ်းကပ်ရာ၌လည်း သား၊ ငါးများ မပါဝင်၍ သတ္တဝါအများ အသက်ချမ်းသာရကြသည်။ သတ္တဝါတွေ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အသက်ရှည်ပါစေဟု မေတ္တာဘာဝနာ ပွားများပြီးလည်း အလိုလို ဖြစ်ရ၏။ မည်သည့်အရပ် ဒေသပင်ရောက်ရောက်၊ မည်သည့် သား. ငါး သတ္တဝါတစ်ကောင်တစ်လေမျှ (ဟင်းအဖြစ်) သေ၍ မပေးကြရ။ နံနက်ဆွမ်း၊ နေ့ဆွမ်း ဘောမဲ့သားလွတ်ချည်းသာ ဆွမ်းကပ်ကြရသဖြင့် မေတ္တာ၊ ကရုဏာအပြင် မုဒိတာလည်း ပွားများကြရသဖြင့် မွန်မြတ်လှပါပေသည်။

ထိုသတ္တဝါတွေက စကားပြောတတ်ကြမည် ဆိုပါလျှင် "ဆရာတော် အရှင်မြတ်တို့ဘုရား တပည့်တော်တို့ကို သတ်ဖြတ်မစားကြအောင်လည်း လူတွေကို တရားဟောပေးခဲ့ပါဦးဘုရား လူတွေက သိပ်ဆိုးကြပါတယ်။ မညှာ ကြဘူး ဘုရားဟူ၍ပင် လျှောက်တင်ကြမည်လား မသိနိုင်ပါ" ဤသို့လျှင် သနားစရာ ကောင်းသော သတ္တဝါများကို ငဲ့ညှာသနားကရုဏာထားတော်မူပါသည်။

ဤကဲ့သို့ ကျေးဇူးတော်ရှင် ဆီးဖြူပင် ဆရာတော်ဘုရားကြီးသည် သတ္တဝါများအပေါ် သနားကြင်နာ ကရုဏာထားတော်မူတတ်ခြင်း = ဒယာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေသည်။

ဆီးဖြူပင် ဆရာတော်ဘုရားကြီးသည် ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်၍ အရာရာတွင် အမှန်ကို သိမြင်တတ်သော ဉာဏ်ပညာတို့နှင့် ပြည့်စုံတော်မူပါပေသည်။ မြန်မာသက္ကရာဇ် ၁၃၆၇-ခုနှစ်က ဤစာရေးသူသည် ဆရာတော်ဘုရားကြီး သီတင်းသုံးနေတော်မူရာ ဆီးဖြူပင် သာသနာ့ရိပ်သာသို့ ဖူးမြော်ရန် ရောက်ရှိသွားခဲ့ပါသည်။ ထိုအခါ မိမိ မသိနားမလည် မရှင်းလင်းသည့် သိဒ္ဓိ. မဟိဒ္ဓိ အကြောင်းများကို လျှောက်ထားခဲ့ပါသည်။

ကျေးဇူးတော်ရှင် ဆီးဖြူပင် ဆရာတော်ဘုရားကြီးက မဆိုင်းမတွ တစ်ခဏအတွင်းမှာပင် ဖြေကြားတော်မူသည်မှာ -

သိဒ္ဓိ ဆယ်မျိုး ရှိသည်။ ယင်းတို့မှာ -

| | | | |
|---|---|---|---|
| (က) | အာယုသိဒ္ဓိ | = | အသက်ရာ.ထောင်မက နေနိုင်ခြင်း။ |
| ( ခ ) | ယောဗ္ဗနသိဒ္ဓိ | = | အဆင်းပုံပန်း. အရွယ် အမြဲနုပျိုနေခြင်း။ |
| ( ဂ ) | အာရောဂျသိဒ္ဓိ | = | ရောဂါကင်းရှင်း ကျန်းမာခြင်းဂုဏ်နှင့် ပြည့်စုံခြင်း။ |
| (ဃ) | ကာယသိဒ္ဓိ | = | ဓား. လှံ စသော လက်နက်အမျိုးမျိုးတို့ဖြင့် ထိုးမဖောက်နိုင်ခြင်း။ |

(င) ပီယသိဒ္ဓိ = မြင်မြင်သမျှ ပုဂ္ဂိုလ်က ကြည်ညိုလေးစားကြခြင်း။
(စ) ဓနသိဒ္ဓိ = ငွေကြေး, ဓန, ဥစ္စာ ပစ္စည်း ပြည့်စုံပေါများခြင်း။
(ဆ) ပထဝီသိဒ္ဓိ = ကမ္ဘာမြေပြင်ပေါ်ရှိ အရာဝတ္ထုအားလုံးတို့ကို စိုးပိုင်နိုင်ခြင်း။
(ဇ) ဥဒကသိဒ္ဓိ = ရေပြင်ကို မြေပြင်ကဲ့သို့ သွားလာနိုင်ခြင်း၊ မေတ္တာရေစင် ပက်ဖျန်း ထိသည်နှင့် တစ်ပြိုင်နက် ကျန်းမာနိုင်ခြင်း။
(ဈ) အာကာသသိဒ္ဓိ = ကောင်းကင်ကို ပျံနိုင်ခြင်း။
(ည) ဣဒ္ဓိဝိဓသိဒ္ဓိ = တန်ခိုးဖန်ဆင်းနိုင်ခြင်းတို့ အသီးသီး ဖြစ်ကြသည်။

သိဒ္ဓိသည် အကြောင်းတရားဖြစ်၍၊ မဟိဒ္ဓိ ( မဟာသိဒ္ဓိ ) သည် အကျိုးတရား ဖြစ်သည် ဟု မိန့်ကြားကာ အသေးစိတ် ရှင်းလင်းပြတော်မူခဲ့ပါသည်။ မဂ် , ဖိုလ်တွင်လည်း မဂ်သည် အကြောင်းတရားဖြစ်၍ ဖိုလ်သည် အကျိုးတရား ဖြစ်သည်။

နိုင်ငံတော် လုံခြုံရေးအတွက် လိုအပ်သဖြင့် လက်နက်စွဲကိုင်ကာ ရန်သူကို တိုက်ပွဲဝင်ရသည့်အခါများတွင်လည်း သူတော်ကောင်းများကို မမှန်ပါစေနဲ့ ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်ရန်မှာ မြန်မာနိုင်ငံတော်ကြီး အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန် လိုအပ်သည်။ သို့ဖြစ်၍ "သာသနာ့ ဆူးပြောင့် ခလုတ် သူယုတ်မာများကိုသာ မှန်ပါစေဆိုပြီး ပစ်၊ ပစ်သူမှာ အကုသိုလ် အဖြစ်နည်းသွားတော့တာပေါ့။ သာသနာ့ရန်စွယ်တွေကို ကာကွယ်ပေးတာနဲ့တူလို့ ကုသိုလ်တောင်ဖြစ်နိုင်သေးတယ်။ မြဲမြဲမှတ်ထားကြ။

ဤကဲ့သို့ ကျေးဇူးတော်ရှင် ဆီးဖြူပင် ဆရာတော် ဘုရားကြီးသည် အရာရာတွင် ဉာဏ်မြင့်ကြည့်ရှုနိုင်ခြင်း = ဣက္ခဏဂုဏ် နှင့်လည်း ပြည့်စုံတော်မူပါပေသည်။

အထက်တွင် ရှင်းလင်းဖော်ပြခဲ့သည့်အတိုင်း ကျေးဇူးတော်ရှင် ဆီးဖြူပင်ဆရာတော်ဘုရားကြီး၌ "သည်းခံ - နီးကြား၊ သနား - ထကြွ၊ နိစ္စမသွေ၊ ခွဲဝေတူတတ်၊ သူမြတ်တို့ဂုဏ်" ဟူသော ဤ နာယကဂုဏ် ခြောက်ပါးတို့နှင့်လည်း ပြည့်စုံတော်မူသောကြောင့် ကိုးကွယ်ဆည်းကပ်လာကြသူအပေါင်း ဖူးမြော်လို့မဝ၊ ကြည်ညိုလို့အားမရနိုင်အောင် ဖြစ်ကြရပေသည်။

- ပညာရှိသူသည်သာ ပညာရှိ၏ အရည်အချင်းကို သိနိုင်ရာသည်။
- ပညာနည်းသောသူသည် ပညာရှင်တန်ဖိုး၊ ပညာရှင်၏ အရည်အချင်းတို့ကို မသိနိုင်ပါချေ။



ရွှေဗိုလ်နုနားဆရာတော်

## (၅) ပထမဆီးဖြူပင် ဆရာတော်ကြီး၏ ဝါဆိုစဉ် အခြေပြဇယား

ပထမ ဆီးဖြူပင်ဆရာတော်ကြီးသည် သာသနာတော်နှစ် ၂၅၀၂-ခုနှစ်၊ ကောဇာသက္ကရာဇ် - ၁၃၂၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ( ၄ )ရက်၊ ခရစ်နှစ် ၃၁-၁၀-၁၉၅၈ ခုနှစ်၊ သောကြာနေ့ နံနက် (၇း၄၅) နာရီ အချိန်တွင် ပဲခူးတိုင်း၊ တောင်ငူမြို့နယ်၊ အရှေ့ကျွန်းကုန်းရွာ၊ ကျွန်းကုန်းတောရကျောင်း၊ ခဏ္ဍာသိမ်တော် မြတ်တွင် ဆရာတော်ကြီး ဘဒ္ဒန္တ ကုသလကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝကို အောင်မြင်စွာ ရရှိခဲ့ပါ သည်။

| စဉ် | သာသနာတော် နှစ် | ကောဇာ သက္ကရာဇ် | ခရစ်နှစ် | သက်တော် | သိက္ခာ ပါဝော် | ဝါဆိုသီတင်းသုံးရာဒေသ |
|---|---|---|---|---|---|---|
| ၁။ | ၂၅၀၃ - မှ<br>၂၅၀၇ - ထိ | ၁၃၂၁ - မှ<br>၁၃၂၅ - ထိ | ၁၉၅၉ - မှ<br>၁၉၆၃ - ထိ | ၅၁ - မှ<br>၅၅ - ထိ | ၁ - မှ<br>၅ - ထိ | အနန်းပင်တောရကျောင်း<br>ကျွန်းကုန်းရွာ |
| ၂။ | ၂၅၀၈ - မှ<br>၂၅၁၂ - ထိ | ၁၃၂၆ - မှ<br>၁၃၃၀ - ထိ | ၁၉၆၄ - မှ<br>၁၉၆၈ - ထိ | ၅၆ - မှ<br>၆၀ - ထိ | ၆ - မှ<br>၁၀ - ထိ | သောင်ကုန်းရွာ<br>သောင်ကုန်းရွာ |
| ၃။ | ၂၅၁၃ - မှ<br>၂၅၁၅ - ထိ | ၁၃၃၁ - မှ<br>၁၃၃၃ - ထိ | ၁၉၆၉ - မှ<br>၁၉၇၁ - ထိ | ၆၁ - မှ<br>၆၃ - ထိ | ၁၁ - မှ<br>၁၃ - ထိ | ရွာဦးကျောင်း<br>ကျွန်းတောကုန်း |
| ၄။ | ၂၅၁၆ - မှ<br>ယခု ဤစာ ရေးနေသည့် အချိန် ထိ | ၁၃၃၄ - မှ | ၁၉၇၂ - မှ | ၆၄ - မှ | ၁၄ - မှ | ဆီးဖြူပင်သာသနာ့ရိပ်သာ<br>ဆီးဖြူပင်ကျေးရွာ |

## (၆) ဝါဆိုသံဃာတော်များစာရင်း

သာသနာတော်နှစ် ၂၅၅၀ ပြည့်နှစ် ၊ ၁၃၆၈ ခုနှစ်၊ ခရစ်နှစ် ၂၀၀၆ ခုနှစ်။

| စဉ် | ဘွဲ့တော်အမည် | သက်တော် | သိက္ခာဝါတော် |
|---|---|---|---|
| ၁။ | ဘဒ္ဒန္တ သူရိယ | ၉၈ | ၄၈ |
| ၂။ | ဘဒ္ဒန္တ ပဏ္ဍိစ္စ | ၄၂ | ၁၉ |
| ၃။ | ဘဒ္ဒန္တ ကလျာဏဇေ | ၃၈ | ၁၉ |
| ၄။ | ဘဒ္ဒန္တ ဝိလာသ | ၄၁ | ၁၆ |
| ၅။ | ဘဒ္ဒန္တ သီလ | ၄၉ | ၁၃ |
| ၆။ | ဘဒ္ဒန္တ ကဝိ | ၄၄ | ၁၂ |
| ၇။ | ဘဒ္ဒန္တ ဩဘာသ | ၆၆ | ၁၂ |
| ၈။ | ဘဒ္ဒန္တ ပဏ္ဍဝ (၁) | ၅၀ | ၁၂ |
| ၉။ | ဘဒ္ဒန္တ သုဇာတ | ၇၃ | ၁၂ |
| ၁၀။ | ဘဒ္ဒန္တ ပညာသီဟ | ၄၁ | ၁၂ |


| စဉ် | ဘွဲ့တော်အမည် | သက်တော် | သိက္ခာဝါတော် |
|---|---|---|---|
| ၁၁။ | ဘဒ္ဒန္တ ပုည | ၇၅ | ၁၀ |
| ၁၂။ | ဘဒ္ဒန္တ ပဏ္ဍာဝ (၂) | ၃၀ | ၈ |
| ၁၃။ | ဘဒ္ဒန္တ ပဏ္ဍိတ | ၄၆ | ၇ |
| ၁၄။ | ဘဒ္ဒန္တ ဓမ္မသာရ | ၇၂ | ၇ |
| ၁၅။ | ဘဒ္ဒန္တ ကေသရ | ၅၃ | ၆ |
| ၁၆။ | ဘဒ္ဒန္တ ပညာသာမိ | ၅၃ | ၆ |
| ၁၇။ | ဘဒ္ဒန္တ ပညာဝံသ | ၄၉ | ၆ |
| ၁၈။ | ဘဒ္ဒန္တ ဝါသေဋ္ဌ | ၆၈ | ၅ |
| ၁၉။ | ဘဒ္ဒန္တ ဓမ္မသာမိ | ၆၈ | ၅ |
| ၂၀။ | ဘဒ္ဒန္တ နန္ဒောဘာသ | ၆၂ | ၄ |
| ၂၁။ | ဘဒ္ဒန္တ ဝိမလ | ၇၁ | ၄ |
| ၂၂။ | ဘဒ္ဒန္တ သံဝရ | ၆၆ | ၃ |
| ၂၃။ | ဘဒ္ဒန္တ ဥက္ကံသ | ၅၂ | ၃ |
| ၂၄။ | ဘဒ္ဒန္တ ကုသလ | ၇၂ | ၂ |
| ၂၅။ | ဘဒ္ဒန္တ ဇောတိက | ၆၆ | ၂ |
| ၂၆။ | ဘဒ္ဒန္တ တိလောက | ၅၂ | ၂ |
| ၂၇။ | ဘဒ္ဒန္တ တိဿ | ၅၁ | ၂ |
| ၂၈။ | ဘဒ္ဒန္တ ခန္တီသာရ | ၄၀ | ၂ |
| ၂၉။ | ဘဒ္ဒန္တ ဇောတိကဉာဏ | ၃၇ | ၂ |
| ၃၀။ | ဘဒ္ဒန္တ ဝါယမ | ၂၈ | ၂ |
| ၃၁။ | ဘဒ္ဒန္တ ဇဋိလ | ၅၂ | ၁ |
| ၃၂။ | ဘဒ္ဒန္တ ကုမာရ | ၂၄ | ၁ |
| ၃၃။ | ဘဒ္ဒန္တ တိက္ခ | ၂၃ | ၁ |
| ၃၄။ | ဘဒ္ဒန္တ စန္ဒိမာ | ၂၃ | ၁ |
| ၃၅။ | ရှင် ဉာဏိန္ဒ | ၁၅ | ၂ |
| ၃၆။ | ရှင် ဝိလာသဂ္ဂ | ၁၃ | ၂ |
| ၃၇။ | ရှင် ပညာ | ၁၀ | ၂ |
| ၃၈။ | ရှင် ပညာသိရီ | ၉ | ၂ |
| ၃၉။ | ရှင် တိလောက | ၃၃ | ၁ |
| ၄၀။ | ရှင် ဓမ္မပါလ | ၁၅ | ၁ |
| ၄၁။ | ရှင် တိက္ခ | ၁၃ | ၁ |
| ၄၂။ | ရှင် သုခ | ၇ | ၁ |

မှတ်ချက်။ ။ မဟာဝိဇ္ဇာဘွဲ့ရ ဘဒ္ဒန္တဝီရိယဓမ္မသည် Dr အရှင်ဉာဏိဿရ ၏ အစီအစဉ်ဖြင့် အမေရိကန် နိုင်ငံတွင် Ph.D ဘွဲ့ယူရန် ပညာလေ့လာ ဆည်းပူးနေဆဲဖြစ်သည်။

## (၆) (က) ဆီးဖြူပင်သာသနာ့ရိပ်သာတွင် နှစ်အလိုက်ဝါဆိုသံဃာစာရင်း အချုပ်

သာသနာတော်နှစ် ၂၅၃၆ မှ ၂၅၅၀ ပြည့်နှစ်၊ ကောဇာ ၁၃၅၄ မှ ၁၃၆၈ ခုနှစ်၊ ခရစ်နှစ် ၁၉၉၂ မှ ၂၀၀၆ ခုနှစ်ထိ။

| စဉ် | သာသနာတော်နှစ် | ကောဇာသက္ကရာဇ် | ခရစ်နှစ် | ရဟန်းသံဃာဦးရေ | ရှင်သာမဏေဦးရေ |
|---|---|---|---|---|---|
| ၁။ | ၂၅၃၆ | ၁၃၅၄ | ၁၉၉၂ | ၁၃ - ပါး | ၆ - ပါး |
| ၂။ | ၂၅၃၇ | ၁၃၅၅ | ၁၉၉၃ | ၂၂ - ပါး | ၆ - ပါး |
| ၃။ | ၂၅၃၈ | ၁၃၅၆ | ၁၉၉၄ | ၂၈ - ပါး | ၁၀ - ပါး |
| ၄။ | ၂၅၃၉ | ၁၃၅၇ | ၁၉၉၅ | ၃၄ - ပါး | ၁၀ - ပါး |
| ၅။ | ၂၅၄၀ | ၁၃၅၈ | ၁၉၉၆ | ၂၅ - ပါး | ၇ - ပါး |
| ၆။ | ၂၅၄၁ | ၁၃၅၉ | ၁၉၉၇ | ၁၈ - ပါး | ၆ - ပါး |
| ၇။ | ၂၅၄၂ | ၁၃၆၀ | ၁၉၉၈ | - | - |
| ၈။ | ၂၅၄၃ | ၁၃၆၁ | ၁၉၉၉ | ၃၂ - ပါး | ၁၀ - ပါး |
| ၉။ | ၂၅၄၄ | ၁၃၆၂ | ၂၀၀၀ | ၃၀ - ပါး | ၉ - ပါး |
| ၁၀။ | ၂၅၄၅ | ၁၃၆၃ | ၂၀၀၁ | ၂၇ - ပါး | ၅ - ပါး |
| ၁၁။ | ၂၅၄၆ | ၁၃၆၄ | ၂၀၀၂ | ၃၇ - ပါး | ၇ - ပါး |
| ၁၂။ | ၂၅၄၇ | ၁၃၆၅ | ၂၀၀၃ | ၃၀ - ပါး | ၁၂ - ပါး |
| ၁၃။ | ၂၅၄၈ | ၁၃၆၆ | ၂၀၀၄ | ၂၇ - ပါး | ၁၀ - ပါး |
| ၁၄။ | ၂၅၄၉ | ၁၃၆၇ | ၂၀၀၅ | ၃၇ - ပါး | ၆ - ပါး |
| ၁၅။ | ၂၅၅၀ | ၁၃၆၈ | ၂၀၀၆ | ၃၄ - ပါး | ၈ - ပါး |



## (၆) (ခ) သီလရှင်များစာရင်း

သာသနာတော်နှစ် ၂၅၅၀ ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ ခရစ်နှစ် ၂၀၀၆ ခုနှစ်။

၁။ ဒေါ်ဓမ္မစာရီ
၂။ မသုခဝတီ
၃။ မသောမနသီ
၄။ မသုစန္ဒာ
၅။ မခေမာ
၆။ မသုမာလာ
၇။ မရေဝတီ



## (၇) သံဃာ့ဂုဏ်တော် ကိုးပါး၊ ကြည်ညိုသဒ္ဓါပွား

သံဃာ့ဂုဏ်တော် ကိုးပါးတွင်၊ အကြောင်းဂုဏ်လေးပါးနှင့် အကျိုးဂုဏ် ငါးပါး ပါဝင်ပါသည်။ အကြောင်းဂုဏ်လေးပါးနှင့် ပြည့်စုံက အကျိုးဂုဏ် ငါးပါးနှင့်လည်း အလိုလို ပြည့်စုံပြီး ဖြစ်ပါသည်။


အကြောင်းဂုဏ် လေးပါးမှာ -

| | | | |
|---|---|---|---|
| (က) | **သုပ္ပဋိပန္န** | = | ဘုရားရှင် ဆုံးမတော်မူသည့်အတိုင်း သိက္ခာသုံးပါးကို ကောင်းစွာကျင့်ခြင်း။ |
| (ခ) | **ဥဇုပ္ပဋိပန္န** | = | မဇ္ဈိမပဋိပဒါကျကျ သိက္ခာ သုံးပါးကို ဖြောင့်ဖြောင့်မှန်မှန်ကျင့်ခြင်း။ |
| (ဂ) | **ဉာယပ္ပဋိပန္န** | = | သိက္ခာသုံးပါးကို ကျင့်သုံးရာ၌ နိဗ္ဗာန်ရောက်ရေး အလေးပေးကာ ကျင့်သုံးခြင်း နှင့် |
| (ဃ) | **သာမိစိပ္ပဋိပန္န** | = | လူ, နတ်, ဗြဟ္မာ , သတ္တဝါအားလုံးတို့၏ အရိုအသေကို ခံယူထိုက်အောင် သိက္ခာသုံးပါးကို ကျင့်သုံးခြင်းတို့ ဖြစ်ကြသည်။ |

ဤအကြောင်းဂုဏ်လေးပါးနှင့် မပြည့်စုံဘဲ၊ မည်သူတစ်ဦးတစ်ယောက်မျှ အရိယာပုဂ္ဂိုလ်မဖြစ်နိုင်။ အရိယာပုဂ္ဂိုလ်ဖြစ်ပြီ ဆိုပါကလည်း ရဟန်းဖြစ်စေ၊ ရှင်သာမဏေ ဖြစ်စေ၊ လူဖြစ်စေ၊ နတ် ဖြစ်စေ ဤအကြောင်းဂုဏ်လေးပါးနှင့် ပြည့်စုံပြီး ဖြစ်တော့၏။ **ထို အကြောင်းဂုဏ်လေးပါးနှင့် ပြည့်စုံ၍ အရိယာအဆင့်သို့ ရောက်ပြီဆိုပါကလည်း အောက်ဖော်ပြမည့် အကျိုးဂုဏ်ငါးပါးနှင့် ပြည့်စုံပြီး ဖြစ်ရတော့၏။** အကျိုးဂုဏ် ငါးပါးမှာ -

| | | | |
|---|---|---|---|
| (က) | **အာဟုနေယျ** | = | အဝေးမှ ယူဆောင်လာသည့် အလှူတော်ကိုပင် ခံယူထိုက်ခြင်း။ |
| (ခ) | **ပါဟုနေယျ** | = | ဧည့်သည်ကောင်းတို့အတွက် စီမံအပ်သော ဝတ္ထုကိုပင် ခံယူထိုက်ခြင်း။ |
| (ဂ) | **ဒက္ခိဏေယျ** | = | ချမ်းသာအမျိုးမျိုး ကောင်းကျိုးရည်ရော် အလှူတော်ကို ခံယူထိုက်ခြင်း။ |
| (ဃ) | **အဉ္ဇလီ ကရဏီယျ** | = | လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံယူထိုက်ခြင်း နှင့် |
| (င) | **အနုတ္တရံ ပုညက္ခေတ္တံ လောကဿ** | = | တစ်လောကလုံး၏ ကောင်းမှုမျိုးတို့ စိုက်ပျိုး ကြဲချရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ခြင်း တို့ ဖြစ်ကြသည်။ |

ဤ သံဃာဂုဏ်အရာ၌ "ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ" ဟု "ပုဂ္ဂလ" သဒ္ဒါနှင့် ဟောတော်မူထားသည်ကို အထူးသတိပြု ထိုက်လှပေသည်။



- ဒက္ခိဏေယျ၊ မြတ်သံဃ၊ မှတ်ကြ အရိယာကို။
  ဝိနည်းကျင့်ဘိ၊ ပု-အရိ၊ သမ္မုတိ ခေါ်ဆို။
  သမ္မုတိ သံဃာ၊ ထေရ်များစွာလျှင်၊
  သာသနာတည်မှု၊ကောင်းစွာပြု၊
  ယခု တိုင်အောင်ကို။

သံဃာရတနာဖြစ်ထွန်းလာခြင်းသည်ကား အတုမရှိသော ကုသိုလ်ကောင်းမှုများ စိုက်ပျိုးရာ လယ်ယာမြေကြီးအဖြစ် ပေါ်ပေါက်လာခြင်းနှင့် တူပါသည်။ ထိုသို့ ကုသိုလ်ကောင်းမှုများ စိုက်ပျိုးရာ လယ်ယာမြေကြီး သဖွယ်ဖြစ်ခြင်းကြောင့် မြတ်စွာဘုရားကိုယ်တော်တိုင် ကြည်ညိုခြင်းနှင့် ပတ်သက်၍ "ရဟန်းတို့ မြတ်စွာဘုရား၏ တပည့်သံဃာ၌ ကြည်ညိုသောသူတို့သည် အမြတ်၌ ကြည်ညိုသောသူမည်ကုန်၏။ အမြတ်၌ ကြည်ညိုသောသူတို့အား မြတ်သောအကျိုးသည် ဧကန်အမှန် ဖြစ်၏တည်း" ဟု မိန့်ကြားခဲ့သည်။ [၁]

ဆီးဖြူပင် ဆရာတော်ကြီးကမူ သူ့အား ကြည်ညိုသဒ္ဒါပွားရန်ထက် "ဘုရားရှင်အား ကြည်ညိုသဒ္ဒါပွားကြရန်သာ" အမြဲလမ်းညွှန် မိန့်ကြားတော်မူပါသည်။ သို့ဖြစ်၍ ရွာသူ, ရွာသား၊ ဒကာ , ဒကာမများက တစ်နေ့ထက်တစ်နေ့ ပိုတိုးကာသာ ဆရာတော်ကြီးအပေါ် ကြည်ညိုသဒ္ဒါ ပွားကြရလေသည်။

ဆရာတော်ကြီးက ရတနာသုံးပါးအား မမေ့မလျော့ကြစေရန် ထာဝရ သြဝါဒပေးလေ့ရှိသည်။

မိဘများက စေလွှတ်၍ သားငယ် , သမီးငယ်များက ဆွမ်းချိုင့်လာပို့ကြရာ ကံကောင်းလို့ လူဖြစ်ကြရတာ။ လူဖြစ်ပြန်တော့လည်း မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များကို မိဘတော်ကြရတာ အလွန်ကံထူးတယ်မှတ်။ မြတ်စွာဘုရားကို ရည်မှန်း၍ ထိခြင်းငါးပါး (ပဉ္စပတိဋ္ဌိတ) ရှိခိုးနည်းဖြင့် ကန်တော့ခိုင်း၏။ ထိခြင်းငါးပါးကား -

- ခြေ, လက်, နဖူး၊ တံတောင်, ဒူး ဟု၊
  ငါးဦးမြေမှာ၊ ကြည်နူးစွာဖြင့်၊
  သဒ္ဒါရှိကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ ဘုရား။

တစ်နည်းဆိုရသော် -

- တံတောင်နှစ်ဖက်၊ ဒူးနှစ်ဘက်၊ မြေထက်တည်စေကာ၊
- နဖူးညွှတ်ချ၊ မြေသို့ကျ၊ ပဉ္စပတိဋ္ဌာ။
- တည်ခြင်းငါးမျိုး ၊ ဦးနိမ်ကျိုး၊ ရှိခိုးဝန္ဒနာ။

ဘုရား႑ှေ့တွင် ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော် ခြောက်ပါး၊ သံဃာ့ဂုဏ်တော်ကိုးပါးကို ရည်မှန်း၍ ရှိသေစွာ ထိုင်နိ ်းကာ လက်အုပ်ချီမိုးကန်တော့စေ၏။ ဤသို့ ကန်တော့ခြင်းဖြင့် ဘေးအန္တရာယ်ကင်းစေတယ်။ လိုရာဆန္ဒပြည့်ဝစေတယ်။

---

၁။ အံ ၁၊ ၁၄၃။

သူတစ်ပါးအသက်ကို ကြီးကြီး - ငယ်ငယ် မသတ်နဲ့။ သူတစ်ပါး ဥစ္စာကို သူမသိဘဲနဲ့ မယူနဲ့။ သူတစ်ပါး သားမယားကို မစော်ကားနဲ့။ မလိမ်နဲ့။ မညာနဲ့။ အရက်မသောက်နဲ့။ အဲဒါ ငါးပါးသီလပဲ။ အဲဒီ ငါးပါးကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲရင် နတ်ပြည်ရောက်မှာဘဲ။ စိတ်ချ။

## (၈) ဗုဒ္ဓမြတ်စွာ သာသနာသုံးဖြာ၊ စွန့်ရှည်ကြာဖို့

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၏ သာသနာ သုံးဖြာ ဟူသည် -

(က) ပရိယတ္တိ သာသနာ = ပိဋကတ်သုံးဖြာ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် တရားတော်မြတ်နှင့် အဋ္ဌကထာ . ဋီကာ . အနု. မဓု. ဂဏ္ဌိ မည်မှတ် ကျမ်းဂန်အရပ်ရပ်တို့ကို လေ့လာမှုများခြင်း။

( ခ ) ပဋိပတ္တိ သာသနာ = အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်သည် (ဝါ) သီလကျင့်စဉ်. သမာဓိကျင့်စဉ်. ဝိပဿနာကျင့်စဉ် ကျင့်စဉ်သုံးရပ် အကျင့်မြတ်ကို ကျင့်ကြံ အားထုတ်ခြင်း။

( ဂ ) ပဋိဝေဓ သာသနာ = မဂ်လေးပါး. ဖိုလ်လေးပါးနှင့်တကွ နိဗ္ဗာန်ဟူသော ကိုးပါးသော လောကုတ္တရာ တရားမြတ်ကို ဆွတ်ခူးစားသုံးခြင်း။ [၁]

တစ်နည်းဆိုရသော် -

(က) ပရိယတ္တိ သာသနာဟူသည် ဘုရားဟောကျမ်းများကို သင်ကြားပေးခြင်း၊ သင်ယူခြင်း၊ ဟောပြောခြင်း၊ စာအုပ်ထုတ်ဝေခြင်းတို့ကို ဆိုလိုသည်။

(ခ) ပဋိပတ္တိ သာသနာဟူသည် ဘုရားဟော ကျမ်းနှင့် အညီ လိုက်နာကျင့်သုံးခြင်း၊ နေထိုင်ခြင်း၊ ဒါန. သီလ. သမထ ဘာဝနာ. ဝိပဿနာဘာဝနာပွားများ အားထုတ်ခြင်းတို့ကို ဆိုလိုသည်။

(ဂ) ပဋိဝေဓ သာသနာဟူသည် ပရိယတ္တိသာသနာ. ပဋိပတ္တိသာသနာတော်ကြောင့် ပါရမီဉာဏ် ရင့်သန်လာပြီး၊ မဂ် . ဖိုလ်. နိဗ္ဗာန် တရားထူးကို မိမိကိုယ်တိုင် ထိုးထွင်း သိမြင်ခြင်း ကို ဆိုလိုသည်။

အခြားတစ်နည်းဆိုရသော် -

(က) ပရိယတ္တိ သာသနာတော်သည် - ကန်ဘောင်ရိုးကြီးနှင့် တူ၏။ ဆေးစာနှင့်လည်း တူ၏။ လမ်းညွှန်မြေပုံနှင့်လည်း တူ၏။

( ခ ) ပဋိပတ္တိ သာသနာတော်သည် - ရေနှင့်တူ၏။ ဆေးစာ. ဆေးညွှန်းအတိုင်း ဖော်စပ်စားသုံးခြင်းနှင့်လည်း တူ၏။ လမ်းညွှန်. လမ်းပြ မြေပုံအတိုင်း ခရီးသွားခြင်းနှင့်လည်း တူ၏။

( ဂ ) ပဋိဝေဓသာသနာတော်သည် - ကြာပန်းပွင့်သည်နှင့် တူ၏။ ရောဂါပျောက်ကင်းသည်နှင့်လည်း တူ၏။ လိုရာခရီးပန်းတိုင်သို့ အောင်မြင်စွာ ရောက်ရှိခြင်းနှင့်လည်း တူ၏။

အခြားတစ်နည်းဆိုရသော် -

ပိဋကတ်သုံးပုံတို့ကို သာသနာ သုံးရပ်အနေဖြင့် ခွဲထားပြဆိုတော်မူကြပြန်သေးသည်။

(က) ဝိနယပိဋကတ်တော် = အပြစ်ရှိသူကို အပြစ်ရှိသည့်အလျောက် ဆုံးမပညတ်သော "ယထာပရာဓ သာသနာ"၊

---

၁။ ပါရာဇိကဏ်၊ အဋ္ဌကထာ၊ သုတ်သီလက္ခန်၊ အဋ္ဌကထာ၊

( ခ ) သုတ္တန်ပိဋကတ်တော် = ထိုထိုသတ္တဝါ ဝေနေယျတို့၏ အလိုဆန္ဒအဇ္ဈာသယအားလျော်စွာ ဟောကြားဆုံးမတော်မူသော "ယထာနုလောမ သာသနာ"။

( ဂ ) အဘိဓမ္မာပိဋကတ်တော် = လောက၌ ရှိရှိသမျှ သက်ရှိ . သက်မဲ့ ပုဂ္ဂိုလ် သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာ၊ ရေ၊ မြေ၊ တော၊ တောင် တို့သည် ရုပ်တရား၊ နာမ် တရားတို့သာ ဖြစ်ကြသည်။

ပရမတ္ထ သဘောတရားများ ဖြစ်ကြသည် . . ဟူ၍ ပြဆိုသော "ယထာဓမ္မသာသနာ" ဟုလည်း သာသနာ သုံးရပ်ကို တစ်မျိုး ခွဲခြားပြဆိုထားကြပေသည်။

## (၉) သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၏ တာဝန်ကြီးနှစ်ရပ်

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်ခံ၍ တည်တံ့စေရန် ထွန်းကားပြန့်ပွားစေရန်မှာ ဗုဒ္ဓ၏ သားတော် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့တွင် အဓိကထမ်းဆောင်ရမည့် တာဝန်ကြီးနှစ်ရပ် ရှိလေသည်။ ယင်းတို့မှာ "ဂန္ထဓုရတာဝန်" နှင့် "ဝိပဿနာ ဓုရ တာဝန် " တို့ ဖြစ်ကြပေသည်။

(က) ဂန္ထ ဓုရ တာဝန် = ဗုဒ္ဓဘုရား ဟောကြားတော်မူခဲ့သည့် ပရိယတ္တိစာပေများကို သင်ယူခြင်း၊ ပို့ချခြင်း၊ ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ ဟောပြောခြင်း စသော ပရိယတ္တိ တာဝန်များ ဖြစ်သည်။

( ခ ) ဝိပဿနာ ဓုရ တာဝန် = ဗုဒ္ဓဘုရား ဟောကြားတော်မူခဲ့သည့် ဓမ္မ. ဝိနယ လမ်းကြောင်း အတိုင်း မတိမ်းမစောင်းဘဲ လိုက်နာကျင့်သုံးဆောင်ရွက်ကြရမည့် တာဝန်ပင် ဖြစ်သည်။

ရဟန်းသံဃာတော်များအနေဖြင့် တရားဓမ္မအတိုင်း လိုက်နာကျင့်သုံးခြင်း၊ တရားအားထုတ်ခြင်း၊ တရားပြခြင်းစသည် ပဋိပတ္တိသာသနာကို မဖြစ်ဖြစ်သည့်နည်းဖြင့် တာဝန်ထမ်းဆောင်ကြမှသာ ဘုရားအလိုတော်ကျဖြစ်၍ တာဝန်ကျေပေသည်။ သို့မှသာလျှင်၊ "ပဋိဝေဓသာသနာ" ဟု ဆိုအပ်သော အန္တိမ ရည်မှန်းချက် ဖြစ်သည့် မဂ်ဉာဏ်. ဖိုလ်ဉာဏ် နှင့်တကွ သန္တိသုခ မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြမည် ဖြစ်ပေသည်။

ဆီးဖြူပင်ဆရာတော်ကြီးသည် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သုံးဖြာ ခွန့်ရှည်တည်တံ့စေရန် ဂန္ထဓုရ တာဝန်နှင့် ဝိပဿနာဓုရ တာဝန်ကြီးနှစ်ရပ်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နေဆဲ ဖြစ်ပါသည်။

## (၁၀) ဆရာ့ ဆရာတော်ကြီးများနည်းတူ အခမဲ့ ပါရမီဖြည့်

ဆီးဖြူပင်ဆရာတော်ကြီးသည် မိမိကိုယ်တိုင် ပဋိပတ်ကျင့်စဉ်များကို ကျင့်ကြံအားထုတ်ပြီး၊ အရှည်ဝါသီ တောရဆောက်တည်တော်မူသည်။ ဒါယကာ . ဒါယိကာမများအားလည်း ပရိယတ်. ပဋိပတ် တရားတော်များကို ဟောကြား. ပြသ လမ်းညွှန်ပေးတော်မူသည်။

စေတီ၊ ဘုရား၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ ရေစင်များ အသစ်တည်ဆောက်ခြင်း၊ အဟောင်းအနွမ်း အပျက်အစီးများကို ပြုပြင်ခြင်း၊ မွမ်းမံခြင်းတို့ကို တစ်ခုမဟုတ်တစ်ခု အမြဲဆောင်ရွက်နေပေသည်။ တရားမဟောရလျှင် မနေတတ်၊ ပြင်ပဧည့်သည်များ ရောက်ရှိလာခြင်းမရှိလျှင် ကျောင်းတိုက်ရှိ ဦးပဉ္ဇင်းများ၊ သီလရှင်များ၊ ယောဂီများကို ခေါ်၍ တရားဟောကြားလေ့ရှိသည်။

ဒါယကာ . ဒါယိကာမများကိုလည်း ပေး. ကျွေးချင်စိတ် အလွန် များသည်။ ပစ္စည်း ဝတ္ထု . လာဘ်လာဘ

အပေါ်၌ တပ်မက်မှုနည်းပါးသည်။ "ဒါနပွားလေ - လောဘပါးလေ ဖြစ်၏" ဟု ဆုံးမတော်မူ၏။ ဘုရားအစရှိသော အရိယာသူတော်ကောင်းကြီးတို့၏ ကျင့်စဉ်ဖြစ်သော - ပါရမီ . စာဂ . စရိယ တရားတို့နှင့် အတတ်နိုင်ဆုံး ကိုက်ညီအောင် ကျင့်ဆောင်တော်မူသည်။ ဂုဏ်ပကာသနကိုလည်း အထူးမက်မောခြင်း မရှိပါပေ။

မြန်မာပြည်အနှံ့အပြားမှ သဒ္ဓါတရား ရှိသူတို့က ဆရာတော်ကြီးအား စေတနာအလျောက် သဒ္ဓါပေါက်၍ လာရောက်လှူဒါန်းကြသည်။ ထိုသဒ္ဓါကြေးတို့ဖြင့် သာသနာတော်ကြီး မယိုင်လဲရအောင် ခိုင်မြဲဖို့ရန် စွမ်းနိုင်သမျှ ကျားကန်ထားတော်မူသည်။ လှူဒါန်းသူတို့က သဒ္ဓါကြေးဖြင့် အခမဲ့ လှူဒါန်းကြသလို၊ သာသနာတော်၏ ကောင်းကျိုးကို ဆောင်ရွက်ပေးနေသော ဆရာတော်ကြီးကလည်း ရဟန်း. ရှင်. လူ အားလုံးတို့ကို အခမဲ့ ပါရမီ ဖြည့်ဆည်းပေးတော်မူ နေသည်။ အနာဂတ်သာသနာအတွက် ကျက်သရေတက်စေမည့် သာသနာတော်ကြီး အရှည်ခံ့ တည်တံ့အောင် ဆောင်ရွက်နေခြင်း ဖြစ်ပေသည်။

အနယ်နယ် အရပ်ရပ်မှ ရောက်ရှိလာသော သတ္တဝါတို့၏အလိုဆန္ဒကို "မေတ္တာ၊ ကရုဏာ၊ မုဒိတာ ၊ ဉပေက္ခာ" တည်းဟူသော ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားကာ တတ်နိုင်သမျှ ဖြည့်ဆည်းပေးလေ့ရှိသည်။

ဆရာတော်ကြီးအား မည်သူက ပင့်ပင့် ဂုဏ်ရှိသည် . မရှိသည်. ချမ်းသာသည် . ဆင်းရဲသည် ပဓာနမထား၊ မျက်နှာ ကြီး. ငယ် မလိုက်၊ ပင့်သည့်နေရာသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးလေ့ရှိသည်။ ဘယ်နေရာကိုပဲ ကြွရ. ကြွရ ပင်ပန်းသည်ဟု သဘောမထား။ ကိုယ်တိုင်ကြွရမှသာ ကျေနပ်သည်။ ဆရာတော်ကြီးမှာ သက်ရွယ်တော်ကြီးရင့်နေပြီ ဖြစ်သောကြောင့် တစ်ခါတစ်ရံ ကြွရောက်ရန် မသင့်တော်ဟု ယူဆ၍ ကိုယ်စားလွှတ် ချီးမြှင့်ပေးပါရန် လျှောက်ထားသော်လည်း မရပါ။

ယခု ဤစာရေးသည့် သာသနာတော်နှစ် ၂၅၅၀ ပြည့်နှစ် ရောက်သည်အထိ ဘုရားရှင်၏ သာသနာတော်ကြီးကို အဆင့်ဆင့် အခမဲ့ သယ်ဆောင်လာခဲ့ကြခြင်းသာ ဖြစ်ပါ၏။ ကြွင်းကျန် ဘုရားရှင်သာသနာ ၂၄၅၀ ပြည့်နှစ်ကို ဆက်လက် ဖြတ်သန်းကြရပေဦးမည်။ ကမ္ဘာနှင့် အဝန်း ဈေးကွက်စီးပွားရေးစနစ် ကျယ်ပြန့်လာခြင်းကြောင့် အရာရာကို အသပြာငွေကြေးဖြင့် တိုင်းတာလေ့ရှိနေတတ်ကြပေပြီ။ စေတနာ၊ မေတ္တာ၊ သဒ္ဓါ တို့ကိုကား ငွေကြေးဖြင့် တိုင်းတာ၍ မရနိုင်။ အသပြာ ငွေကြေးတည်းဟူသော အကျိုးအမြတ်တစ်ခုတည်း၏ ရှုထောင့်မှ မကြည့်သင့်ပါဟု ဆိုလိုချင်ပါသည်။ အထူးသဖြင့် သတင်းနှင့် အချက်အလက် ဆက်သွယ်မှုနည်းပညာ တိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့ရွာဟု တင်စားခေါ်ဝေါ်နေသည့်ခေတ်ကြီးတွင် -

- အမျိုးကိုချစ်ပါ။
- ဘာသာ . သာသနာကို လေးစားပါ။
- အမျိုးသား ယဉ်ကျေးမှုကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါ။

ထိုသို့ ဆောင်ရွက်ရန်မှာ အမျိုးသားရေးတာဝန်ကြီး တစ်ရပ်အဖြစ် ခံယူထားကြရပေမည်။ အပြောမဟုတ်ဘဲ အလုပ်ဖြင့် သက်သေပြသင့်ကြပေပြီ။

မြတ်ဘုရား၏ တပည့်သာဝကတို့သည် တစ်ကြောင်းတည်းသော ခရီး၌ အဖော်ကို အဓိကမထား. ပညာကို မဏ္ဍိုင်ပြု၍ ကိုယ့်အကျိုးကို မငဲ့ကွက်ဘဲ၊ ထက်မြက်သည့် ဝီရိယစွမ်းပကားဖြင့် တရားမွေကို ဖြန့်ဝေစေခဲ့သောကြောင့်၊ ယနေ့တိုင် ထေရဝါဒ ဗုဒ္ဓသာသနာသည် ကမ္ဘာတစ်ဝန်းတွင် တည်တံ့ ခိုင်မြဲ ကွန်းကားပြန့်ပွားလျက် ရှိနေပေသည်။ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ (စစ်စစ်) နိုင်ငံတစ်ခု ဖြစ်သည်ဟု ကမ္ဘာမှာ ကျော်ကြား ထင်ရှားလှပါ၏။

ထိုနှစ်မှအစပြု၍ နောင်နှစ်များတွင်လည်း နှစ်စဉ် . နှစ်တိုင်း၊ တပေါင်းလဆန်း (၈)ရက်နေ့သို့ ရောက်တိုင်း ကျေးဇူးရှင် သက်တော်ရှည် ဆီးဖြူပင် ဆရာတော်ဘုရားကြီး၏ ဝိဇာတ မွေးရက်၊ မွေးနေ့ အလှူတော်မင်္ဂလာကို ဆီးဖြူပင်သာသနာ့ရိပ်သာကျောင်းတိုက်တွင် စဉ်လာမပျက် ကျင်းပလာခဲ့ကြသည်မှာ တစ်ဆယ့်နှစ်ကြိမ်တိုင် ရှိခဲ့ပြီ ဖြစ်ပါသည်။

## (က) ဝိဇာတ မွေးရက် ၊ မွေးနေ့ အလှူတော်မင်္ဂလာပွဲ ကျင်းပခဲ့သည့်နှစ်များ

| စဉ် | သာသနာတော်နှစ် | ကောဇာသက္ကရာဇ် | ခရစ်နှစ် | သက်တော် | သိက္ခာဝါတော် |
|---|---|---|---|---|---|
| ၁။ | ၂၅၃၈ | ၁၃၅၆ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် | ၈.၃.၉၅၊ ဗုဒ္ဓဟူးနေ့ | ၈၆ နှစ် | ၃၆ ဝါ |
| ၂။ | ၂၅၃၉ | ၁၃၅၇ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် | ၂၅.၂.၉၆၊ တနင်္ဂနွေနေ့ | ၈၇ နှစ် | ၃၇ ဝါ |
| ၃။ | ၂၅၄၀ ပြည့် | ၁၃၅၈ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် | ၁၅.၂.၉၇၊ စနေနေ့ | ၈၈ နှစ် | ၃၈ ဝါ |
| ၄။ | ၂၅၄၁ | ၁၃၅၉ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် | ၅.၃.၉၈၊ ကြာသပတေး | ၈၉ နှစ် | ၃၉ ဝါ |
| ၅။ | ၂၅၄၂ | ၁၃၆၀ ပြည့်၊ တပေါင်းလဆန်း(၈)ရက် | ၂၂.၂.၉၉၊ တနင်္လာနေ့ | ၉၀ နှစ် | ၄၀ ဝါ |
| ၆။ | ၂၅၄၃ | ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် | ၁၂.၂.၀၀၊ စနေနေ့ | ၉၁ နှစ် | ၄၁ ဝါ |
| ၇။ | ၂၅၄၄ | ၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် | ၁.၃.၀၁၊ ကြာသပတေး | ၉၂ နှစ် | ၄၂ ဝါ |
| ၈။ | ၂၅၄၅ | ၁၃၆၃ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် | ၂၁.၃.၀၂၊ ကြာသပတေး | ၉၃ နှစ် | ၄၃ ဝါ |
| ၉။ | ၂၅၄၆ | ၁၃၆၄ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် | ၁၀.၃.၀၃၊ တနင်္လာနေ့ | ၉၄ နှစ် | ၄၄ ဝါ |
| ၁၀။ | ၂၅၄၇ | ၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် | ၂၇.၂.၀၄၊ သောကြာနေ့ | ၉၅ နှစ် | ၄၅ ဝါ |
| ၁၁။ | ၂၅၄၈ | ၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် | ၁၇.၃.၀၅၊ ကြာသပတေး | ၉၆ နှစ် | ၄၆ ဝါ |
| ၁၂။ | ၂၅၄၉ | ၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် | ၆.၃.၀၆၊ တနင်္လာနေ့ | ၉၇ နှစ် | ၄၇ ဝါ |
| ၁၃။ | ၂၅၅၀ ပြည့် | ၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် | ၂၃.၂. ၀၇၊ သောကြာနေ့ | ၉၈ နှစ် | ၄၈ ဝါ |

ဆီးဖြူပင်ဆရာတော်ကြီးသည် ဆင်းရဲနွမ်းပါးသဖြင့် ရဟန်းပြုလိုသူများကို အထူး ကရုဏာ သက်တော်မူသည်။ ကံအားလျော်စွာ လူအဖြစ်ကို ရပါလျက်၊ ယောက်ျားစင်စစ် ဖေကန်ဖြစ်ပါလျက်၊ သာသနာတော်နှင့် ကံကောင်းထောက်မစွာ ကြုံတွေ့ရပါလျက် ပစ္စည်းလေးပါး ချို့ငဲ့မှု ဟူသောအကြောင်းကြောင့် ရဟန်းမပြုလိုက်ရ မရှိရလေအောင် ရဟန်းပြုရန် တကယ်ဆန္ဒရှိသူများကို ဆရာတော်၏ မွေးနေ့ပွဲတွင် ဒုလ္လဘရဟန်းခံပွဲဖြင့် မှတ်တိုင်စိုက်ထူထားပေသည်။

ယခု သာသနာတော်နှစ် ၂၅၅၀ - ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၈ - ခုနှစ်၊ တပေါင်းလဆန်း(၈)ရက်၊ ခရစ်နှစ် ၂၃ - ၂ - ၂၀၀၇ - ခုနှစ်၊ သောကြာနေ့တွင် ပထမဆီးဖြူပင်ဆရာတော်ကြီးသည် သက်တော်( ၉၉ )နှစ်၊ သိက္ခာဝါတော် (၄၉)ဝါအရ တစ်ဆယ့် သုံးကြိမ်မြောက် ဝိဇာတ မွေးရက် မွေးနေ့ ရက်မြတ်မင်္ဂလာအချိန်အခါတွင် အထိမ်းအမှတ်အဖြစ် ဤထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုမှတ်တမ်းကျမ်းစာအုပ်ကို ထုတ်ဝေပါသည်။






◂

ဆီးဖြူပင်ဆရာတော်ကြီးအား
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ဘွဲ့တံဆိပ်တော်မြတ်
ဆက်ကပ်လှူဒါန်းစဉ်





## ဆီးဖြူပင်ဆရာတော်ကြီးအား ဂုဏာဝိသိဋ္ဌပူဇာ ဂုဏ်ပြုမင်္ဂလာ



▲ ကျောင်းတိုက်နေ သံဃာတော်များက ဂါရဝပြုကြိုဆိုစဉ်





▲ မြင့်မြတ်ဘွဲ့တံဆိပ်တော် ပင့်ဆောင်သော်



▲ ပန်းခင်းသောလမ်း ကြွလှမ်းချီမြန်း ဆီးဖြူပင် သာသနာပြုစခန်း



▶ ဓမ္မဒေသနာတော် ရွတ်ပွားပူဇော်

# ဂုဏ ဝိသိဋ္ဌ ပူဇာ

## ၁။ ဂုဏ ဝိသိဋ္ဌ ပူဇာ

## အချီအချညီ (၂၃) ပဒစီ၊

## ကိုယ်တွင်းပြည့် ပိုဒ်စုံရတု



**မော်ကွန်းရွှေစာ** - တေးလင်္ကာကို၊ ပဏာတင်ရင်း၊ ရေးဆက်သွင်းအံ့၊ မြန်ခင်းသာသနာ၊ သမိုင်းစာဝယ်၊ ဆရာထေရ်ရှင်၊ ဆီးဖြူပင်အား၊ ပြည့်ရှင်စိုးရ၊ (န.ယ.က)သည်၊ ဓမ္မလုပ်ငန်း၊ ဆင်မြန်းပြည်သူ့၊ ပေးတော်မူသဖြင့်၊ ရာဇူသဘင်၊ မင်းပွဲယင်လျက်၊ တော်ဝင်ကျိုင်းယပ်၊ ဘွဲ့ဆက်ကပ်၍၊ လေးမြတ်ကော်ရော်၊ ရှိခိုးပူဇော်လျက်၊ မိန့်တော်ရွှေခွန်း၊ ထုတ်ပြန်ညွှန်းသည်၊ မော်ကွန်းရွှေစာ၊ နင်းသကဗျာသော် ....။

**ပေါ်ထွန်းတေဇာ** - ထေရ်မဟာ၏၊ ဝေဆာဖြိုးမောက်၊ ဘုန်းရှိန်ရောက်သည့်၊ တောင်မြောက် . ဝဲ-ယာ ၊ လူများစွာတို့၊ နစ်ဖြာသုခ၊ ရကုန်ကြ၏။ ထေရမဟော်၊ ဆရာတော်ကား၊ ရှုမြော်မဆုံး၊ လူအားလုံးတို့၊ ညွှတ်ရုံးကိုးစား ၊ မိဘလားသို့၊ အားထားဖို့ရာ၊ ကြီးမေတ္တာဖြင့်၊ လွန်စွာကြိုးကုတ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်ဖေးကူ၊ ပေးတော်မူလျက်၊ နိဗ္ဗာန်သောင်ကျွန်း၊ ရောက်စေညွှန်းသည်၊ ပေါ်ထွန်းတေဇာ၊ ဝင်းပဆရာသော် ...။

**ဖော်ညွှန်းဝေဖြာ** - နေပမာသို့၊ ဆရာဘုန်းထေရ်၊ ဆိုမိန့်ခြွေက၊ ဆိုလေတိုင်းသာ၊ မလွဲပါဘဲ၊ ဩဇာတည်လစ်၊ တကယ်ဖြစ်၍၊ ဆုတ်နစ်နေသူ၊ ဖြစ်စေမူလည်း၊ အားကူအင်ရောက်၊ ရဲစိတ်ပေါက်၏။ ထို့နောက်တစ်မူ၊ သီတဂူသို့၊ အေးကြူဖွေးလက်၊ မေတ္တာစက်ကို၊ ဖြန့်ကြက်ခပင်း၊ ချန်မခြွင်းဘဲ၊ ဘေးကင်းရန်ကွာ၊ အေးချမ်းသာအောင်၊ ကြေညာပျံ့မွှမ်း၊ ရေစင်သွန်းသည်၊ ဖော်ညွှန်းနေ-လ၊ ဆင်းကြွပမာသော် ...။

ဘဒ္ဒန္တ ဉာဏိန္ဒာလင်္ကာရ
စည်ပင်ဂိုဏ်းအုပ်ဆရာတော်၊ တောင်ငူ

## ၂။ ဂုဏဝဏ္ဏနာ ရှစ်ဆယ်ပေါ် တေးထပ်

❁ သဘောဖြစ်ဟန် မှန်းကြံဆ၊
ကျမ်းဂန်အရ အရှိမှန်။
လမ်းမှန်ကျန အသိမြန်တယ်၊
သတိပဋ္ဌာန် မြတ်တရား။
ထေရ်ကျော်ရှင်မြတ် ဆီးဖြူပင်သည်၊
နည်းယူပြင်ပြင် ကိုယ်ရေးတင်လို့ပွား။

❁ လော. ဒေါ. မောဟ သောကစုံတယ်၊
လောကဤဘုံ လူရှင်အား၊
ဟောပြသည့်ပုံ ဖြူစင်သွားဖို့၊
တစ်မူသင်ကြား နည်းထွေလာ။
န - ရင့်ဝသီ လိုအင်စရိုက်၊
ထိုညာဉ်အလိုက် ပြခင်စုံစေ့စွာ။

❁ ကမ္မဋ္ဌာန်းတရား မှတ်ပွားရာတွင်၊
ပြတ်သားစွာပင် ဝေဖန်ရှင်းသမို့။
ပြေမြန်အတွင်း အများစိတ်မှာထင်၊
တရားဝိဇ္ဇာရှင် . . ။
ဆိုချင်ပါမောက် မုံအာဝင်လို့၊
တစ်ဂုဏ်ပါရင် ဘက်ကမ်းကျော်လို့လေး . . . ။
ဆီးဖြူပင်က စောဆရာကို၊
နမောခါခါ ရှိခိုးပါလို့လေး . . .။ ။

ဘဒ္ဒန္တ ဉာဏိန္ဒာလင်္ကာရ
စည့်ပင်ဂိုဏ်းအုပ်ဆရာတော်၊ တောင်ငူ

## ၃။ ရှစ်လုံးဘွဲ့ သံဆန်းကဗျာများ

❁ ဘုရား . တရား အလားတူပင်၊
စံပြ သံဃ ပန်သဂုဏ်အင်၊
ရှယ်ဆက်သွယ်ယှက် ဆယ်လက်ဦးတင်၊
သဒ္ဒါဖော နမော ဆီးဖြူပင်။

❁ ကျေးလက်ရေးခက် စေးဖွက်လယ်ပြင်၊
စုံပန်းမှုန်ဆန်း ဘုံနန်းအသွင်၊
ကံရင်းဉာဏ်ခင်း ဖန်ဆင်းကျောင်းသင်၊
ရည်မျှော်ရှု တည်ပြုဆီးဖြူပင်။

သဘောဖြစ်ဟန်　　မှန်းကြံဆ ၊
ကျမ်းဂန်အရ　　အရှိမှန် ၊
ထိန်စန်းရှိန်လွှမ်း　　စိန်ပန်းခတ်ယှဉ် ၊
ရောင်လင်းမှောင်ခင်း　　အောင်ခွင်းပလွှင် ၊
ကိုးဆင့်ဖြိုးမြင့်　　နိုးဖွင့်စည်ပင် ၊
ကမ္ဘဌာန်း　　စခန်းဆီးဖြူပင်။

သဘောဖြစ်ဟန်　　မှန်းကြံဆ ၊
ကျမ်းဂန်အရ　　အရှိမှန် ၊
ရှာန်လမ်း. ဉာဏ်လမ်း　　ကမ္ဘဌာန်းမှာတွင် ၊
စာရှိ ငါသိ　　ရာညှိကာတင် ၊
နည်းသတ်ပည်းဖြတ်　　ကြီးမြတ်အရှင် ၊
ဂုဏ်နိမိတ်　　ပုံရိပ်ဆီးဖြူပင်။

သဘောဖြစ်ဟန်　　မှန်းကြံဆ ၊
ကျမ်းဂန်အရ　　အရှိမှန် ၊
ဗုဒ္ဓ. ဓမ္မ　　သံဃဂုဏ်ဆင်၊
ရှုံခ စံပြ　　မြန်မာ့ဘွေခွင် ၊
ကံအား . ဉာဏ်အား　　စံထားထေရ်ရှင် ၊
ပဋိပတ်　　ရှိ - တတ် ဆီးဖြူပင်။

သဘောဖြစ်ဟန်　　မှန်းကြံဆ ၊
ကျမ်းဂန်အရ　　အရှိမှန် ၊
စားမှု. ထားမှု　　ကြွားမှုတွေတွင် ၊
ကြောက်မက်ခြောက်လျက်　　ယောက်ယက်ဘောင်ဘင် ၊
သောကဇောကြွ　　မောကြလူရှင် ၊
အမြိုက်ဆေး　　တိုက်ကျွေး ဆီးဖြူပင်။

သဘောဖြစ်ဟန်　　မှန်းကြံဆ ၊
ကျမ်းဂန်အရ　　အရှိမှန် ၊
တွေးကြ . ဝေးကြ　　ဆွေးကြ လူရှင် ၊
ဘေးပ ဝေးရ　　အေးမြကြည်လင် ၊
ချမ်းမြ လန်းကြ　　စန်းလအသွင် ၊
မေတ္တာစမ်း　　ဆွတ်ဖျန်းဆီးဖြူပင်။

❀ သဘောဖြစ်ဟန် မှန်းကြံဆ၊
ကျမ်းဂန်အရ အရှိမှန်၊
ဩဃေဟာမျောသော လောကောလူ့ရှင်၊
သောကောရောဂေါ လောလောပူပင်၊
ဣန္ဒိ. သိဒ္ဓိ ဣစ္ဆိတံဝင်၊
အပြီးရောက် ချီးမြှောက်ဆီးဖြူပင်။

❀ သဘောဖြစ်ဟန် မှန်းကြံဆ၊
ကျမ်းဂန်အရ အရှိမှန်၊
ဤသို့ မိုကြို့ တန်ခိုးဂုဏ်ဆင်၊
အထက်အချက် ကနက်တိုင်ပင်၊
အဓိပတိ သိရှိပေါ်ထင်၊
ဂုဏ်သတင်း ထုံသင်းဆီးဖြူပင်။

❀ သဘောဖြစ်ဟန် မှန်းကြံဆ၊
ကျမ်းဂန်အရ အရှိမှန်၊
ဟော်မြို့တော်သို့ ကျော်လို့သာလျှင်၊
ချွတ်အပ်ထွင့်မြတ် လွတ်လပ်သဘင်၊
ခင်းနဲ့၊ ကျင်းနဲ့ မင်းဘွဲ့တော်ဆင်၊
တည်ယခု ပြည်သူ့ဆီးဖြူပင်။

❀ သဘောဖြစ်ဟန် မှန်းကြံဆ၊
ကျမ်းဂန်အရ အရှိမှန်၊
ကြိုင်သန့်လှိုင်ပျံ့ နိုင်ငံ့ထေရ်ရှင်၊
မာလျက် . သာလျက် ရာသက်ကျော်ပင်၊
ပြုမိ ရှုကြည့် မှနိုလမ်းစဉ်၊
သာသနာပြု ဌာတုဆီးဖြူပင်။

❀ သဘောဖြစ်ဟန် မှန်းကြံဆ၊
ကျမ်းဂန်အရ အရှိမှန်၊
ကေ ကေ ကေ တု ကေတု ပလ္လင်၊
နေ နေ နေပြု နေပြု စံရှင်၊
ဝေ ဝေ ဝေ ဆု ဝေဆု လှူရှင်၊
အောင်စည်တီး ဆောင်ထီးဆီးဖြူပင်။ ။

ဘဒ္ဒန္တ ဉာဏိန္ဒာလင်္ကာရ
စည်ပင်ဂိုဏ်းအုပ်ဆရာတော်၊တောင်ငူ

## ၄။ ဂုဏပူဇာ ရတုပိုဒ်စုံနှင့် ရှစ်ဘုံးဘွဲ့ကဗျာများများ

လောင်းမြတ်သာကီ၊ အာဇာနည်ကား၊ ဂုဏ်ရည်ယှက်သိုင်း၊ ပဲခူးတိုင်း၏၊ မြောက်ပိုင်းရပ်ဝယ်၊ တောင်ငူနယ်တွင်၊ ရှုဖွယ်တင့်ဆန်း၊ လွန်ငြိမ်းချမ်း၍၊ စိမ်းလန်းသာယာ၊ ပဒဲရွာ၌၊ ဂုဏ်ဖြာကဲပို၊ ဦးဖိုးချိုနှင့်၊ နှစ်ကိုတူယှဉ်၊ ဒေါ်ဖွားရင်မှ၊ ချိန်လျှင် ကောဇ ၁၊ ထောင့်နှစ်ရာနှင့်၊ တစ်ဖြာစွန်းလစ်၊ ခုနစ်ဆယ့်နှစ်တွင်၊ ရွက်သစ်ဝေလောင်း၊ လတပေါင်း၏၊ ချိန်ကောင်းနေ့ဖြစ်၊ လဆန်းရှစ်ဟု၊ ထွန်းသစ်ကြည်မွေ့၊ သောကြာနေ့၌၊ ချမ်းမြေ့သာယာ၊ ဖွားမြင်ပါသည်၊ "ရွှေကြာပန်းအလှ အသွင်ပါဘုရား"။

❀ တောင်ငူမြို့ဦး ၊ မြောက်စူးစူးမှာ၊
တင့်တယ်ခန့်ငြား ၊ ဝင့်ကြွားထည်ဝါ၊
ဆီးဖြူပင်ကျောင်း ၊ ကိန်းအောင်စံရာ၊
ထေရ်ဘုရား ၊ ဂုဏ်များ ဝေဝေဖြာ။

❀ ထေရ် အတ္ထုပ္ပတ် ၊ ဖြစ်ရပ်စုံစွာ၊
စာစီရေးစပ် ၊ ရွတ်ဖတ်ပူဇာ၊
တောင်ငူနယ်ထဲ ၊ ပဒဲဂါမာ၊
မွေ့မရ ၊ ထေရဇာတိရွာ။

❀ ဦးဖိုးချိုနှင့် ၊ ကြောင်းသင့်စုံတယ်၊
ဒေါ်ဖွားရင် မှ ၊ အရတော်ဖွယ်၊
ထောင့်နှစ်ရာနှစ် ၊ စွန်းလစ်ခုနစ်ဆယ်၊
သက္ကရာဇ် ၊ တွက်စစ်ချိန်ခါဝယ်။

❀ ရွက်သစ်ကြွေညှောင်း ၊ တပေါင်းချိန်ခါ၊
ပုဏ္ဏာဆန်းတက် ၊ ရှစ်ရက်နေ့မှာ၊
သောကြာနေ့ရောက် ၊ ထွန်းတောက်မင်္ဂလာ၊
ဖွားမြင်ရ ၊ ထေရ မြတ်လောင်းလျာ။

လောင်းမြတ်ရာတည်၊ မျိုးသာကီတည့်၊ သာကြည်ရွှင်ပျ၊ ပဗ္ဗဇ္ဇဟု၊ သာသနာ့အမွေ၊ ခံယူလေ၍၊ တစ်ထွေ တင့်ဆန်း၊ မြတ်ရဟန်းသို့၊ တက်လှမ်းပြီးကာ၊ မြတ်ဗုဒ္ဓါ၏၊ သာသနာ့အကျိုး၊ ရွက်သည်ပိုးခဲ့၊ နှစ်မျိုးစုရ၊ မလစ်ရအောင်၊ ဂန္ထစာပေ၊ အထွေထွေကို၊ အခြေကျနေ၊ သင်ပြီးမှလျှင်၊ ဓမ္မဝိပဿနာ၊ ကျင့်ကြံရာ၌၊ မဟာစည်ထေရ်ဖျား၊ နည်းခံထား၍၊ ရှုပွား ဆင်ခြင်၊ များလူရှင်ကို၊ ကိုယ်လျှင်မကွာ၊ ပွားစေပါသည် . . . . "တေဇာလျှမ်းပ အစဉ်သာဘုရား"။

❀ ငယ်စဉ်ဘဝ ၊ အရတော်စွာ၊
သာမဏေဖြစ် ၊ မွေနှစ်ရကာ၊
ထိုမှထက်တန်း ၊ တက်လှမ်းကာသာ၊
မြတ်ရဟန်း ၊ တင့်ဆန်းဖြစ်ခဲ့တာ။

❀ သာသနာကျိုး ၊ သည်ပိုးထေရ်ရှင်၊
ဓုရနှစ်ရပ် ၊ မလပ်အောင်ပင်၊
စာပေဂန္ထ ၊ ကျနစုံလင်၊
ပရိယတ် ၊ သိမှတ်ဝေဝေလွှင်။

❀ ဂန္ထဓုရ ၊ ကျနပြီးလျှင်၊
မဟာစည်ထေရ်ဖျား ၊ ညွှန်ကြားလမ်းစဉ်၊
တရားတော်များ ၊ ရှုပွားခဲ့အင်၊
ဉာဏ်စဉ်သိ ၊ ပီတိရင်၌ရွှင်။

❀ မိမိသို့လား ၊ အများသူငါ၊
တရားဓမ္မ ၊ ပွားကြဖို့ရာ၊
စဉ်မပျက်တမ်း ၊ ကြိုးပမ်းလို့သာ၊
တရားပြ ၊ သာသနာ့ဝန်ဆောင်တာ။

ပေါင်းစပ်ဖြာသီ၊ ပါရမီကြောင့်၊ ချိန်မှီကောဇာ၊ ထောင့်သုံးရာ၏၊ တစ်ဖြာစွန်းရောက်၊ နှစ်ဆယ့်ခြောက်၌၊ ထွန်းတောက်ဂုဏ်လွှင်၊ ဆီးဖြူပင်ဟု၊ ကျောင်းလျှင်ရိပ်သာ၊ တည်ထောင်ကာဖြင့်၊ ရောက်လာလေငြား၊ ယောဂီများကို၊ တရားဓမ္မ၊ လမ်းညွှန်ပြလျှင်၊ ထွန်းပဂုဏ်ဝါ၊ တေဇာသတင်း၊ နယ်ပင်ချင်း၍၊ ပြည်တွင်းထင်ပေါ်၊ နိုင်ငံတော်မှ၊ အဂ္ဂကမ္မဋ္ဌာန်း၊ ဘွဲ့ပန်းလှူလျှင်၊ များလူရှင်တို့၊ ကြည်ရွှင်လိုက်လှဲ၊ ပူဇော်ပွဲကို၊ ငြိမ့်သဲညံစွာ၊ ကျင်းပပါသည် . . . "ပြည်မြန်မာလွှမ်းရ မင်္ဂလာဘုရား"။

❀ ထောင့်သုံးရာမြောက် ၊ နှစ်ခြောက်ကောဇာ၊
ဆီးဖြူပင်ဟု ၊ မည်ပြုတိုက်တာ၊
ဦးဆောင်ရှေ့သွား ၊ တည်ထားလို့သာ၊
ယောဂီများ ၊ တရားရှုမှတ်ရာ။

❀ ထေရ်ရှင်အစွမ်း ၊ ဂုဏ်ပန်းဝင့်ကာ၊
နိုင်ငံတော်မှ ၊ အဂ္ဂမဟာ၊
ကမ္မဋ္ဌာန ၊ စရိယမည်သာ၊
ဘွဲ့တော်မြတ် ၊ ဆက်ကပ်လှူလေတာ။

- ဘွဲ့မကိုင်မှုပန်း ၊ ဆင်မြန်းထေရှင်၊
  တပည့်အများ ၊ စိတ်ထားကြည်ရွှင်၊
  မြတ်ပူဇော်ပွဲ ၊ ဆင်နွှဲသည်ပင်၊
  မိုးဘဝင် ၊ ထိုးတက်သံသာလွင်။

- အလယ်ကျွန်းထေရ်ဖျား၊ ရှေ့သွားဆောင်ကာ၊
  ဦးကောဝိဒ ၊ စီသ ကဗျာ၊
  ရွှေကျွန်းသူများ ၊ ရွှတ်ပွားလို့သာ၊
  ထေရ်ရှင်အား ၊ ညွှတ်တွားဝန္ဒနာ။

သို့ဖြစ်ပါ၍ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင်သက်တော်ရှည် ဆီးဖြူပင် ဆရာတော်ဘုရားကြီးအား ဂုဏဝိသေသပူဇာ မင်္ဂလာ ဆင်ယင်ပြုလုပ်ကာ ကုသိုလ်ရယူနိုင်ကြခြင်းသည် မင်္ဂလာ တရားတော်နှင့် ညီညွတ်ခြင်း၊ သာသနာ့ပြု ပုဂ္ဂိုလ်များ သာသနာတော်၏ကျေးဇူးကို မပြတ်ဆည်းပူး အားထုတ် နိုင်ခြင်း စသည့် ရည်ရွယ်ချက်ကောင်း ဖြစ်ပါသဖြင့် ဂုဏထောမနာ ကမ္ပည်းစာ ရေးသားမှတ်တမ်းတင်အပ်ပါသည်။

မဟာဇနဿ အတ္ထာယ၊ ကမ္မ + ပ္ပဟာယ အတ္တနော၊
ဌာနာဌာန ကောသလ္လဿ၊ စရိယံ စရ ဝီရိယံ ။

| | | |
|---|---|---|
| ယော ထေရော | = | "အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ" ဘွဲ့တံဆိပ်ပိုင်ရှင် သက်တော်ရှည် ဆီးဖြူပင် ဆရာတော် ဘုရားကြီးသည်။ |
| အတ္တနော | = | မိမိအတွက်။ |
| ကမ္မံ | = | လူမှုရေးရာ အဖြာဖြာ၌ ပြုစရာကိစ္စ မှန်သမျှတို့ကို။ |
| ပဟာယ | = | လျစ်လျူရှုကာ ပယ်စွန့်ခွာ၍ ။ |
| မဟာဇနဿ | = | မိမိကို မှီခို၊ ကြည်ညို ကိုးစား၊ တပည့်များ၏။ |
| အတ္ထာယ | = | လူ့. နတ် ချမ်းသာ၊ အဖြာဖြာထက်၊ မြင့်တက်သာစွ၊ မဂ္ဂဖလ၊ နိဗ္ဗာနတိုင်၊ ပေးစွမ်းနိုင်စေ ရန်အလို့ငှာ လည်းကောင်း။ |
| ဌာနာဌာန ကောသလ္လဿ | = | အကြောင်းဟုတ် . မဟုတ် ခွဲခြမ်းထုတ်၍ ဝင်သုတ် နင်တံပမာ၊ ကျွမ်းကျင်လိမ္မာနိုင်စေခြင်း ငှာ လည်းကောင်း။ |
| ဝီရိယံ(ဝီရိယေန) | = | သဒ္ဓါမှုထား လုံ့လဥဿဟ တရားဖြင့်။ |
| စရိယံ | = | နည်းနာကျနု သတိပဋ္ဌာန ဓမ္မစရိယကို။ |
| စရ | = | ခန္ဓာအသက် မငဲ့ကွက်ဘဲ ဖွဲထက်သန်သန် ကျင့်ကြံတော်မူပါပေ၏။ |
| တသ္မာ | = | ထို ဤ အဖို့ ကြောင်းမျိုးစုံကြောင့်။ |
| (သော - ထေရော | = | ကျေးဇူးတော်ရှင် သက်တော်ရှည် ဆီးဖြူပင် ဆရာတော်ဘုရားကြီးသည်။ |
| လဒ္ဓန် | = | နိုင်ငံတော်အစိုးရ၊ န.ယ.က မှ၊ ကြည်မွေ့.ပေးလှူ၊ လေးမူဆက်ကပ် "အဂ္ဂမဟာကမ္မဋ္ဌာ နာစရိယ" ဘွဲ့တော် မြတ်ကို ။) |
| လဘတိ | = | ဂုဏ်နှင့်ဒြပ် အစဉ်ဟတ်လျက် မြင့်မြတ်မှန်စွာ လက်ခံရယူတော် မူခဲ့ပေသည်တကား။ |

အရှင်ပါရဂူပဏ္ဍိတ
သီတာရုံစာသင်တိုက်ဆရာတော်၊တောင်ငူ

# ၁။ အကျဉ်းအကြပ် အခက်အခဲမှ လွတ်ကင်းချမ်းမြေ့စေမည့် နမောတေဂါထာတော်

ပါဠိ

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ၊
သမ္ဗာဓ ပ္ပဋိပန္နောသ္မိ ၊ တဿ မေ သရဏံ ဘဝ၊

"အနက်"

| | | |
|---|---|---|
| ဝီရ | = | သီလနှင့် မွေ့လျော်၊ လုံ့လတော် အတန်တန်၊ ရှိရှိးမှန်ပြား၊ မြတ်စွာဘုရား။ |
| တေ | = | သုံးဘုံ ကျော်ကြား၊ ရှင်တော်မြတ်ဘုရားအား။ |
| မေ | = | ဘုရားတပည့်တော်၏။ |
| နမော | = | ကာယ-ဝစီ၊ မနောချီလျက်၊ နှစ်သက်မြတ်နိုး၊ ရှိခိုးခြင်းသည်။ |
| အတ္ထု | = | မှချမသွေ ဖြစ်ပါစေသတည်း။ |
| ဗုဒ္ဓ | = | ကြွင်းမဲ့ဥဿုံ၊ အလုံးစုံကို၊ အကုန်သိပြား မြတ်စွာဘုရား။ |
| တွံ | = | ဘေးရန်ကင်းပြား ရှင်တော်ဘုရားသည်။ |
| သဗ္ဗဓိ | = | ခေတ်ကာလအလျောက်၊ ပေါ်ပေါက်များစွာ၊ ရောဂါရန်စွယ်၊ အန္တရာယ်အဝဝ၊ တောင့်တခြင်း ဟူသမျှမှ။ |
| ဝိပ္ပမုတ္တော | = | ပါရမီတန်ခိုးနှင့်၊ ပယ်နိမ်ချိုးသဖြင့်၊ လွယ်လင့်ကြည်ဖြူ ကင်းလွတ်တော်မူသည်။ |
| အသိ | = | အလွန်သင့်လျော် ဖြစ်တော်မူပါပေ၏ ဘုရား။ |
| အဟံ | = | မြတ်စွာဘုရားကို၊ အားထားပူဇော် ဘုရားတပည့်တော်မှာမူကား။ |
| သမ္ဗာဓပ္ပဋိပန္နော | = | ကျဉ်းမြောင်းခက်ခဲ၊ ဒုက္ခနယ်စက်အတွင်းသို့၊ သက်ဆင်းကျရောက်၍ နေရပါသည်။ |
| အသ္မိ | = | ဝဋ်မကင်းသဖြင့်၊ ညွတ်ကွင်းပမာ၊ မှန်စွာ ဖြစ်နေရပါ၏ ဘုရား။ |
| တွံ | = | ကရုဏာကြီးမား၊ ရှင်တော်မြတ်ဘုရားသည်။ |
| တဿမေ | = | မြတ်စွာဘုရားကို၊ အားထားပူဇော်၊ ဘုရားတပည့်တော်၏။ |
| သရဏံ | = | ဘေးရန်ကင်းပ၊ ချမ်းသာရကြောင်း မြတ်သောပုန်းအောင်း မှီခိုရာသည်။ |
| ဘဝ | = | ကရုဏာမိုး၊ သွန်းကာဖြိုးလျက်၊ နှစ်သက်ကြည်ဖြူ ဖြစ်တော်မူပါ့ဘုရား။ |

## (၁) ရွတ်ပွားခြင်း၏ အကျိုးကျေးဇူး

ဤ နမောတေ အစရှိသော ဂါထာတော်မှာ "ဘုရားဟောဂါထာတော်" ဖြစ်သည်။ ဘုရားရှင်ကိုယ်တိုင် ဟောကြားတော်မူသော ဂါထာတော်လည်း ဖြစ်သည်။ ယင်းဂါထာတော်ကို ရွတ်ဖတ်ခြင်းအားဖြင့် စီးပွားရေး အကြပ်အတည်း မကောင်းသော အနှောင်အဖွဲ့ စသည်တို့မှ လွတ်မြောက်နိုင်ပါသည်။

## ၂။ သန္ဓေဆောင် ကိုယ်ဝန်သည်များ မီးဖွားလွယ်ကူစေရန် ရွတ်ဆိုရသော အင်္ဂုလိမာလသုတ်တော်

- ပရိတ္တံ ယံ ဘဏန္တဿ၊ နိသိန္နဋ္ဌာန ဓောဝနံ။
  ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။

- သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ ယဉ္စ သာဓေတိ တင်္ခဏေ။
  ထေရဿင်္ဂုလိမာလဿ၊ လောက နာထေန ဘာသိတံ။
  ကပ္ပဋ္ဌာယိံ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

- ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊
  နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊
  တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

### (၁) ရွတ်ဖွားခြင်း၏ အကျိုးကျေးဇူး

မီးဖွားခက်ခဲသော သန္ဓေဆောင်ကိုယ်ဝန်သည်များ ဤပရိတ်တော် မန္တာန်ရေတိုက်ပေးပါက ကျန်းမာချမ်းသာစွာ အလွယ်တကူ ဖွားမြင်နိုင်ပါသည်။ ကိုယ်ဝန်နူတ်ပိုက်ရှိသူများ အမြဲတစေ ရွတ်ဖတ်ပါက ခက်ခဲမရှိ ချောမောစွာ ဖွားမြင်နိုင်၏။

လူသာမက၊ အိမ်မွေးတိရစ္ဆာန်များ မွေးဖွားရခက်လျှင် ဤပရိတ်မန္တာန်ရေဖြင့်ပင် ဖျန်းပက်တိုက်ပေးပါက လွယ်ကူစွာ ဖွားမြင်ရသော အကျိုးကျေးဇူး ရရှိစေနိုင်ပါသည်။

### (၂) အင်္ဂုလိမာလသုတ်တော် ဝတ္ထုဖြစ်စဉ်

သာဝတ္ထိပြည် ပသေနဒီ ကောသလမင်းကြီး၏ အတိုင်ပင်ခံပညာရှိ ပုရောဟိတ်ကြီး ဂဂ္ဂပုဏ္ဏားၢ ဇနီး ပုဏ္ဏေးမကြီး မန္တာနီတွင် သားတစ်ယောက်ဖွားမြင်ရာ၊ ဖွားမြင်သည့်အချိန်တွင် တစ်ပြည်လုံးရှိ လက်နက်များ အရောင်တဝင်းဝင်း ထွက်လာသဖြင့် ၊ ကောသလမင်းကြီးကမေးရာ ပုဏ္ဏားကြီးက မိမိ၏ဇနီးမှမွေးဖွားသောသား၏ နက္ခတ်ကြောင့်ဖြစ်ကြောင်း သံတော်ဦးတင်၍ ၎င်းသားကို သုတ်သင် ဖျောက်ဖျက်ပစ်ပါမည်ဟု သံတော်ဦးတင်လျှောက်လေသည်။

မင်းကြီးက "တိုင်းပြည်ကို လုယူမည့် သူပုန်ဖြစ်မည်လား " ဟု မေးရာ ပုဏ္ဏားကြီးက ထီးနန်းကို လုယူမည့်သူ မဟုတ်ပါ။ တောတွင်းလူဆိုးသာ ဖြစ်ပါမည် ပြောသဖြင့် မင်းကြီးက "ဇီဝိတဒါန အသက်ရှင်ပါစေ၊ မသေပါစေနှင့်" ဟု မိန့်ကြားသဖြင့် "အဟိံသက" အမည်ပေး၍ ဆက်လက် မွေးမြူထားလေသည်။

အရွယ်ရောက်သော် တက္ကသိုလ် ဒိသာပါမောက္ခ ဆရာကြီးထံ ပညာသင်စေလွှတ်ထား၏။ တပည့်ပေါင်းများစွာ ရှိသည့်အနက် အဟိံသက မှာ ဖျတ်လတ်သွက်လက်သဖြင့် ဆရာကတော်ကြီးက အဟိံသကကို လက်စွဲပြုစေခိုင်းလေ့ရှိ၏။ ဆရာကတော်ကြီးက အရေးပေးသည်ကို မနာလိုသော တပည့်များသည် အဟိံသက မှာ ဆရာကတော်ကြီးအပေါ်၌ မရိုးသားကြောင်း ဆရာကြီးအား ကုန်းချောစကား ဆိုကြလေတော့သည်။

ဆရာကြီးသည် အထင်လွဲကာ အဟိံသက အား ပညာစုံပြီဖြစ်၍ ပညာကြေးကန်တော့ရန် "လူ့လက်

ညှိုး တစ်ထောင်ဖြတ်ယူခဲ့" ဟု အနနည်းဖြင့် သေလမ်းသို့ ညွှန်ကြားလိုက်လေသည်။ အဟိံသကသည်လည်း ဆရာကြီးအပေါ်၌ ကြည်ညိုလေးစားစွာဖြင့် ဩဝါဒအတိုင်း သာဝတ္ထိပြည်အနီး ဇာလိယတောတန်းထဲတွင်နေကာ ဓားတစ်ချောင်းဖြင့် လာလာသမျှသောလူများကို သတ်၍ လက်ညှိုးဖြတ်ကာ ကြိုးနှင့်သီပြီး လည်ပင်းမှာ ဆွဲထားလေသည်။

ထိုအချိန်ကစ၍ အဟိံသကအမည်မှ အင်္ဂုလိမာလဟုအမည်တွင်ကာ ဘုရင်မင်းမြတ်ကိုယ်တိုင်ထွက်၍ နှိမ်နင်းရန် ကြံသည်အထိ ရာဇဝတ်ကောင်ကြီးတစ်ဦးသဖွယ် ကြီးကျယ်လာလေတော့သည်။

ကောသလမင်းကြီးကိုယ်တိုင် စစ်တပ်နှင့်ထွက်၍ လက်ရဖမ်းမည်ဟု သိသောနေ့တွင် မန္တာနီ ပုဏ္ဏေးမကြီးသည် သားအပေါ်၌ ချစ်ခြင်းမေတ္တာကရုဏာဖြင့် ဇာလိယတောတန်းသို့ အပြေးလှမ်းလာကာ သားကို တော်ရာလွတ်ရာသို့ ရှောင်ရှားရန် ဟစ်အော် သတိပေးလေတော့သည်။

(မဇ္ဈိမပဏ္ဏာသ ပါဠိတော် ထေရဂါထာ အဋ္ဌကထာ ( ဒုတိယတွဲ )။ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ။)

အင်္ဂုလိမာလအဖို့မှာလည်း တစ်ထောင်ပြည့်ရန် လက်တစ်ချောင်းသာလိုသောနေ့မှ မွေးသမိခင် ကျေးဇူးရှင်ကိုယ်တိုင် လာရောက်သတိပေးလေရာ ဘုရင်ကိုယ်တိုင် လူဆိုးဖမ်းထွက်မည့်နေ့ဖြစ်၍၊ ဤတောတန်းများ၌ ဖြတ်သန်းမည့် အခြားသူမရှိဘဲ တစ်ဦးတည်းသောလာသူမှာလည်း မိခင်ရင်း ဖြစ်နေတော့ရာ၊ ယနေ့လက်ညှိုး တစ်ထောင်ပြည့်ပါက ဆရာထံပြန်၍ ကန်တော့လိုသော အင်္ဂုလိမာလမှာ "မာတာပိတု ဂုဏော အနန္တော" ဟု သဘောသက်ဝင်မဆင်ခြင်နိုင်ဘဲ၊ မိခင်လက်ညှိုးကို ဖြတ်ရန် ကြံစည်ကာ ဓားဆွဲ၍ လိုက်လေသည်။

ဝေနေယျ သတ္တဝါများကို ကရုဏာတော် အနန္တဖြင့် ကြည့်ရှုကယ်တင်ရန် မြတ်ဘုရားသည် ဒိဗ္ဗစက္ခုဉာဏ်တော်မြတ်ဖြင့် ကြည့်ရှုရာ အင်္ဂုလိမာလသည် ဒီဘဝမှာ ကျွတ်တမ်းဝင်မည့် "ပစ္ဆိမဘဝိကပုဂ္ဂိုလ်"ဖြစ်သည်။ သို့ဖြစ်၍ မိခင်နှင့် သားအကြား ဘွားကနဲဝင်၍ မိခင်ကို ကွယ်လိုက်လေသည်။ အပြေးလျင်သော သား. သမင်ကိုပင် အစဉ်ရအောင် ဖမ်းယူနိုင်သော အင်္ဂုလိမာလမှာ ဘုရားရှင်ကိုလိုက်၍ မမီနိုင်သည့်အဆုံး "ရဟန်းကြီး ရပ်လော့"ဟု လူဆိုးပီပီ အမိန့်ပေးလေသည်။

ဗုဒ္ဓဘုရားရှင်က "အင်္ဂုလိမာလ၊ ငါကား ရပ်နေ၏။ သင်သာ မရပ်သေးပါတကား" ဟု မိန့်ရာ အင်္ဂုလိမာလက "ရဟန်းကြီး အဘယ်ကြောင့် မုသားပြောသနည်း" ဟု ထပ်ဆင့်မေးသဖြင့်၊ ဘုရားရှင်က သံသရာအမိုက်ဇာတ်ကို အမြစ်မဖြတ်ဘဲ တဝဲလည်လည်မရပ်မနား ပြေးလွှားနေခြင်းအဓိပ္ပါယ်ကို အလွယ်နှင့်နားလည်ရန် ဟောသဖြင့် ပါရမီရင့်ပြီးဖြစ်သူ အင်္ဂုလိမာလမှာ တစ်ထိုင်တည်းဖြင့် "ဧဟိဘိက္ခု" ရဟန်း ဖြစ်လေတော့သည်။

လူဆိုး ဖမ်းထွက်လာသော ကောသလမင်းကြီးသည် ဘုရားကျောင်းတော်တွင် ရဟန်းဖြစ်နေသော အင်္ဂုလိမာလအား ကန်တော့၍ နန်းတော်သို့ ပြန်ရရှာလေသည်။

ရဟန်းမြတ်ကျင့်စဉ်ဖြင့် ပြည့်စုံစွာ ဆွမ်းခံထွက်လာသော အင်္ဂုလိမာလကို မြို့တွင်းမှ လက်ညှိုးဖြတ်ခံရသူများက တုတ်. ခဲ. အုတ်. ကျောက်များဖြင့် ပစ်ခတ်သည့်တွက် ဒဏ်ရာများရသော်လည်း သည်းခံ၍သာ၊ သီတင်းသုံးနေရရှာသည်။ ထို့ကြောင့် မြတ်စွာဘုရားက အင်္ဂုလိမာလကို ခေါ်တော်မူ၍၊ မီးမဖွားနိုင်သူတို့အား "သစ္စာပြုပြီး မီးဖွားစေသော ဂါထာမန္တာန်တော်ကို" သင်ကြားပေးတော်မူ၏။

အင်္ဂုလိမာလ ရဟန္တာမြတ်၏ ကျေးဇူးတော်ကြောင့် မီးမဖွားနိုင်သူတို့ လွယ်ကူစွာ မီးဖွားနိုင်သည်မှစ၍၊ ကြည်ညိုသူပေါ်များသော ရဟန္တာမထေရ်မြတ်တစ်ပါး ဖြစ်သွားသည့်အခါကစ၍ အင်္ဂုလိမာလ သုတ်တော်ကို ရွတ်ပွားမှု စတင်ခဲ့ကြပါသည်။

❁ ဗေဒင်နက္ခတ်ပညာသည် လောကီဘဝကိုသာ ဖတ်ရှု ဟောပြောနိုင်ပြီး၊ လောကုတ္တရာဘဝကို

လက်လှမ်းမမီ ကြောင်း၊ ဘဝတစ်ခုလုံးကို မမြင်နိုင်ဘဲ၊ ဘဝ၏ အစိတ်အပိုင်းကိုသာ မြင်နိုင်ကြောင်း။

- လူ့မိစ္ဆာ၊ လူအန္ဓတွေရဲ့ မလိုတမာ ဣဿာမစ္ဆရိယသည် တကယ် ပညာရှိ သူတော်ကောင်းတို့၏ ဘဝကိုပင် ပျက်စီးစေနိုင်၏။
- အနန္တဂိုဏ်းဝင် ဆရာသခင် ဖြစ်ပါလျက် တပည့်ကို မကောင်းကြံကာ ချောက်တွန်းတတ်တဲ့ ဆရာတွေလည်း လောကမှာ ရှိပါသေးလား? ဆိုတာ သတိပြုသင့်ကြပါတယ်။

## ကျွဲ၊ နွား အသားစားခြင်းမှ ရှောင်ရန် မေတ္တာစာ

ငါတို့လုပ်သော၊ ကျွဲ . နွားများကား -
နိမ့်သော်လည်းမြင့်၊ ရှုံးသော်လည်းနိုင်၊
ယုတ်သော်လည်းမြတ်၊ ဒွန်တွဲစပ်လျက်၊
နိုင်းသော်မငြင်း၊ စားသန့်ရှင်း၍၊
လက်ငင်းဘဝ၊ ပြစ်ကင်းလှ၏။
စား . အိပ် . ပျော်ပါး၊ ထိုသုံးပါးထက်၊
လုပ်အား အမြတ်၊ သူပေးတတ်၏။
အသက်ရှင်ရုံ ၊ စားသောက်ပုံနှင့်၊
သူ့ဟန်စရိုက်၊ လူ့အကြိုက်ဆောင်၊
အမိုက်မှောင်မှ၊ ရှုံးဘဝကို၊
ရှုန်းရ . ကန်ရ၊ ဟန်မကျလည်း၊
မာန်ချ ကြွေးဆပ်၊ အတိတ်ဇာတ်၏၊
ပေးအပ်စာရင်း၊ အားနှင့် ရှင်းပြီ၊
ကြည်ဖြူကြပါ၊ သနားပါလော့။
နိုင်းသမျှလုပ်၊ ရိုက်သမျှခံ၊
သတ်လျှင်လည်းသေ၊ လိုရာစေကြ၊
အနေမလှ၊ ရှုံးဘဝတွင်၊
သူ့အားအကျိုး၊ သူ့ကောင်းကျိုးကား၊
ကြောင်း . ကျိုး ညှိ - စပ် ၊ အရပ်ရပ်တွင်၊
နှံ့စပ်ပါဝင် ၊ အပြစ်စင်၏။
ကျေးဇူးများပြား ၊ သူ့အသားအား၊
မစားရှောင်က ၊ ကျေးဇူးသိသည်၊
မည်လှပေ၏။

သတ္တဝါ ခပ်သိမ်း၊ တရားကိန်း အေးငြိမ်းသာယာ ရှိပါစေ။

ဦးထွေး၊ တောင်ငူ

# အဆုံးအမ ဩဝါဒကထာ

## ၁။ လိုရာပြည့်စုံ ကုံလုံကြွယ်ဝ မြတ်ဓမ္မ

အတ္ထိ ဟိ သတ္တိ ဓမ္မဿ၊ ဓမ္မော နော ဗုဒ္ဓပူဇိတော။
ယေ ဓမ္မံ အဘိမာနေန္တိ၊ တေ ဟောန္တိဉ နုတုန္နတာ။

| | | |
|---|---|---|
| ဓမ္မဿ | = | ရှင်တော်ဟောကြား တရားမြတ်၏။ |
| သတ္တိ | = | အစွမ်းသတ္တိသည်။ |
| အတ္ထိ | = | တကယ် ထင်ရှား ရှိသည်။ |
| ဓမ္မသတ္တိ | = | တရားအစွမ်းသတ္တိ အမှန် ရှိနေသည်သာတည်း။ |
| ဓမ္မော | = | တရားတော်မြတ်ကို။ |
| နော | = | ကျွန်ုပ်တို့၏။ |
| ဗုဒ္ဓပူဇိတော | = | ဘုရားရှင် ကိုယ်တော်မြတ်သည် ပူဇော်တော်မူအပ်၏။ |
| ယေ | = | အကြင်ပုဂ္ဂိုလ်တို့သည်။ |
| ဓမ္မံ | = | ထိုကဲ့သို့၊ အမှန်တကယ် အစွမ်းသတ္တိရှိသော တရားတော်ကို။ |
| မာနေန္တိ | = | မြတ်နိုးကြကုန်။ |
| တေ | = | ထိုတရားတော်ကို မြတ်နိုးကြကုန်သော ပုဂ္ဂိုလ်တို့သည်။ |
| ဉနုတုန္နတာ | = | တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်ကာ၊ မိမိတို့လိုရာခရီးပေါက်မြောက် အောင်မြင်၍ လိုရာဆန္ဒအသီးသီးတို့ ပြည့်စုံ ကုံလုံ ကြွယ်ဝ ချမ်းသာကြရလေကုန် သတည်း။ |

- ရှင်တော်မိန့်မှာ၊ သာသနာ၌၊ ဖြာဖြာပုညာ၊ ပြုလုပ်ကြ၍၊
  မြတ်လှ ဧကန်၊ ပြည်နိဗ္ဗာန်၊ ဝင်စံများသတ္တာ။

ဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်သည်ကား[၁] -

- ဝိမုတ္တိရသအားဖြင့် - တစ်ပါး၊
- ဓမ္မဝိနယအားဖြင့် - နှစ်ပါး၊
- ပိဋကတ်အားဖြင့် - သုံးပါး၊
- နိကာယ်အားဖြင့် - ငါးပါး၊
- အင်္ဂါအားဖြင့် - ကိုးပါး၊
- ဓမ္မက္ခန္ဓာအားဖြင့် - ရှစ်သောင်းလေးထောင် အသီးသီးရှိကြပေကုန်၏။

ထိုတရားအပေါင်းတို့သည် ငါ - ဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက်တွင်၊ အာနန္ဒာ - သင်မှစ၍ ဝေနေယျ သတ္တဝါအားလုံးတို့၏ ကိုးကွယ်မှီခိုရာ၊ အားထားရာအစစ်အမှန်ဖြစ်သည်။

ငါဘုရား၏ ကိုယ်စား ဆုံးမတတ်သော ဆရာလည်း ဖြစ်လေသည်ဟု မိန့်ကြားတော်မူခဲ့ပါသည်။

---

၁။ ဒီ - ၂၊ ၁၂၆၊ ၁၂၇။

## ၂။ ဒကာ , ဒကာမများ ဝိနည်းနားလည် သာသနာစင်ကြယ်

အနှိုင်းမဲ့ ကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသည်၊ လေးဆယ့်ငါးဝါကာလပတ်လုံး၊ ဝေနေယျ သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ ဓမ္မဒေသနာတော်များကို ဟောဖော်ညွှန်ပြတော်မူခဲ့ပါ၏။ ထိုဓမ္မဒေသနာများမှာ ပိဋကတ်အားဖြင့် သုံးပုံ၊ နိကာယ်အားဖြင့် ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် များမြောင်ကျယ်ဝန်းလှပါ၏။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟု ဆိုအပ်သော ဓမ္မဒေသနာတော်အားလုံးသည် နတ် . လူ . ဗြဟ္မာ . ရဟန်း . ရှင် . လူ အပေါင်း သိရန်နှင့် သိသည့်အတိုင်း လိုက်နာကျင့်ကြံအားထုတ်စေရန် ရည်သန်ပြီး ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါ၏။

ဝိနည်းဒေသနာတော်ကို ရဟန်း သံဃာတို့ လိုက်နာကျင့်သုံးရန် ဘုရားရှင်က အာဏာဒေသနာတော်ဖြင့် ပြဋ္ဌာန်းထားတော်မူခဲ့သည်မှာ မှန်ပါ၏။ သို့သော်လည်း ရဟန်း သံဃာတို့ လိုက်နာ ကျင့်ကြံရမည့် ဝိနည်း ဒေသနာတော်တို့ကို လူ ဒကာ၊ ဒကာမများ မသိသင့်၊ မသိထိုက်၊ မသိအပ်ဟူ ၍ မြတ်ဘုရားက တစ်လုံးတစ်ပါးမျှ မိန့်တော်မမူခဲ့ပါ။ လူဒါယကာ၊ ဒါယိကာမများအနေဖြင့် ဝိနည်းဒေသနာတော်ကို လုံး၀(လုံး၀) မလေ့လာအပ်ဟူ၍လည်း တားမြစ်ထားတော်မူခဲ့ခြင်း မရှိပါ။

ဗုဒ္ဓဘာသာဝင် အတော်များများသည် ဗုဒ္ဓချမှတ်တော်မူခဲ့သော ဝိနည်းဆိုသည့် သာသနာ့အသက် ရဟန်းတော်များ မလွဲမသွေ လိုက်နာကျင့်ကြံရမည့် နစ်ရာ့နစ်ဆယ့်ခုနစ်သွယ်သော သိက္ခာပုဒ်တော် စည်းကမ်းချက်တို့ကို သေချာကျနစွာ ဂယနက မသိရှိကြသဖြင့် ရဟန်းတော်များဖြင့် ဆက်ဆံရာတွင် ၎င်းတို့၏ အပြုအမူ၊ အပြောအဆို၊ အနေအထိုင် စသည်တို့ကြောင့် ရဟန်းတော်များမှာ အလိုလို အပြစ်ရရှိကြရ၏။ သဒ္ဓါတရားကို ငဲ့ကွက်ကာ သည်းခံနေကြရရှာ၏။

အချို့သော ဒကာ . ဒကာမတို့သည် အလွန်လွယ်ကူသည်ဟု ယူဆရသည့် ဝိနည်း သိက္ခာပုဒ်တော် အသေးအဖွဲကလေးများကိုပင် မသိရှိကြ။ ထိုအကျိုးဆက်ကြောင့် " အမှားကြာတော့ အမှန်ဖြစ်၊ အမှန်အစစ်ကို အမှားထင်လျက်၊ ဘုရားရှင်ပင် ဟောလို့မရ " ဖြစ်မည်ကို သတိပြု သင့်ကြပေသည်။

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိဆဲကာလက စိတ္တသူကြွယ်၊ ခုဇ္ဇုတ္တရာ စသော လူဝတ်ကြောင် ဒကာ ဒကာမများသည် ရဟန်းတော်များ လိုက်နာကျင့်သုံးအပ်သည့် ဝိနည်းတော်ကို အာဂုံဆောင်နိုင်ကြပါသည်။ အမှန်စင်စစ် လူ ဒကာ. ဒကာမများအနေဖြင့် ဝိနည်းတော်များကို သိရှိထားခြင်းကြောင့် အကျိုးကျေးဇူး ယုတ်လျော့ဖွယ်ရာမရှိ၊ အကျိုးကျေးဇူး ပိုမိုဖြစ်ထွန်းလာစရာသာ ရှိပါ၏။

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အစွန့်ရှည် တည့်တံ့ပြန့်ပွားအောင် အဓိက တာဝန်ယူနေရသော သံဃာတော်များကို လူ ဒါယကာ . ဒါယိကာမများက ပစ္စည်းလေးပါး အစရှိသည်တို့ဖြင့် လှူဒါန်း ထောက်ပံ့လျက်ရှိရာ ဝိနည်းကို သိနားလည်ထားခဲ့လျှင် သိနားလည်သည့်အလျောက် ပို၍ အပ်စပ်အောင် လှူဒါန်းနိုင်မည်။ ပို၍ အကျိုးရှိအောင် လှူဒါန်းနိုင်မည်။ ရဟန်းတော်များမှာလည်း အသေးအဖွဲ ဝိနည်းသိက္ခာပုဒ်တော်လေးများကို အလေးထားလာကြ၍ အပြစ်မရရှိနိုင်ကြတော့။

သာသနာ့သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်လျှင် ဝိနည်းတော်ကို နားလည် သိရှိသော ဒကာ. ဒကာမတို့ကြောင့် သာသနာတော်ဝယ် အကျိုးကျေးဇူး ဖြစ်ထွန်းခဲ့သည်ကို တွေ့ရှိနိုင်ပေမည်။

ဥပမာပြရသော် - ဝိနည်းတော်နှင့်အညီ မဖြစ်ဘဲ နေချင်သလိုနေသော ဆဗ္ဗဂ္ဂီရဟန်းဆိုးတို့အကြောင်းကို ဝိနည်းကျွမ်းကျင်သော ဒါယကာကြီး တစ်ဦးက ရဟန်းတော်တစ်ပါးမှ တစ်ဆင့် မြတ်စွာဘုရားရှင်ထံ လျှောက်ထားတော်မူခဲ့ပါသည်။ ဘုရားရှင်က လက်ဝဲတော်ရံ၊ လက်ယာတော်ရံ ရဟန္တာ မထေရ်မြတ်ကြီးနစ်ပါးကို စေလွှတ်တော်

မူ၍ ထိုရဟန်းဆိုးတို့ကို နှင်ထုတ်စေတော်မူခဲ့ပါသည်။ ဝိနည်းနှင့် မညီသော ရဟန်းကို၊ ဝိနည်းနှင့်မညီဟု ပြောသော ဒါယကာကြီးအား ဘုရားရှင်က အပြစ်ဆိုတော်မမူခဲ့သည့်အပြင် ထိုဒါယကာကြီး၏ သာသနာပြုစိတ်ဓာတ်ကို အသိအမှတ်ပြုတော်မူလျက် - ဝိနည်းနှင့်မညီသော ရဟန်းဆိုး တို့ကိုသာလျှင် နှင်ထုတ်စေတော်မူခဲ့၍ ဆဗ္ဗဂ္ဂီရဟန်းတို့ကို သာသနာတော်မှ သန့်စင်နိုင်ခဲ့ပေသည်။

ဒါယကာ . ဒါယိကာမများက ရဟန်း ဝိနည်းတော်ကို နားလည်ထားခြင်းသည် ဘုရားရှင် သာသနာတော်ကို များစွာ အထောက်အပံ့ပြုကာ သန့်ရှင်းစင်ကြယ်စေရုံမျှမကဘဲ တစ်ဖက်တစ်လမ်းမှ သာသနာပြုရာ ရောက်သည်ကို သိနားလည်ထားသင့်ကြပေသည်။

## (၁) အသေးအဖွဲ ဝိနည်းကအစ လေးစားကြရမယ်

ဆရာတော်ကြီးက ဝိနည်းကိုလည်း အလွန်အလေးဂရုပြုပါသည်။ ထို့ပြင် အရုဏ်တက်ချိန်ကိုလည်း အထူးသတိထား ဂရုစိုက်သည်။ ဆရာတော်ကြီးက မိန့်ကြားသည်မှာ "မိမိက တစ်နေ့တာလုံး ဝိကာလဘောဇနသိက္ခာပုဒ်ကို စောင့်ရှောက်လာခဲ့တယ်။ ဒီလို စောင့်ရှောက်လာခဲ့ပြီးတော့မှ မိမိက အရုဏ်ဆွမ်းကို ဒကာ . ဒကာမအလိုငဲ့ပြီး၊ အရုဏ်မတက်မီ နာရီပိုင်းလေးအလိုမှာ အကပ်ခံပြီး ဘုဉ်းပေးမိခဲ့ရင် ကိုယ့်မှာ အပြစ် အာပတ်တွေ သင့်နေတတ်တယ်။ ဒီအချိန်ပိုင်းလေး မစောင့်နိုင်တာနဲ့ ကိုယ့်ရဲ့သီလ အစွန်းအထင်း အညစ်အကြေးဖြစ်သွားစေနိုင်တယ်။ အသေးအဖွဲဆိုပြီး သီလကို အထူးဂရုစိုက်ကြရမယ်။

ဒကာ . ဒကာမတွေကလည်း အရုဏ်မတင်ခင် ဆွမ်းမကပ်ရဘူး။ အရုဏ်မတက်မီ ဆွမ်းကပ်လိုက်ရင် အကပ်ခံတဲ့အတွက်ကြောင့် မစားကောင်းတော့ဘူး။ မဘုဉ်းပေးကောင်းတော့ဘူး။ အဲဒီမှာ အာပတ်က သင့်တော့မယ်။ ဒီအချိန်လေးကို နည်းနည်းလေး နောက်ကျပြီး သည်းခံစောင့်လိုက်တဲ့အတွက်ကြောင့်မို့ ကိုယ်မှာ အပြစ်အာပတ်က လွတ်တယ်။ ကိုယ့်သီလ ကိုယ်သိပြီး ကိုယ့်ကိုယ်ကို အထူးသန့်ရှင်းစင်ကြယ်စေတယ်။ အဲဒီလောက် အသေးအဖွဲလေးကစပြီး ဝိနည်းကို ရိုသေလေးစားကြရမယ်"။

### ၃။ ခေတ်ငါးခေတ်

ဗုဒ္ဓမြတ်စွာ ထားတော်မူခဲ့သော သာသနာငါးထောင်ကို ကျမ်းဂန်ဒေသနာများတွင် အောက်ပါအတိုင်း ပြဆိုထားကြောင်း လေ့လာတွေ့ရှိရပါသည်။

| စဉ် | ခေတ်အမျိုးအစား | ကာလ နှစ် | သာသနာနှစ် |
|---|---|---|---|
| (က) | ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် | ၁၀၀၀ | ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးချိန်မှနှစ်တစ်ထောင်အတွင်း |
| (ခ) | ဆဠာဘိညာ ရဟန္တာခေတ် | ၁၀၀၀ | သာသနာနှစ် ၁၀၀၁ မှ ၂၀၀၀ ထိ |
| (ဂ) | ဝိဇ္ဇာရေ ရဟန္တာခေတ် | ၁၀၀၀ | သာသနာနှစ် ၂၀၀၁ မှ ၃၀၀၀ ထိ |
| (ဃ) | သုက္ခဝိပဿက ရဟန္တာခေတ် | ၁၀၀၀ | သာသနာနှစ် ၃၀၀၁ မှ ၄၀၀၀ ထိ |
| (င) | သောတာပန် ၊ သကဒါဂါမ် ၊ အနာဂါမ်ခေတ် | ၁၀၀၀ | သာသနာနှစ် ၄၀၀၁ မှ ၅၀၀၀ ထိ |

(က) ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ဝင်စံပြီးချိန်မှာ နှစ်ပေါင်းတစ်ထောင်အတွင်း ပဋိသမ္ဘိဒါပတ္တ ပဋိသမ္ဘိဒါ လေးပါးနှင့် ပြည့်စုံသော အာသဝေါကင်းကွာ ရဟန္တာများ ပွင့်ထွန်းပေါ်ပေါက်သော သာသနာတော် အထွဋ်အထိပ် ကာလ ဖြစ်သည်။ သာသနာတော်နှစ်ပေါင်း ငါးထောင်အနက် ပထမဦးဆုံးအနှစ်တစ်ထောင်ဖြစ်သည်။

(ခ) အဘိညာဉ် ခြောက်ပါးနှင့်တကွ ပြည့်စုံသော မြေလျှိုး၊ မိုးပျံနိုင်သည့် ရဟန္တာများ ပွင့်ထွန်း ပေါ်ပေါက်သော ကာလဖြစ်သည်။ သာသနာတော်နှစ်ပေါင်း ငါးထောင်တွင် သာသနာနှစ် ၁၀၀၁ - မှ ၂၀၀၀ - ထိ ကာလ ဖြစ်သည်။

(ဂ) ပု . ဒိ . အာ ဟု ခေါ်ဆိုအပ်သည့် "ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်" ဟု ဆိုအပ်သော ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံတော်မူသည့် ရဟန္တာများ ပွင့်ထွန်းပေါ်ပေါက်သော ကာလဖြစ်သည်။ သာသနာတော်နှစ် နှစ်ပေါင်း ငါးထောင်တွင် သာသနာနှစ် ၂၀၀၁ - မှ ၃၀၀၀ - ထိ ကာလဖြစ်သည်။ ယခု ရောက်ရှိဆဲသာသနာနှစ်မှာ ၂၅၅၀ - ပြည့်နှစ်ဖြစ်၍ ဝိဇ္ဇာရေ ရဟန္တာခေတ်အတွင်း အကျုံးဝင်နေသည်။ ဝိဇ္ဇာရေ ရဟန္တာများ ပွင့်ထွန်းပေါ်ပေါက်နေဆဲ ဖြစ်သည်။

သို့သော်၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် ကျော်ကြားလိုခြင်းဆန္ဒမရှိကြ။ လူမသိ. သူမသိ၊ တောကြို အုံကြား အစွန်အဖျားတွင် ရိုးရိုးအေးအေး နေလေ့ရှိကြသဖြင့် သာမန်လူပုဂ္ဂိုလ်များ ရဟန္တာဟု သိရှိနိုင်ရန် မလွယ်ကူပေ။ မိမိရဟန္တာ ဖြစ်ပါသည်ဟုလည်း ဝန်ခံပြောကြားလိမ့်မည်မဟုတ်ပေ။ သာသနာတော်နှစ် သုံးထောင်ထိ ထိုရဟန္တာများ ပွင့်ထွန်းနေဦးမည် ဖြစ်ပေသည်။

(ဃ) ဈာန် . အဘိညာဉ် မရရှိသော သုက္ခ ဝိပဿက အာသဝေါကင်းကွာ ရဟန္တာများ ပွင့်ထွန်းပေါ်ပေါက်သော ကာလဖြစ်သည်။ သာသနာတော် နှစ်ပေါင်းငါးထောင်တွင် သာသနာနှစ် ၃၀၀၁ - မှ ၄၀၀၀ - ထိ ကာလ ဖြစ်သည်။

(င) ပဋိသမ္ဘိဒါပတ္တ ရဟန္တာ၊ ဆဠဘိညာ ရဟန္တာ၊ ဝိဇ္ဇာရေ ရဟန္တာ၊ သုက္ခဝိပဿက ရဟန္တာ ပုဂ္ဂိုလ်များ ပွင့်ထွန်း ပေါ်ပေါက်လာခြင်း မရှိတော့ပါ။ "သောတာပန် . သကဒါဂါမ် . အနာဂါမ် အဆင့်ထိသာ ပြည့်စုံသော ခေတ်" ကာလဖြစ်သည်။ သာသနာတော်နှစ်ပေါင်း ငါးထောင်တွင်၊ သာသနာနှစ် ၄၀၀၁ - မှ ၅၀၀၀ - ထိ ကာလဖြစ်သည်။ ဗုဒ္ဓမြတ်စွာ ထားရှိခဲ့သော သာသနာငါးထောင်၏ နောက်ဆုံးထောင်စုနှစ် ဖြစ်သည်။ အနှစ်ငါးထောင်နောက်ပိုင်း ဗုဒ္ဓမြတ်စွာသာသနာ ကွယ်မသွားပါပြီ။ အဓိဂမ အန္တရဓာန ဟု ဆိုပါသည်။

ဗုဒ္ဓမြတ်စွာ၏ သာသနာ နှစ်ပေါင်း တစ်ထောင် ပြည့်ကပင် ဘိက္ခုနီမ . သိက္ခမာန်မ . သာမဏေမများ ကွယ်ပျောက်ခဲ့ပြီ ဖြစ်ပါသည်။ ရှင်တော်မြတ်ဘုရားက "မာတေ အာနန္ဒရုစ္စိ" ဟု မိန့်ကြားခဲ့သည်။ ဆိုလိုသည်မှာ "ချစ်သား အာနန္ဒာ၊ အမျိုးသမီးများကို သာသနာ့ဝန်ထမ်း ဘိက္ခုနီမ အဖြစ် သင် မလို ချင်ပါနဲ့ ။ လိုချင်လျှင် ငါဘုရား၏ သာသနာတွင် - "ဝဿ သဟဿမေဝ" နှစ်ပေါင်းတစ်ထောင်သာ တည်တံ့လိမ့်မည်ဟု မိန့်ဆိုထားခဲ့ပြီး ဖြစ်ပါသည်[၁]။

## (၁) ဝိမုတ္တိယုဂခေတ်သို့ တစ်ဖန် ပြန်ရောက်လာပါပြီ

"ခေတ်" ဆိုသည်မှာ "ခေတ္တ" ဆိုသော ပါဠိဘာသာက ဆင်းသက်လာခြင်း ဖြစ်သည်။ ခေတ္တ = အခိုက်အတန့်. အချိန်ကလေး ဟု အဓိပ္ပါယ်ရပါသည်။

---

၁။ ၁၃၆၇ - ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁)ရက်၊ ၂၀၀၆ - ခုနှစ်၊ မတ်လ(၁၄)ရက်၊ ဓမ္မဝိရ ဂျာနယ်၊ အတွဲ(၂)၊ အမှတ်(၇)၊ မောင်နန္ဒ (ဖေယျာမြေ) ၏ နာ - ၁၄ ၊ ၁၅ ပါ၊ သာသနာ ငါးထောင်ရှည်ကြာအောင် ကို မှီငြမ်းပါသည်။

| စဉ် | ခေတ် အမျိုးအစား | အဓိပ္ပါယ်နှင့်ရှင်းလင်းချက် | ကြာမြင့်သည့်ကာလ |
|---|---|---|---|
| (က) | ဝိမုတ္တိ ယုဂခေတ် | ဈာန်မဂ်, ဖိုလ်တရားထူးများ ရနိုင်သောခေတ် | သာသနာနှစ်ပေါင်း - ၅၀၀ |
| (ခ) | သမာဓိ ယုဂခေတ် | သမာဓိတည်ရှံမှုသာ ဖြစ်သောခေတ် | သာသနာနှစ်ပေါင်း - ၅၀၀ |
| (ဂ) | သီလ ယုဂခေတ် | သီလစင်ကြယ်အောင် အဓိကဦးစားပေးသည့်ခေတ် | သာသနာနှစ်ပေါင်း - ၅၀၀ |
| (ဃ) | သုတ ယုဂခေတ် | ကျမ်းဂန် ဗဟုသုတ ကြွယ်ဝရုံသာ ဦးစားပေးသည့်ခေတ် | သာသနာနှစ်ပေါင်း - ၅၀၀ |
| (င) | ဒါန ယုဂခေတ် | လှူဒါန်းပေးကမ်း, ဘုရားတည်, ကျောင်းဆောက်မှုများသည့်ခေတ် | သာသနာနှစ်ပေါင်း - ၅၀၀ |
| | | စုစုပေါင်း | သာသနာနှစ်ပေါင်း - ၂၅၀၀ |

မဟာသက္ကရာဇ် ၁၄၈ - ခုနှစ်၊ (**BC 543**) ကဆုန်လပြည့်နေ့၊ အင်္ဂါနေ့ မိုးသောက်ယံတွင် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးသည့်နောက် သာသနာတော်ကို စတင် ရေတွက်ခဲ့သည်။ ပထမဦးစွာ (ခေတ်ငါးခေတ်) သာသနာ ၂၅၀၀ ပြည့်ခဲ့ပါပြီ။ ယခု ဗုဒ္ဓမြတ်စွာ သာသနာ ငါးထောင်တွင် တစ်ဝက်ကျော်လွန်၍ ကျန်သာသနာနှစ် ၂၅၀၀ ဒုတိယ(ခေတ်ငါးခေတ်) သည် ကောဇာသက္ကရာဇ် ၁၃၁၈ - ခုနှစ်၊ နောက်ပိုင်းမှစ၍ ရေတွက်ခဲ့သည်။ ထို့ကြောင့် ဤမှာဘက်တွင် ဝိမုတ္တိယုဂခေတ် = ဈာန် မဂ် , ဖိုလ် တရားထူးများ ရနိုင်သောခေတ်သို့ တစ်ဖန် ပြန်လည်ရောက်ရှိလာပြီ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တရားထူး များစွာ ရရှိလာကြလိမ့်မည်ဟု ထင်မြင်ယူဆမိပါသည်[၁]။

## ၄။ ဒါနကြောင့် ကုံလုံ ပြည့်ဝ ပေါကြွယ်ရ၏

ဗုဒ္ဓမြတ်စွာရှင်တော်ဘုရားက "ဒါနတော ဘောဂဝါ" = ဒါနပြုခြင်းကြောင့် ဖြစ်လေရာဘဝမှာ ပစ္စည်းဥစ္စာ ပေါများကြွယ်ဝ ချမ်းသာတတ်၏ ဟု ဟောကြားတော်မူခဲ့သည်။

ဒါနဟု ဆိုရာတွင် ဒါနနှစ်မျိုး ရှိပါသည်။

ဝဋ္ဋနိဿိတဒါန = သံသရာလည်ကြောင်းဒါန နှင့်

ဝိဝဋ္ဋနိဿိတဒါန = သံသရာမှ လွတ်မြောက်ကြောင်းဒါန တို့ဖြစ်ကြသည်။

ဝဋ္ဋနိဿိတဒါန ဟူသော သံသရာလည်ကြောင်းဒါနတွင် ဒါနငါးမျိုး ထပ်မံ ခွဲခြားနိုင်ပါသည်။

### (၁) သဒ္ဓါဒါန

ကံ , ကံ၏ အကျိုးကို ယုံကြည်၍ အလှူခံပုဂ္ဂိုလ်တို့အား စိတ်ကြည်ကြည်လင်လင် ပေးလှူခြင်းကြောင့်၊ အကျိုးမှာ - ဖြစ်လေရာဘုံဘဝမှာ ဥစ္စာပစ္စည်းပေါများကြွယ်ဝခြင်း၊ ကျား - မ မရွေး ရုပ်ရည်ရူပကာ သဏ္ဌာန်ပြည့်စုံခြင်း၊ ရှုံးသွပ်စိတ်နောက်ခြင်း မရှိ၊ စိတ်ကြည်လင်ခြင်း။

### (၂) သက္ကစ္စဒါန

လှူဖွယ်ဝတ္ထုကို ကောင်းကောင်းမွန်မွန် သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ပြုပြင်၍ အလှူခံပုဂ္ဂိုလ်တို့အား ရိုရိုသေသေ လှူခြင်းကြောင့်၊ အကျိုးမှာ - ဖြစ်လေရာ ဘုံဘဝမှာ ဥစ္စာပစ္စည်း ပေါများကြွယ်ဝခြင်း၊ သား - မယား၊ ကျေးကျွန်အခြွေအရံတို့အပေါ် သြဇာတည်ခြင်း၊ အိမ်ထောင်စု ပျော်ရွှင်ချမ်းမြေ့စေခြင်း။

၁။ ဖုသသထေရ - သံဝဏ္ဏကာ ။

## (၃) ကာလဒါန

လှူဖွယ်ပစ္စည်းကို အချိန်ကာလနှင့် အခါအားလျော်စွာ ဖြစ်ပေါ်လာသော ဝတ္ထုပစ္စည်းဖြင့် လှူဒါန်းခြင်းကြောင့်၊ အကျိုးမှာ - ဖြစ်လေရာဘုံဘဝမှာ ဥစ္စာပစ္စည်းပေါများကြွယ်ဝခြင်း၊ မိမိတွင် အလိုရှိသည့် အချိန်အခါ၌ မိမိအလိုရှိသော ရာထူး၊ ဂုဏ်သိန်၊ စည်းစိမ်ဥစ္စာများ အခါကာလကိုလိုက်၍ ဖြစ်ပေါ်ရရှိစေခြင်း။

## (၄) အနုဂ္ဂဟိတဒါန

အလှူခံပုဂ္ဂိုလ်အား ချီးမြှောက်လို၍ ပုဂ္ဂလအခွဲမထားဘဲ ပေးလှူခြင်းကြောင့်၊ အကျိုးမှာ - ဖြစ်လေရာဘုံဘဝမှာ ဥစ္စာပစ္စည်း ပေါကြွယ်ဝပြီး၊ စည်းစိမ်ဥစ္စာများအပေါ် သုံးဆောင်လိုစိတ်ရှိကာ သုံးဆောင်နိုင်ခြင်း၊ (ဒါနပြုရာတွင် ချီးမြှောက်လိုခြင်းမရှိဘဲ၊ ပေါ့ပေါ့တန်တန် လှူဒါန်းပါက နောင်ဘဝတွင် ဥစ္စာပစ္စည်းရှိသော်လည်း ကိုယ်တိုင်သုံးစွဲလိုစိတ် မရှိဟု မှတ်ယူရမည်။)

## (၅) အနုပဟစ္စဒါန

မိမိကိုယ်ကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း မငြိစွန်း၊ မထိခိုက်စေဘဲ ပေးလှူခြင်းကြောင့် အကျိုးမှာ - ဖြစ်လေရာဘုံဘဝမှာ ဥစ္စာပစ္စည်းပေါကြွယ်ဝခြင်း၊ ရန်သူမျိုးငါးပါးဘေးမှ ကင်းဝေးခြင်း၊ အမွေခံ သားဆိုး . သမီးဆိုးတို့ ဘေးရန်ကင်းဝေးခြင်း၊ (မသန့်ရှင်းသောဒါန - ဥပမာ ကြက်သတ်၍ လှူဒါန်း ခြင်းမျိုးသည် စည်းစိမ်ဥစ္စာ ရှိငြားသော်လည်း ရန်သူမျိုးငါးပါးနှင့် တွေ့ကြုံရနိုင်ကြောင်း သတိပြုရမည်။)

အထက်ဖော်ပြခဲ့ပါ ဝဋ္ဋနိဿိတဒါနမျိုးသည် ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သော်လည်း သံသရာလည်ကြောင်း တရားများ ပါရှိနေသဖြင့် ပြီးပြည့်စုံသော ကောင်းမှုဒါနဟု မဆိုနိုင်ပါ။

ဝိဝဋ္ဋနိဿိတဒါနမျိုးသည် "ဇာတိဒုက္ခ စသည် လွတ်ရာ . ကျွတ်ရာ ဖြစ်သော နိဗ္ဗာန်ကို ရောက်ရပါလို၏"ဟု သံသရာပြတ်သည့်ဒါနမျိုးသာလျှင် ဒါနအစစ်ဖြစ်သဖြင့် ပိုမို မွန်မြတ်လှသည်ဖြစ်၍၊ သူတော်စင်တို့ သတိနှင့်ယှဉ်ကာ အလှူဒါန ပြုနိုင်ကြပါစေကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ရပေသည်။

## ၅။ ဒါနပြုရာ မွန်မြတ်ဖြူစင် သဒ္ဓါဝင်က လုံးစုံရ၏

မြတ်စွာဘုရားဟာ အလောင်းတော်ဘဝက ဘဝများစွာ စည်းစိမ်ဥစ္စာအားလုံးကို စွန့်ခြင်းအမျိုးမျိုးဖြင့် စွန့်လွှတ်ခဲ့သောကြောင့်၊ လူ . နတ်. ဗြဟ္မာ သတ္တဝါတွေကို သံသရာဝဋ်ထဲမှ ထုတ်ဆောင် ကယ်တင်တော်မူနိုင်ပါတယ်။ သဒ္ဓါတရားမရှိဘဲနဲ့ ကောင်းတာတွေ လိုချင်လို့ မရနိုင်ပါ။

သဒ္ဓါတရားဟာ စိတ်ကို တရားနဲ့တန်အောင် သန့်စင်ပေးရပါတယ်။ ကောင်းမှုလုပ်ပေမဲ့ သဒ္ဓါတရားမပါရင် ကောင်းမှုစာရင်း မဝင်ပါဘူး။ ကုန်တာပဲ အဖတ်တင်တယ်။ ဘုရားရှိခိုးချင်ရင် ဘုရားအာရုံနဲ့တန်အောင်၊ ရတနာသုံးပါးကို အာရုံပြုချင်ရင် ရတနာသုံးပါး ကိန်းဝပ်နိုင်လောက်တဲ့ စံကျောင်းသဖွယ် ခံ့ထည်စင်ကြယ်အောင်၊ သဒ္ဓါက စိတ်ကို သန်ရှင်း စင်ကြယ်အောင် မွမ်းမံ ခြယ်သပေးရပါတယ်။ သဒ္ဓါသန့်စင်ထားတဲ့ စိတ်ကောင်းကို "သတိ" နဲ့ လုံအောင်ထိန်းပြီး "ဉာဏ်"နဲ့ ခွဲဝေ အသုံးချပေးလိုက်တော့မှ မိမိကိုယ်ပိုင် ကောင်းမှုတွေ ထိုက်ထိုက်တန်တန် ရရှိလာတာပါ။

"အရင်းမစိုက် လေ့ထိုးလိုက်" ဆိုသကဲ့သို့ ကိုယ့်ဆီက ဘာပစ္စည်းမျှ အရင်းအနှီးမစိုက်လိုက်ရဘဲ၊ ဗုဒ္ဓသာသနာ ရတနာကြောမှာ - ကိုယ့်စေတနာကို သဒ္ဓါ၊ သတိ၊ ပညာ အထိန်း ဝိရိယနဲ့ လုပ်ရင် ဉာဏ်ကူနိုင်သလောက် အကျိုးကျေးဇူး များများရပါတယ်။ ကောင်းတာတွေ လိုသလောက်ရဖို့ဆိုရင် "သဒ္ဓါစစ်စစ်" ဖြစ်ဖို့တော့ လိုပါတယ်။ အမွဲတကာ အမွဲတွေထဲမှာ - သဒ္ဓါမွဲတာဟာ အဆင်းရဲဆုံး၊ အောက်အကျဆုံးပါ။ ကြွယ်ဝသူတွေထဲမှာလည်း သဒ္ဓါကြွယ်ဝသူတွေဟာ အချမ်းသာဆုံးပါဘဲ။ သဒ္ဓါကောင်းရင် ချမ်းသာအားလုံး ချမ်းသာကြောင်း ကောင်းမှုအားလုံး ရနိုင်ပါတယ်။ မေတ္တာတို့၊ ပညာတို့ ကောင်းဖို့လည်း မခက်တော့ပါဘူး။ ပညာကောင်းရင် သတိကလည်း ကောင်းလာပြီ။ သတိရှိရင် အားလုံး ပြည့်စုံပြီပေါ့။

## ၆။ ဝါကျွတ်ကာလ ကထိန်လှူကြ နိဗ္ဗာန်ရ

ဆီးဖြူပင်သာသနာ့ရိပ်သာကျောင်းတိုက်တွင် -

ရတနာသုံးပါးကို ဦးထိပ်ထားလျက်၊ ကျေးဇူးတော်ရှင် ဆီးဖြူပင်သာသနာ့ရိပ်သာဆရာတော်ဘုရားကြီးကို အမှူးပြုကာ ငြိမ်းချမ်းသော နိဗ္ဗာန်ကို ရည်မှန်းအာရုံပြုလျက် ဆီးဖြူပင်သာသနာ့ရိပ်သာအတွင်း ပုရိမဝါမှ ထမြောက်တော်မူကြသည့် ဆရာတော်၊ သံဃာတော် အရှင်မြတ်တို့အား စုပေါင်း ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း ခြင်းနှင့် သံဃာတော် တစ်ရာ့ရှစ်ပါးအတွက် သင်္ကန်းအစုံ တစ်ရာ့ရှစ်စုံကို စေတနာရှင်အများက စုပေါင်း၍ စီဝရဒါန ကုသိုလ်ပြု လှူဒါန်းခြင်းကို နှစ်စဉ် ဆောင်ရွက်လျက် ရှိပါသည်။

သာသနာတော်နှစ် ၂၅၄၉-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၇-ခုနှစ်၊ တန်ဆောင်မုန်း လဆန်း(၆)ရက်၊ ခရစ်နှစ် ၆-၁၁-၂၀၀၅၊ တနင်္ဂနွေနေ့တွင် -

(၁) စုပေါင်း စေတနာရှင်အများက ဆီးဖြူပင်သာသနာ့ရိပ်သာ ဆရာတော်ဘုရားကြီးအား သိမ်ထပ်မင်္ဂလာ ပြုခြင်း။

(၂) စေတနာရှင် ဒါယကာ၊ ဒါယိကာမများက ဆီးဖြူပင်သာသနာ့ရိပ်သာ ဆရာတော်ဘုရားကြီးအား ကထိန်ညှပ်သင်္ကန်း လှူဒါန်းခြင်း။

(၃) စုပေါင်း စေတနာရှင်များက သံဃာတော်(၁၀၈)ပါးအတွက် သင်္ကန်းဒွိစုံရေ (၁၀၈)စုံ နှင့်တကွ အခြား လှူဖွယ်ပစ္စည်းအမျိုးမျိုးတို့ကို လှူဒါန်းခြင်း။

(၄) စေတနာရှင်အများ စုပေါင်း၍ သံဃာတော် တစ်ပါးလျှင် တစ်ထောင်ကျပ်စီဖြင့် အလှူတော်ငွေ တစ်သိန်းရှစ်ထောင် ကျပ်ကို နဝကမ္မ လှူဒါန်းခြင်း။

(၅) ကိုရင်နှင့် သီလရှင်များကိုလည်း နဝကမ္မအလှူတော်ငွေနှင့် အခြားလှူဒါန်းဖွယ်ရာအဖြာဖြာ အသုံးအဆောင်ပစ္စည်းမျိုးစုံတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

(၆) နေ့လည် (၁း၀၀)နာရီ အချိန်တွင် ချမ်းမြေ့ကြည်ဖြူ သီတဂူသာသနာ့ဗိမာန်တော်ကြီး အတွင်း၌ ဆီးဖြူပင်သာသနာ့ရိပ်သာ ဆရာတော်ဘုရားကြီးက နိဗ္ဗာန်ရောက်ကြောင်းတရား ဒေသနာတော်ကို ဟောကြားချီးမြှင့်ပေးတော်မူခဲ့ပါသည်။

- ကထိန်ဒါန - မြတ်လှပေတာ၊ သုံးလူ့ထွက်မှူး - ချီးကျူးခါခါ။
  ဖဟိဘိက္ခု - ခေါ်ပြုလေရာ၊ မြတ်ရဟန်း - ရှင်လန်းဖြစ်ရတာ။
- ကထိန်ဒါန - ပြုကြသူမှာ၊ ဘဝါဘဝ - မုချချမ်းသာ။
  ခံစား ၊ စံစား - ရွှင်အားဖြာဖြာ၊ အဆုံးကျ - ရောက်ရ နိဗ္ဗူတာ။

ကထိန်သင်္ကန်းလှူဒါန်းရကျိုးမှာ -

- စကြာမင်းကြီး၊ ပုံနီးတူစွ၊ သွားရာဒေသ၊ အေးချမ်းလှ၍၊ ကြီးစွာတန်ခိုး၊ လွန်ကျော်ဟိုးသည်၊ မှတ်ရိုး အနာမန္တ လှူကျိုးတည်း။
- သူဌေးဇောတိက၊ ပုံမျှတူစွာ၊ ဥစ္စာခနေ၊ ပေါ်ကြွယ်ဝလျက်၊ ကိုယ်မှတစ်ခြား၊ သူတစ်ပါးလက်၊ လုယက်မပါ၊ ဖြစ်ရရှာသည်၊ မှတ်ပါ အသမာဒါန လှူကျိုးတည်း။
- ကျောင်းအမ ဝိသာခါ၊ ပမာတူငြား၊ သားနှင့်သမီး၊ မြစ်မြေးတူစုံ၊ ဆွေပုံတစ်သင်း၊ ကင်းရှင်းရောဂါ၊ နေထိုင်ကာဖြင့်၊ ဥစ္စာခနေ၊ ပေါ်ကြွယ်ဝသည်၊ မှတ်ကြ ဂဏာဘောဇန လှူကျိုးတည်း။
- နရုဒ္ဒါလား၊ မင်းသားတူစွာ၊ ဥစ္စာခနေ၊ လိုတိုင်းရလျက်၊ ကြွယ်ဝဥစ္စာ၊ လွန်ချမ်းသာသည်၊ မှတ်ပါ ယာဝစီဝရ လှူကျိုးတည်း။
- သိရိဓမ္မ ၊ သောကရာဇာ၊ ပမာပုံမျိုး၊ အုပ်စိုးခါခါ၊ သြဇာလွှမ်းမိုး၊ တန်ခိုးကြွယ်ဝ၊ ခံစားရသည်၊ မှတ်ကြ ယောစ စီဝရုပ္ပါ လှူကျိုးတည်း။ (တစ်နည်း)
- လှပအဆင်း၊ ချမ်းသာခြင်းတည်း၊ ဘေးကင်းလီလီ၊ အသက်ရှည်၍၊ ပေါက်သည် ပဒေသာ၊ ကြီးဗလာနှင့်၊ ပညာပြည့်ဝ၊ နိဗ္ဗာန်ရသည်၊ အဋ္ဌကထိန် လှူကျိုးတည်း။

## ၇။ ယုံကြည်မှု သဒ္ဓါ၊ နှစ်ဖြာ - ခွဲခြားသိပါ

ဗုဒ္ဓဘာသာဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ဘုရား ၊ တရား ၊ သံဃာ နှင့်တကွ ကံ ၊ ကံ၏ အကျိုး ဤငါးမျိုးကို ယုံကြည်အားထား ကိုးကွယ်သည်ဟု အလိုလို နားလည် သဘောပေါက်ပြီး ဖြစ်သည်။ ယုံကြည်အားကိုးသည့် စေတနာ စေ့ဆော်မှု အနည်း ၊ အများပေါ် မူတည်၍၊ သဒ္ဓါတရား အနည်း ၊ အများ ဖြစ်ပေါ်လာကြရကုန်၏။ သဒ္ဓါသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အခြေခံအကျဆုံးတရား တစ်ခု ဖြစ်သည်။ ပစ္စုပ္ပန်ဘဝ၊ အနာဂတ်ဘဝမှသည် နောက်ဆုံး နိဗ္ဗာန်ရောက်သည့်ထိ အခြေခံကျ၍ အရေးကြီးပေသည်။ သဒ္ဓါတရားနှစ်မျိုးရှိရာ -

| စဉ် | စ လ သဒ္ဓါ | အ စ လ သဒ္ဓါ |
|---|---|---|
| (က) | ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ရှိသော သဒ္ဓါတရားမျိုး ဖြစ်သည်။ | သောတာပန် စသော အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ရှိသော သဒ္ဓါတရားမျိုး ဖြစ်သည်။ |
| (ခ) | အကြောင်းအမျိုးမျိုးဖြင့် လွယ်ကူစွာ တုန်လှုပ်ပျက်ပြားတတ်သည်။ | မည်သည့်အကြောင်းဖြင့် ဖြစ်စေ တုန်လှုပ်ပျက်ပြားခြင်း လုံးဝမရှိပေ။ |
| (ဂ) | ယခု မျက်မှောက်ဘဝ၌ အကြောင်းညီညွတ်၍ မတုန်လှုပ်၊ မပျက်ပြားသေးသော်လည်း၊ နောက်နောင်ဘဝများ၌ အခြားဘာသာ၊ အယူဝါဒ တစ်မျိုးသို့ ပြောင်းလဲကာ တုန်လှုပ် ပျက်ပြားနိုင်သည်။ | ယခု မျက်မှောက်ဘဝ၌ပင် အသက်ဟူသော အကြောင်းကြောင့်လည်း တုန်လှုပ်ပျက်ပြားခြင်းမရှိ။ ထို့ပြင် နောက်နောင်ဘဝများ၌လည်း အခြားဘာသာ အယူဝါဒတစ်မျိုးသို့ ပြောင်းလဲသွားခြင်း လုံးဝမဖြစ်နိုင်။ |

## (၂) ဧတဒဂ်ရ တန်ခိုးရှင်ပင် အသက်နှင့်အိုးအိမ်စည်းစိမ် ဉစ္စာကို တာဝန်ယူနိုင်သော်လည်း သဒ္ဓါတရားကို တာဝန်မယူနိုင်

မြတ်စွာဘုရား သက်တော်ထင်ရှားရှိဆဲ ကုဏ္ဍဓာန အရပ်တွင် သီတင်းသုံးနေတော်မူစဉ်၊ တစ်နေ့သ၌ အရှင်မဟာမောဂ္ဂလာန်၏ အလုပ်အကျွေး ဒကာကြီးသည် မြတ်စွာဘုရားထံမှောက် လာရောက်၍ "နက်ဖြန်ခါ သူ့အိမ်သို့ မြတ်စွာဘုရား အမှူးရှိသော သံဃာတော်များ ဆွမ်းစားကြွရန် ပင့်ဖိတ်၏" ။

မရှေးမနှောင်းပင် အရှင်သီဝလိ၏ ခမည်းတော်က သုပ္ပဝါသာမင်းသမီးသည် အရှင်သီဝလိကို ခုနစ်နှစ် တိုင်တိုင် ဝမ်းမှာလွယ်၍ ခုနစ်ရက်တိုင်တိုင် ဆင်းရဲပင်ပန်းစွာ မွေးဖွားခဲ့ရသောကြောင့် ခုနစ်ရက်တိုင်တိုင် မွေးနေ့ ဆွမ်းကျွေးလိုပါကြောင်း မြတ်စွာဘုရားထံ ဆွမ်းစား ပင့်ဖိတ်လေ၏။ ဆွမ်းစားနှစ်ခု ဆုံနေသဖြင့် မည်သည့် ဆွမ်း စားက သာသနာတော်အတွက် ပို၍ အကျိုးဖြစ်ထွန်းနိုင်ပါမည်လဲ ? ဟု မြတ်စွာဘုရား ဉာဏ်တော်ဖြင့် ဆင်ခြင်တော် မူသည်။

ထိုအခါ အရှင်သီဝလိသည် နောင်အခါ သာသနာတွင် လာဘ်လာဘပေါများသည့်နေရာတွင် အမြတ် ဆုံး ဧတဒဂ်ဘွဲ့ရ ရဟန္တာဖြစ်လိမ့်မည် ဟု ဉာဏ်တော်မှာ ထင်ရှားလာသောကြောင့်၊ အရှင်မဟာမောဂ္ဂလာန်ကို ခေါ်၍ "သင်၏ အလုပ်အကျွေး ဆွမ်းဒကာကြီး၏ ဆွမ်းစားကို ခုနစ်ရက်လွန်မြောက် ရှစ်ရက်မြောက်နေ့ကျမှ ကျွေးဖို့ရန် သွားရွှေ့ဆိုင်းချေ" ဟု မိန့်ကြားတော်မူလိုက်လေ၏။

သို့ဖြစ်၍ အရှင်မဟာမောဂ္ဂလာန်သည် အလုပ်အကျွေး ဆွမ်းဒကာကြီး အိမ်သို့ ကြွသွားတော်မူပြီးလျှင် "ဆွမ်းဒကာကြီး၊ သင်၏ ဆွမ်းစားကို ခုနစ်ရက်လွန်မြောက် ရှစ်ရက်မြောက်နေ့ကျမှသာ ကျွေးပေတော့။ အရှင်သီဝလိ၏ မယ်တော် သုပ္ပဝါသာမင်းသမီးက ခုနစ်ရက်တိုင်တိုင် အရှင်သီဝလိ မွေးနေ့ဆွမ်း ကျွေးမည်ဖြစ် သောကြောင့် သင်၏ ဆွမ်းစားကို ရွှေ့ပေးရလိမ့်မည်"ဟု မိန့်ကြားတော်မူလိုက်လေသည်။

အလုပ်အကျွေး ဆွမ်းဒကာကြီးက ပြန်လည်လျှောက်ထားသည်မှာ - "ဆရာတော်ဘုရား၊ ဤခုနစ်ရက် အတွင်း ဘုရားတပည့်တော်၏ အသက်၊ အိုးအိမ် စည်းစိမ် ဉစ္စာနှင့် သဒ္ဓါတရား ဤသုံးပါးကို မပျက်ယွင်းသွားစေရန် တာဝန်ယူနိုင်ပါသလား ? ဘုရား၊ တာဝန်ယူနိုင်ပါလျှင် ရွှေ့ပေးပါမည်။ တာဝန်မယူနိုင်လျှင် ဆွမ်းစားကို ရွှေ့မပေးနိုင် ပါ ဘုရား" ဟု လျှောက်ထားလေ၏။

အရှင်မောဂ္ဂလာန်က ပြန်လည် မိန့်ကြားတော်မူသည်မှာ "အလုပ်အကျွေး ဆွမ်းဒကာကြီး ဤခုနစ်ရက် အတွင်း သင်၏အသက်နှင့် အိုးအိမ် စည်းစိမ်ဉစ္စာ ဤနှစ်ပါး မပျက်သွားရအောင် ဆရာတော် တာဝန်ယူ နိုင်ပါသည်၊ သင်၏ သဒ္ဓါတရား မပျက်ယွင်းသွားရအောင်ကိုတော့ ဆရာတော် တာဝန်မယူနိုင်ပေဘူး၊ သင်ပဲတာဝန်ယူရလိမ့် မည်" ဟု မိန့်ကြားတော်မူလိုက်၏ [၁]။

ဤကဲ့သို့ တန်ခိုး အဘိညာဉ်အရာတွင် အမြတ်ဆုံး, အတော်ဆုံး ဧတဒဂ်ရသည့် အရှင်မဟာမောဂ္ဂလာန် ကပင် တာဝန်မယူနိုင်သည်ကို ထောက်၍ အလုပ်အကျွေး ဆွမ်းဒကာကြီးသည် ပုထုဇဉ်ဖြစ်သည်။ သူ၏ သဒ္ဓါသည် တုန်လှုပ် ပျက်ပြားတတ်သည့် "စလသဒ္ဓါ" ဖြစ်သည်ဟု နားလည်ကြရပေသည်။

---

၁။ ဥဒါနပါဠိ - ၉၆။

## (၃) မတုန်လှုပ်သော အစလသဒ္ဓါကြောင့် ဘာရဒွါဇပုဏ္ဏား ရဟန္တာဖြစ်သွား

မြတ်စွာဘုရား သက်တော်ထင်ရှားရှိဆဲ ရာဇဂြိုဟ်ပြည်အနီး ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရာဇဂြိုဟ်မြို့၌ မိစ္ဆာအယူရှိသော ဘာရဒွါဇပုဏ္ဏားနှင့် သောတာပန်ဖြစ်သည့် ဓနဉ္စာနီ ပုဏ္ဏေးမ အိမ်ထောင်ရှင် နှစ်ဦးတို့သည် အတူတကွ နေထိုင်ကြ၏။ မကြာခဏ ဆွမ်းကျွေး အလှူဒါန ပြုလုပ်ကြ၏[၁]။

ဘာရဒွါဇ ပုဏ္ဏားက ဆွမ်းကျွေးသောအခါတွင် ဓနဉ္စာနီပုဏ္ဏေးမကြီးသည် သောတာပန်ဖြစ်သည့်အား လျော်စွာ ကူညီ၍ ပြုစုလုပ်ကျွေးလှူဒါန်း၏။ ဓနဉ္စာနီ ပုဏ္ဏေးမကြီးက မြတ်စွာဘုရားနှင့် သံဃာတော်များကို ဆွမ်းကျွေးသော အခါတွင် ဘာရဒွါဇပုဏ္ဏားကြီးသည် အိမ်မှ ထွက်ခွာသွားလေ၏။ ဘုရား. တရားသံဃာများနှင့် အလွန်ပင် ဆန့်ကျင်လျက် ရှိနေသည်။

တစ်နေ့သောအခါ၊ ဘာရဒွါဇ ပုဏ္ဏားကြီးသည် ပုဏ္ဏားငါးရာကို နက်ဖြန်ခါ သူ့အိမ်သို့ ဆွမ်းစားကြွဖို့ရန် ပင့်ဖိတ်ခဲ့ပြီးလျှင် ပုဏ္ဏေးမကြီးအား ထိုအကြောင်း ပြောကြားလေ၏။ ပုဏ္ဏေးမကြီးက "ဆွမ်းကျွေးရန်အတွက် ဘာများကူညီပေးရပါမလဲ?" ဟု မေးရာ ပုဏ္ဏားကြီးက "ဘာမျှ ကူညီဖို့ မလိုပါဘူး၊ ကူညီမည့်သူတွေ အများကြီး ရှိပါတယ်။ တစ်ခုဘဲ မှာကြားပါရစေ။ သင်က သန်းရင်လည်း ဘုရား တ . တယ်။ ချေရင်လည်း ဘုရား တ. တယ်။ အဲဒီလို ဘုရား မ.တ မိအောင် အထူးမှာကြားလိုပါတယ်။ သင်က ဘုရား တ. လိုက်လျှင် ကျွန်ုပ်၏ မိတ်ဆွေ ပုဏ္ဏားတွေနှင့် ကျွန်ုပ် အိုးစားကွဲသွားပါလိမ့်မည်။ ထိုကြောင့် ဘုရား မ.တမိအောင် မှာကြားရခြင်း ဖြစ်ပေတယ်။

ပုဏ္ဏေးမကြီးက "သင့်ရဲ့ ပုဏ္ဏားတွေနှင့် သင် အိုးစားကွဲချင်ကွဲ၊ မကွဲချင်နေ၊ ကျွန်ုပ်ကတော့ အကြောင်း ရှိလျှင် ဘုရား တ. မိမှာပဲ" ဟု ပြန်လည် ပြောကြားလေသည်။ ပုဏ္ဏားကြီးက "သင်သည် သိပ်ပြောရခက်တဲ့ အမျိုးသမီးကြီးပဲ။ အိမ်တစ်ရာရှိတဲ့ရွာကို ရွာတံခါးပိတ်ထားလိုက်လျှင် လုံခြုံသွားနိုင်တယ်။ သင်၏ ပါးစပ်ကို လက်နှစ်ဖက်ဖြင့် ပိတ်ထားလိုက်လျှင် လုံခြုံသွားနိုင်ပါတယ်။

အဲဒီလောက်လေးသော်မှ မစောင့်ရှောက်နိုင်ဘူးလား? ဟု ပြောရာ ပုဏ္ဏေးမကြီးက "မစောင့်ရှောက်နိုင်ဘူး" ဟု ပြန်လည်ပြောလေ၏။

ပုဏ္ဏားကြီးသည် အလွန်စိတ်ဆိုး အမျက် . ဒေါသထွက်ကာ သန်လျက်ဓားကို သွားယူလာပြီးလျှင် "ဟောဒီ ဓားကိုကြည့်၊ နက်ဖြန်ခါ ပုဏ္ဏားတွေ ကြွလာတဲ့အခါ သင်ဘုရား တ.လျှင် ခြေတောက်မှစ၍ နုပ်နုပ်ပါအောင် စင်းပစ်လိုက်မည်" ဟု ပြော၏။

ပုဏ္ဏေးမကြီးက "ကျွန်ုပ်သည် ဘုရားမြတ်၏ သမီးတော်စင်စစ် ဖြစ်တယ်။ သင်သည် ကျွန်ုပ်၏ ဦးခေါင်းကို ဖြတ်ချင်လည်းဖြတ်၊ နုပ်နုပ်ပါအောင် စင်းချင်လည်းစင်း၊ သတ်ချင်လည်း သတ်လိုက်ပါ။ ကျွန်ုပ်ကတော့ အကြောင်း ရှိလျှင် ဘုရားတ.မိမှာပဲ" ဟု ပြန်ပြောလေသည်။ အစလသဒ္ဓါ ဖြစ်သောကြောင့် ရဲရဲတောက် ပြောနေခြင်း ဖြစ်သည်။

နောက်တစ်နေ့၊ ပုဏ္ဏားငါးရာ ဆွမ်းစားကြွလာသောအခါ ပုဏ္ဏေးမကြီးသည် ကူညီ ပြုစုလုပ်ကျွေးနေ၏။ ထိုစဉ် မမျှော်လင့်ဘဲ သစ်သားခုံတစ်ခုနှင့် တိုက်မိရာ ထိတ်လန့်တကြား ခေါင်းပေါ်သို့ လက်နှစ်ဖက်ကို မြှောက်ကာ "နမောတဿ" သုံးခေါက် ရွတ်ဆို၍ ဘုရား တ.လိုက်လေ၏။ ဧည့်သည် ပုဏ္ဏားငါးရာတို့သည် မစားကြတော့ဘဲ အားလုံး ထ.ပြန်သွားကြ၏။ အိမ်ရှင်ပုဏ္ဏားကြီးသည် ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ ပုဏ္ဏေးမကြီးအား ကြိမ်းမောင်း ပြောဆိုလေတော့၏။

---

၁။ သံ ၊ ၄ ၊ ၁ ၊ ၂၀၇။

"သင့်ကိုတော့ ပြောလို့ မနိုင်တော့ပေဘူး။ သင့်ရဲ့ဆရာ ဂေါတမထံ သွားကာ ဝါဒပြိုင်တော့မည်" ဟု ပြောလေရာ ပုဏ္ဏေးမကြီးက " သင် မြတ်စွာဘုရားထံ သွားနိုင်လျှင် ကောင်းပါတယ်။ သွားသာ သွားပါ" ဟု တိုက်တွန်းလေ၏။

ဘာရဒွါဇပုဏ္ဏားကြီးသည် မြတ်စွာဘုရားထံ ရောက်သောအခါ မြတ်ဗုဒ္ဓ၏ ဘုန်း . ကံ . ပါရမီ အရှိန်အဝါများကို မျက်မြင်တွေ့ရသောကြောင့် ဝါဒမပြိုင်ဝံ့တော့ပေ။ မေးခွန်း ပုစ္ဆာများကိုသာ မေးလေ၏။ ပုဏ္ဏားကြီး မေးသမျှ မေးခွန်းများကို မြတ်စွာဘုရားက ရှင်းရှင်းလင်းလင်း ဖြစ်အောင် ပုဏ္ဏားကြီး သဘောကျ ဖြေကြားပေတော်မူ၏။ ထိုပုဏ္ဏားကြီးသည် မြတ်စွာဘုရားဖြေကြားသည့် တရားတော်များကို သဘောကျ နှစ်ခြိုက်သဖြင့် ရဟန်းပြုကာ ဝိပဿနာတရားအားထုတ်တော်မူပြီး နောက်ဆုံးတွင် ရဟန္တာ ဖြစ်သွားလေ၏။

ဓနဉ္စာနီ ပုဏ္ဏေးမကြီး၏ မတုန်လှုပ်သော အစလေသဒ္ဓါတရားကြောင့် သူ၏ အရှင်ယောကျ်ား အဘာရဒွါဇ ပုဏ္ဏားကြီးသည် ရဟန္တာ ဖြစ်သွားရသည်မှာ ထင်ရှားလှပေသည် [၁]။

## (၄) စေတနာဒါနသာ ပဓာနကျ၏

မြတ်စွာဘုရားက "မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ" ၌ မိန့်ကြားထားသည်မှာ အလှူခံယူကြရာတွင် အတိုင်းအရှည်ပမာဏကို နားလည်ကြရမည်။ ဆိုလိုသည်မှာ -

(က) လှူဖွယ်ပစ္စည်းကနည်း၍ သဒ္ဓါတရားကများနေလျှင် လှူဖွယ်ပစ္စည်း နည်းသည့်ဘက်ကို ငဲ့၍ နည်းနည်းသာ အလှူခံရမည်။

(ခ) လှူဖွယ်ပစ္စည်းကများသော်လည်း သဒ္ဓါတရားက နည်းနေလျှင် သဒ္ဓါတရားနည်းပါသည်ကို ငဲ့၍ နည်းနည်းသာ အလှူခံရမည်။

(ဂ) လှူဖွယ်ပစ္စည်းကနည်း၊ သဒ္ဓါတရားကနည်း၊ နှစ်ပါးစုံနည်းနေလျှင် နှစ်ပါးစုံနည်းသည်ကို ငဲ့၍ နည်းနည်းသာ အလှူခံရမည်။

(ဃ) လှူဖွယ်ပစ္စည်းကများ၊ သဒ္ဓါတရားက ကြီးမားနေလျှင်လည်း များပြားသည်ကို ကြည့်၍ များစွာ အလှူမခံဘဲ သင့်တင့်မျှတရုံသာ အလှူခံရမည်။

ဘုရားနှင့်တကွ ဘုရား၏ တပည့်သား သံဃာတော်အားလုံးတို့သည် အလှူခံပုဂ္ဂိုလ်ချည်းသာ ဖြစ်ကြသည်။ သို့ဖြစ်၍ အလှူရှင်များ၏ ဆန္ဒအတိုင်း ဦးဦးဖျားဖျား လှူသည်ဖြစ်စေ၊ အကြောင်းကြောင်းကြောင့် အကြွင်းအကျန်ကို လှူဒါန်းရသည်ဖြစ်စေ၊ အလှူဒါနပြုကြရာတွင် အလှူဝတ္ထုပစ္စည်းထက် "စေတနာဒါန" သဒ္ဓါတရားထက်သန် သန့်စင်မွန်မြတ်ခြင်းသာ ပဓာန ဖြစ်ပြီး အလှူခံပုဂ္ဂိုလ်များက ခံယူကြမည်သာ ဖြစ်ပါသည်။

တစ်နည်းဆိုရသော်၊ ပျား . ပိတုန်း . လိပ်ပြာတို့သည် ပန်းဝတ်ရည်ကို စုပ်ယူကြသောအခါ ပန်းပွင့်ကိုလည်းကောင်း၊ အဆင်းအနံ့ကိုလည်းကောင်း ၊ ပုံပန်းမပျက်ယွင်းစေဘဲ ဝတ်ရည်ကိုသာ စုပ်ယူ၍ အလိုရှိရာသို့ ပျံသွားကြသကဲ့သို့ ထို့အတူ အလှူခံပုဂ္ဂိုလ်တို့သည်လည်း ဒါယကာ ၊ ဒါယိကာမများထံမှ ပစ္စည်းလေးပါး (ဆွမ်း. သင်္ကန်း. ကျောင်း.ဆေး)ကို ခံယူကြရာတွင် အတိုင်း . အရှည် ပမာဏကို သိ၍ ရသမျှ လှူသမျှ မယူကြဘဲ အလှူခံရသည့်တိုင်အောင် ၎င်းတို့၏ စီးပွားရေးအခြေအနေ ပျက်ယွင်းမကုန်စေရန် အထူးသတိပြု အလှူခံယူကြသည်သာ ဖြစ်၏။

---

၁။ ယုံကြည်မှုသဒ္ဓါ နှစ်ဖြာသိကောင်းစရာ ဆောင်းပါး၊ မြတ်မင်္ဂလာ စာစောင်၊

ယထာပိ – ဘမရော ပုပ္ဖံ၊ ဝဏ္ဏ ဂန္ဓ မပေါ် သယံ၊
ပလေတိ ရသ မာဒါယ၊ ဝေ ဂါမေ မုနီ စရေ[၁]။

မြတ်စွာဘုရားက မိန့်ကြားထားတော်မူသည်မှာ – "သမုဒ္ဒရာကြီး အတွင်းရှိ ရေများကို ခွက်ငယ်. ပုံးငယ် ကလေးများဖြင့် ခပ်ယူပါက ကုန်သွားနိုင်ဖွယ်ရာသာ ဖြစ်သည်။ အင်္ဂါခြောက်ပါးဖြင့် ပြည့်စုံသော "ဆဋင်္ဂသမန္နာဂတ ကုသိုလ်မျိုး" ၏ အကျိုးကို ကုန်စင်အောင်ဟောညွှန်ပြရန် မလွယ်ကူပါပေ။ ထို စေတနာ သဒ္ဓါတရားကြောင့် ညောင်စေ့မျှလှူသော်ငြားလည်း ညောင်ပင်ကြီးတမျှ အကျိုးကျေးဇူး အလွန်ကြီးမားသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

- ဒါနပြုရာ ဤခြောက်ဖြာ၊ မှန်စွာ စုံရမည်၊
  မလှူ. လှူဆဲ. လှူပြီးလဲ၊ စိတ်ထဲ ကြည်ရမည်။
  လှူဒါန်းသူတွက်. ဤသုံးချက်၊ မပျက်စုံရမည်။
- လော. ဒေါ. မောလည်း၊ ဤသုံးနည်း၊ ကင်းပြီး ဖြစ်ရမည်။
  မကင်းသော်လည်း၊ ကင်းအောင်ပဲ၊ ကျင့်ဆဲ ဖြစ်ရမည်။
  အလှူခံတက်၊ ဤသုံးချက်၊ မပျက်စုံရမည်။
  အင်္ဂါခြောက်ဝ၊ ပြည့်စုံမှ၊ မုချကျိုးကြီးမည်။

ဤသို့ "ဉာဏသမ္ပယုတ္တဒါန" ဖြစ်အောင် ကြံဆောင်နလုံး၊ စိတ်ဝယ်သုံးကာ ရွှင်ပြုံး ကြည်ဖြူ လှူဒါန်းခဲ့ ကြခြင်း ဖြစ်သည်။ ထိုသူတို့သည် သဒ္ဓါရှေ့သွား စေတနာထား၍ လှူဒါန်းခြင်း ဖြစ်သောကြောင့် လောကုတ္တရာ မဂ်. ဖိုလ်. နိဗ္ဗာန် ချမ်းသာကို ဧကန် ခံစား. စံစား ကြရပေမည်။

အလယ်ဇေ ငါးချက်၌ ရှိသော စေတနာသည် ခန္ဓာငါးပါး အကြွင်းမရှိ "အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်" တိုင်အောင် အပရာပရိယကံ၏ အကျိုးကို အမှန်ပြီးစေနိုင်သည်။ မဟာကုသိုလ်စိတ် ရှစ်ခုနှင့်ယှဉ်သော စေတနာရှစ်ခု တို့တွင် တစ်ပါးပါးသော စေတနာဖြင့် လှူဒါန်းပူဇော်သည်ရှိသော် "စေတနာဒါန" မည်၏။

ထိုရှစ်ပါးသော စေတနာတို့သည် အကြောင်းနှင့်ကင်း၍ မဖြစ်။ အကြောင်းနှင့် လျော်စွာဖြစ်သည်။ အကြောင်းနှင့်လျော်စွာ "မဟာကုသိုလ်စေတနာ" ဖြစ်ခြင်း၏ အကြောင်းကား အကြင်သူသည် ပေးလှူအပ်သော အလှူ၏ အကျိုးသည် ရှိ၏။ စောင့်သုံးအပ်သောသီလ၊ ပွားများအပ်သော ဘာဝနာ၏ အကျိုးသည် ရှိ၏။ ဤသို့သော နည်းများဖြင့် ကောင်းသောအယူကို ဉာဏ်ဖြင့်ရှု၍ ပစ္စည်းဝတ္ထုတို့ကို နမြောစုံမက်ခြင်း၊ ငြိတွယ်ခြင်းမရှိ၊ လွတ်လွတ် စွန့်ကြခြင်း ဖြစ်၏။

သီလ. ဘာဝနာတို့၌ ညွတ်ခြင်း စသော အကြောင်းတို့ကြောင့်လည်း ဆုတ်နစ် တွန့်တိုခြင်းမရှိ။ ထက်မြက် သည်ဖြစ်၍ "တွန့်တိုခြင်းကင်းသော အသင်္ခါရိက စိတ်ဖြင့်" ဝမ်းမြောက်ဝမ်းသာ သောမနဿသဘောနှင့် ဒါန. သီလ. ဘာဝနာ စသော ကုသိုလ်ကို ပြု၏။ ထိုအခါ သောမနဿ ဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့်ယှဉ်သော (ဝါ) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ် ပဌမစိတ်၊ ထိုစိတ်နှင့်ယှဉ်သော ပဌမစေတနာ သည် ဖြစ်၏တည်း။

ဂေါတမဘုရားလောင်းလျာသည် သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာ မြတ်စွာဘုရား၏ ဗျာဒိတ်စကား ကိုလည်းကောင်း၊ သိကြား. ဗြဟ္မာ. နတ်ဒေဝါ တို့၏ စနည်းတဘောင် ကြွေးကြော်သံကိုလည်းကောင်း ကြားရသည်ရှိသော် ဝမ်းမြောက်. ဝမ်းသာ. နစ်သက်. ရွှင်လန်းသော စိတ်နလုံးရှိသည်ဖြစ်၍ ဤသို့ ကြံ၏။

---

၁။ ခုဒ္ဒပ ပါဠိတော်၊ ပုပ္ဖဝဂ်၊ နာ – ၄၉၊ ဂါထာ။

(က) ရှေးလွန်လေပြီးကုန်သော . ပွင့်တော်မူပြီးသော ဂင်္ဂါဝါဠု သဲစုမက ဘုရားရှင်တို့သည်လည်းကောင်း၊

(ခ) ပွင့်တော်မူဆဲ ဘုရားရှင်တို့သည်လည်းကောင်း၊

(ဂ) အနာဂတ်ကာလ၌ ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့သည်လည်းကောင်း၊

အကြောင်းတရားနှင့် ကင်း၍ ဘုရားအဖြစ်သို့ မရောက်နိုင်ရာ။ ဘုရားအဖြစ်ကို ရောက်စေတတ်ကုန်သော အကြောင်းတရားတို့ ရှိသော ကြောင့်သာလျှင် ဘုရားအဖြစ်သို့ ရောက်ကြရာကုန်၏။

ထိုသို့ စူးစမ်းရှာဖွေသည်ရှိသော် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်(ဝါ) မိမိအလိုလို ကိုယ်တိုင် သိတတ်သော ဘုရားအဖြစ်သို့ ရောက်ရန် "ဒါနပါရမီ"ကို အစဉ်မပြတ် နိစ္စဘတ်  ဖြည့်ဆည်းရန် မြင်လေ၏။ ဥပမာ ဆိုရသော် - အကြင်သူ၏ အောက်သို့ ဦးစောက်မှောက်၍ ထားအပ်သော ရေပြည့်သောအိုးသည် အကြွင်းမဲ့ ရေကို အန်ထုတ်သကဲ့သို့ (ဝါ) သွန်ထုတ်သကဲ့သို့၊ ထို့အတူ - သုမေဓာ ရှင်ရသေ့သည်လည်း အလှူခံပုဂ္ဂိုလ်ကို အယုတ်. အမြတ် . အလတ်မရွေး ဖုန်းတောင်း ယာစကာမှစ၍ "အကြွင်းမဲ့ အလှူ"ကို လှူတော့အံ့ဟု ဘုရားလောင်း လျာဘဝက မိမိကိုယ်ကိုမိမိ ဆုံးမခဲ့ဖူးကြောင်း လေ့လာသိရှိမိပါသည်။

ထို့ကြောင့် ရှင်မဟာသီလဝံသ စပ်ဆိုတော်မူခဲ့သော ပါရမီခန်း၌ "ဒါနတရားသည် နိဗ္ဗာန်ရောက်ကြောင်း လက်ဆောင်တစ်ခု ဖြစ်သည်"။

❀ ခပ်သိမ်းလူ့နိုက်။ အမြိုက်တိုင်အောင်၊ လက်ဆောင်လည်းဟူ၊
ကံကျွေးဟူသား၊ အလှူ ဤထုံး၊ ပေးသုံးတတ်ငြား၊ စွန့်စားသည်ချည်း[၁]။

ဒါန နာဝါယ သံသာရ သာဂရပါရံ အနုဂစ္ဆန္တိ ။

| | | |
|---|---|---|
| ဒါန နာဝါယ | = | ဒါနတည်းဟူသော လှေ သင်္ဘောဖြင့်။ |
| သံသာရ သာဂရပါရံ | = | သံသရာတည်းဟူသော သမုဒ္ဒရာ၏ ကမ်းတစ်ဘက်နှင့်တူသော နိဗ္ဗာန်သို့။ |
| အနုဂစ္ဆန္တိ | = | အစဉ်တစိုက် လိုက်ကုန်၏။ |

ဣဒံ မေ ဒါနံ အာယဝက္ခယံ ဝဟံ ဟောန္တု။

| | | |
|---|---|---|
| မေ | = | ကျွန်ုပ်၏။ |
| ဣဒံ ဒါနံ | = | ဤသို့ ကြည်ဖြူ. ရွှင်လန်း . လှူဒါန်းရသော ကောင်းမှု ကုသိုလ်ဒါနသည်။ |
| အာသဝက္ခယံ | = | အာသဝေါတရားလေးပါးတို့ ကုန်ခမ်းသည့်တိုင်အောင်။ |
| ဝဟံ ဝဟန္တော | = | ရွက်ဆောင်နိုင်သည်။ |
| ဟောတု | = | ဖြစ်ပါစေတော့သတည်း။ |

## ၈။ (၁) ရတနကုဋ္ဋ ပစ္စေကဗုဒ္ဓါ လောင်းလျာဝတ္ထု

လယ်သမားတစ်ယောက်သည် မိမိလယ်၏ အနီးအပါး၌ မိုးရွာ . နေပူလျှင် ခိုနားနိုင်ရန်၊ တိဏကုဋ္ဋိက = မြက်မိုးတဲ ဆောက်လုပ်ထားရှိသည်။ အောက်ခံအခင်းကိုလည်း၊ တိဏသန္ထရက = မြက်ကိုပင် ခင်းထားသည်။ လယ်စောင့်ယောက်ျားသည် သူတည်းခိုနိုင်ရန် သက်သက်ရည်ရွယ်ပြီး မြက်ကိုမိုး၊ မြက်ကို ခင်းထားခြင်း ဖြစ်သည်။

"အယံ ကိရ ဝုတ္တနယေန ပဗ္ဗဇိတွာ ကတပုဗ္ဗကိစ္စော ဝိပဿနံ အနုယုဉ္ဇန္တော သာယံ ခေတ္တသမီပေန ဂစ္ဆန္တော ဒေဝေ ဖုသာယန္တေ ခေတ္တပါလ ကဿ ပုညံ တိဏကုဋ္ဋိဒ်ဿွာ ပဝိသိတွာ တတ္ထ တိဏသန္ထရကေ နိသီဒိ နိသိန္နော မတ္တော၀ ဥတုသပ္ပါယံ လဘိတွာ ဝိပဿနံ ဥဿုက္ကာပေတွာ အရဟတ္တံ ပါပုဏိ [၂]။"

---

၁။ မိလိန္ဒပဥှာ။

၂။ ထေရ၊ ၄၊ နှာ - ၁၆၁ - ၃။

တစ်နေ့သောညအချိန်တွင် ရဟန်းတစ်ပါးသည် မိမိ၏ ရဟန်းကိစ္စဝိပဿနာတရားများ စီးဖြန်းရန် ကြွလာသည့်အခါ လယ်တဲအနီး ရောက်သော် မိုးတဖွဲဖွဲ ရွာသွန်းလာသောကြောင့် -

တိဏကုဋိက = မြက်ကိုမိုး၊ မြက်ကိုခင်းထားသော တဲအတွင်း ခေတ္တခဏ ဝင်ခိုသည်။
နိသိန္နမတ္တော၀ = နေထိုင်ကာမျှပင်လျှင်။
ဥတုသပ္ပာယံ = ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း ဥတုမျှတမှုကို။
လဘိတွာ = ရရှိ၍။
ဝိပဿနံ = ဝိပဿာနာကို။
ဥဿုကာ ပေတွာ = စီးဖြန်း . ပွားများ . အားထုတ်၍။
အရဟတ္တံ = ရဟန္တာအဖြစ် အရဟတ္တဖိုလ်သို့။
ပါပုဏိ = ရောက်ရလေကုန်သည်။

တဲထဲသို့ ဝင်လာစဉ်က ပုထုဇဉ်ရဟန်းမျှသာ ဖြစ်သည်။ ပုထုဇဉ်ရဟန်းသည် မိုးရွာသဖြင့် တဲထဲဝင်ခိုနားပြီး ချမ်းချမ်းသာသာ၊ ဝမ်းမြောက် . ဝမ်းသာ၊ ဥတုသပ္ပာယ မျှတစွာ ဝိပဿနာ စီးဖြန်းလိုက်သည့်အခါ ရဟန္တာဖြစ်သွားသည်။ နောက်ရက်တွင် လယ်သမားက သူ့တဲအနီးရောက်သော် "ကောကုဋိကာယံ၊ တဲထဲက ဘယ်သူပါလဲ ? ရဟန်းက - ဘိက္ခုကုဋိကာယံ ဝီတရာဂေါ = ရာဂ ကင်းသည့် ရဟန္တာပါ" ဟု ဖြေသည်။

ရဟန်းက လယ်စောင့်ယောကျ်ားကို ကုသိုလ်တိုးပွားစေခြင်း၊ ဝမ်းမြောက်စေခြင်း ရည်ရွယ်ချက်ဖြင့် "လယ်စောင့်ယောကျ်ား ဒကာ၊ သင့်တဲထဲမှာ ခိုနားတဲ့ ငါရဟန်းဟာ အာသဝေါကုန်ခမ်းအောင် ကြိုးစားပြီးတော့ ရဟန္တာဖြစ်သွားတဲ့ရဟန်းပါ။ ရဟန္တာဖြစ်တဲ့ငါသည် သင့်တဲလေးကို ယခု သုံးဆောင်အပ်ပါပြီ။ သင့်တဲကလေး သုံးဆောင်သည့်အတွက် သင်သည် ဝမ်းမြောက်ခဲ့လို့ရှိရင် ဤတဲကလေး ခဏခိုကိုးရတဲ့ ကုသိုလ်ကောင်းမှု အတွက်ကြောင့် သင်သည် ဘဝသံသရာမှာ ကြီးစွာသော စည်းစိမ်ချမ်းသာနှင့် အကျိုးစီးပွားများ ဖြစ်ပါလိမ့်မည်။ သင့်အား ရှည်စွာသော သံသရာ ကာလပတ်လုံး ချမ်းသာခြင်းငှာ ဖြစ်ပါလိမ့်မယ်။ ကြီးပွားခြင်းငှာ ဖြစ်ပါလိမ့်မယ်" ဟု မိန့်ကြားသည်။

"လာဘာ ဝတ မေ - သုလဒ္ဓံ ဝတမေ"

မေ = ငါ့အား။
လာဘာဝတ = အရ တော်လေစွတကား။
မေမယာ = ငါသည်။
မနဿတ္တံ = လူ၏ အဖြစ်ကို။
သုလဒ္ဓံဝတ = ကောင်းစွာ လုလု ရအပ်ပါပေစွ တကား - ဟုဝမ်းသာလွန်းလို့ ဤသို့ ဥဒါန်း စကား ကျူးရင့်တော်မူသည်။

ထိုသို့ လယ်စောင့်ယောကျ်ားနှင့် ရဟန်းတို့ အပြန် - အလှန် ပြောနေကြကြောင်း၊ မြတ်စွာဘုရားက ဒိဗ္ဗ သောတအဘိညာဉ်နှင့် ကြားတော်မူပြီး ကြွရောက်တော်မူလာကာ လယ်စောင့်ယောကျ်ားကို "သင်သည် ဤမြက်မိုး ကျောင်းကလေး လှူဒါန်းခဲ့သည့် ကုသိုလ်စေတနာအတွက်ကြောင့် ဘဝသံသရာမှာ သိကြားမင်းကြီးအဖြစ် သုံးဆယ့် ခြောက်ကြိမ်နှင့် စကြဝတေးမင်းအဖြစ် သုံးဆယ့်လေးကြိမ် ခံစား . စံစားစေပြီး နောက်ဆုံးတွင် ရတနာကုဋီအမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်ပါလိမ့်မယ်" ဟု မြတ်စွာဘုရားက ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

အထက်ဖော်ပြခဲ့သော ဝတ္ထုသာဓကကို လေ့လာဆန်းစစ်သော် ရဟန်းသံဃာတော် ဝင်ရောက်တရား အားထုတ်ရန် ရည်ရွယ်၍ ဆောက်လုပ်ထားသော မြက်မိုးတဲမဟုတ်ဘဲ ခေတ္တခဏ ဝင်ရောက်တည်းခို သီတင်း သုံးကာမျှဖြင့် ဤမျှလောက်အကျိုးတွေ ရရှိနိုင်ပါသည်ဟုဆိုလျှင်၊ ယခု (ဦးသိမ်းမောင်) + ဒေါ်မြရင် တို့က အစ်ကို ကြီးသဖွယ် စောင့်ရှောက်ပြုစုရင်း ဗုဒ္ဓသာသနာ ပြန့်ပွားစေလိုသော ရည်ရွယ်ချက်ဖြင့် ဆီးဖြူပင်သာသနာ့ရိပ်သာ ဆရာတော်လောင်းလျာအား မရ,ရအောင် ပင့်ဆောင် ကိုးကွယ်ရခြင်းအကျိုးနှင့် ဆီးဖြူပင်ဆရာတော်ကြီးသည် ရဟန်းတရားအားထုတ်၍ မည်မျှ အဆင့်ပေါက်ရောက်အောင်မြင်နေသည်တို့ကို မြတ်စွာဘုရားရှင်မှတစ်ပါး အခြားမည်သူမျှ သိရှိနိုင်မည် မဟုတ်ပါပေ။

ဘုရားရှင်သာလျှင် ဧကန်မုချ သိရှိနိုင်ပေလိမ့်မည်။ ယခုအခါ ဆီးဖြူပင်ဆရာတော်ကြီးက ဝိပဿနာ တရားအားထုတ်ရန်ရည်ရွယ်၍ ဆောက်လုပ်ခဲ့သော "ချမ်းမြေ့ကြည်ဖြူ သီတဂူသာသနာ့ဗိမာန်တော်ကြီး" အဆောက်အဦးသည် ရေ မီး လေအေးစက် အစုံအလင်ဖြင့် ခေတ်မအဆင့်မြင့်ပုံစံဖြစ်သည်။ သိန်းပေါင်းများစွာ ကျခံ၍ စေတနာရှင်အများက သဒ္ဓါတရားထက်သန်စွာ ဆန္ဒအလျောက် ပါဝင် လှူဒါန်းခဲ့ကြခြင်း ဖြစ်သည်။ ဤသို့ ရည်ရွယ်ချက်ကြီးမားစွာဖြင့် ဆောက်လုပ်လှူဒါန်းရခြင်း အကျိုးကား အတိုင်းအဆမရှိ အလွန်ဝမ်းမြောက်စွာ သာဓုခေါ်ဖွယ်ရာဖြစ်၍ ဘဝသံသရာမှာ ပြောစရာပင် မရှိတော့ပါပေ။

## ၈။ (၂) ရေကိုလှူရ မြတ်ဒါနကြောင့် ရဟန္တာဖြစ်ရသော ဥဒက ဒါယကာမထေရ်

လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရားပွင့်တော်မူသောအခါဝယ် ရေခပ်၍ အသက် မွေးရသော ဒါယကာတစ်ယောက်သည် ကျောင်းတိုက်များတွင် သီတင်းသုံးနေထိုင်ကြသည့် သံဃာတော်များအတွက် သောက်ရေ၊ သုံးရေများကို မြစ်မှ သယ်ယူထမ်းဆောင်ကာ လှူဒါန်းခဲ့ဖူးသည်။ ထိုသို့ ရေကို လှူခဲ့ဖူးသော ကောင်းမှုကုသိုလ်ကြောင့် ကိုးဆယ့်တစ်ကမ္ဘာ ကာလပတ်လုံး အပါယ်လေးပါးသို့ မကျရောက်ရဘဲ လူပြည်. နတ်ပြည်တို့၌သာ ဖြစ်ရသည်။ ဖြစ်လေရာဘဝတိုင်းတွင် အောက်ပါအကျိုးတရားများကို ခံစားရလေသည်။

(က) သစ်ပင်ခေါင်ဖျား၊ တောင်ထိပ်ဖျားတွင် နေသော်လည်း၊ သုံးရေ၊ သောက်ရေ မရှားဘဲ ပေါများစွာ ရရှိနေခြင်း၊

(ခ) မည်သည့်အချိန်တွင်မဆို အလိုရှိ၍ တောင့်တလိုက်သည့်အခါတိုင်း မိုးရွာပေးရခြင်း၊

(ဂ) ပူ . အိုက် ခြင်းမရှိဘဲ အမြဲတမ်း အေးမြချမ်းသာစွာ နေရခြင်း၊

(ဃ) အနာရောဂါဝေဒနာများမှ ကင်းစင် သန့်ရှင်းနေခြင်း၊

(င) ကိလေသာ အကုသိုလ်တရားတို့မှ ကင်းလွတ်ခြင်း၊

(စ) ခန္ဓာကိုယ်၌ အညစ်အကြေးမတင် ဖြူစင်သန့်ရှင်းနေခြင်း နှင့်

(ဆ) နံ့သာတုံး . နံ့သာခဲများပမာ ကိုယ်ခန္ဓာတွင် မွှေးကြိုင်သော ရနံ့ရှိခြင်း အစရှိသော အကျိုးများ ကို ရရှိခံစားရလေသည်။

ထိုသို့ လူပြည်၊ နတ်ပြည် နှစ်ဌာနတို့၌ လှည့်လည်ဖြစ်ရကာ၊ ချမ်းသာအမျိုးမျိုးတို့ကို ခံစားခဲ့ရပြီး၊ ယခု နောက်ဆုံးဘဝ၊ ဂေါတမ မြတ်စွာဘုရားရှင်လက်ထက်တွင် ရဟန္တာဖြစ်ရသည်။ ထိုအကြောင်းကို နောင်လာနောက် သားများ အတုယူနိုင်ကြစေရန် အောက်ပါအတိုင်း ဥဒါန်း ဂါထာ ကျူးရင့်တော်မူခဲ့လေသည်။

ဥဘော ဘဝေ သံသရာမိ၊ ဒေဝတ္တေ အထ မာနသေ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဥဒကဒါန သဿိဒံ ဖလံ။

| | | |
|---|---|---|
| အဟံ | = | အကျွန်ုပ်သည်။ |
| ဒေဝတ္တေ | = | နတ်တို့၏ အဖြစ်၌လည်းကောင်း။ |
| အထ | = | ထိုမှတစ်ပါး။ |
| မာနုသေ | = | လူတို့၏ အဖြစ်၌လည်းကောင်း။ |
| ဥဘောဘဝေ | = | နှစ်ဌာနသော ဘုံဘဝတို့၌။ |
| သံသရာမိ | = | ကျင်လည် ထပ်ထပ် မပြတ်ပုံသေ ဖြစ်ခဲ့ရပေ၏။ |
| ဒုဂ္ဂတိံ | = | ဆင်းရဲကြီးလှ ဒုဂ္ဂတိ ဘဝကို။ |
| နာဘိဇာနာမိ | = | တစ်ခါ.တစ်ခေါက်မျှ မလာရောက်၊ မခံစားခဲ့ရဖူးပါပေ။ |
| ဣဒံ | = | ဤကဲ့သို့ ကိုးဆယ့်တစ်ကမ္ဘာပတ်လုံး ဆင်းရဲလွတ်ကင်းကာ လူ့ရပ်နတ်ဌာန်တို့၌သာ ဖြစ်၍ ချမ်းသာအမျိုးမျိုးကို ခံစားရခြင်း စသည့်အကျိုးတို့သည်။ |
| ဥဒကဒါနဿ | = | ရေလှူရခြင်း၏။ |
| ဖလံ | = | အကျိုးထူးကြီးအစစ် ဖြစ်ပါပေတော့သတည်း။ |

## ၈။ (၃)ဝိပဿနာ ခြံရံပြီး လှူတာ အမြတ်ဆုံး

- အလှူဒါန ၊ ပြုကုန်ကြ ၊ ဉာဏ စဉ်ကွပ်ကဲ။
- ဉာဏ်မကွပ်လျှင်၊ တဏှာဝင် ၊ ရလျှင် ဒုက္ခပဲ။
- ပဋိသန္ဓေ ၊ အို . နာ . သေ ၊ ထွေထွေ လွန်ဆင်းရဲ။
- အလှူမတတ်၊ မမြင့်မြတ် ၊ ရှုံးဖတ်တင်မည့်ပွဲ။
- လှူဆဲချိန်ခါ ၊ ကိုယ်ခန္ဓာ ၊ ဉာဏ်ဝါစူးစိုက်စွဲ။
- ကိုက်ခဲ ယားယံ၊ ကျင်နာပြန် ၊ ဒုက္ခံပြစ်မြဲ။
- ခန္ဓာပြကွက်၊ ဒုက္ခစက်၊ ဖြစ်-ပျက် ရှုဉာဏ်တွဲ။
- ဒုက္ခဉာဏ်မြင် ၊ လွတ်ကင်းချင်၊ စိတ်စဉ်ပြောင်းကာလွဲ။
- ဒုက္ခလွတ်ကြောင်း၊ ဉာဏ်ချင့်လောင်း၊ လွန်ကောင်းမြတ်လှူပွဲ။
- အဂ္ဂိတ္တရ၊ အဌက ၊ မိန့်ဟ ရှင်တော်မြတ်။
- ရှစ်ခုမြောက်လာ ၊ ဒါနသာ၊ ကောင်းစွာ ပြုလုပ်အပ်။
- သမထ ဝိပဿနာ ၊ ခြံရံကာ ၊ လှူတာ မြတ်ဆုံးမှတ်။
- အလှူတတ်မှ ၊ သံသာရ၊ ဒုက္ခတိုမည်မှတ်။

## ၈။ (၄) လူမင်းဘုန်းကြီး နတ်. သိကြားမနေသာ ၊ မစ.ရတာ မြဲမြဲ မှတ်ပါ

ဗန္ဓုမတီပြည်၌ အပရာဇိတ အမည်ရသော သူဌေးသည် ရတနာခုနစ်ပါးဖြင့် စီခြယ်အပ်သော ဂန္ဓကုဋီ ကျောင်းတော်ကို ဆောက်လုပ်စေ၍ ဝိပဿီမြတ်စွာဘုရားအား စေတနာ သဒ္ဓါထက်သန်စွာ လှူဒါန်းခဲ့ဖူးသည်။ ဤကောင်းမှုကြောင့် ယခု ဂေါတမမြတ်စွာဘုရားလက်ထက်တွင် ရာဇဂြိုဟ်ပြည်၌ ဇောတိက သတိုးသား ဖြစ်လာ ရသည်။

---

၁။ ဒုလ္လဒေသနာ စတုတ္ထအုပ်မှ။

အရွယ်ရောက်သော် သိကြားမင်းသည် လက်သမားအသွင်ဖြင့် အိမ်ရာပြင်ဆင်ရာသို့ လာ၍ အမောင်တို့ ဘာကို ပြုကြသလဲ ? မေး၏။ ဇောတိကလုလင်၏ အိမ်ရာကို ပြင်ဆင်၍၊ နေကြပါသည်ဟု ဆို၏။ ထိုအခါ လက်သမား အယောင်ဆောင် သိကြားမင်းက အသင်တို့ ဖယ်ကြကုန်လော့။

ဤဇောတိက သတို့သားသည် အသင်တို့ ပြုလုပ်သော အိမ်၌ နေလိမ့်မည်မဟုတ်ဟု ဆိုပြီး တစ်ဆယ့် ခြောက်ပယ် မျှရှိသော မြေအရပ်ကို ကြည့်လိုက်၏။ ထိုခဏအတွင်း ဤမြေအရပ်သည် ကသိုဏ်းဝန်းကဲ့သို့ ညီညွတ်သည်ဖြစ်၏။ တစ်ဖန် ဤအရပ်၌ မြေကိုခွဲ၍ ရတနာခုနစ်ပါးဖြင့် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်သည် ပေါက်၏။ နောက်တစ်ဖန် ပြာသာဒ်ကို ဝန်းရံ၍ ရတနာခုနစ်ပါးဖြင့် ပြီးကုန်သော တံတိုင်းတို့သည် ပေါက်စေသတည်းဟု၊ ကြံစည်၍ ကြည့်ပြန်၏။ ရတနာခုနစ်ပါးဖြင့်ပြီးသော တံတိုင်းတို့သည် ပေါက်လာကြကုန်၏။ ထိုတံတိုင်း၏ ထောင့်၌ ပဒေသာပင်တို့သည် ပေါက်စေကုန်သတည်းဟု ကြံစည်၍ကြည့်၏။ ပဒေသာပင် တို့ ပေါက်လာကြကုန်၏။ ပြာသာဒ်လေးခု၏ ထောင့်တို့၌ လေးလုံးသော ရွှေအိုးကြီးတို့ ပေါက်လာစေကုန်သတည်းဟု ကြံစည်၍ ကြည့်၏။ ထိုရွှေအိုးကြီးလေးလုံး ဖြစ်လာပြီး ပထမ တစ်လုံးသည် တစ်ယူဇနာ ရှိ၏။ ဒုတိယတစ်လုံးသည် သုံးဂါဝုတ် ရှိ၏။ တတိယအလုံးသည် ယူဇနာ တစ်ဝက်ရှိပြီး၊ စတုတ္ထမြောက် နောက်ဆုံးအလုံးသည် တစ်ဂါဝုတ် ပမာဏ မျှ အသီးသီး ရှိကြသည် [၁] ။

သိကြားမင်းကပင်၊ ကာသိုလ်ပြုရာတွင် ပါရမီဖြည့်ဖက် ဖြစ်ခဲ့ဖူးသော မြောက်ကျွန်းသူ သတုလကာရီ သတိုးသမီးကို ယူငင်၍ ဇောတိကသတိုးသားနှင့် အိမ်ထောင်ပြုစေသည်။ လူ့ဘဝတွင် ပျော်ပျော်ပါးပါးနေပြီးကာမှ သံဝေဂရ၍ ရဟန်းပြုလေသော် မကြာမီပင် ရဟန္တာဖြစ်လေ၏။

## ၈။ (၅) ဆယ်နှစ်ကြာ ပြဿနာ - အဖြေရှာ၊ ဗုဒ္ဓမိန့်မှာတာ အထူးမှတ်စရာ

တာဝတိံသာနတ်ပြည်မှ နတ်အပေါင်းတို့သည် ပြဿနာလေးရပ်၏ အဖြေကို ဆယ်နှစ်ကြာသည့်တိုင် မသိနိုင်ကြသဖြင့် သိကြားမင်းထံ လာရောက်မေးလျှောက်ကြ၏။ သိကြားမင်းကလည်း မဖြေဆိုနိုင်သဖြင့် မြတ်စွာ ဘုရားထံ ဆည်းကပ်၍ ဖြေဆိုပေးတော်မူပါရန် လျှောက်ထားတော်မူခဲ့သည်။

သိကြား - မေး (က) အဘယ်မည်သော ဒါန၊
(ခ) အဘယ်မည်သော အရသာ၊
(ဂ) အဘယ်မည်သော မွေ့လျော်ခြင်း တို့သည် အမြတ်ဆုံး ဖြစ်ပါသနည်း။
(ဃ) တဏှာ ၏ ကုန်ခြင်း အဆုံး၌ဖြစ်သော အရဟတ္တဖိုလ်ကိုသာလျှင် အဘယ်ကြောင့် အမြတ်ဆုံးဟူ၍ ဆိုအပ်သနည်း။

ဗုဒ္ဓ - အဖြေ (က) အလှူခပ်သိမ်းတို့တွင် တရားအလှူသည် အမြတ်ဆုံး။
(ခ) အရသာခပ်သိမ်းတို့တွင် တရားအရသာသည် အမြတ်ဆုံး။
(ဂ) မွေ့လျော်ခြင်း ခပ်သိမ်းတို့တွင် တရားဖြင့် မွေ့လျော်ခြင်းသည် အမြတ်ဆုံး။
(ဃ) တဏှာကုန်ခြင်း အဆုံး၌ဖြစ်သော အရဟတ္တ ဖိုလ်သည်ကား ခပ်သိမ်းသော ဝဋ်ဒုက္ခ၏ ကုန်ခြင်း၊ ငြိမ်းခြင်းသို့ ရောက်စေတတ်သောကြောင့် ဧကန်အမြတ်ဆုံး ဟု ဖြေကြားပေး တော်မူခဲ့လေသည် [၂]။

---

၁။ ဓမ္မပဒ အဋ္ဌကထာ ဇဋိလထေရဝတ္ထု၊ ဆဋ္ဌမူ - ၄၃၆၊ ၂။ ဓမ္မပဒ - ၃၅၄

သို့ဖြစ်၍၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ရဟန်း . ရှင် . လူတို့သည် ဗုဒ္ဓ၏ တရားတော်များကို မိမိတို့ကိုယ်တိုင် တတ်စွမ်းသမျှ ရေးသားခြင်း၊ သူတစ်ပါးကိုလည်း ရေးစေခြင်း၊ ပိဋကတ်ကျမ်းစာအုပ်များ ထွက်ပေါ်လာအောင် ဝမ်းမြောက်. ကြည်လင် . သန့်စင်သော စေတနာ . သဒ္ဓါတရား . နှလုံးသားဖြင့် ပဒေသာပင်စိုက်ထူလှူဒါန်းကာ လူ . နတ်. ဗြဟ္မာ ဖြစ်လေရာ ဘဝတိုင်း၌ မြင့်မြတ်သော အကျိုးထူးကို ခံစားရပြီး အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု ခံစားနိုင်ပါ၏။ စံစားနိုင်ပါ၏။

အထူးသတိပြုရန်မှာ - တရားအလှူသည် အမြတ်ဆုံးဟုဆိုပြီး တရားစာအုပ်များ လှူဒါန်းနေရုံမျှဖြင့် မပြီးသေးပါ။ မိမိတို့ ကိုယ်တိုင်ကိုယ်ကျ တရားအသိ ပညာသတိ ရှိနေရန် လိုအပ်ပါသည်။ ထို့နောက် မိမိတို့ ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်မှသာလျှင် တရား(ဓမ္မ)အလှူသည် အမြတ်ဆုံး(ဥက္ကဋ္ဌ) ဖြစ်လာပေလိမ့်မည်။

## ၉။ (၁) လူသားတိုင်းနှင့် သက်ဆိုင်တာ သုံးဆယ့်ရှစ်ဖြာ မြတ်မင်္ဂလာ

ဗုဒ္ဓဟောကြားတော်မူခဲ့သော မင်္ဂလာတရားတော်၊ အဘိဓမ္မာတရားတော်တို့သည် ဗုဒ္ဓဘာသာဝင်များနှင့်သာ သက်ဆိုင်သည်ဟူ၍ သီးသီးသန့်သန့် ဟောကြားတော်မူခဲ့သော တရားများ မဟုတ်ပါ။ သတ္တလောကသား အားလုံးနှင့် သက်ဆိုင်သော သဘာဝ ဓမ္မတရားများပင် ဖြစ်၍ "ဘာသာမတူ အယူကွဲပြားသူများလည်း ဤမင်္ဂလာ တရားတော်များနှင့်အညီ ကျင့်ကြံ နေထိုင်မည် ဆိုပါက - မြင့်မြတ်သော ကောင်းကျိုးချမ်းသာကို မလွဲဧကန် ရရှိကြမည်သာ" ဖြစ်လေသည်။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်များနှင့် ပတ်သက်၍မူ အဘိဓဇ မဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ က -

(က) အသေဝနာ စ ဗာလာနံ မှ ဗြဟ္မစရိယဉ္စ အထိ = ၃၂ ပါးကို လောကီမင်္ဂလာ။
(ခ) အရိယသစ္စာန ဒဿနံ မှ ခေမံ အထိ = ၆ ပါးကို လောကုတ္တရာမင်္ဂလာ။
(ဂ) အသေဝနာ စ ဗာလာနံ မှ ကာလေန ဓမ္မသာကစ္ဆာအထိ = အပါး ၃၀ ကို လောကီကြီးပွားရေးမင်္ဂလာ။
(ဃ) တပေါ စ မှ ခေမံ အထိ = ၈ ပါးကို လောကုတ္တရာ ကြီးပွားရေးမင်္ဂလာ။
(င) အသေဝနာ စ ဗာလာနံ မှ မဇ္ဇပါနာစ သံယမော အထိ = အပါး၂၀ကို ရုပ်ပိုင်းတိုးတက်ကြီးပွားရေးမင်္ဂလာ။
(စ) အပ္ပမာဒေါ စ ဓမ္မေသု မှ ခေမံ အထိ = ၁၈ ပါးကို စိတ်ပိုင်းတိုးတက်ကြီးပွားရေးမင်္ဂလာ ဟု အသီးသီး ဟောဖော် ညွှန်ပြထားပါသည်။

သုံးလောကထွဋ်တင် သဗ္ဗညု မြတ်စွာဘုရားရှင်သည် အဝိဇ္ဇာအမှောင်လွှမ်းသော လောကကို "ဝိဇ္ဇာဉာဏ် အလင်းရောင်ဖြင့်" အသိဉာဏ်ပွင့်လင်းစေခဲ့သည်။

အယူဝါဒ အမျိုးမျိုး အဖုံဖုံ ရှုပ်ထွေး ပွေလီနေသော လောကကြီးကို ကောင်းသောအမြင်ရောက်အောင် ရှေ့ဆောင် လမ်းညွှန်ပြသတော်မူခဲ့သည်။ အနမတဂ္ဂ သံသရာတစ်ခွင် မျောပါနေကြသူ သတ္တဝါအားလုံးတို့ကို "မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားဖြင့်" အမှန်တကယ် အေးချမ်းမှုအစစ်ကို ရရှိနိုင်သည့် ဝိမုတ္တိနယ်သို့ ရောက်အောင် ပို့ဆောင်ပေးတော်မူခဲ့သည်။

သို့သော်လည်း သုံးဆယ့်တစ်ဘုံသား သတ္တဝါအများတို့မှာ အမှားကို အမှန်ထင်၊ အမှန်ကို အမှားမြင်ကာ အဝိဇ္ဇာ အမှောင်အောက် ပြားပြားဝပ်ဒူးထောက်ကာ သံသရာ ဝဲဩဃတွင် ရစ်ဝဲလည်ကာ ပျော်ရွှင်နေကြပေသည်။ ထိုအမြင်မှား၊ အယူမှား၊ အသိမှားတို့ကို ဘုရား သာသနာတော်နှင့် ကြုံကြိုက်ခိုက် သစ္စာလေးပါး အသိဉာဏ်တရားဖြင့် ဖော်ထုတ်ကာ မဟာသန္တိသုခ အရသာကို သုံးဆောင်မှီဝဲကြပါစို့။

## ၉။ (၂) သီလပြည့်စုံ ကုံလုံကြွယ်ဝ အသေလှ၏

"သီလ" ဆိုတာ "ဒါန" ထက်ပိုပြီး အားကိုးရပါတယ်။ အားကိုးရမှာကို အားမကိုးကြဘဲနဲ့ ဟိုးလေးတကျော်ကျော် လူ - သိ၊ နတ် - ကြား ဒါနကိုပြုပြီး အားကိုးနေကြတယ်။ လူတွေအတွက် လွဲနေကြတယ်နော်။ ဒါနဘက်မှာ ဝါသနာကြီးသလောက် သီလဘက်မှာကျတော့ ချို့ယွင်းနေတတ်ကြတယ်။ သီလမပါရင် စိတ်ချမ်းသာမှု မရနိုင်ပါဘူး။ သေခါနီးလေ သီလက အားကိုးရလေပဲ။

- ဘုန်းကြီးရော လူပါပဲ။ မလျှိုလို့ ငရဲမရောက်ဘူး။ သီလ မလုံလျှင်တော့ သွားပြီ အဝီစိ။
- ကိုယ့်နည်းနဲ့ကိုယ် ကုသိုလ်ရအောင် ကြိုးစားကြပါ။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ကုသိုလ်ရဖို့ လိုရင်း၊ မလှူနိုင်လို့ရှိရင် သီလကို ဝိုင်းပြီးထိန်းပေးကြပါ။ အဖိုးအခ တစ်ပြားသာမျှ မကုန်ဘဲနဲ့ တန်ဖိုးအကြီးဆုံးရတဲ့ ကုသိုလ်ဆိုတာ ဒီသီလပဲ [၁]။
- သီလမဲ့သော သီလ မရှိသောသူအား ပညာရှိခြင်းသည် အသုံးမဝင်အကျိုးမရှိ [၂]။
- အို ဥပါသကာတို့ သရဏဂုံသုံးပါး၊ ငါးပါးသီလကို စောင့်ကြကုန်လော့။ လစဉ် ရှစ်ပါးသီလ ဥပုသ်ကို စောင့်ကြကုန်လော့။ မိဘလုပ်ကျွေးမှုဝတ်ကို ဖြည့်ကျင့်ကြကုန်လော့။ တရားစောင့်သော ရဟန်းတို့ကို လုပ်ကျွေးကြကုန်လော့ [၃]။
- ဤကျင့်ဝတ်ကို ပြုရမည်ဟု မြတ်စွာဘုရား ပညတ်ထားသော သိက္ခာပုဒ်ကို ဖြည့်ကျင့်ခြင်းသည် = စာရိတ္တ သီလ မည်၏။
- ဤအမှုကို မပြုရဟု မြတ်စွာဘုရား ပယ်မြစ်ထားသည်ကို မပြုခြင်းသည် = ဝါရိတ္တသီလမည်၏ [၄]။ မြတ်ဗုဒ္ဓ၏ အဘိဓမ္မာတွင် -

(က) ပစ္စည်း . ဥစ္စာနှင့် အင်္ဂါ ခြေ. လက် ယှဉ်ပြိုင်လာပါက ပစ္စည်း . ဥစ္စာကိုသာ အထိနိုက်ခံပြီး အင်္ဂါ . ခြေ. လက်ကို အထိနိုက် မခံရ။

(ခ) အင်္ဂါ ခြေ. လက် နှင့် အသက် အန္တရာယ် တစ်ခုခု ကြုံတွေ့လာပါက အင်္ဂါ ခြေ . လက်ကိုသာ အထိနိုက်ခံပြီး၊ အသက်ကို အန္တရာယ် မဖြစ်စေရ။

(ဂ) သို့သော် အသက်အန္တရာယ်နှင့် အကျင့်သီလ တစ်စုံတစ်ခုကို ထိနိုက်ခံရမည် ဆိုပါက သေခြင်းတရားကိုသာ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပြီး အကျင့်သီလကိုမူ အပျက်မခံရ။ မထိနိုက်စေရ။

အကြောင်းမှာ - "အကျင့်သီလ မပြည့်စုံဘဲ နှစ်ပေါင်းများစွာ အသက်ရှင်နေထိုင်ရခြင်းထက် အကျင့်သီလ ပြည့်စုံပြီး တစ်ရက်တာသာ အသက်ရှင်နေထိုင်ရခြင်းက ပို၍မြတ်သည်"ဟု ယုံကြည် ခံယူထားသောကြောင့် ဖြစ်သည်။

သတ္တဝါအားလုံးတို့သည် သေမျိုးချည်းသာ ဖြစ်ကြသည့်အားလျော်စွာ သေခြင်းတရားဟူသည် ထူးခြားအံ့သြဖွယ် ကောင်းသော အရာတစ်ခုမဟုတ်။ အသေတတ်ရန် အနေမြတ်အောင် နေကြရမည်သာ ဖြစ်ပေသည်။ အရိယာသူတော်စင်များသည် သေခြင်းတရားကို ရဲဝံ့စွာ ရင်ဆိုင်ရဲကြသော သူရဲကောင်းများ ဖြစ်သည်။

ထိုသူတို့သည် ကာမဂုဏ်တို့၌ တပ်မက်ခြင်း မရှိ။ ကိုယ်ခန္ဓာ၌လည်း တပ်မက်ခြင်း မရှိ။ မကောင်းမှုဟူသမျှကို မပြုလုပ်ကြဘဲ ကုသိုလ်ကောင်းမှု ဟူသမျှကိုသာ ပြုလုပ်ကြသည်။

---

၁။ အမရပူရမဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာ ဘိဝံသ။ ၂။ ဇာ ၊ ဋ္ဌ ၊ ၃ ၊ ၁၀၈ ။ ၃။ အံ ၊ ဋ္ဌ ၊ ၂ ၊ ၃၃၅ ။ ၄ ။ ဝိသုဒ္ဓိ ၊ ၁ ၊ ၁၅။

သူတော်ကောင်းတရား၌ တွေးတောယုံမှား သံသယ စိုးစဉ်းမျှမရှိ။ သတ္တဝါတစ်ခု ကံတစ်ခုဖြစ်ရာ -

(က) မည်သည့်အသက်အရွယ်. အပိုင်းအခြားတွင် သေဆုံးရမည်ကို ကြိုတင်မသိနိုင်။

( ခ ) မည်သည့်ရောဂါ. ဝေဒနာဖြင့် သေဆုံးရမည်ကို သေချာစွာမသိနိုင်။

( ဂ ) မည်သည့်အချိန်အခါတွင် သေဆုံးရမည်ကို သေချာစွာမသိနိုင်။

(ဃ) သေဆုံးပြီးသည့်နောက် မည်သည့်ဘဝသို့ ရောက်ရမည်ကို သေချာစွာမသိနိုင်။

မြတ်စွာဘုရားဟောကြားတော်မူသော "တမောတမ ပရာယဏသုတ်" လာအရ သံသရာခရီးသွားတို့မည်သည် -

- အမှောင်ကလာ၍ အမှောင်သို့သွားမည့်သူ၊
- အမှောင်ကလာ၍ အလင်းသို့သွားမည့်သူ၊
- အလင်းကလာ၍ အမှောင်သို့သွားမည့်သူ၊
- အလင်းကလာ၍ အလင်းသို့သွားမည့်သူ ဟူ၍ လေးမျိုးလေးစားရှိကြသည်။

ထို့ကြောင့်၊ မသေမီ စပ်ကြား အသက်ရှင်နေသည့်အခိုက် လုပ်သင့်လုပ်ထိုက်သည့် လူ့လောက ကောင်းကျိုး၊ သတ္တဝါအများ ကောင်းကျိုးကို လုပ်ဆောင်သင့်ကြပေသည်။ "သရဏဂုံ ကိုယ်လုံးခြုံ၊ လုံးစုံ ပြီးရမည်"။

- သီလရှိသော သူတို့သည် မကောင်းမှုတို့ကို မပြုကုန်။ သူမိုက်သည် မကောင်းသောအကျင့်တို့ကိုပြု၏ [၁]။
- သီလရှိသော ပုဂ္ဂိုလ်အား လျှုဒါန်းခြင်းကို အကျိုးကြီးမား၏ ဟု ငါဘုရား ဟောတော်မူ၏ [၂]။
- ရဟန်းတို့သည် သီလအဆင်တန်ဆာရှိမှ တင့်တယ်၏။
- သီလနှင့်တူသော နတ်ပြည်သို့ တက်ရောက်ရာ စောင်းတန်း အခြားဘယ်မှာ ရှိအံ့နည်း။ သီလသည် နိဗ္ဗာန်မြို့ဝင်ရာ တံခါးဖြစ်၏။
- လောက၌ သီလသည် အနစ်သာရ [၃]။
- လောက၌ သီလသည် မြတ်၏။ သီလသည်သာလျှင် ကောင်း၏ [၄]။
- သာသနာ၏ အစသည် သီလ၊ အလယ်သည် သမာဓိ၊ အဆုံးသည် ပညာ ဖြစ်၏ [၅]။
- ပဋိသန္ဓေ ပညာရှိ၍ သံသရာဘေးကို ရှုမြင်ပြီး သီလ၌ တည်လျက် ပြင်းထန်စွာ အားထုတ်သူသည် သမာဓိနှင့် ပညာကို ပွားများခြင်း အားဖြင့် ဤတဏှာတည်းဟူသော အရှုပ်အထွေးကို ဖြေနိုင်ရာ၏ [၆]။

မှတ်ချက် ။ ။ သာသနာရေးဝန်ကြီးဌာန၊ ဗုဒ္ဓဒေသနာတော်အညွှန်းမှ ကောက်နုတ်ဖော်ပြသည်။

## (၃) သိက္ခာသုံးပါး - မြတ်တရား၊ လေးထားကျင့်ပါ - ကိုယ်တိုင်သာ

(က) သီလ သိက္ခာ = သီလတည်းဟူသော ကျင့်ရမည့်တရား။

( ခ ) သမာဓိသိက္ခာ = သမာဓိတည်းဟူသော ကျင့်ရမည့်တရား။

( ဂ ) ပညာသိက္ခာ = ပညာတည်းဟူသော ကျင့်ရမည့်တရား။

သမာဓိသိက္ခာ၊ ပညာသိက္ခာ နှစ်ပါးတို့၏ ပြည့်စုံရာ ပြည့်စုံကြောင်း ဖြစ်သည့်အတွက် သီလကို သိက္ခာပဒ = သိက္ခာပုဒ် ဟု ဆိုလိုခြင်း ဖြစ်သည်။ ထို့ကြောင့် သီလသည် သမာဓိ ၊ ပညာ သိက္ခာနှစ်ပါးတို့၏ အခြေခံ အကြောင်းရင်း ဖြစ်သည်။

---

၁။ ဓာ၊ ၄၊ ၃၊ ၁၀၈။ ၂။ အံ၊ ၁၊ ၁၆၂။ ၃။ အံ၊ ၊ ၂၊ ၃၃၉။ ၄။ ဓာ၊ ၄၊ ၂၊ ၃၈၇။ ၅။ ဝိ၊ ၅၊ ၂၈၈။ ၆။ သံ၊ ၁၊ ၁၃။

## ၉။ (၄) ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

နိဂြောဓသာမဏေက အသောကဘုရင်ကြီးအား ဓမ္မပဒ ပါဠိတော် အပ္ပမာဒဝဂ် မှ အောက်ပါဂါထာဖြင့် ဆုံးမဩဝါဒ ပေးတော်မူခဲ့သည်။

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ နမိယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

(က) ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်းသည် သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်၏။
( ခ ) ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းသည် ပုပ်ဆင်းရဲ အဖန်တလဲလဲ သေရခြင်း၏ အကြောင်းဖြစ်၏။
( ဂ ) ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူတို့သည် မသေရာနိဗ္ဗာန်သို့ ရောက်ကြမည် ဖြစ်၍ မသေသော သူများ ဖြစ်ကြ၏။
(ဃ) ကုသိုလ်ကောင်းမှု၌ မေ့လျော့သောသူတို့သည် အသက်ရှင်လျက် ရှိကြသော်လည်း အဖန်တလဲလဲ သေကြရဦးမည်ဖြစ်၍၊ သေသော သူနှင့် တူကုန်၏။
ကောင်းမှုကုသိုလ်ပြုလုပ်ရာတွင်လည်း ဒါနကုသိုလ် . သီလကုသိုလ် . ဘာဝနာ ကုသိုလ်ဟူ၍ သုံးမျိုး သုံးစား ရှိပါသည်။

ဒါနကုသိုလ် = လှူဒါန်း ပေးကမ်း စွန့်ကြဲခြင်း။
သီလကုသိုလ် = ငါးပါးသီလ . ရှစ်ပါးသီလ . ဆယ်ပါးသီလတို့ကို စောင့်ထိန်းခြင်း။
ဘာဝနာကုသိုလ် = သမထဘာဝနာ . ဝိပဿနာ ဘာဝနာတို့ကို ပွားများအားထုတ်ခြင်းတို့ အသီးသီး ဖြစ်ကြသည်။

(က) ဒါနကုသိုလ်ထက် သီလကုသိုလ် က မြတ်၏။
( ခ ) သီလကုသိုလ်ထက် ဘာဝနာကုသိုလ်က ပိုမြတ်၏။
( ဂ ) ကုသိုလ်များများလုပ်လေ = အကုသိုလ်နည်းပါးသွားလေ ဖြစ်၏။
(ဃ) အကုသိုလ်နည်းပါးလေ = အစစ်အမှန်၊ အဟုတ်အမှန်အတိုင်း မြင်လာလေဖြစ်သည်။
( င ) တစ်ခဏတာမျှ တရားအားထုတ်သူသည် အသက်တစ်ရာ နေရသူထက် ပိုမြတ်သည်။

## ၁၀။ (၁) သာသနာ့ ဥယျာဉ်မှူးကြီး

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသည်မှ ပရိနိဗ္ဗာန်ဝင်စံတော်မူသည့်အထိ၊ လေးဆယ့်ငါးဝါ ကာလ ပတ်လုံး လူ . နတ် . ဗြဟ္မာ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူရာတွင် သတ္တဝါတို့၏ စရိုက်အမျိုးမျိုး အဇ္ဈာသယ အမျိုးမျိုးတို့ကို လိုက်၍ သုတ္တန်ဒေသနာများကို ဟောကြားချီးမြှင့်ပေးတော်မူခဲ့သည်။ ထိုသုတ္တန် ဒေသနာတော်တို့တွင် လိုက်နာကျင့်သုံးကြသူတို့အား စီးပွားဥစ္စာ တိုးတက်ချမ်းသာပြီး ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေနိုင်သော -

"မင်္ဂလ သုတ္တန်ဒေသနာ" ရှောင်ကြဉ်ရမည့်အရာများကို ရှောင်ကြဉ်နိုင်စေရန် -

"ပရာဘဝ သုတ္တန်ဒေသနာ" များကို လောကီ၊ လောကုတ် သံသရာနှစ်ဖြာ ကြီးပွားချမ်းသာရေးအတွက် အလေးထား ဟောကြားတော်မူခဲ့သည်။

မှန်ပါသည်။ ဘုရားရှင်သည် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေနိုင်သော သတ္တဝါတို့အတွက်

အမြတ်ဆုံးချမ်းသာအကျိုးငှာ ဟောကြားတော်မူအပ်သည့် ပိဋကတ်သုံးပုံတည်းဟူသော သာသနာ တောအုပ်ကြီးသည် ရှာနံ့. မင်္ဂ . ဖိုလ် တည်းဟူသော အကင်း . အငုံ . အပွင့် . အသီး တို့ကို ရယူစားသုံးလိုသူများအတွက် ဆွတ်ခူး၍ မကုန်နိုင်သော သီလရနံ့၊ သမာဓိရနံ့၊ ပညာရနံ့တို့နှင့် ပြည့်စုံကြွယ်ဝ သင်းထုံကြိုင်လှိုင်နေပေသည်။

ဘုရားဟော တရားတော်မှန်သမျှ သစ္စာလေးပါးမှလွတ်သော တရားမည်သည် မရှိ။ ဘုရားဟော တရားတော်မှန်သမျှ သစ္စာအပွင့် . သစ္စာအသီး၊ သစ္စာရနံ့တို့ဖြင့် ထာဝရ ပြည့်စုံ၊ ကုံလုံကြွယ်ဝ ကျက်သရေ တင့်တယ်လှပါပေသည်။ သာသနာ့ အပွင့်အသီးများဖြစ်သည့် "မာနသိကာသမ္ပတ္တိ၊ ဒေဝသမ္ပတ္တိ၊ နိဗ္ဗာန သမ္ပတ္တိ" တို့ကို ခံစား စံစားသုံးဆောင်နိုင်ကြသည်သာ ဖြစ်ပါ၏။

## ၁၀။ (၂) ရာဟုလာ ဟောကြား မြတ်တရားအား လိုက်နာပွားက ဝဋ်သုံးပါးမှ လွတ်ငြိမ်းရာ၏

ဗုဒ္ဓမြတ်စွာသည် သားတော်ရာဟုလာအား အရိယာနယ်ပယ်သို့ မရောက်သေးသမျှကာလပတ်လုံး အောက်ပါသုတ်တော်ဖြင့်၊ အမြဲမပြတ် ဩဝါဒပေးတော်မူခဲ့သည်။ ရာဟုလာသည် "သောဝစဿတာ" = အဆုံးအမကို လိုလားသူ၊ နာယူလွယ်သူ ဖြစ်၏။


"ချစ်သား ရာဟုလာ၊ သင်ချစ်သားသည်၊ ကာမဂုဏ်ငါးပါးကို ပယ်စွန့်၍ သဒ္ဓါတရားဖြင့် အိမ်ရာတည်ထောင်လူ့ဘောင်မှ ထွက်ခွာလာသူ ဖြစ်ရကား - ဝဋ်ဆင်းရဲ၏ အဆုံးရောက်အောင် ပြုကျင့်ရမည်။ မိတ်ဆွေကောင်းပေါင်းသင်း၍ အစွန်အဖျားကျသော ကျောင်းများ၌ နေထိုင်ကာ စားဖွယ် ဘောဇဉ်၌ အတိုင်းအရှည်ကို သိရမည်။ ပစ္စည်းလေးဖြာတို့၌ တွယ်တာတပ်မက်မှု မဖြစ်စေရ။ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလတို့၌ လုံခြုံစွာ စောင့်ထိန်းရမည်။ ကာယဂတာ သတိအမြဲရှိ၍ သံသရာ၌ ငြီးငွေ့မှုများအောင် ပြုကျင့်ရမည်။ လှပတင့်တယ်၏ ဟူသော အမှတ်နိမိတ်ကို ရှောင်ကြဉ်၍ အသုဘ ဘာဝနာကို သမာဓိ ရင့်သန်အောင် ရရှိကာ မာနာနုသယ ကို ပယ်စွန့်ရမည်။ ထိုသို့ ပယ်စွန့်နိုင်ခြင်းကြောင့် ကိလေသာ ခပ်သိမ်း အပူငြိမ်းကာ နေရပေလိမ့်မည်။"

ဤသုတ်တော်လာ ဩဝါဒ စကားများသည် အလွန်မှတ်သားဖွယ်ကောင်း၏။ ဆီးဖြူပင် ဆရာတော်ကြီးက ထိုဩဝါဒကို သူကိုယ်တိုင်လည်း တစ်သဝေမတိမ်း လိုက်နာကျင့်သုံးသည်။ အခြား သူတစ်ပါးတို့ကိုလည်း လိုက်နာကျင့်သုံးနေထိုင်ရန် ဆုံးမဩဝါဒ ပေးတော်မူလေ့ ရှိပါသည်။

ဆက်လက်၍၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ - မင်းကွန်း တိပိဋက ဆရာတော်ကြီး ရေးသားထားသည့် မှတ်ဖွယ်အချုပ် သရုပ်လင်္ကာကိုလည်း ဆရာတော်ကြီးက ရွတ်ပြ၏။



မိတ်ကောင်းမှီစေ၊ တောရပ်နေ၊ သုံးလေ မတ္တညူ၊
ပစ္စည်းလေးဖြာ၊ မတွယ်တာ၊ တဏှာငြိမ်းအောင်ပြု၊
ပါတိမောက္ခ၊ သံဝရ၊ သီလလုံစေမှု၊
တံခါးခြောက်ထွေ၊ ဣန္ဒြေ၊ ငြိမ်းစေပိတ်ဆို့မှု၊
သတိမြဲရာ၊ ကိုယ်၌သာ၊ ခန္ဓာငြီးငွေ့မှု၊
သုဘနိမိတ်၊ ခွာရှောင်ဆိတ်၊ ရှာန်စိတ်ပိုင်အောင်ရှု၊
အနိမိတ္တ၊ ထင်စေမှ၊ မာနကွာအောင်ပြု၊
ဤနည်းကျင့်ပေ၊ ဝဋ်သုံးထွေ၊ ငြိမ်းလေမှန်သည်ဟု၊
ရာဟုလာအား၊ တို့ဘုရား၊ ဟောကြားနေ့နေ့မှု ....။



## ၁၁။ ကမ္ဘာအလယ်မှာ မြန်မာပြည်ဟာ ရတနာသုံးပါးကို ဖြန့်ဖြူးရာဗဟိုဌာန ဖြစ်တယ်

နံနက်မိုးသောက် အလင်းရောက်ရင် အိပ်ရာကထလို့ မျက်နှာသစ်ပြီးတာနဲ့ တစ်ပြိုင်နက် ဘုရား . တရား . သံဃာ ရတနာသုံးပါးကို ရှိခိုးပူဇော်ပါ။

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = ဗုဒ္ဓဂုဏ်တော်တို့ကို မြင်အောင် အာရုံပြုပါ။
- ဓမ္မံ သရဏံ ဂစ္ဆာမိ = ဓမ္မဂုဏ်တော်တို့ကို မြင်အောင် အာရုံပြုပါ။
- သံဃံ သရဏံ ဂစ္ဆာမိ = သံဃာ့ဂုဏ်တော်တို့ကို မြင်အောင် အာရုံပြုပါ။

အဲဒီလို ဘုရားရှင်ရဲ့ ဂုဏ်တော်အဖြာဖြာကို စိတ်မနောအာရုံမှာ စွဲထင်အောင် အလေ့အကျင့်ပြုလုပ် အာရုံပြုကြရမယ်။

ဦးစွာပထမ ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ ဘေးရန်ခပ်သိမ်းကင်းငြိမ်းတော်မူသော မြတ်စွာ ဘုရား၊ ဝေနေယျ သတ္တဝါများကို နိဗ္ဗာန်တစ်ဝန်းသို့ ပို့ဆောင်တော်မူသော ဗုဒ္ဓအား မျက်နှာသစ်တော်ရေ ဆက်ကပ်ရမယ်။ လှူဒါန်းရမယ်။

- သစ္စာလေးပါး တရားတို့ကို ပိုင်းခြားသိမြင်သော ဘုရားရှင်(အပေါင်းတို့)အား
  ကာယကံ ၊ ဝစီကံ ၊ မနောကံ တို့ဖြင့် ရှိခိုးပါ၏ ဘုရား။
- အပါယ်ဘေးမှ လွတ်ကာ သူကောင်း . နတ်ကောင်း . ပြဟ္မာကောင်း ဖြစ်အောင်
  နိဗ္ဗာန်တိုင်အောင် ပို့ဆောင်ပေးနိုင်သော တရားတော်မြတ်အား
  ကာယကံ ၊ ဝစီကံ ၊ မနောကံ တို့ဖြင့် ရှိခိုးပါ၏ တရားတော်မြပ်ဘုရား။
- နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်ကို ကျင့်ကြံအားထုတ်နေကြသော သံဃာတော်မြတ်အား ကာယကံ ၊ ဝစီကံ ၊ မနောကံ တို့ဖြင့် ရှိခိုးပါ၏ သံဃာတော်အရှင်မြတ်တို့ဘုရား။
- လူမှန်း သူမှန်း မသိခင်ဘဝကပင် ကျွေးမွေးစောင့်ရှောက်လာခဲ့ကြသော -
  မွေးသမိခင်၊ ကျွေးသဖခင် နှင့် ကျေးဇူးရှင် မိဘနှစ်ပါးအား
  ကာယကံ ၊ ဝစီကံ ၊ မနောကံ တို့ဖြင့် ရှိခိုးပါ၏ ဘုရား။
- "က" တစ်လုံး၊ "ဝ" တစ်လုံး မတတ်သည့်ဘဝမှ ယခုပညာတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်ထိ

သင်ကြားပို့ချခဲ့သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းတို့အား ကာယကံ၊ ဝစီကံ၊ မနောကံ တို့ဖြင့် ရှိခိုးပါ၏ အရှင်ဘုရား။

ပြီးတာနဲ့ လူ . နတ် . ပြဟ္မာ သတ္တဝါတွေ ကျန်းမာပါစေ၊ ချမ်းသာပါစေ လို့ မေတ္တာပို့ ဆုတောင်းရမယ်။ ဒါကို တစ်ကြိမ်တည်း . တစ်ခါတည်း မဟုတ်ဘူး။ တစ်နေ့တည်း . တစ်ရက်တည်း မဟုတ်ဘူး။ အချိန်ရတိုင်း. ရတိုင်း၊ အကြိမ်ကြိမ်. အခါခါ . ထပ်ခါတလည်လည် နေ့တိုင်းလုပ်ရမယ်။ ရက်တိုင်းလုပ်ရမယ်။ မပျက်ကွက်စေရဘူး။

ပြီးရင် "အရဟံ ဗုဒ္ဓေါ" လို့ ထပ်ခါ . ထပ်ခါ ပွားများနေပါ။ ရွတ်ပွားနေပါ။ ဒါဟာ ကုသိုလ်လား? အကုသိုလ်လား? လေးလေးနက်နက် စဉ်းစားပါ။ ကုသိုလ်ပါဘုရား။ ကုသိုလ်ဖြစ်ပါတယ်ဘုရား။ ဒါဆို အကုသိုလ်က ဝင်မလာနိုင်တော့ဘူးပေါ့။

နောက် ၊ စားဦး . စားဖျားကို ကိလေသာ ကင်းစင်သော မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းရမယ်။ စားတုန်း. သွားတုန်း . အိပ်တုန်း အမြဲတမ်း ဗုဒ္ဓဂုဏ်တော်ကို ရွတ်ပွားနေရမယ်။ မေတ္တာ ဘာဝနာ ပွားများနေရမယ်။ ဒါဟာ အလုပ်မပျက်ဘဲ ရတဲ့ ကုသိုလ်ဖြစ်တယ်။

## (၁) သရဏဂုံ သုံးပါး ဆောက်တည်ခြင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ( သုံးကြိမ် ရွတ်ဆိုရန် )

| | | |
|---|---|---|
| အရဟတော | = | လူ. နတ် . ပြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော။ |
| သမ္မာသမ္ဗုဒ္ဓဿ | = | မဖောက်.မပြန် သယမ္ဘူဉာဏ်ဖြင့် သစ္စာလေးပါး မြတ်တရားအပေါင်းတို့ကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူပြီးထသော။ |
| တဿ - ဘဂဝတော | = | ဣဿရိယ. ဓမ္မ ယသ. သိရီ . ကာမ ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားအား။ |
| နမော | = | ရှိသေမြတ်နိုး ဦးညွတ်ကျိုး၍ ရှိခိုးပါ၏၊ ပူဇော်ပါ၏၊ အရှင်ဘုရား။ |

ဗုဒ္ဓံ သရဏံ ဂစ္ဆာဂိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

| | | |
|---|---|---|
| ဗုဒ္ဓံ | = | မြတ်စွာဘုရားကို။ |
| သရဏံ သရဏံ ဣတိ | = | ကိုးကွယ် ရာဟူ၍။ |
| ဂစ္ဆာမိ | = | ဆည်းကပ်ပါ၏။ |
| ဓမ္မံ | = | တရားတော်မြတ်ကို။ |
| သရဏံ သရဏံ ဣတိ | = | ကိုးကွယ် ရာဟူ၍။ |
| ဂစ္ဆာမိ | = | ဆည်းကပ်ပါ၏။ |
| သံဃံ | = | သံဃာတော်မြတ်အပေါင်းကို။ |
| သရဏံ သရဏံ ဣတိ | = | ကိုးကွယ် ရာဟူ၍။ |
| ဂစ္ဆာမိ | = | ဆည်းကပ်ပါ၏။ |

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။
နှစ်ကြိမ်မြောက်လည်း တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။
နှစ်ကြိမ်မြောက်လည်း သံဃာတော်မြတ်အပေါင်းကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။
သုံးကြိမ်မြောက်လည်း တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။
သုံးကြိမ်မြောက်လည်း သံဃာတော်မြတ်အပေါင်းကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

## (၂) ငါးပါးသီလ ဆောက်တည်ခြင်း

(က) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

သူတစ်ပါး၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရာ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်တော်ကို ကောင်းစွာ ဆောက်တည် ထိန်းသိမ်းပါ၏။

(ခ) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
သူတစ်ပါး၏ ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်တော်ကို ကောင်းစွာ ဆောက်တည်ပါ၏။

(ဂ) ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
မသွား . မလာ မကျူးလွန်ထိုက်သော မိန်းမတို့၌ ကာမဂုဏ်တို့ကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်တော်ကို ကောင်းစွာ ဆောက်တည်ပါ၏။

(ဃ) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
မဟုတ်မမှန် လိမ်ဝါညာ ပြောဆိုခြင်း၊ ကြမ်းတမ်းသောစကားတို့ကို ပြောဆိုခြင်း စသော မုသားစကားတို့ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို ကောင်းစွာ ဆောက်တည်ပါ၏။

(င) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
မူးယစ်စေတတ်သော၊ တွေဝေမိန်းမောစေတတ်သော၊ သေရည်. သေရက်တို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို ကောင်းစွာ ဆောက်တည်ပါ၏။
အာမ ဘန္တေပါ အရှင်ဘုရား။

သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါငါးပါးရှိသော သီလတော်မြတ်တို့ကို မမေ့မလျော့၊ မပေါ့မဆ ကျင့်သုံး ဆောက်တည်ပါမည် အရှင်ဘုရား။

ဒါဆိုရင် သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလ ပြည့်စုံသွားကြပြီ။ ဗုဒ္ဓဘာသာတွေမှာ သရဏဂုံသုံးပါး နဲ့ ငါးပါးသီလ ခံယူဆောက်တည်တာဟာ သဒ္ဓါတရားနဲ့ ဆည်းကပ်ဆောက်တည်ရတာဖြစ်လို့ "သဒ္ဓေယျသိဒ္ဓိ" လို့ ခေါ်တယ်။ ဆက်ပြီးတော့ မေတ္တာတရား ပွားများကြရအောင် လိုက်ဆိုကြ။

## (၃) မေတ္တာတရား ပွားများခြင်း

- အနန္တ စကြာဝဠာ၌ ရှိကြကုန်သော လူ . နတ် . ဗြဟ္မာ သတ္တဝါအားလုံး ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ။
- ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။
- သူတော်ကောင်းတရား ပွားများ အားထုတ်နိုင်ကြပါစေ။
- အဝေရာ ဘေးမခ အေးမြချမ်းသာကြပါစေ။

(၃ ကြိမ် ရွတ်ဆိုရန်)

သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကိုလည်း ပြည့်စုံသွားကြပါပြီ။ မေတ္တာဘာဝနာလည်း ပွားများပြီးကြပါပြီ။ ဆက်ပြီးတော့ ဆုတောင်းကြရမယ်။

## (၄) ဆုတောင်း

မိမိတို့ ဒီနေ့ . ဒီရက် . ဒီအချိန်ထိအောင် လှူဒါန်းလာခဲ့ကြသော ဒါနဝတ္ထု ကုသိုလ်၊ ဆောက်တည်လာခဲ့ကြသော ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ ၊ ဆယ်ပါးသီလ အစရှိသော သီလကုသိုလ်၊ ပွားများလာခဲ့ကြသော သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာကုသိုလ်၊ ဝေယျာဝစ္စ ကုသိုလ်များပါမကျန် စုပေါင်းပြီး အို . နာ . သေ

လွတ်တဲ့ နိဗ္ဗာန်ကို ရည်မှန်းပြီး ဆုတောင်းကြမယ်။ ဆုတောင်းပြီး မိမိတို့ ရသလို အားလုံးသော သုံးဆယ့်တစ်ဘုံသား အနန္တစကြာဝဠာ သတ္တဝါတွေလည်း ရကြပါစေ ဆိုတာ အမျှပေးဝေကြရမယ်။ ကိုယ့်အတွက် ဆုတောင်းပြီး အားလုံးသူ့အတွက် အမျှပေးဝေကြရအောင် -

ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု။

ဣဒံ မေ သီလံ၊ ဣဒံမေ ဘာဝနံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

မေ = သံသရာဘေးလွတ်မြောက်ရေးကို မြှော်တွေးစိတ်ကြံ . အဓိဋ္ဌာန် နိဗ္ဗာန်ရည်ရော် တပည့်တော်၏။

ဣဒံ ပုညံ = ဤနေ့ . ယခု တိုင်အောင် ပြုပြီး . ပြုဆဲ . ပြုလတ္တံ့ ဖြစ်သော ဒါနကုသိုလ် . သီလ ကုသိုလ်. ဘာဝနာကုသိုလ် . ဝေယျာဝစ္စကုသိုလ် အစရှိသော ပါရမီပေါင်းစု မြတ်ကောင်းမှုသည်။

အာသဝက္ခယံ = ကာမာသဝ. ဘဝါသဝ. ဒိဋ္ဌာသဝ. အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါ တရား လေးပါးတို့၏ ကင်းရာ . ကုန်ရာ . ချုပ်ရာ . ငြိမ်းရာ ဖြစ်သော နိဗ္ဗာန် ပရမတ် တရား မြတ်သို့။

အာဝဟံ = ရောက်ရာရောက်ကြောင်း ကောင်းမြတ်သော ဥပနိဿယပျည်း ပစ္စည်းအထောက် အပံ့သည်။

ဟောတု = မုချဧကန်၊ အမှန်စင်စစ် ဖြစ်ပါစေသတည်း။

ဤကောင်းမှုသည် ဘေးရန်အန္တရာယ် ရောဂါအသွယ်သွယ် ကင်းရှင်း ကျန်းမာ ချမ်းသာခြင်းနှင့်တကွ မဂ်ဉာဏ်. ဖိုလ်ဉာဏ် နိဗ္ဗာန်အား -

အာဝဟံ = အမြန်ရောက်အောင် ပို့ဆောင်နိုင်သည်။

ဟောတု = မုချဧကန်၊ အမှန်စင်စစ် ဖြစ်ပါစေသတည်း။

## ( ၅ ) အမျှဝေ

ဤကောင်းမှု၏ အဖို့ဘာဂကို ရှေးဘဝ . ယခုဘဝ တော်စပ်ကြသည့် မိဘ . ဘိုးဘွား . ဆရာသမား . ဆွေမျိုး . ဉာတိ. မိတ်ဆွေ သင်္ဂဟ . ကလျာဏ အပေါင်း . သူတော်ကောင်းတို့အားလည်းကောင်း၊ ကိုယ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ နယ်စောင့်နတ်၊ မြို့စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး၊ သိကြား၊ ဗြဟ္မာ၊ သာသနာတော်စောင့်နတ်မြတ်၊ နတ်ကောင်း၊ နတ်ဗြဟ္မာအပေါင်းတို့အားလည်းကောင်း၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီအပေါင်း၊ သူတော်ကောင်းတို့အားလည်းကောင်း၊ သုံးဆယ့်တစ်ဘုံတွင် ကျင်လည်ကြကုန်သော - သုခိတ၊ ဒုက္ခိတ ဝေနေယျသတ္တဝါအပေါင်းတို့အား လည်းကောင်း၊ ဘာဇေမ = အမျှရကြ၍၊ ကျန်းမာကြသည်၊ ချမ်းသာကြသည် ဖြစ်ကြပါစေသောဝ်။

အားလုံး - အမျှ - အမျှ - အမျှ ယူတော်မူကြပါကုန်လော့ - သာဓု - သာဓု - သာဓု။

အားလုံး - အမျှ - အမျှ - အမျှ ယူတော်မူကြပါကုန်လော့ - သာဓု - သာဓု - သာဓု။

အားလုံး - အမျှ - အမျှ - အမျှ ယူတော်မူကြပါကုန်လော့ - သာဓု - သာဓု - သာဓု။

ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်းကို ပတ္တာနုမောဒနာ လို့ ခေါ်ပါတယ်။ သာဓု ခေါ်တဲ့ ပုဂ္ဂိုလ်ဟာ သူတစ်ပါး ကုသိုလ်ကို ဣဿာ၊ သူတစ်ပါး မိမိလို ကုသိုလ်ပြုနိုင်တာကို ဝန်တိုမှု မစ္ဆရိယ ကင်းရှင်းစွာနဲ့ သာဓုခေါ်လျှင် ထိုပုဂ္ဂိုလ်မှာ ကုသိုလ်ပြုသူနဲ့ ထပ်တူ ထပ်မျှ ရရှိတဲ့ ကုသိုလ်အပြင်၊ ဒါနကုသိုလ်တစ်မျိုး ထပ်တိုးလို့ပင် ရရှိပါတယ်။

## ဣစ္ဆိတံ ပတ္ထိတံ တုယှံ့ ခိပ္ပမေဝ သမိဇ္ဈတု၊

အလိုရှိအပ် . တောင့်တအပ်သော ဆုထူး ဆုမြတ်များနှင့် ပြည့်စုံကြ၍ သာသနာတော်ရဲ့ အကျိုး၊ လောကရဲ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့် အရိယာသူတော်ကောင်းများ ဖြစ်ကြပါစေ။

ဆရာတော်ကြီးပေးတဲ့ဆုနဲ့ တစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေ။

## ၁၂။ အကာကိုပစ် အနှစ်ကိုရှာ ဆုတောင်းပါ

သဒ္ဓါတရား ကောင်းဟယ်ဆိုတာ စိတ်ကောင်း၊ စေတနာကောင်း ရှိလို့ပါ။ ပေးချင်၊ ကမ်းချင်၊ လှူချင်၊ တန်းချင်စိတ် ရှိလို့ပါ။ ဖြူစင်သော သဒ္ဓါတရားက စိတ်ကို ရွှင်လန်း ချမ်းမြေ့စေပါတယ်။ တောင့်တမှု မရှိတဲ့အတွက် ထာဝရ ဖြူစင်သန့်ရှင်းနေပါတယ်။ သံသရာဝဋ်မှ လွတ်မြောက်စေနိုင်တယ်။

သဒ္ဓါမဲ့တယ်ဆိုတာ - စေတနာမဲ့တာပါ။ စိတ်ထားမလှတာပါ။ ဖြူစင်သော သဒ္ဓါတရား မရှိတာပါ။ လောဘနဲ့ ယှဉ်တွဲနေလို့ စိတ်ထားမဖြူစင်တာပါ။ တောင့်တမှုရှိတဲ့ လောဘက စိတ်ကို ညစ်နွမ်းစေတတ်ပါတယ်။ သံသရာထဲ တဝဲလည်လည် နစ်မျောနေတတ်ပါတယ်။

> ❀ သတ္တဝါ တစ်ယောက်၊ ယူမှားမှောက်က၊
> သိန်းလောက်ဘုရား၊ လွန်သောအားဖြင့်၊
> ဟောကြားချေချွတ်၊ ဖြေမလွတ်ဘူး [၁]၊

ထင်ရှားအောင် သာဓကေ ဆောင်ပါ့မယ်။ ဥမ္မာဒန္တီ ဆိုတာ အမျိုးသား၊ အမျိုးသမီး မြင်သူတကာကို တို့ငေးကြရတဲ့ လှယမင်းပိုင်ရှင်ပါ။ ဥမ္မာဒန္တီ ဘာကြောင့် ဒီလောက်တောင် လှနေရသလဲဆိုရင် အတိတ်ဘဝက ဆုတောင်းကြောင့်ပါ။

သီလ. သမာဓိ. ပညာ နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်များကို တစ်စုံ .တစ်ခု ပေးလှူပြီး ဆုတောင်းရင်၊ ဆုတောင်း ပြည့်ဝတတ်ပါတယ်။ အရိယာ ရဟန္တာပုဂ္ဂိုလ်ကြီးများကို ပေးလှူပြီး ဆုတောင်းပါက အမှန်တကယ်ပင် ဆုတောင်း ပြည့်တတ်ပါတယ်။ ဥမ္မာဒန္တီဟာ အတိတ်ဘဝက အာသဝေါကင်းစင်တဲ့ မထေရ်တစ်ပါးကို ဝတ်ပန်းပုဆိုး တစ်စုံလှူပြီး၊ ဆုတောင်းခဲ့လို့ သူမတူ အလှပိုင်ရှင်ဖြစ်လာရတာပါ။

ဥမာဒန္တီဆိုတာ၊ အတိတ်ဘဝတစ်ခုမှာ အလွန်ဆင်းရဲတဲ့ အမျိုးသမီးကလေး တစ်ဦးပါ။ တစ်နေ့ နက္ခတ် ပွဲလမ်းသဘင်ကို သွားနေကြတဲ့ အမျိုးသားကောင်း၊ အမျိုးသမီးကောင်းတွေ ဝတ်ကောင်းစားလှဝတ်ပြီး သွားနေ ကြတာ မြင်လို့ သူ့မိခင်ထံမှာ တစ်စုံလောက် ဝယ်ပေးဖို့ ပူဆာပါတယ်။ မိခင်ကလည်း အလွန်ဆင်းရဲတဲ့ အတွက် ဝယ်မပေးနိုင်ပါဘူး။ ဒါပေမဲ့ သမီးသိပ်ဝတ်ချင်တယ်ဆိုရင်တော့ သူကြွယ်အိမ်တစ်အိမ်မှာ သုံးနှစ်အလုပ် ကောင်း ကောင်း လုပ်ပေးရင် သမီးလိုချင်တဲ့ ဝတ်ပန်းပုဆိုး တစ်စုံတော့ ရနိုင်ပါတယ်။

ဒါနဲ့ အဲဒီ အမျိုးသမီးငယ်ဟာ သူကြွယ်အိမ်တစ်အိမ်မှာ အပြစ်အနာအဆာ မရှိရလေအောင် ဝီရိယ စိုက်ထုတ်ပြီး လုပ်ပါတယ်။ ဝတ်ပန်းပုဆိုး ဝတ်လိုတဲ့ အာသာဆန္ဒကြောင့် အိမ်ရှင်တွေ မငြိုငြင်ရအောင် အထူး ကြိုးစား လုပ်ကိုင်ပါတယ်။ စိတ်ကောင်း၊ စေတနာကောင်း ရှိတဲ့သူကို ကောင်းကျိုးပေးတယ်ဆိုတာ ဧကန်ပါပဲ။ အိမ်ရှင်သူကြွယ်က သုံးနှစ်မပြည့်မီမှာပဲ အမျိုးသမီးငယ်ကို သနားလို့၊ သူလိုချင်တဲ့ ဝတ်ပန်းပုဆိုးတစ်စုံအပြင် အခြားအဝတ်များစွာကိုပါ ထုတ်ပေးပါတယ်။

---

၁။ မန်လည်ဆရာတော်ကြီး

အိမ်အပြန်၊ လမ်းခုလတ်မှာ၊ အမျိုးသမီးငယ်ဟာ ရေကန်တစ်ခုကို တွေ့တဲ့အခါ ရေဆင်းချိုးပါတယ်။ အဲဒီအချိန်မှာပဲ ကဿပမြတ်စွာဘုရားရှင်ရဲ့ တပည့်ရဟန်းတစ်ပါးဟာ ခိုးသူတွေက လုယက်လို့ သင်္ကန်းတွေကို သင်္ကန်းအဖြစ် ချုပ်သီဝတ်ဆင်ပြီး ကြွလာပါတယ်။

အမျိုးသမီးငယ်က ငါဟာ ရှေးဘဝက မလှူခဲ့၊ မတန်ခဲ့လို့ ဆင်းရဲရတယ်။ အခု အလှူခံပုဂ္ဂိုလ် ငါ့ရှေ့မှာ အလိုလို ဆိုက်ရောက်နေချေပြီ။ ငါ့မှာလည်း လှူစရာ လှူဖွယ်ပစ္စည်းအသင့် ရှိနေပြီ။ တစ်ထည် လှူလိုက်ရရင် ကောင်းမယ်ဆိုပြီး မထေရ်မြတ်အား ဝတ်မည့်ဆဲဆဲ ဝတ်ပန်းပုဆိုး တစ်ထည်ကို ရှိရှိသေသေဖြင့် ရက်ရက်ရောရော စေတနာသဒ္ဓါတွန့်တိုခြင်းလုံးဝမရှိဘဲ လှူဒါန်းလိုက်ပါတယ်။ မထေရ်မြတ်ကလည်း သင့်လျော်တဲ့တစ်နေရာမှာ ချက်ချင်းဝတ်ပြီး ပြန်ကြွလာပါတယ်။

မထေရ်မြတ်ဟာ အာသဝေါကင်းစင် သန့်ရှင်းကြည်လင်တာမို့၊ မထေရ်ရဲ့ ကိုယ်ရောင်ဟာ ဝတ်ပန်းပုဆိုး သင်္ကန်းကြောင့် ပိုလို့ တောက်ပြောင်နေပါတယ်။ အလွန် တင့်တယ် သပ္ပါယ်ကြည်ညိုဖွယ် ကောင်းလှပါတယ်။ အမျိုးသမီးငယ်ဟာ သူလှူဒါန်းလိုက်ရတဲ့သင်္ကန်းကြောင့် အလွန်ကြည်ညိုဖွယ် အဆင်းကို မြင်လိုက်ရတော့ နောက်ကျန်တဲ့လက်ထဲက တစ်ထည်ကိုပါ ထပ်မံ လှူဒါန်းလိုက်ပြန်ပါတယ်။ စေတနာကတော့ အလွန်ရက်ရော ပါတယ်။ သင်္ကန်းလှူဒါန်းပြီး ဆုတောင်းပါတယ်။

"အရှင်ဘုရား၊ တပည့်တော်မသည် ဘဝဆက်တိုင်း မြတ်သောအဆင်းကို ဆောင်နိုင်သူ ဖြစ်ရပါလို၏။ တပည့်တော်မကို မြင်သော ယောကျ်ားများသည် ဣန္ဒြေမဆည်နိုင် ယိမ်းယိုင်လှုပ်ရှား၊ အရူး အမူးစွဲလမ်း နှစ်သက်ကြပါစေသတည်း။ အမျိုးသမီးတကာတို့ထက် ဆထက်ကဲ သာလွန်လှပသည်ဖြစ်ပါစေသတည်း"

သူမ အလွန်ဝတ်ချင်လှတဲ့ အလွန်နှစ်သက်စုံမင်တဲ့ ဝတ်ပန်းပုဆိုးကို သဒ္ဓါတရား ထက်သန်စွာ လှူဒါန်း တဲ့အတွက် အကျိုးပေး ကုသိုလ် အလွန်ထက်သန်လွန်းလှပါတယ်။ အဲဒီလို ရက်ရက်ရောရော လှူဒါန်းနိုင်စွမ်း ရှိပေမဲ့လည်း လှူဒါန်းတဲ့အချိန်မှာ အသိဉာဏ်လေး တစ်ချက်လွတ်လိုက်တာနဲ့ အဝိဇ္ဇာနဲ့ တဏှာဟာ ချက်ချင်း ဝင်ရောက်လာတော့တာပါပဲ။ အဝိဇ္ဇာဆိုတာ အမှားအမှန်ကို ခွဲခြားနိုင်စွမ်း မရှိပါဘူး။ တဏှာ အာရုံဟာ ဥပါဒါန် အဆင့်ရောက်ရင် အရှက်အကြောက် မရှိတော့ပါဘူး။ တဏှာက လိုချင်တာပဲ သိတော့တယ်။ ဒီအမျိုးသမီးငယ်သည် ရက်ရက်ရောရော လှူဒါန်းနိုင်သည့် သဒ္ဓါတရားပိုင်ရှင် တိဟိတ်ဥက္ကဋ္ဌ ဖြစ်သော်လည်း၊ လောဘနဲ့ ယှဉ်တွဲကာ ဆုတောင်းမှားသွားတော့တယ်။

သူမ ဆုတောင်းခဲ့တဲ့အတိုင်းပဲ ဆုတောင်းပြည့်ဝလာခဲ့ပါတယ်။ သိဝိတိုင်း အရိဋ္ဌပုရမြို့မှာ ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့ တိရိဋိဝစ္ဆသူဌေးကြီးရဲ့ သမီးချောရတနာ လှပျိုဖြူ ဖြစ်လာရပါတယ်။ သူမတူအောင် လှပလို့ မြင်သူတကာ ယောကျ်ားတိုင်း ကိလေသာအစွမ်းဖြင့် စွဲလမ်း ရူးသွပ်ကြရပါတယ်။ ဥမ္မာဒန္တီ လို့ အမည်ရပါတယ်။ ဥမာဒန္တီကြောင့် ယောကျ်ားတွေ သောကပွားခဲ့ရပါတယ်။ ဥမ္မာဒန္တီသည် အဘိပါရက စစ်သူကြီးရဲ့ ဇနီး ဖြစ်နေခဲ့သည့်တိုင်၊ သိဝိမင်းကြီးကို အလှမာန်နဲ့ ကိုယ်ဟန်ပြလိုက်မိတာကြောင့် မင်းကြီးဟာ သောကဗျာပါဒ ပွေခဲ့ရပါတော့တယ်။ ဥမ္မာဒန္တီ ကြောင့် စစ်သူကြီးပါ သောက. ဒုက္ခ ရောက်ခဲ့ရတာပါ။

အဲဒီလို ဆုတောင်းလေးတစ်ချက် မှားလိုက်တာနဲ့ သောကတွေ တစ်သီကြီး ပါလာတတ်တယ်။ အကြောင်း တရားကြောင့် အကျိုးဆက် ဖြစ်ပေါ်လာရတာ မမွတာပါ။ ခန္ဓာဇာတ် မသိမ်းသရွေ့ မငြိမ်းနိုင်တဲ့ သောကမီးတွေနဲ့ ရတတ်ပွေနေရဦးမှာပါ။ ကုသိုလ်ရချင်လို့ ဒါနပြုလှူဒါန်းကြတယ် ဆိုပေမဲ့ ဆုတောင်းမမှားကြစေနဲ့။ ဒါဟာ သိပ်အရေး ကြီးပါတယ်။ ဆုတောင်းမှားရင်တော့ သံသရာ ဝဲဂယက်ထဲမှာ ချာချာလည်နေမှာ သေချာတယ်။ ပညာ ဉာဏ်ဦးစီးပြီး အို . နာ.သေ လွတ်တဲ့ နိဗ္ဗာန်ကို ရည်မှန်းဆုတောင်းပြီး လှူဒါန်းကြရမယ်။

ပေးကမ်းစွန့်ကြဲခြင်းဟာ သဒ္ဓါတရား ဦးဆောင်တာကြောင့် ကုသိုလ်စစ်စစ်ပါ။ ဒါပေမဲ့ သဒ္ဓါတရားရဲ့ နောက်ကွယ်မှာ ကပ်ပါလာတဲ့ မမြင်နိုင်တဲ့ ဆန္ဒက လောဘကို ကျေးဇူးပြုပြီး တစ်စုံတစ်ရာကို ရယူနိုင်ဖို့ မျှော်လင့်တောင့်တလိုက်ရင်တော့ လောဘဦးစီးတဲ့ သဒ္ဓါတရားဖြစ်လို့ သန့်ရှင်းစင်ကြယ်ဖြူစင်နေတဲ့ ဒါနကုသိုလ်စစ်စစ် မဖြစ်နိုင်တော့ပါဘူး။

ဒီဇာတ်လမ်းမှာ ဥမ္မာဒန္တီဟာ အရှင်မ ဥပ္ပလဝဏ်ထေရီ လောင်း ဖြစ်ပါတယ်။ စစ်သူကြီးကတော့ ရှင်သာရိပုတ္တရာ လောင်းလျာပါ။ သိဝိမင်းကြီးကတော့ ဘုရားလောင်း သူတော်ကောင်းကြီး ဖြစ်ပါတယ်။ အားလုံး ဂါရဝိရှင်တွေချည်းပါပဲ။ သမုဒယ တဏှာကို သေအောင် မသတ်နိုင်မီ တဏှာ၏ကြိုးကိုင်ခြင်းကို ခံလိုက်ကြရတာပါ။ ပုထုဇဉ်ဆိုတာ တဏှာရဲ့လက်ထဲက ရုပ်သေးရုပ်ကလေးပါ။ ကြိုးဆွဲသူရဲ့ အလိုအတိုင်း ကပြလှုပ်ရှားရတာပါ။

ပုထု ကိလေသေ ဇနေတီတိ ပုထုဇ္ဇနော၊

အကုသိုလ်ကိလေသာများစွာ ဖြစ်တတ်လို့ ပုထုဇဉ်ဟု ခေါ်ပါတယ်။

ပုထုဇဉ်နဲ့ အကုသိုလ်၊ အကုသိုလ်နဲ့ ပုထုဇဉ် ခွဲထုတ်လို့ မရနိုင်စကောင်းပါ။ "ပညာသတိဖြင့် ဉာဏ်ဦးစီးမှသာ" ခွဲထုတ်လို့ ရနိုင်ပါတယ်။ သဒ္ဓါတရားကောင်းသူ၊ စိတ်ထားဖြူစင်သူတိုင်း သံသရာဝဋ်မှလွတ်စေဖို့ အို . နာ . သေ ဂွတ်တဲ့နိဗ္ဗာန်ကို ရည်မှန်းပြီး ဆုတောင်းမှန်ကန်နိုင်ကြပါစေ။ ဆုတောင်း မမှားကြပါစေနဲ့။

## ၁၃။ မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား ^၁

ကုသလံ အနဝဇ္ဇ သုခ ဝိပါက လက္ခဏံ၊

ကုသိုလ်ဟာ အပြစ်ကင်းပြီ· ကောင်းကျိုးပေးခြင်းလက္ခဏာ ရှိတယ်။ ကုသိုလ်လုပ်ရင် ကုသိုလ် သုစရိုက် ဆယ်ပါး ဖြစ်တယ်။

အကုသလံ သာဝဇ္ဇ ဒုက္ခ ဝိပါက လက္ခဏံ၊

အကုသိုလ်ဟာ အပြစ်နှင့်တကွ၊ မကောင်းကျိုးကို ပေးခြင်းလက္ခဏာ ရှိတယ်။ အကုသိုလ်လုပ်ရင် အကုသိုလ် ဒုစရိုက်ဆယ်ပါး ဖြစ်တယ်။

အဲဒါတွေကတော့ ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက်လေးပါးနှင့် မနောဒုစရိုက်သုံးပါးတို့ အသီးသီး ဖြစ်ကြတယ်။

ကာယဒုစရိုက် သုံးပါးဆိုတာ -

(၁) ပါဏာတိပါတ = သူ့အသက်ကို သတ်ခြင်း။
(၂) အဒိန္နာဒါန = သူ့ဥစ္စာကို ခိုးယူခြင်း။
(၃) ကာမေသုမိစ္ဆာစာရ = ကာမဂုဏ် အမှုတို့၌ မှောက်မှားသောအကျင့် ပြုလုပ်ခြင်း။

ဝစီဒုစရိုက် လေးပါးဆိုတာ -

(၁) မုသာဝါဒ = မဟုတ်၊ မမှန်သောစကားကို ပြောဆိုခြင်း။
(၂) ပိသုဏာဝါစာ = ကုန်းတိုက်စကားကို ပြောဆိုခြင်း။
(၃) ဖရုသဝါစာ = ကြမ်းကြမ်းတမ်းတမ်း ဆဲရေးပြောဆိုခြင်း။
(၄) သမ္ဖပ္ပလာပ = အကျိုးမရှိ၊ သိမ်ဖျင်းသော ဒဏ္ဍာရီ စကားမျိုးကို ပြောလေ့ပြောထ ရှိခြင်း။

---

၁။ ဒီ၊ ၂၊ ၄၂။

မနော ဒုစရိုက် သုံးပါးဆိုတာ -

(၁) အဘိဇ္ဈာ = သူ့ပိုင်နက်ကို ငါ့ပိုင်နက်ဖြစ်လျှင် ကောင်းလေစွဟု တောင့်တခြင်း။

(၂) ဗျာပါဒ = သူ့အသက် ခန္ဓာကိုယ် ပျက်စီးစေလိုခြင်း။

(၃) မိစ္ဆာဒိဋ္ဌိ = ကံ . ကံ၏ အကျိုးကို ဖယ်ရှား၍ မှားသောအယူဝါဒ ရှိခြင်း တို့ အသီးသီး ဖြစ်ကြတယ်။

သက် . သတ် - ခိုးဝှက်၊ အိမ်ရာဖျက်၊ သုံးချက် - ကာယကံ။

မုသာ - မိတ်ခွဲ၊ ဆဲရေး - ပြိန်ဖျင်း၊ အပယ်ချင်း၊ လေးသင်း - ဝစီကံ။

သူ့ပိုင်နက်ကို၊ ကိုယ့်ဘက်ညွတ်စေ၊ အသေတောင့်တ၊

ပါပဒိဋ္ဌိ၊ အပါယ်ငြိ၊ တြိ - မနောကံ။

ဒုစရိုက်ဆယ်ပါးတွင် တစ်ပါးပါး၌ ကိုယ်တိုင်ပြုခြင်း - ဆယ်ပါး၊ စေခိုင်းခြင်း - ဆယ်ပါး၊ ချီးမွမ်းခြင်း - ဆယ်ပါးနှင့် နှစ်သက်ခြင်း - ဆယ်ပါး အားလုံးပေါင်း ဒုစရိုက် အပါး လေးဆယ် ဖြစ်တယ်။ အဲဒီ ဒုစရိုက်တွေ ကျူးလွန်သူတို့ကို မိမိခန္ဓာကိုယ်အား တူးဖြိုဖျက်ဆီးသော သူမိုက်ဟူ၍လည်းကောင်း၊ မလိမ္မာ . မိုက်မဲသူ ဟူ၍လည်းကောင်း၊ သူယုတ်မာ ဖြစ်သည်ဟူ၍လည်းကောင်း ဘုရားရှင်က ကဲ့ရဲ့ ရှုတ်ချတော်မူတယ်။

ဥပမာ - တစ်ခုပြောပြမယ်။ ဗုဒ္ဓခေတ်က အရှင်နာရဒ ဆိုတဲ့ ရဟန်းတစ်ပါး ရှိတယ်။ အဲဒီရဟန်းက ဂိဇ္ဈကုဋ်တောင်ခြေမှာ ခရီးလှည့်လည်စဉ် ပြိတ္တာမ တစ်ယောက်ကို တွေ့မြင်ဘယ်။ အဲဒီ ပြိတ္တာမရဲ့ခန္ဓာကိုယ်ဟာ ရွှေရောင်ကဲ့သို့ ဝင်းပြောင်နေတယ်။ ဒါပေမဲ့ နှုတ်သီးကတော့ ဝက်နှုတ်သီးလိုပဲ ချွန်ထွက်နေတယ်။ အာပုပ်နံ့ကလည်း အလွန် စူးရှပြင်းထန်နေတယ်။ ဒါနဲ့ ရဟန်းက မေးတယ်။ ဘာကြောင့် ဒီလို ဖြစ်နေရတာလဲ ?။

ပြိတ္တာမက ရဟန်းကို ပြန်ဖြေတယ်။ "အရှင်ဘုရား - တပည့်တော်မဟာ အတိတ်လူ့ဘဝတုန်းက ကာယကံသုံးပါးကို စောင့်ထိန်းခဲ့ပါတယ်။ ဒါပေမဲ့ ဝစီကံ လေးပါးကိုတော့ လွန်ကျူးမိခဲ့ပါတယ်။ ဒါကြောင့် မြင်မကောင်းလောက်အောင် ဝက်နှုတ်သီးကဲ့သို့ ချွန်ထွက်နေရတာပါ။ အာပုပ်နံ့ကလည်း တထောင်းထောင်း နံနေရပါတယ်ဘုရား။ ဒကာ. ဒကာမတွေကို တပည့်တော်မလို မဖြစ်ကြရအောင် ဟောညွှန်ပြသ ဆိုဆုံးမပေးဖို့ မေတ္တာရပ်ခံပါတယ်။"

ထပ်ပြီးတော့ မြင်အောင် ပြောပြဦးမယ်။ မြတ်စွာဘုရားရှင်ကိုပင် ဆန့်ကျင် နှောင့်ယှက် နှိပ်စက်ညှဉ်းဆဲ သတ်ဖြတ်ရန် ကြံစည်ခဲ့ကြတဲ့သူတွေ ရှိခဲ့ဖူးတယ်။ သူတို့တွေဟာ အကုသိုလ် အလုပ်တွေ လုပ်ခဲ့ကြသူတွေပေါ့။

(က) ရဟန်းထဲကဆိုရင် ဒေဝဒတ်ဟာ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးကြီးကို လှိမ့်ချပြီးတော့ ဘုရားရှင်ကို အန္တရာယ်ပြုခဲ့တယ်။

(ခ) သုနက္ခတ္တ ရဟန်းကလည်း ဘုရားရှင်ကို ထော်လော်ကန့်လန့် ပြုမူပြောဆို နှောင့်ယှက်ခဲ့တယ်။

(ဂ) ဒေဝဒတ်ရဲ့ ခိုင်းစေချက်ကြောင့် လူသတ်သမား (၃၁)ယောက်ဟာ ဘုရားရှင်ကိုပင် သတ်ဖြတ်ရန် ကြံစည်ခဲ့ကြဖူးတယ်။

(ဃ) လူသား - အမျိုးသမီးတွေထဲကဆိုရင်၊ စိဉ္စမာနနဲ့ သုန္ဒရီပုရိဗိုဇ်မတို့ဟာ ဘုရားရှင်ကို အရှက်တကွဲ အကျိုးနဲအောင် စွပ်စွဲခဲ့ကြသူတွေ ဖြစ်တယ်။

(င) အလောင်းတော် သိဒ္ဓတ္ထဘဝမှသည် ဘုရားဖြစ်ပြီးချိန်အထိ မာရ်နတ်က အခွင့်ကြုံရင် ကြုံသလို အနှောင့်အယှက် ပေးမြဲ. ပေးဆဲ ဖြစ်သည်။ ဘုရားရှင်နှင့် သံဃာတော်များ ဝေရဥ္စာမြို့၌ ဝါကပ်စဉ် မာရ်နတ်က ဝေရဥ္စာပုဏ္ဏားနှင့်တကွ မြို့သူမြို့သားများကို ဆွမ်းခံချိန်အတွင်း ရဟန်းသံဃာတော်တို့ကို သတိမရနိုင်အောင် တွေဝေစေရန် နှောင့်ယှက်ထားခဲ့သည်။

( စ ) နတ်သမီးထဲကဆိုရင် တဏှာ၊ အရတိနဲ့ ရဂါ တို့ဟာ ဘုရားရှင်ကို အရွယ်အမျိုးမျိုး ဖန်ဆင်းပြကာ သွေးဆောင်ဖြားယောင်းခဲ့ကြတယ်။

(ဆ) နတ်ဘီလူးထဲကဆိုရင် အာဠဝကဘီလူး၊ သုဆိလောမဘီလူး၊ ခရလောမဘီလူး၊ အဇကလာပက ဘီလူးတို့ဟာ ဘုရားရှင်ကို လက်နက်မျိုးစုံ ပစ်လွှတ်လျက် ရန်မူ နှောင့်ယှက်ခဲ့ကြတယ်။

( ဇ ) နဂါးမင်းတွေထဲကဆိုရင် ဥရုဝေလ နဂါးမင်း၊ နန္ဒောပနန္ဒနဂါးမင်း၊ အဟိဆတ္တနဂါးမင်း၊ အ ပဠာဠ နဂါးမင်း၊ စုဠောဒရ နဂါးမင်း၊ မဟောဒရနဂါးမင်း၊ အဂ္ဂိသိခနဂါးမင်း၊ စုမသိခနဂါးမင်းတို့ဟာ ဘုရားရှင်နှင့် တန်ခိုးပြိုင်ခဲ့ကြဖူးတယ်။

(ဈ) ဆင်တွေထဲကဆိုရင် ဂိရိမေခလာဆင်၊ နာဠာဂီရိဆင်တို့ဟာ ဘုရားရှင်ကို တိုက်သတ်ခဲ့ကြဖူးတယ်။

အဲဒါတွေဟာ ကိုယ့်ဟာကို လုပ်တဲ့ကံကြောင့် ဖြစ်ရတဲ့ အကုသိုလ်တွေပါ။ အဲဒီမှာ အကုသိုလ်ဖြစ်ချင်လို့ ဖြစ်နေတဲ့ ပုဂ္ဂိုလ်ရယ်၊ မဖြစ်ချင်ဘဲနဲ့ ဖြစ်နေတဲ့ ပုဂ္ဂိုလ်လို့ နှစ်မျိုး တွေ့ရပြန်ပါတယ်။

အကုသိုလ်ဖြစ်ချင်လို့ ဖြစ်နေတဲ့ပုဂ္ဂိုလ်ဆိုတာက - အကုသိုလ်ကို အလုပ်တစ်ခုလို သဘောထားပြီး ကိုယ်ကျိုးကို တစ်ချိန်လုံး ငဲ့နေတဲ့ ပုဂ္ဂိုလ်ပါ။ ကိုယ်ကျိုးကို ငဲ့နေသလို လက်ရှိအနေအထားထက် မြင့်သည်ထက်မြင့်အောင်လည်း ငဲ့နေတတ်ပါတယ်။ ဒီပုဂ္ဂိုလ်ကတော့ သူ့ဘဝမှာ အကုသိုလ် မရှိလို့ကို မဖြစ်ပါဘူး။ အကုသိုလ်ကို မိတ်ဆွေတစ်ယောက်လို သဘောထားပြီး အဖော်အဖြစ် ခေါ်ထားတဲ့သူပါ။ ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော၊ ဘာပဲတွေးတွေး၊ သူ့မိတ်ဆွေအကုသိုလ်ကိုပဲ တိုင်ပင်ပါတယ်။ ဒီပုဂ္ဂိုလ်မျိုးကတော့ အကုသိုလ်ကို ဖြစ်ချင်လို့ကို ဖြစ်နေတာပါ။ အကုသိုလ်ကို ပွားအောင် မွေးနေတာနဲ့ အတူတူပါပဲ။

အကုသိုလ် မဖြစ်ချင်ဘဲ ဖြစ်နေတဲ့ပုဂ္ဂိုလ်ကတော့ - မလွဲသာ. မရှောင်သာလို့ ဖြစ်လိုက်ရပေမဲ့ နည်းနည်းမှကို မဖြစ်ချင်ပါဘူး။ ဖြစ်ပြီးတဲ့အကုသိုလ်ကိုလည်း နောင်မဖြစ်ရအောင် ဘယ်လို ပယ်ရမလဲဆိုတာ ပြန်စဉ်းစားနေတဲ့ သူပါ။

ယေဘုယျအားဖြင့် ပြောရရင် ကိစ္စတစ်ခုကြုံလို့ ကိုယ့်ဘက်ကိုပဲ အရင်တွေးတဲ့ ပုဂ္ဂိုလ်ဟာ အကုသိုလ်အဖြစ်များပြီး၊ သူတစ်ပါးအတွက် ကိုယ်ချင်းစာတရားထားကာ ထည့် . ထည့် တွေးပေးတတ်တဲ့သူကတော့ အကုသိုလ်အဖြစ်နည်းပါတယ်။ ဒီအပြုအမူကလည်း အလေ့အကျင့်နဲ့ ဆိုင်ပါတယ်။ တစ်နည်းပြောရရင် အထုံပေ့ါ။ ပါရမီလို့လည်း ဆိုနိုင်ပါတယ်။ ဖြစ်တဲ့အကုသိုလ်ကို ပယ်နည်းက ရှိပါတယ်။ ဘာလဲဆိုတော့ ကိုယ်က အကုသိုလ်မဖြစ်ချင်တဲ့စိတ် အမြဲရှိနေဖို့တော့ လိုမယ်။ ဒါဆို ပယ်ရတာလည်း လွယ်သွားပါ့မယ်။ ကုသိုလ်စိတ်အထုံ ပါရမီလည်း ရလာပါ့မယ်။

အကုသိုလ်ကို ဖြစ်စေမယ့် ဒုစရိုက်ဆယ်ပါး ( အားလုံးပေါင်း ဒုစရိုက် အပါးလေးဆယ် ) ကို မဖြစ်အောင် ရှောင်နိုင်ရင်၊ ကုသိုလ်ကို ဖြစ်စေမယ့် သုစရိုက်ဆယ်ပါးက အလိုလို ဖြစ်လာရမှာပါပဲ။ လူ့ဘုံရောက်ခိုက် သာသနာတော်နဲ့ ကြုံတုန်းမှာ ရထားတဲ့ဘဝကို အကျိုးရှိအောင် ကောင်းစွာ အသုံးချတတ်ဖို့ အလွန်အရေးကြီးပါတယ်။

ကုသိုလ်ကောင်းမှုကိုသာ လုံအောင်စောင့်ထိန်းကြပါ။ နတ်.သိကြားများ မ.မပဲကို မနေနိုင်ပါ။ ဇကန်မုချ မ.ပါလိမ့်မယ်။ လူ့ဘုံကို ရောက်လာတဲ့အခါ တစ်ဦးနဲ့ တစ်ဦး အကျိုးပေး မတူကြပါ။

(က) ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်မှုဟာ ကုသိုလ်ကာယကံသုံးပါးဖြစ်တယ်။

( ခ ) ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်မှုဟာ ကုသိုလ်ကံ လေးပါးဖြစ်တယ်။

( ဂ ) အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိ သုံးပါးဟာ ကုသိုလ်မနောကံ ဖြစ်တယ်။

ကာ - ၃ - သုံးပါး၊ ကြဉ်ရှောင်ငြား၊ သုံးပါးကာယကံ။
နှုတ် - ၃ - လေးပါး၊ ကြဉ်ရှောင်ငြား၊ လေးပါးဝစီကံ။
အနဘိဇ္ဈာ - အဗျာပါ နှင့် ၊ သမ္မာဒိဋ္ဌိ၊ ဖြောင့်မှန်ဘိ၊ တြိမနောကံ။

သုစရိုက်ဆယ်ပါးနှင့် ပြည့်စုံတဲ့လူကို ပစ္စုပ္ပန်မှာရော တမလွန်မှာပါ ကြီးပွားမည့်သူ၊ မိမိခန္ဓာကိုယ်ကို ဆောင်ယူ သိမ်းဆည်းထားသူ၊ ပညာရှိ၊ လူလိမ္မာ၊ သူတော်ကောင်းလို့ ဘုရားရှင်က ချီးမွမ်းတော်မူတယ်။

သူ့ပိုင်နက်ကို သူ့ပိုင်နက်အနေနှင့် ကြည်ဖြူနေမှုဟာ အနဘိဇ္ဈာ မည်တယ်။ မေတ္တာတရားဟာ အဗျာပါဒ မည်တယ်။ ပေးကမ်းလှူဒါန်းမှုဟာ နောင်ဘဝမှာရော ပစ္စုပန်မှာပါ အလွန် အကျိုးထူးကို ရစေနိုင်ပါတယ်။

သုစရိုက်ဆယ်ပါးတို့တွင် ကာယကံသုံးပါးနှင့် ဝစီကံလေးပါး၊ ပေါင်းခုနစ်ပါးကို သုစရိုက်ဟု လည်းကောင်း၊ ကုသလ ကမ္မပထတရားဟု လည်းကောင်း၊ ဝိရတီသီလ ဟု လည်းကောင်း၊ ဝေရမဏီ ဆို၍ ခံယူဆောက်တည်ရသော ကာယသံဝရ ဟု လည်းကောင်း ခေါ်ဆိုနိုင်တယ်။ မနောကံသုံးပါးတို့ကိုကား - သုစရိုက်ဟု လည်းကောင်း၊ ကုသလ ကမ္မပထ ဟု လည်းကောင်း ဆိုနိုင်တယ်။ မိမိရဲ့ သန္တာန်၌ ဖြစ်ပွားစေတဲ့ မနောသံဝရ တရားမျိုးသာ ဖြစ်တယ်။ ဝေရမဏီ ဆို၍ ခံယူဆောက်တည်ရသော ကာယသံဝရ၊ ဝါစာသံဝရ တရားမျိုး၊ သီလမျိုးကား မဟုတ်ပေ။

မနောကံ ဆိုတာ မနောတွင်သာ ဖြစ်တယ်။ အဖြစ် - အပျက် အလွန်လျင်မြန်တယ်။ မနောကို စင်ကြယ် အောင် ပြုလုပ်ရန် အလွန်ကျယ်ဝန်းတယ်။ မနောဒုစရိုက်ကံတို့ကို အာမဝန္တ်ပဋ္ဌညာဉ် ခံယူထိန်းသိမ်းရုံမျှနဲ့ မပြီးနိုင်။ သမထလမ်း၌ ကမ္မဋ္ဌာန်း လေးဆယ်၊ ရှာန်သမာပတ် အလုပ်၊ ဝိပဿနာလမ်း၌ ဒိဋ္ဌိ ဝိသုဒ္ဓိ အစရှိတဲ့ အထက် ဝိသုဒ္ဓိငါးပါး အလုပ်တွေဟာ ဒုစရိုက်မနောကံကို စင်ကြယ်အောင် သန့်ရှင်းအောင် ပြုလုပ်ပေးခြင်းသာ ဖြစ်တယ်။

ဗြဟ္မစိုရ်တရားလေးပါးဆိုတာကလည်း မနောဒုစရိုက်တွေကို သုတ်သင်ပေးတာပါ။

(က) မေတ္တာ = သုံးဆယ့်တစ်ဘုံသားအားလုံးကို ကိုယ်ချင်းစာတရားပွားကာ မိမိနှင့်ထပ်တူ ချစ်ခင် ကြည်ဖြူခြင်း၊ သုခိတ သတ္တဝါ၊ ဒုက္ခိတသတ္တဝါများ၏ ပညတ်ကို အာရုံပြုပြီး ညီတူ . ညီမျှ ချစ်ခြင်း လက္ခဏာ။

(ခ) ကရုဏာ = အတိုင်းမသိသော ဒုက္ခိတသတ္တဝါတို့၏ ပညတ်ကို အာရုံပြုပြီး သနားခြင်း လက္ခဏာ (သနားလွန်းလို့ တစ်ခါတစ်ရံ ကိုယ့်အိတ်ထဲကတောင် ကျခံ ပေးကမ်းလှူဒါန်းရပါတယ်)။

(ဂ) မုဒိတာ = အတိုင်းမသိသော သုခိတ သတ္တဝါတို့၏ ပညတ်ကို အာရုံပြုပြီး ဝမ်းမြောက်ခြင်း လက္ခဏာ။ (ကိုယ့်အိတ်ထဲက ဘာမျှ စိုက်ထုတ်ပေးရ မလိုတဲ့အပြင် သူက သဘောကျ ဝမ်းမြောက်ပြီး ပြန်ပေးတာကိုတောင် ရနိုင်ပါ သေးတယ်)။

(ဃ) ဥပေက္ခာ = ကောင်း - ဆိုး၊ ကြောင်း - ကျိုး ဆင်ခြင်၍ ဘက်မလိုက် ဖြောင့်မတ်ခြင်း၊ အတိုင်းမသိသော သုခိတသတ္တဝါ၊ ဒုက္ခိတသတ္တဝါ၊ ပိယဝေရီသတ္တဝါ ပညတ်ကို အာရုံပြု၍ အထူးအားဖြင့် လျစ်လျူရှုခြင်းလက္ခဏာ။ (မေတ္တာ၊ ကရုဏာ၊ မုဒိတာ မထားနိုင်လျှင် ဥပေက္ခာ ပြုထားရမှာပါ)။

မေတ္တာတရားကို ပွားများခြင်းသည် အနဘိဇ္ဈာ၊ အဗျာပါဒ မနောကံ နှစ်ပါးကို နိုင်လုံရန် အခွင့်ကြီး ဖြစ်တယ်။ အဲဒီ မနောကံနှစ်ပါး နိုင်လုံခဲ့ရင် အဘိဇ္ဈာဗျာပါဒ မနောကံနှစ်ပါးတို့ကို ပယ်နိုင်တယ်။

ဥပေက္ခာတရားကို ပွားများတယ်ဆိုတာ မေတ္တာတရားအတူပင် ဖြစ်တယ်။

ကရုဏာတရားကို ပွားများတယ်ဆိုတာ အဗျာပါဒမနောကံ ခိုင်လုံနေလျှင် ဗျာပါဒ မနောကံကို ပယ်နိုင်တယ်။

မုဒိတာတရားကို ပွားများတယ်ဆိုတာ အနဘိဇ္ဈာမနောကံ ခိုင်လုံရန် အခွင့်ကြီး ဖြစ်ပေတယ်။

မိစ္ဆာဒိဋ္ဌိ မနောကံကိုမူကား ဝိရတီသီလခုနစ်ပါး ပြည့်စုံမှုနဲ့ပင်ပယ်ပြီး ဖြစ်တယ်။ ကံကိုလည်းကောင်း၊ ကံ၏ အကျိုးကို လည်းကောင်း၊ ပစ်ပယ်ခြင်း မိစ္ဆာဒိဋ္ဌိ မနောကံ ရှိသူဟာ၊ ဒီသီလမျိုးတွေကို ဂရုစိုက်တော့မည် မဟုတ်ပေ။

ကလျာဏ ကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ၊
ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ၊

ကုသိုလ်ကောင်းမှုကို ပြုလေ့ရှိသော ပုဂ္ဂိုလ်များဟာ ကောင်းကျိုးဖလ ဟူသမျှ တို့ကို မုချမသွေ ရတတ်ပါပေ၏။ ယုတ်မာညစ်ညမ်း လွန်ဟောရမ်းတဲ့အမှုကို ပြုသော ပုဂ္ဂိုလ်များသည် ယုတ်စွအဆုံး မကောင်းကျိုးများကို မုချမသွေ ရတတ်လေ၏။ ဥပမာဆိုရမည်ရှိသော် အကြြင်သဘောရှိသော စပ်ခါးပူပြင်း မျိုးစေ့ဖျင်းကို ယာခင်း ထဲမှာ စိုက်ပျိုးခြားအံ့။ ထိုသို့ သဘောရှိသော စပ် . ခါး. ပူ . ဆိုး အသီးမျိုးကို ကိုင်းညွတ်အောင် ရွက်ဆောင်နိုင် သကဲ့သို့တည်း။

## ၁၄။ သတိပဋ္ဌာန်းလမ်းစဉ် နိဗ္ဗာန်ဝင်

" သီလ. သမာဓိ . ပညာ " သိက္ခာသုံးရပ် ဆိုတာ ဘုရားရှင် ဟောခဲ့တာပါ။ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်ကို ကျဉ်းလိုက်ရင်၊ ဗောဓိပက္ခိယ သုံးဆယ့်ခုနစ်ပါး ရတယ်။ အဲဒါကို ထပ်ကျဉ်းလိုက်ရင် မဂ္ဂင်ရှစ်ပါးပဲ ကျန်တော့တယ်။

တစ်ဖန် မဂ္ဂင်ရှစ်ပါးကို ပြန်ကျဉ်းလိုက်ရင် အဓိသီလ၊ အဓိသမာဓိ၊ အဓိပညာ သုံးမျိုးပဲ ကျန်တော့တယ်။ အဲဒီ သုံးမျိုးကို ထပ်ကျဉ်းလိုက်ပြန်တော့ "ဧကောဓမ္မော" အာရုံတစ်ခုတည်းအပေါ် အာရုံကျနေတော့တာပါပဲ။ ဒီလို အာရုံကျနေရင် လောဘ. ဒေါသ. မောဟ . မာန တွေ ကင်းကွာနေမယ်။ အလောဘ. အဒေါသ . အမောဟ တွေသာ ရှိနေမယ်။ အဲဒီအခါ စိတ်ကလေးကလည်း သန့်ရှင်းစင်ကြယ်ပြီးတော့ ဖြူစင်နေလိမ့်မယ်။ ဒီတော့ မကောင်းတဲ့စိတ်၊ အကုသိုလ်တွေ ဖြစ်မလာတော့ဘူး။ ဝင်မလာနိုင်တော့ဘူး။ ဒါဆို ဘယ်သူ့ အားကိုးရမလဲ?။

အမိန့်ရှိပေးတော်မူပါဘုရား။

ဘုရား . တရား . သံဃာ ရတနာသုံးပါးနဲ့တကွ၊ သီလ. သမာဓိ . ပညာ သိက္ခာသုံးရပ်ကိုပဲ အားကိုးပြီး နံနက် အိပ်ရာကထတာနဲ့ စလုပ်ကြပေတော့၊ နောက်- သက်တော်ထင်ရှား ဘုရားကို ရည်မှန်း၍ မျက်နှာသစ်တော်ရေ ကပ်လှူပါ၊ ဒီ - ကပ်လိုက်တဲ့ ကာယကံ ကုသိုလ်၊ မနောကံ ကုသိုလ်၊ ဝစီကံ ကုသိုလ်တွေကို အမျှပေးဝေလိုက်ပါ။ သတ္တဝါတွေအပေါ်မှာ ကိုယ်ချင်းစာတရားထားတတ်တဲ့ မေတ္တာဓာတ်တွေ တဖွားဖွား ပေါ်လာပါလိမ့်မယ်။ ဒီတော့ ဒုစရိုက်ဆယ်ပါး မရှိတော့ဘူး။ အကုသိုလ်တွေ ဝေးကွာသွားပြီ။

အတိတ်ကံရဲ့ ဆိုးမွေတွေ ရှိနေသေးရင်တော့ ပါလာဦးမယ်။ ခံရဦးမယ်။ "လူ" တကယ် ဟုတ်ပါရဲ့လား?။ အထီးလား?၊ အမလား? စဉ်းစားကြရမယ်။ မြတ်စွာဘုရားရှင်က လူပဲ၊ နတ်ပဲ၊ ဗြဟ္မာပဲ၊ သတ္တဝါ အထီး.အမပဲ ဟောတာ မှန်တယ်။ သမုတ်ထားပေမယ့် အနှစ်ထုတ်လိုက်တော့ "ရုပ်နဲ့ နာမ်" နှစ်ခုသာ ကျန်တော့တယ် မဟုတ်လား?၊ လူဆိုတာ သမုတိသစ္စာနဲ့ ပြောတာ မှန်ပေမယ့် အနှစ်ကျတော့ သိတဲ့သဘော နာမ်နဲ့ သိစရာ ရုပ်ကလေး ဒီနှစ်ခုပဲ

ရှိနေတာပါ။ အဲဒါကို သိအောင် ဘုရားရှင်က "ဝင်လေ - ထွက်လေ" အာနပါန ကို မှတ်ခိုင်းခဲ့တာပါ။

"ဝင်လေ - ထွက်လေ" က ဝါယော ရုပ်ပါ။ လှုပ်ရှားတဲ့ သဘောပဲ။ ဒါပေမဲ့ သိမ်မွေ့လွန်းတော့ မျက်စိနဲ့ မမြင်ရဘူး။ အဖမ်းရ အလွန်ခက်တယ်။ "ဖောင်းတာ . ပိန်တာ" ဝါယော ရုပ်ပဲ။ လှုပ်ရှားတဲ့ သဘောပဲ။ ဒါကိုတော့ ထင်ထင်ရှားရှား မြင်တွေ့ရလွယ်တယ်။ မမြင်ရတာကို မမြင်ရတဲ့စိတ်နဲ့ မှတ်လို့ရတယ်။ ပေါ်ခဲ့တယ်။ တွေ့ခဲ့တယ်။ ဒီတော့ မျက်စိနဲ့ တပ်အပ်မြင်ရတဲ့ "ဖောင်းကာမှ ဖောင်းတယ်၊ ပိန်ကာမှ ပိန်တယ်" "ရုပ်" ကို "နာမ်" ကပ်ပြီး မှတ်နေတာပဲ။

- အတိတ်ကိုလည်း ပြန်တွေးမနေကြနဲ့။
- အနာဂတ်ကိုလည်း ကြိုတင် . ကြံဆတွေးပြီး မျှော်မနေကြနဲ့။
- ပစ္စုပ္ပန်တည့်တည့် ဖြစ်ဆဲ၊ ဖြစ်ခိုက်၊ ဖြစ်ပေါ်နေမှုကိုသာ အာရုံစူးစိုက်ပြီး အာရုံကျ မှတ်နေရုံပါပဲ။
- ခန္ဓာကိုယ်မှာ " ဝင်လေ - ထွက်လေ " ကလည်း စဉ်ဆက်မပြတ် ဖြစ်နေတယ်။
- ခန္ဓာကိုယ်မှာ "ဖောင်းတာ - ပိန်တာ" ကလည်း စဉ်ဆက်မပြတ် ဖြစ်နေတယ်။
- ခန္ဓာကိုယ်မှာ "ဖြစ်တာ - ပျက်တာ" ကလည်း စဉ်ဆက်မပြတ် ဖြစ်နေတယ်။

အဲဒီလို စဉ်ဆက်မပြတ် သတိကပ်ပြီး မှတ်နေရင် လောဘ. ဒေါသ . မောဟ တွေ ဖြစ်မလာပါဘူး။ ဒီသုံးပါး က ပွားလာမှသာ တစ်ထောင့်ငါးရာ ကိလေသာ ဖြစ်လာရတာပါ။

ဒီတော့ ဒီသုံးပါး မဖြစ်ရင်. သေနေရင် ဘာအ .ကုသိုလ်မှ ဆက်ပွားပြီး ဖြစ်မလာတော့ပါဘူး။ ကိလေသာ တကျာကို ပယ်သတ်နိုင်တယ်။

- ခန္ဓာကိုယ်ကြီးက အတ္တလား၊ အနတ္တလား?။
  အနတ္တစစ်စစ်ကို အတ္တစစ်စစ်ဟု အမှတ် လွဲမှားနေကြပါတယ်။
- ခန္ဓာကိုယ်ကြီးက သုခလား၊ ဒုက္ခလား ?။
  ဒုက္ခစစ်စစ်ကို သုခစစ်စစ်ဟု အမှတ် လွဲမှားနေကြပါတယ်။
- ခန္ဓာကိုယ်ကြီးက နိစ္စလား၊ အနိစ္စလား ?။
  အနိစ္စစစ်စစ်ကို နိစ္စစစ်စစ်ဟု အမှတ် လွဲမှားနေကြပါတယ်။

ခန္ဓာကိုယ် ရုပ်ကြီးက ဓာတ်လေးပါးပဲ ရှိတာပါ။ ရုပ်က ဘာမှ မသိနိုင်ဘူး။ "စိတ်" ဆိုတဲ့ နာမ်ကလေးက သိနေတာ၊ ခြယ်လှယ်နေတာ၊ ဒီတော့ -

- "မသိတတ်"တာက "ရုပ်"တရား။
- "သိတတ်"တာက "စိတ်" ဆိုတဲ့ "နာမ်" ပါပဲ။

ရုပ်ကို မီးရှို့ ပြာကျသွားရင်၊ အထီး၊ အမ၊ နင်ပဲ၊ ငါပဲ မရှိနိုင်တော့ပါ။ ပညတ်အရ ခေါ်လို့ရအောင် ဖန်တီးထားခြင်းသာ ဖြစ်တယ်။

- "မရှိတရား" ကို "အရှိတရား" လို့ ထင်နေကြတယ်။
- "ငါ" ဆိုတာ မရှိဘဲ၊ "အတ္တ" ကို "အတ္တ"လို့ ထင်နေကြတယ်
- "အသုဘ" ကို "သုဘ" လို့ မှတ်ယူနေကြတယ်။
- သေမှ "အသုဘ" မဟုတ်ဘူး။ မသေခင်ကတည်းက "အသုဘ" ပါပဲ။
- "အသုဘ" ကို "သုဘ" လို့ထင်ပြီး၊ အထင်တစ်လုံးနဲ့ ဘာကောင်၊ ညာကောင်၊ ဘာပဲ၊ ညာဘဲ ထင်နေကြတာပါ။ တကယ်ကို အပါယ်လားကြရတော့မှာပါပဲ။

- သတိကပ်ပြီး၊ ဝေဖန်ပိုင်းခြား စိစစ်တာ ကုသိုလ်လား၊ အကုသိုလ်လား?။

ကုသိုလ်ပါဘုရား။ အေး- ပိုက်ဆံမကုန်ဘဲ ရနိုင်တဲ့ ကုသိုလ်တွေဘဲ သိရဲ့လား?။ ပိုက်ဆံ တစ်ပြား . တစ်ချပ်မှ မကုန်ဘဲ ရတဲ့ကုသိုလ် ဖြစ်တယ်။

အဲဒီလို နေတတ် . ထိုင်တတ် . သွားတတ်. လာတတ်ရင် လေ့လာကြိုးစားရင် "သတိပဋ္ဌာန် တရား" စီးဖြန်းပွားများ နေတာနဲ့ အတူတူပဲ ဖြစ်တယ်။ အကုသိုလ်စိတ်တွေကို ဝင်မလာစေတော့ဘူး။ အကုသိုလ်စိတ်တွေက အချိန်မရွေး ဝင်ဖို့ အသင့်ပဲ ချောင်းနေကြတာ ဒါကို သိထားရမယ်။ တစ်သောင်းကုန်၊ တစ်သိန်းကုန် လှူမှ အလှူမဟုတ်ဘူး။ မေတ္တာပို့တာက "မေတ္တာ ကမ္မဋ္ဌာန်း" ပွားများနေတာပဲ။ အလှူဒါန ပွားတဲ့ "ဒါနနုဿတိ" နဲ့လည်း အတူတူပါပဲ။

ဒါဆို ကုသိုလ်ကြောင့် အကုသိုလ်တွေ ပပျောက်ပြီး ကုသိုလ်ကံတွေ ကောင်းလာစေနိုင်တယ်။ မိမိရဲ့ စားကြွင်း၊ စားကျန်တွေကိုလည်း ခွေး၊ ကြောင်၊ ငှက်၊ ကျီး အစရှိသော တိရစ္ဆာန်တို့ကိုရင်ဝယ်သားကဲ့သို့ သဘော ထားပြီး သန့်သန့်ရှင်းရှင်း ကျွေးပါ။ "သန့်ရှင်းသောဒါနကုသိုလ်"ရပြန်ပါတယ်။ ညောင်စေ့လောက် လှူပေမဲ့ ညောင်ပင်ကြီးလောက် ကုသိုလ် ရနိုင်ပါတယ်။

နောက် ဆက်ပြောရဦးမယ်။ သတိထားဖို့က -

ကိုယ့်ထက်သာတဲ့သူနဲ့ တွေ့တဲ့အခါ နှလုံးသွင်းမှန်ဖို့ သိပ်အရေးကြီးပါတယ်။ ကိုယ့်ထက်သာ မနာလိုဆိုတဲ့ အတိုင်း မနာလိုတတ်ဘဲ ဣဿာမစ္ဆရိယ စိတ်တွေလည်း ဝင်လာတတ်ပါတယ်။ ဝင်လာပြီဆိုရင်တော့ အဲဒီလူအတွက် အမှားကြီး မှားတော့မှာပါ။ မကောင်းတဲ့စိတ်များများ ဖြစ်လေ - အောင်မြင်မှုနဲ့ ဝေးလေလေ။ အမှန်တကယ် ဖြစ်သင့် တာကတော့ မနာလိုစိတ်ဝင်လာတာကိုက မကောင်းတဲ့စိတ်ပါ၊ မကောင်းတဲ့စိတ်က မကောင်းကျိုး ကိုပဲ ဖကန်ပေးတတ်ပါတယ်၊ သူတစ်ပါးရဲ့ ကောင်းတဲ့ကံကို ကိုယ်က အားကျရမှာပါ။ မနာလိုရမှာ မဟုတ်ပါဘူး။ မနာ လိုစိတ်တွေ တဖွားဖွားဖြစ်တာကိုက ကိုယ့်ရဲ့အတွေးအခေါ်တွေ မှားနေတာပါ။ နှလုံးသွင်းမှားရင် ဒီတစ်ဘဝသာမက ဘဝသံသရာမှာပါ နစ်မွန်းတတ်ပါတယ်။

- ရှေးက ကောင်းလို့၊ ခု ကောင်းပါသည်၊
  ခုကောင်းရင်၊ နောင် ကောင်းပါလိမ့်မည်။
- ရှေးက မကောင်းလို့၊ အခု မကောင်းပါသည်၊
  ခု မကောင်းရင်၊ နောင် မကောင်းပါလိမ့်မည်၊

စာတွေ ဖတ်ပါရဲ့၊ တရားတွေ နာပါရဲ့၊ ဆောင်ထား၊ ကျက်ထားပါရဲ့၊ ကြံစည်စဉ်းစားပါရဲ့ ဒါပေမယ့် လက်တွေ့ကျင့်သုံးမှု မရှိရင်တော့ ပန်းတိုင် မရောက်သေးပါဘူး။ မြတ်စွာဘုရားရှင်ရဲ့ အလိုကျလည်း မဖြစ်သေးပါဘူး။

- ကောင်းတဲ့စိတ်ထားရင် ကောင်းတဲ့ အကျိုးပေးမယ်၊
- မကောင်းတဲ့စိတ်ထားရင် မကောင်းတဲ့ အကျိုးပေးမယ်၊

လူတွေကသတိ မမူကြလို့ပါ။ သတိမူရင် မြူမှုန်ကိုပင် မြင်နိုင်စွမ်းရှိပါသတဲ့။ ကုသိုလ်ကိုတော့ မယူ လိုကြဘူး။ အကုသိုလ်တွေကို မက်မောပြီး လောဘ၊ ဒေါသ၊ မောဟ၊ မာန တွေနဲ့ လုံးထွေးပတ်ချာလည် မှန့်လုံးစက္ကူကပ် ဖြစ်နေကြတာ။ သနားစရာ အလွန်ကောင်းပါတယ်။ သိတဲ့လူကပဲ သိတာ။ မသိတဲ့လူက ဘယ်လောက်ပြောပြော မသိဘူး။ နားထဲဝင်မသွားဘူး။ ချာချာလည်ပြီး မလုပ်ရမယ့် အကုသိုလ်တွေကိုပဲ၊ ကုသိုလ်မှတ်ပြီး ထပ်ခါတလည်လည် လုပ်နေကြတော့ လွဲမှားနေကြတာပေါ့။

မေတ္တာသာ နာနာပို့စမ်းပါ။ ကိုယ်ပို့တဲ့မေတ္တာ ကိုယ့်ဆီပြန်လာပြီး အကျိုးပေးပါတယ်။ စမ်းကြည့်ကြစမ်းပါ။

လုပ်ကြည့်ကြစမ်းပါ။ တကယ်တမ်း ထူးခြားမှု ရှိလာတာကို တွေ့ရပါလိမ့်မယ်။

ညရောက်ပြီဆိုရင် ဗုဒ္ဓကို အလင်းဓာတ်ဖြင့် ပူဇော်ပေးကြပါ။ သံသရာအဆက်ဆက်က တော်စပ်ခဲ့ကြတဲ့ ဘဝပဋ္ဌာန်းဆက် ပါရမီ ပဋ္ဌာန်းဆက်တို့ကို မိမိတို့ကိုယ်တိုင် ဘဝအဆက်ဆက်က ပြုလုပ်လာခဲ့သော ကုသိုလ်ကောင်းမှု အစုစု၊ ယခု ပစ္စုပန်ဘဝမှာ ပြုလုပ်နေဆဲ ကုသိုလ်ကောင်းမှုအစုစု၊ အနာဂတ်ကာလမှာ ပြုလုပ်မည့် ကုသိုလ်ကောင်းမှု အစုစုတို့ကို အမျှ ပေးဝေကြရမယ်။

## ၁၅။ ကာယ , ဝေဒနာ, စိတ် , ဓမ္မာ၊ ပေါ်ရာ ,ပေါ်ရာ ရှုမှတ်ပါ။ အဲဒါ ဝိပဿနာ

ဆီးဖြူပင်ဆရာတော်ဘုရားကြီးသည် ကာယနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်နှင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဟူသော သတိပဋ္ဌာန် လေးပါးတို့ကို အလျဉ်းသင့်သလို ပွားများဆင်ခြင်နေလေ့ရှိကြောင်း သိရှိရပါသည်။

ရုပ်သဘော၊ ဝေဒနာသဘော၊ စိတ်သဘောနဲ့ ဒုက္ခသစ္စာရဲ့သဘောတွေကို ဖြစ်-ပျက် ရှုမြင်မှုမှာ "သတိ" က ပဓာန အကျဆုံးပါပဲ။ ခိုင်မြဲတဲ့ သတိနဲ့ ရှုမှတ်ပွားများ အားထုတ်နေတတ်ဖို့ လိုပါတယ်။ ဇကော ဓမ္မော အရ အမြဲမပြတ် ရှုမှတ်နေရမယ်။ ရုပ်ပေါ်မှာပဲ ဖြစ်ဖြစ်၊ စိတ်ပေါ်မှာပဲ ဖြစ်ဖြစ်၊ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ပိန်.ဖောင်း နည်းပဲဖြစ်ဖြစ်၊ ဝင်လေ-ထွက်လေ အာနပါန ပဲ ဖြစ်ဖြစ် အားလုံး အတူတူချည်းပါပဲ။

မှတ်-သိ နေတဲ့ကာလမှာ ရုပ်ကို မှတ်နေတာဟာ စိတ်က မှတ်နေတာပါလို့ သိနေရမယ်။ မှတ်တိုင်း၊ မှတ်တိုင်းလည်း အမှတ်စိပ်လာတာနဲ့အမျှ ကိလေသာ ဝင်မလာတော့ဘူး။ ဝေးသွားပြီ။ အမှတ်ကျဲနေရင် ကိလေသာ ဝင်လာတတ်တယ်။ လှုပ်ရှားနေတဲ့သဘောကို တွေ့အောင် မှတ်ရမယ်။ ဝိပဿနာ ဉာဏ်ရှိလာတော့ ဖြစ်-ပျက်တွေ ကုန်သွားတော့၊ မဖြစ်-မပျက်တာတွေကို သွားတွေ့ရမယ်။

အမှတ်ခံရတာက-ရုပ်၊ မှတ်နေတာက-နာမ်၊ နောက် ဉာဏ်စဉ်တွေက ခန္ဓာမှာ တွေ့လာတော့မှ စိတ်ချရတာ။ စိတ်ထင်၊ စိတ်ကူး၊ စာတွေနဲ့ မဟုတ်ဘဲ တွေ့တာ။ အပျက်လို့ မြင်လာသမျှ လွတ်ချင်တဲ့စိတ်၊ ချစ်စိတ်၊ မုန်းစိတ်က လွတ်ပြီး ဖြစ်ပေါ်လာမယ်။ တွေးတော ဆင်ခြင်မှု ဘာမှမပါတော့ဘဲ မှတ်နေတယ်။ အဲဒီ မှတ်နေရာက မှတ်ဖို့ မမှတ်တတ်တော့ဘူး။ မှတ်စရာတွေ များနေလိုပဲ။ အဲဒီအခါ မှတ်စရာတွေ များလွန်းတော့ မှတ်မနေတော့ဘဲ သိစိတ်ကလေးနဲ့ဘဲ နေတော့တယ်။ အနတ္တ ရုပ် . နာမ်ကို အနတ္တ အတိုင်းပဲ သိနေတယ်။ ဒီတော့ မှတ်တာ မပါတော့ဘူး။

အဲဒီအခါမှာ - ပါရမီအားလျော်စွာ အဆုံးထိ သိသွားတတ်တယ်။ မသိရင်လည်း ပြန်သာ ဖွဲနဲ့လုပ်ပါ။ ဝမ်းမနည်းနဲ့။ ဆက်.ဆက် လုပ်ပါ။ ကြိုးစားရမယ်။ ရုပ် .နာမ် ဖြစ်-ပျက်မှုကို သန့်သန့်ရှင်းရှင်း သိရ. တွေ့ရရင်တော့ ဒီဘဝမှာ စိတ်သာချ နေပေတော့၊ အပါယ်မလားနိုင်တော့ဘူး။ ဒါကို မြဲမြဲ မှတ်ထား။ ဆက်ကြိုးစားအားထုတ်ကြရမယ်။

နောက်ဆုံးတွင် -

- တို့ခန္ဓာဟာ အသုဘလား? သုဘလား? လိုချင်ဦးမလား?။
- တို့ခန္ဓာဟာ ဒုက္ခလား ? သုခလား ? လိုချင်ဦးမလား ?။

မေးခွန်းတွေ မိမိကိုယ်မိမိ မေးကြ။ အဖြေရမယ်။ ဟုတ်လား?။ ဘုန်းဘုန်းရဲ့ ဆရာတော်ကြီးက မိန့်ကြားခဲ့ဖူးတယ်။ "တပည့်တို့ ကိလေသာ ဝင်လာပြီ၊ စိတ်ညစ်ပြီ၊ စိတ်ဓာတ်ကျပြီလို့ ဖြစ်လာရင် ကိုယ့်ကိုယ်ကို သေပစ်လိုက်ဟေ့။ အဲဒါမှ ဝင်လာသေးရင် အခေါင်းကြီး ဘေးချထား၊ မရရင် အခေါင်းထဲ ဝင်အိပ်၊ အပုပ်.အပွ.

အရှိစ လုပ်လိုက်။ ဒါမှ မရရင် တကယ်သေလိုက်တော့" လို့ ဆုံးမခဲ့ဖူးတယ်။

တရားက ကိုယ်မှာပဲ။ ဒုက္ခစစ်စစ်ကို တွေ့လာရင် စိတ်ချရပြီ။ ဒုက္ခစစ်စစ်ကို မြင်အောင် ကြည့်တော့။ ဒါဆို နီးပြီ။

- ကောင်းတာတွေ တွေ့ . ထိတော့ လောဘ။
- မကောင်းတာတွေ တွေ့ထိသော ဒေါသ၊

ဒီတော့ မြင် . ကြား . ထိ. သိ . နံ သမျှ သတိနဲ့ မှတ်နေတော့ ကိလေသာ မဝင်၊ ငြိမ်းနေမယ်။ ဒါကို မြဲမြဲ မှတ်သွားကြ။

ဝတ်စားဆင်ယင်ရာမှာလည်း မြန်မာကို ကမ္ဘာက အဘုယူစေကြရမယ်။ နိုင်ငံတကာက ဝတ်စားဆင်ယင်မှုတွေကို အတုမယူသင့်ကြဘူး။ အလွန် အဖိုးတန်ပြီး တန်ဖိုးဖြတ်လို့မရတဲ့ ရတနာသုံးပါး တရားက မြန်မာပြည်ထဲမှာပဲ ရှိတာပါ။ ဒီမြန်မာပြည်က အဖိုးတန် ရတနာတွေကို မဇ္ဈိမဒေသ ဖြစ်တဲ့ -

- ဗုဒ္ဓ ဖွားမြင်တော်မူခဲ့ရာ ဒေသ၊
- ဗုဒ္ဓ ပွင့်တော်မူခဲ့ရာ ဒေသ၊
- ဗုဒ္ဓ ဓမ္မစကြာ တရားဦးဟောခဲ့ရာ ဒေသ၊
- ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့ရာ ဒေသ၊

စသည့်နေရာအသီးသီးကိုပင် ပြန်လည်ဖြန့်ဖြူးပို့ဆောင်ပေးနေရာ ဗဟိုဌာနကြီး ဖြစ်တယ်ဆိုတာကိုလည်း မှတ်ထားကြဦး။ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် တစ်ယောက်ရဲ့ ပန်းတိုင်အစစ်ဟာ ပစ္စည်းဝတ္ထုတွေ၊ ရာထူးဌာနန္တရတွေ မဟုတ်ပါဘူး။ ပန်းတိုင်အစစ်က နိဗ္ဗာန်ပါ။ တကယ်လို့ နိဗ္ဗာန်မရသေးရင်တောင် ဘဝကို ငြိမ်းငြိမ်းချမ်းချမ်းလေး နေသွားကြရဖို့ အရေးကြီးပါတယ်။

> သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
> သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

မကောင်းမှု ဟူသမျှကို မပြုလုပ်ခြင်း၊ ကုသိုလ်တရားကို ပြည့်စုံစေခြင်း၊ မိမိစိတ်ကို ဖြူစင်စေခြင်း ဤသုံးပါးသည် ဘုရားရှင်တို့၏ အဆုံးအမတည်း [၁]။

## ၁၆။ မသိ အဝိဇ္ဇာ ၊ သိ ဝိဇ္ဇာ နှစ်ဖြာခွဲ၍မှတ်

မောဟ ဆိုသည်ကား အမှားကို သိခြင်းသဘောရှိ၍၊ ဉာဏ်နှင့်ဆန့်ကျင်ဘက် ဖြစ်သည်။ မောဟသည် အာရုံ၏ သဘောအမှန်ကို ဖုံးကွယ်တတ်သည်။ ပညာမျက်စိကို ကန်းအောင် ပြုတတ်သည်။

အာရုံ၏ ဟုတ်မှန်သောသဘောဟူသည် ဒုစရိုက်တရားတို့၏ မကောင်းဆိုးရွားသော သဘော၊ သုစရိုက်တရားတို့၏ ကောင်းသောသဘော၊ ဆင်းရဲခြင်း ၊ ဒုက္ခသစ္စာ စသော သစ္စာလေးပါးတို့၏ သဘော၊ အတိတ်ဘဝ ရှိခဲ့ခြင်း၊ အနာဂတ်ဘဝရှိခြင်း၊ အကြောင်းကြောင့် အကျိုးဖြစ်ရသည် ဟူသော ပဋိစ္စသမုပ္ပါဒ်၏ သဘောကို မသိခြင်း စသည်တို့ ဖြစ်သည်။ အမှန်သဘောတရားများကို မသိအောင် ကာကွယ်ဖုံးထားခြင်းသည် မောဟ၏ သဘောတရားများသာ ဖြစ်သည်။ မသိမှု အဝိဇ္ဇာတည်းဟူသော မောဟတရားသည် အကုသိုလ် ဒုစရိုက်အားလုံးတို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်၏။ သတ္တဝါတို့၏ စိတ်သည် မကောင်းမှု၌သာ မွေ့လျော်ပျော်ရွှင်တတ်၏။

---

[၁] ဒီ - ၂၊၄၂။

ဤသို့ ဖုံးလွှမ်းကာကွယ်ထားမှုကြောင့်ပင် ဒုစရိုက်သဘောကို သိပြီးသော ပညာရှိ ဖြစ်စေကာမူ၊ မောဟ တရားဝင်လာသောအခါ၊ ဒုစရိုက်တို့၏ အဖြစ်ကို မမြင်ပိသဲ ပြုမှားမိကြလေသည်။ ထို့ကြောင့် ပညာရှိပြီးသော သူ၏ ပညာမျက်စိကို ကန်းအောင်ပြုတတ်သောတရားဟု ဆိုခြင်း ဖြစ်သည်။ အသင့်မတင့် နလုံးသွင်းသူ၏ သန္တာန် ၌ အကုသိုလ်တရားတို့သည် တိုးပွားမြဲ ဖြစ်ရကား၊ မသင့်မတင့် နလုံးသွင်းမှု (အယောနိသော မနသိကာရ)သည် မောဟတရား၏ နီးစွာသော အကြောင်းရင်း ဖြစ်သည်။

အသင့်အတင့် နလုံးသွင်းသူ၏ သန္တာန်၌ ကုသိုလ်တရားတို့သည် တိုးပွားမြဲ ဖြစ်ရကား သင့်တင့်သော နလုံးသွင်းမှု (ယောနိသော မနသိကာရ)သည် အကြောင်းဖြစ်သည်။ မိမိကိုယ်စိတ်ကို ကောင်းစွာ ဆောက်တည် ထားခြင်း ဟူသော အတ္တသမာပဏိဓိ က အကျိုး ဖြစ်သည်။

မောဟ (ခေါ်) အဝိဇ္ဇာ ၏ ဖုံးကွယ်ရာဌာန ရှစ်ခုရှိရာ -

(၁) ဒုက္ခသစ္စာ = ဘုံသုံးပါး၌ ရှိကြကုန်သော သတ္တဝါတို့၏ ရုပ် . နာမ် ၊ ဖြစ် - ပျက် နေမှုများသည် ဒုက္ခသစ္စာတွေချည်းသာ ဖြစ်သည်။ ထိုဆင်းရဲဒုက္ခများကို ဆင်းရဲဒုက္ခဟု မသိ . မမြင်နိုင်ခြင်းသည် ဒုက္ခသစ္စာကို ဖုံးလွှမ်းသော အဝိဇ္ဇာ ဖြစ်သည်။

(၂) သမုဒယသစ္စာ = လိုချင်မှု တဏှာလောဘကို ဆင်းရဲဖြစ်ကြောင်း အမှန်ဟုမသိခြင်းသည် သမုဒယသစ္စာကို ဖုံးလွှမ်းသော အဝိဇ္ဇာ ဖြစ်သည်။

(၃) နိရောဓသစ္စာ = နိဗ္ဗာန်ကို ဆင်းရဲချုပ်ရာအမှန်ဟု မသိခြင်းသည် နိရောဓသစ္စာကို ဖုံးလွှမ်းသော အဝိဇ္ဇာ ဖြစ်သည်။

(၄) မဂ္ဂသစ္စာ = သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါးကို နိဗ္ဗာန်သို့ ရောက်စေကြောင်းလမ်းကောင်း၊ လမ်း မှန်ဟု မသိခြင်းသည် မဂ္ဂသစ္စာကို ဖုံးလွှမ်းသော အဝိဇ္ဇာ ဖြစ်သည်။

(၅) ပုဗ္ဗန္တအညာဏ = အချို့သော ပုထုဇဉ်ပုဂ္ဂိုလ်များသည် ရှေးအတိတ်၌ ဖြစ်ခဲ့သည်များကို မယုံကြည်၊ ယခုဘဝကိုမှ ပုဂ္ဂိုလ်တစ်ဦးဦးက ဖန်ဆင်းပေးထား၍ ဖြစ်နေရသည်ဟု ယုံကြည် ထားသည်။ သို့သော် နောက်ဘဝအဆက်ဆက် ဖြစ်ရဦးမည်ကို ယုံကြည်ထားသည်။ ထိုသူ၏ အဝိဇ္ဇာသည် အတိတ်ဘဝ၌ ဖြစ်ခဲ့သောခန္ဓာ၊ အာယတန၊ ဓာတ်အစုတို့ကို ဖုံးလွှမ်းသော အဝိဇ္ဇာ ဖြစ်သည်။

(၆) အပရန္တအညာဏ = အချို့သော ပုထုဇဉ် ပုဂ္ဂိုလ်များသည် ရှေးအတိတ်က ဖြစ်ခဲ့ပုံကို ယုံကြည်၏။ သို့သော် ၊ နောက်ဘဝ၌ ရဟန္တာမဖြစ်သေးသမျှ ဆက်လက်ဖြစ်ရဦးမည်ကို မယုံ ကြည်၊ သေလျှင် ပြီးတာပဲ ဟု လောဘပြတ်ဝါဒ (ဥစ္ဆေဒဒိဋ္ဌိ) ဘက်သို့ သက်ဝင် ယုံကြည် သွားသည်။ ထိုသူ၏ အဝိဇ္ဇာသည် နောက် . နောင် ဖြစ်လတ္တံ့သော ခန္ဓာ အာယတန ဓာတ်အစုတို့ကို ဖုံးလွှမ်းသော အဝိဇ္ဇာ ဖြစ်သည်။

(၇) ပုဗ္ဗန္တ ပရန္တအညာဏ = အချို့သော ပုထုဇဉ်ပုဂ္ဂိုလ်များသည် ရှေးဘဝ၊ နောက်ဘဝကိုပင် မယုံကြည်ကြပါ။ ရှေ့နောက် ဖြစ်သော ခန္ဓာ၊ အာယတန၊ ဓာတ်အစုတို့ကို ဖုံးလွှမ်းသော အဝိဇ္ဇာ ဖြစ်သည်။

(၈) ပဋိစ္စသမုပ္ပာဒ် = အဝိဇ္ဇာက အကြောင်း၊ သင်္ခါရက အကျိုး၊ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်ရသည် စသည်ကို နားမလည်အောင် အဝိဇ္ဇာက ဖုံးလွှမ်းထားသည်။

အို . နာ . သေ လွတ်အောင် ဖြစ်လေရာဘဝတိုင်းတွင် သူယုတ်မာနှင့် မတွေ့ဘဲ သူတော်ကောင်းနှင့်သာ တွေ့အောင် သူတောင်းကောင်းတရား ပွားများ ကျင့်ကြံ အားထုတ်ကြရမည်။ သတိပဋ္ဌာန် ပိဝသနာ တရားကို အထုး ရှုမှတ်ကြရမည်။ သို့မှသာ အို . နာ . သေ လွတ်သည့် သန္တိသုခ မြတ်နိဗ္ဗာန်သို့ ရောက်ရှိမည်။

ဝိ = အထူး ( ဒုက္ခသစ္စာကို ခေါ်တယ် )။

ပဿ = ရှုမှတ် (မဂ္ဂသစ္စာကို ခေါ်တယ် )။

နာ = ကြည့်မယ် (သမုဒယ၊ တဏှာ၊ လောဘ ကို ခေါ်တယ် )။

- မြင်လျှင် - မြင် . သိကာမျှဖြင့် လောဘ . ဒေါသ . မောဟကို ပယ်သတ်ရမည်။
- ကြားလျှင် - ကြား.သိကာမျှဖြင့် လောဘ . ဒေါသ . မောဟကို ပယ်သတ်ရမည်။
- နံလျှင် - နံ . သိကာမျှဖြင့် လောဘ . ဒေါသ . မောဟကို ပယ်သတ်ရမည်။
- စားလျှင် - စား. သိကာမျှဖြင့် လောဘ . ဒေါသ . မောဟကို ပယ်သတ်ရမည်။
- ထိလျှင် - ထိ . သိကာမျှဖြင့် လောဘ . ဒေါသ . မောဟကို ပယ်သတ်ရမည်။
- စဉ်းစားလျှင် - စဉ်းစား .သိကာမျှဖြင့် လောဘ . ဒေါသ . မောဟကို ပယ်သတ်ရမည်။
- သွားလျှင် - သွား . သိကာမျှဖြင့် လောဘ . ဒေါသ . မောဟကို ပယ်သတ်ရမည်။
- ရပ်လျှင် - ရပ် . သိကာမျှဖြင့် လောဘ . ဒေါသ . မောဟကို ပယ်သတ်ရမည်။
- လျောင်းလျှင် - လျောင်း . သိကာမျှဖြင့် လောဘ . ဒေါသ . မောဟကို ပယ်သတ်ရမည်။
- အိပ်လျှင် - အိပ် . သိကာမျှဖြင့် လောဘ . ဒေါသ . မောဟကို ပယ်သတ်ရမည်။

ကိုယ် . နှုတ် . အမူအရာ ဖြစ်တိုင်း - ဖြစ်တိုင်း ရှုမှတ်ပွားများနေရမည်။ လောဘ၊ ဒေါသ၊ မောဟ၊ အဝိဇ္ဇာ၊ တဏှာ ဝင်မလာတော့ဘူး။ ထိုသို့ ပွားများခြင်းကို ပုဗ္ဗဘာဂမဂ် (သတိပဋ္ဌာနမဂ်) လောကီမဂ် ဟု ခေါ်နိုင်သည်။ လောကီမဂ် တဖြည်းဖြည်း များလာသည်နှင့်အမျှ လောကုတ္တရာမဂ် ကို အလိုအလျောက် ရရှိလာတတ်သည်။ လွယ်လွယ်ကူကူ သက်သက်သာသာဖြင့် ကုသိုလ်ရနိုင်သည့်နည်းကို လမ်းညွှန်ပြခြင်း ဖြစ်သည်။

ဘုန်းကြီးက အကုသိုလ်ကို နည်းသည့်ထက်နည်းအောင်လုပ်ပြီး ကုသိုလ်ကို ပွားသည့်ထက်၊ ပွားများသည့်ထက် များလာအောင် ဆောင်ရွက်နိုင်းခြင်း ဖြစ်သည်။ ကုသိုလ်များလာသည်နှင့်အမျှ ကံကောင်းလာပေမည်။ ကံဆိုတာလည်း ကိုယ်က လုပ်တာဘဲ မဟုတ်လား?။ ကံကောင်းလာတော့ ကံ . တက်လာပြီပေါ့။ ကံတက်လာတော့ - စိတ်ချမ်းသာလာမယ်။ ကိုယ်ကျန်းမာလာမယ်။ သူတော်ကောင်းနဲ့ တွေ့တုန်းမှာ သူတော်ကောင်းတရားတွေကို ကျင့်ကြံစမ်းပါ။ အားထုတ်ကြစမ်းပါ။ ကိုယ်စားလုပ်ပေးလို့ မရနိုင်ဘူး။ ကိုယ်လုပ်မှသာ ကိုယ်ရမှာပါ။ အမှန်တရားကို မသိတာဟာ အဝိဇ္ဇာပဲ။

(က) ဒုက္ခ သစ္စာကို - ဒုက္ခသစ္စာ ဟု မသိတာ အဝိဇ္ဇာမှတ်။

( ခ ) သမုဒယသစ္စာကို - သမုဒယသစ္စာဟု မသိတာ အဝိဇ္ဇာမှတ်။

( ဂ ) နိရောဓသစ္စာကို - နိရောဓသစ္စာ ဟု မသိတာ အဝိဇ္ဇာမှတ်။

(ဃ) မဂ္ဂ သစ္စာကို - ပဂ္ဂသစ္စာဟု မသိဘာ အဝိဇ္ဇာမှတ်။

ဤ အဝိဇ္ဇာအဆင့်ကို အထူ . အပါး ခွဲခြား၍ ကြည့်မည်ဆိုလျှင်

၁ ကုသိုလ်ကို ကုသိုလ်မှန်း၊ အ.ကုသိုလ်ကို အကုသိုလ်မှန်း မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာသည် "အလွန်ထူပိန်းသော အဝိဇ္ဇာ" ဖြစ်သည်။

- ကုသိုလ် . အကုသိုလ်မှန်း သိတတ်၍ အ .ကုသိုလ် စိတ်ပေါ်လာလျှင် ဤအရာသည် ပြုရန် မသင့်တော်သော အရာ ဖြစ်သည်ဟု သိကာ ရှောင်ရှားပြီး ကုသိုလ်ပြုတတ်ပါလျှင် "အဝိဇ္ဇာ အတော်အတန် ပါးလာချေပြီ" ဖြစ်သည်။
- သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အဖြစ်သို့ ရောက်၍ သစ္စာလေးပါးကို ထွင်းဖောက်သိမြင်နိုင်သော်လည်း "အဝိဇ္ဇာမှာမူ ပါးသည့်ထက် . ပါးရုံမျှသာ" ရှိပါသေးသည်။ ဥပမာ - ဝိသာခါကျောင်းအမ၊ (အမျိုးသမီး၊ သောတာပန်)၊ ဥဂ္ဂသေန (အမျိုးသား၊ အနာဂါမ်)။
- ရဟန္တာ အဆင့်သို့ ရောက်မှသာလျှင် "အဝိဇ္ဇာအားလုံး (လုံး၀) ကင်းပြီ"ဟု မှတ်ယူရပါမည်။ အဝိဇ္ဇာကင်း၍ ရဟန္တာ ဖြစ်သောယအခါ "လောကီ. လောကုတ္တရာ အားလုံးကို ကုန်စင်အောင် သိပြီဟူ၍ မမှတ်ယူနိုင်ပါ" "သစ္စာလေးပါးနှင့် ပတ်သက်၍ သိသင့်သလောက်သာ သိသည်" ဟု မှတ်ယူရပါမည်။ ပဋိသမ္ဘိဒါပတ္တရဟန္တာ မဟုတ်လျှင် ပရိယတ္တိဟူသော ပိဋကကို သင်ယူမှ တတ်မြောက်ရပါမည်။ တစ်ဖန် - ပိဋက တတ်သော်လည်း သူတစ်ပါး၏ အဇ္ဈာသယ ကို သေချာစွာ မသိနိုင်ပါ။

ရဟန္တာများသည် ထိုကဲ့သို့ လောကီ. လောကုတ္တရာအားလုံးကို ကုန်စင်အောင် မသိနိုင်ခြင်းမှာ - အဝိဇ္ဇာ ဖုံးလွှမ်း၍ မဟုတ်ဘဲ၊ မိမိ ဉာဏ်၏ စွမ်းအားသတ္တိနည်းသောကြောင့်သာ ဖြစ်သည်ကို သတိပြုကြရမည်။ လောက ဥပမာအားဖြင့် ပြောရမည်ဆိုလျှင် - နေ့လည်အချိန်တွင် အဝေး၌ ရှိသောအဆင်းကို မမြင်ရခြင်းသည် အမှောင်း၏ ကာကွယ်မှုကြောင့်မဟုတ်ဘဲ၊ မိမိမျက်စိ၏ အမြင်စွမ်းအားသတ္တိ အားနည်းမှုကြောင့်သာ ဖြစ်သကဲ့သို့ပင် ဖြစ်ပေသည်။

ရဟန္တာတို့တွင် ဘုရားရှင်က လွဲ၍ အရှင်သာရိပုတ္တရာသည် ပညာဉာဏ်အကြီးဆုံး ဖြစ်ပါသည်။ ထိုအရှင်သည်ပင် မိမိတပည့်အား ကမ္မဋ္ဌာန်းပေးမှားခဲ့ဖူးပါသည်။ ထိုရဟန်းငယ်သည် ငယ်ရွယ်သူ ဖြစ်၍ ငယ်ရွယ်သူ စိတ်ဓာတ်သည် ကာမဂုဏ်ဘက်၌ ညွတ်တတ်သည်ဟု နှလုံးပြုပြီး အသုဘကမ္မဋ္ဌာန်းကို ပေးမိသည်။ ရဟန်းငယ်၏ စရိုက်နှင့် မကိုက်ညီသောကြောင့် လေးလပတ်လုံး တရားအားထုတ်သော်လည်း တရားထူး မရခဲ့ချေ။

ထိုကြောင်းကို မြတ်စွာဘုရားရှင်အား လျှောက်ထားတင်ပြရာ - ငယ်ရွယ်သူပင် ဖြစ်သော်လည်း ဘဝငါးရာတိုင်ကာလပတ်လုံး ရွှေပန်းတိမ်သည်လုပ်ခဲ့ဖူး၍ နီမြန်းသော ရွှေတို့ကို၊ ကြည့်ခဲ့ဖူးဖန်များသောကြောင့် သူ၏ အလိုဆန္ဒနှင့် ကိုက်ညီအောင် ဘုရားရှင်က ပဒုမ္မာကြာနီပန်းကို ဖန်ဆင်း၍ ကြည့်ရှုစေပါသည်။ ကြာပွင့်ဖတ်များ တဖြည်းဖြည်း ညှိုးနွမ်းလာအောင် ဖန်ဆင်းပြလျက် မမြဲသော သဘောကို ဖော်ပြလေသော် တစ်နေ့ချင်းပင် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေတော့သတည်း။

- ကံသည် အလုပ်၊ အလုပ်သည် ဉာဏ်၊
  ဉာဏ်နှင့် ပညာ၊ သဒ္ဓါမှန်က၊ လိုရာတစ်ဆင့်၊
  မြှင့်၍ တစ်ဝ၊ အားထုတ်ကြလျှင်၊ မဂ္ဂင်ရွှေထီး၊
  တစ်ဆင့်သီး၍၊ ဖွင့်ပြီး ဆောင်းရုံ ရှိသည်တကား။

## ၁၇။ မာနကင်းစင်၊ သံသရာဝဋ် လွတ်စေချင်

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူစဉ်အခါက အရှင် ပေါဋ္ဌိလ အမည်ရှိ ရဟန်းသည်၊ ယခင် ပွင့်တော်မူခဲ့သော မြတ်စွာဘုရားရှင် ခုနစ်ဆူတို့၏ သာသနာတော်တွင် ပိဋကတ်သုံးပုံကို ဆောင်ကာ ရဟန်းငါးရာကို စာပေပို့ချခဲ့ဖူးပြီး ယခု ဂေါတမမြတ်စွာဘုရား သာသနာတော်

လက်ထက်တွင်လည်း ရဟန်းတော်များကို ပိဋကတ်စာဝါများ ပို့ချပေးနေဆဲ ဖြစ်သည်။ သို့သော်လည်း ပေါဋ္ဌိလ မထေရ်သည် "သံသရာ ဝဋ်ဆင်းရဲဘဝမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း အကျင့်ကို ကျင့်ရန် တစ်ကြိမ်, တစ်ခါမျှ စိတ်ကူးမရှိခဲ့။ "

ထိုအကြောင်းကို သိရှိတော်မူသော ဂေါတမဘုရားရှင်က အရှင်ပေါဋ္ဌိလကို တွေ့မြင်သည့်အခါတိုင်း "တုစ္ဆပေါဋ္ဌိလ၊ တုစ္ဆပေါဋ္ဌိလ = အချည်းနှီးပေါဋ္ဌိလ အလကားပေါဋ္ဌိလ" ဟူသာ ခေါ်ဝေါ်ပြောဆိုခဲ့လေသည်။ ထိုအခါ အရှင်ပေါဋ္ဌိလ ၏ စိတ်ထဲတွင် "ငါသည် အဋ္ဌကထာနှင့်တကွ ပိဋကတ်တော်များကို အာဂုံဆောင်နိုင်စွမ်း ရှိသည်။ ရဟန်းငါးရာ တို့၏ ဂိုဏ်းကြီး တစ်ဆယ့်ရှစ်ခုကိုလည်း စာပေ ပို့ချနေဆဲ ဖြစ်သည်။ ဤသို့သော အရည်အချင်းတွေ များစွာ ရှိနေပါလျက် မြတ်စွာဘုရားရှင်က အချည်းနှီး ပေါဋ္ဌိလ ဟု ဆိုတော်မူခြင်း သည် ရဟန်းတရား၊ ဈာန် . အဘိညာဉ်တွေ မရှိလို့ အခုလို အပြောခံရတာပဲ ဖြစ်မယ်"။

ထို့ကြောင့် ရှင်ပေါဋ္ဌိလသည် ယူဇနာ တစ်ရာ့နှစ်ဆယ် ဝေးကွာသည့် တောအရပ်သို့ တရားဘာဝနာ ပွားများအားထုတ်ရန် ကြွသွားခဲ့သည်။ ထိုတောထဲတွင် ရဟန္တာအရှင်မြတ် သုံးဆယ် သီတင်းသုံးနေတော်မူသည့် တောရကျောင်းတစ်ခုကို တွေ့ရှိရသည်။ ထိုအရှင်မြတ်များကို ချဉ်းကပ်ကာ တပည့်တော်သည် အရှင်ဘုရားများကို မှီခိုအားထားပါရစေ" လို့ လျှောက်ထားသည်။

အကြီးဆုံး မထေရ်က "အရှင်ဟာ ပိဋကတ်ကို ဆောင်နိုင်သူ ဖြစ်သည့်အတွက် တပည့်တော်တို့ကသာလျှင် အရှင်ကို မှီကာ အရာရာကို သိသင့်ပါသည်။ " ပေါဋ္ဌိလမထေရ်က ဒုတိယအကြိမ် ထပ်မံ လျှောက်ထားပြန်သော် လည်း အကြီးဆုံး မထေရ်က ပေါဋ္ဌိလမထေရ်သည် ပိဋကတ်သုံးပုံကို ထုံးလိုမွှေ၊ ရေလိုနှောက် ကျွမ်းကျင်တတ် မြောက်မှုအပေါ် မာန်မာနတက်နေကြောင်း သိရသဖြင့် ဒုတိယမထေရ် ထံ စေလွှတ်လိုက်သည်။

ဒုတိယမထေရ်ကလည်း ပေါဋ္ဌိလတွင် မာန်မာနရှိနေကြောင်း ထပ်မံသိရှိရသဖြင့် တတိယမထေရ်ထံ စေလွှတ်ပြန်သည်။ ဤသို့ အဆင့်ဆင့် စေလွှတ်ရာမှ နောက်ဆုံး ခုနစ်နှစ်သားအရွယ် သာမဏေငယ်ထံသို့ ရောက်ရှိသွားသည်။ ပေါဋ္ဌိလမထေရ်လည်း မာန်မာန တဖြည်းဖြည်း လျော့နည်းသွားခဲ့ပြီ ဖြစ်သည်။ ခုနစ်နှစ်သား အရွယ် သာမဏေခိုင်းစေသမျှ လုပ်ကိုင်ပေးရာကနေ မာနတွေ ကွာကျ ပျောက်ကွယ်သွားခဲ့သည်။ ထိုအချိန်တွင် မြတ်စွာဘုရားရှင်၏ တရားဒေသနာတော်ကို ကြားနာရပြီး အရှင်ပေါဋ္ဌိလမထေရ်သည် နောက်ဆုံးတွင် အရဟတ္တ ဖိုလ် သို့ ဆိုက်ရောက်သွားလေ၏။

ပေါဋ္ဌိလမထေရ်သည် ပိဋကတ်သုံးပုံကို တတ်မြောက်ကျွမ်းကျင်ပြီး သူတစ်ပါးကိုသာ သင်ပေးရမှ ကျေနပ် နှစ်သိမ့်တတ်သော မထင်ရှားသည့် မာနဝင်နေသောကြောင့် "ငါဟာ ပိဋကတ်တွေကို တတ်မြောက် ကျွမ်းကျင် ပြီးသားမို့ ဝဋ်ဆင်းရဲကနေ လွတ်မြောက်ကြောင်း လမ်းစ ရှာဖွေရန် မလိုတော့ပါ။ ပြုဖွယ်ကိစ္စအဝဝကို အခြား သူများ သိသကဲ့သို့ မိမိလည်း သိရှိပြီး ဖြစ်သည်ဟု အထင်ရောက်နေခဲ့သည်။" ထိုမာနကြောင့်ပင် ပေါဋ္ဌိလ မထေရ်မြတ်သည် ဘုရားရှင် ခုနစ်ဆူတို့၏ သာသနာတွင် ပိဋကတ်သုံးပုံကို ဆောင်ထားပို့ချရုံမျှဖြင့်သာ အချိန်တွေ အလဟဿ ကုန်ဆုံးခဲ့ကာ တရားထူး မရရှိခဲ့ခြင်း ဖြစ်ပေသည်။

ထို့အတူပင်၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်စဉ်က ကဏ္ဍက မြင်းနှင့်အတူ လိုက်ပါခဲ့သော ဆန္နအမတ်သည် သာသနာဘောင်ကို ဝင်ရောက်ခဲ့ပြီးသည့်တိုင် အရှင်သခင် မြတ်စွာဘုရား အားကိုးဖြင့် အရှင်သာရိပုတ္တရာ ၊ အရှင်မောဂ္ဂလာန် စသော အဂ္ဂသာဝကကြီးများကိုပင် မထေမဲ့မြင် ပြောဆို နေခဲ့သည်။ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် အကြိမ်ကြိမ် ခေါ်ယူဆုံးမသော်လည်း နားမဝင်၊ အလေးမထား။ ထို့ကြောင့် ဘုရားရှင်က "မိမိပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်အခါ အရှင်အာနန္ဒာမထေရ်အား သံဃအလယ်တွင်

ဆန္ဒရဟန်း ကို - မခေါ် . မပြော . မဟော မဆို. မဆုံးမဘဲ စွန့်ပယ်ထားသည့် ဗြဟ္မဒဏ်ကို ပေးရန်" မိန့်မှာတော်မူခဲ့သည်။ နောက်ဆုံးတွင် ဆန္နမထေရ်သည် ရဟန်းတရားကို ကြိုးစားအားထုတ်ရင်း မကြာမီပင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ရှိသွားခဲ့လေသည်။

အခြား ဝတ္ထုကြောင်းများလည်း ရှိသေးရာ - ခြသေ့ကို အတုလိုက်ပြီး၊ ဆင်တစ်ကောင်ကို ခုန်အုပ်လိုက်ရာ၊ ဆင်ကပြန်နင်းသတ်လို့ သေခဲ့ရသော မြေခွေး -ဇမ္ဗုဇာတ်ဝတ္ထု၊ သုဇာတာ ဆီးသီးသည်သည် ဘုရားဏသီပြည် ဗြဟ္မဒတ်မင်းကြီးက မိဖုရားခေါင်အဖြစ် တင်မြှောက်ခြင်းခံလိုက်ရတော့ ဘဝမေ့မာန်တက်ပြီး ဆီးသီးကိုတောင် မသိတော့ပါဘူးလို့ ပြောလို့ နန်းတော်မှ နှင်ထုတ်ခံရသော ဝတ္ထု။

အထက်ပါ ဝတ္ထုကြောင်းများကို လေ့လာကြည့်ခြင်းဖြင့်၊ ဤစာရေးသူတို့ ပုထုဇဉ်များက သိရှိထားရမည်မှာ - မာနသည် လူတို့၏ဇာတ်ကြောင့်၊ အနွယ်ကြောင့်၊ အမျိုးကြောင့်၊ အဆင်းကြောင့်၊ ဥစ္စာနေကြောင့်၊ ကျမ်းဂန်ဗေဒင်ကြောင့်၊ မာန်မာနတက်ကာ မောက်မာ ထောင်းလွှားတတ်ကြသည်။ မာနကြောင့် မတွေးသင့်၊ မမြင်သင့်၊ မထင်သင့်၊ မလုပ်သင့်၊ မပြောဆိုသင့်တာတွေကို ချင့်ချိန်နိုင်းဆ နိုင်စွမ်း မရှိကြတော့ဘဲ၊ တွေး . မြင် . ထင် . လုပ်ကိုင် . ပြောဆို လာကြတော့သည်။ မျက်စိနှစ်လုံး အလင်းရပါလျက် အမှန်တရားကို မမြင်နိုင်ကြရာတော့သော ကြောင်တောင်ကန်းများ ဖြစ်ကြရပြီ။ မာနကြောင့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ ဘဝတစ်ခုလုံးသည် အလွန်ကြောက်စရာကောင်းလောက်အောင်ပင် ပြောင်းလဲတတ်သောသဘော ရှိပါပေသည်။

မာန ဆိုတာ အထိုက်အလျောက်သာ ထားသင့်ပါတယ်။

. မာနကို အဘိဓမ္မာ ရှုထောင့်က ကြည့်လျှင် အကုသိုလ်တရားပါ။ အကုသိုလ်စေတသိက် (၁၄)ပါးထဲတွင် မာန ပါ.ပါတယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုတဲ့ သံသရာနယ်ချဲ့တရား သုံးပါးထဲမှာလည်း မာနပါတယ်။ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲတွေနဲ့ သံသရာကို မရှည် .ရှည်အောင် ဆွဲဆန့်တတ်လို့၊ ပပဉ္စတရားလို့လဲ အမည်ပေးထားပါတယ်။ ဖြူစင်နေတဲ့စိတ်ကို နောက်ကျူ ညစ်ညူးစေတတ်တဲ့ ကိလေသာ တရားဆိုးတွေမှာလည်း မာနပါတာပဲ။

လောကမှာ - ဘဝင်မြင့်သူ၊ သွေးနားထင်ရောက်သူတွေပေါ့။ မာနကြီးရင် - အမျိုးယုတ်မှာ ဖြစ်တတ်ကြောင်း၊ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားခဲ့တာတွေ များစွာ ရှိပါတယ်။

မာန အလွန်အကျွံ ထားလွန်းတော့လည်း ရုပ်လှသူပင် ဖြစ်စေ၊ ပညာတတ်သူပင် ဖြစ်စေ၊ ချမ်းသာကြွယ်ဝသူပင်ဖြစ်စေ၊ မည်သူမဆို အကျည်းတန်၊ ရုပ်ဆိုးလွန်းလှပါတယ်။ မာန်ကြီးသူကို မည်သူကမျှ နှစ်နှစ်သက်သက် သိပ်မရှိလှတော့ပါဘူး။ ဖော်ရွေသူတွေ နည်း၊ မိတ်ဆွေတွေ ကျဲသွားတတ်ပါတယ်။ အစွန်းရောက်နေတဲ့အတွက် မိတ်ဆွေကောင်းတွေလည်း ကောင်းကောင်း မရနိုင်တော့ပါဘူး။

| | | |
|---|---|---|
| သေယျမာန် (အမြင့်မာန) | = | မြင့်မြတ်သော၊ အထက်တန်းရောက်နေသော အောင်မြင်ကျော်ကြားနေသည့် ပုဂ္ဂိုလ်များသည် ငါသိ . ငါတတ်. ငါသာမြတ် . ငါသာတော် . ငါသာကျော် . ငါသာ ချမ်းသာ စသည်ဖြင့် မာန်ထနေကြသူများ။ |
| သဒိသမာန် (အလတ်မာန) | = | အလတ်တန်းစား လူတန်းစားလွှာတွေကလည်း တန်းတူသူတို့အပေါ်မှာ "သူနဲ့ငါ ဘာထူးလဲ? အတူတူပါပဲ" စသည်ဖြင့် မာန်ထနေကြသူများ။ |
| ဟီနမာန် (အနိမ့်မာန) | = | တို့ ဆင်းရဲတာ သူတို့နဲ့ ဘာဆိုင်လဲ ? သူတောင်းစားမှာလဲ မာနနဲ့ပဲ" စသည်ဖြင့် မာန်ထနေကြသူများ။ |

တစ်နည်းဆိုရသော် အမြင့်ကို အမြင့်တိုင်း၊ အလတ်ကို အလတ်အတိုင်း၊ အနိမ့်ကို အနိမ့်အတိုင်း၊ အရှိကို အရှိအတိုင်း မာန်တက်နေကြခြင်းကို "ယာထာဝမာန" လို့ ခေါ်ပါတယ်။

ထိုသို့မဟုတ်ဘဲ အထက်တန်းစားက အလတ်မာန်၊ အနိမ့်မာန် တက်နေမယ်။ အလတ်တန်းစားက အမြင့်မာန်၊ အနိမ့်မာန် တက်နေမယ်။ အောက်တန်းစားက အလတ်မာန်၊ အမြင့်မာန် တက်နေမယ်ဆိုရင် မရှိတာကို အရှိလုပ် မာန်တက်နေကြခြင်းကြောင့် "အယထာဝမာန" လို့ ခေါ်ပါတယ်။

ရဟန္တာ ဖြစ်သွားရင်တော့ မာန်လုံးဝ(လုံးဝ) ကင်းစင်သွားပါပြီ။ သူတော်စင်များ သတိတရား လက်ကိုင်ထား၍ မာနလျှော့ကျ ကင်းကွာနိုင်ကြပါစေလို့ တောင်းဆုမေတ္တာ ပို့သလိုက်ရပေသည်။

## (၁) မြွေဖမ်း မတတ်လျှင်၊ ဖမ်းသူကို မြွေပြန်ကိုက်တတ်သည်

"ဖျက်ဆီးချင်ရင် ကောင်းတာတွေ အများကြီး ပေးတတ်တယ်"၊

အပြည့်အစုံကို ဖော်ပြရသော် "ဘုရားသခင်သည် လူတစ်ယောက်ကို ဖျက်ဆီးချင်ရင် ကောင်းတာတွေ အများကြီးပေးတတ်တယ်"။ အထက်ပါ စကားစုသည် အနောက်တိုင်းလာ ဆိုရိုးတစ်ခု ဖြစ်၏။ အထူးအလေး ထား စဉ်းစားရမည့် အချက် ဖြစ်သည်။

ကံကောင်းလို့ လုပ်သမျှ အရာရာ အောင်မြင်တယ် ဟု ယေဘုယျ သဘော ကံကောင်းမှုကို အနက် အဓိပ္ပါယ် ဖွင့်ဆိုကာ နားလည်ထားကြလေ့ရှိသည်။ စား . ဝတ် . နေ . ကျန်းမာရေး သင့်တင့်ကောင်းမွန်ကာ အစစအရာရာ ပြေလည်နေလျှင် ကံကောင်းသည်ဟုပင် ဆိုရမည် ဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ ကံကောင်း သည်ဟု သတ်မှတ်ထားသောအရာများသည် ရှုထောင့်တစ်မျိုးမှကြည့်လျှင် ကံဆိုးမှုများ ဖြစ်နေတတ်ကြပြီး၊ ကံဆိုးသည်ဟု ယူဆမိသောအရာများသည်လည်း ရှုထောင့်တစ်မျိုးမှ ကြည့်လျှင် အထူးကံကောင်းနေကြောင်း တွေ့မြင် ကြရပေသည်။ အံ့သြဖွယ် ကောင်းလေစွ။

သတ္တဝါ အားလုံးတို့သည် လောကသဘာဝအရ စား . ဝတ် . နေရေး . ကျန်းမာရေးအတွက် ရွှေ . ငွေ . ပစ္စည်း ဉစ္စာရတနာ ရှာဖွေကြရသည်။ ရှာဖွေ၍ မပြည့်စုံသည်လည်း ရှိ၏။ ပြည့်စုံသည်လည်း ရှိ၏။ ပြည့်စုံသည့် နောက် ထပ်ခါ တလည်လည် လိုချင်တတ်သော မရောင့်ရဲနိုင်ခြင်းလည်း ရှိတတ်၏။ ထိုအခါ လောဘ. တဏှာ ဖြစ်လာရ၏။ ငါ တယ်တော်ပါလား ? တယ်တတ်ပါလား ? တယ်မှန်ပါလား ? ဟူသော မာန်မာနနှင့် ဒိဋ္ဌိလည်း ဝင်လာတတ်၏။ ထိုမှ တစ်ဆင့်တက်၍ ကိုယ်ကျင့်တရား ဖောက်ပြန် ပျက်စီးလာတတ်၏။ ငါနှင့် ငါသာ နိုင်းစရာ ဟု ဝင့်ဝါ ဂုဏ်မောက် အခြောက်တိုက် ဘဝင်မြင့်ကာ အကုသိုလ် ဝင်လာတော့သည်။ ဗုဒ္ဓမိန့်မှာချက်အရ ဆိုရသော် "ဤသည်မှာ မြွေကို မဖမ်းတတ်သဖြင့် ဖမ်းသူကို မြွေက ပြန်ကိုက်သည်ဟူသော (အလဂဒ္ဒူပမာ) သဘောမျိုးပင် ဖြစ်လေသည်" အထူးသတိပြု ရှောင်ရှားကြရမည် ဖြစ်ပေသည်။

## (၂) ယောကျ်ားအဖြစ်ကို ရလိုသော အမျိုးသမီးများ (ဝါ) အမျိုးသမီး မဖြစ်လိုသော ယောကျ်ားများ လိုက်နာရမည့် အကျင့်

(က) ဘဝသံသရာ ဖန်ခါခါ ယောကျ်ားဖြစ်လိုသော ယောကျ်ားသည် သူ့မယားကို ဂရုမထား ရှောင်ရှားရာ၏။

(ခ) ဘဝသံသရာ ဖန်ခါခါ ယောကျ်ားဖြစ်လိုသော မိန်းမ. အမျိုးသမီးသည် ကိုယ့်လင်သားကို သိကြားမသွေ ရိုသေ.ဝပ်တွား၊ ခစား လုပ်ကျွေးရာ၏။

(ဂ) ရတနာသုံးပါးကို ကြည်ညိုခြင်း၊ ငါးပါးသီလမြဲခြင်း၊ မိန်းမ. အမျိုးသမီးများ အဖြစ် မနှစ်သက်ခြင်းသည် ယောကျ်ားဖြစ်ရသော အကျင့်မည်၏။

(ဃ) ကာမပိုင် မိန်းမဖြစ်သူ အမျိုးသမီးသည် မိမိ၏ လင်-ယောကျ်ားကအသက် ကြီးသည်ဖြစ်စေ၊ ငယ်သည် ဖြစ်စေ လင်-ယောကျ်ားသည် လင်ယောကျ်ားသာဖြစ်၍ မာနမထားဘဲ ထာဝရ မိမိကိုယ်မိမိ နှိမ့်ချ၍ ဆက်ဆံရာ၏။

ဘုရားဆု၊ ပစ္စေကဗုဒ္ဓါဆုများသည် မိန်းမ. အမျိုးသမီးများ၏ အရာဌာန မဟုတ်ကြောင်းကို "အင်္ဂုတ္တိုရ် ပါဠိတော်၊ ဝိဘင်းပါဠိတော်များ" ၌ ဟောကြားထားတော်မူသောကြောင့်၊ မာတုဂါမ များသည် ဘုရားဆုပန် ယောကျ်ား အဖြစ်ကို ရှေးဦးစွာတောင်းပြီးမှ ဘုရားဆု . ပစ္စေကဗုဒ္ဓါဆုများကို တောင်းရာ၏။ ဆုပန်ပုံ အစဉ်ကို ဆိုလိုခြင်းသာ ဖြစ်သည်။ မိန်းမ.အမျိုးသမီးများ ဘုရားဆု မပန်ကောင်းဘူးဟု အမှတ်မဲ့ အယူမမှားကြကုန်လင့်။ အထူး သတိပြု သင့်သည် [၁] ။

## ၁၈။ အသိနဲ့ အကျင့် တစ်ထပ်တည်းကျမှသာ လူ.နတ် သာဓုခေါ်ဆိုမည်

မြတ်စွာဘုရားရှင် လက်ထက်တော်က ဇကူဒါန လို့ အမည်ရတဲ့ မထေရ်တစ်ပါး ရှိခဲ့ဖူးပါတယ်။ ဇကူဒါန ကို ပုဒ်ခွဲရင် ဧက- ဥဒါန ပါ။ အဓိပ္ပါယ်ကတော့ ဥဒါန်းဂါထာ တစ်ပုဒ်ထဲပဲ ရပြီး အဲဒီ ဂါထာ တစ်ပုဒ်ကိုပဲ အမြဲ ရွတ်ဆိုနေလေ့ ရှိသူတို့ အဓိပ္ပါယ်ရပါတယ်။

ဒါပေမယ့် ဇကူဒါန မထေရ်ဟာ ဂါထာတစ်ပုံပဲ ရပေမယ့် အဲဒီဂါထာ တစ်ပုဒ်က ပြောတဲ့အတိုင်း လိုက်နာ ကျင့်ကြံတဲ့သူပါ။ နည်းနည်းသိပေမယ့် သိသလောက်လေးကိုပဲ အတိအကျ လိုက်နာကျင့်သုံးသူပါ။ အဲဒီလို အသိနဲ့ အကျင့်ထပ်တူကျသွားလို့လည်း မကြာခင်ကာလမှာပဲ ရဟန္တာ မထေရ်တစ်ပါး ဖြစ်သွားခဲ့ရပါတယ်။

ဇကူဒါန မထေရ်ဟာ တောထဲမှာ တစ်ပါးတည်းပဲနေပြီး သူရတဲ့ဂါထာလေး တစ်ပုဒ်ကိုပဲ ဥပုသ်နေ့ ရောက်လာပြီဆိုရင် ရွတ်ဆိုဟောပြောလေ့ရှိပါတယ်။ ဇကူဒါနမထေရ်က ဂါထာလေးကို မရွတ်ခင် တောထဲမှာ နေကြတဲ့ နတ်အားလုံးကိုလည်း တရားနာဖို့ အမြဲဖိတ်ခေါ်လေ့ ရှိပါတယ်။ ဇကူဒါန မထေရ် ဂါထာလေး ရွတ်ပြီးလို့ ဆုံးတာနဲ့ တောထဲမှာနေကြတဲ့ နတ်အားလုံးကဝိုင်းပြီး သာဓုခေါ်ကြပါတယ်။ နတ်တွေရဲ့ သာဓုခေါ်သံဟာ တစ်တောလုံး ဟိန်းထွက်သွားလေ့ရှိပါတယ်။ ဒီအစီအစဉ်လေးက ဥပုသ်နေ့တိုင်း ပြုမူနေကျ အစီအစဉ်လေး တစ်ခုပါ။

ဇကူဒါန မထေရ် အမြဲရွတ်လေ့ရှိတဲ့ ဂါထာလေးကတော့ -

အဓိစေတသော အပ္ပမဇ္ဇတော၊ မုနိနော မောနပထေသု သိက္ခတော။

သောကာ နဘဝန္တိ တာဒိနော၊ ဥပသန္တဿ သဒါ သတိမတော။

ဒီလိုနဲ့ တစ်နေ့မှာတော့ ပိဋကသုံးပုံဆောင်တဲ့ ဆရာတော်နှစ်ပါးဟာ တပည့် အခြံအရံ ငါးရာစီနဲ့ ဇကူဒါနမထေရ်ရဲ့နေရာ တောထဲကို ရောက်လာကြပါတယ်။ တိပိဋကဆရာတော်နှစ်ပါး ကြွလာတော့ ဇကူဒါန မထေရ်က တော်တော်လေး ဝမ်းမြောက်သွားပါတယ်။ နေရာထိုင်ခင်းပေးပြီး ဇကူဒါနမထေရ်က ဘာစလျှောက် သလဲဆိုတော့" အရှင်ဘုရားတို့...တပည့်တော်ကို တရားဟောပါဦးဘုရား။ တပည့်တော် တရားနာချင်လို့ပါဘုရား" လို့ လျှောက်ထား လိုက်ပါတယ်။ တိပိဋက ဆရာတော်နှစ်ပါးက "တရားနာမယ့်သူက အရှင်ဘုရားတစ်ပါးပဲလား?" လို့ ပြန်မေးလိုက်ပါတယ်။

ဇကူဒါန မထေရ်ကလည်း "တပည့်တော် တစ်ပါးတည်း မဟုတ်ပါဘူး ဘုရား။ တောထဲက နတ်တွေလည်း လာနာလေ့ ရှိပါတယ်ဘုရား။ တရားဆုံးရင် သူတို့က သာဓုခေါ်လေ့ရှိပါတယ်ဘုရား" လို့ ပြန်ဖြေပါတယ်။

---

၁။ ဗုဒ္ဓဘာသာ လက်စွဲ ပန္နက်သဲကျမ်း - ပဌမတွဲ၊ နှာ - ၁၉၊ ၂၀ ။

ဒီလိုနဲ့ တိပိဋက ဆရာတော်နှစ်ပါး တစ်လှည့်စီ တရားဟောကြတယ် ဆိုပါတော့။ တိပိဋက ဆရာတော်နှစ်ပါးက ပိဋကသုံးပုံထဲက တကယ့်အနှစ်တွေကို ရွေးပြီး ဟောပြောကြပါတယ်။ ဒါပေမယ့် တရားသာဆုံးသွားတယ်။ ဘယ်နတ်ကမှ သာဓုမခေါ်ဆိုကြပါဘူး။ ဒီတော့ တိပိဋက ဆရာတော်နှစ်ပါးက မေးခွန်း ထုတ်ပါတော့တယ်။ "အရှင်ဘုရားပြောတော့ နတ်တွေက သာဓုခေါ်တယ်ဆို၊ အခု ဘာသံမှ မကြားရပါလား?၊ တပည့်တော်တို့မှာ ဟောလိုက်ရတာ ဖတ်ဖတ်ကို မောရော"။

"တပည့်တော် ဟောရင်တော့ အမြဲ သာဓု ခေါ်လေ့ရှိပါတယ်ဘုရာ။" "ဒါဆို အရှင်ဘုရား ဟောပြစမ်းပါဦး" "မှန်ပါ့ဘုရား" ဇက္ကဒါနမထေရ်က သူရွတ်နေကျ ဂါထာလေးကို ရွတ်လိုက်ပါတယ်။

အစိစေတသော အပ္ပမဇ္ဇတော၊ မုနိနော မောနပထေသု သိက္ခတော။
သောကာ နဘဝန္တိ တာဒိနော၊ ဥပသန္တဿ သဒါ သတိမတော။

ဂါထာဆုံးတာနဲ့ နတ်တွေက တစ်တောလုံး ညံသွားအောင် ဝိုင်းပြီးသာဓု ခေါ်ကြပါတယ်။ နတ်တွေရဲ့ သာဓုခေါ်သံကြားတော့ တိပိဋက ဆရာတော်နှစ်ပါးရဲ့ တပည့်တွေက သိပ်ပြီး မကျေနပ်ကြပါဘူး။ ဒါကြောင့် ကျောင်းပြန်ရောက်တဲ့အခါ နတ်တွေ မျက်နှာလိုက်တဲ့အကြောင်းကို မြတ်စွာဘုရားရှင်ထံ လျှောက်တင်ကြပါတယ်။

မကျေနပ်တဲ့စကားဆိုလာတဲ့ တိပိဋက ဆရာတော်နှစ်ပါးရဲ့တပည့်တွေကို မြတ်စွာဘုရားက ဘယ်လို ပြန်ရှင်းပြသလဲဆိုတော့ - "ချစ်သားတို့ သင်လည်း သင်ပါရဲ့ သိလည်း သိပါရဲ့ ဟောလည်းဟောပါရဲ့ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်ကို တရားဆောင်တဲ့ ပုဂ္ဂိုလ်လို့ မခေါ်သေးဘူး။ တရားကို သိရုံတင် မကသေးဘူး။ ကျင့်လည်း ကျင့်ပါမှ တရားဆောင်တဲ့ ပုဂ္ဂိုလ်လို့ ခေါ်တယ်" ဟု ဟောဖော်ညွှန်ပြ မိန့်ကြားပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ အဓိက ဆိုလိုချက်ကတော့ သိရုံ . တတ်ရုံမျှနှင့် မလုံလောက်သေးဘဲ အသိနဲ့ အကျင့် တွဲနေပြီး အသိနဲ့ အကျင့်၊ အကျင့်နဲ့ အသိ တစ်ထပ်တည်းကျနေမှသာ လူ သာဓုခေါ်၊ နတ်သာဓုခေါ်ဆိုကြမှာ ဖြစ်ပါတယ်။

## ၁၉။ ဒုက္ခခပ်သိမ်း ငြိမ်းအေးရာမှန်၊ မြတ်နိဗ္ဗာန် သာစခန်းဆီသို့

ဧကာယနော ယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောက ပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာဏဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

| | | |
|---|---|---|
| ဘိက္ခဝေ | = | ချစ်သားတို့။ |
| ယဒိဒံ ယေ ဣမေ | = | အကြင်လေးပါးသော သတိပဋ္ဌာန် တရားတော်တို့သည်။ |
| စတ္တာရော သတိပဋ္ဌာနာ | | |
| သန္တိ | = | ရှိကြကုန်၏။ |
| အယံ | = | ဤသတိပဋ္ဌာန်လေးပါး အကျင့်တရားသည်။ |
| ဧကာယနော | = | သာသနာတော်မှာ တစ်ကြောင်း . တစ်လမ်းသာ ဖြစ်သော။ |
| မဂ္ဂေါ | = | တကယ် မှန်ကန်သည့် ဖြောင့်မှန်သော လမ်းကောင်း . လမ်းမြတ်ကြီး ဖြစ်တော်မူပါပေ၏။ |
| သောကပရိဒေဝါနံ | = | စိုးရိမ် ပူဆွေး ငိုကြွေးခြင်းတို့ကို။ |

သမတိက္ကမာယ = လွန်မြောက်ခြင်းငှာ။
ဒုက္ခဒေါမနဿာနံ = ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း ဆိုသည့် ဒုက္ခဒေါမနဿတို့၏။
ဝူပသမာယ = ချုပ် ငြိမ်းခြင်းငှာ။
ဧကာယန = တစ်ကြောင်းတည်းသောလမ်း ဖြစ်သည်.။
ဉာယဿ = အရိယာမဂ်တရားကို။
အဓိဂမာယ = ရခြင်းငှာ။
နိဗ္ဗာနဿ = ဒုက္ခခပ်သိမ်း ငြိမ်းအေးရာမှန် မြတ်နိဗ္ဗာန်ကို။
သစ္ဆိကရဏတ္ထာယ = မျက်မှောက်ပြုခြင်း အကျိုးငှာ။
ယဒိဒံ ယေ ဣမေ = အကြင် သတိပဋ္ဌာန်တရား လေးပါးတို့သည်။
စတ္တာရော သတိပဋ္ဌာနာ
သန္တိ = ရှိကုန်၏။
အယံ = ဤသတိပဋ္ဌာန်လေးပါး အကျင့်တရားသည်။
ဧကာယနော = သာသနာတော်မှာ တစ်ကြောင်း.တစ်လမ်းသာ ဖြစ်သော။
မဂ္ဂေါ = လမ်းကောင်း . လမ်းမြတ်ကြီးအစစ် တတကယ်တမ်း ဖြစ်ပါပေတော့သတည်း။

## ၂၀။ တရားအလုပ် သတိပဋ္ဌာန်အချုပ် (မုံရွာ နေဇာ)

တရားအလုပ် - သတိပဋ္ဌာန်အချုပ်ဟု ဆိုသည့်အတိုင်း၊ ကွေးခြင်း၊ လှမ်းခြင်း၊ ချခြင်း၊ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း စသော ကိုယ်အမူအရာ လှုပ်ရှားမှု ဣရိယာပုဒ်တိုင်း သတိမလပ်အောင် ရှုမှတ်နေရခြင်းတို့သည် သတိပဋ္ဌာန်ကျင့်စဉ်ဖြစ်၏။ သတိပဋ္ဌာန် နည်းများပင် ဖြစ်၏။

မဟာသတိပဋ္ဌာန်သုတ်တော် သမ္ပဇညပဗ္ဗပိုင်းတွင် ခန္ဓာကိုယ်အင်္ဂါ လှုပ်ရှားမှု မှန်သမျှ၊ ခန္ဓာကိုယ်နှင့် စပ်သော အရာဝတ္ထုအသုံးအဆောင် မှန်သမျှတို့၌ "သတိ" ကပ်၍ မပြတ် . မလပ်အောင် တရားရှုမှတ်နည်းများကို ဟောကြားထားလေသည်။

အဘိက္ကန္တေ = ရှေ့သို့သွားသောအခါ။
ပဋိက္ကန္တေ = နောက်သို့ ပြန်ဆုတ်သောအခါ။
သမ္ပဇာနကာရီ = "ပညာ"ဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည်။
ဟောတိ = ဖြစ်၏။

ရှေ့သို့ သွားခြင်း၊ နောက်သို့ ပြန်ဆုတ်ခြင်း ပြုသောအခါ သတိသမ္ပဇဉ်နှင့် ယှဉ်ပြီး ပြုပါ . သွားပါ . လာပါ ဟု ဆိုထားပေသည်။ ထို့အတူ -

အာလောကိတေ = ရှေ့တည့်တည့် ကြည့်သောအခါတို့၌ လည်းကောင်း။
ဝိလောကိတေ = ဘေးတစ်စောင်း ကြည့်သောအခါတို့၌ လည်းကောင်း။
သမိဉ္ဇိတေ = ဆန့်ထုတ်လိုက်သော လက်ကို ကွေးညွှတ်လိုက်စဉ် အခါတို့၌လည်းကောင်း။
ပသာရိတေ = ကွေးထားသောလက်ကို ဆန့်ထုတ်လိုက်သောအခါတို့၌လည်းကောင်း။
သင်္ဃာဋိပတ္တစီဝရဓာရဏေ = ဒုကုဋ်၊ သပိတ်၊ သင်္ကန်းတို့ကို ဆောင်သောအခါတို့၌လည်းကောင်း။

အသိတေ . ပိတေ = စားသောအခါ. သောက်သောအခါ . ခဲသောအခါ. လျက်သောအခါတို့၌လည်းကောင်း။
ခါယိတေ. သာယိတေ

ဥစ္စာရ ပဿာဝကမ္မေ = ကျင်ကြီး . ကျင်ငယ် စွန့်နေသောအခါတို့၌လည်းကောင်း။

ဂတေ . ဌိတေ . နိသိန္နေ = သွားသောအခါ၊ ရပ်သောအခါ၊ ထိုင်သောအခါ၊ အိပ်သောအခါ၊ နိုးသောအခါ၊ စကား
သုတ္တေ. ဇာဂရိတေ. ပြောသောအခါ၊ တိတ်တိတ်နေသောအခါ တို့၌လည်းကောင်း။
ဘာသိတေ. တုဏှိဘာဝေ

သမ္ပဇာနကာရီ ဟောတိ = သတိသမ္ပဇဉ် ဉာဏ်ယှဉ်ပါ. သတိကပ်၍ ရှုမှတ်နေပါဟု ဟောကြားတော်မူပါသည်။

## (၁) သမ္ပဇာန ဟူသည်

သမ္ပဇာနော = သတိ. သမ္ပဇဉ် ဉာဏ်နှင့် ယှဉ်သည်။
ဟုတွာကာရီ = ပြုလေ့ရှိသည်။
သမ္ပဇာနကာရီ = အသိဉာဏ်နှင့်ယှဉ်၍ သတိကပ်ကာ ရှုမှတ်လေ့ရှိသည်။
ဟောတိ = ဖြစ်၏။

ဟူသော ဝစ္စနတ္ထအရ သွား . လာ လှုပ်ရှားမှု ကိုယ်အမူအရာတိုင်း၌၊ သတိကပ်၍ ရှုမှတ် ဆင်ခြင်နေရမည်ဟု ဆိုလိုပေသည်။ တရားဓမ္မကျင့်စဉ်ကာလတွင် အမူမဲ့၊ အမှတ်မဲ့ နေရသည်ဟူ၍ မရှိပါ။ သတိကင်းမဲ့ကာ "လွတ်ထွက်" ဟူသော ကိုယ်အမူအရာဟူ၍ မရှိစေရ ဟု ဟောကြားထားလေသည်။ ဤတွင် "သမ္ပဇဉ်တရားလေးပါး" ကို သိထားရပေမည်။

## (၂) သမ္ပဇဉ်လေးပါး

(က) သတ္ထက သမ္ပဇဉ် = အကျိုးရှိ - မရှိကို သိသော သမ္ပဇဉ်။
(ခ) သပ္ပာယ သမ္ပဇဉ် = လျောက်ပတ်သည် - မလျောက်ပတ်သည်ကို သိသော သမ္ပဇဉ်။
(ဂ) ဂေါစရ သမ္ပဇဉ် = ကမ္မဋ္ဌာန်း အာရုံကို မစွန့်သော ဂေါစရသမ္ပဇဉ်။
(ဃ) အသမ္မောဟ သမ္ပဇဉ် = ရုပ် . နာမ် တရားမျှသာဟု မတွေ . မဝေ သိသော သမ္ပဇဉ် ဟူ၍ လေးပါးရှိသည်။


ရှေ့သို့ သွားခြင်း၊ နောက်ပြန်ဆုတ်ခြင်း စသော လှုပ်ရှားမှု အမူအရာတိုင်း၌ ဤ သမ္ပဇဉ်လေးပါး တို့ဖြင့် ရှုမှတ်ဆင်ခြင်ရမည် ဖြစ်သည်။


## (၃) ပဋိကူလ မနသိကာရ ပဗ္ဗ
## (စက်ဆုတ် ရွံရှာဖွယ် မစင်ကြယ်သော အရာဝတ္ထုများကို နှလုံးသွင်း ရှုမှတ်ခြင်း)

မိမိတို့၏ ခန္ဓာကိုယ် အတွင်း . အပြင် နှစ်ဌာန၌ အောက်ဖော်ပြပါ ရွံရှာ ဖွယ်ရာ အရာဝတ္ထုများ ရှိနေပေသည်။

(က) ကေသာ = ဆံပင်။
(ခ) လောမာ = အမွေး ( မွေးညှင်း )။
(ဂ) နခါ = လက်သည်း ၊ ခြေသည်။
(ဃ) ဒန္တာ = သွား။
(င) တစော = အရေထူ . အရေပါး။

(စ) မံသံ = အသား။
(ဆ) နာရု = အကြောများ။
(ဇ) အဋ္ဌိ = အရိုး။
(ဈ) အဋ္ဌိမိဉ္ဇံ = ရိုးတွင်းခြင်ဆီ။
(ည) ဝက္ကံ+အညှိ့ = (ကျောက်ကပ်တစ်စုံ )။
(ဋ) ဟဒယ = နှလုံး။
(ဌ) ယကနံ = အသည်း။
(ဍ) ကိလောမကံ = အမြှေး။
(ဎ) ပိဟကံ = အဖျဉ်း ( သရက်ရွက်၊ ဝမ်းလျှာ၊ ဘေလုံး)။
(ဏ) ပပ္ဖာသံ = အဆုတ်။
(တ) အန္တံ = အူမ။
(ထ) အန္တဂုဏံ = အူသိမ်၊ အူဖွဲ့။
(ဒ) ဥဒရိယံ = အစာသစ်။
(ဓ) ကရီသံ = အစာဟောင်း (ကျင်ကြီး )။
(န) မတ္ထလုင်္ဂံ = ဦးနှောက်။
(ပ) ပိတ္တံ = သည်းခြေ။
(ဖ) သေမှံ = သလိပ်။
(ဗ) ပုဗ္ဗော = ပြည်။
(ဘ) လောဟိတံ = သွေး။
(မ) သေဒေါ = ချွေး။
(ယ) မေဒေါ = အဆီခဲ။
(ရ) အဿု = မျက်ရည်။
(လ) ဝသာ = ဆီကြည်။
(ဝ) ခေဠော = တံတွေး။
(သ) သိင်္ဃာနိကာ = နှပ်။
(ဟ) လသိကာ = အစေး။
(ဠ) မုတ္တံ = ကျင်ငယ်။


ရှေးဟောင်း မဟာရုပ်တော်မှ ( နဘက်မြို့ )

ရှေးဟောင်း ဆင်ခံစေတီတော်(နဘက်မြို့)


ဤ (၃၂)မျိုးသော ရွံစရာ ပစ္စည်းများကို "ဒွတ္တိံသာကာရ" ဟု ခေါ်သည်။ တရား ရှုမှတ်ရန် ဖြစ်သည်။ အမှန်စင်စစ်မှ မိမိတို့၏ ခန္ဓာကိုယ် , အသင်စာရှုသူတို့၏ ခန္ဓာကိုယ် အသီးသီးတို့၌ ရွံစရာ ဤ(၃၂) ကောဋ္ဌာသပစ္စည်းတွေ ပါရှိသည်သာ ဖြစ်ကြပါသည်။ ခင်တွယ်စရာ "ရတနာတွေ" မဟုတ်ကြပါ။ ရတနာတွေ မဟုတ်၍လည်း ရွံစရာ အတိသာ ဖြစ်ပါသည်။ သို့ပေမယ့် "ငိုလျှင် ပုလဲ၊ ရယ်ရင်ရွှဲ" ဟူ၍ ပုံပြင်ဝတ္ထုတို့၌ တင်စားကြပါသေးသည်။

စဉ်းစားကြည့်ပါ။ ငိုလျှင် မျက်ရည်တွေသာ ထွက်မည်။ ပုလဲလုံးကလေးတွေ အမှန်တကယ် ထွက်ကျမလာနိုင်ပါ။ ရယ်လျှင်လည်း သွားရည် (လျှာရည်) နှင့် တံတွေးများသာ ထွက်ကျလာမည် ဖြစ်ပါသည်။ ရွှဲလုံးများတော့ ထွက်ကျလာမည်မဟုတ်ကြောင်း အသင် စာရှုသူသိရှိပြီး ဖြစ်ပါသည်။

## (၄) ဓာတု မနသိကာရ ပဗ္ဗ

ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဓာတု မနသိကာရအပိုင်းတွင် ပထဝီ. အာပေါ. တေဇော . ဝါယော ဟူ၍ "မဟာဘူတ" ခေါ် ဓာတ်ကြီးလေးပါးတို့ ပိုင်းခြား ရှုမှတ်ပုံတို့ကို ဟောကြားထားတော်မူပါသည်။ သားသတ်သမားသည့် နွားများကို သတ်၍ အရိုးတခြား . အသားတခြားစီ ခွဲခြားထားသကဲ့သို့ ဓာတ်လေးပါး ပိုင်းခြား ရှုမှတ်ပုံတို့ကို တွေ့ ရှိရမည် ဖြစ်လေသည်။ (အကျယ်သိ လိုပါက ဆက်လက် ရှာဖွေ လေ့လာကြစေလိုပါသည်။)

## (၅) နဝသိဝထိက ပဗ္ဗ

နဝသိဝထိက အပိုင်း၌ကား အသုဘရုပ်လောင်းကောင်တို့ တစ်ဆင့်ပြီးတစ်ဆင့် ရှုမှတ်ပွားများပုံကို ဟောကြားထားပါသည်။ အသုဘ ရုပ်အလောင်း ကိုးမျိုးတို့ကို ရှုမှတ်ပုံများ ဖြစ်သည်။

"အာနပါန" ထွက်လေ . ဝင်လေ (ဖောင်း . ပိန် ) ရှုမှတ်ခြင်းကိုသာလျှင် "တရားထိုင်သည်၊ တရားအားထုတ်သည်" ဟု အများစု ယင်ပှတ်မှားနေကြသည်။ တရားရှုမှတ်မှုကိစ္စတွင် မြတ်စွာဘုရားက "သတိပဋ္ဌာန်တရားလေးပါး" ကို တိတိကျကျ ဟောညွှန်ပြထားပါသည်။

## (၆) သတိပဋ္ဌာန်တရားလေးပါး

| | | |
|---|---|---|
| (က) ကာယာနုပဿနာ သတိပဋ္ဌာန် | = | ခန္ဓာကိုယ် စပ်ဆိုင်ရာ မှန်သမျှကို ရှုမှတ်ခြင်း။ |
| (ခ) ဝေဒနာနုပဿနာ သတိပဋ္ဌာန် | = | ခံစားမှု ဝေဒနာအခုကို ရှုမှတ်ခြင်း။ |
| (ဂ) စိတ္တာနုပဿနာ သတိပဋ္ဌာန် | = | ဖြစ်ပေါ်လာသော စိတ်ဖြစ်စဉ်မှန်သမျှကို (ဖြစ် - ပျက်မြင်အောင်) ရှုမှတ်ခြင်း။ |
| (ဃ) ဓမ္မာနုပဿနာ သတိပဋ္ဌာန် | = | ဖြစ်စဉ် "ဓမ္မ" တို့ကို "သတိ" ကပ်၍ ရှုမှတ်ခြင်း။ |

"ကာယာနုပဿနာ သတိပဋ္ဌာန်" ကို ပြဆိုခဲ့ပြီး ဖြစ်၍ ကျန်သတိပဋ္ဌာန်သုံးပါးကို သိသာ ရုံမျှသာ အနှစ်ချုပ် တင်ပြပါမည်။

## (ခ) ဝေဒနာနုပဿနာ သတိပဋ္ဌာန်

ဝေဒနာ နုပဿနာ သတိပဋ္ဌာန် ဟူရာ၌ "ဝေဒနာ" တစ်ပုဒ်၊ "အနု" တစ်ပုဒ်၊ "ပဿန" တစ်ပုဒ်၊ "သတိ" တစ်ပုဒ် နှင့် "ပဋ္ဌာန" ပုဒ်တို့ကို ပေါင်းစပ်ထားသည်။

| | | |
|---|---|---|
| ဝေဒနာ | = | ခံစားမှု (သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ = ဝေဒနာသုံးပါး)။ |
| အနု - ပုနပ္ပုန် | = | အဖန်ဖန် အထပ်ထပ်။ |
| ပဿန - ဒဿန | = | မြင်အောင် ရှုခြင်း ၊ ကြည့်ခြင်း။ |
| သတိ + ပဋ္ဌာန | = | သတိပဋ္ဌာန် = သတိပြဋ္ဌာန်းသည်။ |

ခံစားမှု ဝေဒနာမှန်သမျှကို ရှုမှတ်သောအပိုင်း ဖြစ်သည်။ ဝေဒနာသုံးပါး (တစ်နည်း) သောမနဿဝေဒနာ နှင့် ဒေါမနဿဝေဒနာ နှစ်ပါးတို့ကို ထည့်၍ ဝေဒနာငါးပါးတို့ကို ခံစားစဉ် . ခံစားဆဲ၌ ခံစားမှုဟူသမျှတို့ကို မြင်အောင် ရှုမှတ်ရသည်။ "ငါ" မပါအောင် ရှုမှတ်ရသည်။ "ဝေဒနာ" ၌ မကပ်ငြိအောင် ရှုမှတ်ရသည်။

ဝေဒနာ သုံးပါး ဖြစ်ပုံမှာ -

| | | |
|---|---|---|
| ဣဋ္ဌာရုံ | = | နှစ်သက်သော အာရုံကို အမှီပြု၍ "သုခဝေဒနာ" ဖြစ်သည်။ |
| အနိဋ္ဌာရုံ | = | မနှစ်သက်ဖွယ်အာရုံကို အမှီပြု၍ "ဒုက္ခဝေဒနာ" ဖြစ်သည်။ |

ဣဋ္ဌမဇ္ဈတ္တာရုံ = အလိုရှိအပ်. အလယ်အလတ်အာရုံ ကို အမှီပြု၍ "ဥပေက္ခာဝေဒနာ" ဖြစ်သည်။

## (ဂ) စိတ္တာနုပဿနာ သတိပဋ္ဌာန်

စိတ်ဖြစ်စဉ်ကို "သတိ" ကပ်၍ မပြတ်မလပ် ရှုမှတ်ခြင်းသည် "စိတ္တာနုပဿနာ" သတိပဋ္ဌာန်ဖြစ်၏။ စိတ်သည် "အာရမ္မဏံ စိန္တေတီတိ စိတ္တံ" အရ အာရုံကို သိမှုအနေအားဖြင့် တစ်ပါးသာ ရှိသော်လည်း ယှဉ်ဖက်ဖြစ်သော စေတသိက်များကြောင့် အကုသိုလ်စိတ် . ကုသိုလ်စိတ် . ဝိပါက်စိတ် . ကြိယာစိတ် စသည်အားဖြင့် (၈၉)ပါး (စိတ်ဇာစ်ခု ယှဉ်ကိုးဆယ် = တစ်ခုလျော့နေသော ကိုးဆယ်) ဖြစ်ရသည်။ စိတ်သည် အကျယ်ပွားလျှင် (၁၂၁)ပါးပင် ရှိသည်။

ရှုမှတ်ရန် စိတ် ( ၁၆ )မျိုးမှာ -

၁။ သရာဂစိတ် = ရာဂနှင့်တကွ ဖြစ်သောစိတ်၊ လောဘမူစိတ်။
၂။ ဝီတရာဂစိတ် = ရာဂကင်းသောစိတ်၊ လောကီကုသိုလ်၊ အဗျာကတစိတ်။
၃။ သဒေါသစိတ် = ဒေါသနှင့်တကွဖြစ်သောစိတ်၊ ဒေါသမူစိတ်။
၄။ ဝီတဒေါသစိတ် = ဒေါသကင်းသောစိတ်။
၅။ သမောဟစိတ် = မောဟနှင့်တကွဖြစ်သောစိတ်၊ အကုသိုလ် စိတ် (၁၂)ပါး။
၆။ ဝီတမောဟစိတ် = မောဟကင်းသော စိတ်။
၇။ သံခိတ္တစိတ် = ငိုက်မျဉ်းသောစိတ်၊ လောဘမူ၊ ဒေါသမူ သသင်္ခါရိကစိတ်။
၈။ ဝိက္ခိတ္တစိတ် = ပျံ့လွင့်သောစိတ်၊ ဥဒ္ဓစ္စသဟဂုတ်၊ အကုသိုလ်စိတ်။
၉။ မဟဂ္ဂတစိတ် = မဟဂ္ဂုတ်စိတ်၊ မြတ်သောစိတ်။
၁၀။ အမဟဂ္ဂတစိတ် = ကာမာဝစရစိတ်၊ မမြတ်သောစိတ်။
၁၁။ သဉတ္တရစိတ် = မိမိထက်လွန်မြတ်သော တရားရှိသော ကာမာဝစရစိတ်။
၁၂။ အနုတ္တရစိတ် = မိမိထက်လွန်မြတ်သော တရားမရှိသော ရူပါဝစရ၊ အရူပါဝစရစိတ်။
၁၃။ သမာဟိတစိတ် = ဥပစာရသမာဓိ၊ အပ္ပနာသမာဓိဖြင့် တည်ကြည်သော မဟာကုသိုလ် မဟာကြိယာ၊ မဟဂ္ဂုတ် ကုသိုလ်၊ မဟဂ္ဂုတ်။

✪ ကြိယာ

၁၄။ အသမာဟိတစိတ် = ဥပစာရသမာဓိ၊ အပ္ပနာသမာဓိဖြင့် မတည်ကြည်သော မဟဂ္ဂုတ်ကုသိုလ်၊ မဟဂ္ဂုတ် ကြိယာမှ တစ်ပါးသော လောကီ။

✪ စိတ်

၁၅။ ဝိမုတ္တစိတ် = တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၏ အစွမ်းဖြင့် ကိလေသာတို့မှ လွတ်သောလောကီ။

✪ ကုသိုလ်စိတ်

၁၆။ အဝိမုတ္တစိတ် = တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၏ အစွမ်းဖြင့် ကိလေသာတို့မှ မလွတ်သော အကုသိုလ်စိတ်၊ လောကီဝိပါက်။

✪ အဗျာကတစိတ် = စိတ်အားလုံး တစ်ပြိုင်နက် ပေါ်သည်တော့ မဟုတ်ပေ။ ဖြစ်ပေါ်နိုင်သောစိတ်များကို အကျဉ်းချုံး၍ ဖော်ပြခြင်းသာ ဖြစ်သည်။

## (ဃ) မဟာနပဿနာ သတိပဋ္ဌာန်

မဟာနပဿနာ သတိပဋ္ဌာန်၌ နီဝရဏခြောက်ပါး၊ ခန္ဓာငါးပါး၊ အာယတန တစ်ဆယ့်နှစ်ပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ သစ္စာလေးပါး ဤဟရားတို့ကို ရှုမှတ်ပွားများ ဆင်ခြင်သောအပိုင်း ဖြစ်သည်။ (အကျယ်ကို လေ့လာယူပါ)။

သတ္တဝါများ ကိလေသာတရား ငြိမ်းချမ်းကင်းစင်ရေးအတွက်သော်လည်းကောင်း၊ စိုးရိမ်ပူဆွေး သောက ပရိဒေဝတရားများ ငြိမ်းအေးရေးအတွက် လည်းကောင်း၊ ကိုယ်. စိတ် .နှလုံး ရွှင်ပြုံး ချမ်းသာစေရေးအတွက် လည်းကောင်း၊ မဂ်. ဖိုလ်. နိဗ္ဗာန် ဝင်စံ မျက်မှောက်ပြုနိုင်ရေးအတွက်လည်းကောင်း "တစ်ကြောင်းတည်းသော ကျင့်စဉ် မှန်ကြီး" ဖြစ်ပေသည်။

ဗုဒ္ဓဘုရားသည် ဤမဟာသတိပဋ္ဌာနသုတ် ဒေသနာတော်ကို ကုရုတိုင်း၊ ကမ္မာသဓမ္မနိဂုံး၌ ဟောကြားတော် မူခဲ့ရာ ရဟန်းတော်ပေါင်း သုံးသောင်း ရဟန္တာ ဖြစ်တော်မူခဲ့လေသည်။

- ဉာဏ်စဉ်တက်၍ နိဗ္ဗာန် စံဝင်နိုင်ကြပါစေ။
- သတိပဋ္ဌာန် ကြွေးကြော်သံဖြင့် ဆီးဖြူပင်သာသနာ့ရိပ်သာ (ဘေးမဲ့သားလွတ် သာသနာ) သည် ကမ္ဘာတည်သရွေ့ တည်ရှိနေမည်သာ ဖြစ်ပါတော့သည်။

နမော သမ္မာသမ္ဗုဒ္ဓဿ
မုံရွာနေဇာ

## ၂၁။ ပရိယတ္တိ မှ ပဋိပတ္တိ သို့ ပြောင်းမှသာ ဘုရားအလိုတော်ကျ ဖြစ်သည်

သာသနာတော်တွင် ပရိယတ္တိစာပေ သင်ကြားပို့ချမှုသည် ရေကန်ကြီးတစ်ခု အတွက် ကန်ဘောင်ကြီး ဆည်ခြင်းနှင့် တူသည်။ ပရိယတ္တိသည် ဘုရားမည်၏။ သာသနာတော်တွင် ပဋိပတ္တိလက်တွေ့ကျင့်ကြံအားထုတ်မှု သည် ကန်အတွင်းရေများ တည်ရှိလာခြင်းနှင့် တူသည်။ ဘုရားရှင် အလိုတော်ကျ ဖြစ်သည်။

ပရိယတ္တိစာသင်တိုက်သည် သာသနာအတွက် အခြေခံကျသည့် အုတ်မြစ်ဖြစ်သည်။ ရဟန်းလောက တွင် သံဃာတော်များ မိမိတို့စာမိမိ သင်အံပို့ချနေကြခြင်း ဖြစ်သည်။ ဒါယကာ . ဒါယိကာမများနှင့် သက်ဆိုင်မှု . ဆက်စပ်မှု နည်းသည်။ ပဋိပတ္တိတရားစခန်းသည် သစ္စာတရားကို နာကြားခြင်း၊ ဉာဏ်က ခန္ဓာပေါ်သို့ ကြည့်၍ နှလုံးသွင်းခြင်း ဖြစ်၏။ ရဟန်းသံဃာတော်များ၏ စနစ်တကျ လမ်းညွှန်ပြသမှုအောက်တွင် ဒါယကာ၊ ဒါယိကာမများ၊ ကိုယ်တိုင်. ကိုယ်ကျ ပါဝင်ကျင့်ကြံ အားထုတ်ရသည်။

ပရိယတ္တိစာပေ၏ အရသာကို ဒါယကာ . ဒါယိကာမများက မခံစားတတ်၊ အရသာ မပေါ်နိုင်။ နားလည် သဘောပေါက်ခြင်. မရှိသဖြင့် ကျေးဇူးတင်မှုနည်းသည်။ သာသနာအတွက် မည်မျှလောက် အရေးပါ အရာရောက် သည်ကို မသိကြ။

ပဋိပတ္တိ တရား ကျင့်ကြံ အားထုတ်မှုပေါ် မူတည်၍ စိတ်ငြိမ်းချမ်းမှု၊ သောကမီးအေးမှု ခံစားရသည်။ နောက်ဆုံးတွင် တရားထူး၊ တရားမြတ် ရရှိခံစားနိုင်သောကြောင့် ကျေးဇူးတင်မဆုံး ဖြစ်ကြသည်။ ဘဝသံသရာ ချားရဟတ်ကို ပြတ်တောက်စေနိုင်၏။

ပရိယတ္တိ စာသင်တိုက်များတွင် ဒါယကာ၊ ဒါယိကာမများက ကုသိုလ်ရလို၍ အလှူဒါန ပြုခြင်းမျှသာ ရှိသည်။ ပဋိပတ္တိတရား ကျင့်ကြံအားထုတ်မှုရှိသည်နှင့်အမျှ ကုသိုလ်၊ အကုသိုလ်ကို ကောင်းစွာ ခွဲခြားသိရှိပြီး စွန့်လွှတ် လှူဒါန်းရဲသောစိတ် ရဲရဲတောက်ဖြစ်ပေါ်စေနိုင်သည်။

ပရိယတ္တိ စာသင်တိုက်များရှိ သံဃာတော်များ၏ စား ၊ ဝတ် ၊ နေရေးမှာ မျှတသည် ဆိုရုံမျှသာ ဒ္ဒါ်း ယေဘုယျများသောအားဖြင့် ဖြစ်တတ်သော သဘောကို ခန့်မှန်း ရေးပြခြင်းသာ ဖြစ်ပါသည်။ ပစ္စည်းလေးပါး အလျှံ အပယ် ပေါများနေသော စာတိုက်များကို မဆိုလိုပါ။

ပဋိပတ္တိ တရားစခန်းများရှိ သံဃာတော်များ၏ စား၊ ဝတ်၊ နေရေးမှာ အလျှံအပယ် ပေါလျှံနေလေ့ ရှိတတ်သည်။ တရားအားထုတ်သူ၏ အင်္ဂါရပ် (ပဓာနိယင် တရား)ငါးပါး နှင့် ပြည့်စုံရန် လိုအပ်သည်။ ယင်းတို့မှာ -

(က) ယုံကြည်မှု သဒ္ဓါတရား ရှိခြင်း။

(ခ) ကမ္မဋ္ဌာန်းအားထုတ်နိုင်လောက်သော ကျန်းမာရေးရှိရခြင်း။

(ဂ) ဟန်ဆောင်မှု မရှိ၊ အမှန်ပြောဆိုတတ်သူ ဖြစ်ရခြင်း။

(ဃ) လုံ့လ ဝီရိယ ရှိသူ ဖြစ်ရခြင်းနှင့်

(င) ရုပ် . နာမ် တို့၏ ဖြစ် - ပျက်မှုကို ထွင်းဖောက်သိမြင်နိုင်သည့် ပညာရှိသူဖြစ်ရခြင်း

ဤငါးပါးနှင့် ပြည့်စုံသူသည် ခုနစ်နှစ်အတွင်းမှာပင် အရဟတ္တဖိုလ်ကို ရနိုင်ပေ၏။

ပရိယတ်ဟူသည် နေ့တစာစာ၊ ညတစာစာ၊ ကျက်လိုက်ရ၊ အံလိုက်ရ၊ ပြန်လိုက်ရသည်မှာ ရင်ပူအောင် ခံစားရသော်လည်း ဦးပုည စာချိုးအတိုင်း "ထမင်းရက်ချန်၊ ရေရက်မှန်နှင့်" ဝတ်ရေးက လုံရုံတော့ ရနိုင်ပါသည်။ နေရေးတွင် "အင်ဖက်အမိုး၊ ကျူရိုးတိုင်ထူ" ဆိုသည့် စာဆိုနှင့် ကိုက်ညီလှပါပေသည်။

ပဋိပတ္တိ တရားစခန်းဝင်သူတို့သည် မြတ်စွာဘုရားအပေါ် ယုံကြည်သော သဒ္ဓါတရားရှိရမည်။ ကျန်းမာသန်စွမ်းသူလည်း ဖြစ်ရမည်။ စိတ်ထားဖြောင့်မတ်သူလည်း ဖြစ်ရမည်။ ဇွဲ ၊ လုံ့လ၊ ဝီရိယဖြင့် စွမ်းစွမ်းတမံကြိုးစားအားထုတ်သူလည်း ဖြစ်ရမည်။ ဉာဏ်စွမ်း . ဉာဏ်စလည်း ရှိရမည် ဖြစ်သည်။

ပရိယတ္တိ စာပေများ လေ့လာခြင်းသည် ငယ်ရွယ်စဉ်အခါမှသာ ကန်ဘောင်ဆည်သည့်အနေဖြင့် လေ့လာ. သင်ယူ. ဆည်းပူးသင့်သည်။ တစ်သက်တာ ကာလပတ်လုံး ကန်ဘောင်ဆည်နေရုံမျှ မဖြစ်သင့်ပါ။ ကန်ဘောင်ဆည် နေရင်း သေသွားခဲ့လျှင် လူ့ဘဝ ရောက်ရကျိုးနပ်မည် မဟုတ်ပေ။ လူလတ်ပိုင်း . လူကြီးပိုင်း အရွယ်ရောက်သည့်အခါ မိမိအတွက် မိမိပဋိပတ် တရား ကျင့်စဉ်လုပ်ငန်းကို ကိုယ်စီ ကိုယ်င တတ်နိုင်သမျှ အစွမ်းကုန် ကျင့်ကြံ အားထုတ်သင့်ကြပေသည်။

ပရိယတ္တိ စာပေသည် ဖောင် နှင့်တူသောကြောင့်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး၊ အနင်နာခံ၍ ပါရမီဖြည့်ကာ ဘုရားဖြစ်လာခြင်းသည် ပရိယတ်အတွက် သက်သက်မဟုတ်တန်ရာ။ သစ်ဖောင် . ဝါးဖောင်မည်သည် တစ်ဖက်ကမ်းသို့ ကူးခပ်ရန် အကူပစ္စည်းမျှသာ ဖြစ်၏။ လက်ထဲ ဖောင်ပြီ ဆိုလျှင် တစ်ဖက်ကမ်းသို့ ရောက်အောင်သာ ကူးပေတော့။ မကူးဘဲ ရေထဲတွင် လှည့်ပတ်ပြီး မျောနေခြင်း၊ အထက် - အောက်၊ ဆန်စုန်နေခြင်း လုပ်နေပါက အဘယ်မှာလျှင် တစ်ဖက်ကမ်းသို့ ရောက်နိုင်ပါတော့မည်နည်း။

ပဋိပတ္တိသည် အန္တိမ ရည်မှန်းချက် ဖြစ်သည်။ ပဋိပတ္တိ တရား ကျင့်ကြံအားထုတ်မှသာ သတ္တဝါများ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်မည်။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ရည်ရွယ်၍သာလျှင် မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူလာရခြင်း ဖြစ်သည်ဟု ဆိုလိုသည်။

"သံသရာဝဋ်ထဲ မကျွတ်ဘဲ နေနေ။

ဖွတ်ဆွဲလို့ တပေပေငယ်၊ သေပစေ ခင်ရဲ!

နိဗ္ဗာန်မြို့ အမြိုက်ခွင်ကို၊ မလိုက်ချင်၊ ရန်းကန်လို့ဖဲ့"[၁] ရန်မသင့်ချေ။ ဘုရားသာသနာ နှင့် တွေ့ကြုံခိုက် ပဋိပတ္တိအရသာကို ခံစားကြည့်ရန် လိုပါသည်။ ချီတုံ . ချတုံ စဉ်းစားမနေသင့်။ ယခု ချက်ချင်းပင် အလျင် - အမြန် တရားစခန်းဝင် အားထုတ်ကြစေလိုပါသည်။

တရားထူး သိမြင်ရမှုသည် ရေကန်အတွင်းမှ ကြာပွင့်များ ဖူးကြ . ပွင့်ကြ၍ ဆွတ်ချူကာ လှပစွာ တန်ဆာ ဆင်ရခြင်းနှင့် တူပေတော့သတည်း။

## ၂၂။ ဘယ်အရွယ်မှာ တရားအားထုတ်ရမလဲ?

ဘယ်အရွယ်မှာ တရားအားထုတ်ရမလဲ ?။

ဒီမေးခွန်းရဲ့ အဖြေကို ကိုယ် . ကိုယ်တိုင် စဉ်းစား . ဝေဖန် . သုံးသပ် ဆုံးဖြတ်နိုင်ဖို့ "မဟာဓနသူဌေးသားဝတ္ထု" လေးကို ပြောပြပါ့မယ်။

မြတ်စွာဘုရားလက်ထက်တော်က ကုဋေရှစ်ဆယ် ချမ်းသာတဲ့ သူဌေးသား တစ်ယောက် ရှိပါတယ်။ သူဌေးသားရဲ့ မိဘတွေက သားဖြစ်သူကို ချစ်လွန်းလို့ ဒီတစ်သက် စားမကုန်ဘူးဆိုပြီး ပညာမသင်စေဘဲ ကတာ. သီချင်းဆိုတာ. တီးမှုတ်တာလောက်ပဲ သင်စေပါတယ်။ အရွယ်ရောက်လာတော့ သူ့လိုပဲ ကုဋေရှစ်ဆယ် ချမ်းသာတဲ့ ပညာမတတ်တဲ့ သူဌေးသမီးတစ်ယောက်နဲ့ အိမ်ထောင်ချပေးပါတယ်။ နှစ်ယောက်ပေါင်းလိုက်တော့ ကုဋေ တစ်ရာ့ခြောက်ဆယ် ချမ်းသာတဲ့ သူဌေးလင်မယားပေါ့ ။ ဒီလိုနဲ့ပဲ နှစ်ဖက်မိဘတွေ ကွယ်လွန်သွားခဲ့ကြတယ်။

သူဌေးဆိုတော့လည်း ဘုရင့်ဆီကို နေ့စဉ် အခစားဝင်ရပါတယ်။ ဒါကို နေ့စဉ် တွေ့နေရတဲ့ အရက်သမားတွေက စည်းရုံးဖို့ ပြင်ဆင်ကြပါတယ်။ တစ်နေ့ သူဌေးသား ဘုရင့်ဆီက ပြန်အလာလမ်းမှာ အရက်သမားတွေက အရက်ကို သောက်ပြ၊ အမြည်းကို စားပြနဲ့ "အရှင်သူဌေးသား အသက်တစ်ရာ ရှည်ပါစေ၊ အရှင်သူဌေးသားကို အမှီပြုပြီး စားနိုင် . သောက်နိုင် ရပါလို၏ " ဟု ဆုတောင်းကြပါတယ်။ ဒီလိုနဲ့ အရက်သမားတွေနဲ့ ပေါင်းမိပြီး အရက်တွေသောက်ဖြစ် သွားပါတယ်။

ဒီခေတ်မှာဆိုရင်တော့ ဘီယာပေါ့။ အခုခေတ်မှာလည်း ဒီလို ဖျက်တဲ့သူ ရှိတာပါပဲ။ သူဌေးသားက ငွေတွေကို ဘေးမှာပုံပြီး သူရဲ့ သောက်ဖော် . သောက်ဖက် အရက်သမားတွေနဲ့ ပန်းတွေ ဝယ်ခိုင်းလိုက်၊ နံ့သာ တွေ ဝယ်ခိုင်းလိုက်၊ ပြီးတော့ တီးတတ်၊ မှုတ်တတ်တဲ့ သူတွေကို ခေါ်တီးခိုင်း၊ မှုတ်ခိုင်း၊ သီချင်းဆိုတတ်တဲ့သူတွေကို သီချင်းဆိုခိုင်း၊ က.တတ်တဲ့သူတွေကို က.ခိုင်း၊ ဆုငွေတွေကို တစ်ထောင် . နှစ်ထောင်မျိုး ဆုချလိုက်နဲ့ လုပ်နေတာပေါ့။ ဒီခေတ် ကာရာအိုကေနဲ့ နိုက်ကလပ်တွေမှာ တွေ့မြင်ရတဲ့ပုံစံမျိုးနဲ့ ဆင်ဆင်တူပါလိမ့်မယ်။ ဒီလိုပဲ အရက်တွေ သောက်လိုက်နဲ့ အလုပ်မလုပ်ဘဲ အရက်ချည်းထိုင်သောက်နေလိုက်တာ ပစ္စည်းတွေ ကုန်ခမ်းပြီး တောင်းစားရတဲ့ဘဝကို ရောက်သွားခဲ့ရတယ်။

တစ်နေ့ မြတ်စွာဘုရားက တောင်းစားနေတဲ့ မဟာဓန သူဌေးလင်မယားကို ရဟန်းသာမဏေတွေက စားကြွင်း.စာကျန်တွေ ပေးနေကြတာ တွေ့.မြင်ရတော့ အရှင်အာနန္ဒာကို အောက်ပါအတိုင်း မိန့်တော်မူတယ်။

"ချစ်သား အာနန္ဒာ၊ အခု မြင်နေရတဲ့နှစ်ယောက်ကို ကြည့်စမ်းပါ။ သူဌေးသားဟာ ပထမအရွယ်မှာ တဂယ်လို့ စီးပွားရှာလိုက်ရင် ဒီမြို့မှာ ပထမအချမ်းသာဆုံး သူဌေးကြီး ဖြစ်လိမ့်မည်။ အိမ်မှထွက်ပြီး ရဟန်းပြု တရားအားထုတ်လိုက်မယ်ဆိုရင် အရဟတ္တဖိုလ်ကို ရလိမ့်မည်။ သူ့မယားဟာလည်း အနာဂါမိဖိုလ်ကို ရလိမ့်မယ်။ ဒါမှမဟုတ် ဒုတိယအရွယ်မှာ စီးပွားရှာလိုက်ဦးမယ်ဆိုရင်လည်း ဒီမြို့မှာ ဒုတိယအချမ်းသာဆုံး သူဌေးကြီး ဖြစ်လိမ့်မယ်။ ရဟန်းပြု တရားအားထုတ်မယ်ဆိုရင် အနာဂါမ် ဖြစ်လိမ့်မယ်။

မယားလည်း သကဒါဂါမ် ဖြစ်လိမ့်မယ်။ ဒါမှမဟုတ် သတိဉာဏ်ဝင်ပြီး တတိယအရွယ်မှာ စီးပွားရှာ လိုက်ဦးမယ်ဆိုရင် တတိယအချမ်းသာဆုံး သူဌေးကြီး ဖြစ်လိမ့်မယ်။ ရဟန်းပြု တရားအားထုတ်မယ်ဆိုရင် သကဒါ

ဂါမိ ဖြစ်လိမ့်မယ်။ မယားက သောတာပန် ဖြစ်လိမ့်မယ်။ အခုအရွယ်မှာတော့ အချိန်တွေ လွန်ခဲ့ပြီ။ လူ့စည်းစိမ်တွေမှ ဆုတ်ယုတ်ခဲ့သလို ရဟန်းအဖြစ်ဆိုတဲ့ မဂ် . ဖိုလ် တွေမှလည်း ဆုတ်ယုတ်ခဲ့ပြီ။ ရေခြောက်သွေ့နေတဲ့ ရေအိုင်ကို ရောက်ရှိနေတဲ့ ကြိုးကြာငှက်လို ဖြစ်ခဲ့ရရှာပြီ။"

လောကနီတိမှာ "ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာ" လို့ ရှိတာ မှန်ပါတယ်။ ဒါပေမဲ့ အခု ဒီ ဗုဒ္ဓ မြတ်စွာ ဟောကြားခဲ့တဲ့ ဒီဝတ္ထုလေးကို ထောက်ပြီး တရားထူး တရားမြတ်ရဖို့ ပထမအရွယ် ငယ်စဉ်ကာလမှာ ဦးစွာ အခွင့်အရေး ပထမ အကောင်းဆုံးပါ။ ဒုတိယအရွယ်ဟာ အခွင့်ရေး ဒုတိယအကောင်းဆုံးပါ။ တတိယအရွယ်ဟာ အခွင့်အရေး တတိယ(နောက်ဆုံး)ပဲ ဖြစ်ပါတော့တယ်။ တစ်နည်း ဆိုရသော် - ငယ်ရွယ်နုပျိုနေဆဲ ပထမအရွယ်ဟာ တရားအားထုတ်ဖို့ အကောင်းဆုံးအရွယ် ဖြစ်ပါတယ်။

လူငယ်ဆိုတာ အရောင်မတင်ရသေးတဲ့ အဖြူဆွတ်ဆွတ်လေးတွေနဲ့ တူပါတယ်။ ကာယာမဏ္ဍရိယ . ရာဂ . လောဘ. ဒေါသ . သောက . မောဟ စတဲ့ ကိလေသာအညစ်အကြေးတွင် နည်းနိုင်သမျှ နည်းနေသေးတယ်။ ရုပ်ကလည်း နုပျိုနေဆဲ၊ နာမ်ကလည်း နုပျိုနေဆဲ။ ဒါကြောင့် တရားအားထုတ်ရတာ အကောင်းဆုံးအရွယ်ပါပဲ။ အဲဒီအချိန်မှာ ဘာကိုပဲလုပ်လုပ် တက်တက်ကြွကြွ ရှိသလို ရုပ်နောက်ကို နာမ်က ကောင်းကောင်းလိုက်နိုင်တယ်။ နာမ်နောက်ကိုလည်း ရုပ်ကကောင်းကောင်း လိုက်နိုင်ပါတယ်။ စိတ်သွားတိုင်း ကိုယ်ပါ ဆိုတဲ့ သဘောပေါ့။

နုပျိုခြင်း ဆိုတာကလည်း ဘဝတစ်ခုမှာ တစ်ကြိမ်သာ ရစမြဲပါ။ ဒီတစ်ဘဝမှာ တစ်ကြိမ်သာရတဲ့ အခွင့်အရေးကို ရနေတုန်းမှာ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကို လုပ်ပစ်လိုက်တာ ဆုံးဖြတ်သင့် ဆုံးဖြတ်ထိုက်တဲ့ ဆုံးဖြတ်ချက်ကို မှန်မှန်ကန်ကန် ချမှတ်အကောင်အထည်ဖော်နိုင်ခဲ့ရင် ဘဝအတွက် အလွန် အဓိပ္ပါယ် ရှိသွားမှာပါ။ တစ်ဘဝ အတွက် သာမက တစ်သံသရာလုံး အတွက်လည်း အလွန် အကျိုးရှိသွားနိုင်ပါတယ်။ နုပျိုဆဲမှာ တရားအားထုတ်ပါဆိုလို့ ပညာသင်ကြားရေးကို လုံးဝစွန့်လွှတ်ခိုင်းခြင်း မဟုတ်ပါဘူး။ တစ်နေ့ကို မနက် နာရီဝက်၊ နေ့လည် နာရီဝက်၊ ည နာရီဝက် လောက် တရားအားထုတ်သွားနိုင်တယ်ဆိုရင်ပဲ တော်တော်ကို ကောင်းပါတယ်။ တရားအားထုတ်လိုက်တာနဲ့ စိတ်ထားလေးတွေကလည်း ကြည်လင် သန့်ရှင်းစင်ကြယ်သွားပါတယ်။ ဦးနှောက် ရှင်လန်းတက်ကြွလာပါတယ်။

တရားအားထုတ်တဲ့သူနဲ့ တရားအားမထုတ်ရသေးတဲ့သူက ကွာကိုကွာပါတယ်။ ဘယ်လိုမှ နှိုင်းယှဉ်လို့ ပြောပြလို့ မရနိုင်လောက်အောင်ပင် ကွားခြားတတ်ပါတယ်။ စိတ်ထားတွေကလည်း နူးညံ့လာတယ်။ ဒါကြောင့် ဘယ်သူနဲ့ပဲ စကားပြောပြော အဆင်ပြေဖို့ များတယ်။ မျှမျှတတနဲ့ ကိုယ်ချင်းစာတရား ထားတတ်လာတယ်။ တစ်ဖက်သူက မချေမငံ၊ ပြဿနာမတတ်. တက်အောင် ရှာပြီး ဖန်တီးပြောဆိုလာရင်တောင် ကိုယ်က သည်းခံပြီးသား ဖြစ်နေတတ်ပါတယ်။ ဒီလိုသာ နေ့စဉ်ရက်ဆက် မှန်မှန် တရားအားထုတ်သွားမယ်ဆိုလို့ရှိရင် လောကီ မဂ် . လောကုတ္တရာ မဂ် . ဖိုလ်ကို မပင်မပန်းဘဲနဲ့ ရရှိသွားနိုင်တယ်။ နောက်ဆုံး မဂ် . ဖိုလ် မရသေးနဲ့ဦး။ ဒီအပြုအမူ . အပြောအဆို အနေအထိုင် တွေကြောင့် ကိုယ့်ဘဝနဲ့ ကိုယ့်လုပ်ငန်းခွင်မှာ များစွာ အထောက်အကူပြုပြီး ဘဝအေးချမ်းမှုကို ရရှိမှာကတော့ အမှန်ပါပဲ။

❀ အိုရမည့်ဘေး မရောက်သေး၊ မျော်တွေး ဆင်ခြင်ပါ။
မအိုသေးခင် တရားဝင်၊ အဆင်ပြေလှသည်။
အိုသောအခါတွင် တရားဝင်၊ အဆင်မပြေပြီ။
အိုသောခါမှ တရားမရ၊ မှားကြပါလိမ့်မည် [၁]။

---

၁။ သဒ္ဓမ္မရံသီ ဆရာတော်ဘုရားကြီး ။

## ၂၃။ အင်္ဂါလေးရပ် ညီညွတ်က မဂ် . ဖိုလ် အဆင့်ဆင့်ရ၏

အောက်ဖော်ပြပါ အင်္ဂါရပ်လေးပါးဖြင့် ညီညွတ်ပါက ဤတရားများကိုပင် အဖန်တလည်လည် ရှုပွားခြင်းဖြင့် အထက် မဂ် ဖိုလ် အဆင့်ဆင့် (သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ) ရရှိနိုင်ပေသည်။ အထက် မဂ် . ဖိုလ်များအတွက် အခြား အင်္ဂါရပ်များ သီးခြား ထပ်မလိုတော့ပါ။

"စတ္တာရိ မာနိ ဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ ကတမာနိ စတ္တာရိ "၊

(က) သပ္ပုရိသ သံသေဝေါ = သူတော်ကောင်းနှင့် ပေါင်းသင်း။

(ခ) သဒ္ဓမ္မဿဝနံ = သစ္စာတရားမျိုးကို ရွေး၍ နာကြား။

(ဂ) ယောနိသော မနသိကာရော = နည်းမှန်၊ လမ်းမှန် ကြံဆ နှလုံးသွင်း။

(ဃ) ဓမ္မာနုဓမ္မ ပဋိပတ္တိ = ရနိုင်လောက်အောင် ဖွဲသန်သန်ဖြင့် အားထုတ်ခြင်း [၁] တို့ အသီးသီး ဖြစ်ကြပါသည်။

- မဂ် . ဖိုလ် . နိဗ္ဗာန်၊ ရရောက်ရန် နှင့်၊ ရှစ်တန် အရိယာ၊ ဖြစ်လိုပါမူ၊ ကောင်းစွာ ကျင့်သုံးပေး။
- သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာနှလုံး၊ ကျင့်သုံးဖွဲသန်၊ သောတာပန် ဖြစ်ရန် အကြောင်းလေး။

### (၂)ပဓာနိယင်္ဂ ငါးပါး ပြည့်စုံက ၊ မကြာချက်ချင်း တရားထူး ရနိုင်သည်

မြတ်စွာဘုရားရှင်က ဆင်မန္တာန် စောင်းတော်ရှင် ဥဒေနမင်း၏ သားတော် ဗောဓိမင်းသားအား မိန့်တော်မူသည်မှာ "ဗောဓိမင်းသား၊ တရားထူးရနိုင်ရန် ခုနစ်နှစ်ကြာသည်ကို ထားဦး။ ဤ ပဓာနိယင်္ဂငါးပါးနှင့် ပြည့်စုံပြီး၊ ဘုရားရှင်၏ အဆုံးအမကို ရရှိခဲ့သော် ခြောက်နှစ်၊ ငါးနှစ်၊ လေးနှစ်၊ သုံးနှစ်၊ နှစ်နှစ်၊ တစ်နှစ်ဖြင့်ပင် အရဟတ္တဖိုလ်သို့ ရောက်နိုင်ပေ၏။ မင်းသား တစ်နှစ်ကို ကြာသည်ထားဦး။ ခုနစ်လ၊ ခြောက်လ၊ ငါးလ၊ လေးလ၊ သုံးလ၊ နှစ်လ၊ တစ်လ အတွင်းမှာပင် အရဟတ္တဖိုလ် သို့ ရောက်နိုင်ပေ၏။ နောက်ဆုံး တစ်ရက်ဆိုသည်ကိုပင် ကြာမြင့်သည် ထားဦး။

- ညချမ်းအခါ၌ ဘုရားရှင်၏ အဆုံးအမကို ရခဲ့သော် နံနက်ရောက်လျင် တရားထူးကို ရနိုင်၏။
- နံနက်အခါ၌ ဘုရားရှင်၏ အဆုံးအမကို ရခဲ့သော် ညချမ်းအခါရောက်လျင် တရားထူးကို ရနိုင်သည်သာ ဖြစ်၏ [၂] ဟု ဟောကြားတော်မူလေသည်။

### (၃) တရားထူးရနိုင်သည့် ပုဂ္ဂိုလ်လေးမျိုး

တရားဓမ္မအယးထုတ်ကြသူများနှင့် ပတ်သက်၍ မိမိတို့သည် မည်သည့် ပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်နေကြောင်းကို သိရှိနိုင်ကြစေရန် "စတုက္ကနိပါတ်၊ အင်္ဂုတ္တိုရ်ဒေသနာတော်"မှ ကောက်နုတ် ဖော်ပြပါမည်။

(က) ဥဃ္ဃဋိတညူပုဂ္ဂိုလ် = တစ်လုံးတစ်ပါဒ ဟောရုံမျှဖြင့် တရားထူးရရှိနိုင်သူများ။ (ဥပမာ - အရှင် စူဠပန္ထမထေရ် )

(ခ) ဝိပဉ္စိတညူ ပုဂ္ဂိုလ် = အကျယ်တဝင့် ဟောကြားခြင်း၊ နာယူခြင်းဖြင့် တရားထူး ရရှိနိုင်သူများ။ (ဥပမာ - အရှင်ကုမာရကဿပ )

(ဂ) နေယျပုဂ္ဂိုလ် = ယခုဘဝ၌ပင် သမ္မပ္ပဓာန် ဖွဲ ၊ လုံ့လဖြင့် အရိုးကြေကြေ၊ အရေခန်းခန်း၊ အားမလျော့တမ်း အားထုတ်လျှင် တရားထူးရရှိနိုင်သူများ။

---

၁။ အင်္ဂုတ္တိုရ်ပါဠိ၊ စတုက္က ၊ ၂။ ပဏ် - ၂။ပါ - ၂၇၇၊ ဋ္ဌ - ၂၂၂၊ဓမ္မ - ဋ္ဌ၃ - ၈၅။

(ဃ) ပဒပရမပုဂ္ဂိုလ် = ယခု ပစ္စုပ္ပန်ဘဝတွင် တရားထူး မရရှိနိုင်သေးသော်လည်း နောက်ဘဝ (လာမည့်ဘဝ) တွင် တရားထူး ရရှိနိုင်သူများ ဟူ၍ အသီးသီး ဖြစ်ကြသည်။

## ၂၄။ မည်သူမဆို နိဗ္ဗာန်ဝင်ခွင့် ရရှိနိုင်ကြသည်

ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော တရားဓမ္မအတိုင်း ကြိုးစား၊ ကျင့်ကြံ၊ အားထုတ်ကြလျှင် ရာထူး ဂုဏ်သိရ်၊ ပုဂ္ဂိုလ် အဆင့်၊ ဆင်းရဲ၊ ချမ်းသာ၊ အလှအမရွေး၊ အရွယ် ခွဲခြားမှု မရှိ မည်သူမဆို တရားစစ်၊ တရားမှန် အမြိုက် နိဗ္ဗာန်ကို ရရှိနိုင်ကြသည်သာ ဖြစ်၏။

အသက်အရွယ် ငယ်ပင်ငယ်ငြားသော်လည်း တရားထူးသိမြင် နိဗ္ဗာန်ဝင်သွားကြသူများ ရှိပါသဖြင့် ဆက်လက်ဖော်ပြပါအံ့။

### (၁) လေးနစ်သားအရွယ် ရဟန္တာဖြစ်သူများ

- ပဒုမုတ္တရ ဘုရားရှင်လက်ထက် ဆီးမီးလှူဒါန်းသူ - ဧကပဒီပိယထေရ်။
- သိဒ္ဓတ္ထ ဘုရားရှင်လက်ထက် ဆီမီးတစ်ခွက် လှူဒါန်းသူ - ဧကပဒီပိယထေရ်။

(အပဒါနပါဠိ၊ ပ၊ နှာ - ၂၁၀၊ ဒု၊ နှာ - ၄၀၀ )

### (၂) ငါးနစ်သားအရွယ် ရဟန္တာ ဖြစ်သူများ

(က) ပဋ္ဋသီလ သမာဒါနိယထေရ် ( အပဒါနပါဠိ၊ ပ၊ နှာ - ၈၆ )
(ခ) ပဒုမ ထေရ် ( အပဒါနပါဠိ၊ ပ၊ နှာ - ၁၁၂ )
(ဂ) စန္ဒနမာလိယထေရ် ( အပဒါနပါဠိ၊ ပ၊ နှာ - ၆၃ )

(၉၁) ကမ္ဘာထက်က ပွင့်ထွန်းတော်မူခဲ့သော ပဒုမုတ္တရဘုရားရှင် စသည်တို့၏ လက်ထက်တော်တွင် လေးနစ်သား၊ ငါးနစ်သား အရွယ်ဖြင့် ရဟန္တာဖြစ်သူများ ရှိခဲ့ပါသည်။

ဤဂေါတမဘုရားရှင် လက်ထက်တွင် ခုနစ်နှစ်သားအရွယ်ဖြင့်သာ ရဟန္တာ ဖြစ်သူတို့ ရှိပါသည်။

### (၃) ခုနစ်နစ်သားအရွယ် ရဟန္တာ ဖြစ်သူများ

(က) ပဏ္ဍိတ သာမဏေ (ဓမ္မပဒ အဋ္ဌကထာ၊ ပဏ္ဍိတဝဂ်၊ ပ၊ နှာ - ၃၅၉ )
(ခ) သုခ သာမဏေ (ဓမ္မပဒ အဋ္ဌကထာ၊ ဒဏ္ဍဝဂ်၊ ဒု၊ နှာ - ၅၅ )
(ဂ) သံကိစ္စ သာမဏေ ( ဓမ္မပဒ၊ သဟဿဝဂ်၊ ပ၊ နှာ - ၄၅ )
(ဃ) သောပါက သာမဏေ (အပဒါန ပါဠိ၊ ပ၊ နှာ - ၇၁ )
(င) သုမန သာမဏေ (ဓမ္မပဒ၊ အဋ္ဌကထာ၊ ဘိက္ခုဝဂ်၊ ဒု၊ နှာ - ၃၈၂ )
(စ) ရေဝတ သာမဏေ (ဓမ္မပဒ အဋ္ဌကထာ၊ အရဟန္တဝဂ်၊ ပ၊ နှာ - ၃၉၆ )
(ဆ) အသနဗောဓိယ ထေရ် (အပဒါန ပါဠိ၊ ပ၊ နှာ - ၁၂၃ )
(ဇ) တိသရဏဂမနိယထေရ် (အပဒါန ပါဠိ၊ ပ၊ နှာ - ၈၃ )
(ဈ) ဓမ္မသာဝနိယ ထေရ် (အပဒါန ပါဠိ၊ ပ၊ နှာ - ၃၁၆ )
(ည) နဂ္ဂုဏ္ဏပုပ္ဖိယ ထေရ် (အပဒါန ပါဠိ၊ ပ၊ နှာ - ၂၂၉ - ၃၀၀ )
(ဋ) မဂ္ဂသညက ထေရ် (အပဒါန ပါဠိ၊ ပ၊ နှာ - ၁၆၇ )
(ဌ) ဝိဓူပနဒါယက ထေရ် (အပဒါန ပါဠိ၊ ပ၊ နှာ - ၁၁၅ )
(ဍ) သတရံသိ ထေရ် (အပဒါန ပါဠိ၊ ပ၊ နှာ - ၁၁၆ )

(ပ) သပရိဝါရ သတ္တဒါယကထေရ် (အပဒါန ပါဠိ၊ ပ ၊ နှာ -၁၀၄ )

(ဏ) ရှင်သီဝလိထေရ် ( ဓမ္မပဒ အဋ္ဌကထာ ၊ ပြဟ္မဏဝဂ်၊ ဒု ၊ နှာ -၄၂၆ )

## (၄) ခုနစ်နှစ်သမီးအရွယ် ရဟန္တာ ထေရီများ

(က) ကေစပေါသထိကာ ထေရီ (အပဒါနပါဠိ၊ ဒု ၊ နှာ - ၂၀၀ )

( ခ ) ပဋ္ဌပဒီပဒါယိကာ ထေရီ (အပဒါနပါဠိ၊ ပ ၊ နှာ - ၂၀၅ )

( ဂ ) ပဋ္ဌဒီပိကာ ထေရီ (အပဒါနပါဠိ၊ ပ ၊ နှာ - ၁၉၇ )

အရွယ်ပင် နပျိုသော်လည်း ဓမ္မမျိုးဆက်သစ်ပါရမီရှင်များကို အားကျဖွယ် ကောင်းလှပါပေသည်။ မိမိတို့ကလည်း အတုယူ၍ ကြိုးစားအားထုတ်သင့်ကြပါပေသည်။

## (၅) လူမျိုးမပျောက်အောင် သာသနာ့အကျိုးဆောင်

ထို့ကြောင့် သာမဏေငယ်တို့သည် သာသနာတော်ကြီးအတွက် မျိုးဆက်သစ်၊ မျိုးစေ့တို့သာ ဖြစ်ကြပေကုန်၏။ သာမဏေငယ်များကို ငယ်ရွယ်ပါသေးသည် ဆိုပြီး၊ ဒါယကာ၊ ဒါယိကာမများက မထေမဲ့မြင် မပြုသင့်ပေ။ ထေရ်ကြီး ၊ ဝါကြီးများကလည်း တစ်ချိန်က သာမဏေငယ်များသာ ဖြစ်ခဲ့ကြရသည် မဟုတ်ပါလား ? သို့ဖြစ်၍ "ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊ သားထူးသားမြတ် ဖြစ်အပ်ရာသည်" ဆိုသကဲ့သို့၊ အနာဂတ်၏ ကြယ်ပွင့်ကလေးများကို ထိုက်သင့်သလို ချီးမြှင့်မြှောက်စားကြရပေမည်။

သာသနာတော်ကို စောင့်ရှောက်ကြကုန်သော မထေရ်ကြီးများကလည်း မျိုးဆက်မပြတ်အောင် ထိန်းကွပ်လျက်၊ သာမဏေငယ်များသို့ ပခုံးချင်းပြောင်း လက်ဆင့်ကမ်း သာသနာပြုကြရ ပေမည်။ ဤနည်းဖြင့် သာသနာတော် မပျောက်လျှင် ဘာသာလည်း မပျောက်နိုင်။ ဘာသာမပျောက်လျှင် ယဉ်ကျေးမှုလည်း မပျောက်နိုင်။ ယဉ်ကျေးမှုမပျောက်မှသာ လူမျိုးလည်း မပျောက်မည် ဖြစ်ပေသည်။

## ၂၅။ တရားထူး ရရှိရန် ရဲရဲကြီး အာမခံပါသည်

"ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဝေ ဘာဝေယျ သတ္တာဟံ၊ တဿ ဒိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိဝါ ဥပါဒိသေသ အနာဂါမိတာတိ [၁]။"

ဗုဒ္ဓဘုရားရှင်သည် တရားဓမ္မအားထုတ်ကြသော ယောဂီသူတော်စင်တို့အား ခုနစ်ရက် ကျင့်ကြံအားထုတ်ပါက အရဟတ္တ မဂ် . ဖိုလ် ရရှိနိုင်ကြောင်း၊ အကယ်၍ ဥပါဒါန်တရား အကြွင်းအကျန် ရှိနေသေးပါက အနာဂါမိမဂ် . ဖိုလ် အထိ ဆိုက်ရောက်နိုင်ကြောင်း မိန့်ကြားတော်မူခဲ့ပါသည်။ ထို့ပြင် ခုနစ်ရက် ကျင့်ကြံအားထုတ်ရုံမျှဖြင့် မဂ် . ဖိုလ် မရသေးက ခုနစ်လ. ခုနစ်နှစ်အထိပင် ဆင့်ကဲ. ဆင်းကဲ အားထုတ်ပါက ဓမ္မမဂ် . ဖိုလ် ဝင် နိဗ္ဗာန်မြင်နိုင်ကြောင်း အကျယ်တဝင့် ဟောကြားထားပါသည်။ ဒေသနာတော်၌ ခုနစ်နှစ်မှစ၍ ဟောကြားခြင်း ဖြစ်သည်။

"သုတ်မဟာဝဂ္ဂပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်"တွင် ဤလောက၌ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကောင်းမွန်မှန်ကန်စွာ ကြိုးစားအားထုတ်ခြင်း ရှိနေသရွေ့ ကာလပတ်လုံး ရဟန္တာ မဆိတ်သုန်းနိုင်ပေဟု မိန့်ကြားထားသည်မှာ အလွန်အားတက်ဖွယ်ရာ ဖြစ်ပါသည်။

---

၁။ ဒီယနိကာယ်၊ မဟာဝဂ္ဂပါဠိ၊ မဟာသတိပဋ္ဌာနသုတ်။

## (၁) တရားအားထုတ်သော်လည်း ပထမ မဂ် ၊ ဖိုလ် ပင် မရနိုင်သူများ

တရားအားထုတ်သော်လည်း မဂ် ၊ဖိုလ် မရနိုင်သူ ငါးဦးရှိရာ -

(က) ပဉ္စာနန္တရိယ ကံကြီးထိုက်သူ၊

(ခ) မိစ္ဆာဒိဋ္ဌိ အယူရှိသူ၊

(ဂ) သန္ဒေ ညှဲဖျင်းသူ၊

(ဃ) ဘုရား ၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ ၊ အရိယာပုဂ္ဂိုလ်များအား၊ မတရားစွပ်စွဲပြောဆိုသူ၊

(င) အာပတ်တန်းလန်း ရှိနေသော ရဟန်းတော်(ဥပမာ - ဧရာပထနဂါးမင်းကြီး)။

ပဉ္စာနန္တရိယကံကြီးထိုက်သူ ဆိုသည်မှာ -

- မာတုဃာတက = အမိကို သတ်သူ။
- ပိတု ဃာတက = အဖကို သတ်သူ။
- အရဟန္တ ဃာတက = ရဟန္တာကို သတ်သူ။
- လောဟိတုပ္ပါဒက = ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုသူ။
- သံဃဘေဒက = သံဃာကို ကွဲပြားအောင်ခွဲဖျက်သူတို့ အသီးသီးဖြစ်ကြသည်။

ပဉ္စာနန္တရိယကံကြီးထိုက်သူများတွင် အရှင်ဒေဝဒတ် နှင့် အဇာတသတ်တို့သည် အလွန်ထင်ရှားကြ၏။ မိစ္ဆာဒိဋ္ဌိ ဟူသည် အဆိုးရွားဆုံး မဂ်တား၊ ဖိုလ်တားကြီး ဖြစ်၏။ မိစ္ဆာဒိဋ္ဌိ အပြစ်ကြီးမားကြောင်းကို -

"နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊
ယံ ဧဝံ မဟာသာဝဇ္ဇံ ယထယိဒံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ၊
မိစ္ဆာဒိဋ္ဌိ ဘိက္ခဝေ ပရမာနိ မဟာသာဝဇ္ဇာနိ [၁]။"

နိယတ မိစ္ဆာဒိဋ္ဌိ ဖြစ်လျှင် ဤကမ္ဘာပျက်သော်လည်း နောက်ကမ္ဘာထိ အပြစ်ဆက်၍ ခံရကြောင်း ကျမ်းဂန်များ၌ ဖော်ပြပါရှိသည်။

## (၂) ပထမ မဂ် ၊ ဖိုလ် မရနိုင်သော ပုဂ္ဂိုလ် (၁၆)ဦး ရှိသေးရာ -

(က) တိရစ္ဆာန်၊

(ခ) ပြိတ္တာ၊

(ဂ) မိစ္ဆာဒိဋ္ဌိ အယူရှိသူ၊

(ဃ) ကုဟက ပုဂ္ဂိုလ် (ကောက်ကျစ်စဉ်းလဲသူ )၊

(င) မာတုဃာတက၊

(စ) ပိတုဃာတက၊

(ဆ) အရဟန္တဃာတက၊

(ဇ) သံဃဘေဒက

(ဈ) လောဟိတုပ္ပါဒ၊

(ည) ထေယျသံဝါသက (ထေရ်ခိုး၊ ဟန်ဆောင်ပေါင်းသင်းသူ)၊

(ဋ) တိတ္ထိယပက္ကန္တက (တိတ္ထိအယူ ပြောင်းယူသူ )၊

---

၁။ အင်္ဂုတ္တိုရ်၊ ဧကဓမ္မပါဠိတော် ၊

(ဃ) ဘိက္ခုနီဒူသက၊

(ង) သံဃာဒိသိသ်(အာပတ်သင့်ပြီး မကုစားသောရဟန်း)၊

(ဗ) ပဏ္ဍုက်သုံးမျိုး(ယောကျ်ား + မိန်းမ ပြောင်းလဲနေသူ)၊

(ဏ) ဥဘတောဗျည်း (လိင်အင်္ဂါ နှစ်မျိုးပါသူ )၊

(တ) ခုနစ်နှစ်အရွယ်ထက်ငယ်သောသူတို့ အသီးသီးဖြစ်ကြသည်။ [၁]

❀ အချိန်ရှိခိုက် ၊ ကြိုးစားထိုက်၊ မမိုက်သင့်ကြချေ။
ဒါန ၊ သီလာ ၊ ဘာဝနာ၊ မှန်စွာ ပြုသင့်ပေ။
သီလ. သမာ ၊ မြတ်ပညာ၊ ကျင့်စရာမှန်လှပေ။
မဂ္ဂင်ရှစ်ပါး ၊ ကျင့်ကြံပွား၊ ဆိုက်ငြား နိဗ္ဗူတေ။ ။

## ၂၆။ အရိယာ အစစ်၊ အမှန်ဖြစ်မည့် ကျင့်စဉ်
## (မုံရွေး - မဟာဇေတဝန်ဆရာတော် )

"သီလေပတိဋ္ဌာယနရော၊ သပ္ပညော စိတ္တံ ပညဉ္စ" ဟူသော သဂါထာဝဂ္ဂသံယုတ်ပါဠိတော်လာ၊ တစ်ဂါထာကို မူရင်းတည်ပြီးလျှင် သီလစင်ကြယ်မှသာ စိတ္တဝိသုဒ္ဓိဖြစ်၍ မဂ်ဖိုလ်ပညာများ ရရှိနိုင်ကြောင်းတို့ကို အကျယ်အားဖြင့် ဖွင့်ပြတော်မူအပ်သော "ဝိသုဒ္ဓိမဂ်ကျမ်းကြီး" အား သေချာစွာ စဉ်းစား၍ ကြည့်လျှင်၊ ယခုကာလ ဈေးထဲ၌ ရောင်းသော သား-ငါးနှင့် အိမ်သို့လာ၍ ရောင်းသော သား-ငါးတို့သည် အစွန်းသုံးပါး ကြားသား၊ မြင်သား၊ ယုံမှားသံသယဖြစ်သော အသားတို့မှ မလွတ်ခြင်းတို့ကြောင့်လည်းကောင်း၊ ပါဏာတိပါတကံ အရာ၌လည်း -

(၁) မိမိကိုယ်တိုင် သတ်ခြင်း၊

(၂) သူတစ်ပါးကို အသတ်ခိုင်းခြင်း၊

(၃) သတ်သူကို အားပေးခြင်း (ဝယ်စားသူများကို ဆိုလိုသည် )။

ဤအင်္ဂါသုံးပါးတွင် တစ်ပါးပါး၊ ငြိလျှင် ပါဏာတိပါတကံ ထိုက်ကာ သီလပျက်ခြင်းကြောင့် (သား-ငါးများကို ဝယ်စားခြင်းသည် သတ်သူကို အားပေးခြင်းသာ စင်စစ်ဧကန်အမှန်ဖြစ်သောကြောင့် ) လည်းကောင်း၊ "သက်သတ်လွတ်စား၍ တရားအားထုတ်ခြင်းသည်သာ အကောင်းဆုံး မဂ်ဖိုလ်နိဗ္ဗာန်ကို အမြန်ဆုံးရလွယ်ကြောင်း" ပညာရှိသူတို့ သတိပြုသင့်လှပေသည်။

သတ္တဝါချင်းအတူတူ ဖြစ်ပါလျက် အနိုင်ကျင့်ကာ ကိုယ် သတ်တာမှမဟုတ်ဘဲဟူ၍ မလုံလောက်သော ဆင်ခြေစကားကို ပြောဆိုရုံမျှမကသေး၊ ဘုရားတောင်မှ စားသေးတာဟု ဘုရားကိုပါ သူခိုးသေဖော်ညှိပြီး၊ အကျက်အားဘီလူး(အသား-ငါးများ ချက်ပြုတ်စားသောက်ခြင်းကို ဆိုလိုသည် ) ဘဝသို့ ရောက်မှန်းမသိ ရောက်ရှိနေကြသည့်အဖြစ်ကို လေးနက်စွာ ဆင်ခြင်ကြစေလိုပါသည်။

အင်္ဂုတ္တိုရ် သံယုတ် ခုဒ္ဒကပါဌ် စသော ပါဠိတော်ကြီးလာ "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ" ဆိုသည့်အတိုင်း သတ္တဝါမှန်သမျှတို့သည် အာဟာရ၌ တည်မှီကြရကုန်၏။ တစ်ဖန် "ဥတုဘောဇနမ္ပိ ဥပနိဿယ ပစ္စယေန ပစ္စယော" ဟု ပဋ္ဌာန်းပါဠိတော်ကြီး၌ အကျယ်ဟောတော်မူထားပြန်သည်။

---

၁။ မိလိန္ဒပဥှာပါဠိတော် နှာ - ၂၈၉၊

လိုရင်းအချုပ် အဓိပ္ပါယ်ကို ထုတ်ဖော်ပြသော် ယခုအခါ လူတို့သည် တိရစ္ဆာန်မပေါင်း စုံလင်စွာတို့ကို လောဘ၊ ဒေါသ၊ မောဟတွေခြံရံလျက်၊ ရက်ရက်စက်စက် သတ်ဖြတ်ကြပြီးလျှင် ထိုတိရစ္ဆာန်ပေါင်းစုံတို့၏ အသားကို မြိန်မြိန်ရက်ရက် မက်မက်မောမော၊ နှစ်နှစ်သက်သက် တဏှာ မာန ဒိဋ္ဌိတရားဆိုးတွေ အပြည့်ဖက်ကာ စားသောက်နေကြခြင်းတို့ကြောင့် လူတို့၏ အတွင်းစိတ်သန္တာန်တွင် တိရစ္ဆာန်ပေါင်းစုံတို့၏ တိရစ္ဆာန်စိတ်များ ပူးဝင်စွဲကပ်နေကြသည်။

ထို့ကြောင့် စိတ်ဓာတ်တွေ အထူးထူး အဖုံဖုံ စုံလင်စွာ၊ အလွန်တရာ ဆိုးရွား၊ ကြမ်းတမ်း၊ ယုတ်မာ ညံ့ဖျင်းလာခြင်းတို့ကြောင့် မိဘ၊ ဆရာ စသော ကျေးဇူးရှင်များကိုပင် အဝမွှပြုလုပ်ဝံ့ကြသည့်အထိ စိတ်ဓာတ်တွေ ပျက်ခြင်းမလှ ပျက်ပြား အတင့်ရဲလာကြတော့သည်။

လူတို့သည် သတ္တဝါအချင်းချင်း "မေတ္တာ၊ ကရုဏာ" အလွန်ကင်းကွာကြပြီးလျှင် စားသောက်လိုသော "တဏှာ၊ လောဘ၊ အကုသိုလ် စိတ်ဓာတ်" ဖြင့် အာသာငမ်းငမ်းတက်ကာ၊ မိမိ၏ ရန်သူမဟုတ်သော သိုး၊ ဆိတ်၊ ကြက်၊ ဝက်၊ ဘဲ၊ ငှက်၊ ငါး ပုစွန် စသော တိရစ္ဆာန်တို့ကို နိုင်ထက်စီးနင်း အတင်းအဓမ္မ သတ်ဖြတ် ရောင်းဝယ် စားသောက်နေကြသည်။ တဖြည်းဖြည်း ရိုးရာ အစဉ်အလာသဖွယ်ဖြစ်ကာ စိတ်ရဲလက်ရဲဖြင့် "ဒေါသ၊ မာန်မာန" တွေ တက်ကြွလာကြပြီး၊ စီးပွားဖက်ကျေးဇူးရှင် ကျွဲ၊ နွား၊ ဆင်၊ မြင်း များကိုပင် သတ်ဖြတ် စားသောက် ကြရုံမျှမကတော့ဘဲ၊ ထိုမှတဆင့် "လူ-လူချင်းကို ညှဉ်းပန်း၊ နှိပ်စက်၊ သတ်ဖြတ်ရန်ပင် ဝန်မလေးကြတော့ပြီ" တစ်နေ့ထက်တစ်နေ့ ပိုဆိုးလာ၍ နောင်အခါ မတွေးဝံ့စရာပင်။ အကြောင်းရင်းရှာသော် "မူလအစ သည် သား-ငါး အစားကြူးကြခြင်းကြောင့်သာ ဖြစ်လေသည်။"

ထို့ကြောင့် ယခုအခါ -

(၁) အန္တရာယ်ပေါင်းစုံနှင့် ရင်ဆိုင်တွေ့ကြုံနေရခြင်း၊

(၂) စိတ်ချမ်းသာမှု သုခနည်း၍၊ စိတ်ဆင်းရဲမှု ဒုက္ခများနေကြခြင်း၊

(၃) စီးပွားဥစ္စာ ကြွယ်ဝချမ်းသာသူ နည်းပါး၍ ဆုတ်ယုတ်သူတွေ များပြားလာခြင်း၊

(၄) တိုးတက်မှု နည်းပါး၍၊ ပျက်စီး ဆုတ်ယုတ်မှု အသချေ်ယျ၊ အပ္ပမေယျ အနန္တတို့နှင့် ဒုက္ခပင် လယ်ဝေ နေကြရခြင်း၊

(၅) အနိဋ္ဌာရုံမျိုးစုံတို့ကို တွေ့ကြုံခံစားနေကြရခြင်း စသည်တို့ ဖြစ်လာကြရသည်။

အသားစားကြူးနေသမျှ ကာလပတ်လုံး ထိုဒုက္ခဝဋ်ဆင်းရဲများမှ ကင်းလွတ်မည့် အချိန်အခါကောင်းကို မျှော်လင့်၍ မရနိုင်ပေ။ သားသတ်စားမှု ရှောင်ကြဉ်သောအခါကြမှသာလျှင် သာယာဝပြောသော အခါသမယကို ရရှိပါလိမ့်မည်။ သီလစင်ကြယ်၍ မဂ်ဖိုလ် နိဗ္ဗာန် တရားကို အမြန်ရလွယ်လိမ့်မည်။

(ပဋ္ဌာန်းပါဠိတော်နှင့် သုတ္တနိပါတ် အဋ္ဌကထာတို့ကို ကိုးကားပြဆိုခြင်း ဖြစ်ပါသည်။)

ဥပမာ (က) ပါရစ္ဆတ္တက ကမ္မဋ္ဌာန်း - ဝေဒနာ ဝိပဿနာ၊

(ခ) ပါရစ္ဆတ္တက ကမ္မဋ္ဌာန်း - ခန္ဓာငါးပါး ဝိပဿနာ၊

တို့အနက် တစ်ခုခုကို သက်သတ်လွတ်စား၍ တရားပွားများအားထုတ်ကြစေလိုပါသည်။

## (၁)ပါရစ္ဆတ္တက ကမ္မဋ္ဌာန်း - ဝေဒနာဝိပဿနာပွားများနည်း

ရူပါရုံ - မျက်စိဒွါ အကောင်းကိုဖြစ်စေ၊ အဆိုးကို ဖြစ်စေ၊ ကောင်း-ဆိုး နှစ်ပါးကင်းလွတ်၍ ဖြစ်စေ၊ တွေ့မြင်လာသော အာရုံတို့တွင်၊ အကောင်းဖြစ်သော "သောမနဿ ဝေဒနာအာရုံ"ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု စွဲမြဲစွာ သတိထား ပွားများပါ။ အဆိုးဖြစ်သော "ဒေါမနဿ ဝေဒနာအာရုံ"ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု စွဲမြဲစွာ

သတိထား ပွားများပါ။ ကောင်းဆိုးနှစ်ပါးမှ ကင်းလွတ်သော "ဥပေက္ခာ ဝေဒနာအာရုံ" ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု စွဲမြဲစွာ သတိထား ပွားများပါ။

ထိုအတူ -

- နား၌ ကြားလာသော - သဒ္ဒါရုံဟူသမျှ၊
- နှာခေါင်း၌ နံလာသော - ဂန္ဓာရုံဟူသမျှ၊
- လျှာ၌ တွေ့လာသော - ရသာရုံဟူသမျှ၊
- ကိုယ်၌ တွေ့လာသော - ဖောဋ္ဌဗ္ဗာရုံ ဟူသမျှ
- သုခ - ဒုက္ခ အလုံးစုံပေါင်းဆုံလာသော ဓမ္မာရုံဥပေက္ခာအားဖြင့် ဖြစ်ပေါ်လာသော ဝေဒနာ ဟူသမျှတို့ကိုလည်းကောင်း "လက္ခဏာ" တင်၍ အမြဲ အထပ်ထပ် မပြတ် ရှု၊ ဆင်ခြင်ရမည်။

"ထိုဝေဒနာ ဝိပဿနာကမ္မဋ္ဌာန်း၌ ပုဂ္ဂိုလ်ခွဲနည်း" ကို ဆက်လက် ပြဆိုပါမည်။

ခြောက်ဒွါရ - ခြောက်အာရုံတို့၌ ဖြစ်ပေါ်လာသမျှတို့ကို သောမနဿ - သုခဝေဒနာ၊ ဒေါမနဿ - ဒုက္ခဝေဒနာ၊ အဒုက္ခ မသုခဥပေက္ခာဝေဒနာ၊ ဤသို့အားဖြင့် ဝေဒနာ ခွဲခြားစိတ်ဖြာ၍ "ဉာတပရိညာ" အားဖြင့် သိလျှင်ပင် အဖိုးလည်း အတော်တန်၊ ခရီးလည်း အတော်ရောက်ပြီဟု ဆိုအပ်သော "ကလျာဏပုထုဇဉ်" ဖြစ်ပြီ ဟူ၍ မှတ်ရမည်။

ထိုဝေဒနာတို့ကို လက္ခဏာတင်၍ ရှုဆင်ခြင်နိုင်လျှင်ပင် ဝေဒနာကို "တီရဏပရိညာ"အားဖြင့် သိပြီး ဖြစ်သောကြောင့် "စူဠသောတာပန်" ဖြစ်ပြီဟူ၍ မှတ်ရမည်။

ထိုဝေဒနာတို့ကို "အနိစ္စဇောန်၊ ဒုက္ခ ဇောန်၊ အနတ္တ ဇောန်၊ သစ္စာဉာဏ်အားဖြင့်"လည်းကောင်း၊ ထိုဝေဒနာတို့သည် -

- ငါမဟုတ်လို့သာ "အနိစ္စလက်ချက်ဖြင့် " အနိပ်စက်ခံရ၏။
- ငါမဟုတ်လို့သာ "ဒုက္ခ လက်ချက်ဖြင့် " အနိပ်စက်ခံရ၏။
- ငါမဟုတ်လို့သာ "အနတ္တ လက်ချက်ဖြင့်" အနိပ်စက်ခံရ၏။

ဟူ၍ "ပဟာနပရိညာ"အားဖြင့် သိလျှင် "အရိယာအစစ် မဟာသောတာပန်" စသည် ဖြစ်ပြီဟု မှတ်ယူကြရမည်။

## (၂) ပါရစ္ဆတ္တက ကမ္မဋ္ဌာန်း - ခန္ဓာငါးပါး ဝိပဿနာ ပွားများနည်း

"စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန"ဟု ဆိုအပ်သော ခြောက်ဒွါရရှိသည့်အနက် "မနောဒွါရ" တစ်ခုတည်းကိုသာ ဖွင့်လျက် ကျန်ငါးပါး ဒွါရကို ပိတ်ပြီးလျှင် မိမိကိုယ်ကို သေချာစွာ သပ္ပါသမ္မဖဉ် ဉာဏ် ယှဉ်ပြီးလျှင် -

- မာ၊ ပျော့၊ ပူ၊ အေး နှင့် ဤ "ရုပ်" အစု၊ အဝေးကြီးသည် အနိစ္စ - မမြဲခြင်း၊ ဒုက္ခ - ဆင်းရဲခြင်း၊ အနတ္တ - အစိုးရမခြင်း သာတည်း။
- ဆင်းရဲ - ချမ်းသာ ဟူသော "ဝေဒနာသည်လည်း" အနိစ္စ - မမြဲခြင်း၊ ဒုက္ခ - ဆင်းရဲခြင်း၊ အနတ္တ - အစိုးရမခြင်း သာတည်း။
- အရာရာ မှတ်တတ်သော "သညာ"သည်လည်း၊ အနိစ္စ - မမြဲခြင်း၊ ဒုက္ခ - ဆင်းရဲခြင်း၊ အနတ္တ - အစိုးရမခြင်း သာတည်း။

ⓘ အလွယ်ဆုံး၊ အရှင်းဆုံး ဖြစ်စေရန် တစ်နည်းဆိုရသော်၊ ဤခန္ဓာကိုယ်ကြီးသည် "အနိစ္စ - မမြဲခြင်း၊ ဒုက္ခ - ဆင်းရဲခြင်း၊ အနတ္တ - အစိုးရမခြင်း ပါတကား" ဟု အထပ်ထပ်ပွားများ ရှုဆင်ခြင်ရမည်။

လျောင်းခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်း ဣရိယာပုတ်လေးပါးတွင် မိမိ၏ သမာဓိ အကောင်းဆုံး၊ စိတ်အကြည်လင်ဆုံး၊ ဣရိယာပုတ် ကိုယ်စိတ်နှစ်ဖြာ အချမ်းသာဆုံး ဣရိယာပုတ် တစ်ခုခုနှင့် ဖြစ်စေ၊ ဣရိယာပုတ် လေးပါးလုံး တစ်လှည့်စီ ပြောင်း၍ဖြစ်စေ "ဆုံလှည့် နွားလား၊ မီးပွတ်ယောက်ျား ကဲ့သို့" အထပ်ထပ် ပွားများ အားထုတ်ရမည်။

အထက်ပါအတိုင်း အထပ်ထပ် အခါခါ နေ့၊ လ၊ နှစ် များစွာ ပွားများဖန်များလျှင် မတွေ့မကြုံဖူးသော ဓမ္မရသ - ကမ္မဋ္ဌာနိက၊ ယောဂဇီဝ ပုဂ္ဂိုလ်များသာ ခံစားရသော တရားအရသာ"ကို တွေ့လာပါလိမ့်မည်။ မဖြစ်ဖူးသော အဖြစ်ထူးတို့ကိုလည်း အံ့ဩဖွယ် မြတ်နိုးဖွယ်တွေ မိမိ၏ "ပရိကံ - အားထုတ်ခြင်း၊ စီးဖြန်းခြင်း" လမ်းမှန်သလောက် တွေ့ကြုံလာပါလိမ့်မည်။ ထိုအခါ၌လည်း မိမိ၏ သီလ၊ သမာဓိများကို အထူးထိန်းသိမ်း၍ "သဒ္ဓါ၊ သတိ၊ ဝီရိယ" တို့ကို ပိုမိုကြိုးစားခြင်းဖြင့် နောက်ဆုံးတွင် "ဝိမုတ္တိရသ - ကိလေသာ အာသဝေါ တို့မှ လွတ်သောကြောင့် ပူပင်ခြင်း လုံးဝ မရှိသော ချမ်းသာ" အမှန်ကို ဆိုက်ရောက်ရရှိပါလိမ့်မည်။

အထက်တွင် ပြဆိုခဲ့သော ဝေဒနာ ကမ္မဋ္ဌာန်း၊ ခန္ဓာငါးပါး ကမ္မဋ္ဌာန်းတို့ကို (ကာမဂုဏ်၊ စည်းစိမ်၊ ဥစ္စာအဖြာဖြာတို့ကို စွန့်ခွာ၍) ပြင်းပြင်းထန်ထန် အားထုတ်ပါလျှင် ဝဋ်ဘဝတိုတိုနှင့် မဂ်ဖိုလ် နိဗ္ဗာန်ကို အမြန် ရရှိပါလိမ့်မည်။ (ကာမဂုဏ် စည်းစိမ် ဥစ္စာအဖြာဖြာတို့ကို စွန့်ခွာခြင်း မပြုဘဲ) အားထုတ်လျှင် တစ်ဘဝထက် တစ်ဘဝပိုမို ပါရမီရင့်သန်လာပြီး၊ တစ်ခုသော ဘဝ၌ဖြစ်စေ၊ မေတ္တေယျ ဘုရားလက်ထက်တော်ထက် မလွန်သော ဘဝ၌ဖြစ်စေ၊ မဂ်ဖိုလ် နိဗ္ဗာန် ကို ရရှိပါလိမ့်မည်။ မိမိတို့ "စေတနာ၊ သဒ္ဓါတရား" ရှိသလိုသာ အားထုတ်တော်မူကြပါကုန်။

ဤကား "ရုပ်"၊ ဤကား "ဝေဒနာ"၊ ဤကား "သညာ"၊ ဤကား "သင်္ခါရ"၊ ဤကား "ဝိညာဉ်" ဟု ခန္ဓာငါးပါးတို့ကို ခွဲခြမ်း စိတ်ဖြာ၍ ပညတ်သာမာန် "ဉာတပရိညာ"အားဖြင့် သိလျှင်ပင် "ကလျာဏ ပုထုဇဉ် ဖြစ်ပြီ" ဟု ဝမ်းမြောက်ကြရမည်။

ခန္ဓာငါးပါးတို့ကို လက္ခဏာတင်၍ ရှုဆင်ခြင်တတ်၊ ရှုဆင်ခြင်နိုင်လျှင်ပင် "တီရဏ ပရိညာ" အားဖြင့် သိရာ ရောက်သောကြောင့် "စူဠသောတာပန်" ဖြစ်ပြီဟု မှတ်ကာ "ပီတိသောမနဿ" အထူး ဖြစ်ကြရမည်။

ခန္ဓာငါးပါးတို့ကို အနိစ္စဇောန်၊ ဒုက္ခဇောန်၊ အနတ္တဇောန် အမြင်မှန် သစ္စာဉာဏ်သို့ ရောက်လျှင် "ပဟာနပရိညာ"အားဖြင့် သိရှိ ပိုင်နိုင်ပြီးဖြစ်သောကြောင့် "အရိယာအစစ် - မဟာသောတာပန် စသည် ဖြစ်ပြီ" ဟူ၍ မုချကိန်းသေ မှတ်ယူကြရမည်။ "အရိယာ အစစ် ဇောန်ဖြစ်ကြောင်း"ကို -

ယော ဝေဒနာ - ပရိညာယ၊ ဒိဋ္ဌေဝ ဓမ္မေနော အာသဝါ။

ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ သင်္ချံ နောပေတိ ဝေဒဂူ [၁]။ ဟု ဟောကြားထားရာ -

မည်သူမဆို "ဝေဒနာသုံးပါး" တို့ကို "ပရိညာသုံးပါး" တို့ဖြင့် သိအောင် အဆင့်ဆင့် ပွားများ ရှုဆင်ခြင်နိုင်လျှင် ယခုဘဝ၌ပင် မဂ်ဖိုလ် နိဗ္ဗာန်ကို ရလိမ့်မည်။

အကယ်၍ ယခုဘဝ၌ မဂ်ဖိုလ် နိဗ္ဗာန်ကို မရခဲ့သော် ဒုတိယ ဘဝ၌ မုချ - မသွေ၊ မလွဲ - ဇောန် မဂ်ဖိုလ် နိဗ္ဗာန်ကို အမှန်ရလိမ့်မည်ဟု ဘုရားရှင်က ဟောတော်မူခဲ့လေသတည်း။

(မဂ်လမ်းနှစ်သွယ် - မုံရွေး၊ မဟာဇေတဝန် ဆရာတော်ရေးသည်။ စာမျက်နှာ ၆၇ မှ ၇၇ ထိ)

---

၁။ သဠာယတန ဝေဒနာသံယုတ်၊

## (၃) အရိယာ အလိုကျ၊ မာဃတသမယ

"လယ်တီဆရာတော်" မေတ္တာရပ်ခံအပ်ပါသည်။

"မာဃတသမယ"ဆိုသည်မှာ သုတ္တနိပါတ်ပါဠိတော်ကြီးအရ "သားသတ်ခြင်းမပြုရသည့်နေ့၊ တိရစ္ဆာန် သတ္တဝါတို့အား မင်းစိုးရာဇာတို့က ဘေးမဲ့ပေးကြရသောနေ့ရက်" ကို ဆိုသည်။

ဗုဒ္ဓဘာသာဝင် လူ၊ ရှင်အပေါင်း သူတော်ကောင်းတို့ "နက်ဖြန် နေ့ရက်သည် တိရစ္ဆာန် သတ္တဝါတို့အား ဘေးမဲ့ပေးရာ သီတင်းနေ့ကြီးများ ဖြစ်ပါသည်။ သားစိမ်း၊ ငါးစိမ်းများ ရောင်းခြင်း၊ ဝယ်ခြင်း၊ စားသောက်ခြင်းတို့မှ ရှောင်ကြဉ်ကြပါကုန်။ ကျင့်ကြံအားထုတ်နိုင်သူတို့ကလည်း လဆန်းပက္ခ၊ လဆုတ်ပက္ခ၊ ဝါတွင်း-ဝါပ ဥပုသ်နေ့တိုင်း ဥပုသ်သီလ ဆောက်တည်ကြပါကုန်" ဟု အဖိတ်နေ့တိုင်း စည်တီး၊ မောင်းထုခက်ကြရမည်။ ထိုသို့ ပြုလုပ်ခြင်းကို "မာဃတစည်ကြီး၊ တီးခတ်သည်" ဟု ဆိုကြသည်။ အဝတ်ပိတ်ဖြူစတွင် ထိုစာတမ်းကိုပင် တင်ရေး၍ လူစည်ကားရာ အရပ်များ၊ ဈေးရုံများ၌ အဖိတ်နေ့တိုင်း စိုက်ထားကြရမည်။ နိဗ္ဗာန်ဆော် လူသူတော်ကောင်းတို့ကလည်း ပိတ်ဖြူ အလံ တစ်ခုစီ မိမိတို့ လက်ဝယ်ထား၍ အဖိတ်နေ့တိုင်း မိမိတို့အရပ်၏ လမ်းဆုံ၊ လမ်းမတို့၌ ထိုအလံများကို အများမြင်သာအောင် စိုက်ထူကြ၍ သတိပေး နှိုးဆော်ထားကြရမည်။

ထိုကဲ့သို့ မလုပ်-လုပ်အောင်လည်း သမ္မာဒိဋ္ဌိ၊ ဘုရားအလောင်း ရှေးသူတော်ကောင်းမင်းတို့က အမိန့်တော်ပြန်တမ်း ထုတ်ပြန်လေ့ရှိခဲ့သည်။ "မာဃတအမိန့်တော်ပြန်တမ်း" ဟု ခေါ်တွင်သည်။ တိုင်းသူ ပြည်သား လူအများအား လိုက်နာကျင့်သုံးစေခဲ့သည်။ ထိုသို့ လိုက်နာမှု မရှိသူကို ကြီးစွာသော ပြစ်ဒဏ် ပေးလေ့ရှိခဲ့ကြသည်။ ဤနည်းအားဖြင့် တိရစ္ဆာန်သတ္တဝါတို့မှာ သတ်မှု၊ သေမှုမှ ကင်းရှင်းကြရာဖြစ်သော ဘေးမဲ့နေ့ကြီး၊ ရက်ကြီးများကို ရရှိခဲ့ရိုးအစဉ် ဖြစ်သည်။ ထိုနေ့တွင် တိရစ္ဆာန် သတ္တဝါတို့မှာ ဘေးမဲ့ချမ်းသာရာ ရပြီး၊ ပြုလုပ်သူတို့မှာလည်း "အဘယ ဒါန၊ ဇီဝိတဒါန၊ အကာလမရဏဒါန၊ ပညကုသိုလ်၊ အနုညာသ ဓာရဏကုသိုလ်" အထူးဖြစ်ရ၍ နေ့ကောင်းရက်မြတ်ဟု ခေါ်ဆိုရမည် ဖြစ်ပေသည်။

ဤမာဃတအမိန့်တော်ပြန်တမ်းကို ထုတ်ပြန်၍ မာဃတသမယ ကို မည်သည့်ခေတ်အခါက စတင်ဖြစ်ပေါ် လာသနည်းဟု ပြန်လည် စိစစ်သောအခါ၊ "အသီတိနိပါတ် မဟာသုတသောမဇာတ်" ၌ သုတသောမ မင်းသားသည် အတတ်ပညာ သင်ကြား၍ အပြီးသို့ ရောက်လတ်သော်၊ ဆရာအား ကန်တော့၍ များစွာသော မင်းသားတို့နှင့်တကွ တက္ကသိုလ်ပြည်မှ ပြန်ခဲ့လေသည်။ ခရီးလမ်းအကြား၌ မင်းသားတို့သည် တစ်ဦးကို တစ်ဦး ခွဲခွာ၍ မိမိရပ်ထံ ပြန်မည်ရှိသော် သုတသောမမင်းသားက "သင်တို့သည် မိမိတို့အရပ်သို့ ရောက်လျှင်မင်းဖြစ်ကြလိမ့်မည်။ မင်းဖြစ်သောအခါ မိမိတို့ တိုင်း၊ နိုင်ငံဝယ် လပြည့်လကွယ်၊ ဥပုသ်နေ့ မရောက်မီ အဖိတ်နေ့တိုင်း တစ်လလျှင် နှစ်ကြိမ် မာဃတစည်ကြီးကို တီးခတ်ကြပါကုန်လော့" ဟု ဆိုသည့်အချိန်မှ စတင်ခဲ့ခြင်း ဖြစ်ပေသည်။

ရှေးယခင်ကပင် ပြုလုပ်ခဲ့ကြသည့် ကောင်းမြတ်သော အစဉ်အလာကို ယခုအချိန်တွင်သာမက နောက် နောင်တွင်လည်း၊ မာဃတ အမိန့်တော်ပြန်တမ်းကို လုပ်ဆောင်နိုင်သူတို့က "မလွဲမသွေ၊ မဖြစ်မနေ ထုတ်ပြန် ကြေညာလုပ်ဆောင် ကျင့်သုံးသင့်" ကြပေသည်။

၃-၉-၉၆ နေ့ထုတ် ဗုဒ္ဓဓမ္မလောကစာစောင်တွင် ရွှေထီးဣန္ဒရာကလည်းကောင်း၊ ၁၂-၈-၆၅ နေ့ထုတ် ဗုဒ္ဓဓမ္မလောကစာစောင်တွင် ပခုက္ကူမြို့ အဘိဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးကလည်းကောင်း ရေးသားထားသည်မှာ "အခါတစ်ပါး တာဝတိံသာနတ်ပြည်သုဓမ္မာသဘင် နတ်၊ ဖြဟ္မာအစည်းအဝေး၌ သိကြားမင်းသည် စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့အား အသင်နတ်မင်းတို့ သီတင်းနေ့တိုင်း၌ လူပြည်လောကသို့သွား၍ ကောင်းမှုပြုလုပ် သူတို့၏ အမည်စာရင်းကို ကောက်ယူပြီးလျှင် သုဓမ္မာအစည်းအဝေး၌ တင်ပြရမည်။ တစ်လအတွင်း ပေးသွင်းသမျှ

စာရင်းရွှေပြားများကို စတုမဟာရာဇ်နတ်မင်းကြီးတို့က သုဓမ္မာနတ်သဘင် အစည်းအဝေး၌ တင်ပြကြကုန်၏။ သုဓမ္မာသို့ ရောက်ကြကုန်သော နတ်၊ ဗြဟ္မာအပေါင်းတို့သည် စာရင်းရွှေပြားများသည်ကို မြင်ရ၊ ကြားရလျှင် လွန်စွာဝမ်းမြောက်၊ ကြွေးကြော်ဟစ်အော်ကြကုန်၏။ စာရင်း၊ ရွှေပြား နည်းပါးသည်ကိုမြင်လျှင် နလုံးမသာယာ ငွေ့နွှာ ဝမ်းနည်း၍ ညည်းညူကြကုန်၏။ နတ်တို့ဝမ်းမြောက်၍ နက္ခတ်သဘင် ပျော်ရွှင်မြူးတူးကြလျှင် လူ့ပြည်၌ မိုးရေ၊ မိုးပေါက်များ၍ စိုက်ပျိုးပင်တို့ သန်စွမ်းလျက် သီးနှံဖွံ့ဖြိုး၊ တိုးပွားကြောင်း ကျမ်းဂန်တို့၌ လာရှိသည်။"

ဗုဒ္ဓဘာသာ တရားတော်ကို ယုံကြည်သူတို့သည် မည်သည့်သက်ရှိတိရစ္ဆာန်၏ အသက်ကိုမျှ တောကစားထွက်ခြင်း၊ ကလဲ့စားချေလိုခြင်း၊ အသားကို စားသုံးလိုခြင်း၊ ဝတ်ရုံအသုံးပြုလိုခြင်း စသည်တို့အတွက် သတ်လေ့မရှိကြပေ။ အချို့က အံ့ဩလောက်အောင် သီလကို စောင့်ထိန်းလေ့ရှိကြပါသည်။ အချို့က တိရစ္ဆာန်တို့၏ အသက်ကို သတ်လိုသော ဆန္ဒရှိကြပေသည်။ သို့သော် အလွန်အင်မတန် နည်းပါးလှသည်။ ထိုသူတို့ကား တရားတော်အတိုင်း မလိုက်နာဘဲ စည်းကမ်းဖောက်ဖျက်သူများသာ ဖြစ်၍ "တရားတော်က ထိုသူတို့အား ခွင့်ချက်ပေးလိမ့်မည် မဟုတ်ပေ။"

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့၌လည်း နေ့ထူးရက်မြတ်များ သတ်မှတ်ထားကြပါသည်။ တိရစ္ဆာန်များ အပေါ်တွင် အလွန်ကရုဏာကြီးမားသည့် စိန့်ဖရန်စစ်ကို ဂုဏ်ပြုသည့်အနေဖြင့် သူ၏ မွေးနေ့ဖြစ်သော အောက်တို ဘာလ(၄)ရက်နေ့ကို ကမ္ဘာ့တိရစ္ဆာန်များနေ့အဖြစ် သတ်မှတ်ကျင်းပကြပါသည်။ ထိုနေ့သို့ ကျရောက်တိုင်း၊ တိရစ္ဆာန်များကို ယခင်ကထက် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာမှု ရရှိစေရန်အတွက် အထူးအစီအစဉ်များ ပြုလုပ်ကာ ပြုစုစောင့်ရှောက်လျက် ရှိကြပေသည်။ ဗုဒ္ဓဘာသာ ထွန်းကားသောနိုင်ငံတိုင်း အားကျ အတုယူဖွယ် ကောင်းလေစွ။

## ၂၇။ ကောဋ္ဌာသ ဘာဝနာပွားက မဂ် . ဖိုလ် နိဗ္ဗာန် လားရ၏။

(ကာယဂတာသတိ ကမ္မဋ္ဌာန်း ၊ ၃၂ ကောဋ္ဌာသ ကမ္မဋ္ဌာန်း ပွားများနည်း )

ဆီးဖြူပင် ဆရာတော်ကြီးသည် ကောဋ္ဌာသ ဘာဝနာ ပွားများနေလေ့ရှိ၏။ ဒကာ၊ ဒကာမများကိုလည်း ကောဋ္ဌာသဘာဝနာ ပွားများရန် အစဉ်တိုက်တွန်း နှိုးဆော်နေပေသည်။

- ဆံပင် . မွေးညင်း . ခြေသည်း-လက်သည်း . သွား . အရေ။ (တစပဉ္စက အနုလုံ)
  အရေ. သွား. ခြေသည်း - လက်သည်း . မွေးညင်း . ဆံပင်။ (တစပဉ္စက - ပဋိလုံ)
- အသား. အကြော . အရိုး . ခြင်ဆီ . အ ညို့။ (ဝက္ကပဉ္စက - အနုလုံ )
  အညို့ . ခြင်ဆီ . အရိုး . အကြော . အသား။ (ဝက္ကပဉ္စက - ပဋိလုံ )
  အရေ. သွား . ခြေသည်း - လက်သည်း . မွေးညင်း . ဆံပင်။
- နလုံး . အသည်း . အမြှေး . အဖျဉ်း . အဆုတ် ။ (ပပ္ဖာသ ပဉ္စက - အနုလုံ )
  အဆုတ် . အဖျဉ်း . အမြှေး . အသည်း . နလုံး။ (ပပ္ဖာသ ပဉ္စက - ပဋိလုံ )
  အညို့ . ခြင်ဆီ . အရိုး . အကြော . အသား။
  အရေ . သွား . ခြေသည်း - လက်သည်း . မွေးညင်း . ဆံပင်။
- အူမ . အူသိမ် . အစာသစ် . အစာဟောင်း . ဦးနှောက်။ (မတ္ထလုင်္ဂပဉ္စက - အနုလုံ )
  ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊
  အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသဲ၊ နလုံး။
  အညို့ . ခြင်ဆီ . အရိုး . အကြော . အသား။
  အရေ . သွား . ခြေသည်း - လက်သည်း . မွေးညင်း . ဆံပင်။

- သည်းခြေ . သလိပ် . ပြည် . သွေး . ချွေး . အဆီခဲ။ (မေဒဆက္က - အနုလုံ)
  အဆီခဲ . ချွေး . သွေး . ပြည် . သလိပ် . သည်းခြေ။ (မေဒသက္က - ပဋိလုံ )
  ဦးနှောက် . အစာဟောင်း . အစာသစ် . အူသိမ်. အူမ။
  အဆုတ် . အဖျင်း . အမြှေး . အသည်း . နလုံး။
  အညှို့ ခြင်ဆီ. အရိုး. အကြော . အသား။
  အရေ . သွား . ခြေသည်း -လက်သည်း . မွေးညင်း. ဆံပင်။
- မျက်ရည် . ဆီကြည် . တံတွေး . နပ် . အစေး . ကျင်ငယ်။ (မုတ္တဆက္က - အနုလုံ )
  ကျင်ငယ် . အစေး . နပ် . တံတွေး . ဆီကြည် . မျက်ရည် ။ (မုတ္တဆက္က - ပဋိလုံ )
  အဆီခဲ . ချွေး. သွေး. ပြည် . သလိပ်. သည်းခြေ။
  ဦးနှောက် . အစာဟောင်း . အစာသစ် . အူသိမ် . အူမ။
  အဆုတ် . အဖျင်း . အမြှေး . အသည်း . နလုံး။
  အညှို့ ခြင်ဆီ. အရိုး . အကြော . အသား။
  အရေ . သွား . ခြေသည်း - လက်သည်း . မွေးညင်း . ဆံပင် [၁] ။

## (၁) ဘုရားရှင်တိုင်း ဟောညွှန်ပြ၊ ကျင့်ကြံသူတိုင်း နိဗ္ဗာန်ရ

ပွင့်တော်မူခဲ့သော ဘုရားရှင်ကိုယ်တော်မြတ် အဆူဆူတို့သည် ဤကာယဂတာသတိ ကမ္မဋ္ဌာန်းကို ပွားများခဲ့ကြသည်။

ဆံပင် အစရှိသော ကောဋ္ဌာသ တစ်ခုစီ . တစ်ခုစီ၌ စက်ဆုပ်ဖွယ် စသည်ဖြင့် ဆင်ခြင်၍ ရဟန္တာအဖြစ်သို့ ရောက်ကြကုန်သော ရဟန်းယောကျ်ား . ရဟန်းမိန်းမ. လူယောကျ်ား. လူမိန်းမတို့၏ အရေအတွက်ကား ရေတွက်မကုန်နိုင်လောက်အောင်ပင် များပြားလှချေကုန်၏။

## (က) ရှင်သာမဏေဖြစ်ရေး လမ်းညွှန်ပေး

ပညာအရာတွင် အသာဆုံး . အမြတ်ဆုံး . တေဒဂ်ဘွဲ့ရ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် မိမိထံရောက်လာသော ရှင်လောင်းတို့ကို ပဋိကူလမနသိကာရ၏ အစွမ်းအားဖြင့် ကာယဂတာသတိ ကမ္မဋ္ဌာန်းကို သင်ပေးပြီးမှသာ ရှင်သာမဏေပြုပေးတော်မူလေ့ရှိ၏။ ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို သင်ကြားမပေးဘဲ ရှင်သာမဏေပြုပေးသော ဆရာတို့သည် သာမဏေလောင်းလျာ၏ **"အရဟတ္တဖိုလ်၏ ဥပနိဿယကို ဖျက်ဆီးပစ်သူတို့မည်၏"** ၃၂-ကောဋ္ဌာသ အားလုံးမစီးဖြန်းနိုင်ပါက ဆံပင် . မွေးညင်း . ခြေသည်း .လက်သည်း . သွား . အရေ ဟူသော တစပဉ္စက ကမ္မဋ္ဌာန်းကို မဖြစ်မနေ ပွားများသင့်၏ [၂] ။

## (ခ) အဆင့်လိုက်ပွား အလွန်အကျိုးများ

၁။ ဝစသာ = နှုတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း။
၂။ မနသာ = စိတ်ဖြင့် ရှုမှတ် . ပွားများခြင်း။
၃။ ဝဏ္ဏတော = တစ်ခု . ခုသော ကောဋ္ဌာသကို အဆင်းအားဖြင့် မှတ်ခြင်း။
၄။ သဏ္ဌာနတော = သဏ္ဌာန်အားဖြင့် မှတ်ခြင်း။
၅။ ဒိသတော = ချက်ကို ဗဟိုထား၍ ထက်-အောက် အရပ်အားဖြင့် မှတ်ခြင်း။
၆။ ဩကာသတော = တည်ရာအားဖြင့် မှတ်ခြင်း။
၇။ ပရိစ္ဆေဒတော = သဘာဂ . ဝိသဘာဂ အပိုင်းအခြားအားဖြင့် မှတ်ခြင်း။

---

၁။ ဝိသုဒ္ဓိမဂ်။    ၂။ မဇ္ဈပဒ၊ ၁၊ ၃၃၅။

## (ဂ) နှုတ်ဖြင့် ရွတ်ပွားသည်ကို အထင်မသေးနှင့်၊ သောတာပန်ဖြစ်နိုင်၏

ဤကာယဂတာသတိ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်မည့် ပုဂ္ဂိုလ်သည် ပိဋကတ်သုံးပုံဆောင်ပင် ဖြစ်စေကာမူ ရှေးဦးစွာ နှုတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်သင့်သည်။ အကြောင်းမှာ အချို့ ပုဂ္ဂိုလ်တို့သည် "မလယ"အရပ်၌ နေသော မဟာဒေဝ မထေရ်ကြီး၏ တပည့် နှစ်ပါးကဲ့သို့ နှုတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ကာမျှဖြင့်ပင် "အရိယာ" အဖြစ်သို့ ရောက်နိုင်ကြကုန်သောကြောင့် ဖြစ်၏။

မလယ အရပ်နေ မဟာဒေဝမထေရ်ကြီးထံသို့ နိကာယ်ဆောင် ရဟန်းတော်နှစ်ပါး ကမ္မဋ္ဌာန်း လာတောင်းကြရာ မထေရ်ကြီးက ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို လေးလပတ်လုံး ရွတ်ဖတ်သရဇ္ဈာယ်ကြရန် အမိန့်ရှိလိုက်၏။ ထိုရဟန်းတော် နှစ်ပါးသည် မထေရ်ကြီး အမိန့်ရှိသည့်အတိုင်း လေးလပတ်လုံး ရွတ်ဖတ်ကြကုန်သော် "သောတာပန်" အဖြစ်သို့ ရောက်ခဲ့ဖူးကြကုန်လေပြီ။

သို့ဖြစ်၍ ရှေးဦးစွာ နှုတ်ဖြင့် အကြိမ်-အရာ . အထောင်ရွတ်ဖတ် သရဇ္ဈာယ်သင့်ကြပေသည်။ နှုတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် ကမ္မဋ္ဌာန်းပါဠိအစဉ်ကို လေ့လာသည်မည်၏။ "စိတ်" တည်ကြည် ငြိမ်သက်၏။ ကောဋ္ဌာသတို့သည်လည်း လက်ချောင်းအစဉ်ကဲ့သို့ လည်းကောင်း၊ စောင်ရန်းခြေအစဉ်ကဲ့သို့ လည်း ကောင်း ထင်ရှားကုန်၏ [၁] ။

နှုတ်ဖြင့် သရဇ္ဈာယ်ခြင်းသည် စိတ်ဖြင့် သရဇ္ဈယ်ခြင်း၏ အထောက်အပံ့ ဖြစ်၏။ စိတ်ဖြင့် သရဇ္ဈာယ်ခြင်းသည် အသုဘလက္ခဏာကို ထိုးထွင်းသိခြင်း၏ အကြောင်း အထောက်အပံ့ ဖြစ်၏ [၂] ။

## (ဃ) မရဏာနုဿတိ ရှုကြဘိလော့

အနိစ္စဆို၊ ခန္ဓာကိုယ်လည်း၊ ယွင်းယိုပျက်စီး၊ ပျက်ချိန်နီးက၊ ပျက်စီးကြရာ၊ ဓမ္မတာတည်း၊ ခန္ဓာကာယ၊ အနိစ္စကို၊ နိစ္စမြဲထင်၊ အမှန်ပင်ဟု၊ ဉာဏ်ယှဉ်မနော ၊ သံသာကြောတွင် ၊ နစ်မျောဖန်ခါ ၊ ဆင်းရဲရှာ၏ ၊ ဘယ်မှာနိစ္စ၊ ရှာမရဘဲ၊ မရဏတွင်း၊ ပျက်စီးခြင်းနှင့်၊ ပျောက်ခြင်းတစ်ဖြာ၊ မရှိတာကို၊ ရှိတာထင်မှတ်၊ ပရမတ်ကို၊ တဖြတ်ဖြတ်ပျောက်၊ အသစ်ရောက်၍၊ ဉာဏ်နောက်ဖွေရှာ၊ ကြည့်ရှုပါလျှင်၊ စ-လာသခ်တ၊ ဝိဘာဝနှင့်၊ အဇ္ဇဝ သဘော၊ ရွှေ့ကာလျှောတည်း ၊ မက်မောဘဝ၊ ဤကာယကို၊ နိစ္စမရှိ၊ သမုတိနှင့်၊ ရှုကြည့်ပြန်သော်၊ အမှန်ပေါ်လိမ့်၊ မလျော်နာမ်ရုပ်၊ ဇီဝိန်ချုပ်လျှင်၊ ဝုတ်တုတ်မနေ၊ စင်းစင်းသေ၍ ၊ ထလေမသွား၊ သမီးသားက၊ အနားကအော်၊ တကျော်ကျော်နှင့်၊ ခေါ်ပါသော်လည်း၊ လှုပ်ဖော်မရ၊ ဥတုဇက၊ နှုတ်ဟာစကား၊ ပြန်မကြားဘဲ၊ သနားစရာ၊ နေရရှာ၏။ ခန္ဓာကိုယ်ရုပ်၊ အကောင်ပုပ်ကို၊ စက်ဆုပ်ရွံရှာ၊ ဤလူ့ရှာနှင့်၊ ဘယ်မှာမတော်၊ သုံးရက်ကျော်က၊ ပုပ်စော်ညှီနံ၊ တွေ့ရပြန်၍၊ သုသာန်တစ၊ သချိုင်းဝသို့၊ ဆွဲချပစ်ခါ၊ မတွယ်တာသည်၊ ဩော် - ဘယ်မှာ နိစ္စ မရှိပါတကား . . . ။

## ၂၈။ မေတ္တာအကျိုး တစ်ဆယ့်တစ်မျိုး

| | | |
|---|---|---|
| (က) သုခံသုပတိ | = | ချမ်းသာစွာ အိပ်ရမည်။ |
| (ခ) သုခံပဋိဗုဇ္ဈတိ | = | ချမ်းသာစွာ နိုးရမည်။ |
| (ဂ) နပါပကံ သုပိနံ ပဿတိ | = | မကောင်းသော အိပ်မက်ဆိုး မမြင်မက်နိုင်။ |
| (ဃ) မနုဿာနံ ပိယော ဟောတိ | = | လူအများ၏ ချစ်မြတ်နိုးခြင်းကို ခံရ၏။ |
| (င) အမနုဿာနံ ပိယော ဟောတိ | = | နတ်အများ၏ ချစ်မြတ်နိုးခြင်းကိုလည်း ခံရ၏။ |
| (စ) ဒေဝတာ ရက္ခန္တိ | = | နတ်တို့၏ စောင့်ရှောက်ခြင်းကိုလည်း ခံရ၏။ |

၁။ အဘိ၊ ဋ္ဌ၊ ၁၊ ၂၁၄ ။ ဝိသုဒ္ဓိ၊ ၁၊ ၂၃၃ - ၄။ ၂။ ဝိသုဒ္ဓိ၊ ၁၊ ၂၃၅

(ဆ) နသဿ အဂ္ဂိ ဝါ သတ္တံ ဝါ ဝိသံ ဝါကမတိ = မီးလည်းမသင့်. မီးလည်းမလောင်၊ လက်နက် တွေလည်း မစူးရှ၊ အဆိပ်မမိ၊ အဆိပ်ပြယ်၏။

(ဇ) တုဝဋံ စိတ္တံ သမာဓိယတိ = စိတ်တည်ကြည်သည် လျင်မြန်စွာတည်ကြည်၏။

(ဈ) မုခဝဏ္ဏော ဝိပ္ပသီဒတိ = မျက်နှာအဆင်း ကြည်လင်သည်။

(ည) အသမ္မူဠော ကာလံကရောတိ = မတွေမဝေ သေရ၏။

( ဋ ) ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူ ပကာဟောတိ = မဂ်. ဖိုလ်မရမီကြားကာလတွင် ဗြဟ္မာပြည်သို့ လားရ၏။

## ၂၉။ ဆင်းရဲခပ်သိမ်း ငြိမ်းရာအမှန် ပြည်နိဗ္ဗာန်

၁။ သဒ္ဓါယ တရတိ ဩဃံ ( သောတာပတ္တိ မဂ် ဖိုလ်ကို ပြသည်။ )
သဒ္ဓါတရားဖြင့် သံသရာတည်းဟူသော ရေအယဉ်ကို လွန်မြောက်နိုင်၏။

၂။ အပ္ပမာဒေန အဏ္ဏဝံ ( သကဒါဂါမိ မဂ်ဖိုလ်ကို ပြသည်။ )
မမေ့မလျော့သော သတိတရားဖြင့် သံသရာတည်းဟူသော သမုဒ္ဒရာကို ကူးမြောက်နိုင်သည်။

၃။ ဝီရိယေန ဒုက္ခမစ္စေတိ (အနာဂါမိ မဂ်ဖိုလ်ကို ပြသည်။ )
အားထုတ်ခြင်း လုံ့လဝီရိယဖြင့် သံသရာဝဋ်ဆင်းရဲကို လွန်၍ ဖြစ်၏။

၄။ ပညာယ ပရိသုဇ္ဈတိ ( အရဟတ္တ မဂ် ဖိုလ်ကို ပြသည်။ )
အရဟတ္တမဂ် ပညာဖြင့် ကိလေသာမှ စင်ကြယ်၏ [၁] ။

(က) သဒ္ဓါတရားနှင့် ပြည့်စုံမှသာလျှင် ဝိပဿနာတရားကို အဆင့်ဆင့်ပွား၍ သောတာပတ္တိ မဂ်ဖိုလ်ကို ရနိုင်သည်။

( ခ ) သောတာပတ္တိ မဂ်ဖိုလ်ကို ရပြီးသော်လည်း နစ်သက်၊ ရောင့်ရဲ၊ တင်းတိမ်ခြင်း မရှိမူ၍၊ မမေ့မလျော့ခြင်း သတိတရားဖြင့် ဝိပဿနာတရားကို အဆင့်ဆင့် ပွားများ အားထုတ်မှသာလျှင် သကဒါဂါမိ မဂ်ဖိုလ်ကို ရနိုင်သည်။

( ဂ ) သကဒါဂါမိ မဂ်ဖိုလ်ကို ရပြီးမှသာ အနာဂါမိ မဂ်ဖိုလ် ကို ရနိုင်ပါသည်။

(ဃ) အနာဂါမိ မဂ်ဖိုလ် ကို ရပြီးမှသာ အရဟတ္တမဂ်ဖိုလ် ကို ရနိုင်ပါသည်။

ထိုသို့ တစ်ဆင့်ပြီးတစ်ဆင့် တက်၍ ကျင့်ရသော ကျင့်စဉ်သည် - ပဋိပတ္တိက္ကမ = တရားလုပ်ငန်း သဘောအားဖြင့် ကျင့်ရသော ကျင့်စဉ် ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်၏ ငြိမ်းချမ်းရေး အစစ်၊ ချမ်းသာ အစစ်ကို ပေးသော ဝိဘဇ္ဇဝါဒ ဒေသနာတော်ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာအမှန် ပြည်နိဗ္ဗာန်သို့ လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေကုန်။ ဤသည်ကား - စာရေးသူ၏ ရည်သန်တောင့်တချက် အမြဲတေရတနာပေတည်း။

## ၃၀။ ဆီးဖြူပင်သာသနာ့ရိပ်သာ ဝိပဿနာ ဘာဝနာ တရားမှတ်အချိန်ဇယား

| | | | |
|---|---|---|---|
| နေ့စဉ် နံနက် - | ၃း၃၀ နာရီ မှ ၄း၀၀ နာရီ ထိ | = | စင်္ကြံ လျှောက် မှတ် |
| | ၄း၀၀ နာရီ မှ ၅း၀၀ နာရီထိ | = | ထိုင် မှတ် |
| | ၅း၃၀ နာရီ | = | အရုဏ်ဆွမ်းဘုဉ်း |
| | ၆း၃၀ နာရီ | = | ထိုင် မှတ် |

၁။ ယက္ခသံယုတ် အာဠာဝကသုတ် နာ - ၂၁၇

| | | | | |
|---|---|---|---|---|
| | | ၇း၃၀ နာရီ | = | စင်္ကြံ လျှောက် မှတ် |
| | | ၈း၀၀ နာရီ မှ ၉း၀၀ နာရီထိ | = | တရားစစ် |
| | | ၉း၀၀ နာရီ မှ မွန်းတည့်၁၂း၀၀နာရီထိ | = | ရေချိုး ၊ ဆွမ်းဘုဉ်း |
| နေ့လည် | - | ၁၂း၀၀ နာရီ မှ ၁း ၀၀ နာရီထိ | = | ထိုင်မှတ် |
| | | ၁း၀၀ နာရီ မှ ၂း၀၀ နာရီထိ | = | စင်္ကြံ လျှောက်မှတ် |
| | | ၂း၀၀ နာရီ မှ ၃း၀၀ နာရီထိ | = | တရားနာ |
| | | ၃း၀၀ နာရီ မှ ၄း၀၀ နာရီထိ | = | စင်္ကြံ လျှောက်မှတ် |
| ညနေ | - | ၄း၀၀ နာရီ မှ ၅း၀၀ နာရီထိ | = | ထိုင်မှတ် |
| | | ၅း၀၀ နာရီ မှ ၆း၀၀ နာရီထိ | = | ရေချိုး ၊ စင်္ကြံလျှောက်မှတ် |
| | | ၆း၀၀ နာရီ မှ ၇း၀၀ နာရီထိ | = | အနားယူရင်း မှတ် |
| | | ၇း၀၀ နာရီ မှ ၈း၀၀ နာရီထိ | = | စင်္ကြံလျှောက်မှတ် |
| | | ၈း၀၀ နာရီ မှ ၉း၀၀ နာရီထိ | = | ထိုင်မှတ် |
| ည | - | ၉း၀၀ နာရီ မှ အရုဏ်ထိ | = | အမှတ်သတိနဲ့ အိပ်။ |

ဆောင်ပုဒ်

- ကိစ္စမများ၊
- စကားနည်းစေ၊
- အိပ်နေမှုနည်း၊
- ကိုယ်တည်းပျော်စေ။
- ရောနှောမပြု၊
- ချဲ့မှု ရှောင်သွေ
  အသေကောင်း၊ အကြောင်း၊ ဂုဏ်ခြောက်ထွေ။

## (၁) မြတ်သောယောဂီ - တရားရမြန်လိုသော် ဖြည်းဖြည်း ကျင့်ဆောင်ပါ

- စကားအပြော ၊ အသွားလောပြီး၊
  ထလော. ထိုင်လော ၊ အအိပ်လော၍ ၊
  စားလော . သောက်လော၊ ကွေးဆန့်လောသော်၊
  မနှောမတည် ၊ ဉာဏ်မမီနှင့်၊
  ဟို. ဒီ ကြည့်မိ၊ အာရုံငြိက ၊
  သတိကွာဟ ၊ သမ္မာ . ကျ၍ ၊
  လောဘ . ဒေါသ . မောဟ အပေါင်း၊ ဝင်ဖို့ ချောင်းနေ၊
  လောတိုင်းမှာပင် -
  လောဘ . ဒေါသ . မောဟ ပါ၏။
  ပြောတိုင်းမှာပင် -
  လောဘ . ဒေါသ . မောဟ ပါ၏။
  လောဘ . ဒေါသ . မောဟ ဆိုအပ်၊
  ကိလေတပ်ကို ၊ မပြတ်နိုပ်ဖြို၊

သတိဗိုလ်သာ၊ အားကိုးရာ၏။
မကွေ . မကွာ၊ သတိပါမှ၊
သမာဓိရင့် ၊ ဉာဏ်ပါမြင့်လိမ့်၊
စိတ်နှင့် ရုပ်နောက် ၊ သတိရောက်မှ၊
ချုပ် - ပျောက် . ရုပ် - နာမ် ၊ ဖြစ် - ပျက် ဟန်ပေါ်၊
မှင်တံ ထိပ်ဖျား ၊ မှင်ထွက်ပြားက၊
ဆွဲသွားသမျှ။ ပုံရိပ်ကျသို့၊
ဖြည်းလေးမှန်စွာ၊ ကျင့်ဆောင်ပါမှ၊
မဂ္ဂခရီး၊ နီးမည်တည်း [၁] ။

ဦးထွေး၊ တောင်ငူ

## ( ၂ ) အရှုံး နှင့် အမြတ်

- ကန်တော်မဟာ ၊ ရေကြည်ရာတွင် ၊
  ဝေဖြာတင့်ဆန်း ၊ ရွှေကြာပန်းနှင့်။
- ကြာ၏ အဆီ ၊ ပန်းဝတ်ရည်ကို၊
  နိမ့်မှီစားသုံး ၊ ပျားပိတုန်းနှင့် ။
- ရေမှော် အမှိုက် ၊ ရွှံ့နွံသိုက်ဝယ်၊
  အကြိုက်ပျော်ပါး၊ ကြာအောက် ဖား နှင့်။
- အဝေးမှ ပျား၊ နီးသည့်ဖားနှင့်၊ ခန့်ငြားထည်ဝါ၊ ပန်းရွှေကြာရှိ၊
  မဟာကန်တော်၊ နိုင်းရသော်ကား ၊ ကန်တော် "ဆီးဖြူ" ၊ ပမာ ယူ၍ ၊
  ကြာ . မှ "ဘဘုန်း" ၊ ပျား . ပိတုန်း ကား ၊ စုရုံးရောက်လာ၊ ဝေနေယျာတို့၊
  မကွာ ထို့တူ ၊ အနှလူသည်၊ အယူမှောက်မှား ၊ သူကျက်စားသည်၊
  ရွံ့ကြား . ညွန်ကြား၊ ကြာအောက်ဖားတည်း။
- ပျားနှင့် တူစွာ ကျင့်ဆောင်ရာ၏။
- ဖားနှင့်တူစွာ ကျင့်ရှောင်ရာ၏ ၊ အရှုံး - အမြတ် ၊ ဤနှစ်ရပ်ကို၊
  တည့်မတ်စွာ တွေး၊ သတိပေးသည် ၊ ခွင့်ရေးရခိုက် ၊ လုံ့လစိုက်လော့။ ။

ဦးထွေး၊ တောင်ငူ။

## ( ၃ ) အဆန်ခရီး

- မဂ္ဂင်အကျင့် ၊ ဉာဏ်မှာမြင့်ရန်၊ လှေနှင့်ရေဆန်၊ လှော်တက်ဟန်သို့၊
  ဖွဲသန်အားစိုက်၊ လှော်ဆဲ၌သာ ၊ အထိုက်အလျောက်၊ ခရီးရောက်၏။
- မလှော်မခတ်၊ နားနေရပ်က ၊ မပြတ်ရေစုန်၊ မျောဘို့ကြုံမည်၊
  ဤပုံ . ဤနည်း ၊ ဉာဏ်မှာမှီးခါ ၊ ခရီးမဂ္ဂင် ၊ ရှေရှုနှင်သော်၊
  ငါးအင် ဗိုလ်ခြေ၊ ညီညွတ်စေ၍ မသွေ ဆက်. စပ်၊ စိပ်စိပ် မှတ်လျက်၊
  မပြတ်သတိ ၊ စဉ် - ဆက် ရှိမှ၊ မဂ် ၏ ခရီး၊ နီးထက်နီးလိမ့်။
  အပြီး နိဗ္ဗူ ဆန်တက်လော့ ။ ။

ဦးထွေး၊ တောင်ငူ

၁၊ ဆရာတော်၏ အလုပ်ပေးတရားတော်များမှ ကောက်နုတ်ရေးစပ်သည်၊

## သာမညဆရာတော် ၏ ဂူမှ "ဝ" သုံးလုံး အဖြေ



သာမည "ဘုန်း"၊ နာမ်ဆိတ်သုဉ်းလည်း၊
ရုပ်လုံး စံကျောင်း၊ ဂူမှန်ခေါင်းမှ၊
အကြောင်းသုံးထွေ၊ အဖြေသုံးရပ်၊
"ဝ"လုံး ဇာတ်ကို၊ ဘုန်းမြတ် "ဆီးဖြူ"၊
မိန့်တော်မူသည်၊ မှတ်ယူအားလုံး၊
ကျင့်ကြ သုံးကြ။
ဝဝ . စားလေ၊ ဝေးဝေးနေ၍၊
မှတ်ပေသုံးချက်၊ ဝင်မစွက်နဲ့၊
အနက်သဘော၊ ဤသို့ဟော၏။
အို . နာ . သေကြောင်း၊ ဘေးအပေါင်းမှ၊
ဝေး . ကြောင်းတရား၊ ဝဝ . စားလော့၊
ကုသိုလ်တရား ၊ မပြတ်ပွား၍၊
ရှောင်ရှားကိလေ၊ ဝေးဝေးနေကြ။
ကိုယ် . နှုတ် . စိတ်မှု၊ အစုစုတွင်၊
အကုသိုလ်များ၊ မဖြစ်ပွားအောင်၊
တရားအယှုတ်၊ လူအယှုတ် နှင့်၊
ရှုတ်ရှုတ် . ယှက်ယှက်၊ ဝင် . မစွက်နှင့်၊
အပ္ပမာဒ၊ မြတ်ဗုဒ္ဓ၏၊
ဓမ္မအလား၊ ဤတရားလည်း၊
လေးစားလိုက်နာ၊ ကျင့်ဆောင်ရာသည်၊
ဆရာသမား၊ မြတ်စကားအား၊
မှတ်သားနာယူ၊ သတိမူလျက်၊
တရားလက်မလွှတ်ကြစေနှင့်။ ။


ဦးထွေး၊ တောင်ငူ

## အပူကင်းဆိတ် ဆီးဖြူရိပ် ( လေးဆစ် )

ကြီးမြတ်တဲ့ ဆီးဖြူပင်။
စံရဝေ ရွှေအိမ်ထက်က၊ ဆက်သလို့တင်။
အသင့်ကွယ်ပြင်၊ အေးချင်ရင်၊ ဆီးဖြူရိပ်မှာ၊
နားခိုလို့အိပ်။



ဘဒ္ဒန္တ ဉာဏိန္ဒာလင်္ကာရ
စည်ပင့်ဂိုဏ်းအုပ်ဆရာတော်
တောင်ငူမြို့ မြန်မာပြည်။




ပဲခူးတိုင်း ၊ တောင်ငူခရိုင် ၊ တောင်ငူမြို့နယ် ၊ သပန်းပင်ကျေးရွာအုပ်စု ၊ ဆီးဖြူပြင်ကျေးရွာ ၊ ဆီးဖြူပြင်သာသနာ့ရိပ်သာကျောင်းတိုက် ၊ သာသနာ့အဆောက်အဦများပြ မြေပုံကြမ်း





ဒေသစာရီကြွ
အင်းလေးဒေသ



ဆရာတော်ကြီး
ဆွမ်းဘုဉ်း
ပေးနေစဉ်



သတ္တဝါများ
မေတ္တာ.
ဘာဝနာပွား





ဇမ္ဗူဒေအး ဆုတောင်းပြည့်
စေတီတော် ဌာပနာသွင်း
မင်္ဂလာ
တိုင်းအဆင့်ပုဂ္ဂိုလ်များ
လည်း ကြွရောက်လာ




ဒေသစာရီ ခရီးကြွချိန်
ပင့်ဆောင်လာပုံ



ရေစက်ချမင်္ဂလာပွဲ
ခြိမ့်ခြိမ့်သဲ




ပရိတ်ရေဆူနေပုံ




ပရိတ်ပျားရည်ဆူနေပုံ

# သာသနာပြု ဆောင်ရွက်ချက်များ

## ၁။ ဆရာ-ဒကာ နှစ်ဖြာ၊ ညီညာပေါင်းစု၊ တွဲကာ သာသနာပြု

ဆရာဟု ဆိုအပ်သော ရဟန်း သံဃာတော်တို့တွင် -

❀ မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကြူး၊
နာဘူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊
ခြောက်စု လွန်သေချာ ဟူသော ဝတ္တရားခြောက်ပါး ရှိသည်။

(က) မကောင်းသော ( အကုသိုလ်ဒုစရိုက် ) မလုပ်ရန် တားမြစ်ရခြင်း၊
(ခ) ကောင်းမှုကုသိုလ် ( သုစရိုက်တရား ) များ ပြုလုပ်ရန် ညွှန်ကြားပေးရခြင်း၊
(ဂ) တရား. ဓမ္မ၊ အသစ်. အသစ်များကို ဟောကြား. ပြသပေးရခြင်း၊
(ဃ) နာဖူးပြီး တရား. ဓမ္မများကိုလည်း မှတ်မိအောင်၊ ထပ်၍ . ထပ်၍ ဟောပေးရခြင်း၊
(င) နတ်ပြည် သုဂတိ ရောက်ကြောင်း တရားကောင်းများကို ညွှန်ကြားပေးခြင်း၊
(စ) မေတ္တာ ပို့သပေးခြင်းတို့မှာ ဆရာ-ရဟန်း. သံဃာတော်တို့ ပြုကျင့်ရမြဲ ဝတ္တရားခြောက်ပါး ဖြစ်သည်။

ထိုခြောက်ပါးနှင့်အညီ ဆီးဖြူပင် ဆရာတော်ကြီးက ကျင့်ကြံတော်မူသည်။

ဗုဒ္ဓသာသနာကို မှီခို . ကြည်ညိုနေကြသော ဒါယကာ. ဒါယိကာမများဘက်မှလည်း ဝတ္တရားငါးပါးရှိသည်။

❀ မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊
ခင်မင်နှုတ်ချို၊ လိုလျှင် ဖိတ်ထား၊
တတ်အားလှူစေ၊ ဝတ်ငါးထွေ၊
ပြုလေ ဒါယကာ-ဟူသော ဝတ္တရားငါးပါး ရှိသည်။

(က) သာသနာ့ဝန်ထမ်း ရဟန်း . သံဃာတော်များအပေါ် မေတ္တာစိတ်သက်ရောက်ခြင်း၊
(ခ) သံဃဝေယျာဝစ္စ အမှုကိစ္စ ဆောင်ရွက်ဖွယ်ရာများကို စိတ်ရော - ကိုယ်ပါ ဆောင်ရွက်ခြင်း၊
(ဂ) ခင်မင်သာယာ သုဘာသိတဝါစာတို့ဖြင့် ပြောဆိုလျှောက်ထားရခြင်း၊
(ဃ) "လိုအပ်ရာ အမိန့်ရှိပါဘုရား" ဟု ဖိတ်ကြား လျှောက်ထားရခြင်း၊
(င) မိမိတတ်အားသမျှ လှူဒါန်းခြင်း တို့မှာ ဒါယကာ. ဒါယိကာမများ ပြုကျင့်ရမြဲ ဝတ္တရားငါးပါး ဖြစ်သည်။ ဆရာတော်ကြီး၏ ဒါယကာ၊ ဒါယိကာမများမှာ - ထိုဝတ္တရားငါးပါးနှင့်အညီ ပြုကျင့်ကြသည်။ ထိုသို့ ပြုကျင့်ကြရန်လည်း ဆရာတော်ကြီးက ဆုံးမသြဝါဒပေးလေ့ရှိသည်။

ကုသိုလ်ကောင်းမှုတည်းဟူသော ပါရမီ . ဘုန်းကံထူး ရှိခဲ့ဖူးသော သူတို့သည်သာလျှင် ဗုဒ္ဓမြတ်စွာ၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို ထောက်ပံ့ခွင့်. စောင့်ရှောက်ခွင့်. ချီးမြှောက်ခွင့်. သာသနာပြုခွင့် ရရှိကြပေသည်။

ပါရမီကုသိုလ်ဟူသော ဘုန်းကံနည်းပါးသူ. ဘုန်းကံမရှိသူတို့မှာ သာသနာတော်နှင့် မည်မျှပင် ကြုံတွေ့ ပါသော်လည်း၊ ဗုဒ္ဓမြတ်စွာ၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို ထောက်ပံ့ခွင့်. စောင့်ရှောက်ခွင့် . ချီးမြှောက်ခွင့်. သာသနာပြုခွင့် မရရှိနိုင်ကြပါပေ။

သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို စောင့်ရှောက် . ချီးမြှောက်ကြရာဝယ် "ဆရာ" ဟု ဆိုအပ်သော ရဟန်း သံဃာတော်များက "ဓမ္မာနုဂ္ဂဟ"တရားတော်ကို ကျင့်သုံး၍ ချီးမြှောက်ကြရသည်။

လူ-ဒါယကာ. ဒါယိကာမတို့က ဤသာသနာတော်ကြီးကို စောင့်ရှောက်နေကြကုန်သော၊ သာသနာ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်တော်မူနေကြသော ရဟန်း. သံဃာတော်တို့အား၊ "ပစ္စယာနုဂ္ဂဟ" ဆွမ်း. သင်္ကန်း. ကျောင်း. ဆေး ဟူသော "အာမိသပစ္စည်း" ဝတ္ထုအမျိုးမျိုးတို့ဖြင့် လှူဒါန်းချီးမြှောက်ကြရသည်။

ဆရာ ရဟန်း. သံဃာတော်များဘက်ကလည်း တာဝန်ဝတ္တရားခြောက်ပါး ကျေပြွန်ပါမှ၊ လူ ဒါယကာ၊ ဒါယိကာမများဘက်ကလည်း တာဝန်ဝတ္တရားငါးပါး ကျေပြွန်ပါမှ၊ သူ့တာဝန်၊ ကိုယ့်တာဝန် ဆရာ - ဒကာ နှစ်ဖြာ ညီညာဖေါင်းစု လက်တွဲ သာသနာပြုကြမှသာလျှင် သဒ္ဓမ္မသုံးဖြာ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး "အဓွန့်ရှည်တည်တံ့ နိုင်မြဲမည် ဧကန်" ဖြစ်ပေသည်။

သာဂါရာ အနာဂါရာစ၊ ဥဘော အညောညနိဿိတာ၊
အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ၊

အိမ်ရာတည်ထောင် ယှဉ့်ဘောင်နေသူ လူဒါယကာ . ဒါယိကာမ တို့သည်လည်းကောင်း၊ အိမ်ရာမထောင် ရဟန်းဘောင်နေသူ ဆရာတော်. သံဃာတော် ဟူသမျှတို့သည် လည်းကောင်း၊ ဆရာ . ဒကာ နှစ်ဦးသားတို့သည် "ကိုင်းကိုကျွန်းကမှီ၊ ကျွန်းကို ကိုင်းကမှီ" ဆိုသကဲ့သို့ အချင်းချင်း ပစ္စယဓမ္မ အမှီရကြကုန်သည်ရှိသော်-

အတုမရှိ ထူးမြတ်သော ယောဂလေးတန် ကုန်ရာမှန်သော ပရိယတ္တိ သဒ္ဓမ္မ၊ ပဋိပတ္တိ သဒ္ဓမ္မ၊ ပဋိဝေဓ သဒ္ဓမ္မ တည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော် သုံးရပ်ကို အရဟတ္တဖိုလ်ပေါက် ပြီးမြောက်အောင်စေ ချီးမြှောက် နိုင်ကြလေကုန်သတည်း [၁] ။

## ၂။ သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆီးဖြူပင်ဆရာတော်ကြီးသည် ဆရာနည်းကျ အားရအောင် လေ့လာအားထုတ်ခဲ့သော တရားတော်များကို သထုံ၊ တောင်ငူ၊ ကျွန်းကုန်း၊ အနန်းပင်တောရ စသည့်နေရာဌာန အသီးသီးတို့၌ ဟောဖော်ညွှန်ပြကာ ပဋိပတ္တိ သာသနာတော် ထွန်းကားအောင် စွမ်းအားရှိသမျှ ရွက်ဆောင်တော်မူခဲ့သည်။

ဆရာတော်ကြီးသည် သာသနာတော်နှစ် ၂၅၀၈ - ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၂၆ ခုနှစ်၊ ခရစ်နှစ် ၁၉၆၄ ခုနှစ် မှစတင်၍ ရန်ကုန်မြို့ ၊ မူလမဟာစည်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသောဘန ၏ နည်းနိဿယကို ခံယူလျက် ဒေးရှိန်ပြည့် ယောဂီ ၆၀ ဦး၊ အချိန်ပိုင်း ယောဂီ ၁၅၀ - ဦးတို့အား ဝိပဿနာကမ္မဋ္ဌာန်းတရားများ ဟောညွှန်ပြသလာခဲ့သည်မှာ ယခု ဤစာရေးချိန်တွင် နှစ်ပေါင်း လေးဆယ်ကျော်ခဲ့ပြီ ဖြစ်ပါသည်။

ဆီးဖြူပင်ရွာ၏ ပညာရေးအခြေအနေမှာ အမှတ်(၁)အခြေခံပညာဦးစီးဌာန သဖန်းပင် အခြေခံပညာ မူလတန်းကျောင်း၊ တောင်ငူ တစ်ကျောင်းတည်းသာ ရှိပါသည်။

ယခင်က ဆီးဖြူပင်ရွာမှ ဒကာ. ဒကာမများသည် သာသနာပြင်ပရောက်ရှိနေသော မိစ္ဆာများကဲ့သို့ နေထိုင်ခဲ့ကြရသည်။ ရွာမှာ ဘုန်းကြီးကျောင်းတစ်ကျောင်းမျှ မရှိသဖြင့် အကြောင်းကိစ္စ ကြီးငယ်ရှိလျှင် ဖောင်ဆိပ်ကျောင်း၊ ကျွန်းကြီးကျောင်း၊ ပြသောင်ကျောင်း၊ မြစ်ကြီးပေါက်ကျောင်းတို့သို့ သွားရောက် ဘုန်းကြီးပင့်လျှောက် ကြရသည်။ တစ်ခါတစ်ရံ ဘုန်းကြီးပင့်၍ရသော်လည်း၊ မရသည့်အခါများလည်း ရှိခဲ့ကြပါသည်။

ဘုန်းကြီးပင့်၍ မရခဲ့သည့်အခါ ရွာသူ၊ ရွာသားများမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်သည့်အားလျော်စွာ စိတ်မကောင်း ဖြစ်ကြရ၏။ ထိုစဉ်က ဆီးဖြူပင် ဆရာတော်လောင်းလျာသည် တောင်ငူမြို့ အနောက်ဖက်၊ ဂဝင်းဆိပ်ရွာ၊ "ကျွန်းတော်ကုန်းကျောင်း" တွင် သီတင်းသုံးနေဆဲ ဖြစ်ပါသည်။

---

၁။ ဗဟုပကာရသုတ်၊ ဣတိဝုတ်ပါဠိတော်၊

သာသနာတော်နှစ် ၂၅၁၆ - ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၃၄ - ခုနှစ်၊ ခရစ်နှစ် ၁၉၇၂ - ခုနှစ်တွင် ဆီးဖြူပင်ဆရာတော်ကြီးဟု ထင်ရှားလာမည့် ဆရာတော် ဘဒ္ဒန္တ သူရိယ ဆီးဖြူပင်ရွာသို့ ကြွရောက်ချီးမြှင့်သည့် အချိန်မှစ၍ ဆီးဖြူပင် သာသနာ့ရိပ်သာဟု ပီပြင်စွာအကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ခဲ့ကြသည်။ ယခုအခါ "ဆီးဖြူပင် သာသနာ့ရိပ်သာ" ပေါ်ထွက်လာခဲ့**သည်မှာ (၃၄)**နှစ်ခန့် ရှိပါပြီ။

ဆီးဖြူပင် ဆရာတော်ကြီးသည် သာသနာတော်နှစ် ၂၅၃၈ - ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၅၆ - ခုနှစ်၊ တပေါင်းလဆန်း ( ၈ )ရက်၊ ခရစ်နှစ် ၈ - ၃ - ၁၉၉၅ ခုနှစ်၊ ဗုဒ္ဓဟူးနေ့ သက်တော် (၈၆)နှစ်၊ သိက္ခာဝါတော် (၃၆)ဝါ အရ ဝိဇာတ မွေးနေ့မှစ၍-

(က) နှစ်စဉ် တပေါင်းလဆန်း ( ၈ )ရက်နေ့ ရောက်တိုင်း ဒုလ္လဘရဟန်း ၂၀ မှ ၅၀ ပါး၊

( ခ ) နှစ်စဉ် မြန်မာနှစ်သစ်ကူး သင်္ကြန်ကာလရောက်တိုင်း ဒုလ္လဘရဟန်း ၂၀ မှ ၅၀ ပါး၊

( ဂ ) နှစ်စဉ် ကဆုန်လပြည့် ဗုဒ္ဓနေ့သို့ ရောက်တိုင်း ဒုလ္လဘရဟန်း ၂၀ မှ ၅၀ ပါး

အမျိုးသား ရဟန်းလောင်း စုစုပေါင်း ၁၀၀ ကျော်ခန့်ကို ဒုလ္လဘရဟန်းဝတ်ပေးခဲ့ပါသည်။ ရဟန်းများ၏ ကုန်ကျစရိတ်များကို ဆရာတော်ကြီးမှပင် လှူဒါန်းစွန့်ကြဲချီးမြှင့်ပေးသနားတော်မူခဲ့ပါသည်။ ဆရာတော်ကြီးက ဒုလ္လဘ ရဟန်းတော်များအားလုံးကို ဆယ်ရက်စခန်းဝင်စေ၍ ဝိပဿနာတရားတော်များကို အချိန်ပြည့် ဟောညွှန်ပြသ ပေးတော်မူပါသည်။ တစ်နှစ်လျှင် အနည်းဆုံး သုံးကြိမ်၊ အလုပ်ပေးတရားစခန်းဝင် အားထုတ်စေခဲ့ပါသည်။

နှစ်စဉ် ၊ ဝါတွင်းအခါကာလများအတွင်း ၁၀ ရက်စခန်း ၊ သုံးကြိမ် အထူးဖွင့်လှစ်ကာ စိတ်ပါဝင်စားသူတိုင်းကို တရားစခန်းဝင် အားထုတ်စေပါသည်။ အနယ်နယ် အရပ်ရပ်မှ ရောက်ရှိလာသမျှသော ရဟန်း၊ ရှင်၊ လူ၊ ယောဂီ အပေါင်းတို့ကို ဘေးမဲ့သက်ပယ် သက်လွတ်ဟင်းကိုသာ ကျွေးမွေး၍ မေတ္တာဘာဝနာ အထူးပွားများစေခဲ့ပါသည်။ ဘုရား. တရားမှ တစ်ပါး အခြားအားကိုးစရာ အထူးမရှိကြောင်း ထပ်ခါတလဲလဲ မိန့်ဆိုပါသည်။ တရားတော်ကို တကယ် အားထုတ်လျှင် တကယ်အားကိုးလျှင် ၊ တရားက ပြန်လည်စောင့်ရှောက်ပါလိမ့်မည်ဟုလည်း မိန့်ကြားပါသည်။

## ၃။ တန်ခိုးကြီး၍ စေတီထိုက်သော မဟာဗောဓိပင် (ပရိဘောဂစေတီ)

ဗုဒ္ဓရှင်တော်မြတ်သည် အပရာဇိတ ပလ္လင်တော်နှင့်တွဲပြီး အမှီပြုကာ သုံးဆောင်တော်မူခဲ့သော မဟာဗောဓိပင်သည်၊ စကြဝဠာတိုက်အတွင်း၌ ရှိရှိသမျှသော သစ်ပင်အပေါင်းတို့ထက် ဆဆကဲချွန် "အမွန်မြတ်ဆုံးသော သစ်ပင်ကြီးတစ်ဆူ" ဖြစ်ပါသည်။

ဣန္ဒိမန္တဂုဏ် = သက်ရှိပုံသွင် ထက်ကောင်းကင်သို့ ပျံတက်တော်မူသောဂုဏ်။

ဒုမရာဇဂုဏ် = ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းက ဇမ္ဗူသပြေပင်။
မြောက်ကျွန်းက ပဒေသာပင်။
အရှေ့ကျွန်းက ကုက္ကိုပင် နှင့်
အနောက်ကျွန်းက ထိန်ပင် တို့ကို လွှမ်းမိုး၍ အမြတ်ဆုံးဖြစ်သော သစ်မင်းကြီးတစ်ဆူ ဖြစ်တော်မူသည်။

---


၁။ တောင်ငူမြို့၏ တောင်ဘက်တွင် - (က) ကျွန်းတောကန်း (ခ) ရေပုပ်ကန်း (ဂ) အိုးကန်း (ဃ) ထီးနီကန်း နှင့်
မြောက်ဘက်တွင် - (င) ကြက်လျှာကန်း (စ) ညောင်ကန်း (ဆ) သရဖီကန်း (ဇ) ပြာသာဒ်ကန်း (ဈ)ကန်တွင်းကန်း
ဟူ၍ တီ ကိုး တီနှင့် ကန်း ကိုး ကန်း အသီးသီးရှိကြပါသည်။

စေတိတဗ္ဗဂုဏ် = ငါဘုရားသည် ဤဗောဓိပင်အရင်း ခင်းထားအပ်သော အပရာဇိတပလ္လင်ထက်၌ သဗ္ဗညုတဉာဏ်တော်ကို ရခဲ့ပြီဟူ၍ ဆင်ခြင်တော်မူလျက်၊ အပရာဇိတ ပလ္လင်တော်နှင့် မဟာဗောဓိပင်တော်တို့ကို မမိုတ်သောမျက်စိဖြင့် တစိမ့်စိမ့်ကြည့်ရှုလျက် ခုနစ်ရက်ပတ်လုံး ပူဇော်တော်မူခဲ့သည့်အတွက် ဘုရားနှင့်တကွ လူ့. နတ်. ဗြဟ္မာ. သတ္တဝါ အားလုံးတို့၏ ပူဇော်ရာ ဖြစ်တော်မူပေသည်။

သေဋ္ဌရုက္ခဂုဏ် = တစ်ကမ္ဘာလုံးတည်ရှိသော သစ်ပင်ကြီး ခုနစ်ပင်သည် မဟာဗောဓိပင်နှင့် နှိုင်းယှဉ်လိုက်သောအခါ အမြတ်ထိပ်တင် စံတော်ဝင် သစ်ပင်ကြီးများ မဟုတ်နိုင်တော့ချေ။ ဤဗောဓိပင်ကြီးသည် ဘုရားရှင်ကိုယ်တော်တိုင် တစိမ့်စိမ့် ကြည့်ရှုပြီး၊ ဂုဏ်ပြုရသော လူ့.နတ်.ဗြဟ္မာ. သတ္တဝါအားလုံးတို့ ရှိခိုးဦးခိုက်ရသော သေဋ္ဌရုက္ခ = အမြတ်ဆုံးသော စံပြုသစ်ပင်ကြီး ဖြစ်ပါပေသည်။

သာသနာတော်နှစ် ၂၅၃၅ - ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၅၃ - ခုနှစ်၊ ခရစ်နှစ် ၁၉၉၁ - ခုနှစ်၊ ဆီးဖြူပင်ဆရာတော်ဘုရားကြီးသည်၊ ဆီးဖြူပင်သာသနာ့ရိပ်သာ ဖွင့်လှစ်ပြီး (၁၉)နှစ်အကြာတွင် မဟာဗောဓိပင်ပျိုးအား လာရောက်လှူဒါန်းသဖြင့် စိုက်ပျိုးပူဇော်ထားခြင်းဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း၊ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ဆီးဖြူပင်ဆရာတော်ဘုရားကြီး ကိုယ်တိုင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ပြုလုပ်ပြီး၊ ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားဆောင်ရွက်တော်မူသည်။ ထို ဗောဓိပင်၏ ထူးခြားချက်မှာ - တစ်နှစ်လျှင် နှစ်ကြိမ်၊ ကဆုန်လနှင့် တန်ဆောင်မုန်းလများတွင် ရွက်ဟောင်းကြွေ၍ ရွက်နုသစ်ထွက်သည်။

ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့အဖြစ် သတ်မှတ်ရခြင်းမှာ - ကဆုန်လပြည့်နေ့ မိုးသောက်ယံအချိန် အာသဝက္ခယဉာဏ်ဟု ဆိုအပ်သော အရဟတ္တမဂ်ကို ရရှိတော်မူကာ၊ ထိုအရဟတ္တမဂ်ဖြင့် ကိလေသာအပေါင်း အကြွင်းမဲ့အမြစ်ပြတ် ပယ်သတ်တော်မူခြင်းကြောင့် ကိလေသာကို အောင်တော်မူသည်။



ကဆုန်လပြည့်နေ့သည် -

- ဘုရားလောင်း ဆုပန်ခဲ့သည့်နေ့၊
- ဘုရားလောင်း ဖွားမြင်တော်မူသည့်နေ့၊
- ဘုရားဖြစ်တော်မူသည့်နေ့၊
- ပရိနိဗ္ဗာန် ဝင်စံတော်မူသည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

## (၁) မဟာဗောဓိ ဘုရားရှိခိုး ဂါထာတော်

တဿ မူလံ မဟာဉာဏော၊ ဥပေသိ ဗောဓိမဏ္ဍလေ။

တဿ ဗုဒ္ဓဿ ပါဒေ စ၊ သ ဗောဓိယော နမာမဟံ။

မဟာဉာဏော = မြေထု ရေထု၊ လေ အစုနှင့် မေရုဗဟို တောင်မြင်းမိုရ်ပင် နှိုင်းဆိုမရ ကြီးမြင့်လှသည့် ဉာဏ်များမပဟော သုံးလူ့ဆွေသည်။

ဗောဓိ မဏ္ဍလေ = ကမ္ဘာတည်ဦး၊ ပကတူးကာ၊ ပွင့်ဖူးပဒုံ၊ ကြာငါးရုံနှင့်၊ ငါးစုံသင်္ကန်း ပေါ်ထွက်ထွန်း၍၊ လေးကျွန်းအစ၊ ဘူမျာဓိပတိ၊ တုမရှိသည့်၊ ဗောဓိမဏ္ဍိုင်၊ မြေဦးဆိုင်၌။

ဋ္ဌိတော = စိမ်းလဲ့ပြိုးပြောင် မြသွေးရောင်နယ် သံတောင်တစ်ရာ ထက်အာကာသို့ မြင့်စွာဖြိုးမောက် တန်ခိုးတောက်၍၊ ပေါက်ရောက်တည်ရှိသော။

ယော ဗောဓိရုက္ခော = ဖွားဖက်တော်ရင်း အကြင်ဗောဓိပင်မင်းသည်။

အတ္ထိ = ဖားဖားဝေဝေ တည်ရှိပေ၏။

**တဿ ဇောဓိရုက္ခဿ** = သဗ္ဗညုတဉာဏ်များသခင် မီးရှူးစဉ်က တူပင်ပြိုင်လက် မြေမှထွက်သည့် ဖွားဖက်တော်ရင်း ထိုဇောဓိပင်မင်း၏။

မူလံ = ရေးရှုရှက်စပ် အနီးရပ်သို့။

ဥပေသိ = ဥရုဝေဠ အမည်ရသည့် တောမှဖဲခွာ ပန်းမိုးရွာလျက် ဒေဝါဖန်သ နတ်လမ်းမဖြင့် လှမ်းတရင်ရင် မြန်းကြွဝင်၍၊ မောင်စင်လှူဆက် ရှစ်ဆုပ်မြက်ဖြင့် ရွှေလက်တော်ဆန့် ကြဲကာဖြန့်မည် စိတ်တော်ရည်၍ ထို့ ဤလှည့်ပတ် အရှေ့ရပ်က ချဉ်းကပ်တော်မူလေပြီ။

သ ဇောဓိယော = ပင်စည်, ကိုင်းခက် ကြွားကြွားတက်သည့် ဖွားဖက်တော်ရင်း ဇောဓိပင်မင်းနှင့် တကွ ဖြစ်သော။

တဿ ဗုဒ္ဓဿ = ထိုဇောဓိပင်မင်း ရွှေတောင်ကြီးသို့ ယှဉ်မှီးကပ်ငြား မြတ်ဘုရား၏။

ပါဒေစ = ပတ္တမြားအသွေး နီထွေးရောင်လျှပ် ကန့်အကွက်နှင့် ရွှေစက်အစုံ ကြာပဒုံတို့ကိုလည်း။

အဟံ = ပဋိစ္စဝတ် သံသာညွတ်မှ မလွတ်နိုင်ဘဲ တလည်လည်နှင့် ဆင်းရဲဒုက္ခ ခံနေရသော အကျွန်ုပ်သည်။


နမာမိ = နမောတဿ ဇောဗလဝဖြင့် ဝရဖိန်နှုန်း ကျမ်းတိုင်းအဆီ ဆန်းဂိုဏ်းညီအောင် စီကာကုံး၍၊ ရွှင်ပြုံးသဒ္ဓါ စိတ်ကြံနိဗ္ဗာန်တိုး၍ ရှိခိုးပါ၏ အရှင်ဘုရား [၁]။

## ၄။ သာသနာပြု သမိုင်းမှတ်တမ်းများ

### (၁) ကြေးပြား + ရွှေစစ်ချ ဗုဒ္ဓခြေတော်ရာပါဒစေတီ ဝဲ, ယာ တစ်စုံ အလှူရှင်

သာသနာတော်နှစ် ၂၅၄၉ - ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၇-ခုနှစ်၊ သီတင်းကျွတ်လပြည့် ( အဘိဓမ္မာ အခါတော်နေ့ )၊ ခရစ်နှစ် ၂၅-၉-၂၀၀၅ ( တနင်္ဂနွေနေ့ )။

ဦးသန့်စင်ဌေး ( အငယ်တန်း အင်ဂျင်နီယာ - ၂၊ စက်မှုယန္တရား ၊ တောင် ) + ဒေါ်သန်းသန်းဝင်း (သား) မောင်ထိန်လင်း၊ မောင်စောရန်နိုင် မိသားစု၊ ရန်ကုန်။



[၁]။ ဝိဇ္ဇောဒယ ဆရာတော်။

## (၂) မဟာမုနိ ကြေးသွန်းဘုရား အလှူရှင်များစာရင်း


| စဉ် | အလှူရှင်အမည် နှင့် နေရပ်လိပ်စာ | လှူဒါန်းငွေ (ကျပ်) |
|---|---|---|
| ၁။ | ဦးဖိုးစီ + ဒေါ်မြအေး (သမီး) မခင်မြင့် (၁)လမ်း၊ တောင်ငူ | ၁ ၀၀၀ ၀၀၀ |
| ၂။ | ဒုတိယဗိုလ်မှူးကြီး မျိုးညွန့် + ဒေါ်မြင့်မြင့်အောင် (တပခ) | ၅၀၀ ၀၀၀ |
| ၃။ | ဦးခင်မောင်ဝင်း + ဒေါ်သန်းသန်းနွဲ့ "ကြယ်နီ ဆေးပေါ့လိပ်"၊ အုတ်တွင်း | ၃၀၀ ၀၀၀ |
| ၄။ | ဦးထွန်းခင်သန်း + ဒေါ်ဝင်းဝင်းမော် ဆည်မြောင်း၊ တောင်ငူ | ၂၀၀ ၀၀၀ |
| ၅။ | ကြယ်နီ ဆေးပေါ့လိပ် ခုံခွဲများ အုတ်တွင်း | ၁၀၀ ၀၀၀ |
| ၆။ | မဒိဒိအိခင် တောင်ငူ | ၁၀၀ ၀၀၀ |
| ၇။ | ဒေါ်အေး မိသားစု ( ဘုရင်မ ဆပ်ပြာတိုက် )၊ ရန်ကုန် | ၁၀၀ ၀၀၀ |
| ၈။ | ဦးကျော်ကျော်ဝင်း + ဒေါ်ဝေဝေငြိမ်း ဆည်မြောင်း၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၉။ | ဦးသန့်ဇင် + ဒေါ်မာမာကြည် "သောသီနို"ဆေးခန်း၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၁၀။ | ဦးဘိုကြီး+ဒေါ်အုန်းကြည် ၊ ဈေးလေး၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၁၁။ | ဦးမြညွှန့် + ဒေါ်အေးသီတာ၊ မောင်.ညီမ - တူ .တူမများ၊ ရန်ကုန် | ၁၀၀ ၀၀၀ |
| ၁၂။ | ဦးထွန်းတင်+ဒေါ်တင့် အား ရည်စူး၍ ဒေါ်အုန်းကြည်၊ ဒေါ်ကျော့၊ ဒေါ်ချစ်ချစ် ဒေါ်စိန်မြင့်၊ ဒေါ်လှကြည် (ကံမေတ္တာမိသားစု )၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၁၃။ | ဦးတွတ် ရတနာလမ်း၊ ဆန်ပွဲရုံ၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၁၄။ | Dr သိန်းလွင် + ဒေါ်သီတာအောင် တောင်ငူ | ၁၀၀ ၀၀၀ |
| ၁၅။ | Dr စံအေးကြည် သားဖွားမီးယပ် အထူးကု ဆရာဝန်ကြီး၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၁၆။ | ဦးကောင်းမြတ်စိန် + ဒေါ်မိုးခင် | ၅၀ ၀၀၀ |
| ၁၇။ | ဦးဝမ်ရှိန် + ဒေါ်ခင်ထွေး စက်ရှင်လမ်း၊ တောင်ငူ | ၅၀ ၀၀၀ |
| ၁၈။ | Dr ကြည်ဦး (ခွဲစိတ်ကု ) + Dr ခင်မာရှိန် တောင်ငူ | ၅၀ ၀၀၀ |
| ၁၉။ | ကိုကျော်တင့် + မခင်မာဝင်း မြိုင် ပွဲရုံ၊ တောင်ငူ | ၅၀ ၀၀၀ |
| ၂၀။ | ဦးကြယ်နီ (ကားပစ္စည်းအရောင်းဆိုင် )၊ တောင်ငူ | ၅၀ ၀၀၀ |
| ၂၁။ | ကိုအောင်ကြည်ဦး + မလှဲလှဲကြည် အုတ်တွင်း | ၅၀ ၀၀၀ |
| ၂၂။ | ဒုတိယဗိုလ်မှူးကြီး ဝင်းစိုး + ဒေါ်ခင်သီတာနိုင် ခ.လ.ရ ( ၃၉ )၊ ခတောင်ငူ | ၅၀ ၀၀၀ |
| ၂၃။ | ဦးထွန်းမောင်+ဒေါ်မြိုင် ၊ နဂါးရုံဘုရားလမ်း၊ တောင်ငူ | ၅၀ ၀၀၀ |
| ၂၄။ | ကိုတာ(ခ)ဦးမင်းနိုင်+ဒေါ်ရှမ်းမ ၊ အတာအိုးဆေးတိုက် ၊ အုတ်တွင်း | ၁၀၀ ၀၀၀ |
| ၂၅။ | ကျပ်ငါးသောင်းအောက် အလှူရှင် ၂၂-ဦး ၊ စုစုပေါင်းအလှူ | ၁၄၅ ၀၀၀ |



(၃) ဒုက္ကရစရိယာ ကျင့်နေတော်မူပုံတော်
အလှူရှင်
ဗိုလ်မှူးချုပ် သူရမြင့်သိန်း
(တလခ ဌာနချုပ်မှူး) +
ဒေါ်ကြည်ငွေး သာသနာပြု မိသားစု။



(၄) ပဥ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာ တရားဦး ဟောတော်မူပုံတော်
အလှူရှင်
ဗိုလ်မှူး ဝင်းမြင့် (ထလရ -၁၁) +
ဒေါ်မာလာသင်း သာသနာပြု မိသားစု။



ချမ်းမြေ့ကြည်ဖြူ သီတဂူ သာသနာ့ဗိမာန်တော်ကြီး

## ( ၅ ) သာသနဝိပုလမဟာကာရီ သိမ်တော်ကြီး အလှူရှင်စာရင်း

| စဉ် | အလှူရှင်အမည် နှင့် နေရပ်လိပ်စာ | လှူဒါန်းငွေ (ကျပ်) |
|---|---|---|
| ၁။ | ဒေါ်ရီ (သမီး) မအုန်းမြင့်၊ သား - မောင်အေးလွင် အုတ်ကျုတ်တန်း | ၁၀ ၀၀၀ |
| ၂။ | ဒေါ်တင်ရွှေ (သား) မောင်တင့်ဌေး အ.လ.က | ၂ ၁၁၀ |
| ၃။ | ဦးသာမောင် + ဒေါ်သန်းစိန် အုတ်ကျုတ်တန်း | ၁ ၅၀၀ |
| ၄။ | ဘဒ္ဒန္တ ဝိလာသ သိဒ္ဓိနှင့် တပည့်များ ရွှေဘုန်းသိမ်ကျောင်း | ၁ ၁၈၈ |
| ၅။ | ဦးလှကျန် + ဒေါ်ခင်ကြည် သဖန်းပင် | ၁ ၅၀၀ |
| ၆။ | ဦးဘိုးသင် + ဒေါ်မြရွှေ ဆီးဖြူပင် | ၁ ၅၀၀ |
| ၇။ | ဦးကြိုင် + ဒေါ်စမ်းရီ ၊ အလယ်ကျွန်း | ၇၁၀ |
| ၈။ | ဦးတင်အောင် + ဒေါ်ဒေါ ၊ အလယ်ကျွန်း | ၆၀၈ |
| ၉။ | ဦးမြ + ဒေါ်အန်ပိ (သမီး) မခင်သန်းဦး ၊ ရခိုင်စု (၂) | ၆၀၈ |
| ၁၀။ | ကိုအောင်ဝင်း + မသန်းသန်းအေး၊ မြစ်ကြီးပေါက် | ၅၀၀ |
| ၁၁။ | ကိုသန်းလှိုင် ၊ အလယ်ကျွန်း | ၅၀၀ |
| ၁၂။ | ဦးထွန်းမောင် + ဒေါ်တင်ရီ၊ ကျောင်းကုန်း | ၅၀၀ |
| ၁၃။ | ဦးပြုံး + ဒေါ်သန်းရှင် ၊ ကံရိုး | ၄၀၈ |
| ၁၄။ | ဦးအောင်သန်း + ဒေါ်ရှမ်းမ ၊ ဆီးဖြူပင် | ၄၀၈ |
| ၁၅။ | ဦးလှိုင် + ဒေါ်သန်းကြည်၊ ဆီးဖြူပင် | ၄၀၈ |
| ၁၆။ | ဦးအေးမြင့် + ဒေါ်သန်းမြင့် ၊ ရန်ကုန် | ၃၀၀ |
| ၁၇။ | ဘဒ္ဒန္တ ပဏ္ဍိစ္စ ၊ ဆီးဖြူပင် | ၃၀၀ |
| ၁၈။ | ဦးထွန်းအောင် + ဒေါ်ပေါက်စ | ၃၃၅ |
| ၁၉။ | ဦးမောင်ကျန် + ဒေါ်ရွှေလန် | ၃၀၈ |
| ၂၀။ | ဦးထွေး + ဒေါ်စမ်းနွဲ့ | ၃၀၀ |
| ၂၁။ | ဦးသာမြိုင် + ဒေါ်အေးစိန်၊ မလွှပင် | ၃၀၈ |
| ၂၂။ | ဒေါ်ပို၊ သား-ကိုကြည်အေး + မစောခင်၊ ဆီးဖြူပင် | ၃၀၀ |
| ၂၃။ | ဦးတင်ငွေ + ဒေါ်ဆယ်တင် ၊ ပြသောင် | ၃၀၀ |
| ၂၄။ | ဒေါ်အမာ၊ သဖန်းပင် | ၃၂၂ |
| ၂၅။ | မမြင့်မြင့်အေး၊ ကံရိုး | ၃၅၀ |

(က) ကျောက်ဆင်းတုတော်နှင့် ပလ္လင်တော် အလှူရှင် ( သိမ်အတွင်း )

သာသနာတော်နှစ် ၂၅၃၃-ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၅၁-ခုနှစ်၊ ခရစ်နှစ် ၁၉၉၀ ပြည့်နှစ်၊
ဦးဘိုးစိန် + ဒေါ်ပန်းခင်၊ (သမီး) ဒေါ်ညွန့်
မလှခင်၊ (သား) ကိုလှသောင်း မိသားစု။

(ခ) မဟာရပ်တော်မူ အလှူရှင် ( သိမ်အတွင်း )

မျိုးချစ် ( စိုက်ပျိုးရေး ဆေးဆိုင် )၊ ဈေးလမ်း၊ တောင်ငူမြို့။

(၆) ချမ်းမြေ့ကြည်ဖြူ သီတဂူ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးအကျိုးဆောင်အဖွဲ့

(က) နာယကအဖွဲ့များ

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် ကိုကို | တိုင်းမှူး | တပခ |
| ၂။ | ဗိုလ်မှူးချုပ် သူရမောင်နီ | ဒုတိယတိုင်းမှူး | တပခ |
| ၃။ | ဗိုလ်မှူးချုပ် သူရမြင့်သိန်း | ဌာနချုပ်မှူး | တပခ |

(ခ) တည်ဆောက်ရေး အကျိုးဆောင်များအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး မျိုးညွှန့် | (တပခ) | ဥက္ကဋ္ဌ |
| ၂။ | ဒုတိယဗိုလ်မှူးကြီး အောင်မင်း | (အတွင်းရေးမှူး၊ တယက ) | ပစ္စည်းစုဆောင်းရေး |
| ၃။ | ဦးချစ်မောင် | (အဖွဲ့ဝင်၊ တယက ) | အဖွဲ့ဝင် |
| ၄။ | ရဲမှူးကြီး အောင်ကြီး | (အဖွဲ့ဝင်၊ တယက) | အဖွဲ့ဝင် |
| ၅။ | ဒုတိယဗိုလ်မှူးကြီး ထွန်းအေး | (ဥက္ကဋ္ဌ၊ ခယက) | အဖွဲ့ဝင် |
| ၆။ | ဦးသန့်စင် | (ဥက္ကဋ္ဌ၊ မယက) | အဖွဲ့ဝင် |
| ၇။ | ဦးခင်မောင်ဝင်း | (အုတ်တွင်း ) | အဖွဲ့ဝင် |
| ၈။ | ဦးအောင်လင်း | (အုတ်တွင်း) | အဖွဲ့ဝင် |
| ၉။ | ဦးသန်းဝင်း | (တောင်ဂူ) | အဖွဲ့ဝင် |
| ၁၀။ | ဦးလှိုင် | (တောင်ဂူ) | အဖွဲ့ဝင် |
| ၁၁။ | ဦးမွှေး | (တောင်ဂူ) | အဖွဲ့ဝင် |
| ၁၂။ | ဦးအောင်ကျော်စိုး | (တောင်ဂူ) | အဖွဲ့ဝင် |
| ၁၃။ | ဒုအရာခံဗိုလ်အောင်အောင်လှိုင် | ဆလ အခွဲ - ၉၅၃ | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်မှူး ရွှေနိုင် | ဆလ အခွဲ - ၉၅၃ | အတွင်းရေးမှူး |

## ပထမ ဆီးဖြူပင်ဆရာတော်ကြီး၏ ဩဝါဒမှ ကောက်နုတ်ဖော်ပြသည်

"သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်တယ်ဆိုတာ အကျိုးများပါတယ်။ ဒီဗိမာန်ကြီးကို အမှီပြုပြီးတော့ တရားအားထုတ်တဲ့သူရှိလျှင်တော့ ပိုလို့ အကျိုးများပါတယ်။ ဘုန်းကြီးကတော့ တရားကိုပဲ အားထုတ်စေလိုတယ်။ တရားအားမထုတ်ဘူးဆိုလျှင်တော့ ဘာမှ အကျိုးမများနိုင်ဘူး။ ယခု ဗိမာန်ဖွင့်ပွဲတွေ လုပ်တယ်။ ရေစက်ချပွဲတွေ လုပ်တယ်။ မွေးနေ့ပွဲတွေ၊ ပဝါရဏာပွဲတွေ လုပ်တယ်။ ဒကာ ၊ ဒကာမတွေ လှူဒါန်းခွင့်ရကြတယ်။ တရားအားထုတ်ခွင့် ရကြတယ်။ ယောဂီတွေ တိုးလာတယ်။ ဒါ အကျိုးရှိတာပဲပေါ့။ ဗုဒ္ဓဘုရားရှင် သာသနာတော်ကြီး အစွန့်ရှည် တည်တံ့အောင် လုပ်တာပဲ။ ဆက်လုပ်ကြ။ ဘုန်းကြီးကို့ ကြည်ညိုရင် ဘုန်းကြီးဟောတဲ့တရားကို နာကြားပွားများ ကျင့်ကြံအားထုတ်ကြ။ ဒါ ဘုန်းကြီးကို အမြဲပူဇော် နေတာနဲ့ အတူတူပါပဲ။

(ဂ) ချမ်းမြေ့ကြည်ဖြူ သီတဂူ သာသနာ့ဗိမာန်တော်ကြီးအတွက် အလှူရှင်များစာရင်း(၁)

| စဉ် | အလှူရှင်အမည် နှင့် နေရပ်လိပ်စာ | လှူဒါန်းငွေ (ကျပ်) |
|---|---|---|
| ၁။ | ဒုတိယဗိုလ်ချုပ်ကြီး တင်အေး (ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်) မိသားစု၊ ကာကွယ်ရေးဝန်ကြီးဌာန | ၅ ၀၀၀ ၀၀၀ |
| ၂။ | ဗိုလ်ချုပ် အောင်မင်း + ဒေါက်တာ ခင်ဝေဝေသော မိသားစု | ၆၀၀ ၀၀၀ |
| ၃။ | ဗိုလ်မှူးချုပ် ကိုကို နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် မိသားစုများ | ၅၀၀ ၀၀၀ |
| ၄။ | ဗိုလ်မှူးချုပ်ကိုကို နှင့် တယက မိသားစုများ | ၅၀၀ ၀၀၀ |
| ၅။ | ဗိုလ်မှူးချုပ် သူရမောင်နီ နှင့် ဒေါ်နန်းမြင့်စိန် မိသားစု ( တ ပ ခ ) | ၄၀၀ ၀၀၀ |
| ၆။ | ဗိုလ်မှူးချုပ် သူရ မြင့်သိန်း + ဒေါ်ကြည်ငွေး ( တလ ခ ) | ၂၀၅ ၀၀၀ |
| ၇။ | ဗိုလ်မှူးကြီး နေဝင်း + ဒေါက်တာ ကြူကြူဝင်း၊ ရန်ကုန် | ၇၀၀ ၀၀၀ |
| ၈။ | ဒုတိယဗိုလ်မှူးကြီး အောင်မင်း+ဒေါ်ခင်နန်းတင် (အတွင်းရေးမှူး၊ တယက ) | ၁၁၀ ၀၀၀ |
| ၉။ | ဒုတိယ ဗိုလ်မှူးကြီး ဝင်းမြင့် (စစ်ဦးစီးမှူး ပထမတန်း၊ တပခ) | ၁၀၅ ၀၀၀ |
| ၁၀။ | ဒုတိယ ဗိုလ်မှူးကြီး ထွန်းအေး + ဒေါ်သီဂီဆွေ | ၅၀ ၀၀၀ |
| ၁၁။ | ဒုတိယဗိုလ်မှူးကြီး ဝင်းစိုး +ဒေါ်ခင်သီတာနိုင် (ခလရ - ၃၉ ) | ၁၀၀ ၀၀၀ |
| ၁၂။ | ဒုတိယ ဗိုလ်မှူးကြီး ဇော်ဝင်း +ဒေါ်ဆန်းကြည် ( တလခ) | ၅၀ ၀၀၀ |
| ၁၃။ | ဗိုလ်မှူး မင်းမင်းဦး တိုင်းမန်နေဂျာ၊ ကုန်သွယ်လယ် ယာ၊ ပဲခူး | ၁၅၀ ၀၀၀ |
| ၁၄။ | ဗိုလ်မှူး အောင်ထက်ကျော် + ဒေါ် မြမြဝင်း၊ စက်ရုံမှူး၊ အုတ်တွင်းသကြားစက် | ၄၀၀ ၀၀၀ |
| ၁၅။ | ဗိုလ်မှူး မျိုးမြင့်အောင် + ဒေါ်ခင်နှင်းအေး ( မဆရ - ၃ ) | ၁၅၀ ၀၀၀ |
| ၁၆။ | ဗိုလ်မှူး ဝင်းမြင့် နှင့် အမှတ်(၁၁) ထောက်လှမ်းရေးတပ်ရင်း မိသားစုများ | ၄၀၀ ၀၀၀ |
| ၁၇။ | ဗိုလ်ကြီးကျော်ထိုက် + ဒေါ်မြမြစိုး တိုင်းရေနံမြေ မိသားစု၊ ပဲခူး | ၁၀၀ ၀၀၀ |
| ၁၈။ | ဦးချမ်းသာ၊ ဗိုလ်မှူး ခင်လေး (မဆရ - ၃ ) | ၁၀၀ ၀၀၀ |
| ၁၉။ | ဒုအရာခံဗိုလ် အောင်အောင်လှိုင် ( ဆလ အခွဲ - ၉၅၃ ) | ၆၀၀ ၀၀၀ |
| ၂၀။ | အမှတ်(၁) ထောက်ပံ့နှင့် ပို့ဆောင်ရေးသင်တန်းကျောင်း | ၁၀၀ ၀၀၀ |
| ၂၁။ | အမှတ်(၉၃၀) ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်း မိသားစုများ | ၉၀ ၀၀၀ |
| ၂၂။ | လေတပ်စခန်းချုပ် အရာရှိ / အရာခံ / တပ်သား စုပေါင်းအလှူငွေ ( တလခ ) | ၁၅၀ ၀၀၀ |
| ၂၃။ | အမှတ်(၉၅၃) ဆောက်လုပ်ရေးအင်ဂျင်နီယာ တပ်ခွဲ မိသားစုများ | ၁၀၂ ၀၀၀ |
| ၂၄။ | အမှတ်(၂) ဆောက်လုပ်ရေးအင်ဂျင်နီယာ တပ်ရင်း မိသားစုများ | ၁၃၂၀ ၀၀၀ |
| ၂၅။ | တောင်ငူတပ်နယ် လုပ်အားပေး◌ာစ်သည်များ လုပ်အားပေး မြစ်သဲ (၅၅၀)ကျင်း | ၁၃၇၅ ၀၀၀ |
| ၂၆။ | ကျပ် ငါးသောင်းအောက် အလှူရှင် ၂၃ ဦး စုစုပေါင်း အလှူငွေ | ၂၆၇ ၂၅၀ |

(ဃ) ချမ်းမြေ့ကြည်ဖြူ သီတဂူ သာသနာ့ဗိမာန်တော်ကြီးအတွက် အလှူရှင်များစာရင်း ( ၂ )

| စဉ် | အလှူရှင်အမည် နှင့် နေရပ်လိပ်စာ | လှူဒါန်းငွေ (ကျပ်) |
|---|---|---|
| ၁။ | ကိုမြသိန်း ပန်းရိုးမ ဖိနပ်မိသားစု၊ ရန်ကုန် | ၅၀ ၀၀၀ ၀၀၀ |
| ၂။ | ဦးတေဇ "ထူး"ကုမ္ပဏီ၊ တောင်ငူ | ၃ ၅၀၀ ၀၀၀ |
| ၃။ | ဦးခင်မောင်ဝင်း + ဒေါ်သန်းသန်းနွဲ့ ကြယ်နီဆေးပေါ့လိပ်၊ အုတ်တွင်း | ၂ ၅၀၀ ၀၀၀ |
| ၄။ | ရွှေသံလွင် ကုမ္ပဏီ ရန်ကုန်၊ ရန်ကုန်-မန္တလေး ခြောက်လမ်းသွား စီမံကိန်း | ၂၄ ၂၀ ၀၀၀ |
| ၅။ | ဦးခင်မောင်အေး + ဒေါ်ဝင့်ရည်အေး (CB Bank ) ဒု - ဥက္ကဋ္ဌ မိသားစု | ၂ ၀၀၀ ၀၀၀ |
| ၆။ | ဦးမောင်မောင်မြင့် "ကောင်းမြတ်"ကုမ္ပဏီ ၊ ပြည်လမ်း | ၂ ၀၀၀ ၀၀၀ |
| ၇။ | ဦးအောင်ခင် လမ်းစီမံကိန်း မန်နေဂျာ ၊ အိုလံပစ်ကုမ္ပဏီ ၊ ဖြူး | ၁ ၉၅၀ ၀၀၀ |
| ၈။ | ကမ္ဘောဇ ကုမ္ပဏီ တောင်ငူ၊ ရန်ကုန်-မန္တလေး ခြောက်လမ်းသွားစီမံကိန်း | ၁ ၈၇၂ ၀၀၀ |
| ၉။ | ဦးတင်မောင်စိုး (Wood World) ကုမ္ပဏီ၊ ဝါးတန်းလမ်း၊ ရန်ကုန် | ၁ ၈၀၀ ၀၀၀ |
| ၁၀။ | ဦးကြည်ဆွေ မိုမင်တန် ကုမ္ပဏီ ၊ ဝါးတန်းလမ်း၊ ရန်ကုန် | ၁ ၇၀၀ ၀၀၀ |
| ၁၁။ | ဦးဝင်းဆွေ "ဝင်း" နှင့် "ဝင်း" ကုမ္ပဏီ၊ ပဲခူး | ၁ ၅၀၀ ၀၀၀ |
| ၁၂။ | ဦးနောင်ခမ်း "ထွန်းမြတ်အောင်" ကုမ္ပဏီ၊ ရေအေးကွင်းရပ်၊ တောင်ကြီး | ၁ ၅၀၀ ၀၀၀ |
| ၁၃။ | ဦးဇော်ထွန်း "စင်ထရယ်" မားကက်တင်း (C-M ) ကုမ္ပဏီ၊ ရှစ်မိုင်၊ ရန်ကုန် | ၁ ၅၀၀ ၀၀၀ |
| ၁၄။ | ဦးအောင်ကျော်ဝင်း "ဒါလ်တန်" အင်တာနေရှင်နယ် ကုမ္ပဏီ၊ လမ်း-၅၀၊ ရန်ကုန် | ၁ ၂၀၀ ၀၀၀ |
| ၁၅။ | ဦးညွန့်လှိုင် နှင့် သစ်ထုတ်လုပ်ရေး၊ မန်နေဂျာများ၊ တောင်ငူ | ၁ ၀၀၀ ၀၀၀ |
| ၁၆။ | ဦးရဲထွန်း၊ ဦးရဲမွန်၊ အမှတ်(၂၅၁)၊ ၃၃-လမ်း၊ ပဲခူး | ၁ ၀၀၀ ၀၀၀ |
| ၁၇။ | M.K.T.I "ဆွာ" အထပ်သားစက်ရုံ၊ ဆွာ | ၁ ၀၀၀ ၀၀၀ |
| ၁၈။ | ဦးဝင်းမြင့် သစ်ကုန်သည်၊ ဇရပ်ကြီး | ၁ ၀၀၀ ၀၀၀ |
| ၁၉။ | ဦးဇော်မင်းဆွေ "ဇာနည်ဇော်" ကုမ္ပဏီ၊ အမှတ်(၇၁)။ ၅၁-လမ်း၊ ရန်ကုန် | ၁ ၀၀၀ ၀၀၀ |
| ၂၀။ | ဦးစန်းမောင် "ငွေတံခွန်" ကုမ္ပဏီ၊ အမှတ်(၁၆)၊ မိုးကောင်းလမ်း၊ ရန်ကင်း၊ ရန်ကုန် | ၁ ၀၀၀ ၀၀၀ |
| ၂၁။ | ဦးဝင်းအောင် "ဒဂုံတင်းဘား" ကုမ္ပဏီ၊ အမှတ်(၂၆၄) ၊ ပြည်လမ်း၊ ရန်ကုန် | ၁ ၀၀၀ ၀၀၀ |
| ၂၂။ | ကွင်းချောင်း လျှပ်စစ် စီမံကိန်း၊ တောင်ငူ | ၉၂၀ ၀၀၀ |
| ၂၃။ | မခင်ဌေး မောင်နှမများ၊ တောင်ငူ | ၈၀၀ ၀၀၀ |
| ၂၄။ | ဘိုင်းဒါး တံတားစီမံကိန်း | ၇.၂၀ ၀၀၀ |
| ၂၅။ | ကွင်းချောင်း တံတားစီမံကိန်း | ၇၂၀ ၀၀၀ |
| ၂၆။ | ရဲနွယ်ချောင်း တံတားစီမံကိန်း | ၇၂၀ ၀၀၀ |
| ၂၇။ | ဗိုလ်မှူး ခွန်အောင်စိုး နှင့် ဝန်ထမ်းများ၊ ပြည်တွင်း ရောင်း/စက် မြန်မာ့သစ်လုပ်ငန်း တောင်ငူ | ၇၂၀ ၀၀၀ |
| ၂၈။ | အိုလံပစ် ကုမ္ပဏီ၊ ဖြူး ၊ ရန်ကုန် - မန္တလေး ခြောက်လမ်းသွားစီမံကိန်း | ၆၂၀ ၀၀၀ |
| ၂၉။ | ဒဂုံ အင်တာနေရှင်နယ် ကုမ္ပဏီ ၊ သာဂရ ၊ ရန်ကုန် - မန္တလေး ခြောက်လမ်းသွား စီမံကိန်း | ၅၇၂ ၀၀၀ |

| စဉ် | အလှူရှင်အမည် နှင့် နေရပ်လိပ်စာ | လှူဒါန်းငွေ(ကျပ်) |
|---|---|---|
| ၃၀။ | ဦးစိုင်း + ဒေါ်နန်း မိသားစု၊ မုန်းကျေးရွာ | ၅၀၀ ၀၀၀ |
| ၃၁။ | ကွယ်လွန်သူ ဖခင်ကြီး ဦးလှမြင့် အား ရည်စူး၍ ဦးကျော်လွင်+ဒေါ်နိုင်ရွှေဝါ မိသားစု၊ ရန်ကုန် | ၅၀၀ ၀၀၀ |
| ၃၂။ | ကိုအောင်ကျော်စိုး မိသားစု၊ တောင်ငူ | ၅၀၀ ၀၀၀ |
| ၃၃။ | ကိုဝင်းကို + မခင်ဦး၊ ကျွဲပွဲ | ၅၀၀ ၀၀၀ |
| ၃၄။ | ဦးကျော်စံဝင်း (ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်း ) | ၅၀၀ ၀၀၀ |
| ၃၅။ | ရန်ကုန် အလှူရှင်များ၊ စုပေါင်း ရန်ကုန် | ၄၇၁ ၀၀၀ |
| ၃၆။ | ရန်ကုန် အလှူရှင်များ၊ စုပေါင်း ရန်ကုန် | ၄၆၁ ၅၀၀ |
| ၃၇။ | ဦးဇော်မင်း+ဒေါ်အုံးကျင် ၊ နတ်သံကွင်း | ၃၀၀ ၀၀၀ |
| ၃၈။ | ဦးကျော်ဟိန်း + ဒေါ်ချိုချို ( Century) | ၃၀၀ ၀၀၀ |
| ၃၉။ | ဦးကျော်ကျော်ဝင်း ၊ ဆည်မြောင်း၊ ဟင်းငုတ်ပင်၊ တောင်ငူ | ၃၀၀ ၀၀၀ |
| ၄၀။ | ရွှေကျင်တံတားစီမံကိန်း၊ ရွှေကျင် | ၂၁၆ ၀၀၀ |
| ၄၁။ | ဦးကျော်သူရ + ဒေါ်ခင်လဲ့လဲ့ C.B Bank မိသားစု | ၂၀၀ ၀၀၀ |
| ၄၂။ | ပဲခူးတိုင်း (အရှေ့) သစ်တောဦးစီးဌာန မှ ဝန်ထမ်းများ မိသားစု | ၂၀၀ ၀၀၀ |
| ၄၃။ | ဦးဆန်းထွန်း+ဒေါ်ခင်မေဦး ခေတ္တ U.S.A | ၁၅၀ ၀၀၀ |
| ၄၄။ | ဦးအက်ဒွပ်စိန် + ဒေါ်ခင်မာအေး ၊ တောင်ငူ | ၁၅၀ ၀၀၀ |
| ၄၅။ | ကိုသိန်းထွန်းဦး + မဝါဝါဦး မိသားစု၊ တောင်ငူ | ၁၅၀ ၀၀၀ |
| ၄၆။ | ဦးအောင်ကျော်မြင့် + ဒေါ်ခင်သီတာနိုင်၊ ဆည်မြောင်း၊ တောင်ငူ | ၁၂၇ ၀၀၀ |
| ၄၇။ | ဦးမြင့်အောင် သံတောင်ကြီးလမ်းစီမံကိန်း အထူးအဖွဲ့၊ တောင်ငူ | ၁၂၀ ၀၀၀ |
| ၄၈။ | ဦးမွေး + ဒေါ်မြစိန် မိသားစု၊ ရတနာလမ်း၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၄၉။ | ဒေါ်ကြည်မေလွင် မိသားစု၊ (၁၉)ရပ်ကွက်၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၅၀။ | ဦးကြည်ဝင်း+ဒေါ်ခင်ညွန့်၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၅၁။ | ကိုမင်းသိန်း+မမိုးမိုး၊ စမ်းချောင်း၊ ရန်ကုန် | ၁၀၀ ၀၀၀ |
| ၅၂။ | Dr. သိန်းလွင်+ဒေါ်သီတာအောင်၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၅၃။ | ဦးဘသန်း + ဒေါ် မြနန်းကြည်အောင် (ငြိမ်း) ဘားအံ | ၁၀၀ ၀၀၀ |
| ၅၄။ | ကိုလှိုင်ဝင်းလွင်+မချိုချိုမော်၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၅၅။ | ဦးဘိုကြီး + ဒေါ်အုန်းကြည်၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၅၆။ | ဦးကြယ်နီ ကားပစ္စည်းအရောင်းဆိုင်၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၅၇။ | ဦးသောင်းကြိုင်+ဒေါ်ကျင်မြ (၁၄)ရပ်ကွက်၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၅၈။ | ဦးသိန်းရွှေ + ဒေါ်ညွန့်ရီ ၊ အုတ်တွင်း | ၁၀၀ ၀၀၀ |
| ၅၉။ | ပဲခူးတိုင်း (အရှေ့) မြို့နယ်မြေစာရင်း ရုံးဝန်ထမ်းများ | ၁၀၀ ၀၀၀ |
| ၆၀။ | ကြယ်နီ ဆေးပေါ့လိပ်ခုံခွဲများ၊ အုတ်တွင်း | ၁၀၀ ၀၀၀ |
| ၆၁။ | တောင်ငူ တက္ကသိုလ် ဆောက်လုပ်ရေး စီမံကိန်းအဖွဲ့ ၊ တောင်ငူ | ၁၀၀ ၀၀၀ |

| စဉ် | အလှူရှင်အမည် နှင့် နေရပ်လိပ်စာ | လှူဒါန်းငွေ (ကျပ်) |
|---|---|---|
| ၆၂။ | ကွန်ပျူတာကောလိပ် (GEC) ဆရာ/ဆရာမများနှင့် ကျောင်းသား/သူများ | ၁၀၀ ၀၀၀ |
| ၆၃။ | ဦးတင်ထွန်း "လွှက်ခြောက်" မိသားစု၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၆၄။ | ဒေါ်တင် ညီမများ၊ ပန်းရိုးမ၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၆၅။ | ကိုအောင်လွင်+မမြဝေ၊ ဈေးကြီးလမ်း၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၆၆။ | ဦးဝင်းထွန်းနီ + ဒေါ်ချိုချိုအေး (ကြေး-မြေ) စာရင်း၊ ရန်ကုန် | ၁၀၀ ၀၀၀ |
| ၆၇။ | ဦးမြင့်ညို ( အမေ့အိမ် - စားသောက်ဆိုင် )၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၆၈။ | ဒေါ်အေးကြိုင် မိသားစု၊ တောင်ဝန်းကုန်း၊ အုတ်တွင်း | ၁၀၀ ၀၀၀ |
| ၆၉။ | ဒေါ်အေး ဘုရင်မ ဆပ်ပြာတိုက်၊ ရန်ကုန် | ၁၀၀ ၀၀၀ |
| ၇၀။ | ဦးထွန်းခင်သန်း+ဒေါ်ဝင်းဝင်းမော်၊ ဆည်မြောင်း၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၇၁။ | ဦးထွန်းရီ + ဒေါ်ရင်ရင်ရွှေ ( သီးသန့်စံအိမ် - စားသောက်ဆိုင် ) | ၁၀၀ ၁၀၀ |
| ၇၂။ | ဦးစိုးဝင်း + ဒေါ်မူမူ ခရိုင်သစ်တော၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၇၃။ | ဦးမြသိန်း + ဒေါ်အေးမျှင်၊ ပဲခူး | ၁၀၀ ၀၀၀ |
| ၇၄။ | အ.ထ.က(၁) ကျောင်းအုပ်ဆရာကြီးနှင့် အဆောင်မှူးများ၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၇၅။ | ကိုနိုင်လင်း မိသားစု | ၁၀၀ ၀၀၀ |
| ၇၆။ | **Dr.** စံအေးကြည် "မီးယပ်အထူးကု"ဆရာဝန်ကြီး၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၇၇။ | သင်းပျံ့ပျံ့ နွယ် စတိုး၊ တောင်ငူ | ၆၀ ၀၀၀ |
| ၇၈။ | ဒေါ်သဇင်ကျော် မိသားစု၊ လားရှိုး | ၅၀ ၀၀၀ |
| ၇၉။ | ဦးစိုး + ဒေါ်မြအေး ၊ (၁၆)ရပ်ကွက်၊ တောင်ငူ | ၅၀ ၀၀၀ |
| ၈၀။ | ဒေါ်ရီ (သမီး) မအုန်းမြင့် ၊ မြစ်ကြီးပေါက်၊ တောင်ငူ | ၅၀ ၀၀၀ |
| ၈၁။ | ဦးလွန်းမောင် + ဒေါ်မြိုင် ၊ နဂါးရုံဘုရားလမ်း ၊ တောင်ငူ | ၅၀ ၀၀၀ |
| ၈၂။ | ကိုထွန်းထွန်း၊ တောင်ငူ | ၅၀ ၀၀၀ |
| ၈၃။ | ကိုတင်ထွန်းရှိန် + မမာမာဌေး၊ ဆု-ဆန်ဆိုင်၊ တောင်ငူ | ၅၀ ၀၀၀ |
| ၈၄။ | ကိုမျိုးအောင်၊ ရန်ကုန် | ၅၀ ၀၀၀ |
| ၈၅။ | အုတ်တွင်း သကြားစက်၊ ဝန်ထမ်း မိသားစုများ | ၅၀ ၀၀၀ |
| ၈၆။ | ဒုတိယဗိုလ်မှူးကြီး ဝင်းမောင် + ပါမောက္ခဒေါ်ရင်ရင်မြ မိသားစု (တပခ) | ၇၀ ၀၀၀ |
| ၈၇။ | ဦးဇော်ဝင်း အရှေ့ဦး ဆောက်လုပ်ရေး ကုမ္ပဏီ၊ ရန်ကုန် | ၇၀၀ ၀၀၀ |
| ၈၈။ | ဦးချစ်မောင် + ဒေါ်ခင်မော်မော် မိသားစု (တ.ယ.က ) | ၁၀၀ ၀၀၀ |
| ၈၉။ | ဦးအောင်သန်းဦး + ဒေါ်အေးအေးခိုင်၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၉၀။ | ဒုတိယဗိုလ်မှူးကြီး မျိုးတင့် ( ငြိမ်း ) + ဒေါ်ခင်နှင်းပန်း၊ တောင်ငူ | ၁၀၀ ၀၀၀ |
| ၉၁။ | ဦးအောင်သိန်း + ဒေါ်ချောစု၊ မိုးကုတ် | ၂ ၀၀၀ ၀၀၀ |
| ၉၂။ | **Dr.** အောင်နှင်းဦး + **Dr.** လှဝင်း ၊ ရန်ကုန် | ၁၀၀ ၀၀၀ |
| ၉၃။ | ဦးဟုတ် + ဒေါ်ဇာခြည်လဲ့ဆွေ၊ "သီဟရာဇာ" ကုမ္ပဏီ၊ ရန်ကုန် | ၅၀ ၀၀၀ |
| ၉၄။ | ဦးဝမ်ရှိန် + ဒေါ်ခင်ထွေး၊ စက်ရှင်လမ်း၊ တောင်ငူ | ၅၀ ၀၀၀ |

| စဉ် | အလှူရှင်အမည် နှင့် နေရပ်လိပ်စာ | လှူဒါန်းငွေ (ကျပ်) |
|---|---|---|
| ၉၅။ | **Dr.** ကြည်ဦး + **Dr.** ခင်မာရှိန် တောင်ငူ | ၅၀ ၀၀၀ |
| ၉၆။ | ကိုကျော်တင့် + မခင်မာဝင်း ( "မြိုင်" ပွဲရုံ ) တောင်ငူ | ၅၀ ၀၀၀ |
| ၉၇။ | ဆရာအတတ်သင် သင်တန်းသူများ အ.ထ.က ( ၂ ) တောင်ငူ | ၅၀ ၀၀၀ |
| ၉၈။ | ဦးကျော်နိုင် + ဒေါ်လဲ့နှင်းဖင် ( အင်ဂျင်နီယာ ) ဆ.သ.ရ တောင်ငူ | ၅၀ ၀၀၀ |
| ၉၉။ | ဦးထွန်းတင် + ဒေါ်တင့် "ကံမေတ္တာ" မိသားစု၊ တောင်ငူ | ၅၀ ၀၀၀ |
| ၁၀၀။ | ဦးလေးမောင် ( ကုန်သည် ) မိသားစု၊ မောင်လမြိုင် | ၁၀၀ ၀၀၀ |
| ၁၀၁။ | တပ်ကြပ်ကြီး နေလင်းထွန်း ( ဆလ အခွဲ ၉၅၃ ) တောင်ငူ | ၂၀၀ ၀၀၀ |
| ၁၀၂။ | ဦးညီညီ + ဒေါ်မေသီ မိုးကုတ်၊ မိသားစု | ၂၇၀ ၀၀၀ |
| ၁၀၃။ | ဦးကျော်လင်း+ဒေါ်ခိုင်ရွှေဝါ ကေတုမတီလီမိတက်၊ ရန်ကုန် | ၅၀၀ ၀၀၀ |
| ၁၀၄။ | ဦးလင်းမောင်၊ မော်လမြိုင် | ၁၀၀ ၀၀၀ |
| ၁၀၅။ | ကိုထွေး + မဆန်းနွဲ့၊ တောင်ငူ | ၅၀ ၀၀၀ |
| ၁၀၆။ | ကိုနေဝင်း + ဒေါ်မြတ်မြတ်ထွေး၊ "ရိမ်းဘိုး" လွှက်ရည်ဆိုင် | ၅၀ ၀၀၀ |
| ၁၀၇။ | ရဲမှူးကြီး အောင်ကြီး + ဒေါ်ညိုညိုတင်၊ ပဲခူးတိုင်း၊ ပဲခူး | ၅၀ ၀၀၀ |
| ၁၀၈။ | ကျပ် ငါးသောင်းအောက် အလှူရှင် ၂၄၃ ဦး စုစုပေါင်း | ၁၁၈၁ ၇၉၀ |

## ကမ္ပည်းမော်ကွန်း ကျောက်စာ

သာသနာတော်နှစ် ၂၅၄၆ – ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၄–ခုနှစ်၊ နတ်တော်လပြည့်ကျော် ( ၈ )ရက်၊ ခရစ်နှစ် ( ***27th December 2002*** )၊ သောကြာနေ့တွင် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သုဂုိယ ဆရာတော်ကြီး၏ တောင်ငူမြို့ ဆီးဖြူပင် သာသနာ့ရိပ်သာ၌ တိုင်းမှူး ဗိုလ်ချုပ် အောင်မင်းက ပန္နက်တင် အခမ်းအနား ဆောင်ရွက်ပေးပြီး စတင် တည်ဆောက်ခဲ့သော ကျပ် ( ၆၃၀ ) သိန်းတန် "**ချမ်းမြေ့ကြည်ဖြူ သီတဂူ သာသနာ့ဗိမာန်တော်ကြီး**" သည် သာသနာတော်နှစ် ၂၅၄၇ – ခုနှစ်၊ မြန်မာသက္ကရာဇ် – ၁၃၆၅– ခုနှစ်၊ ဝါဆိုလဆန်း (၁၂ )ရက်၊ ခရစ်နှစ် ( ***10th July 2003*** ) ၊ ကြာသပတေးနေ့တွင် အောင်မြင်ပြီးစီးပါသဖြင့် ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို က ဗုဒ္ဓသာသနာ တော်ကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲစေရန်အလို့ငှာ သဒ္ဓါကြည်လင် အလှူရှင်အားလုံးအတွက် ရေစက်ချ လှူဒါန်းခဲ့ပါသည်။

နတ် လူ သာဓု ခေါ်စေသော် . . .

(၇) ဗုဒ္ဓရုပ်ပွားတော်နှင့် ပဋ္ဌာဝင်္ဂီငါးဦး အလှူရှင် ( ဘုရားခန်းအတွင်း)
ဦးပေါ်အောင် + ဒေါ်ဆွေဆွေမြင့် သာသနာပြု မိသားစု၊ တောင်ငူမြို့။

(၈) ဗုဒ္ဓမြတ်စွာ၏ လက်ဝဲဘက် အထက်စွယ်တော် ( တရုတ်ပြည်သူ့သမ္မတနိုင်ငံ ) အလှူရှင်
သာသနာတော်နှစ် ၂၅၄၉-ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၇-ခုနှစ်၊ တပေါင်းလဆန်း ( ၈ )ရက်၊ ခရစ်နှစ် ၆-၃-၂၀၀၆၊ တနင်္လာနေ့တွင် ဆီးဖြူပင်သာသနာ့ရိပ်သာ ဆရာတော်ကြီး၏ သက်တော် (၉၇) နှစ်ပြည့်၊ သိက္ခာဝါတော် (၄၇)ဝါ အရ မွေးနေ့ ဝိဇာတ မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဗိုလ်မှူး သိန်းထွဋ်ဦး + ဒေါ်ဖြူဖြူအောင် မိသားစုနှင့် အရာခံဗိုလ် ထွန်းစန်း + ဒေါ်တင်တင်ဝေ မိသားစု၊ တောင်ငူမြို့။

(၉) ဇမ္ဗူအေး ဆုတောင်းပြည့်စေတီတော်
သာသနာတော်နှစ် ၂၅၄၄ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၂ ခုနှစ်၊ ခရစ်နှစ် ၂၀၀၀ ခုနှစ်။

(က) မ. တည် အလှူရှင် - ကိုစန်းလွင် + မနားနား ( ၁၇ ) သိန်းကျပ်

(ခ) တံခွန်တိုင်အလှူရှင်
ခုနစ်ရက် သား. သမီး စေတနာရှင်များ ကောင်းမှု။

(ဂ) ငြိုဟ်ပြေ - နံပြေ အလှူရှင်များ

| စဉ် | နေ့နံထောင့် | ငြိုဟ်သက် | အလှူရှင် အမည်များနှင့် နေရပ်လိပ်စာ |
|---|---|---|---|
| ၁။ | တနင်္ဂနွေ | ၆ | ဒေါ်အေးအေးမြင့် သရဖူ ယွန်းထည်ဆိုင်၊ ပုဂံ |
| ၂။ | တနင်္လာ | ၁၅ | ဗိုလ်မှူးချုပ် သူရမောင်နီ + ဒေါ်နန်းမြင့်စိန် ( တ.ပ.ခ ) မိသားစု |
| ၃။ | အင်္ဂါ | ၈ | ဦးမောင်လေး + ဒေါ်ရင်ဌေး၊ နေဝန်းနီ သစ်စက်၊ တောင်ငူ |
| ၄။ | ဗုဒ္ဓဟူး | ၁၇ | ဦးဝင်းထွန်းနီ + ဒေါ်ချိုချိုအေး နှင့် ဦးသန်းထွန်းနီ + ဒေါ်ခင်မေဦး |
| ၅။ | စနေ | ၁၀ | ဦးမြင့်ဦး + ဒေါ်နီလာရွှေ၊ သမီး-မနှင်းဝတ်ရည်ဦး၊ (သား) မောင်သော်ဇင်ဦး |
| ၆။ | ကြာသပတေး | ၁၉ | ဒုတိယဗိုလ်မှူးကြီး မျိုးညွန့် + ဒေါ်မြင့်မြင့်အောင် မိသားစု |
| ၇။ | ရာဟု | ၁၂ | Dr. သိန်းလွင် + Dr. သီတာအောင်၊ သမီး-မသဲစုလွင်၊ သား-မောင်အောင်ကိုလွင် |
| ၈။ | သောကြာ | ၂၁ | ဦးအောင်လွင် + ဒေါ်မြဝေ မိသားစု |

(ဃ) စေတီရင်ပြင်တော် နေပူခံ ကျောက်ပြား အလှူရှင်
သာသနာတော်နှစ် ၂၅၄၆-ခုနှစ်၊ မြန်မာသက္ကရာဇ် - ၁၃၆၄ - ခုနှစ်၊ ခရစ် ၂၀၀၂- ခုနှစ်၊
ဦးဝင်းကို + ဒေါ်ခင်ဦး၊ သား-မောင်သော်ဇင် မိသားစု၊ ကျွဲပွဲမြို့။
အလှူတော်ငွေ - ၁၀၅၀ ၀၀၀ ကျပ်။

(င) ခေါင်းလောင်းတော်များ အလှူရှင်

၁။ သာသနာတော်နှစ် - ၂၅၄၅ ခုနှစ်၊ မြန်မာသက္ကရာဇ် - ၁၃၆၃ ခုနှစ်၊ ခရစ်နှစ် - ၁၇-၁၁-၀၁

- ဦးမျိုးသွင် (အင်ဂျင်နီယာချုပ် စက်မှု၊ ဆည်မြောင်းဦးစီးဌာန) + ဒေါ်ချိုချို (သား) ကိုမျိုးသူရိန်၊ ကိုရဲသီဟကျော်၊ မိသားစု နှင့်
- ဦးစိုးမြင့်ထွန်း + ဒေါ်ဖြူဇင်ထွန်း၊ (သမီး) မခန့်ဆုယဉ် မိသားစု။

၂။ သာသနာတော်နှစ်၂၅၄၅ - ခုနှစ်၊ မြန်မာသက္ကရာဇ် - ၁၃၆၃ - ခုနှစ်၊ ခရစ်နှစ် - ၂၀၀၁ - ခုနှစ်၊

- ဇော်ဂျီကုန်းကျောင်းတိုက်ဆရာတော်၊ ပဲခူးမြို့။


(၈) မြန်မာမှု ဗိသုကာပညာရှင်
ဦးစံသိန်း နှင့် သားများ မိသားစု။

(၉) စေတီရင်ပြင်တော် တက် - ဆင်း သံပန်းတံခါးများ အလှူရှင်များ

၁။ ဦးကျော်သိန်း + ဒေါ်ခင်စိန် သာသနာပြု မိသားစု။
၂။ ဦးစိန်လှဝင်း + ဒေါ်နန်းဆိုင်ညို မိသားစု၊ ရေအေးကွင်း၊ တောင်ကြီးမြို့။
၃။ **Dr.** သိန်းလွင် + **Dr.** သီတာအောင် မိသားစု နှင့် ဦးအောင်လွင် + ဒေါ်မြဝေ မိသားစု။
၄။ ဦးစန်းအောင် + ဒေါ်စမ်းနွဲ့ မိသားစု နှင့် ဦးထွန်းရွှေ + ဒေါ်ငွေမြိုင် မိသားစု။

(၁၀) တောင်ဘက်မုခ်ဦး သံတံခါးအလှူရှင်


- ကိုဝင်းနိုင် သာသနာပြု မိသားစုနှင့်
- ကိုမျိုးကျော်သူ သာသနာပြု မိသားစု။



(၁၁) မြောက်ဘက်မုခ်ဦး သံတံခါးအလှူရှင်

- ဦးမောင်မောင် + ဒေါ်စန်းစန်းညွန့် သာသနာပြု မိသားစု နှင့်
- ဦးကိုလေး + ဒေါ်ခင်အုန်းမြင့် သာသနာပြု မိသားစု။

(၁၂) မဟာဗောဓိပလ္လင်တော်နှင့် ဂြိုဟ်ပြေ - နံ့ပြေ ရုပ်ပွားတော်များ
ခုနစ်ရက် သား၊ သမီး၊ စေတနာရှင်များ ကောင်းမှု။




(၁၃) (က) နတ်ရေတွင်း၊ ရေကန်၊ ရေတင်စက် အလှူရှင်
ဦးသိန်းအောင် +
ဒေါ်လှညွန့် ၊
သား - ကိုတွတ် +
**Dr.** လှလှမြင့် မိသားစု။

(ခ) ရေတွင်း၊ ရေကန်၊ ရေစင် အလှူရှင် ( ကိုစံသိန်း )၊ ကိုမျိုးအောင်၊ ကိုသောင်းထိုက် နှင့် ခုနစ်ရက်သား, သမီး စေတနာရှင်များ။

(ဂ) ရေတွင်း၊ ရေစင် အလှူရှင် ဦးသောင်းထိုက် သာသနာပြု မိသားစု။


(ဃ) ပဌာန်းရေချမ်းစင်၊ ရေချမ်းစင် အလှူရှင်များ
၁။ ဦးစိုးမြင့်ထွန်း ( **E.E.** ဆည်မြောင်းဦးစီး ဌာန ) + ဒေါ်ဖြူဇင်ထွန်း (ရန်ကုန်တက္ကသိုလ် )
၂။ ဦးရွှေလွန်း အား ရည်စူး၍၊ ဒေါ်အမာကြည် သာသနာပြု မိသားစု။
၃။ ဒေါ်သန်းကြည် သာသနာပြု မိသားစု ပဒဲကျေး ရွာ။



(၁၄) ရေခဲသေတ္တာ အလှူရှင်
နှစ်ဖက်သော မိဘများ အမှူးထား၍ **Dr.** မျိုးကျော်သူ + **Dr.** ထွန်းစန္ဒာလင်း (သမီးလေး ) မမေပွင့်ဖြူ ၏ (၂)နှစ်မြောက် မွေးနေ့အလှူတော် ( ၃-၄-၀၅ )။

(၁၅) ဆီးဖြူပင်သာသနာ့ရိပ်သာ မြေကွက်အလှူရှင်
( ဦးကျော်စိန် ) + (ဒေါ်မှန် ) သာသနာပြု မိသားစု။

(၁၆) မူလ ဝါး ထရံကာ၊ သက်ကယ်မိုး တဲကျောင်းအလှူရှင်
( ဦးသိန်းမောင် ) + ဒေါ်မြရင် သာသနာပြု မိသားစု နှင့် ခုနစ်ရက် သားသမီး စေတနာရှင်များ ကောင်းမှု။



(၁၇) ဆွမ်းစားကျောင်းဆောင် အလှူရှင် မူလကျောင်းကို ပြန် ပြင်၍ ခုနစ်ရက်သား/သမီး စေတနာရှင်များ ကောင်းမှု။

(၁၈) (က) ပစ်တိုင်းထောင် ဓမ္မာရုံ ဦးချို+ ဒေါ်သိုမြ၊ ကိုတင်ထွန်း မ, တည်၍ ခုနစ်ရက် သား/သမီး စေတနာရှင်များ ကောင်းမှု။

(ခ) မှော်ရုံ အလှူရှင်
သာသနာတော်နှစ် ၂၅၄၃ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၁ - ၁၃၆၂ ခုနှစ်၊ ခရစ် ၁၉၉၉ ခုနှစ်၊
ဦးစိမ်း + ဒေါ်ခင်လှ သာသနာပြု မိသားစု။

(၁၉) ဆီးဖြူပင်ဆရာတော်ကြီး ကျောင်းတော်ကြီးအလှူရှင်
ဦးညီညီ + ဒေါ်မေသီ သာသနာပြု မိသားစု၊ မိုးကုတ်မြို့။

(၂၀) သီလရှင်ကျောင်းများ အလှူရှင်များ
ကျောင်းဆောင်(၁) ဦးအောင်ဆန်း + ဒေါ်အေးကြည် သာသနာပြု မိသားစု။
ကျောင်းဆောင်(၂) ခုနစ်ရက်သားသမီး စေတနာရှင်များ ကောင်းမှု။
ကျောင်းဆောင်(၃) ခုနစ်ရက် သား သမီး စေတနာရှင်များ ကောင်းမှု။

(၂၁) ယောဂီများနားနေဆောင် သုံးဆောင်အလှူရှင်
ခုနစ်ရက် သား . သမီး စေတနာရှင်များ ကောင်းမှု။

(၂၂)(က) အလင်းဓာတ် လျှပ်စစ်မီး အလှူရှင် (ခရစ်နှစ် ၁၉၉၂ ခုနှစ် )
ခုနစ်ရက် သား. သမီး စေတနာရှင်များ ကောင်းမှု။

(ခ) အလင်းဓာတ် ( မီးစက် ) အလှူရှင်
- ဦးအုန်းမြင့် သာသနာပြု မိသားစု။
- ဦးအေး + ဒေါ်ပေါက်စ သာသနာပြု မိသားစု။
- ဦးစိုးမြင့်ထွန်း + ဒေါ်ဇင်ဖြူထွန်း သာသနာပြု မိသားစု။

(ဂ) အလင်းဓာတ် ( ကား မီးစက် ) အလှူရှင်
- ဦးစိုးမြင့်ထွန်း + ဒေါ်ဇင်ဖြူထွန်း (သား) က မ. တည်၍
- ခုနစ်ရက် သား. သမီး စေတနာရှင်များ ကောင်းမှု။
- (ကုန်ကျငွေမှာ ၂၅ သိန်းခန့် ရှိသည် )

(၂၃)နားနေရန် ထိုင်ခုံအလှူရှင်များ
၁။ ဦးသိန်း + ဒေါ်ကြည် သာသနာပြုမိသားစု။
၂။ ဦးသိန်း သာသနာပြု မိသားစုနှင့် မောင်တင်ဦး + မစန်းငွေး
ညီ - မောင်သိန်းမင်းဦး တို့ ကောင်းမှု။

(၂၄) ပြသောင် မင်းလေး ဦးစောစ နတ်နန်း အလှူရှင် (မြောက်ဘက်မုခ်ဦးအဝင်ဝ)
ဦးထွန်းအောင် + ဒေါ်ပေါက်စ သာသနာပြု မိသားစု။

(၂၅) မော်တော်ယာဉ်များ အလှူရှင်များ

- မဟာမြိုင်ကြီးငူ အထူးဒေသ (ဝါ) စုံနံ့သာမြိုင်ဆွေမြို့တော်မှ - ရာသက်ပန် ဘေးမဲ့သားလွတ် မြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တ သုမန က မော်တော်ယာဉ် တစ်စီး လှူဒါန်းပါသည်။

- မော်တော်ယာဉ်အမှတ် ၇ခ/ ၃၅၃၇ ကို ဦးခင်မောင်အေး (**CB Bank** ဉက္ကဋ္ဌ) + ဒေါ်ဝင့်[illegible]အေးနှင့် ခုနစ်ရက် သား, သမီး စေတနာရှင်များက လှူဒါန်းပါသည်။
- မော်တော်ယာဉ်အမှတ် ဏ / ၃၃၈၂ ကို ခုနစ်ရင်သား, သမီး စေတနာရှင် (၂၀)ဦးက ပေါင်းစု လှူဒါန်းပါသည်။
- ထော်လာဂျီယာဉ်အမှတ် ၃၅/၅၂၁၀ ကိုလည်း ခုနစ်ရက် သား,သမီး စေတနာရှင်များကပင် လှူဒါန်းပါသည်။

(၂၆) ဆီးဖြူပင် သာသနာ့ရိပ်သာ ကျောင်းတိုက် ပဒေသာပင် အလှူတော်

ဆီးဖြူပင် သာသနာ့ရိပ်သာကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တ သူရိယ ၏ နဝကမ္မ အလှူတော်ငွေများ မှ ဆီးဖြူပင် သာသနာ့ရိပ်သာ ကျောင်းတိုက် ပဒေသာပင် အလှူတော်ငွေအဖြစ် ကျပ် သိန်းရှစ်ဆယ် ခန့် ထည့်ဝင်လှူဒါန်းပြီး ဖြစ်ပါသည်။ ဆက်လက် လှူဒါန်းနေဆဲလည်းဖြစ်ပါသည်။

(၂၇) ကျောင်းအလှူရှင်

ဦးညီဝင်း + ဒေါ်ခင်အုန်းမြင့် သာသနာပြု မိသားစု။ မိုးကုတ်မြို့

(၂၈) ပင်မ ဘုရားခန်း အလှူရှင်

ဦးဖိုးစိန် နှင့် သား - မောင်လှသောင်း အား ရည်စူး၍ ဒေါ်ပန်းခင် ၊

သမီး - ဒေါ်သွန့်ညွန့် ၊ ဒေါ်လှခင် သာသနာပြု မိသားစု၊ သဖန်းပင်ကျေးရွာ။

(၂၉) ဗုဒ္ဓကျောင်းဆောင်အလှူရှင်

သာသနာတော်နှစ် ၂၄၉၀ ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၀၈ ခုနစ်၊ တော်သလင်းလ။


ဦးအောင်ညိမ်း + ဒေါ်ထယ် သာသနာပြု မိသားစု၊ သောင်ကုန်းရွာ။

(၃၀) သံဃာဆောင်များ အလှူရှင်

၁။ ခုနစ်ရက် သားသမီး စေတနာရှင်များ ကောင်းမှု။

၂။ ခုနစ်ရက် သားသမီး စေတနာရှင်များ ကောင်းမှု။

၃။ ခုနစ်ရက် သားသမီး စေတနာရှင်များ ကောင်းမှု။



၄။ ခုနစ်ရက် သားသမီး စေတနာရှင်များ ကောင်းမှု။

၅။ ခုနစ်ရက် သားသမီး စေတနာရှင်များ ကောင်းမှု။

၆။ ဗိုလ်ကြီးသန်းအုန်း + ဒေါ်စိန်စိန်သန်း၊ မောင်ရေချမ်း+မသပြေ သာသနာပြု မိသားစု၊ မန္တလေး။

(၃၁) အမျိုးသားဆောင်များ အလှူရှင်

ခုနစ်ရက် သား, သမီး စေတနာရှင်များ ကောင်းမှု။

(၃၂) မီးစက်ရုံ အလှူရှင်

သာသနာတော် ၂၅၄၈-ခုနှစ်၊ မြန်မာသက္ကရာဇ် - ၁၃၆၆ ခုနှစ်၊ ၄-၁-၂၀၀၅ ခုနှစ်၊ အင်္ဂါနေ့။ လက်ထောက် ညွှန်မှူး ( ၃ ) ရုံး၊ တ.ဆ.ရ ( ၅ )၊ ဆည်မြောင်းဦးစီးဌာန။

(၃၃) အထွေထွေ

(က) ကားဂိုဒေါင် - ခုနှစ်ရက် သား သမီး စေတနာရှင်များကောင်းမှု။

(ခ) ကုဋီများ - ခုနှစ်ရက် သား သမီး စေတနာရှင်များကောင်းမှု။

(ဂ) အမျိုးသား သန့်စင်ခန်းများ - ခုနှစ်ရက် သား သမီး စေတနာရှင်များကောင်းမှု။

(ဃ) အမျိုးသမီး သန့်စင်ခန်းများ - ခုနှစ်ရက် သား သမီး စေတနာရှင်များကောင်းမှု။

## (၅) ဆီးဖြူပင်သာသနာ့ရိပ်သာ ၏ အကျိုးတော်ဆောင်အဖွဲ့

တနင်္ဂနွေနေ့တွင် - ကိုအောင်ကျော်စိုး (သစ်ခွဲစက်)၊ ကိုညီညီထွန်း၊ ကိုမိုးကျော် ( ဆီးဖြူပင် )၊ ကိုလှသိန်း ၊ ကိုသောင်းထွဋ်။

တနင်္လာနေ့တွင် - ကိုထွန်းသူ၊ ကိုကျော်ဒွန်း၊ ကိုစံဝင်း၊ ကိုဝင်းနိုင်၊ ကိုစန်းအောင် ( ဆီးဖြူပင် )။

အင်္ဂါနေ့တွင် - ကိုမျိုး ( ဆိုင်ကယ် )၊ ကိုမှတ်ကြီး၊ ကိုကျော်သူရ၊ ကိုထွန်းထွန်း၊ ကိုဖိုးဖြူ (ဆီးဖြူပင်)၊ ကိုသိန်းအောင်(ရှေ့နေ)။

ဗုဒ္ဓဟူးနေ့တွင် - ကိုတင့်လွင်၊ ကိုမျိုးဆွေ၊ ကိုကျော်သိန်း၊ ကိုအေးလွင်၊ ဦးလှိုင် ( ဆီးဖြူပင် )။

ကြာသပတေးနေ့တွင် - ကိုမျိုးဆွေ ( သစ်ခွဲစက် )၊ ဦးအောင်ကျော်မိုး ( စခန်းမှူး )၊ ကိုမျိုးမင်း၊ ကိုဇော်လွင်၊ ကိုကြည်အေး ( ဆီးဖြူပင် )၊ ကိုစိုးမြင့် ( ရွှေဆိုင် )၊ ကိုတင့်လွင်။

သောကြာနေ့တွင် - ကိုကံကောင်း၊ ဦးမောင် ( ဆီးဖြူပင် )၊ ကိုသိန်းဝင်း ( ဆီစက် )၊ ကိုစိန်မြင့်၊ ကိုအောင်ဒင်၊ ကိုငွေတ်၊ ကိုအန်းကူး။

စနေနေ့တွင် - ကိုကျော်အုန်း၊ ကိုသူရဝင်း၊ ကိုအောင်ငွေး ( ကျောင်းဆရာ )၊ ကိုဝင်းနိုင်၊ ကိုမွေးကို(ဆီးဖြူပင် )၊ ကိုစိုးမြင့် ( ရွှေဆိုင် )၊ ကိုဝင်းဦး ( ဈေးလေး ) တို့ အသီးသီး ဖြစ်ကြသည်။

## (၁) သဒ္ဓါဖြူစင် သိဒ္ဓိပေါက်အောင်မြင်

သာသနာ့အကျိုးဆောင် သာသနာ့ဝန်ထမ်းများသည် သူတစ်ပါး သဒ္ဓါတရားကို တိုးတက်အောင် ကျင့်သုံးနေထိုင်ရုံမျှဖြင့် သာသနာပြုရာ ရောက်သည်။ သဒ္ဓါတရား ပျက်အောင် လုပ်လျှင်မူ သာသနာဖျက်ရာ ရောက်တတ်သည်ကို အထူးသတိပြုမိကြစေလိုပါသည်။ သဒ္ဓါတရား ထက်သန်သူ၏ စိတ်သည် ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင်ဖြင့် ဘာကိုပဲလုပ်လုပ် စိတ်ရောကိုယ်ပါ ထက်သန်တက်ကြွစွာ လုပ်သည်။

တာဝန်နှင့် ဝတ္တရားအရ မလွဲမရှောင်သာလုပ်ရခြင်းမျိုး မဟုတ်။ ပညာသိဖြင့် လုပ်ခြင်း ဖြစ်သည်။ သဒ္ဓါတရား ထက်သန်နေသူ၏ အတွေးအခေါ်. အပြောအဆို. အမူအယာ . အနေအထိုင်၊ အယူအဆသည် ဖြူစင်သန့်ရှင်းနေပြီး ကျက်သရေ အလိုလို ရှိနေသည်။ လုပ်တိုင်းလည်း သိဒ္ဓိပေါက်နေသကဲ့သို့ အောင်မြင်မှု အမှန်တကယ် ရရှိနေပေသည်။

သဒ္ဓါယ တရတိ ဩဃံ = သဒ္ဓါတရားဖြင့် သံသရာပင်လယ်ကြီးကို ဖြတ်ကူးနိုင်သည်။ (သံ၊ ၂၁၆ )

သမ္ပသာဒန လက္ခဏာ = သဒ္ဓါသည် ကြည်လင်စေတတ်သော လက္ခဏာ ရှိပါပေသည်။
(အဘိဋ္ဌ ၁၊ ၁၃၆ )၊ ထက်သန်သော ကုသိုလ်သဒ္ဓါစေတနာသည်
ချမ်းသာသော သုခဝေဒနာကို ဖြစ်ပေါ်စေနိုင်သတည်း။

## (၂) အကျိုးဆောင်သည် ဆိုသော်လည်း အလှူရှင်နှင့်မခြား အကျိုးတူ ရနိုင်ရာ၏။

အလှူရှင်များက ဖြူစင်သော သဒ္ဓါတရားဖြင့် အသပြာ၊ ဥစ္စာဓန ၊ ပစ္စည်းများကို စွန့်လွှတ်. စွန့်ကြဲ. ပေးကမ်း. လှူဒါန်းကာ မေတ္တာတရားတို့ကို ပေါင်းစပ်၍ လောကသာသနာအတွက် စွမ်းဆောင်ပေးခြင်းသည် "ဒါနပရမတ္ထပါရမီ" မြောက်၏။ အကျိုးဆောင်ပေးသူများက လည်း သဒ္ဓါအား၊ ကာယအား၊ ဉာဏအား၊ ပညာအား၊ မေတ္တာအားတို့ဖြင့် လောကသာသနာအတွက် လုပတင့်တယ်. ထယ်ဝါ. ခန့်ညား. ကျက်သရေ ရှိအောင် အလုဆင် ပေးခြင်းသည် သူတစ်ပါး၏ အလှူကို ကြည်ဖြူဝမ်းမြောက်ခြင်း မုဒိတာတရား "ဒါနပါရမီ" မြောက်၏။ အလှူရှင်နှင့် အကျိုးဆောင် စေတနာတူ၊ ဝတ္ထုတူက အကျိုးရခြင်း အတူတူပင် ဖြစ်၏။ တစ်ခါတစ်ရံ အကျိုးဆောင်သူ သည် အလှူရှင်ထက်ပင် အကျိုးထူး ရရှိနိုင်ကြောင်းလည်း လေ့လာမှတ်သားခဲ့မိဖူးပါသည်။

(အလှူဒါန တစ်ခုအောင်မြင်သည်တွင် အင်္ဂါလေးပါး စုံညီရမည်ဖြစ်ပေရာ ပေးလှူမည့် သူ၏ စေတနာ၊ ပေးလှူစရာ လှူဖွယ်ပစ္စည်းဝတ္ထု၊ ထိုပစ္စည်းကို အလှူခံယူမည့် အလှူခံပုဂ္ဂိုလ်နှင့် အမှန်တကယ် အထမြောက်စွာ ပေးလှူခြင်း တို့ ဖြစ်ကြပေသည် )။

## ( ၃ ) အခက်ဆယ်ပါး သတိထား

(က) ဘုရား ပစ္စည်း ၊ ငရဲမီး ၊ သုံးနည်း အလွန်ခက်။

( ခ ) သံဃာ့ပစ္စည်း၊ အဆိပ်သီး၊ စားနည်း အလွန်ခက်။

( ဂ ) စားသုံးမိလျှင် ၊ တနင်နင်၊ သေလျှင် အလွန်ခက်။

(ဃ) ငရဲသို့ကျ၊ ဝဋ်ဒုက္ခ ၊ လွတ်ပြန်ရဖို့ခက်။

( င ) ငရဲဘဝ ၊ လွတ်ပြန်က ၊ ပြိတ္တာ ဘုံသို့ဆက်။

( စ ) ပြိတ္တာ ဘဝ ၊ လွတ်ပြန်က ၊ လူ့ဘုံရဖို့ခက်။

(ဆ) လူ့ဘုံရောက်လာ၊ သာသနာ၊ ကြုံလာရဖို့ခက်။

( ဇ ) သာသနာတွင်း၊ ကြုံကြိုက်လျှင်း၊ ကျင့်ခြင်းသာလို့ခက်။

( ဈ ) ဘုရားသခင်၊ ဉာဏ်တော်ရှင် ၊ ဖူးမြင်ရဖို့ခက်။

(ည) အရိယာသံဃာ၊ ပေါ်သောခါ၊ လှူဒါန်းရဖို့ခက် [၁] ။

## ၆။ ဆီးဖြူပင်သာသနာ့ရိပ်သာ ဓမ္မနေရာသို့ နတ်လမ်းညွှန်

ဆီးဖြူပင်ဆရာတော်ကြီး သီတင်းသုံးနေထိုင်ရာ ဆီးဖြူပင်သာသနာ့ရိပ်သာသည် တောင်ငူမြို့မှ နစ်မိုင်ခန့် ကွာဝေးသော ဆီးဖြူပင်ရွာအနီးတွင် တည်ရှိသည်။ နွေဥတုနှင့် ဆောင်းဥတု အခါကာလများတွင် သွားလမ်း၊ လာလမ်း သာသာယာယာ ရှိသဖြင့် တောင်ငူမြို့စွန် (၁၀)ရပ်ကွက် မြစ်ကြီးပေါက်ရွာမှ တစ်ဆင့် ကားဖြင့်


---

၁။ ပေတာ ဝတ္ထု ၊ တိရော ကုဍ္ဍ သုတ္တ အဋ္ဌကထာ။

သော်လည်းကောင်း၊ ဆိုက်ကားဖြင့် (ငါးရာကျပ်ပေး၍)သော်လည်းကောင်း ဆရာတော်ကြီးကျောင်းတော်သို့ ရောက်လျှောက် အရောက်သွားနိုင်ပါသည်။ ထိုလမ်းကို လမ်းဟောင်းဟု ဒေသခံများက ခေါ်ဆိုကြပါသည်။

အခြားလမ်းသစ်တစ်ခု ထပ်မံဖောက်လုပ်ထားရာ ရန်ကုန် - မန္တလေး အဝေးပြေး ကားလမ်းမကြီးမှ အစိုးရ မာတ်ဆီဆိုင်နှင့် မိုက္ကရိုဝေ့ဖ် ဈေးဂ်စင် ( ဆ.သ.ရ ) အနီးမှ ကပ်လျက်ရှိသောလမ်းသည် ဆရာတော်ကြီးကျောင်း တော်သို့ တိုက်ရိုက်ဖောက်လုပ်ထားခြင်း ဖြစ်သည်။


အချို့တံတားကြီးဆိပ်လမ်းမှ ခရီးသည်ပင် ပဲခူးတောင်စီး၍ စစ်တောင်းမြစ်ကို ဆန်တက်ကာ လာရောက်ကြရာ ဆီးဖြူပင်ရွာ၏ ဆိပ်ကမ်းဖြစ်သည့် ပြောက်ဖက်ထိပ် ညောင်ပင်ကြီးအနီးတွင် ရှိသည်။ စက်လှေပေါ်မှ ဆင်းသော် ရွာလမ်းအတိုင်း လမ်းလျှောက်၍ ရွာမွန်တောင်ဖက် ထိပ်တွင်ရှိ ဆီးဖြူပင် ဆရာတော်ကြီးကျောင်းသို့ သွားရောက်ဖူးမြော်နိုင်ကြပါသည်။





## ၇။ သက်ရှယ်တော်ကြီးပေမယ့် သာစ်ပင် ရေလောင်းဆဲ

သာသနာတော်သုံးရပ်သည် ကြီးမားခိုင်ခံ့သော သစ်ပင်ကြီးနှင့် တူပါသည်။ သစ်ပင်တစ်ပင်မှာ အမြစ်၊ ပင်စည်နှင့် အဖူး . အပွင့် . အသီးဟု သုံးမျိုး သုံးစား ခွဲခြားနိုင်ပါသည်။ ပရိယတ်သည် အမြစ်နှင့် တူ၏။ ပဋိပတ်သည် ပင်စည်နှင့် တူ၏။ ပဋိဝေဓသည် အဖူး . အပွင့် . အသီး တို့နှင့် တူ၏။


ပထမဆီးဖြူပင် ဆရာတော်ဘုရားကြီးသည် သက်တော် ( ၉၉ )နှစ် ၊ သိက္ခာဝါတော် ( ၇၉ )ဝါရသည် အထိ တပည့် ဒကာ . ဒကာမများနှင့်အတူ ဆီးဖြူပင် သာသနာ့ရိပ်သာ၌ သာသနာတော် အစွန့်ရှည်၍ တည်တံ့စေရန် ပဋိပတ် - ပင်စည်နှင့်တူသော သာသနာ့သစ်ပင်ကြီး ဖူး. ပွင့် . သီး လာစေရန် လက်ရှိ သံဃာတော်များ၊ ကိုရင်များ၊ သီလရှင်များ၊ ယောဂီများတို့နှင့်အတူ တပည့် ဒကာ. ဒကာမများပါမကျန် အတူတကွ လက်တွဲ၍ ပစ္စည်းလေးပါး ရေများ၊ မေတ္တာရေများ စဉ်ဆက်မပြတ် ဆက်လက်သွန်းလောင်းလျက် ရှိနေပေသည်။



သီလရှင်များနားနေဆောင်



သီလရှင်များနားနေဆောင်




သီလရှင်များနားနေဆောင်



ဆီးဖြူပင်ဆရာတော်ကြီးမှတ်တမ်း
ပြည့်စုံစေဖို့ ကြိုးစားပမ်းစား
ဆွေးနွေးကြ။



တိရစ္ဆာန်များ လွန်သနား၊
သားစားရှောင်ကြဉ်ပါ။
သတ္တဝါများ မေတ္တာထား၊
ဘေးမဲ့ သက်ပယ်စား။



တရားဘာဝနာ အားထုတ်ရာ
အာဟာရ ဖြစ်စေဖို့
စီမံကြရာ နေ့စဉ်နှင့်အမျှ။

# စေတီဘုရားတည်ထားကိုးကွယ်နည်း

## စေတိယ ပကာသနီကျမ်း ၊ နောက်ဆက်တွဲ(က)မှ ကောက်နုတ်ဖော်ပြပါသည်။

စေတီတော်တည်မည်ဆိုလျှင် ဦးစွာပထမ ပြုလုပ်ရန် ကိစ္စမှာ မြေသန့် မင်္ဂလာ ဖြစ်သည်။
မြေသန့်မင်္ဂလာ ဟူရာ၌ -

၁။ မြေရှင်းခြင်း ၊

၂။ မြေညှိခြင်း တို့ကို ဦးစွာပထမ ပြုလုပ်ဆောင်ရွက်ရမည်။

ထိုကိစ္စနှစ်မျိုးကို ဆောင်ရွက်ပြီးမှ မြေသန့်မင်္ဂလာ ပြုလုပ်ရပါသည်။

## (၁) မြေရှင်းခြင်း

မြေရှင်းခြင်းဆိုသည်မှာ စေတီတော်တည်မည့်နေရာတွင် သစ်ပင် ချုံနွယ်များ ရှုပ်ထွေးနေပါက ထိုသစ်ပင် ချုံနွယ်များကို ဦးစွာပထမ ခုတ်ထွင်ရှင်းလင်းပစ်ရမည်။

ထိုသို့ ခုတ်ထွင်ရှင်းလင်းရာ၌ အရပ်လေးမျက်နှာ ဘေးပတ်လည်တွင် သစ်ကြီး.ဝါးကြီးများ ပေါက်ရောက်နေပါက မခုတ်ထွင် မရှင်းလင်းဘဲ ဘေး၌ ခြံစည်းရိုးသဖွယ် ထားနိုင်သည်။

သို့သော် ထိုသစ်ကြီး.ဝါးကြီးများသည် အနှစ်ရှိသော သစ်ပင်မျိုးဖြစ်ရပေမည်။ သစ်ကြီး.ဝါးကြီး အပင်ကြီးများ၏ အမည်ဝေါဟာရမှာလည်း "မင်္ဂလာရှိသော သစ်ပင်များ၏ အမည်များ" ဖြစ်စေရမည်။

မှတ်ချက်။ ။ အနှစ်ရှိသော သစ်ပင်ဆိုသည်မှာ - အခေါင်းပွ သစ်ပင်မျိုးမဟုတ်ဘဲ ၊ အလယ်တွင် အနှစ် မာကြောသော အပင်ကို ဆိုလိုပါသည်။ မင်္ဂလာရှိသော သစ်ပင်၏ နာမည်ဆိုလိုသည်မှာ - သပြေပင်၊ ခရေပင်၊ အင်ကြင်းပင်၊ စိန်ပန်းပင် စသည်တို့ကို ဆိုလိုပါသည်။ အနှစ်လည်းမရှိ၊ မင်္ဂလာလည်းမရှိသောသစ်ပင်ဆိုသည်မှာ -လက်ပံ၊ လက်ခုပ် စသော အပင်မျိုးကို ဆိုလိုပါသည်။

ထိုလေးမျက်နှာပတ်လည်တွင် အထက်က ဖော်ပြခဲ့သော ၊ မင်္ဂလာရှိသော. အနှစ်သာရရှိသော အပင်များကို ချန်လှပ်၍ ကျန် ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းပစ်ရမည်။

ဤလုပ်ငန်းကို "မြေရှင်းခြင်းလုပ်ငန်း" ဟု ဆိုလိုပါသည်။ ဦးစွာပထမ လုပ်ရမည့်လုပ်ငန်း ဖြစ်သည်။

## (၂) မြေညှိခြင်း

ချုံနွယ် ပိတ်ပေါင်းများကို ခုတ်ထွင်၍ မြေရှင်းပြီးပါက ၊ မြေပြင်ကို စည်မျက်နှာပြင်ကဲ့သို့ ညီနေအောင် ညှိနှိုင်းပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်။

ထိုဘုရားတည်မည့် မြေနေရာသည် ပထမ မြေရှင်းပြီးပါက ကုန်းတော်မြေ နေရာသည် တစ်ဖက်နိမ့်၊ တစ်ဖက်မြင့်ဖြစ်နေပါက မြင့်မောက်နေသော နေရာမှ မြေများကို တူးယူလျက် နိမ့်နေသောဘက်သို့ ဖို့၍ တစ်ပြေးညီအောင် ညှိပေးရပါသည်။ စေတီတည်ရမည့် ကုန်းမြေပြင်တစ်ခုလုံးသည် အနိမ့်၊ အမြင့် ညီညီညာညာဖြင့် အပြန့်တစ်ပြေးတည်း ပြန့်ပြူးသာယာစွာ ရှိနေရမည်။

ထိုသို့ မြေရှင်းခြင်းနှင့် မြေညှိခြင်း နှစ်မျိုးစလုံး ဆောင်ရွက်ပြီးစီးသောအခါမှသာ မြေသန့်မင်္ဂလာ ပြုလုပ်ရမြဲ ဖြစ်ပေသည်။

## (၃) မြေသန့်မင်္ဂလာ

မြေသန့်မင်္ဂလာဆိုသည်မှာ - ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်း၍ မြေကြီးကို တစ်ပြေးညီ ညှိထားပြီးသော ကုန်းမြေ၌ နေ့ကောင်းရက်သာ ရွေးချယ်ပြီး သံဃာတော်အရှင်မြတ်များကို ပင့်ဖိတ်ကာ သိမ်နတ် ကမ္မဝါ ရွတ်ဖတ်ခြင်း၊ ပရိတ်တော် ဒေသနာ ရွတ်ဖတ်ခြင်းတို့ဖြင့် မြေသန့်မင်္ဂလာ ပြုလုပ်ရပေသည်။

မြေသန့်မင်္ဂလာ ပြုလုပ်ရာ၌ သံဃာတော်အရှင်မြတ်များ ပရိတ်တော်ရွတ်ရာတွင်ထားရှိရမည့် ပစ္စည်းများမှာ -

၁။ ပရိတ်တော်ပန်းအိုး

၂။ ပရိတ်တော်ချည်မျှင်၊ ချည်ခင်

၃။ ပရိတ်တော်ရေစင်

၄။ ပရိတ်တော်သဲ

၅။ ပရိတ်တော်ကျောက်စရစ်ခဲ (၂၄)လုံးစီ ထည့်ထားသော အိုး ( ၉ ) လုံး

တို့ကို ကြိုတင်ပြင်ဆင်ပြီး ဆရာတော် သံဃာတော်များ၏ ရှေ့တွင် ထားရှိရမည်။

ဆရာတော်သံဃာတော်များ ပရိတ်ဒေသနာရွတ်ဖတ် ချီးမြှင့်ပြီးစီးသော အခါတွင် ပရိတ်တော် ကျောက်စရစ်ခဲ (၂၄)လုံးစီ ထည့်ထားသော မြေအိုးငယ်(၈)လုံးကို ၊ အရပ်ရှစ်မျက်နှာတွင် တစ်လုံးကျစီ မြေတွင်း၌ မြှုပ်နှံရပါမည်။ အရပ်ရှစ်မျက်နှာ ရှစ်ထောင့်တွင် တစ်လုံးစီ မြှုပ်နှံပြီး အလယ်ဗဟိုတွင် အိုး(၁)လုံး မြှုပ်နှံရမည်။

ထို ပရိတ်တော် ကျောက်စရစ်ခဲ (၂၄)လုံးစီ ထည့်ထားသော အိုးငယ် (၉)လုံးကို မြှုပ်နှံပြီးသောအခါ ၊ ပရိတ်တော်သဲများကို ကုန်းတော်အနံ့ လိုက်လံ၍ အရပ်ရှစ်မျက်နှာပတ်မိအောင် ပက်ဖျန်းရမည်။

မှတ်ချက် ။ ။ ရှေးက ပရိတ်သဲ ဖြူးသော နည်းတစ်နည်းမှာ မြေအိုးသစ်တစ်လုံးထဲတွင် ပရိတ်တော် သဲများကိုထည့်၍ ၊ တနင်္ဂနွေထောင့်သို့ ယူသွားပြီး ထိုမြေအိုး၏ အောက်ပိုင်းကို အလယ်မှ လက်သန်းခန့် အပေါက်တစ်ပေါက်ဖောက်လိုက်ရာ သဲများကျလာသည်။ ထိုပရိတ်တော်သဲအိုးကို တနင်္ဂနွေထောင့်မှ လက်ယာရစ်ချီမ၍ ကိုင်သွားခြင်းဖြင့် အရပ်ရှစ်မျက်နှာပတ်မိအောင် သဲများ အနံ့အပြားကျ၍ ဖြူးပြီးသား ဖြစ်ပေတော့သည်။

ထိုသို့ ပရိတ်တော်သဲများ အရပ်ရှစ်မျက်နှာ ပတ်မိအောင် ဖြူးပြီးသောအခါ၊ အလယ်ကုန်းမြေပေါ်တွင်လည်း အနံ့အပြား သဲများကို ပက်ဖြူးရမည်။

ပရိတ်တော်သဲများ ဖြူးပြီးသောအခါတွင် ၊ ပရိတ်တော် ရေစင်များကို အထက်နည်းအတိုင်း အရပ်ရှစ်မျက်နှာ ပတ်မိအောင် ဖျန်းရပါမည်။ အရပ်ရှစ်မျက်နှာပိတ်မိအောင် ရေစင်ဖျန်းပြီးသောအခါ ရှေးနည်းအတိုင်း အလယ်ဗဟို ကုန်းတော်မှစ၍ ၊ ကုန်းတော်တစ်ပြင်လုံးကို ပရိတ်တော်သဲများ ပက်ဖြူးသကဲ့သို့ ပရိတ်တော် ရေစင်များ ကိုလည်း ပက်ဖျန်းရမည်။

ပရိတ်တော်သဲဖြူး၍ ပရိတ်တော်ရေစင်များကို ပက်ဖျန်းပြီးသောအခါ၊ ပရိတ်တော်ချည်မျှင်ကို ဘေးပတ်ပတ်လည်ရှိ သစ်ပင်ကြီးများပေါ်သို့ တက်၍ လေးမျက်နှာပိတ်မိအောင် ချည်ရမည်။

ဤသည်မှာ မြေသန့်မင်္ဂလာ၏ လုပ်ထုံး ရှေးစနစ်ဖြစ်သော "လောကုတ္တရာနည်း အစီအရင်တော်" ဖြစ်သည်။

ဤသို့ လောကုတ္တရာနည်း အစီအရင်ဖြင့် မြေသန့်ပြီးနောက် "လောကီ အစီအရင်ဖြင့်" ရှေးမူအတိုင်း ဆက်လက်စီရင်ရဦးမည် ဖြစ်ပေသည်။

လောကီအစီအရင်ဆိုသည်မှာ ရှေးဆရာတော်၊ သမားတော်ကြီးများ လိုက်နာပြုလုပ်သုံးစွဲခဲ့သော နည်းဖြစ်သည့် - ရှေးထုံးရှေးနည်း နည်းအရ ကန်တော့ပွဲ (၁၂)ပွဲပြင်၍ မြေစောင့်နတ်နှင့် ဂြိုဟ်နတ်တို့အား ဗလိနတ်စာ ကျွေးမွေးပြီး ဘုရားကိုးဆူကပ်ခြင်းမင်္ဂလာ ဖြစ်ပေသည်။

ထိုအခမ်းအနားအတွက် စီရင်ပုံမှာ ကုန်းတော်အလယ်တွင် မဏ္ဍပ်ထိုး၍၊ ဘုရားကိုးဆူ ကန်တော့ပွဲ တစ်ပွဲနှင့်ဂြိုဟ်ကြီး (၉)လုံးအတွက် ကန်တော့ပွဲတစ်ပွဲ ပြင်ထားရမည်။

အရပ်ရှစ်မျက်နှာ ရှစ်ထောင့်တွင် မဏ္ဍပ်ရှစ်ဆောင်ထိုး၍၊ သက်ဆိုင်ရာ ကန်တော့ပွဲများကို ပြင်ဆင်ထား ရမည်။

ပြင်ဆင်ထားရမည့် ကန်တော့ပွဲများမှာ -

(က) တနင်္ဂနွေထောင့်မဏ္ဍပ်တွင် ဂဠုန်မင်းအတွက် ကန်တော့ပွဲတစ်ပွဲ။

(ခ) တနင်္လာထောင့်မဏ္ဍပ်တွင် သိဒ္ဓိရှင်ဝိဇ္ဇာမိုရ် ရသေ့ရှစ်သောင်းအတွက် ကန်တော့ပွဲတစ်ပွဲ။

(ဂ) အင်္ဂါထောင့်မဏ္ဍပ်တွင် ပြဟ္မာမင်းကြီးနှင့် သိကြားမင်းကြီးအတွက် ကန်တော့ပွဲတစ်ပွဲ။

(ဃ) ဗုဒ္ဓဟူးထောင့်မဏ္ဍပ်တွင် မိုးနတ်သားနှင့် လေနတ်သားအတွက် ကန်တော့ပွဲတစ်ပွဲ။

(င) စနေထောင့်မဏ္ဍပ်တွင် နဂါးမင်းကြီးများအတွက် ကန်တော့ပွဲတစ်ပွဲ။

(စ) ကြာသပတေးထောင့်မဏ္ဍပ်တွင် ဝသုန္ဒရေမြေစောင့်နတ်မင်းကြီးအတွက် ကန်တော့ပွဲတစ်ပွဲ။

(ဆ) ရာဟုထောင့်မဏ္ဍပ်တွင် သာသနာစောင့် ယက္ခသေနာပတိ နတ်ဘီလူးမင်းကြီးအတွက် ကန်တော့ပွဲတစ်ပွဲ။

(ဇ) သောကြာထောင့်မဏ္ဍပ်တွင် ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး နတ်မင်းကြီးများအတွက် ကန်တော့ပွဲ တစ်ပွဲ နှင့် ဒေသန္တရနတ်မင်းများအတွက် ကန်တော့ပွဲတစ်ပွဲပါ ကန်တော့ပွဲ (၂)ပွဲ ထားရှိရမည်။

ထိုကဲ့သို့ မဏ္ဍပ် ကိုးဆောင်နှင့် ကန်တော့ပွဲ (၁၂)ပွဲ ပြင်ဆင်ပြီးသော အခါတွင်၊ နေ့ကောင်းရက်သာ ရွေး၍ ဗလိပူဇာပွဲကို (၃)ရက် ပူဇော်ရမည်။

- ပထမရက်တွင် ဘုရားကိုးဆူ ကပ်လှူပူဇော်၍ ဂြိုဟ်စာကျွေးမွေးရ၏။
- ဒုတိယရက်တွင် မဏ္ဍပ်ရှစ်ဆောင် အတွင်းရှိ နတ်မင်းကြီးများအား ဗလိနတ်စာ ကျွေးမွေးပူဇော်ရ၏။
- တတိယရက်တွင် စနေထောင့်မဏ္ဍပ်ရှေ့၌ နဂါးစာ ကျွေးရ၏။

မှတ်ချက်။ ။ ဘုရားကိုးဆူ ပူဇော်ခြင်းနှင့် ဗလိနတ်စာကျွေးမွေးရာတွင် ပြင်ဆင်ရန်မှာ အုန်းဆွမ်း၊ နို့ ဆွမ်း၊ ထောပတ်ဆွမ်း တစ်မျိုးမျိုးချက်၍ သစ်သီး (၃)မျိုး၊ မုန့် (၃) မျိုး၊ ယို (၃) မျိုး၊ ပန်း (၃) မျိုးဖြင့် အမယ်ပေါင်း (၁၂) မျိုးပါသော ဆွမ်းပွဲကပ် ဗလိနတ်စာ ကျွေးမွေးရမည်။

ဤဗလိနတ်စာကျွေးမွေးခြင်း အစဉ်အလာမှာ ရှေးရှေးသော ဘုရားကိုးဆူကပ် ဆရာကြီးများ ကျွမ်းကျင်စွာ ပြုလုပ်စီမံပေးတတ်ကြပါသည်။

တတိယရက် နောက်ဆုံးနေ့တွင် နဂါးစာကျွေးသည်ဆိုခြင်းမှာ -


စနေထောင့်မဏ္ဍပ်ရှေ့တွင် မြေတွင်းတူး၍၊ ပထမတူးယူ၍ ရသောမြေစာကို တွင်း၏ ညာဘက်တွင် ပုံ၍ထားပြီး ဒုတိယတူးယူ၍ရသော မြေစာများကို တွင်း၏ ဘယ်ဘက်တွင် ပုံ၍ထားပြီးလျှင်၊ တွင်းထဲသို့ နံ့သာပု ဖက်ပျောသီးကို အခွံနွှာပြီး ပေါက်ပေါက်နှင့် ပျားရည်ထည့်၍ ရောနယ်ပြီး တွင်းဇဲ့သို့ ထည့်ရမည်။ ထိုနဂါးစာများ တွင်းထဲသို့ ထည့်ပြီးပါက၊ ဦးစွာပထမ တူးယူရရှိသော တွင်း၌ ညာဘက်ရှိ မြေစာကို တွင်းထဲသို့ ပထမထည့်၍ ဖုံးရမည်။

ထို့နောက် ဒုတိယ တူးယူရရှိသော တွင်း၏ ဘယ်ဘက်ရှိ မြေစာကို၊ တွင်းထဲရှိ ပထမမြေစာပေါ်သို့ ဒုတိယ မြေစာကို အပေါ်မှ ဖုံးအုပ်ထည့်၍ ပြည့်မောက်စေရမည်။

ထိုသို့ နဂါးစာကျွေးပြီးပါက ၊ လောကုတ္တရာနည်းအရ မြေသန့်ခြင်းမင်္ဂလာ နှင့် လောကီနည်းအရ မြေသန့်ခြင်း မင်္ဂလာတို့ ပြီးမြောက်အောင်မြင်ပြီး ဖြစ်ပါသည်။

မှတ်ချက် ။ ။ ထိုလောကီနည်းအရ မြေသန့်မင်္ဂလာ ဗလိနတ်စာ ပူဇော်ပ.သခြင်းကို ဘုရားကိုးဆူ ဆရာအချို့နှင့် သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများထံတွင် အကူအညီရယူ ပန်ကြား၍ စီရင်ရပါမည်။

## မဏ္ဍာပ်ထိုးရန် ပုံစံ




## (၄) ပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာ

မြေသန့်ခြင်းမင်္ဂလာပြီးပါက ဘုရားစေတီတည်ရန် တာဝန်ယူထားသော ဗိသုကာဆရာများက ၊ ဘုရားစေတီ၏ ပုံသဏ္ဌာန်တော်အလိုက် အောက်ခြေအုတ်မြစ်တော်စီရန် အကွက်များနှင့် ကိုက်ညီသော ပန္နက်တော်ကို နေရာသတ်မှတ်လျက် နေ့ကောင်းရက်သာ ရွေးချယ်ပြီး ပန္နက်တော်ကြီးများ၊ ပန္နက်တော်တိုင်များကို ကြိုတင်၍ စီမံထားပြီး ဘုရားဒါယကာ၏ နေ့နံနှင့် တွက်၍ ပန္နက်ကြီးကိုင် ပန္နက်တင်မည့်လူများကို ရွေးချယ်ကာ ပန္နက်တော် တင်၍ တွင်းတော်ဝန်းမင်္ဂလာ ကျင်းပရပါမည်။

## (၅) အုတ်မြစ်တော်စီမင်္ဂလာ

ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာ အောင်မြင်ပြီး ၊ အုတ်မြစ်တော်စီ မင်္ဂလာကျင်းပမည့် အခမ်းအနားမှာ အောက်ပါအတိုင်း စီစဉ်ရမည်။

၁။ သံဃာတော် အရှင်မြတ်များထံမှ သီလခံယူခြင်း။

၂။ ရတနာကြုတ်တော်နှင့် ရတနာအုတ်များကို ဆရာတော်ဘုရားများထံ အပ်နှံခြင်း ၊

၃။ ပရိတ်ချည်မျှင်၊ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲများကို ဖျန်းပက်ချည်နှောင်ခြင်း ၊

၄။ ဒေဝါဝင်း၊ ရာဇဝင်းခြံရံလျက် ရတနာအုတ်အစုံအလင်ကို သယ်ဆောင်ခြင်း ၊

၅။ အရပ်ရှစ်မျက်နှာတွင် နေ့နံအလိုက် ဥပါသကာများက အုတ်မြစ်တော်စီခြင်း ၊

၆။ အလယ်ဗဟိုအုတ်မြစ်တော်တွင် ရတနာကြုတ်မြှုပ်နှံခြင်း နှင့်

၇။ အုတ်မြစ်တော်စီမင်္ဂလာ ပြီးစီးအောင်မြင်ခြင်းအတွက် ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးခြင်းတို့ ဖြစ်ပါသည်။

ထိုအခမ်းအနားအတွက် ဆရာတော်သံဃာတော်အရှင်မြတ်များ သီတင်းသုံးရန်အတွက် ရတနာမဏ္ဍပ်တော်ကို စီမံထားပြီး၊ ရွေးချယ်ထားသည့် နေ့ကောင်းရက်သာတွင် ပင့်ဖိတ်ထားသော ဆရာတော် သံဃာတော်များ ကြွလာသည့်အခါ ပရိတ်ချည်မျှင်၊ ပရိတ်ပန်းအိုး၊ ပရိတ်ရေစင်၊ ပရိတ်သဲများကို ကပ်လှူလျက် သီလခံယူဆောက်တည်ကြရမည်။

သီလခံယူဆောက်တည်ပြီးသော် ရတနာအုတ်မြစ်တော်များကို ဆရာတော် ဘုရားများထံ ကပ်လှူရမည်။

ရတနာအုတ်မြစ်တော်ကို ရွှေချ၍သော်လည်းကောင်း၊ ရွှေစက္ကူ၊ ငွေစက္ကူရောင်စုံများ ကပ်၍သော်လည်းကောင်း ထားရမည်။ အရောင်အဆင်းလှပစေရန် အတွက် ရွှေစက္ကူ၊ ငွေစက္ကူရောင်စုံများဖြင့် ခြယ်လှယ်ထားရန်မှာ -

၁။ ရွှေရောင်အုတ်၊
၂။ ငွေရောင်အုတ်၊
၃။ ပတ္တမြားရောင်အုတ်၊
၄။ နီလာရောင်အုတ်၊
၅။ သန္တာရောင်အုတ်၊
၆။ ပုလဲရောင်အုတ်၊
၇။ ခရမ်းရောင်အုတ်၊
၈။ မြစိမ်းရောင်အုတ်၊
၉။ အရောင်စုံကို အကန့်လိုက်ခြယ်ထားသော ရောင်စုံအုတ်တို့ကို အဆင်သင့် စီမံထားရ၏။

ဆရာတော်များထံမှ သီလခံယူပြီးသောအခါ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ပန်းများကို ဥပါသကာအဖွဲ့က ကုန်းတော်အနံ့ ပန်းနှင့် ရေစင်များ၊ သဲများကို ကြဲပက်ဖြန်းခင်းပြီး ပရိတ်ချည်မျှင်များကို အရပ်(၈)မျက်နှာ ပတ်မိအောင် ချည်နှောင်ရမည်ဖြစ်ပါသည်။

မှတ်ချက်။ ။ ကုန်းတော် မြေသန့်မင်္ဂလာတွင် ပရိတ်သဲများ ဖြန့်ခြင်း၊ ပရိတ်ကျောက်စရစ်ခဲ (၉) အိုးကို မြှုပ်နှံခြင်း၊ ပရိတ်ရေဖျန်းခြင်း တို့ကို ပြုလုပ်ပြီးဖြစ်သော်လည်း အုတ်မြစ်စီမင်္ဂလာတွင် ထပ်မံလုပ်ရပါမည်။

ပရိတ်သဲ၊ ပရိတ်ရေစင်များ ဖျန်းပက်ပြီးသောအခါတွင် ရွှေအုတ်၊ ငွေအုတ်များကို ဆရာတော်များ၏ လက်ဝယ်သို့ အပ်နှံ၍ အုတ်မြစ်တော်စီခွင့်ကို တောင်းခံရပါသည်။ ဆရာတော်များက အုတ်မြစ်တော်ကို ပြန်လည်ပေးအပ်၍ အုတ်မြစ်စီရန် ခွင့်ပြုသောအခါ ထိုရတနာအုတ်များကို ဒေဝါဝင်း၊ ရာဇာဝင်း ခင်းကျင်း၍ အုတ်မြစ်တော် စီမည့် နေရာသို့ ပင့်ဆောင်လာရမည်။

အုတ်မြစ်စီသည့်အခါတွင်နှင့် ပင့်ဆောင်သည့်အခါ လိုက်ပါရမည့် ဒေဝါဝင်း၊ ရာဇာဝင်းများမှာ -

| ဒေဝါဝင်း | ရာဇာဝင်း |
|---|---|
| ၁။ ကမ္ဘာဦးရသေ့ | ၁။ ရှေ့ပြေးလေးသည်တော် |
| ၂။ ဗြဟ္မာမင်း | ၂။ ရှေ့ပြေး ကြိမ်ဆော် |
| ၃။ တောင်ပိုင်ဘိုးဘိုးကြီး | ၃။ စစ်သည်ရဲမက်တော် |
| ၄။ သိကြားမင်း | ၄။ ပုဏ္ဏားတော်ပုရောဟိတ် |
| ၅။ စေတီပါလဘိုးဘိုးကြီး | ၅။ စစ်သူကြီး |

| | | | |
|---|---|---|---|
| ၆။ | ဝိဋ္ဌာ | ၆။ | ဝန်နီ |
| ၇။ | အလောင်းတော်နတ်သား | ၇။ | ရွှေမြို့တော်ဝန် |
| ၈။ | မာတလိနတ်သား | ၈။ | ရှင်ဘုရင် |
| ၉။ | ဝိသုကြုံနတ်သား | ၉။ | မိဖုရား (က) |
| ၁၀။ | ဓတရဋ္ဌနတ်မင်း | ၁၀။ | မိဖုရား ( ခ ) |
| ၁၁။ | ဝိရူဋ္ဌကနတ်မင်း | ၁၁။ | မိဖုရား ( ဂ ) |
| ၁၂။ | ဝိရူပက္ခနတ်မင်း | ၁၂။ | မိဖုရား (ဃ) |
| ၁၃။ | ကုဝေရနတ်မင်း | ၁၃။ | အပျိုတော် |
| ၁၄။ | ဝသုန္ဓရေ မြေစောင့်နတ် | ၁၄။ | အပျိုတော် |
| ၁၅။ | နဂါးမင်း | ၁၅။ | မဟာဒါန်ဝန်မင်း |
| ၁၆။ | ဂဠုန်မင်း | ၁၆။ | စစ်သည်ရဲမက်တော် |
| ၁၇။ | ဂုမ္ဘာန်မင်း | ၁၇။ | လူပျိုတော်သား |
| ၁၈။ | ယက္ခနတ်ဘီလူးမင်း | ၁၈။ | အိမ်ရှေ့မင်း |
| ၁၉။ | ဂန္ဓဗ္ဗပဉ္စသိခ်နတ်မင်း | ၁၉။ | အိမ်ရှေ့မိဖုရား |
| ၂၀။ | မဏိမေခလာဒေဝီ | ၂၀။ | အပျိုတော် |
| ၂၁။ | စန္ဒီဒေဝီ | ၂၁။ | ဝန်စိမ်း |
| ၂၂။ | သူရဿတီဒေဝီ | ၂၂။ | သမားတော်ဇီဝက |
| ၂၃။ | စန္ဒာဒေဝီ | ၂၃။ | စစ်သည်တော်ရဲမက် |
| ၂၄။ | သီရိဒေဝီ | ၂၄။ | စစ်သူကြီး |
| ၂၅။ | ဣရဒ္ဓသီဒေဝီ | ၂၅။ | အနောက်ဝန်မင်း |
| ၂၆။ | ဣရန္ဓတီဒေဝီ | ၂၆။ | နောက်ပိတ်ကြိမ်ဆော် |
| ၂၇။ | ယက္ခမိဘီလူးမယ်တော် | ၂၇။ | နောက်ပိတ်လေးသည်တော် |

ဟူ၍ ဒေဝါဝင်း ( ၂၇ ) ပါးနှင့် ရာဇာဝင်း ( ၂၇ )ပါးတို့ဖြင့် ခင်းကျင်းပင့်ဆောင်ရမည်။

ရတနာအုတ်တော်များကို သယ်ယူရာတွင် ရှေ့မှ ဒေဝါဝင်း၊ နောက်မှ ရာဇာဝင်း ခင်းကျင်း၍ ရတနာအုတ်တော်များကို အလယ်မှ ထား၍ ပင့်ဆောင်ရမည်။

## အုတ်မြစ်တော် စီပုံစီနည်း

အုတ်မြစ်တော်စီရာတွင် စေတီတော်တည်မည့် ဗိသုကာဆရာက ပုံစံတော် အတိုင်း ချထားသော အောက်ခြေ ပန္နက်တွင်းများအလိုက် ချကြရမည်။

အုတ်မြစ်တော်စီနည်း အမျိုးမျိုးရှိကြသော်လည်း ရှေးရိုးအုတ်မြစ်စီနည်းမှာ အုတ်မြစ်တော်စီမည့် ဥပါသကာများသည် ဝတ်ဖြူစင်ကြယ်ဝတ်လျက် ပိတ်ဖြူလောကဘတ်ထိုးပြီး -

၁။ တနင်္ဂနွေသားသည် တနင်္ဂနွေထောင့်တွင်လည်းကောင်း၊

၂။ တနင်္လာသားသည် တနင်္လာထောင့်တွင်လည်းကောင်း၊

၃။ အင်္ဂါသားသည် အင်္ဂါထောင့်တွင်လည်းကောင်း၊

၄။ ဗုဒ္ဓဟူးသားသည် ဗုဒ္ဓဟူးထောင့်တွင်လည်းကောင်း၊

၅။ ကြာသပတေးသားသည် ကြာသပတေးထောင့်တွင်လည်းကောင်း၊

၆။ သောကြာသားသည် သောကြာထောင့်တွင်လည်းကောင်း၊

၇။ စနေသားသည် စနေထောင့်တွင်လည်းကောင်း၊

၈။ ရာဟုသားသည် ရာဟုထောင့်တွင်လည်းကောင်း အသီးသီး မတ်တပ်ရပ်လျက် ရှိနေကြရမည်။

မှတ်ချက်။ ။ရာဟုနေ့သားဆိုသည်မှာ ဗုဒ္ဓဟူးနေ့ မွန်းတည့် (၁၂) နာရီကျော်မှ မွေးဖွားသောသူကို ရာဟုနေ့သားဟု ခေါ်ပါသည်။

ထိုအရပ်ရှစ်မျက်နှာမှ ဥပါသကာများ ကိုင်ထားရမည့် အုတ်များမှာ၊ အရောင်ကိုးမျိုးခြယ်ထားသော ရတနာအုတ်တော်များ မဟုတ်ဘဲ ရိုးရိုးအုတ်များကိုသာ ကိုင်ဆောင်ထားရမည်ဖြစ်သည်။ အရောင်ကိုးမျိုး ခြယ်ထားသော ရတနာအုတ်မြစ်တော်များကိုမူ အလယ်ဗဟို ပန္နက်တော်နေရာတွင် စေတီတော်တည်ဆောက်ရေးအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်များ၊ နာယက ဥက္ကဋ္ဌ ဂေါပကများက ရတနာအုတ်မြစ်တော်နှင့် အဆင်သင့် ရှိနေရမည်။

အုတ်မြစ်တော်စီရန် ချမှတ်သည့် နေရာ၌ အခမ်းအနားမှူးက "မင်္ဂလာ အခါတော်" ဟု ကြေငြာလိုက်သည်နှင့် တစ်ပြိုင်နက်၊ အရပ်ရှစ်မျက်နှာရှိ ဥပါသကာများက မိမိတို့ဆိုင်ရာထောင့် ပန္နက်တွင်းထဲသို့ မိမိတို့လက်ရှိ အုတ်များကို ထည့်သွင်း၍ အုတ်မြစ်တော်များကို စီရသည်။

ထိုအချိန်အခါမှာပင် အလယ်ဗဟိုပန္နက်နေရာတွင် နေရာယူပြီး ရှိနေကြသော ဆရာတော်၊ သံဃာတော်များနှင့် နာယက ဥက္ကဋ္ဌ လူကြီးမင်းများက အရောင်ရှစ်မျိုးခြယ်ထားသော ရတနာအုတ်မြစ်တော် ရှစ်ချပ်ကို ဆိုင်ရာ ပန္နက်တွင်းများထဲ၌ ထည့်၍ အုတ်မြစ်တော်စီရမည်။

ထိုကဲ့သို့ တစ်ပြိုင်နက် အုတ်မြစ်တော်စီပြီးလျှင်ပြီးချင်း၊ အုတ်တစ်ချပ်တည်းတွင် အရောင်ကိုးမျိုး ခြယ်ထားသော အုတ်မြစ်တော်ကို စီရမည်။ ထိုအုတ်မြစ်တော်အောက်တွင် နဝရတ်ကိုးပါး ရတနာများ ထည့်ထားသော ရတနာငွေကြုတ်၊ ရတနာရွှေကြုတ်များကို အောက်တွင် မြှုပ်နှံပြီးမှ အရောင်ကိုးမျိုးစီ ခြယ်ထားသော နဝရတ်အုတ်တော်ကို အပေါ်မှ စီရမည်။ ထိုကဲ့သို့ ထိုအလယ်ဗဟိုရတနာအုတ်မြစ်တော်များပေါ်တွင် အုတ်မြစ်စီ နေ့စွဲများကို ကြေးပြားတွင်လည်းကောင်း၊ ကျောက်ပြားတွင်လည်းကောင်း ရေးသားထွင်းထု၍ ဖုံးအုပ်ထားရမည်။

ဤတွင် အုတ်မြစ်တော်စီအခမ်းအနား ပြီးဆုံးပြီဖြစ်၍ ဆရာတော်၊ သံဃာတော်များကလည်းကောင်း၊ နာယကဥက္ကဋ္ဌ လူကြီးမင်းများကလည်းကောင်း အုတ်မြစ်တော်စီ အခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်ဖြင့် ငွေဖလားကိုင်၍ ပန်းပေါက်ပေါက်နှင့် ငွေအသပြာများကို ကြဲဖြန့်ကာ ရွှေမိုး၊ ငွေမိုးများကို ရွာသွန်းဖြိုးရသည်။

## (၆) မူလ ဌာပနာသွင်းနှံခြင်းမင်္ဂလာ

အုတ်မြစ်တော်စီမင်္ဂလာ ပြီးသောအခါ၊ စေတီတော်တည် ဗိသုကာများ၏အစီအစဉ်ဖြင့် အောက်ခြေဌာပနာခေါ် မူလဌာပနာတော်တိုက်ကို တည်ဆောက်ရမည်။

ဌာပနာတိုက်၏ အကျယ်ဝန်းမှာ စေတီတော်၏ အလုံး၊ အရပ်၊ ဉာဏ်တော်ကို လိုက်၍ သင့်မြတ်သော အချိုးအစားဖြင့် တည်ဆောက်၍ ဌာပနာရမည့် ပစ္စည်းများမှာ မူလအရင်းခံ (၇) မျိုး ရှိပါသည်။ ရှေးအခေါ်အားဖြင့် "သတ္တဌာန ရုပ်ပွားတော်များ" ဟု ခေါ်ဆိုပါသည်။

ထိုပုံတော်များကို ကြေးသွန်းဆရာများက အမြဲမပြတ် သွန်းလုပ်ရောင်းချသဖြင့် အဆင်သင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။ ဌာပနာတိုက်၏ အကျယ်အဝန်းကို လိုက်၍ သတ္တဌာနပုံတော် ရုပ်ပွားတော်များကို အကြီး. အငယ် . အလတ် သင့်မြတ်အောင် ရွေးချယ်ထားရမည်။

သတ္တဌာနပုံတော်များမှာ -

၁။ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်သော ဗုဒ္ဓရုပ်ပွားတော်၊

၂။ ဗောဓိပင်နှင့် ရွှေပလ္လင်ကို ကြည့်ရှုစံမြန်းသည့် မတ်ရပ် ဗုဒ္ဓရုပ်ပွားတော်၊

၃။ မြေကြီးထဲမှ ပေါ်လာသော ကြာပွင့်ပေါ်တွင် စင်္ကြံကြွနေဟန် ဗုဒ္ဓရုပ်ပွားတော်၊

၄။ ရတနာဃရရွှေအိမ်တော်အတွင်း စံနေသော ဗုဒ္ဓရုပ်ပွားတော်၊

၅။ အဇပါလညောင်ပင်အောက်တွင် သီတင်းသုံးနေသော ဗုဒ္ဓရုပ်ပွားတော်၊

၆။ မုစလိန္ဒနဂါးမင်း၏ အခွေပေါ်တွင် စံနေသော ဗုဒ္ဓရုပ်ပွားတော်၊

၇။ လင်းလွန်းဗောဓိပင်အောက်တွင် သီတင်းသုံးနေသော ဗုဒ္ဓရုပ်ပွားတော်၊

အုတ်မြစ်တော်စီမင်္ဂလာ ပြီးစီးအောင်မြင်ခြင်းအတွက် ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးခြင်းတို့ ဖြစ်ပါသည်။

သတ္တဌာနနေရာ ချထားပုံမှာ -

၁။ ဗောဓိပင်နှင့် ရွှေပလ္လင်ကို ဌာပနာတိုက်၏ အလယ်တွင် နေရာချထားရမည်။ မျက်နှာတော်ကို အရှေ့ဘက်သို့ လှည့်ထားရမည်။

၂။ အရှေ့မြောက်ထောင့်တွင် မတ်ရပ်တော် ဗုဒ္ဓရုပ်ပွားတော်ကို ဗောဓိပင်မဘက်သို့ မျက်နှာမူ၍ နေရာချထားပေးရမည်။

၃။ ဗောဓိပင်၏ အရှေ့ဖူးစူးအရပ်ရပ်တွင် အဇပါလညောင်ပင် ဗုဒ္ဓရုပ်ပွားတော်ကို ဗောဓိပင်မဘက်သို့ မျက်နှာမူ၍ နေရာချထားပေးရမည်။

၄။ အရှေ့တောင်ထောင့်တွင် မုစလိန္ဒ ဗုဒ္ဓရုပ်ပွားတော်ကို ဗောဓိပင်မဘက်သို့ မျက်နှာမူ၍ နေရာချထားပေးရမည်။

၅။ တောင်စူးစူးအရပ်တွင် ရာဇာယတန လင်းလွန်းပင်နှင့် ဗုဒ္ဓရုပ်ပွားတော်ကို ဗောဓိပင်မဘက်သို့ မျက်နှာမူ၍ နေရာချထားပေးရမည်။

၆။ အနောက်မြောက်အရပ်တွင် ရတနာဃရရွှေအိမ်နှင့် ဗုဒ္ဓရုပ်ပွားတော်ကို ဗောဓိပင်မဘက်သို့ မျက်နှာမူ၍ နေရာချထားပေးရမည်။

၇။ မြောက်စူးစူးအရပ်တွင် ကြာပွင့်ပေါ်၌ စင်္ကြံလျှောက်နေသော ဗုဒ္ဓရုပ်ပွားတော်ကို ဗောဓိပင်မဘက်သို့ မျက်နှာမူ၍ နေရာချထားပေးရမည်။

ထိုသတ္တဌာန ရုပ်ပွားတော်များမှာ အဓိကပြု၍ ဌာပနာရသော ပစ္စည်းများ ဖြစ်သည်။

ထို့မှတစ်ပါးသော ထည့်သွင်းနိုင်သည့် ပုံတော်များမှာ - ဒီပင်္ကရာ မြတ်စွာဘုရား ထံတော်ပါး၌ သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံသော ပုံတော်ကိုလည်းကောင်း၊ သုမိတ္တာသူဌေးသမီး ကြာပန်းကပ်လှူသော ပုံတော်ကိုလည်းကောင်း၊ သဟမ္ပတိဗြဟ္မာမင်းကြီးက တရားဟောရန် တောင်းပန်နေသော ရုပ်တုကိုလည်းကောင်း၊ တပုဿ. ဘလ္လိကညီနောင်တို့အား မြတ်စွာဘုရားက ဆံတော်ရှစ်ဆူကို ပေးသနားတော်မူပုံကိုလည်းကောင်း ထည့်သွင်းဌာပနာထည့်ထားနိုင်သည်။

ထိုမှတစ်ပါး အမိုးတန် ရတနာပစ္စည်းများဖြစ်သော ရွှေဘီး၊ ငွေဘီး၊ ပတ္တမြားဘီး၊ စိန်ဘီး စသည်တို့ကို လည်းကောင်း၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ သန္တာ၊ ကြောင်မျက်ရွဲ၊ ပုလဲ၊ မြ၊ ဥဿဖရား စသည့် နဝရတ် ကိုးပါးနှင့် ရွှေလက်စွပ်၊ ရွှေလက်ကောက်၊ စိန်လက်စွပ်၊ စိန်လက်ကောက် စသည့် ရတနာများကိုလည်းကောင်း ထည့်သွင်းထားနိုင်သည်။

## မထည့်မသွင်းရသော ပစ္စည်းများ

ဌာပနာတိုက်အတွင်း မထည့်မသွင်းကောင်းသော ပစ္စည်းများမှာ -

ဆံပင်များ၊ သစ်သားဘီးများ၊ သစ်သားရုပ်တုများ၊ ထန်းဖူးဇာတာများ၊ ပိုးပဝါ စသော အဝတ်အထည်များ တို့ကို မထည့်မသွင်းရ။

အောက်ခြေဌာပနာခေါ် မူလဌာပနာထည့်သွင်းခြင်း ပြီး၏။

## (၇) အလယ်ဌာပနာသွင်းနံ့ခြင်းမင်္ဂလာ


အလယ်ဌာပနာသွင်းရာ၌ အောက်ခြေမူလ ဌာပနာသွင်းသည့်အတိုင်းပင် သွင်းရသည်။

ရှေးဆရာတော်၊ သမားတော်ကြီးများ၏ နည်းတစ်ခုမှာ ဂေါတမဗုဒ္ဓရှင်တော် မြတ်ဘုရား၏ ဇာတာတော်ကို ရွှေပြား၊ ငွေပြား၊ ကြေးပြား စသည်တို့တွင် ထွင်း၍ ဌာပနာထည့်သွင်းလေ့ ရှိကြပေသည်။

ထို့ပြင် အလယ်ဌာပနာတိုက်၏ နံရံလေးဘက်တွင် ၊သာသနာတော်စောင့် လောကပါလ နတ်မင်းကြီးလေးပါး ၏ ရုပ်ပုံများနှင့် ဂါထာကို ရေးကာ စေတီတော်မြတ်၏ အစောင့်အဖြစ် တစ်မျက်နှာလျှင် တစ်ပါးစီကပ်ပြီး ၊ လေးမျက်နှာတွင် စတုမဟာရာဇ် နတ်မင်းကြီးလေးပါး၏ ရုပ်ပုံတော်များနှင့် ဂါထာကို ဌာပနာ သွင်းနံ့လေ့ရှိသည်။

ဂေါတမမြတ်စွာဘုရား၏ ဇာတာတော်ကို သုံးပုံတွဲ၍ ထည့်လေ့ ထည့်ထ ရှိပေသည်။

## ဗုဒ္ဓဇာတာတော် ပုံစံနမူနာ




မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင်
ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ထိုမြတ်စွာဘုရား ဇာတာတော်ပုံကို ရွှေ၊ ငွေ၊ ကြေးပြားများတွင် ချ၍ ဌာပနာ ရသည်။ ထိုဇာတာနှင့်အတူ မြတ်စွာဘုရား၏ ဓာတ်တော်များကို ရနိုင်သရွေ့ ထည့်သွင်းဌာပနာရသည်။ ထိုမှတစ်ပါး ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်၊ ရှင်အာနန္ဒာ၊ ရှင်ဗာကုလ၊ ရှင်သီဝလိ စသော အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက ရဟန္တာ အရှင်မြတ်ကြီးများ ၏ ဓာတ်တော်များကို ရနိုင်သရွေ့ ထည့်သွင်းရမည်။

အလယ်ဌာပနာတိုက်၏ အရှေ့ဘက်နံရံတွင် သွင်းနံ့ရန် ဓတရဋ္ဌနတ်မင်းကြီး၏ ရုပ်ပုံနှင့် ဂါထာတော်မှာ

ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ သန္တိ ဘူတာ မဟိဒ္ဓိကာ၊

တေပိ အမှေနုရက္ခန္တု၊ အရောဂေန သုခေန စ၊

တောင်ဘက်နံရံတွင် သွင်းနံ့ရန် ဝိရူဠှက နတ်မင်းကြီး၏ ရုပ်ပုံနှင့် ဂါထာတော်မှာ -

ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊ သန္တိ ဒေဝါ မဟိဒ္ဓိကာ၊

တေပိ အမှေနုရက္ခန္တု၊ အရောဂေန သုခေန စ၊

အနောက်ဘက်နံရံတွင် သွင်းနံ့ရန် ဝိရူပက္ခနတ်နဂါးမင်းကြီး၏ ရုပ်ပုံနှင့် ဂါထာတော်မှာ -

ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ သန္တိ နာဂါ မဟိဒ္ဓိကာ၊

တေပိ အမှေနုရက္ခန္တု၊ အရောဂေန သုခေန စ၊

မြောက်ဘက်နံရံတွင် သွင်းနံ့ရန် ကုဝေရနတ်ဘီလူးမင်းကြီး၏ ရုပ်ပုံနှင့် ဂါထာတော်မှာ -

ဥတ္တရသ္မိံ ဒိသာဘာဂေ၊ သန္တိ ယက္ခာ မဟိဒ္ဓိကာ၊

တေပိ အမှေနုရက္ခန္တု၊ အရောဂေန သုခေန စ၊

တချို့က ပုံတော်ကို ဂါထာရံ၍ ရေးထည့်သည်။ အချို့က ဂါထာကို သီးခြားရေး၍ ပုံတော်ကို သီးခြားထည့်ပါသည်။

ထိုကဲ့သို့ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့ကို အစောင့်ထားသော ပုံနှင့်ဂါထာကို ရွှေပြား၊ ငွေပြား၊ ကြေးပြား စသည်တို့တွင် ရေးထွင်း၍ ဌာပနာ ထည့်လေ့ရှိကြောင်း မှတ်သားရသည်။

## (၈) အထက်ဌာပနာသွင်းနံ့ခြင်းမင်္ဂလာ

အထက်ဌာပနာမှာ အချို့ထည့်သည်၊ အချို့မထည့်ကြချေ၊ စေတီတော် ကြီးလျှင်သာ ထည့်ကြသည်။ စေတီတော်ငယ်လျှင်မူ မထည့်ကြတော့ချေ။ အဘယ်ကြောင့်ဆိုသော် စေတီတော်ငယ်လျှင် ငုက်ပျောဖူးငယ်သောကြောင့် အထက်ဌာပနာထည့်ရမည့် ငုက်ပျောဖူးတွင် ဌာပနာတိုက်ခန်းထည့်ရန် ထွင်းရန် ခက်ခဲသောကြောင့် ဖြစ်၏။ ထို့ကြောင့် အထက်ဌာပနာကို စေတီတော်ကြီးမှ ငုက်ပျောဖူးကြီးများမှာသာ ထည့်သွင်းကြသည်။

အထက်ဌာပနာသွင်းရာ၌ကား အောက်ခြေဌာပနာနှင့် အလယ်ဌာပနာ များကဲ့သို့ စုံလင်စွာ ထည့်နိုင်၏။ ထည့်သွင်းဖို့ နေရာ မကျယ်ဝန်းလှလျှင် မြတ်စွာဘုရား၏ ဓာတ်တော်များ၊ ရဟန္တာများ၏ ဓာတ်တော်များနှင့် အလွန် အဖိုးထိုက်တန်သော ရွှေ၊ ငွေ၊ စိန်၊ ပတ္တမြား စသော နဝရတ်ကိုးပါး ရတနာများကိုသာ ထည့်သွင်းလေ့ရှိပါသည်။

အောက်ခြေ မူလဌာပနာသွင်းရာတွင် ထည့်ရသော သတ္တဌာန ရုပ်တုများအတိုင်း ရုပ်တုအသေးစား အရွယ်ငယ်များထည့်ရန် နေရာကျယ်ပါက ထည့်သွင်းနိုင်ပါသည်။

အလယ်ဌာပနာတွင် ထည့်သွင်းသော မြတ်စွာဘုရား ဇာတာတော်နှင့် နတ်မင်းကြီးလေးပါး၏ ရုပ်ပုံများကိုလည်း ထည့်သွင်းနိုင်ပါသည်။

ဌာပနာသွင်းနေစဉ် အခါ၌ အရပ်ရှစ်မျက်နှာတွင် နေသား ရှစ်ယောက်က ဌာပနာသွင်းဂါထာကို ရွတ်ဆိုနေကြ ရပါမည်။ ဌာပနာ သုံးဆင့်စလုံး ရွတ်ဆိုနေကြရပါမည်။

အကြောင်းမညီညွတ်၍ အောက်ခြေဌာပနာတွင် မရွတ်ဖြစ်ခဲ့သော်၊ အလယ်ဌာပနာနှင့် အထက်ဌာပနာတို့ သွင်းမှု ရွတ်ဖတ်ရမြဲ ဖြစ်ပါမည်။ ရွတ်ဖတ်ရမည့် ရှစ်မျက်နှာဌာပနာသွင်း ဂါထာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# အရပ်ရှစ်မျက်နှာ ထောင့်အသီးသီးမှ ဌာပနာတော်သွင်းစဉ် ဂါထာများ ရွတ်ဆိုပူဇော်ရန်

တနင်္ဂနွေသားက တနင်္ဂနွေထောင့်မှ ရွတ်ဆိုရန်
ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ့ဂုဏ်တော်များ

## ဗုဒ္ဓဂုဏ်တော် ( ၉ ) ပါး

ဣတိပိ သော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊
အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ ဘဂဝါတိ။

## ဓမ္မဂုဏ်တော် ( ၆ ) ပါး

သွာက္ခာတော ဘဂဝတော ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊
ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

## သံဃာ့ဂုဏ်တော် ( ၉ ) ပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော၊
အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ
လောကဿာတိ။

တနင်္လာသားက တနင်္လာထောင့်မှ ရွတ်ဆိုရန်

## သရဏဂုံ ( ၃ ) ပါး

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

အင်္ဂါသားက အင်္ဂါထောင့်မှ ရွတ်ဆိုရန်

## သုနက္ခတ္တံ ဂါထာတော်

သုနက္ခတ္တံ သုမင်္ဂလံ၊
သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊
သုယိဋ္ဌံ ဗြဟ္မစာရိသု။

ဗုဒ္ဓဟူးသားက ဗုဒ္ဓဟူးထောင့်မှ ရွတ်ဆိုရန်

## ပဋ္ဌာန်း ပစ္စယုဒ္ဒေသ

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရ ပစ္စယော၊ သဟဇာတ ပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊ အာသေဝန ပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါက ပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယ ပစ္စယော၊ ဈာန ပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ အတ္ထိ ပစ္စယော၊ နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတပစ္စယောတိ။

စနေသားက စနေထောင့်မှ ရွတ်ဆိုရန်

## ရှင်သီဝလိ (၁၀) ဂါထာ

၁။ သီဝလိ စ မဟာနာမံ၊
သဗ္ဗလာဘံ ဘဝိဿတိ၊
ထေရဿ အာနုဘာဝေန၊
သဗ္ဗေ ဟောန္တု ပိယံ မမ။

၂။ သီဝလိ စ မဟာဝီရော၊
ယေ ယေ ပဿန္တု မံ ပိယံ။
တေ တေ ပဿန္တု ပရမံ၊
ဇနပဒံ ပူဇယန္တု။

၃။ သီဝလိ စ မဟာထေရော၊
မမ သီသေ ဌပေတ္ဗာန။
ဇမ္ဗုဒီပမဏ္ဍလေန၊
ဇယော မန္တာ သုခါဝဟာ။

၄။ သီဝလိ စ မဟာနာမံ၊
ဣန္ဒာဒေဝါ သပြဟ္မကာ။
မနဿပုရိသော ဣတ္ထိ၊
မဟာလာဘံ ဘဝိဿတိ။

၅။ သီဝလိ စ မဟာလာဘံ၊
နာ နာ ဒေဝတိ ဝရံ သုခံ။
ဣာဒမ္ပိ ပူဇိတံ ဒေဝတိ၊
မဟာသုခံ ဘဝိဿတိ။

၆။ ဝဏ္ဏံ ဒန္တံ နရာ တိတ္ထိ၊
အာဂါ မယံ ဘဝေ ဘဝေ။
ဘဝရက္ခေ ရာဇာဓိတာ၊
သဗ္ဗေ ကောဓံ ဝိနဿန္တု။

၇။ သီဝလိ စ မဟာလာဘံ၊
သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊
သဒါ ဟောတု ပိယံ မမ ။

၈။ သီဝလိ စ မဟာထေရော၊
ယေ ယေ ပဿန္တု မံ ပိယံ။
တေ တေ ပဿန္တု မံ ပိယံ၊
ဇနပဒံ ပူဇယန္တု။

၉။ သီဝလိ စ မဟာထေရော၊
မမ သီသေ ဌပေတ္ဗာန။
သော ရဟော ပစ္စယာဒီနံ၊
မဟာလာဘံ ကရောတု မေ။

၁၀။ သီဝလိ စ မဟာထေရော၊
ဒေဝမနဿပူဇိတော။
သော ရဟော ပစ္စယာဒီနံ၊
မဟာလာဘံ ကရောတု မေ။

ကြာသပတေးသားက ကြာသပတေးထောင့်မှ ရွတ်ဆိုရန်

## ရှင်သီဝလိ ရှေးဟောင်း ( ၇ ) ဂါထာ

၁။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော၊
သော ရဟော ပစ္စယာ ဒီနံ၊
သဒါ သောတ္ထိံ ကရောတု မေ။

၂။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော၊
သော ရဟော ပစ္စယာဒီနံ၊
သဒါ သုခံ ကရောတု မေ။

၃။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော၊
သော ရဟော ပစ္စယာဒီနံ၊
သဒါ လာဘံ ကရောတု မေ။

၄။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော၊
သော ရဟော ပစ္စယာဒီနံ၊
သဒါ ဓနံ ကရောတု မေ။

၅။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော၊
သော ရဟော ပစ္စယာဒီနံ၊
သဒါ ကိတ္တိံ ကရောတု မေ။

၆။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော
သော ရဟော ပစ္စယာဒီနံ၊
သဒါ ဇယံ ကရောတု မေ။

၇။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော၊
သော ရဟော ပစ္စယာဒီနံ၊
သဒါ သိဒ္ဓိံ ကရောတု မေ။

ရာဟုသားက ရာဟုထောင့်မှ ရွတ်ဆိုရန်

## ရှင်ဥပဂုတ္တ ပရိတ်ဂါထာတော်

ဥပဂုတ္တော မဟိဒ္ဓိကော၊
သမ္ဗုဒ္ဓေန ဝိညာဂတော။
မာရဉ္စ မာရဗလဉ္စ၊
ဒမေဿတိ အနာဂတေ။
မာရေနာသုဏှိသံ ကတွာ၊
မမသီသေ ပတိဋ္ဌိတော။
အန္တရာယော ဝိနဿန္တု၊
ဣဒါနေဝ အဟံ နမေ။
ဥပဂုတ္တံ မဟိဒ္ဓိကံ၊
ရာဇတော ဝါ ဥပဒ္ဒဝါ၊
သောကရောဂါ ဝိရောဓာယ၊
ပရိတ္တံ ဇယမင်္ဂလံ။


တာဒိသော ထေရော၊
မာရေန ကတွာ စ အနဖိနတံ။
အန္တရာယော ဝိနဿန္တု၊
ဣဒါနဝေ မဟိဒ္ဓိကော။
ယံ ယံ ဥပဒ္ဒဝံ ဇာတံ၊
ဝိဒ္ဓံသေတု အသေသတော။

သောကြာသားက သောကြာထောင့်မှ ရွတ်ဆိုရန်

## ပဋိစ္စသမုပ္ပါဒ် အနုလုံ ပါဠိကို ရွတ်ဆိုရန်


အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ သောက.ပရိဒေဝ.ဒုက္ခ. ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ၊ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

### ဌာပနာသွင်းနံ့ပုံ အနေအထားများ





အောက်ခြေမှုလဌာပနာတိုက်သွင်းပုံ


ဌာပနာသွင်းနံရံတွင် ကပ်ရန် နတ်မင်းကြီးလေးပါးပုံ




အရှေ့အရပ် ဓတရဋ္ဌ နတ်မင်းကြီး



တောင်အရပ် ဝိရူဠှက နတ်မင်းကြီး



အနောက်ရပ် ဝိရူပက္ခ နတ်မင်းကြီး



မြောက်အရပ် ကုဝေရ နတ်မင်းကြီး

ဌာပနာ သွင်းနံပုံ အနေအထားများ

အရှေ့မျက်နှာ နံရံတွင် ဓတရဋ္ဌနတ်မင်းပုံ ကပ်ပါ

(အနိမိသသတ္တာဟ)
မတ်ရပ်တော်
ဗုဒ္ဓရုပ်ပွားတော်

(အဇပါလသတ္တာဟ)
ဆိတ်ကျောင်းညောင်ပင်အောက်၌
ဗုဒ္ဓရုပ်ပွားတော်

(မုစလိန္ဒသတ္တာဟ)
မုစလိန္ဒ နဂါးမင်း
အခွေပေါ်၌ စမွယ်နေဟန်
ဗုဒ္ဓရုပ်ပွားတော်

မြောက်မျက်နှာ နံရံတွင် ကဝေရနတ်မင်းပုံ ကပ်ပါ

(စင်္ကမသတ္တာဟ)
စင်္ကြံ
ခြေလှမ်းနေသောဟန်
ဗုဒ္ဓရုပ်ပွားတော်

ဗောဓိပင်နှင့်
ရွှေပလ္လင်ရုပ်ပွားတော်
(ပလ္လင်္ကသတ္တာဟ)
အရှေ့ဘက်သို့ မျက်နှာမူ၍
ဗောဓိပင်နှင့် ပလ္လင်တော်ပါ
ဗုဒ္ဓရုပ်ပွားတော်

(ရာဇာယတန
သတ္တာဟ)
လင်းလွန်းဗောဓိ
ပင် အောက်တွင်
စမွယ်နေသော
ဗုဒ္ဓရုပ်ပွားတော်

တောင်မျက်နှာ နံရံတွင် ဝိရူဠ္ဟကနတ်မင်းပုံ ကပ်ပါ

(ရတနာဃရ
သတ္တာဟ)
ရတနာဃရ ရွှေအိမ်အတွင်း
စမွယ်နေဟန်
ဗုဒ္ဓရုပ်ပွားတော်

ဤကွက်လပ်တွင်
ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ
ပုံတော်များ၊ ယဋ္ဌိကာရ
ဖြဟ္မာမင်း၊ သဟမ္ပတိ
ဖြဟ္မာမင်း၊ ပဉ္စဝဂ္ဂီငါးဦး
တရားဦးဟောပုံ၊ ဟံ့ဟံ့က
ပုဏ္ဏားပုံများ ထားနိုင်သည်။
ဓာတ်တော် မွေတော်များ၊
ရတနာ ရွှေ ငွေ၊ နဝရတ်
ကိုးပါးများ ထည့်နိုင်သည်။

အနောက်မျက်နှာ နံရံတွင် ဝိရူပက္ခနတ်မင်းကြီးပုံ ကပ်ပါ

## အလယ်ဌာပနာတိုက်သွင်းပုံ

# ဌာပနာ သွင်းနံ့ပုံ အနေအထားများ

အရှေ့မျက်နှာနံရံတွင် ဓတရဋ္ဌနတ်မင်းပုံ ကပ်ပါ

(အနိမိသသတ္တာဟ)
မတ်ရပ်တော်ပုံ
ဗုဒ္ဓရုပ်ပွားတော်

(အဇပါလသတ္တာဟ)
ဆိတ်ကျောင်းညောင်ပင်
အောက်၌ စံမြန်းနေသော
ဗုဒ္ဓရုပ်ပွားတော်

(မုစလိန္ဒ
သတ္တာဟ)
မုစလိန္ဒ နဂါးမင်းအခွေ
ပေါ်၌ စမွယ်နေဟန်
ဗုဒ္ဓရုပ်ပွားတော်

(စင်္ကမသတ္တာဟ)
စင်္ကြံကြွ
ခြေလှမ်းနေသောဟန်
ဗုဒ္ဓရုပ်ပွားတော်

ဗောဓိပင်နှင့်
ရွှေပလ္လင်ရုပ်ပွားတော်
(ပလ္လင်္ကသတ္တာဟ)
အရှေ့ဘက်သို့ မျက်နှာမူ၍
ဗောဓိပင်နှင့် ပလ္လင်တော်ပါ
ဗုဒ္ဓရုပ်ပွားတော်

(ရာဇာယတန
သတ္တာဟ)
လင်းလွန်းဗောဓိပင်
အောက်တွင်
စမွယ်နေသော
ဗုဒ္ဓရုပ်ပွားတော်

မြောက်မျက်နှာနံရံတွင် ကုဝေရနတ်မင်းပုံ ကပ်ပါ

တောင်မျက်နှာနံရံတွင် ဝိရုဠကနတ်မင်းပုံ ကပ်ပါ

(ရတနာဃရ
သတ္တာဟ)
ရတနာဃရ ရွှေအိမ်အတွင်း
စမွယ်နေဟန်
ဗုဒ္ဓရုပ်ပွားတော်

ဤအထက်ဌာပနာတွင်
ဓာတ်တော်. မွေတော်များ၊
ရှင်သီဝလိ. ရှင်ဥပဂုတ္တ
ပုံတော်များ၊ ပရိက္ခရာ
ရှစ်ပါးပုံတော်များ၊ ရွှေ. ငွေ.
စိန်. မြ - နဝရတ်
ကိုးပါးတို့ကို
ဌာပနာနိုင်ပါသည်။
အထက်ဌာပနာမှာ
နေရာကျဉ်းသဖြင့် ချိန်ဆ၍
ထည့်သွင်းကြသည်။

အနောက်မျက်နှာနံရံတွင်ဝိရူပက္ခနတ်မင်းပုံ ကပ်ပါ

## အထက်ဌာပနာတိုက်သွင်းပုံ

## (၉) ရွှေထီးတော်တင်မင်္ဂလာ

ဌာပနာသုံးဆင့် ထည့်သွင်းပိတ်နံ့ပြီးလျှင် စေတီတော်ကြီးအား ရွှေထီးတော်တင်မင်္ဂလာ ကျင်းပရန်သာ လိုပါတော့သည်။ ရွှေထီးတော်တင်မင်္ဂလာသည် စေတီတော်ကြီး၏ အပြီးသတ်လုပ်ငန်းဖြစ်သောကြောင့် အခမ်းအနား ကို ဒေဝါဝင်း၊ ရာဇာဝင်း ခင်းကျင်း၍ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကဲ့သို့ပင် စီစဉ်ကျင်းပရသည်။

အုတ်မြစ်တော်စီ အခမ်းအနားတွင် မပါဝင်သော၊ ရွှေပန်းခိုင်နှင့် ငွေပန်းခိုင် စိုက်ထားသော ရွှေမြူတာအိုး (၉) လုံးနှင့် ငွေမြူတာအိုး (၉) လုံး ပါဝင်သောကြောင့် ၊ ထီးတော်ဘုံဆင့်များ အပူဇော်ခံထားသော ရတနာမဏ္ဍပ်တွင် ၎င်းရွှေပန်းခိုင်၊ ငွေပန်းခိုင်စိုက်ထားသည့် ရွှေမြူတာအိုး (၉) လုံးနှင့် ငွေမြူတာအိုး (၉)လုံးကို ပရိတ်ပန်း၊ ပရိတ်သဲ ပရိတ်ရေအိုးများကြားတွင် အသင့် ထားရှိရမည်။

ထီးတော်တင်ရန် ရွေးချယ်ထားသော မင်္ဂလာအခါတော် ရသည့်နေ့ရက်တွင် သံဃာတော် (၉) ပါးအား ပင့်ဖိတ်၍ အောက်ပါအတိုင်းအခမ်းအနားဖြင့် တင်လှူပူဇော်ရပါမည်။

ရတနာမဏ္ဍပ်တော်သို့ သံဃာတော် (၉) ပါး ကြွရောက်တော်မူပြီးလျှင် ဘုရားဒါယကာ၊ ဒါယိကာမနှင့် ပရိသတ်များက သီလခံယူဆောက်တည်ပြီးပါကလှူဖွယ်ဝတ္ထုများ ဆက်ကပ်၍ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ်ရေ၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင် စိုက်ထားသော ရွှေမြူတာအိုး၊ ငွေမြူတာ အိုးများကို ဆရာတော်များ၏ လက်ဝယ်သို့ ကပ်လှူရမည်။

ထိုသို့ ကပ်လှူပြီးသောအခါ ဆရာတော်၊ သံဃာတော်အရှင်မြတ်များထံမှ ပရိတ်တော်ဒေသနာများကို နာကြားပြီးလျှင် -

ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲများကို ဥပါသကာ၊ ဥပဋ္ဌာကအဖွဲ့ဝင် များက ယူဆောင်၍ စေတီတော်၏ ရင်ပြင်တွင် အရပ်ရှစ်မျက်နာကို ပက်ဖျန်းရပါမည်။

ထိုသို့ ပရိတ်တော်ရေ၊ ပရိတ်တော်သဲများအား ပက်ဖျန်းပြီးသောအခါ ရတနာမဏ္ဍပ်တော်မှ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များကို ဘုရားဒါယကာ၊ ဒါယိကာမနှင့် ဥပဋ္ဌာကအဖွဲ့၊ ဂေါပကအဖွဲ့နှင့် ဒေသဆိုင်ရာ အကြီးအကဲပုဂ္ဂိုလ်များက ပင့်ဆောင်ပြီး စေတီတော်ကြီးကို လက်ယာရစ် (၃)ပတ်ပတ်ပြီး အပူဇော်ခံရပါမည်။

မှတ်ချက်။ ။ အချို့ မိမိတို့ အဓိဋ္ဌာန်ရှိသည်ဟု ဘုရားဒါယကာ၊ ဒါယိကာမများက (၅)ပတ်၊ (၇)ပတ်၊ (၉)ပတ် စသည်ဖြင့် ပတ်၍ ပူဇော်တတ်ကြသော အလေ့အထရှိပါသည်။ အချိန်အခါကို လိုက်၍ မိမိတို့ ကြိုက်နှစ်သက်သလို ပတ်၍ ပူဇော်နိုင်ပါသည်။

ထိုသို့ လက်ယာရစ်ပတ်၍ ပူဇော်ပြီးနောက် ၊ မူလရတနာမဏ္ဍပ်တော်အတွင်း၌ ပြန်လည်နေရာချထားပြီး ထီးတော်တင်ရန် အချိန်အခါတော်ကို စောင့်ဆိုင်းရပါသည်။

မှတ်ချက်။ ။ ဤတွင် လက်ယာရစ် လှည့်ပတ်ပူဇော်ပြီးသော ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် တို့ကို ရတနာမဏ္ဍပ်တော်တွင်းသို့ ပြန်လည်ပင့်ဆောင်ခြင်းရှိသလို သီးခြားဆောက်လုပ်ထားသော "ထီးနား ဆောင်" ဟု ရှေးက ခေါ်သည့် မဏ္ဍပ်ငယ်တစ်ခုအတွင်းသို့ ပင့်ဆောင်ထားပြီး ထီးတင်သည့် ဓလေ့ဟောင်း တစ်ခုလည်း ရှေးက ရှိခဲ့ဖူးပါသည်။

ထို (ထီးနားဆောင်) ကိုစေတီတော်၏ ဒက္ခိဏဒိသာ တောင်အရပ် မျက်နာတွင်သာ ဆောက်လုပ် ရမြဲဖြစ်ကြောင်း ရှေးဆရာ့ဆရာကြီးများထံမှ မှတ်သားရဖူးပါသည်။

"ထီးနားဆောင်" တွင်လည်းကောင်း၊ ရတနာမဏ္ဍပ်တော်တွင်လည်းကောင်း၊ ပြန်လည်၍ နေရာချထားပြီးသောအခါတွင် ကြိုတင်စီမံ၍ တွက်ချက်ထားသော မင်္ဂလာအချိန်အခါကို ငံ့လင့်စောင့်စားနေကြချိန်တွင် အသံသြဇာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးက မူလစီစဉ်ထားသည့်အတိုင်း ရွေးချယ်သတ်မှတ် တွက်ချက် ထားသော အချိန်အခါ နာရီ နှင့် ကိုက်၍ "မင်္ဂလာအခါတော်" ဟု ကြွေးကြော်လျက် အခါတော်ပေးရပါသည်။

ထိုအချိန်အခါတွင် ရွှေထီးတော်၏ အောက်ခြေ အောက်ဆုံးခွေကို ပထမဘုံဆင့်အဖြစ် စတင်၍ တင်လှူရပါသည်။ ထိုသို့ တင်လှူရာတွင် ဉာဏ်တော်အလိုက် စေတီတော်ငယ်ပါက မြေပြင်မှ ငြမ်းထိပ်အထိ ဒေဝါဝင်း၊ ရာဇဝင်းများက လက်ဆင့်ကမ်း၍ သယ်ယူကြပြီး တင်လှူကြရပါသည်။ ဉာဏ်တော်မြင့်မားပါက ပန်းရထားယာဉ်ပုံဖြင့် တင်လှူပူဇော်ရပါသည်။ ထိုကဲ့သို့ ပထမအောက်ခွေ၊ ပထမဘုံဆင့်ကို ပန်းရထားပေါ်သို့ တင်ပြီးလျှင် သက်ဆိုင်ရာ ဒါယကာ၊ ဒါယိကာမများနှင့် ဒေသခံ အကြီးအကဲ ပုဂ္ဂိုလ်များ၊ ဥပဋ္ဌာကပုဂ္ဂိုလ်ကြီးများက သပြေပန်းများဖြင့် အမွှေးနံ့သာများကို ပက်ဖျန်းပြီး တင်လှူပူဇော်ရပါသည်။

ထို့နောက် ပထမဘုံဆင့်တင်လှူခြင်းကို ပိနဲ့တိုင်တွင် စွပ်ချ၍ နေရာတကျ ချပြီးလျှင် ငြမ်းထိပ်ပေါ်မှ အသံသြဇာရှိသူတစ်ဦးက ပထမဘုံဆင့် တင်လှူပြီးသော အချိန်ကို ကြွေးကြော်၍ ပရိသတ်များက သာဓု သုံးကြိမ် ခေါ်ရပါသည်။ ဥပမာ - "ထီးတော်၏ ပထမဘုံဆင့်ကို နံနက် ( ၉ ) နာရီ ( ၉ ) မိနစ်၊ (၉)စက္ကန့်အချိန်တွင် အောင်မြင်စွာ တင်လှူပူဇော်ပြီးပါကြောင်း" ဟု ကြွေးကြော်ရသည်။ ထိုအခါ ပရိသတ်များက သာဓု ( ၃ )ကြိမ် ခေါ်ရပါသည်။ ထိုကဲ့သို့ ပထမဘုံဆင့် တင်သည့်စနစ်အတိုင်း ဒုတိယဘုံဆင့်၊ တတိယဘုံဆင့် စသည်ဖြင့် ဆက်လက်တင်ရပြီး တစ်ဆင့်ပြီးတိုင်း စံတော်ချိန်ကို တစ်ခါကြွေးကြော်ရသည်။ သာဓု (၃)ကြိမ်စီ ခေါ်ရသည်။

ထိုသို့ ထီးတော်ဘုံဆင့်များကို အစဉ်အတိုင်း တင်သွားပြီးသော် ငှက်မြတ်နားတော်ကို တင်ရသည်။ ငှက်မြတ်နားတော် တင်ပြီးလျှင် စိန်ဖူးတော်ကို တင်ရသည်။ စိန်ဖူးတော်တင်ပြီးသောအခါ ဆိုင်ရာ ဒါယကာများနှင့် ဥပဋ္ဌာကအဖွဲ့ဝင်များ၊ ဒေသခံအကြီးအကဲများက သပြေပန်းခက်ဖြင့် အမွှေးနံ့သာများ ပက်ဖျန်းပြီး ငြမ်းထိပ်ပေါ်မှနေ၍ အသံသြဇာနှင့် ပြည့်စုံသူတစ်ဦးက "ဇိတံ မေ" ဟု အော်လိုက်လျှင် အောက်မှ ပရိသတ်များက "အောင်ပြီ" ဟု သံပြိုင်ကြွေးကြော်ရသည်။ ကြွေးကြော်ပြီးလျှင် ရတနာရွှေမိုး၊ ငွေမိုးများ ရွာ၍ ငွေကြဲရပါသည်။

ထိုသို့ ကြွေးကြော်ခြင်းကို (၃)ကြိမ် ကြွေးကြော်ရ၏။ ထို "ဇိတံ မေ" (အောင်ပြီ) ဟူ၍ (၃)ကြိမ် ကြွေးကြော်ပြီးသည်နှင့် တစ်ပြိုင်နက် စေတီတော်ကြီး၏ ရွှေထီးတော်တင်မင်္ဂလာ အောင်မြင်ခြင်းသို့ ရောက်ပြီဖြစ်ပါသတည်း။

မှတ်ချက် ။ ။ ဤတွင် အချိန်အလွန်ကြီးမား၍ ဉာဏ်တော်မြင့်မားသော စေတီတော်ကြီးများတွင် ရွှေထီးတော်တင်မင်္ဂလာကို ( ၂ )ရက် ကျင်းပကြောင်း မှတ်သားတွေ့ရှိရဖူးပါသည်။ပထမရက်တွင် ထီးတော်ဘုံဆင့်များကို အပြီးတင်၍ ဒုတိယရက်တွင်မှ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် များကို တင်ပါသည်။

ထိုသို့ ( ၂ )ရက်ခွဲ၍ တင်သည့်နည်းမှာ စေတီတော်ကြီး၏ ဂေါ်စရဂါမ် (ပတ်ဝန်းကျင်) တို့၏ ဆန္ဒအရသော်လည်းကောင်း၊ ကြီးကျယ်ခမ်းနား စည်ကားစေချင်သော ဆန္ဒအရသော်လည်းကောင်း ( ၂ )ရက်တိုင်တိုင် ကျွေးမွေးလှူဒါန်းနိုင်သော ဘုရားဒါယကာ၊ ဒါယိကာမများ၏ အလိုဆန္ဒအရလည်းကောင်း ပြုလုပ်ကြခြင်းဖြစ်ပါသည်။ ထိုသို့ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များကို တင်လှူပူဇော်ပြီးပါက ထိုနေ့မှာပင် အနေကဇာတင်ခြင်းဖြစ်သော "ဗုဒ္ဓါဘိသေက" မင်္ဂလာကို တစ်ဆက်တည်း ကျင်းပလေ့ရှိပါသည်။ အထက်ဖော်ပြခဲ့သော ထီးတော်ကို (၂)ရက်ခွဲ၍ တင်ခြင်းဖြင့် စီစဉ်ကြသလို ဗုဒ္ဓါ ဘိသေက အနေကဇာ တင်ခြင်းကိုလည်း ရွှေထီးတော်တင်ပြီး နောက်တစ်နေ့ကျမှ ဆက်လက်ကျင်းပကြသည့် ဓလေ့ထုံးစံလည်း ရှိပါကြောင်း စေတီဘုရားတည်ထားခြင်းအခန်းကို နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါကြောင်း။

အာဠာနာဋိယ ဆရာဦးအုန်းမောင် ( နတ်တလင်း )

ဗုဒ္ဓခြေတော်ရာ ပါဒစေတီတော်



## (၁) စက္ကေနင်္ကိတ ပါဒလက္ခဏာတော်

မြတ်စွာဘုရားရှင်တွင် မည်သည့် ပုဂ္ဂိုလ်နှင့်မျှမတူ ထူးခြားသော အမှတ်အသား၊ မဟာပုရိသလက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး ထင်ရှားစွာ ပါရှိလာရာတွင်၊ ဒုတိယမြောက်လက္ခဏာတော်မှာ "စက္ကေနင်္ကိတပါဒလက္ခဏာတော်" ပင် ဖြစ်သည်။

စက္ကေနင်္ကိတပါဒ လက္ခဏာတော် ဟူသည် မြတ်စွာဘုရားရှင်၏ နှစ်ဖက်သော ခြေဖဝါးတော်အပြင်တို့၌ အကန့်တစ်ထောင်၊ အကွပ်တံကူ, ပုံတောင်းချက်မနှင့်တကွ ဖြစ်ကုန်သော ခပ်သိမ်းသောအခြင်းအရာ တစ်ရာ့ရှစ်ကွက်တို့နှင့် ပြည့်စုံကုန်သော၊ ဝန်းဝိုင်းသော စက်ဝန်းတို့ ဖြစ်ပေါ်လျက် ပါရှိနေခြင်းပင် ဖြစ်သည်။

(က) ဗုဒ္ဓခြေတော်ရာ ဟူသည်

မြတ်စွာဘုရားရှင်သည် -

၁။ ဝေနေယျ သတ္တဝါများ မဂ်, ဖိုလ်, နိဗ္ဗာန် တရားထူး ရရှိကြစေရန် ရည်ရွယ်၍ လည်းကောင်း၊

၂။ တပည့်၊ ရဟန်း သံဃာတော်များ သတိ သံဝေဂ ရရှိကြစေရန် ရည်ရွယ်၍ လည်းကောင်း၊

၃။ နောင်လာ, နောက်သားတို့ ထာဝရ ဖူးမြော်နိုင်ကြစေရန် ရည်ရွယ်၍ လည်းကောင်း၊

ခြေတော်ရာတို့ကို အဓိဋ္ဌာန်ဖြင့် ချထားတော်မူသည်။ ဝေနေယျ သတ္တဝါတို့၏ တောင်းပန်ချက်ကြောင့် အဓိဋ္ဌာန်ဖြင့် ခြေတော်ရာကို ချထားတော်မူရာတွင် အကန့်တစ်ထောင်၊ ပုံတောင်းချက်မ၊ အကွပ်တံကူနှင့်တကွ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတို့ ပြည့်စုံသောစက်ဝန်းတို့ ထင်ရှားစွာ မြင်တွေ့ကြရကြောင်းကို "ဒေါ်ဏသုတ်ပါဠိတော်"၌ အတိအလင်း ပြဆိုထားပေသည်။

ယင်းစာပိုဒ်၌ "ခြေတော်ရာဟူသည်" အကန့်တစ်ထောင် အကွပ်တံကူ (အနားရေး နှုတ်ခမ်းသတ်) ပုံတောင်း (ဗဟိုချက်) နှင့်တကွ တစ်ရာ့ရှစ်ကွက် လက္ခဏာတို့နှင့် ပြည့်စုံသော၊ စက်ဝန်းပါရှိသော မြတ်စွာဘုရားရှင်တို့ ခြေတော်ကြွလှမ်းတော်မူပြီး ချတော်မူရာတွင်၊ ခြေဖဝါးတော်တို့မှချခဲ့သောနေရာ၌ ထင်ကျန်ရစ်သော အရာတော်တို့ပင် ဖြစ်သည်။

(ခ) စေတီထိုက်သော ဗုဒ္ဓခြေတော်ရာ

မြတ်စွာဘုရားရှင်၏ ခြေတော်ရာတို့ကား "ပါဒစေတီ"ဟူသော နာမည်တော်အပြင် ဘုရားရှင်၏ အဓိဋ္ဌာန်ဖြင့် အသုံးပြု ချပြခဲ့သော ပူဇော်ဖွယ်ဝတ္ထုဖြစ်၍ "ပရိဘောဂစေတီ" လည်း ထိုက်ပေသည်။ မြတ်စွာဘုရားရှင်၏ မူလခြေတော်ရာကို ရည်မှန်း၍ တူနိုင်သမျှတူအောင် ထုလုပ်ပူဇော်ထားသော ခြေတော်ရာပွားတို့သည်ကား "ဥဒ္ဒိဿ စေတီ" ထိုက်ပေသည်။ သို့ဖြစ်၍ ယခု မြန်မာပြည် အရပ်ရပ်ရှိ နေရာမြတ်၊ နေရာထူးများ၏ ဘုရားစေတီများတွင် ခြေတော်ရာပုံတော်ကို "ခြေတော်ရာပွား" အဖြစ် အမြတ်တနိုး ပူဇော်ထားလေ့ ရှိကြပေသည်။

## (၂) စက်တော်ရာ သုံးဆူ ဘုရားရှိခိုး

ယံ နမ္မဒါယ နဒိယာ ပုလိနေစ တီရေ၊ ယံ သစ္စ ဗဒ္ဓဂီရိကေ သုမနာ စ လင္ဂေ။
ယံ တထာ ယောနကပုရေ မုနိနောစ ပါဒံ၊ ယံ ပါဒလဉ္ဆ နဝရံ သိရသာ နမာမိ[၁]။

| | | |
|---|---|---|
| နမ္မဒါယ | = | ဇမ္ဗူဒိပ်ကျွန်း၊ ယောနကတိုင်းအတွင်း နမ္မဒါအမည်ရှိသော။ |
| နဒိယာ ပုလိနေ | = | မြစ်၏ သဲသောင်ထွန်းရာ။ |
| တီရေစ | = | ကမ်းနား အရပ်ဌာန၌ လည်းကောင်း။ |
| သစ္စဗန္ဓဂီရိကေ စ | = | သစ္စဗဒ္ဓ တောင်ထိပ် အရပ်ဌာန ကျောက်ဖြာပေါ်၌ လည်းကောင်း။ |
| သုမန စ လင်္ဂေ စ | = | သီဟိုဠ်ကျွန်းရှိ သုမနနတ်မင်းစောင့်ရှောက်ရာ သုမနတောင်ထိပ် အရပ်ဌာန၌ လည်းကောင်း။ |
| တထာ | = | ထိုမှတစ်ပါး။ |
| ယောနကပူရေ စ | = | ယောနကတိုင်း၌ လည်းကောင်း။ |
| မုနိနော | = | မြတ်စွာဘုရား၏။ |
| ယံပါဒလဉ္ဆ နဝရံ | = | တစ်ထောင်သော အကန့် . အကွက်၊ အကွပ်. တံကူ ပုံတောင်းအချက် နှင့်တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့် ပြည့်စုံသော၊ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ အမှတ်အသားပါရှိသည့် မြတ်သော ခြေတော်ရာသည်။ |
| အတ္ထိ | = | ရှိတော်မူ၏။ |
| တံပါဒလဉ္ဆ နဝရံ | = | ထိုခြေတော်ရာမြတ် သုံးဆူတို့ကို။ |
| အဟံ | = | ပရမတ္ထ မြတ်ဓမ္မကို အတ္တသမုတ် အကျွန်ုပ်သည်။ |
| သိရသာ | = | ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ |
| နမာမိ | = | ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။ |

## (က) အောက်စက်တော်ရာ ဘုရားရှိခိုး

နမ္မဒါ နာဂရာဇေန၊ နမ္မဒါ နဒိယာ တီရေ။
ယာစိတေန မဟေသိနာ၊ ဒဿိတံ ပါဒလဉ္ဆနံ။
တာနိ ပါဒလက္ခဏာနိ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

---

၁။ သီဟိုဠ် ၁၆ ဌာန ဘုရားရှိခိုး ။

| | | |
|---|---|---|
| နမ္မဒါ နာဂရာဇေန | = | နမ္မဒါ အမည်ရှိသော နဂါးမင်းသည်။ |
| ယာစိတေန | = | ပြုစုလုပ်ကျွေးဖွယ်ရာကို ချီးမြှင့်ပေးသနားတော်မူပါရန် တောင်းပန်သဖြင့်။ |
| မဟေသိနာ | = | မြတ်စွာဘုရားရှင်သည်။ |
| နမ္မဒါ နဒိယာ | = | နမ္မဒါ မြစ်၏။ |
| တီရေ | = | မြစ်ကမ်းနား အရပ်၌။ |
| ယံ ပါဒလဉ္ဆနံ | = | တစ်ထောင်သော အကန့် . အကွက်၊ အကွပ်. တံကူ ပုံတောင်းအချက် နှင့်တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့် ပြည့်စုံသော၊ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ အမှတ်အသားပါရှိသော အကြင် ခြေတော်ရာမြတ်ကို။ |
| ဒဿိတံ | = | အဓိဋ္ဌာန်ဖြင့် ထင်စွာနင်းပြ ချထားတော်မူအပ်လေပြီ။ |
| တာနိပါဒ လက္ခဏာနိ | = | ထို စက်လက္ခဏာ အောက်ခြေတော်ရာကို။ |
| အဟံ | = | ပရမတ္ထ မြတ်ဓမ္မကို အတ္တသမုတ် အကျွန်ုပ်သည်။ |
| သဗ္ဗဒါ | = | နေ့ရော ညဉ့်ပါ အခါခပ်သိမ်း အမြဲမပြတ်။ |
| ဝန္ဒာမိ | = | သဒ္ဓါစာတ်ဖြင့် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။ |

## (ခ) အထက်စက်တော်ရာ ဘုရားရှိခိုး

သစ္စဗန္ဓေန ထေရေန၊ ယာစိတေန၊ မဟေသိနာ။
သစ္စဗန္ဓမှိ ပဗ္ဗတေ၊ ဒဿိတံ ပါဒလဉ္ဆနံ၊
တာနိ ပါဒလက္ခဏာနိ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

| | | |
|---|---|---|
| သစ္စဗန္ဓေန | = | သစ္စဗန္ဓ အမည်ရှိသော။ |
| ထေရေန | = | ရဟန္တာ မထေရ်မြတ်သည်။ |
| ယာစိတေန | = | ပြုစုလုပ်ကျွေးဖွယ်ရာကို ချီးမြှင့်ပေးသနားတော်မူပါရန် တောင်းပန်သဖြင့်။ |
| မဟေသိနာ | = | မြတ်စွာဘုရားရှင်သည်။ |
| သစ္စဗန္ဓမှိ | = | သစ္စဗန္ဓ အမည်ရှိသော။ |
| သဗ္ဗတေ | = | တောင်ထိပ်၌။ |
| ယံ ပါဒလဉ္ဆနံ | = | တစ်ထောင်သော အကန့် . အကွက်၊ အကွပ်. တံကူ ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့် ပြည့်စုံသော၊ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ အမှတ်အသားပါရှိသော အကြင် ခြေတော်ရာမြတ်ကို။ |
| ဒဿိတံ | = | အဓိဋ္ဌာန်ဖြင့် ထင်စွာနင်းပြ ချထားတော်မူအပ်လေပြီ။ |
| တာနိပါဒ လက္ခဏာနိ | = | ထို စက်လက္ခဏာ အထက်ခြေတော်ရာကို။ |
| အဟံ | = | ပရမတ္ထ မြတ်ဓမ္မကို အတ္တသမုတ် အကျွန်ုပ်သည်။ |
| သဗ္ဗဒါ | = | နေ့ရော ညဉ့်ပါ အခါခပ်သိမ်း အမြဲမပြတ်။ |
| ဝန္ဒာမိ | = | သဒ္ဓါစာတ်ဖြင့် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။ |

## (၈) သီဟိုဠ် စက်တော်ရာ ဘုရားရှိခိုး

ဝန္ဒာမိ သေလမှိ သမန္တ ကူဋေ၊ လင်္ကာယ ဒီပဿ သိခါယ မာနေ။
အာဝါသဘူတေ သုမနာမရဿ၊ ဗုဒ္ဓဿ တံ ပါဒဝဠဉ္ဇ မင်္ဂံ [1]။

သီရိလင်္ကာအမည်ရှိသောကျွန်း၏ အထွဋ်သဖွယ်ဖြစ်သော၊ သုမနနတ်မင်း၏နေရာဖြစ်သော၊ ထက်ဝန်းကျင်အထွဋ်ရှိသော သုမနတောင်ပေါ်၌ အဓိဋ္ဌာန်ဖြင့် ပြအပ်ချထားအပ်သော၊ မြတ်စွာဘုရားရှင်၏ မြတ်သော၊ တစ်ကောင်သော အကန့်အကွက် အကွပ်တံကူ ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့် ပြည့်စုံသော တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ အမှတ်အသားပါရှိသော ခြေတော်ရာပါဒစေတီကို ရှိသေစွာ ရှိခိုးပါ၏။

ကလျာဏီတော၊ ဂဂနတော မုနိယတ္ထာ ဂန္တွာ၊
ဒဿေသိ ယတ္ထာရုံ၊ စက္ကဝရလက္ခဏ ပါဒလဉ္ဆံ။
လင်္ကာမဟီ ဝရဝဓူ မကုဋ္ဌောပမာဏံ၊
ဝန္ဒာမဟံ သုမန ကုဋ္ဌ သိလုစ္စယန္တံ [2]။

မုနိ = သုံးလူ့ထွဋ်ထား သဗ္ဗညု မြတ်စွာဘုရားသည်။
ကလျာဏီတော = ကလျာဏီမြစ်၏ တည်ရာ ကလျာဏီပြည်မှ။
ဂဂနတော = ကောင်းကင် ခရီးဖြင့်။
အာဂန္တွာ၊ = ကြွလာတော်မူပြီး၍။
ယတ္ထာရုံ စက္ကဝရ လက္ခဏာပါဒလဉ္ဆံ = အကြင်မြတ်သော စက်လက္ခဏာတို့နှင့် ပြည့်စုံတော်မူသော ခြေတော်ရာကို။
ဒဿေသိ = အဓိဋ္ဌာန်ဖြင့် ထင်စွာနင်းချ ပြတော်မူလေပြီ။
လင်္ကာမဟီ ဝရဝဓူ မကုဋ္ဌော ပမာဏံ = မြတ်သော သီဟိုဠ် ကျွန်းသူ၊ ကျွန်းသားတို့၏ မြတ်လေးငုံသဖွယ် ဖြစ်တော်မူသော။
သုမန ကုဋ္ဌ သိလုစ္စယံ ပါဒလဉ္ဆံ = ထို တောင့်တအပ်သော. မြတ်သော. စက်လက္ခဏာတော်တို့နှင့် ပြည့်စုံတော်မူသော ခြေတော်ရာမြတ်ကို။
အဟံ = ပရမတ္ထ မြတ်ဓမ္မကို အတ္တသမုတ် အကျွန်ုပ်သည်။
ဝန္ဒာမိ = ရှိသေမြတ်နိုး လက်စုံမိုးလျက် ရှိခိုးပါ၏ အရှင်ဘုရား။

## (၃) ဘုရားရှင်၏ ပကတိ ခြေဖဝါးတော် အရွယ်ပမာဏ

မြတ်စွာဘုရားရှင်၏ ခြေဖဝါးတော် အလျား၊ အနံပမာဏတို့ကို စာပေကျမ်းဂန်တို့၌ တိုက်ရိုက် မလာရှိသော်လည်း "အမေးတော်ဖြေကျမ်း သမန္တစက္ခုဒီပနီကျမ်း" တို့၌ မောင်းထောင်သာသနာပိုင် ဆရာတော်နှင့် မုံရွေး ဇေတဝန်ဆရာတော်တို့ အောက်ပါအတိုင်း တွက်ချက်ပြကြသည်။ ခြေဖဝါးအလျားတော်မှာ - မြတ်စွာဘုရားရှင်၏ အထွာတော်ဖြင့် အလျား တစ်ထွာ သုံးသစ်၊ မဇ္ဈိမပုရိသ အလယ်အလတ် ယောကျ်ား၏အထွာ ဖြင့် တစ်ထောင့်ထွာတစ်မိုက် တစ်လက်သစ်၊ ယခု ပကတိပုရိသ ရိုးရိုး သာမန်ယောကျ်ား၏ အထွာဖြင့် နှစ်တောင်နှစ်မိုက်သုံးလက်သစ် နှစ်မှုယောဖြစ်သင့်၍၊ အနံမှာမူ အလျား၏ သုံး ဖို့ တစ်ဖို့ခန့် ဖြစ်သင့်သည်။

---

၁။ သဒ္ဒနီတိ ပဒမာလာ - ၃၂၉။ ၂။ သီဟိုဠ် ၁၆ ဌာန ဘုရားရှိခိုး။

## (၄) တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ ပါဠိ မြန်မာပြန်

စက်လက္ခဏာဘုရားရှိခိုး လက်ကြီး၌ ပါသော လက္ခဏာတို့ကို မူရင်းပါဠိဘာသာနှင့် တွဲဖက်၍ ရေတွက်ဖော်ပြရသော် -

၁။ သတ္တိစက် = လှံမပုံ
၂။ သိရိဝစ္ဆစက် = အိမ်မွန်ပုံ
၃။ နန္ဒိယာဝဋ္ဋစက် = ဇလပ်ပန်းပုံ
၄။ သောဝတ္ထိကစက် = လည်ရေးသုံးဆင့်ပုံ
၅။ ဝဋံသကစက် = ဦးဆောက်ပန်းပုံ
၆။ ဝဍ္ဍမာနကစက် = ထမင်းပွဲပုံ
၇။ သဒ္ဒပီဌစက် = အင်းပျဉ်ပုံ ( ရွှေသလွန် )
၈။ အင်္ကုသစက် = ချွန်းတောင်းပုံ
၉။ ပါသာဒစက် = ပြာသာဒ်ပုံ
၁၀။ တောရဏစက် = တံခါးတိုင်ပုံ
၁၁။ သေတစ္ဆတ္တစက် = ထီးဖြူပုံ
၁၂။ ခဂ္ဂစက် = သန်လျက်ပုံ
၁၃။ တာလဝဏ္ဋစက် = ထန်းရွက်ယပ်ဝန်းပုံ
၁၄။ မယူရဟတ္ထစက် = ဥဒေါင်းမြီးယပ်ပုံ
၁၅။ ဥဏှိသစက် = သင်းကျစ်ပုံ
၁၆။ မဏိစက် = ပတ္တမြားပုံ
၁၇။ ပတ္တစက် = သပိတ်ပုံ
၁၈။ သုမနဒါမစက် = မြတ်လေးပန်းဆိုင်းပုံ
၁၉။ နီလုပ္ပလစက် = ကြာညိုပုံ ( ကြာပြာ )
၂၀။ ရတ္တုပ္ပလစက် = ကြာနီပုံ
၂၁။ သေတုပ္ပလစက် = ကြာဖြူပုံ
၂၂။ ပဒုမစက် = ပဒုမ္မာကြာပုံ
၂၃။ ပုဏ္ဍရိကစက် = ပုဏ္ဍရိတ်ကြာပုံ
၂၄။ ပုဏ္ဏဃဋစက် = ရေပြည့်အိုးပုံ
၂၅။ ပုဏ္ဏပါတိစက် = ရေပြည့်ဖလားပုံ
၂၆။ သမုဒ္ဒစက် = သမုဒ္ဒရာပုံ
၂၇။ စက္ကဝါဠပဗ္ဗတစက် = စကြာဝဠာတောင်ပုံ
၂၈။ ဟိမဝန္တ ပဗ္ဗတစက် = ဟိမဝန္တာတောင်ပုံ
၂၉။ မေရုပဗ္ဗတစက် = မြင်းမိုရ်တောင်ပုံ
၃၀။ သူရိယ မဏ္ဍလစက် = နေဝန်းပုံ
၃၁။ စန္ဒ မဏ္ဍလစက် = လဝန်းပုံ

| | | | |
|---|---|---|---|
| ၃၂။ | နက္ခတ္တာနိစက် | = | နက္ခတ်တာရာများပုံ |
| ၃၃။ | ပုဗ္ဗဝိဒေဟစက် | = | အရှေ့ကျွန်းပုံ |
| ၃၄။ | အပရဂေါယာနစက် | = | အနောက်ကျွန်းပုံ |
| ၃၅။ | ဇမ္ဗုဒီပစက် | = | ဇမ္ဗူဒိပ်ကျွန်းပုံ(တောင်ကျွန်း) |
| ၃၆။ | ဥတ္တရ ကုရုစက် | = | မြောက်ကျွန်းပုံ |
| ၃၇။ | စက္ကဝတ္တိစက် | = | စကြဝတေးမင်းပုံ |
| ၂၈။ | သေတသခ်စက် | = | လက်ယာရစ်ခရုသင်းဖြူပုံ |
| ၃၉။ | မစ္ဆယုဂဠစက် | = | ငါးကြင်းအစုံပုံ |
| ၄၀။ | စက္ကာဝုဓစက် | = | စက်လက်နက်ပုံ |
| ၄၁။ | လဝဏသီတာစက် | = | ဆားငံရည်ပုံ |
| ၄၂။ | ဥစ္ဆုသီတာစက် | = | ကြံရည်ချိုပုံ |
| ၄၃။ | သုရာသီတာစက် | = | သေရည်ပုံ |
| ၄၄။ | သာဓိသီတာစက် | = | အမှုခပ်သိမ်းပြီးသောရေပုံ |
| ၄၅။ | ဒဓိသီတာစက် | = | နို့ဓမ်းရည်ပုံ |
| ၄၆။ | ဒုဒ္ဓသီတာစက် | = | နို့ရည်ပုံ |
| ၄၇။ | ဇလသီတာစက် | = | ရေချိုပုံ |
| ၄၈။ | ယုဂန္ဓရစက် | = | ယုဂန္ဓရတောင်ပုံ |
| ၄၉။ | ဣသန္ဓရစက် | = | ဣသန္ဓရတောင်ပုံ |
| ၅၀။ | ကရဝိကစက် | = | ကရဝိကတောင်ပုံ |
| ၅၁။ | သုဒဿနစက် | = | သုဒဿနတောင်ပုံ |
| ၅၂။ | နေမိန္ဓရစက် | = | နေမိန္ဓရ တောင်ပုံ |
| ၅၃။ | ဝိနတကစက် | = | ဝိနတကတောင်ပုံ |
| ၅၄။ | အဿကဏ္ဏစက် | = | အဿကဏ္ဏတောင်ပုံ |
| ၅၅။ | အနောတတ္တစက် | = | အနောတတ္တရေအိုင်ပုံ |
| ၅၆။ | ကဏ္ဏမုဏ္ဍစက် | = | ကဏ္ဏမုဏ္ဍရေအိုင်ပုံ |
| ၅၇။ | ရထကာရစက် | = | ရထကာရရေအိုင်ပုံ |
| ၅၈။ | ဆန္ဒန္တစက် | = | ဆဒ္ဒန္တရေအိုင်ပုံ |
| ၅၉။ | ကုဏာလစက် | = | ကုဏာလ ရေအိုင်ပုံ |
| ၆၀။ | မဏ္ဍာကိနီစက် | = | မဏ္ဍာကိနီ ရေအိုင်ပုံ |
| ၆၁။ | သီဟပ္ပပါတစက် | = | သီဟပ္ပပါတ ရေအိုင်ပုံ |
| ၆၂။ | သုပဏ္ဏရာဇစက် | = | ဂဠုန်မင်းပုံ |
| ၆၃။ | သံသုမာရစက် | = | မိကျောင်းမင်းပုံ |
| ၆၄။ | ဓဇစက် | = | တံခွန်လျားပုံ |
| ၆၅။ | ပဋကာစက် | = | တံခွန်ကုက္ကားပုံ |
| ၆၆။ | သုဝဏ္ဏသိဝိကာစက် | = | ရတနာသံလျင်းပုံ |

| | | | |
|---|---|---|---|
| ၆၇။ | သုဝဏ္ဏဝါဠုဗိဇနီစက် | = | ရွှေစာမရီ သားမြီးယပ်ပုံ |
| ၆၈။ | ကေလာသပဗ္ဗတစက် | = | ကေလာသငွေတောင်ပုံ |
| ၆၉။ | သီဟရာဇစက် | = | ခြင်္သေ့မင်းပုံ |
| ၇၀။ | ဗျဂ္ဃရာဇစက် | = | ကျားမင်းပုံ |
| ၇၁။ | ဝလာဟကအဿရာဇစက် | = | ဝလာဟကမြင်းမင်းပုံ |
| ၇၂။ | ဥပေါသထဆဒ္ဒန္တ ဟတ္ထိရာဇစက် | = | ဥပေါသထ ဆဒ္ဒန္တ ဆင်မင်းပုံ |
| ၇၃။ | ဘာသုကီနာဂရာဇစက် | = | ဘာသုကီ နဂါးမင်းပုံ |
| ၇၄။ | ဟံသရာဇစက် | = | ဟင်္သာမင်းပုံ |
| ၇၅။ | ဥသဘရာဇစက် | = | ဥသဘနွားမင်းပုံ |
| ၇၆။ | ဧရာဝဏ္ဏဟတ္ထိရာဇစက် | = | ဧရာဝဏ်ဆင်မင်းပုံ |
| ၇၇။ | သုဝဏ္ဏမကာရစက် | = | ရွှေမကားရ်ပုံ |
| ၇၈။ | သုဝဏ္ဏနာဝါစက် | = | မုခ်ထွင့်လေးခု ရှိသော ရွှေလှေပုံ |
| ၇၉။ | ဗြဟ္မရာဇစက် | = | ဗြဟ္မာမင်းပုံ |
| ၈၀။ | သဝစ္ဆကာဓေနုစက် | = | နွားသားအမိပုံ |
| ၈၁။ | ကိံပုရိသ ကိံပုရိသီစက် | = | ကိန္နရာ အဖို . အမပုံ |
| ၈၂။ | ကရဝီကစက် | = | ကရဝိတ်ငှက်ပုံ |
| ၈၃။ | မယူရ ရာဇစက် | = | ဥဒေါင်းမင်းပုံ |
| ၈၄။ | ကောဉ္စရာဇစက် | = | ကြိုးကြာငှက်မင်းပုံ |
| ၈၅။ | စက္ကဝါကရာဇစက် | = | စက္ကဝတ်ငှက်မင်းပုံ |
| ၈၆။ | ဇီဝဉ္စီကရာဇစက် | = | ဇီဝဖိုးငှက်မင်းပုံ |
| ၈၇။ | စတုမဟာရာဇိကာစက် | = | စတုမဟာရာဇ်နတ်ဘုံ |
| ၈၈။ | တာဝတိံသာစက် | = | တာဝတိံသာနတ်ဘုံ |
| ၈၉။ | ယာမာစက် | = | ယာမာနတ်ဘုံ |
| ၉၀။ | တုသိတာစက် | = | တုသိတာနတ်ဘုံ |
| ၉၁။ | နိမ္မာနရတိစက် | = | နိမ္မာနရတိနတ်ဘုံ |
| ၉၂။ | ပရနိမ္မိတဝသဝတ္တိစက် | = | ပရနိမ္မိတ ဝသဝတ္တိနတ်ဘုံ |
| ၉၃။ | ဗြဟ္မပါရိ သဇ္ဇာစက် | = | ပါရိသဇ္ဇာ ဗြဟ္မာဘုံ |
| ၉၄။ | ဗြဟ္မပုရောဟိတာစက် | = | ပုရောဟိတ ဗြဟ္မာဘုံ |
| ၉၅။ | မဟာဗြဟ္မာစက် | = | မဟာဗြဟ္မာဘုံ |
| ၉၆။ | ပရိတ္တာဘာစက် | = | ပရိတ္တာဘာဗြဟ္မာဘုံ |
| ၉၇။ | အပ္ပမာဏာဘာစက် | = | အပ္ပမာဏာဘာဗြဟ္မာဘုံ |
| ၉၈။ | အာဘဿရာစက် | = | အာဘဿရာဗြဟ္မာဘုံ |
| ၉၉။ | ပရိတ္တသုဘာစက် | = | ပရိတ္တသုဘာ ဗြဟ္မာဘုံ |
| ၁၀၀။ | အပ္ပမာဏသုဘာစက် | = | အပ္ပမာဏသုဘာဗြဟ္မာဘုံ |
| ၁၀၁။ | သုဘကိဏှာစက် | = | သုဘကိဏှာ ဗြဟ္မာဘုံ |

| | | | |
|---|---|---|---|
| ၁၀၂။ | ဝေဟပ္ပလာစက် | = | ဝေဟ ပ္ပလာ ပြဟ္မာဘုံ |
| ၁၀၃။ | အသညသတ္တာစက် | = | အသည သတ္တာပြဟ္မာဘုံ |
| ၁၀၄။ | အဝိဟာစက် | = | အဝိဟာ ပြဟ္မာဘုံ |
| ၁၀၅။ | အတပ္ပါစက် | = | အတပ္ပါ ပြဟ္မာဘုံ |
| ၁၀၆။ | သုဒဿာစက် | = | သုဒဿာ ပြဟ္မာဘုံ |
| ၁၀၇။ | သုဒဿီစက် | = | သုဒဿီ ပြဟ္မာဘုံ |
| ၁၀၈။ | အကနိဋ္ဌာစက် | = | အကနိဋ္ဌာ ပြဟ္မာဘုံ |

## (၅) လက်ယာရံ ရဟန္တာ မထေရ်မြတ် လေးဆယ်

၁။ အသျှင် သာရိပုတြာ ( အဂ္ဂသာဝက )
၂။ အသျှင် အညာသိကောဏ္ဍည
၃။ အသျှင် ဝပ္ပ
၄။ အသျှင် ဘဒ္ဒိယ
၅။ အသျှင် မဟာနာမ်
၆။ အသျှင် အဿဇိ
၇။ အသျှင် နာလက
၈။ အသျှင် ယသ
၉။ အသျှင် ဝိမလ
၁၀။ အသျှင် သုဗာဟု
၁၁။ အသျှင် ပုဏ္ဏဇိ
၁၂။ အသျှင် ဂဝမ္ပတိ
၁၃။ အသျှင် ဥရုဝေလကဿပ
၁၄။ အသျှင် နဒီကဿပ
၁၅။ အသျှင် ဂယာကဿပ
၁၆။ အသျှင် မဟာကဿပ
၁၇။ အသျှင် မဟာကစ္စည်း
၁၈။ အသျှင် မဟာကောဋ္ဌိက
၁၉။ အသျှင် မဟာကပ္ပိန
၂၀။ အသျှင် မဟာစုန္ဒ
၂၁။ အသျှင် အနုရုဒ္ဓါ
၂၂။ အသျှင် ကင်္ခါရေဝတ
၂၃။ အသျှင် အာနန္ဒာ
၂၄။ အသျှင် နန္ဒက
၂၅။ အသျှင် ဘဂု

၂၆။ အသျှင် နန္ဒိယ
၂၇။ အသျှင် ကိမိလ
၂၈။ အသျှင် ဘဒ္ဒိယ
၂၉။ အသျှင် ရာဟုလာ
၃၀။ အသျှင် သီဝလိ
၃၁။ အသျှင် ဥပါလိ
၃၂။ အသျှင် ဒဗ္ဗ
၃၃။ အသျှင် ဥပသေန
၃၄။ အသျှင် ခဒိရဝနိယရေဝတ
၃၅။ အသျှင် မဟာပုဏ္ဏ
၃၆။ အသျှင် စူဠပုဏ္ဏ
၃၇။ အသျှင် သောဏကောဠိကဏ္ဏ
၃၈။ အသျှင် သောဏကောဠိဝိသ
၃၉။ အသျှင် ရာဓ
၄၀။ အသျှင် သုဘူတိ [၁]။

## ( ၆) လက်ဝဲရံ ရဟန္တာမထေရ်မြတ် လေးဆယ်

၁။ အသျှင် မဟာမောဂ္ဂလာန် ( အဂ္ဂသာဝက)
၂။ အသျှင် အင်္ဂုလိမာလ
၃။ အသျှင် ဝက္ကလိ
၄။ အသျှင် ကာဠုဒါယီ
၅။ အသျှင် မဟာဥဒါယီ
၆။ အသျှင် ပိလိန္ဒဝစ္ဆ
၇။ အသျှင် သောဘိတ
၈။ အသျှင် ကုမာရကဿပ
၉။ အသျှင် ရဋ္ဌပါလ
၁၀။ အသျှင် ဝင်္ဂီသ
၁၁။ အသျှင် သဘိယ
၁၂။ အသျှင် သေလ
၁၃။ အသျှင် ဥပဝါန
၁၄။ အသျှင် မေဃိယ
၁၅။ အသျှင် သာဂတ

---

၁။ထေရဂါထာ အဋ္ဌကထာ - ၂၊ ၅၄၁။ ထေရာပဒါန် မြန်မာပြန် ၊

၁၆။ အသျှင် နာဂိတ
၁၇။ အသျှင် လကုဏ္ဍက ဘဒ္ဒိယ
၁၈။ အသျှင် ပိဏ္ဍောလ ဘာရဒ္ဒါဇ
၁၉။ အသျှင် မဟာပန္ထက
၂၀။ အသျှင် စူဠပန္ထက
၂၁။ အသျှင် ဗာကုလ
၂၂။ အသျှင် ကောဏ္ဍဓာန
၂၃။ အသျှင် ဒါရုစိရိယ
၂၄။ အသျှင် ယသောဇ
၂၅။ အသျှင် အဇိတ
၂၆။ အသျှင် တိဿမေတ္တေယျ
၂၇။ အသျှင် ပုဏ္ဏက
၂၈။ အသျှင် မေတ္တဂူ
၂၉။ အသျှင် ဓောတက
၃၀။ အသျှင် ဥပသီဝ
၃၁။ အသျှင် နန္ဒ
၃၂။ အသျှင် ဟေမက
၃၃။ အသျှင် တောဒေယျ
၃၄။ အသျှင် ကပ္ပ
၃၅။ အသျှင် ဇတုကဏ္ဏီ
၃၆။ အသျှင် ဘဒြာဝုဓ
၃၇။ အသျှင် ဥဒယ
၃၈။ အသျှင် ပေါသာလ
၃၉။ အသျှင် ပိင်္ဂိယ
၄၀။ အသျှင် မောဃရာဇ

## (၇) ခြေတော်ရာကို ဝန်းရံပတ်ထား နဂါးများ

ဗုဒ္ဓခြေတော်ရာ ပုံတော်တွင် နဂါးတစ်ကောင် (သို့) နှစ်ကောင် ဝန်းရံပတ်ထားသည်မှာ -

(က) "နမ္မဒါန နဂါးမင်း" ၏ တောင်းပန်မှုကြောင့် နမ္မဒါမြစ်ကမ်းအနီး ဗုဒ္ဓခြေတော်ရာ - အောက်စက်တော်ရာ ( လက်ဝဲ ခြေတော်ရာ ) ချထားတော်မူခဲ့ခြင်း နှင့်

(ခ) "မဏိအက္ခိက နဂါးမင်း" ၏ ပင့်လျှောက်ချက်အရ သီဟိုဠ်ကျွန်း သမန္တကူဋ သုမနတောင်ပေါ်တွင် သုမနနတ်မင်း၏ တောင်းပန်မှုကြောင့် ဗုဒ္ဓခြေတော်ရာ (လက်ဝဲခြေတော်ရာ) ချတော်မူခဲ့ခြင်းတို့ ကို အသိအမှတ်ပြု ရည်ရွယ်ကာ ထုလုပ်ထားကြခြင်း ဖြစ်ပါသည်။

## (၈) ခြေတော်ရာ ပါဒစေတီ ရှစ်ဆူမှာ သုံးဆူသာ ဖူးရန်ကျန်

မြတ်စွာဘုရားရှင် အဓိဋ္ဌာန်ဖြင့် ချတော်မူခဲ့သော ထင်ကျန်ရစ်သည့် "ခြေတော်ရာပါဒ စေတီရှစ်ဆူ" တို့ကို စာပေ,ကျမ်းဂန်တို့၌ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

(က) ဒေါဏပုဏ္ဏားကြီး မြင်တွေ့စေရန် ဥက္ကဋ္ဌမြို့နှင့် သေတဗျမြို့တို့၏ အကြား လမ်းခရီးအရပ်ဌာနတွင် "လက်ဝဲ၊ လက်ယာ ခြေတော်ရာတစ်စုံ" [၁]။

(ခ) မာဂဏ္ဍီယ ပုဏ္ဏား ဇနီးမောင်နှံတို့ မြင်တွေ့စေရန် ကမ္မာသဒမ္မ နိဂုံးရွာနှင့် တောအုပ်အကြား လမ်းခရီးအရပ်ဌာန [၂]။

(ဂ) ကုက္ကုဋ္ဌမိတ္တ မုဆိုး သားအဖတို့ မြင်တွေ့စေရန် ရာဇဂြိုဟ်မြို့အနီး တောအုပ်အတွင်း၌ ထောင်ထားအပ်သော ကျော့ကွင်းအနီး လမ်းခရီး အရပ်ဌာန။

(ဃ) အရှင်သာရိပုတ္တရာမထေရ် မြင်တွေ့စေရန် ဟိမဝန္တာရှိ တစ်ခုသော တောင်ဝှမ်းအတွင်း လမ်းခရီး အရပ်ဌာန။

(င) အဇိတ စသော ရသေ့တို့ မြင်တွေ့စေရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်အတွင်း ဂန္ဓကုဋီကျောင်းအနီး လမ်းခရီးအရပ်ဌာန။

(စ) နမ္မဒါန နဂါးမင်း၏ တောင်းပန်ချက်အရ သုနာပရန္တတိုင်း နမ္မဒါ မြစ်ကမ်းနား အရပ်ဌာနတွင် "လက်ဝဲခြေတော်ရာ တစ်ဆူ"။

(ဆ) သစ္စဗန္ဓ ရဟန္တာ ဆဋ္ဌဘိညာ ( အဘိညာဉ်ခြောက်ပါးရ ) မထေရ်၏ တောင်းပန်ချက်အရ သစ္စဗန္ဓ တောင်ပေါ်ကျောက်ဖျာအရပ်ဌာနတွင် "လက်ဝဲခြေတော်ရာတစ်ဆူ"။

(ဇ) သုမန နတ်မင်း၏ တောင်းပန်ချက်အရ - "လက်ဝဲ ခြေတော်ရာတစ်ဆူ" ။

တစ်နည်းဆိုရသော် - ဗုဒ္ဓဘုရားရှင်သည် ရှစ်ဝါမြောက်သောနှစ်၌ ကလျာဏီ မြစ်တွင်နေသော မဏိအက္ခိက နဂါးမင်း ပင့်လျှောက်သည်ဖြစ်၍၊ ရဟန်းပေါင်း ငါးရာ ခြံရံလျက် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) သို့ ကြွတော်မူ၏။ ကလျာဏီ စေတီတော် တည်ရာအရပ်၌ ဆောက်လုပ်ထားသော ရတနာမဏ္ဍပ်တွင်၊ သီတင်းသုံးလျက် ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် သမန္တကူဋ တောင်ထိပ်ဝယ် "လက်ဝဲ ခြေတော်ရာ တစ်ဆူ" ကို ချထားတော်မူခဲ့၏ [၃]။

မြန်မာပြည်၊ မင်းဘူးခရိုင်ရှိ နမ္မဒါနဂါးမင်း၏ အောက်စက်တော်ရာ၊ သစ္စဗန္ဓ ရဟန္တာမထေရ်၏ အထက်စက်တော်ရာတို့နှင့် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)ရှိ သုမန နတ်မင်း၏ စက်တော်ရာ (ဝါ) မဏိအက္ခိက နဂါးမင်း၏ စက်တော်ရာ၊ ပေါင်း စက်တော်ရာ သုံးဆူတို့သည် သာသနာ တည်ရှိနေသမျှ ကာလပတ်လုံး တည်မြဲနေမည့် စက်တော်ရာများ (လက်ဝဲခြေတော်ရာများ) ဖြစ်ပေသည်။

မြန်မာပြည်၊ မင်းဘူးခရိုင်ရှိ အောက်စက်တော်ရာနှင့် အထက်စက်တော်ရာတို့ကို အမှက်ရလွယ်ကူစေရန် "ဇမ္ဗူမှာ ဒွေး ရာမှာ ဧ" ဟု ဆိုရိုးစကား ရှိပါသည်။ "ဇမ္ဗူမှာ ဒွေး" ဟူသည်က ဇမ္ဗူဒီပါ တောင်ကျွန်း သုနာပရန္တတိုင်း (လယ်ကိုင်းကျောင်းတော်ရာဒေသ)၊ နမ္မဒါမြစ် (ယခု - မန်းချောင်း) ကမ်းနှင့် သစ္စဗန္ဓတောင်ထိပ်၊ နှစ်နေရာဌာနတို့၌ လက်ဝဲစက်တော်ရာ နှစ်ဆူ ရှိနေခြင်းကို ဆိုလိုသည်။ ( မဇ္ဈိမနိကာယ်၊ ပုဏ္ဏောဝါဒသုတ်၌ ပါသည် ) ထို စက်တော်ရာ နှစ်ဆူတို့မှာလည်း မြတ်စွာဘုရား၏ ဝဲဖက်ခြေတော်ရာ တစ်ဖက်တည်း၏ အရာသာ ဖြစ်သောကြောင့် "ရာမှာ "ဧ" ဟု ပြဆိုခြင်း ဖြစ်သည်။

---

၁။ အံ၊ ၄၊ ပါ၊ တ - ၃၄၆ ။ ၂။ ဓမ္မပဒ၊ အဋ္ဌကထာ၊ ပထမ ၁၃၄၊ ၆ ။၁။ အံ၊ ၄၊ ပါ၊ တ - ၃၄၆ ။ ၃။ မဟာဗုဒ္ဓဝင်၊ ဗုဒ္ဓသာသနိက၊ ၁၆၆ ။

- "ရာ" သည် ခြေတော်ရာ (စက်တော်ရာ) ဖြစ်သည်.
- "ဇ" သည် တစ်ခု ဟု အဓိပ္ပါယ်ရကြောင်း လေ့လာမှတ်သား သိရှိရပါသည် [၁]။

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်း၊ မင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဦးအရိယာဝံသ ရေး ကောဇာ - ၁၃၃၂ ခုနှစ်၊ ပြာသိုလ တွင် ထုတ်ဝေခဲ့သော "ရခိုင်ပြည်နယ် မဒီစက်တော်ရာသမိုင်း" စာအုပ်၌ (စာမျက်နှာ ၈၃၊ ၈၄၊ ၈၅) ပါ-

(က) ဣန္ဒိယပြည် ဘုံဘိုင်နယ် မြောက်ပိုင်း၊ နမဒါမြစ်ထဲ၌ ခြေတော်ရာတစ်ဆူ၊

(ခ) ၎င်းအထက် သစ္စပန် တောင်ပေါ်၌ ခြေတော်ရာတစ်ဆူ၊

(ဂ) ဣန္ဒိယပြည် မြောက်ပိုင်း ဥဒယာနတိုင်း၌ ခြေတော်ရာတစ်ဆူ ( ဖီဟီယန်မှတ်တမ်း)၊

(ဃ) ပါတလိပုတ်မြို့တော် ၏ တောင်ဘက် သုံးလိအကွာတွင် ခြေတော်ရာတစ်ဆူ၊ (ဖီဟီယန်မှတ်တမ်း)၊

(င) သီဟိုဠ်ကျွန်း သုမနကုဋ တောင်ထိပ်၌ ခြေတော်ရာတစ်ဆူ၊

(စ) ရခိုင်ပြည်နယ် မြောက်ပိုင်း၊ မယူကမ်းပုံစည်းကျွန်း၊ သာစည်ထောင့်ရွာအနီး၌ ခြေတော်ရာတစ်ဆူ၊

(ဆ) စစ်တွေမြို့၊ ကုလားတန်မြစ်ဝ၊ ဖရုံကာကျွန်းစု၊ မြေငူကျွန်းတွင် ဆံတော်ရှင်ဓာတ်တော်အနီး၌ ခြေတော်ရာတစ်ဆူ၊

(ဇ) မြန်မာပြည်၊ မကွေးတိုင်း၊ မင်းဘူးခရိုင်၊ မန်းချောင်း၌ အထက်. အောက် ခြေတော်ရာနှစ်ဆူ၊

(ဈ) မြန်မာပြည် မြောက်ပိုင်း၊ ဝ-နယ် လွိုင်မူတောင်၏ အရှေ့မြောက်ဖက်တောင်စောင်းတွင် ခြေတော်ရာ တစ်ဆူ၊

(ည) ရခိုင်ပြည်နယ်၊ မဟီ(မဒီ)မြစ်အတွင်း၌ အထက်. အောက်၊ ဝဲ. ယာ ခြေတော်ရာနှစ်ဆူ၊
(မဒီမြစ်အတွင်းရှိ အထက်ခြေတော်ရာသည် "လက်ဝဲခြေတော်ရာ" ဖြစ်၍၊ အောက်ခြေတော်ရာသည် မဏိသေလ ကျောက်ဆောင်ပေါ်တွင် ရှိပြီး "လက်ယာခြေတော်ရာ ဖြစ်သည်"။)

"ဇမ္ဗူမှာ ဒွေး၊ ယာမှာ ဇ" ဟူသော စကားအရ "ဇမ္ဗူမှာဒွေး" သည် ဇမ္ဗူဒိပ် ကျွန်းတွင် လက်ဝဲ. လက်ယာ ခြေတော်ရာနှစ်ဆူ နှစ်မျိုးရှိကြောင်း ဆိုသည်။ "ယာမှာ ဇ" အရ လက်ဝဲခြေတော်ရာပေါင်း မည်မျှပင် ရှိစေကာမူ၊ လက်ယာခြေတော်ရာမှာ တစ်ဆူသာရှိရာ၊ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးတွင် လက်ယာခြေတော်ရာသည် မဟီမြစ်အတွင်း မဏိသေလ ကျောက်ဆောင်ပေါ်ရှိ ခြေတော်ရာသာ ဖြစ်ပေသည်။

လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ဆည်းလာခဲ့ရသော ဘုရားရှင်၏ ခြေတော်ရာသည် နေရာတိုင်းတွင် ထင်မကျန်ရခြင်းမှာ - နူးညံ့သိမ်မွေ့လွန်ခြင်း၊ ခွန်အားကြီးမားတော်မူခြင်း၊ ဝေနေယျသတ္တဝါအများကို ငဲ့ညှာတော်မူခြင်း (ဆိုလိုသည်မှာ ဝေနေယျ သတ္တဝါအများက ထင်ကျန်နေသော ဗုဒ္ဓခြေတော်ရာများကို အရိုအသေမပြုဘဲ နင်းကျော်မိခဲ့ကြလျှင် အ.ကုသိုလ် ဖြစ်စေနိုင်သောကြောင့် ခြေတော်ရာမထင်အောင် မိဋ္ဌာန်ပြု ကြွသွားလေ့ရှိသည် [၂]။

---

၁။ စွယ်စုံကျော်ထင် ပုဏ္ဏအဖြေ - ၂၇ . ၄၃ . ၅၁၂ . ၁၀၄၈ ။ မဟာသုတာဒီပနီကျမ်း - ပထမတွဲ ။ ၂။ အင်္ဂုတ္တိုရ် အဋ္ဌကထာ။

## (၉) တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်များနှင့် ပတ်သက်သော ကျင့်စဉ်များ

(က) တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်ကို ပါဠိ ( အနက် ) စကားပြေတွဲကာ အလွတ်ကျက်မှတ်ပြီး နေ့စဉ် ရွတ်ဆို၊ ပွားများနိုင်ပါသည်။

(ခ) စက်လက္ခဏာ တစ်ရာ့ရှစ်ကွက်ကို လက်ယာရစ် ရစ်၍၊ စက်တော်ရာပုံတော်တွင် ပါသည့်အတိုင်း တစ်မှစ၍ နံပတ်စဉ်အတိုင်း တရာ့ရှစ်အထိ ရွတ်ဆိုကာ ပုတီးစိပ် ပူဇော်နိုင်ပါသည်။ တစ်နေ့လျှင် ကိုးပတ်ဖြင့် ကိုးရက် အဓိဋ္ဌာန်ဝင်နိုင်က ပိုကောင်းပါသည်။

(ဂ) စက်လက္ခဏာပါသော ပုံတော်ကို ပါဒစေတီ အမှတ်ထား၍ တပေါင်းလပြည့်နေ့၊ ဝါဆိုလပြည့်နေ့၊ နှစ်ဆန်းတစ်ရက်နေ့၊ သီတင်းကျွတ်လပြည့်နေ့၊ တန်ဆောင်မုန်းလပြည့်နေ့တို့တွင် အုန်းသီး တစ်လုံး၊ ငှက်ပျောငါးဖီးတို့ဖြင့် အနန္တောအနန္တငါးပါး ဦးထိပ်ထား၍ ပွဲဖြင့် ပူဇော်နိုင်ပါသည်။

(ဃ) မန်းစက်တော်ရာသို့ ရောက်လျှင်၊ အထက်စက်တော်ရာ၊ အောက်စက်တော်ရာ တို့ကို ဆွမ်း. ဆီမီး . ပန်း. ရေချမ်း တို့ဖြင့် ကပ်လှူပူဇော်နိုင်က ကောင်းပါသည်။

(င) စက်လက္ခဏာပါသော ပုံတော် (သို့) မန်းစက်တော်ရာ နှစ်ဆူတို့ကို နမောသိဒ္ဓိ မန္တာန်တော်ကြီးဖြင့် ရွတ်ဆို. ပွားများ ပူဇော်နိုင်ပါသည်။ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်များကိုလည်း ရွတ်ဆို. ပွားများ ပူဇော်နိုင်ပါသည်။

### (၁၀) တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်များကို ပူဇော်ရကျိုး

စက်လက္ခဏာကို အမြဲမပြတ် ရွတ်ပွားသူသည် -

၁။ အခြွေအရံ ပရိသတ်ပေါများခြင်း။

၂။ ခရီးသွားလာရာ၌ ဘေးရန် အန္တရာယ်ကင်းခြင်း။

၃။ ဂြိုဟ်စီး. ဂြိုဟ်နင်း ဒုတိုက်အနိုက်ဆိုးများ အန္တရာယ်ဆိုးများ၊ ပြေပျောက်စေခြင်း။

၄။ စက်လက္ခဏာတို့ကို ကျက်မှတ်. ရွတ်ဆို. ပွားများ ပုတီးစိပ်စဉ် စကြဝတေးမင်းကဲ့သို့ ဟိတ်ဟန်တို့ ပြည့်စုံစေခြင်း။

၅။ စက်လက္ခဏာ တစ်ကွက်စီမှာရှိသော သိဒ္ဓိဓာတ်များ ရရှိစေနိုင်ခြင်း။

၆။ စက်လက္ခဏာတို့ကို ရွတ်ဆို . ပွားများ . ကျင့်ကြံ . ပူဇော်သူများအား ခြေတော်ရာစက်ကို စောင့်ရှောက်သော နတ်. နဂါးများက ကြည့်ရှုစောင့်ရှောက်ခြင်း ၊ မိမိကိုယ်တိုင်လည်း စက်ဝိဇ္ဇာအဖြစ်သို့ ရောက်ရှိနိုင်ခြင်း။

၇။ အပါယ်လေးပါး မကျရောက်နိုင်ခြင်း။

၈။ နိဗ္ဗာန်သို့ မရောက်မီ လူ့ပြည်. နတ်ပြည်တို့၌သာလျှင် စုန် . ဆန် ကျင်လည်ရခြင်း။

၉။ စကြဝတေးမင်း ဖြစ်နိုင်ခြင်း။

၁၀။ နောက်ဆုံးဘဝ၌ အာသဝေါတရား ကုန်ခမ်းသော ရဟန္တာအဖြစ်သို့ ရောက်ရှိနိုင်ခြင်း စသော အကျိုးထူးများကို ရရှိစေနိုင်ပါသည် [၁]။

---

၁။ အပဒါန် ပါဠိတော်

## (က) ပါဒစေတီတော်အား ပန်းခုနစ်ပွင့် ပူဇော်ရကျိုး

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်သော် လွန်ခဲ့သော ၉၄ - ကမ္ဘာထက်၌ သိဒ္ဓတ္ထ မြတ်စွာဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တော်မူ၏။ ထိုအခါ အမျိုးကောင်းသားတစ်ဦးသည် သိဒ္ဓတ္ထဘုရားရှင်အား ပန်းတကာ့ပန်းတို့တွင် အမွှေးကြိုင်ဆုံးဖြစ်သော မြတ်လေးပန်းကို ပေးလှူခဲ့၏။ ထို့ပြင်မက ၊ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် သိဒ္ဓတ္ထဘုရားရှင်၏ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတို့ဖြင့် တန်ဆာဆင်ထားသော ခြေတော်တို့၌ ပန်းခုနစ်ပွင့်တို့ကို ကြဲမြှောက်ပူဇော်ကာ ရှိခိုးကန်တော့ခဲ့၏။

ထိုသို့ ခြေတော်ရာကို ကြည်ညိုခြင်း၊ ပန်းဖြင့် ပူဇော်ခြင်း စသော ကုသိုလ်ကံ , စေတနာတို့ကြောင့် သံသရာ ဘဝခရီးတစ်လျှောက် လူးလား ကူးခပ် စုန်ဆန် သွားလာရာတွင် အပါယ်လေးပါး ဒုဂ္ဂတိဘုံတို့သို့ မရောက်ရှိခဲ့။ လူ့ပြည်၊ နတ်ပြည်ဟု ဆိုအပ်သည့် ကောင်းသော ဘုံဘဝတို့၌သာ အဖန်တလဲလဲ ကျင်လည်ရ၏။ ငါးကမ္ဘာယက်၌မူ ကျွန်းကြီးလေးကျွန်းရှိ လူအပေါင်းကိုအစိုးရသော "သမန္တဂန္ဓ" အမည်ရသည့် စကြဝတေးမင်းကြီးအဖြစ် တစ်ဆယ့်သုံးကြိမ်တိုင်တိုင် ဖြစ်ခဲ့ရသည်။

ယခု ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းတော်မူလာသောအခါတွင် ကိလေသာ ကုန်ခန်းသော "ဆဋ္ဌဘိည ရဟန္တာ" ဖြစ်ရလေတော့သည် [၁]။

## (ခ) သံသရာဝဋ်လွတ်လိုသော် ပါဒစေတီတော် လိပ်ဆူးရွှေပန်းပူဇော်

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်သော် လွန်ခဲ့သော ၉၁- ကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူ၏။ ဝိပဿီဘုရားရှင် ချအပ်သော တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတို့ဖြင့် တန်ဆာဆင်အပ်သည့် ခြေတော်ရာကို အမျိုးကောင်းသား ဒါယကာတစ်ဦး ဖူးမြင်တွေ့ရှိရလျှင် ကြည်ညိုသဒ္ဓါစိတ်များ ဖြစ်ပြီး။ အမြစ်နှင့် တကွသော လိပ်ဆူးရွှေပန်းကို လှူဒါန်းပူဇော်၏။ ရွှင်လန်းတက်ကြွသော စိတ်ဖြင့်လည်း ခြေတော်ရာကို အကြိမ်ကြိမ် ရှိခိုး၏။

ထိုကုသိုလ်ကံ၊ စေတနာတို့ကြောင့် ခြေတော်ရာကို ပူဇော်ခဲ့ရသောဘဝမှစ၍ အပါယ်လေးဘုံသို့ မလားရောက်ရပေ။ သုဂတိ ဘုံတို့၌သာ ကျင်လည်ရ၏။ ၅၇- ကမ္ဘာထက်၌မူ ရတနာခုနစ်ပါးဖြင့် ပြည့်စုံသော "ဝိတမလ" အမည်ရှိ စကြဝတေးမင်းကြီး ဖြစ်ခဲ့ရ၏။

ယခု ဂေါတမ မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာသောအခါတွင် ရာဇဂြိုဟ်မြို့ဝယ် ချမ်းသာကြွယ်ဝသော သူဌေးမျိုး၌ ဖြစ်သည်။ သာသနာ့ဘောင်သို့ ဝင်ရောက်ရဟန်းပြုပြီး တရားအားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်လေသည်။ သာသနာတော်၌ "ရမဏီယဝိဟာရီမထေရ်" ဟူ၍လည်းကောင်း၊ "ပထမ ကောရဏ္ဍပုပ္ဖိယမထေရ်" ဟူ၍ လည်းကောင်း အမည်နှစ်မျိုးဖြင့် ထင်ရှားတော်မူလေသည် [၂]။

## (ဂ) တောလိုက်မုဆိုး၊ သဒ္ဓါရွှေမိုး ရွာသွန်းဖြိုးက အဘိညာဉ်တန်ခိုးရ

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်သော် လွန်ခဲ့သော ၉၂ - ကမ္ဘာထက်၌ တိဿမြတ်စွာဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တော်မူ၏။ ထိုအခါ၌ အမျိုးကောင်းသားတစ်ယောက်သည် ငယ်စဉ်ကပင် မိဘနှစ်ပါးကွယ်လွန်သောကြောင့် အားကိုးအားထားရာ မရှိသဖြင့် တောလိုက်မုဆိုးဘဝဖြင့် အသက်မွေးရ၏။

---

၁။ အပဒါန်ပါဠိ - ၁၊ ၁၅၉၊ ၂။ အပဒါန် ပါဠိတော်၊ ၁၊ ၂၃၁၊ ထေရဂါထာ အဋ္ဌကထာ - ၁၊ ၁၄၅။

တောအုပ်တစ်ခုအတွင်း တဲထိုးနေထိုင်ကာ သားကောင်တိရစ္ဆာန်များကို သတ်ဖြတ်ပြီး အသက်မွေးဝမ်းကြောင်း ပြုရသည်။ မည်သည့် ကုသိုလ်ကောင်းမှုမျှ မည်မည်ရရ မရှိချေ။

တစ်နေ့သောအခါ၊ တိဿမြတ်စွာဘုရားရှင်သည် မုဆိုးအား သနားတော်မူသဖြင့် တောအုပ်အတွင်းသို့ ကြွချီပြီး ၊ မုဆိုးနေထိုင်ရာ တဲအနီး၌ ခြေတော်ရာသုံးဆူကို ချတော်မူ၏။ မုဆိုးသည် တဲအတွင်းမှ ထွက်၍ အနီးပတ်ဝန်းကျင်သို့ လှည့်လည် သွားလာ ကြည့်ရှုသော် ၊ အလွန်ထူးဆန်းသော ခြေတော်ရာသုံးဆူကို ဖူးမြင်တွေ့ရသည်။ ထိုသို့ ဖူးမြင်တွေ့ရှိရသောအခါ။

"သဒေဝကေ လောကေ အဂ္ဂပုဂ္ဂလဿ ဣမာနိ ပဒါနိ"

"ဤခြေတော်ရာတို့သည်ကား နတ်နှင့်တကွသော လောက၌ အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်သည့် တိဿမြတ်စွာဘုရားရှင်၏ ခြေတော်ရာတို့ပါတကား" ဟု သိရှိသည်။ အလွန်ဝမ်းမြောက် ကြည်ညိုသောစိတ်ဖြင့်လည်း ခြေတော်ရာတို့ကို အကြိမ်ကြိမ် ရှိခိုးဦးချ၏။ အနီးပတ်ဝန်းကျင်ရှိ ပင်လုံးကျွတ်မျှ ပွင့်နေသော လိပ်ဆူးရွှေပင် တွေ့မြင်ရရာ၊ ထိုလိပ်ဆူးရွှေအခိုင်နှင့် တကွ ပန်းတို့ကို ဆွတ်ခူးပြီး ခြေတော်ရာသုံးဆူစလုံးတို့ကို အားရ ကျေနပ်ဝမ်းမြောက်သည့်ထိ ပူဇော်ကန်တော့လေသည်။

ထိုသို့ ခြေတော်ရာသုံးဆူကို ကြည်ညိုခြင်း၊ ပန်းဖြင့် ပူဇော်ခြင်း စသော ကုသိုလ်ကံ . စေတနာတို့ကြောင့် မုဆိုးဘဝမှ ကွယ်လွန်သော် တာဝတိံသာ နတ်ပြည်၌ ဖြစ်ရ၏။ ထိုမှတစ်ဖန် သံသရာဘဝခရီးတစ်လျှောက် လူးလားကူးခပ် စုန်ဆန်သွားလာရာတွင် အပါယ်လေးပါး ဒုဂ္ဂတိဘုံတို့သို့ မရောက်ရှိခဲ့။ လူ့ပြည်၊ နတ်ပြည်ဟု ဆိုအပ်သည့် ကောင်းသောဘုံဘဝတို့၌သာ အဖန်တလဲလဲ ကျင်လည်ရ၏။ ချမ်းသာကြွယ်ဝသော အမျိုး၌ ဖြစ်ရ၏။ ဖြစ်လေရာ ဘဝတိုင်းမှာလည်း လိပ်ဆူးရွှေပန်းပမာ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အသားအရေရှိ၏။ ကောင်းမွန်လှပသော အရောင်အဆင်းတို့နှင့်လည်း ပြည့်စုံရ၏။

ယခု ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းတော်မူလာသောအခါတွင် သာဝတ္ထိပြည်ဝယ် ချမ်းသာကြွယ်ဝသော ပုဏ္ဏားမျိုး၌ ဖြစ်၍၊ မဟာသေလ မထေရ်ကိုမြင်ပြီး အားကျကာ ရဟန်းပြု၏။ ရဟန်းပြုပြီး တရားအားထုတ်ရာ ခုနစ်ရက်အတွင်းမှာပင် ရဟန္တာ ဖြစ်သည်။ သာသနာတော်၌ "သုဂန္ဓမထေရ်" ဟူ၍လည်းကောင်း၊ "ဒုတိယ ကောရဏ္ဍပုပ္ဖိယမထေရ်" ဟူ၍လည်းကောင်း ထင်ရှားတော်မူလေသည် [၁]။

## (ဃ) ခြေတော်ရာ မြတ်နိုး - အသရေတိုး

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်သော် လွန်ခဲ့သော ၃၁ - ကမ္ဘာထက်၌ သိခီ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူသည်။ သိခီ ဘုရားရှင်တော်တွင်း၌ ချထားအပ်သော တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတို့ဖြင့် တန်ဆာဆင်အပ်သည့် ခြေတော်ရာပါဒစေတီကို ရသေ့တစ်ပါး ဖူးမြင်တွေ့ရှိရလျှင် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး သစ်နက်ရေကို လက်ဝဲတစ်ဖက် ပခုံးထက်၌ တင်ပြီးလျှင် ခြေတော်ရာကို မြတ်မြတ်နိုးနိုး အကြိမ်ကြိမ် ရှိခိုးလေသည်။ ရှိခိုးရရုံမျှဖြင့် အားမရသေး။ အနီးပတ်ဝန်းကျင်ရှိ ပင်လုံးကျွတ်မျှ ပွင့်နေသော လိပ်ဆူးရွှေပင် တွေ့မြင်ရာ ထိုလိပ်ဆူးရွှေ အခိုင်နှင့်တကွ ပန်းတို့ကို ဆွတ်ခူးပြီး ၊ ခြေတော်ရာကို အားရကျေနပ်ဝမ်းမြောက်သည့် အထိ ပူဇော်ကန်တော့ လေသည်။

---

၁။ အပဒါန် ပါဠိတော် - ၂၊ ၇၊ ထေရဂါထာ အဋ္ဌကထာ - ၁၊ ၉၉

ထိုသို့ ခြေတော်ရာကို ကြည်ညိုခြင်း၊ လိပ်ဆူးရွှေပန်းဖြင့် ကပ်လှူပူဇော်ခြင်း စသော ကုသိုလ်ကံ. စေတနာ တို့ကြောင့် သံသရာဘဝခရီးတစ်လျှောက် လူးလား ကူးခပ် စုန်ဆန်သွားလာရာတွင် အပါယ်လေးပါး ဒုဂ္ဂတိဘုံ တို့သို့ မရောက်ရှိခဲ့။ လူ့ပြည် . နတ်ပြည်ဟု ဆိုအပ်သည့် ကောင်းသော ဘုံဘဝတို့၌သာ အဖန်တလဲလဲ ကျင်လည်ရ၏။

ယခု ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းတော်မူလာသောအခါတွင် "သကောသက ကောရဏ္ဍဒါယက မထေရ်" အမည်ဖြင့် ရဟန္တာ ဖြစ်တော်မူလေသည် [၁]။

## (င) စက်လက္ခဏာ ပူဇော်သူမှာ၊ ကောင်းကျိုးဝေဖြာ - အနန္တပါ

တိဿဘုရားရှင် လက်ထက်၌ပင်၊ ထိုဘုရားရှင် ချထားအပ်သော ခြေတော်ရာကို အမျိုးကောင်းသား တစ်ယောက်သည် ဖူးမြင်တွေ့ရှိရသောအခါ၊ အလွန် ကြည်လင်ရွှင်ပျသောစိတ်ဖြင့် ခြေတော်ရာ၌ ကြည်ညိုခဲ့၏။ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတို့ဖြင့် တန်ဆာဆင်အပ်သည့် ခြေတော်ရာပါဒစေတီပုံနိမိတ်ကို အကြိမ်ကြိမ် အဖန်ဖန် အာရုံပြု၍လည်း ပူဇော်နေခဲ့၏။

ယင်းသို့ ၉၂ - ကမ္ဘာထက်၌ ဘုရားခြေတော်ရာဟူသော အမှတ်သညာကို ရခဲ့သောအခါမှစ၍၊ ဤဘဒ္ဒ ကမ္ဘာတိုင်အောင် ဘဝသံသရာ၌ ကျင်လည်သောအခါ အပါယ်လေးဘုံသို့ မရောက်ရှိရဘဲ၊ သုဂတိဘုံတို့၌သာ အကြိမ်ကြိမ် ဖြစ်ရ၏။ ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံလျက် များမြောင်သည့် စစ်သည်ဗိုလ်ပါ အင်အားရှိသော "သုမေခ" အမည်ရှိ စကြဝတေးမင်းကြီးဖြစ်ရသည်။ မရေမတွက်နိုင်သော အသင်္ချေအနန္တ ကောင်းကျိုးတို့ကို ရရှိသည်။

ယခု ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းတော်မူလာသောအခါတွင် "ပဒသညက မထေရ်" အမည်ဖြင့် ထင်ရှား၍ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခ ရှစ်ပါးနှင့်တကွ အဘိညာဉ်ခြောက်ပါး ရရှိသော ရဟန္တာမထေရ် ဖြစ်လေတော့ သတည်း [၂]။

## (စ) ကိန္နရာ တစ်ဖြစ်လဲ ပါဒပူဇက ရဟန္တာမထေရ်

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်သော် လွန်ခဲ့သော ၉၁- ကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူ၏။ ထို ဝိပဿီဘုရားရှင်သည် နေမင်းကဲ့သို့ ဝါဝင်းသော အရောင်အဆင်း ရှိ၏။ ကိလေသာ မြူဟူသမျှ ကင်းရှင်း၏။ လောက၏ ရှေ့သွားခေါင်းဆောင်လည်း ဖြစ်တော်မူ၏။ လောကသား သတ္တဝါအများကို သနားစောင့်ရှောက် ချီးမြှောက်တတ်၏။

ထိုဘုရားရှင်သည် ကိန္နရာကို သနားစောင့်ရှောက် ချီးမြှောက်လိုသဖြင့်၊ ကိန္နရာရှိသော ဟိမဝန္တာ တောင်သို့ ကြွရောက်တော်မူ၏။ ဤသို့ ကြွရောက်တော်မူလာသော ဝိပဿီဘုရားရှင်ကို မြင်တွေ့ရသောအခါ၊ ကိန္နရာသည် အလွန် ဝမ်းမြောက်. ဝမ်းသာ ရွှင်လန်းတက်ကြွစွာဖြင့်၊ ဘုရားရှင်၏ ခြေတော်၌ စန္ဒကူးပန်းနှင့် တောင်ဇလပ်ပန်း တို့ကို ကြဲဖြန့် ပူဇော်ခဲ့လေသည်။

ထိုသို့ ကြည်ညိုခြင်း၊ ပန်းဖြင့် ပူဇော်ခြင်း စသော ကုသိုလ်ကံ. စေတနာတို့ကြောင့် ၊ ဘဝသံသရာခရီး တစ်လျှောက် လူးလားကူးခပ် စုန်ဆန်သွားလာရာတွင် အပါယ်လေးပါး ဒုဂ္ဂတိဘုံတို့ကို မရောက်ရှိခဲ့ပေ။ လူ့ပြည်၊ နတ်ပြည်ဟု ဆိုအပ်သည့် ကောင်းသော ဘုံဘဝတို့၌သာ အဖန်တလဲလဲ ကျင်လည်ရ၏။

---

၁။ အပဒါန် ပါဠိ - ၁ ၊ ၃၃၂။ ၂။ အပဒါန် ပါဠိ - ၁ ၊ ၁၃၂

ယခု ဂေါတမ မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာသောအခါတွင် "ပါဒပူဇကမထေရ်" အမည်ဖြင့် ကိလေသာကုန်ခန်း အာသဝေါကင်းကွာသည် ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်တော်မူလေသည် [၁]။

## (ဆ) သဒ္ဓါကြည်ညိုစိတ် လက်ဖျောက်တစ်ချက်၊ တာဝတိံသာနတ် တစ်သက်

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်မြို့၌ သီတင်းသုံးနေစဉ်က အသက် အရွယ်ကြီးသော ဒွန်းစဏ္ဍားမ အဖွားကြီးတစ်ဦးသည် ရာဇဂြိုဟ်မြို့တွင်း ဒွန်းစဏ္ဍားများ စုဝေးနေထိုင်သော ရပ်ကွက်၌ နေထိုင်၏။ အသက်လည်း ကုန်ခါနီးနေပြီ ဖြစ်၏။ ကုသိုလ်ကောင်းမှု မရှိသဖြင့် ငရဲသို့ ပို့ဆောင်မည့်ကံကလည်း ရှေ့ရှု ဦးတည်နေ၏။

တစ်နေ့သော နံနက် မိုးသောက်အခါ၊ မြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ဖြင့် လောကကြီးကို ကြည့်ရှုတော်မူရာ ထိုဒွန်းစဏ္ဍားမအဖွားကြီးကို တွေ့မြင်သဖြင့် မဟာကရုဏာ သက်တော်မူ၏။

မြတ်စွာဘုရားရှင်သည် "နတ်ပြည်ကို ဖြစ်စေတတ်သော ကုသိုလ်ကံကို ပြုစေ၍၊ ထိုကုသိုလ်ကံဖြင့် ငရဲ၌ ကျရောက်ရမည့် အကုသိုလ်ကံကို တားမြစ်ပြီးလျှင် နတ်ပြည်၌ တည်စေအံ့" ဟု ကြံစည်တော်မူသည်။ သို့ဖြစ်၍ ရဟန်းသံဃာ ပရိသတ်များစွာ ခြံရံ စီတန်းလျက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူလေသည်။

ထိုအချိန်၌ပင် ၊ ဒွန်းစဏ္ဍားမကြီးကလည်း ကောင်ဝေးကို ကိုင်ထောက်လျက် မြို့ပြင်သို့ ထွက်လာရာ လမ်းမ ပေါ်တွင် နောက်ပါသံဃာများ စီတန်းလျက် ကြွလာသော မြတ်စွာဘုရားရှင်နှင့် ထိပ်တိုက်မျက်နှာချင်းဆိုင် တွေ့ဆုံ လေတော့၏။ ဒွန်းစဏ္ဍားမကြီးက အမျိုးဇာတ် နိမ့်ကျရုံတွင်မကဘဲ၊ အသိဉာဏ်ပါ နိမ့်ကျလှချေ၏။ အင်မတန် ကြည်ညိုဖွယ်ရာကောင်းသော ဘုရားရှင်ကိုပင် ရှိခိုးမှု မပြုပေ။ ထို့ပြင်မက လမ်းလည်း ဖယ်မပေးချေ။ ထိုအခြေ အနေကို တန်ခိုးကြီး ရဟန္တာ အရှင်မဟာမောဂ္ဂလာန် မြင်သောအခါ -

"အို ဒွန်းစဏ္ဍားမကြီး - အခြံအရံများသော ဂေါတမနွယ်ဖွား မြတ်စွာဘုရား၏ တစ်လောကလုံး အားထား ထိုက်သော ခြေတော်တို့ကို ရှိခိုးဦးချလိုက်ပါ။ ရဟန်းမြတ်ဖြစ်သော ဘုရားရှင်သည် သင့်ကိုသာ သနားစောင့်ရှောက် လိုသောအားဖြင့် ရပ်တည်နေခြင်း ဖြစ်ပါ၏။ ပူဇော်အထူးကို ခံထိုက်သော တာဒိဂုဏ်ရှင် မြတ်စွာဘုရားသခင်ထံ စိတ်ကို ကြည်ညိုစေပါလော့။ သင်၏အသက်သည် အချိန်ပိုင်းအနည်းငယ်မျှသာရှိတော့သဖြင့် လျင်မြန်စွာ လက်အုပ် ချီလျက် ခြေတော်တို့ကို ရှိခိုးဦးချ ကန်တော့လိုက်ပါ" ဟူ၍ တိုက်တွန်း ပြောဆိုလိုက်၏။

ထိုအခါ သတိ သံဝေဂရပြီး ကြည်လင်သောစိတ်ဖြင့် ထိခြင်းကြီးငါးပါးထိလျက် လက်အုပ်ချီပြီး ရှိခိုးလေ တော့၏။ ဤသို့ဖြင့် ဘုရားဂုဏ်ကို အရှင်မဟာမောဂ္ဂလာန် ပြောပြသည့်အတိုင်း ၊ တည်ကြည်ငြိမ်သက်စွာ ပွားများ နေစဉ် ဘုရားရှင်သည် မြို့တွင်းသို့ ဆွမ်းခံဝင်ကြွသွား၏။ ထိုအချိန်တွင် နွားငယ်မွေး ဖွားပြီးကာစ နွားမတစ်ကောင် သည် တုန်လှုပ်ပြေးလွှားလျက် ဦးချိုဖြင့် အဖွားကြီးကို ခွေ့လိုက်ရာ ကွယ်လွန်သွားလေသည်။

မြတ်စွာဘုရားဂုဏ်တော်များကို ဆင်ခြင်ပွားများနေစဉ် ကွယ်လွန်သွားခြင်း ဖြစ်သောကြောင့်၊ တာဝတိံသာ နတ်ပြည်၌ နတ်သမီး တစ်သိန်း အခြံအရံရှိသော နတ်သား ဖြစ်ရသည်။ ဤကား ဘုရားရှင်၏ ခြေတော်တို့အား အချိန်အနည်းငယ်မျှ ရှိခိုးဦးချ ကန်တော့ရခြင်း၏ အကျိုးဖြစ်သည်။ အမြဲမပြတ် ရှိခိုးဦးချ ပူဇော်နေသော ပုဂ္ဂိုလ်တို့အတွက် ရရှိမည့် အကျိုးတရားတို့မှာ အဘယ်မှာလျှင် ဆိုးဖွယ်ရာ ရှိချိမ့်မည်နည်း။ မရေမတွက်နိုင်သော အသင်္ချေ ယျ အနန္တအကျိုးတို့ကို မလွဲမသွေ ရရှိမည် ဧကန်ပေတည်း [၂]။

---

၁။ အပဒါန် ပါဠိ - ၁၊ ၂၈၅။ ၂။ စဏ္ဍာလီ ဝိမာနဝတ္ထု အဋ္ဌကထာ - ၉၄ ။

## (၁၁) တုန္နိုင်းမဲ့ ဗုဒ္ဓမြတ်စွာ၏ ခြေတော်ရာနှင့် လောကစံမှန်တိုင်း လေလှိုင်းထန်ထန်

မာဂဏ္ဍီရဲ့အဘ ပုဏ္ဏားကြီးက သူ့သမီးမာဂဏ္ဍီဟာ အလွန်လှပတဲ့အတွက် အထက်တန်းစား မျိုးနွယ်တွေက လာတောင်းကြပေမယ့် "ငါ့သမီးဟာ မင်းတို့နဲ့ မတန်ဘူး" ၊ အဲဒီလို ပယ်ပယ်ပြီးတော့ မာဂဏ္ဍီနဲ့ သင့်တော်မယ့် သတို့သားလောင်းကို လိုက်ရှာနေကြပါတယ်။ အဲဒီအခါမှာ ၊ မြတ်စွာဘုရားက မာဂဏ္ဍီရဲ့ မိဘနှစ်ပါးစလုံး အနာဂါမ် ဖြစ်မည့် အကြောင်းကို မြင်တော်မူတဲ့အတွက် ပုဏ္ဏားကြီး မီးပူဇော်ရာ ဌာနအနီးသို့ ကြွတော်မူပါတယ်။

ပုဏ္ဏားကြီးဟာ မြတ်စွာဘုရားရဲ့ ရူပကာယကိုယ်တော်ကို ကြည့်ပြီးတော့ "လောကမှာ ဒီပုဂ္ဂိုလ်နဲ့တူတဲ့ ယောက်ျားတော့ ရှိမှာမဟုတ်ဘူး။ ဒီရဟန်းဟာ ငါ့သမီးနဲ့ သင့်လျော်ထိုက်တန်တယ်" လို့ ကြံစည်ပြီး "အရှင်ရဟန်း ကျွန်ုပ်မှာ သမီးချောကလေး တစ်ယောက်ရှိပါတယ်၊ အဲဒီသမီးကို အရှင့်အား ပေးလိုပါတယ်၊ ခေတ္တ ဒီနေရာကပဲ စောင့်ဆိုင်းနေရစ်ပါဦး" ဟု ဆိုကာ အိမ်ပြန်လာခဲ့တယ်။

အိမ်ရောက်တော့ "ဟေ့ - ရှင်မ၊ ငါတို့ရဲ့သမီးနဲ့ သင့်တော်တဲ့ သတို့သားကို တွေ့လာပြီ ၊ နင့်သမီးကို မြန်မြန် တန်ဆာဆင်ပြီး လိုက်ခဲ့ကြ" လို့ ခေါ်လာပြီး ၊ သုံးယောက်စလုံး မြတ်စွာဘုရား ရှိတော်မူရာကို လာကြပါတယ်။ မြတ်စွာဘုရားက ခြေတော်ရာလောက်သာ အဓိဋ္ဌာန်ပြုချထားခဲ့ပြီးတော့ အခြားနေရာသို့ ကြွနေတော်မူပါတယ်။ ခြေတော်ရာဆိုတာ အဓိဋ္ဌာန်ပြုမှလည်း ထင်တယ်။ အဓိဋ္ဌာန်ပြုထားတဲ့အတွင်းမှာ ပျက်လည်းမပျက်ဘူး။ မြင်စေလိုတဲ့ သူသာ မြင်နိုင်ပါတယ်။

ပုဏ္ဏားကြီးက မြတ်စွာဘုရားကို မတွေ့မြင်ရတော့ဘဲ ခြေတော်ရာကို မြင်ရတော့ "ဟောဒါ သူ့ခြေရာပဲ ကွယ့်" လို့ ပြောတယ်။ ဒီတော့ ပုဏ္ဏေးမကြီးကလည်း လက္ခဏာဗေဒင်တတ်တာနဲ့ "ဒီခြေရာအရှင်ဆိုရင် ကာမဂုဏ်ကို မှီဝဲတဲ့သူ မဟုတ်ဘူးရှင့်"။ မကြာမီ မြတ်စွာဘုရား ရွာထဲကပြန်ကြွလာတော့ -

| | |
|---|---|
| သမဏ | = ရှင်ရဟန်း၊ |
| မိတရဲ မေ | = အကျွန်ုပ်၏ ၊ ဟောဒီသမီးကို၊ |
| တဝ | = အရှင်ရဟန်းအား၊ |
| ပါသာပနတ္ထာယ ဒေမိ | = စောင့်ရှောက်မွေးမြူရန် အတွက် ပေးပါတယ် ၊ အပ်နှင်းပါတယ်၊ |

မြတ်စွာဘုရားက - လက်ခံတာ. မခံတာကို မပြောသေးဘဲနဲ့ မာဂဏ္ဍီပုဏ္ဏားကြီးတို့ သားအဖ အား "တောထွက်တော်မူသည်မှ အစပြု၍ ဘုရားဖြစ်ပြီးသည့်နောက် ၊ ရက်ငါးဆယ်မြောက်တိုင် အဇပါလ ညောင်ပင်အောက် သီတင်းသုံးတော်မူသည်အထိ မာရ်နတ်ကလိုက်ပြီး စုံစမ်းထောက်လှမ်းခဲ့ပုံ ၊ အဲဒီလိုထောက်လှမ်းလို့ အပြစ်ကို မတွေ့ရတဲ့အတွက် သူ၏အလိုမပြည့်၍ စိတ်ပျက်နေပုံ၊ မာရ်နတ်၏သမီးများက သူတို့၏ဖခင်အတွက် မြတ်စွာဘုရားအား လာရောက်သွေးဆောင်ကြပုံများကို ပြောတယ် ။ ပြီးတော့ လင်မယား နှစ်ယောက် တရားထူးရစေရန် -

ဒိသွာန တဏှံ၊ အရတိံ ရာဂဥ္စ၊ နာဟောသိ ဆန္ဒောအပိ မေထုနသ္မိံ၊
ကိမေဝိဒံ မုတ္တကရီက ပုဏ္ဏံ၊ ပါဒါပိ နံ သမ္ဖုသိတုံ နက္ခမ္ဘေ၊

| | |
|---|---|
| တဏှံ အရတိံ ရာဂဥ္စ ဒိသွာ | = တဏှာ. အရတိ. ရာဂ ဟူသော မာရ်နတ်၏ သမီးသုံးယောက်ကို မြင်တွေ့ရသော်လည်း။ |
| မေထုနသ္မိံ | = ပေါင်းသင်းဆက်ဆံမှု၌။ |
| ဆန္ဒောအပိ နာဟောသိ | = လိုလားခြင်း ဆန္ဒရာဂ မျှသော်လည်း မဖြစ်ခဲ့ပေ။ |

| | | |
|---|---|---|
| မုတ္တကရိက ပုဏ္ဏံ | = | ကျင်ကြီး . ကျင်ငယ်တို့ဖြင့် ပြည့်နေသော။ |
| ဏ္ဏဒံ | = | ဤမာဂဏ္ဍီ သူငယ်မ၏ ကိုယ်ကို မြင်ရသောကြောင့်။ |
| ကိမေဝ | = | လိုလားနှစ်သက်မှု ဆန္ဒရာဂမဖြစ်သည်မှာ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ |
| နံ | = | ထို မာဂဏ္ဍီ ၏ ကိုယ်ကို။ |
| ပါဒါပိ သမ္ဖုသတိတုံ | = | ခြေတို့ဖြင့် ထိရန်သော်လည်း။ |
| နဣစ္ဆေ | = | အလိုမရှိပါဘူး တဲ့။ |

ဒီဂါထာကို ကြားနာရတဲ့အဆုံးမှာ မာဂဏ္ဍီ၏မိဘများဖြစ်ကြတဲ့ ပုဏ္ဏားကြီးနဲ့ ပုဏ္ဏေးမကြီး နှစ်ယောက်စလုံး "အနာဂါမ်" ဖြစ်သွားကြတယ်။ နောက်ဆုံးမှာတော့ ၊ သာသနာတော်မှာ ရဟန်းပြုပြီး "ရဟန္တာ" ဖြစ်သွားကြပါတယ်။ သမီး မာဂဏ္ဍီကိုတော့ သူဦးလေး စူဠမာဂဏ္ဍီထံအပ်ပြီး ထားခဲ့ကြပါတယ်။ အဲဒီ တရားနာရတဲ့ အချိန်ကစပြီး ၊ သမီး မာဂဏ္ဍီ ကတော့ သူ့ကိုယ်ကို ကျင်ကြီး. ကျင်ငယ်တွေနဲ့ ပြည့်နေတယ်ဆိုတဲ့စကားကို ကြားရတဲ့အတွက် စိတ်ခုသွားတယ်။ "မလိုချင်ရင် မလိုချင်ဘူးလို့ ပြောလိုက်ရုံနဲ့ ပြီးတာပဲ၊ ကျင်ကြီး . ကျင်ငယ်တွေနဲ့ ပြည့်နေတယ်လို့ ဘာကြောင့် ဒါလောက် ရှုတ်ချရသလဲ?" စသည်ဖြင့် တွေးတောပြီး မြတ်စွာဘုရား အပေါ်မှာ ရန်ငြိုး ဖွဲ့ထားတယ်။ "ရှိပါစေတော့ ငါဟာ လင်ကောင်းတစ်ယောက် ရနိုင်ပါတယ်။ အဲဒီလို ရတဲ့အခါ ရဟန်းဂေါတမအား ပြုသင့်တာကို ပြုမယ်" လို့ ရန်ငြိုး ဖွဲ့ထားတယ်။

သူ့ဦးလေးက မာဂဏ္ဍီကို ကောသမ္ဗီပြည့်ရှင် ဥတေနမင်းထံ ဆက်သလိုက်လို့ မိဖုရားကြီးတစ်ပါး ဖြစ်သွားရတယ်။ ဥတေန မင်းမှာ "မာဂဏ္ဍီ" အပြင် ၊ အခြားမိဖုရား "ဝါသုလ ဒတ္တာ" (စန္ဒပဇ္ဇောတမင်း၏ သမီးတော်) နှင့် "သာမာဝတီ" (ဃောသက သူဌေးကြီး၏ ကိတ္တိမသမီး) နှစ်ပါး ရှိသေးတယ်။ မိဖုရားကြီး သုံးဦးစလုံးမှာ အခြွေအရံ အလုပ်အကျွေး အပျိုတော်တွေ ငါးရာစီ ရှိပါတယ်။

တစ်နေ့သောအခါ ၊ မြတ်စွာဘုရားဟာ နောက်ပါ ရဟန်းသံဃာတော်များနှင့်တကွ ကောသမ္ဗီမြို့ကို ကြွတော်မူရာ ၊ ဥတေနမင်းရဲ့ မိဖုရားတစ်ပါးဖြစ်တဲ့ မာဂဏ္ဍီက လူတွေကို ငွေပေးပြီး အဆဲခိုင်းထားလို့ ရတနာသုံးပါးကို ကြည်ညိုမှုမရှိကြတဲ့ မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ လူတွေက ၊ မြတ်စွာဘုရားကို "သင်ဟာ ခိုးသူပဲ၊ လူမိုက်ပဲ၊ ကုလားအုပ်ပဲ၊ နွားပဲ၊ မြည်းပဲ၊ တိရစ္ဆာန်ပဲ၊ ငရဲလောင်းပဲ။ သင့်မှာ သုဂတိ မရှိဘူး။ ဒုဂ္ဂတိသာ ရောက်ဖို့ရှိတယ်" လို့ ဆဲရေးပုံ ဆယ်မျိုးနဲ့ ဆဲရေးကြ. ကြိမ်းမောင်းကြပါသတဲ့။ တော်တော် ကြောက်စရာကောင်းတာဘဲ။ အယူမှားပြီ ဆိုမှဖြင့် မကောင်းမှု အကုသိုလ်တွေ အလွန်ပွားတာပဲ။ ယခုခေတ်မှာလည်း ရတနာသုံးပါးကို မကြည်ညိုတဲ့သူတွေမှာ ဘုရား. တရား . သံဃာ ကို ကဲ့ရဲ့ ပြောဆိုပြီး အကုသိုလ်တွေ ပွားနေကြတယ်။ အချို့ကလည်း ဘုရား . တရား သံဃာ ကို ခုတုံးလုပ်ပြီး မိမိကိုယ်ကျိုးအတွက်သာ မိမိကောင်းစားဖို့ အသုံးချဖို့ သိတတ်တယ်။ အကုသိုလ်တွေ များလွန်းလို့ မတွေးရဲလောက်အောင်ပင် ကြောက်စရာ ကောင်းလွန်းလှပါတယ်။ မစားရ . မသောက်ရဘဲနဲ့ ကိုယ့်ဟာကိုယ် ၊ အကုသိုလ်ကို မွေးယူနေကြတာနဲ့ တူနေကြတယ်။

အဲဒီလို ဆဲဆိုကြတော့ အရှင်အာနန္ဒာက မြတ်စွာဘုရားကို လျှောက်ပါတယ် "ဒီမြို့က လူတွေဟာ အင်မတန် ရိုင်းစိုင်းကြပါတယ်။ တပည့်တော်တို့ကို အကြောင်းမဲ့လိုက်ပြီး ဆဲဆိုနေကြပါတယ်။ အခြားမြို့ကို သွားကြပါစို့ရဲ့လို့ လျှောက်ပါတယ်။ အဲဒီရောက်လို့ အဲဒီမြို့က ဆဲကြပြန်ရင်ရော ဘယ်သွားကြမလဲ?လို့ မြတ်စွာဘုရားက မေးတော့ - အဲဒီ မြို့ကနေလည်း တခြားမြို့ကို သွားပါမည်ဘုရား" လို့ လျှောက်ထားပြန်တယ်။

အဲဒီတော မြတ်စွာဘုရားက "အာနန္ဒာ၊ ဒီလိုသူတစ်ပါးတို့ ဆဲတိုင်း . ဆဲတိုင်း တခြားသို့ ရွှေ့. ရွှေ့သွားရန် မသင့်ဘူး။ အဓိကရုဏ်းအမှုအခင်း ပြဿနာဆိုတာ ဖြစ်ပေါ်ရာဌာနမှာပဲ ငြိမ်းစေရတယ်။ အဲဒီလို ငြိမ်းစေလို့၊ ငြိမ်းအေးပြီးမှ တခြားကိုသွားရတယ်" လို့ မိန့်ဆိုတော်မူပြီးတော့ ၊ ဒုသီလပုဂ္ဂိုလ်တွေရဲ့ ဆဲ.ဆိုမှုကို သည်းခံနိုင်တဲ့ အကြောင်းကိုလည်း ဒီလို ရဲရဲရင့်ရင့် မိန့်တော်မူပါတယ်။

အဟံ နာဂေါ၀ သင်္ဂါမေ၊ စာပတော ပတိတံ သရံ။
အတိ၀ါကျံ တိတိက္ခိဿံ၊ ဒုဿီလော ဟိ ဗဟုဇ္ဇနော။

| | | |
|---|---|---|
| သင်္ဂါမေ | = | စစ်မြေပြင်၌။ |
| နာဂေါ | = | ဆင်ပြောင်ကြီးသည်။ |
| စာပတော ပတိတံ သရံ | = | ထိုထိုအရပ်ရှိ လေးအပေါင်းမှ ကျလာသော မြားအပေါင်းကို။ |
| တိတိက္ခတိ ဣ၀ | = | သည်းခံသကဲ့သို့။ |
| အဟံ | = | ငါဘုရားသည်။ |
| အတိ၀ါကျံ | = | ကျူးလွန်ရမ်းကား အဆဲ. အဆို စကားကို။ |
| တိတိက္ခိဿံ | = | မညည်းမညူ လျစ်လျူနေကာ သည်းခံပါအံ့။ |
| ဟိ | = | အကြောင်းကား။ |
| ဗဟုဇနော | = | များစွာသော လူအပေါင်းသည်။ |
| ဒုဿီလော | = | ကိုယ်. နှုတ် သရမ်း ၊ ကျင့်ဆိုးသွမ်းလျက်၊ ကြမ်းတမ်းရိုင်းပျ "ဒုဿီလသာ" ဖြစ်ချေသည်။ |

လူတွေက အများအားဖြင့် ၊ ကိုယ် . နှုတ်ကို မစောင့်စည်းတဲ့ သီလမဲ့ လူရိုင်းတွေသာ များတယ်။ အဲဒီ သီလမဲ့ လူရိုင်းတွေကြားထဲမှာ နေရတယ်ဆိုတော့ သူတို့ရဲ့ ရမ်းကားမှု . ဆဲဆိုမှုတွေကို သည်းခံနိုင်မှ ဖြစ်မယ်။ ဒါကြောင့် "ငါဘုရားဟာ စစ်ပွဲ၀င်တဲ့ ဆင်ကြီးဟာ အရပ်လေးမျက်နာမှ ကျလာတဲ့မြားဒဏ်ကို သည်းခံသလို သည်းခံနေမယ်" လို့ ဆိုလိုပါတယ်။ အဲဒီလို မိန့်တော်မူပြီးတဲ့နောက် "အာနန္ဒာ၊ မစိုးရိမ်နဲ့၊ သူတို့ဟာ ခုနစ်ရက်သာ ဆဲနိုင်ကြမယ်။ ရှစ်ရက်မြောက်ကြရင် အဆဲရပ်ပြီး ငြိမ်းအေးသွားလိမ့်မယ်" လို့လည်း မိန့်တော်မူပါတယ်။ အဲဒီလို မိန့်တော်မူတဲ့ အတိုင်းပဲ ရှစ်ရက်မြောက်ကျတော့ ဆဲမည့်သူ မရှိဘဲ ငြိမ်းအေးသွားပါတယ်။

- ဘုရားရှင်ဟာ – စိဉ္စမာဏဝိ၏ အစွပ်အစွဲခံရခြင်း၏ ရှေးအကြောင်းကတော့ – အဘိဘူဘုရား၏ တပည့် နန္ဒမည်တဲ့ ရဟန္တာမထေရ်မြတ်ကို မဟုတ်မတရား စွပ်စွဲခဲ့ဖူးတဲ့ မကောင်းမှု ကံကြောင့်လို့ အပဒါန်ပါဠိမှာ ပြဆိုထားပါတယ်။
- သုန္ဒရီနဲ့ စပ်ပြီး အစွပ်အစွဲခံရခြင်း၏ ရှေးအကြောင်းကတော့ – သုရဘိမည်သော ပစ္စေကဗုဒ္ဓါကို မဟုတ်မတရား စွပ်စွဲခဲ့ဖူးတဲ့ မကောင်းမှုကံကြောင့်ဖြစ်ပါတယ်။ ရဟန်းငါးရာကလည်း သုန္ဒရီနဲ့ စပ်ပြီး၊ အစွပ်စွဲခံရတာဟာ – ဘီမ မည်တဲ့ အဘိညာဉ်ရ ရသေ့ကြီးကို ဘုရားလောင်းတော်ဆရားကြီးက မဟုတ်. မတရား စွပ်စွဲရာမှာ အဲဒီ ရဟန်းတွေ ဖြစ်လာမည့် တပည့်ငါးရာတို့ကလည်း စိတ်သဘော ဆန္ဒတူ ပါ၀င်ခဲ့ကြတဲ့ "အကုသိုလ် မကောင်းမှုကံကြောင့်" ဖြစ်ပါတယ်။
- မာဂဏ္ဍီရဲ့ အဆဲ . အဆိုကို ခံရတာကလည်း ၊ ကမ္ဗသကတာသုတ်အရအားဖြင့် ဆိုလျှင် ရှေးတစ်ခုခုသော ဘ၀က မပြစ်မှားသင့်တဲ့ ပုဂ္ဂိုလ်ကို ပြစ်မှားပြောဆိုခဲ့ဖူးတဲ့ အကုသိုလ် မကောင်းမှု ကံကြောင့် ဖြစ်ပါတယ်။


"သုဂတ" နှင့် ပြည့်စုံသော ဂုဏ်တော်ရှင် ဘုရားသခင် တို့ပင်လျှင် အကဲ့ရဲ့ခံရတယ်။ ဤလောက၌ အကဲ့ရဲ့မခံရသောသူ ဟူသည် မရှိတော့ပြီ။

အနန္တဘုန်းတော် . ကံတော် . ပါရမီတော်တွေနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကိုတောင် လိုက်ပြီး၊ မကောင်းကျိုးပေးနိုင်သေးတယ်ဆိုတာကို ဆင်ခြင်ပြီးတော့ မကောင်းမှုဒုစရိုက်ဟူသမျှ ရှောင်ကြဉ်သင့်ကြပါတယ်။ နောက်ပြီးတော့ တစ်စုံတစ်ခုသောအကြောင်းကြောင့် ကဲ့ရဲ့စွပ်စွဲခံရလို့ရှိရင်လည်း - "မြတ်စွာဘုရားတောင် အကဲ့ရဲ့ **အစွပ်စွဲခံရသေးတာပဲ။ ငါတို့လို သာမာန်ပုဂ္ဂိုလ်တွေမှာ အဘယ်ကြောင့် မခံရဘဲ ရှိပါ့မလဲ?၊** ခံရပေလိမ့်မယ်" လို့ ဆင်ခြင်ပြီး သည်းခံနိုင်အောင် လေ့ကျင့်ကြရမယ်။ "ပြုသူက အသစ် ခံရသူ အဟောင်း" ဖြစ်တယ်။

ထိုကဲ့သို့ ကြုံသောအခါ "သည်းခံတတ်တဲ့သူအတွက် ပါရမီဆယ်ပါးတွင် ခန္တီပါရမီကုသိုလ် အကြီးစား **တစ်မျိုးကို ရရှိနိုင်ပါတယ်။ အဲဒီလို ခန္တီပါရမီရပုံကို သတိပြုမိလိုက်ရင် သူတို့မှာဖြစ်သော - ဏှာသာသည် မိမိတွင် အလွန်အဖိုးတန်သော ကုသိုလ်ကို ရနိုင်ရန် အကြောင်းဖြစ်ပါတကား၊ ပါရမီဖြည့်ဆည်းပေးပါတကားဟု ကျေးဇူးပင် ထပ်တင်လိုက်ပါဦး။ အဲဒီလို တွေးနိုင်လို့ရှိရင် ဝမ်းနည်းမယ့်အစား ဝမ်းသာအားရဖြင့် သည်းခံနိုင်သော သတ္တိ တစ်မျိုးကို တိုး၍သာ ရရှိလေတော့သည်။"**

❀ သည်းခံကျိုးရှိ - တိုး၏ ကုသိုလ်၊ မြတ်သောအကျင့် ကျမ်းဖွင့်အဆို။
လူအများတို့မှတ်သားစေလို၊ ခန္တီစ ရောက်ရန်ဗွာန်ကို။
မာဂန္ဒီ ဒိဇဓီတာယ၊ အာယာတေန ဗဟုဇ္ဇနာ။
သပန္တေ သဒ၀တ္ထုဟိ၊ သဟာသိ တံ နရုတ္တမော။
(ဇတေန သစ္စဝဇ္ဇေန၊ ဟောတုမေ၊ ဒယမင်္ဂလံ)

မာဂန္ဒီ ဒိဇဓီတာယ = မာဂန္ဒီ ပုဏ္ဏားအ၏ သမီး မာဂန္ဒီ မိဖုရားသည်။
အာယာတေန = ရန်ငြိုးထားသဖြင့်။
ပေသိတာ = စေခိုင်းအပ်ကုန်သော။
ဗဟုဇ္ဇနာ = လူအများတို့သည်။




ဆရာမကြီးဒေါ်ငွေးငွေး၊ မြေးမလေး - မသင်းသင်းဆွေ၊ တပည့်မ - မစုစုဝင်း မြတ်တို့က အထုပ်တစ်ရာ ဆရာတော်ကြီးထံ ကံ့လုံ့ဆရာတော်ကြီး၏ ရာပြည့်အကြို တစ်ဘဝသာသနာ ကျမ်းစာအုပ်ကြီး ဆက်ကပ်လှူဒါန်းစဉ်။

---

မှတ်ချက်။ ။သာသနာတော်နှစ် ၂၅၅၀ ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၈ - ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက်၊ ခရစ်နှစ် ၂-၇-၂၀၀၆ ခုနှစ်၊ တနင်္ဂနွေနေ့တွင် မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ (တောင်စွန်း) ကျေးရွာအုပ်စု၊ (သိရီမင်္ဂလာအုပ်ဗို) ကျောင်းတိုက်သို့ "အနန္တ . ဘုန်းတော် . ကံတော် ပါရမီတော်ပိုင်ရှင် ဗုဒ္ဓ၏ ပါဒစေတီတော် ကွန်ကရစ် (၀၊ ယာ) တစ်စုံကို ဤစာရေးသူတို့ အဖွဲ့က ပို့ဆောင် လှူဒါန်းအောင်မြင်ခြင်း အတိမ်းအမှတ်" သတိတရ ရည်ညွှန်းဖွဲ့ဆိုပါသည်။

| | | |
|---|---|---|
| ဒသဝတ္ထုပ္ပဟိ | = | ဆဲရေးကြောင်း အကြောင်းသ ဝတ္ထုဆယ်ပါးတို့ဖြင့်။ |
| သပန္တေ | = | ဆဲရေးကုန်၏။ |
| နရုတ္တမော | = | လူတို့ထက်မြတ်သော မြတ်စွာဘုရားသည်။ |
| တံသပနံ | = | ထိုဆဲရေးခြင်းကို။ |
| သဟတိ | = | သည်းခံတော်မူ၏။ |
| ဇတေန သစ္စဝဇ္ဇေန | = | ဤသို့ ဟုတ်မှန်သော သစ္စာ စကားကြောင့်။ |
| မေ | = | ကျွန်ုပ်အား။ |
| ဇယမင်္ဂလံ | = | ကျွန်ုပ်အလိုရှိအပ် ၊ တောင့်တအပ်သော အောင်ခြင်းမင်္ဂလာသည်။ |
| ဟောတု | = | ဖြစ်ပါစေသတည်း။ |

## မကွေးတိုင်း ၊ မင်းဘူး(စကု)မြို့နယ် ၊ ပန်းတောင်းကုန်း ကျေးရွာရှိ ဗုဒ္ဓ၏ ခြေတော်ရာ သမိုင်းမှတ်တမ်းအကျဉ်း




အရဟံဦး ဆုတောင်းပြည့် စေတီတော်

၁။ သာသနာတော်နှစ် ၂၅၄၉ - ခုနှစ်၊ မြန်မာသက္ကရာဇ် - ၁၃၆၇ ခုနှစ်၊ ခရစ်နှစ် ၁၀ - ၅ - ၂၀၀၅ ခုနှစ် ၊ အင်္ဂါနေ့တွင် ထူးခြားစွာဖူးတွေ့ခဲ့ရသည်။

၂။ ပန်းတောင်းရွာ သား ဦးဖိုးလှာမှ တောအုပ်ကြီး ဦးတင်မြအား မြေထိုးစက်ဖြင့် တောရှင်း မြေညှိရန် အကူအညီ တောင်းခံခဲ့ရာ၊ ၎င်းမြေထိုးစက်သည် ကျောက်ဖျာအနီးသို့ ရောက်သောအခါ ရှေ့တိုး၍မရခြင်း ၊ နောက်သို့ ပြန်လိမ့်ခြင်း ၊ ဆက်လက်၍ မောင်းနှင်ရာ ပြုတ်ထွက်သွားခြင်း ၊ ဂေါ်များပဲ့ထွက်ခြင်းဖြစ်၍ နောက်ဆုံးတွင် စက်ပါနှိုး၍မရသည့်အထိ ထူးဆန်းစွာ ကြုံတွေ့ခဲ့ကြရပါသည်။

၃။ ထို့နောက်ပိုင်း၊ ဘုရားဒါယကာ, ဒါယိကာမများ သန့်ရှင်းရေး ပြုလုပ်ရာမှ ၎င်းကျောက်ဖျာပေါ်တွင် တစ်ရာ့ ရှစ်ကွက်သော စက်လက္ခဏာတော် အပြည့်အစုံကို ထင်ထင်ရှားရှား ဖူးတွေ့ခဲ့ရသည်။

၄။ ယခုအခါတွင်၊ မကွေးတိုင်း ၊ မင်းဘူး(စကု)မြို့နယ်၊ ပန်းတောင်ကုန်းကျေးရွာရှိ အရဟံဦး ဆုတောင်းပြည့် စေတီတော်ကြီး၏ အရှေ့မြောက်အရပ်ရှိ ကျောက်ဖျာ ပေါ်တွင် တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတော် အပြည့်အစုံနှင့် ဗုဒ္ဓ၏ခြေတော်ရာကို ဖူးတွေ့နိုင်ပါသည်။



အရှက်ဦးစေတီအနီးမှ ဗုဒ္ဓခြေတော်ရာ "ပါဒ" စေတီတော်

## ၁၃။ ဇဟုသုတဖြစ်ဖွယ်၊ ခြေရာလေးသွယ် သိမှတ်ကြကွယ်

လူတို့၏ ခြေရာများမှာ ၎င်းတို့၏ ပင်ကိုယ်စရိုက်သဘာဝကို ဖော်ပြနေပေသည်။

(က) ရာဂကြီးသူ၊ ခြေရာမူ၊ မှတ်ယူ အလယ်ကခွက်။
ခြေဖဝါးအလယ်မှ အလွန်ခွက်ပြီး၊ ခြေဖျားနှင့် ဖနောင့်သာထင်သော ခြေရာရှင်သည် "ရာဂကြီးသူ ဖြစ်၏" ဟု ဆိုလိုသည်။

(ခ) ဒေါသကြီးသူ၊ ခြေရာမူ၊ မှတ်ယူ ဖနောင့်နက်။
ဖနောင့်ရာသာ နက်စွာထင်သော ခြေရာရှင်သည် "ဒေါသကြီးသူ ဖြစ်၏" ဟု ဆိုလိုသည်။

(ဂ) မောဟကြီးသူ၊ ခြေရာမူ၊ မှတ်ယူ လွန်ရှုတ်ရှက်။
ရှုတ်ရှက်ခတ်နေသော ခြေရာရှင်သည် "မောဟကြီးသူဖြစ်၏" ဟု ဆိုလိုသည်။

(ဃ) ရာဂ ၊ ဒေါသ၊ မောဟကင်းသူ၊ ခြေရာမူ၊ မှတ်ယူ ညီမျှလျက်။
ခြေဖဝါးပြင် ညီညာစွာ ထင်ကျန်နေသော ခြေရာရှင်သည်ကား "လောဘ, ဒေါသ , မောဟ ကင်းသူ ဖြစ်၏" ဟု ဆိုလိုသည်။

ဘုရားရှင်သာသနာတော် နှစ်ပေါင်း ၂၅၀၀ - ကျော်လျှင် ဆံတော်ရှင်သာသနာ ပွင့်လင်း ထွန်းတောက်လာလိမ့်မည်ဟု မြတ်စွာဘုရား ဗျာဒိတ်တော်ထားခဲ့ကြောင်း သိရှိရပါသည်။ မကြာမီ ပွင့်လင်းလာတော့မည့် "ဆံတော်ရှင်များ စုဝေးတည်ရာ သာသနာ့နယ်မြေများ"ကို စာရေးသူ ရာဇဝှေရသမျှ ပေါင်းစု ဖော်ပြထားပါသည်။ ဗုဒ္ဓဆံတော်ရှင်စေတီတော်များကို သွားရောက်ဖူးမြော်ရင်း၊ အခါအခွင့် သင့်လျှင် ဆီးဖြူပင်ဆရာတော်ကြီးအားလည်း ဝင်ရောက် ဂါရဝ ပြုနိုင်ပါကြောင်း မေတ္တာဖြင့် နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်လိုက်ရပါသည်။

# ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနှင့် မြန်မာပြည် ဆံတော်ရှင်များ

## (၁) လူ . နတ် ဦးခိုက် ပူဇော်ထိုက်သည့် အနှိုင်းမဲ့ မဟာကရုဏာတော်ရှင်

ဂေါတမ ဘုရားလောင်းလျာ သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူဆဲ ကာလမှာပင် မိမိတစ်ဦးကောင်း . တစ်ယောက်ကောင်း သံသရာဝဋ်ကို လွတ်အောင် ကူးခပ်မည်ဆိုပါလျှင် ကူးခပ်နိုင်ပါ၏။ သို့သော် စဉ်းစားမိသည်မှာ "ငါသည် ဒီပင်္ကရာ မြတ်စွာဘုရားကဲ့သို့ပင် သဗ္ဗညုတဉာဏ်တော်ကို ရရှိ၍၊ ဘုရားစင်စစ်ဖြစ်ပြီး၊ အနမတဂ္ဂသံသရာတွင် ကျင်လည် ကျက်စားနေကြကုန်သော ဝေနေယျသတ္တဝါအများကို ဓမ္မယာဉ် မင်္ဂသင်္ဘောဖြင့် ထုတ်ဆယ်ကယ်တင်ရပါမူ ကောင်းလေစွတကား" ။

ထိုသို့ သတ္တဝါများအား ကြင်နာသနားသော မဟာကရုဏာတော်တို့ဖြင့် စဉ်းစားဆင်ခြင်တော်မူမိသည့်အလျောက် မိမိလက်ဝယ်ရောက်လုဆဲဆဲ သစ္စာလေးပါး မြတ်တရား၏ နိဗ္ဗာန်အမြိုက်ချမ်းသာကို လက်လွှတ်တော်မူခဲ့သည်။ သာမန်လူများ မစဉ်းစားရဲသည့် အလွန်ခက်ခဲလှသော စွန့်စားမှုတစ်ခု ဖြစ်သည်။ ထို့နောက် အနည်းဆုံး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း အတိအကျ ပါရမီဖြည့်မှ ရရှိမည့် မဟာဗောဓိ ဘုရားဆုကြီးကို ငံ့ဆင်ကာ နိယတဗျာဒိတ်ပန်း ဆင်မြန်းခဲ့လေသည်။

သုမေဓာရှင်ရသေ့ ဘဝသို့ မရောက်မီ ဆုတောင်းခဲ့ရသော ဘုရားကြီးများမှာ ရေတွက်ခြင်းငှာ မစွမ်းနိုင်၊ စိတ်ဖြင့် ခုနစ်သင်္ချေ ၊ ဝစီမြွက်၍ ကိုးသင်္ချေ ၊ စုစုပေါင်း (၁၆)သင်္ချေကို တွေ့သမျှဘုရားတို့ထံ အနိယတဗျာဒိတ်ဆုတောင်း ခံယူခဲ့ရသည်။ အတိတ်ကာလ ဘဝပေါင်းများစွာ "ပါရမီဆယ်ပါး"ကို ဖြည့်ကျင့်ခဲ့ရပေပြီ။

အနိယတဗျာဒိတ်မှသည် ယခု နိယတဗျာဒိတ်ကို ရရှိတော်မူသောအခါ၊ ယနေ့ နက်ဖန်ပင် ဘုရားဖြစ်တော်မူတော့မည့်အလား ဝမ်းသာ . ပီတိ . ပါမောဇ္ဇ ဖြစ်သည်မှာ ဘုရားအလောင်းတို့၏ ဝေနေယျသတ္တဝါတို့အပေါ်ထားအပ်သော မဟာကရုဏာတော်ကြီးကြောင့် ဖြစ်လေသည်။ ထို့ကြောင့် လူ. နတ်. ပြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော်ခြင်းအထူးကို ခံယူရခြင်းဖြစ်တော့သည်။

### (က) ပါရမီဆယ်ပါး ဖြည့်ဆည်းကာ ရွှေဉာဏ်ရှင်ဖြစ်လာ

ဂေါတမ ဘုရားလောင်းလျာ သုမေဓာ ရှင်ရသေ့သည် -

၁။ ဒါနပါရမီ = နိဗ္ဗာန်ကို ဦးတည်စူးစိုက်၍ စင်ကြယ်သန့်ရှင်းသော ပစ္စည်းဝတ္ထုကို ပေးလှူစွန့်ကြဲခြင်း။ (ဥပမာ - သုဒဿန စကြာမင်း၊ ဝေဿန္တရာ)

၂။ သီလပါရမီ = နိဗ္ဗာန်ကို ဦးတည်စူးစိုက်၍ ကိုယ်နှုတ်ကို နိုင်နင်းအောင် စောင့်ထိန်းနိုင်ခြင်း။ (ဥပမာ - သီလဝမင်း၊ ဘူရိဒတ်နဂါးမင်း၊ ဆဒ္ဒန်ဆင်မင်း)

၃။ နိက္ခမပါရမီ = ကာမနှင့် ဘဝမှ ထွက်ခွါ ရှောင်နိုင်ခြင်း။ (ဥပမာ - သောမနဿ မင်းသား၊ အယောဃရပညာရှိ)

၄။ ပညာပါရမီ = အမှန်တရားကို ထွင်းဖောက်၍ သိမြင်နိုင်ခြင်း။ (ဥပမာ - ဝိဓူရ၊ မဟောသဓာ)

၅။ ဝီရိယပါရမီ = နိဗ္ဗာန်ကို ဦးတည်စူးစိုက်၍ တရားအလုပ်၌ သဲသဲမဲမဲ ကြိုးပမ်းအားထုတ်ခြင်း။ (ဥပမာ - ဇနကမင်း)

၆။ ခန္တီပါရမီ = စိတ်နှလုံးခိုင်ခံ့လျက် အမျက်မထွက်ရအောင် သည်းခံနိုင်ခြင်း။ ဥပမာ (ခန္တီဝါဒီရသေ့)

၇။ သစ္စာပါရမီ = သူတစ်ပါးကို လွဲချော်တိမ်းပါး. ယူမှတ်မှားအောင် မပြောဘဲ အမှန်သစ္စာကိုသာ ပြုလုပ်နိုင်ခြင်း။ ဥပမာ (သုတသောမမင်း)

၈။ အဓိဋ္ဌာန်ပါရမီ = ဗောဓိသုံးပါးတို့၏ အခြေခံလုပ်ငန်း၌ မရွေ့မယိုင် ကြံ့ခိုင် စွဲမြဲနိုင်ခြင်း။ ဥပမာ - မူလပက္ခ (တေမိယ - ဇာတ်)

၉။ မေတ္တာပါရမီ = သတ္တဝါတစ်ပါး ကျေးဇူးများသော အချင်းအရာအားဖြင့် မေတ္တာစိတ်ကို ပို့တတ်ခြင်း။ ဥပမာ (ဧကရာဇ - ဇာတ်)

၁၀။ ဥပေက္ခာပါရမီ = လျစ်လျူရှုသော အချင်းအရာအားဖြင့် ဖြစ်ခြင်း။ ဥပမာ - (လောမဟံသဇာတ်) စသည့် ပါရမီဆယ်ပါးကို ဆက်လက် ဖြည့်ကျင့်ရပေသည်။ ဘုရားဖြစ်ကြောင်းတရားသည် ပါရမီဆယ်ပါး.မှတစ်ပါး အခြားမရှိပြီ။

ဧတ္တကာယေဝ တေ လောကေ၊ ယေ ဓမ္မာ ဗောဓိပါစနာ၊

တဒုဒ္ဓံ နတ္ထိ အညတြ၊ ဒဠှံ တတ္ထ ပတိဋ္ဌဟ [၁]။

| | | |
|---|---|---|
| သာရိပုတ္တ | = | သာရိပုတ္တရာ။ |
| အဟံ | = | ကျွန်ုပ်၊ သုမေဓာရှင်ရသေ့သည်။ |
| ဗုဒ္ဓဓမ္မေ | = | ဘုရားအဖြစ်ကို ပြုတတ်ကုန်သော အကြောင်းတရားတို့ကို။ |
| ဝိစိနန္တော | = | စူးစမ်းရှာဖွေသည် ရှိသော်။ |
| ဣမာ ဒသပါရမိယော | = | ဤဆယ်ပါးသော ပါရမီတို့ကို။ |
| ဒိသွာ | = | မြင်၍။ |
| သုမေဓပဏ္ဍိတ | = | သုမေဓာပညာရှိ ရှင်ရသေ့သည်။ |
| ဗောဓိပါစနာ | = | အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ရင့်စေတတ်ကုန်သော။ |
| ယေဓမ္မာ | = | အကြင် အကြောင်းတရားတို့သည်။ |
| သန္တိ | = | ရှိကုန်၏။ |
| လောကေ | = | ဤလူ့လောက၌။ |
| ဗောဓိသတ္တေဟိ | = | ဘုရားလောင်းတို့သည်။ |
| ပရိပူရေ တဗ္ဗာ | = | ထက်ဝန်းကျင် ဖြည့်အပ်ကုန်သော (ဝါ) မိုဝဲအပ်ကုန်သော။ |
| တေဓမ္မာ | = | ထို ဘုရားအဖြစ်ကို ပြုတတ်ကုန်သော ပါရမီဆယ်ပါး အကြောင်းတရား တို့သည်။ |
| ဧတ္တကာယေဝ | = | ဤ ဒါန ပါရမီ အစရှိသော ဆယ်ပါးသော အကြောင်းတရားတို့သည် သာလျှင်။ |
| ဟောန္တိ | = | ဖြစ်ကုန်၏။ |
| တဒုဒ္ဓံ | = | ထိုဆယ်ပါးသော ပါရမီတို့ထက် အလွန်။ |
| အညတြ | = | ဤဆယ်ပါးသော ပါရမီမှတစ်ပါးသော။ |
| ကာရဏံ | = | ဘုရားအဖြစ်ကို ပြုတတ်သော အကြောင်းတရားသည်။ |

[၁] ဗုဒ္ဓဝံသ ■ ၁၁၉

နတ္ထိ = မရှိ။

တသ္မာ = ထိုဆယ်ပါးသော ပါရမီတို့ထက် အလွန်၊ တစ်ပါးသော အကြောင်းတရားသည် မရှိသည်၏ အဖြစ်ကြောင့်။

တတ္ထ = ထိုဆယ်ပါးသော ပါရမီတို့၌။

ဒဋ္ဌ = ကိုင်စွဲကြပ်ကြပ်၊ မပြတ်မြဲမြဲ။

ပတိဋ္ဌဟ ပတိဋ္ဌာနံ ကရောဟိ = မချွတ်မယွင်း ပြုဘိလော့။

ဣတိ ဖဝံ = ဤသို့။

အတ္တာနံ = မိမိကိုယ်ကို။

ဩဝဒိ = ဆုံးမ ဩဝါဒ ပေးခဲ့လေပြီတကား။

ဤသို့ အဋ္ဌသာလိနီ သုမေဓကေက္ကာပျာဒိတ်ခန်း၌ သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်ကြောင်း တရားများကို ဆင်ခြင်စူးစမ်း ရှာဖွေသည်ရှိသော် - "ဒါန - အစ ဥပေက္ခာ အဆုံးရှိသော" ပါရမီဆယ်ပါး ကျင့်ဝတ်တရားများကို မြင်တော်မူခဲ့လေသည်။ ထိုသို့ သိမြင်တော်မူသည့်အတိုင်း လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး၊ ဤဒါန စသော ပါရမီဆယ်ပါး ကျင့်ဝတ်တရားများကို ဖြည့်ကျင့်တော်မူ၍၊ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့လေပြီ။


> ဓမ္မရတနာ၊ တည်ရှိပါ၍၊ ဘဂဝါဗုဒ္ဓ၊ ပွင့်ပေါ်ရ၏။
> ဗုဒ္ဓပွင့်ပေါ်၊ သားတော်သံဃာ၊ ပွင့်ပေါ်လာသည်၊
> သုံးဖြာ သရဏ၊ ပွင့်စဉ်တည်း။

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော - ရတနာမြတ်သုံးပါးတို့တွင် ဓမ္မရတနာ (တရားရတနာ) သည် အမြဲရှိသည့် ရတနာတစ်ခုဖြစ်သည်။ ဘုရားရတနာနှင့် သံဃာရတနာတို့မှာမူ ကမ္ဘာပေါင်း အသင်္ချေနှင့် အနန္တကြာမှ ပေါ်လာတတ်သည့် ရတနာများ ဖြစ်ကြသည်။ ထို ရတနာသုံးပါးတို့တွင် ဓမ္မရတနာ ရှိနေခြင်းကြောင့်သာ ဗုဒ္ဓရတနာ ပွင့်ထွန်းလာရပေသည်။ ဘုရားရတနာ ပေါ်ထွန်းလာ၍ တရားရတနာကို ပူဇော်ခွင့် ရရှိလာကြခြင်း ဖြစ်သည်။ တရားရတနာပေါ်ထွန်းလာ၍ သံဃာရတနာကို ဆည်းကပ်ကိုးကွယ် ပူဇော်ခွင့် ရရှိနေကြခြင်း ဖြစ်သည်။ လောက၌ ဘုရားရတနာ ပွင့်ပေါ်လာခြင်း၊ တရားရတနာဖြစ်ပေါ်လာခြင်းတို့သည် လူ, နတ်, ဗြဟ္မာ သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားအလို့ငှာသာ ဖြစ်သည်။

> လူ , နတ်, ဗြဟ္မာ၊ ဝေနေယျာ၏၊ ချမ်းသာတိုးပွား၊
> အကျိုးများဖို့၊ သုံးပါးလောက၊ စောဗုဒ္ဓ၊ မုချပွင့်ပေါ်လာ။

## (ခ) ဦးဖျားထူးခြားသော ဗုဒ္ဓမြတ်စွာ သာသနာကြောင့် ကမ္ဘာ့အလယ်မှာ မြန်ပြည် ခံ့ထည်သည်

> ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍၊ ထုတ်ဖော်မြွက်ကြား၊
> မြတ်တရားကြောင့်၊ ဤကား ကုသိုလ်၊ အကုသိုလ်နှင့်၊
> ထိုထိုဘုံဘဝ၊ သိကြရ၊ များလှ အကျိုးတွေ။



အရှင် ဇနကာဘိဝံသ

မဟာသက္ကရာဇ် ၁၀၃ - ခုနှစ်၊ မဇ္ဈိမဒေသအလယ်၊ မာဂဓတိုင်းရှိ ဥရုဝေလတောအတွင်း မြတ်စွာဘုရားသည် ဗောဓိပင်မှ တောင်မျက်နှာ အလံလေးဆယ်ကွာသော ရာဇာယတန လင်းလွန်းပင်ရင်း၌ ခုနစ်ရက်ပတ်လုံး ဝိမုတ္တိချမ်းသာကို ခံစား၍ နေတော်မူ၏။ ဤအရပ်သည် သတ္တဋ္ဌာန သတ္တာဟ မည်၏။ ထိုလင်းလွန်းပင်ရင်း၌ ခုနစ်ရက်စေ့မြောက် ဝါဆိုလဆန်း ငါးရက်၊ ဗုဒ္ဓဟူးနေ့တွင် ရာမညတိုင်း၊ ဥက္ကလာပဇနပုဒ်၊ ပေါက္ခရဝတီမြို့မှ တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင် နှစ်ဦးတို့သည် ပျားမုန့်ဆွမ်းနှင့် မုန့်ကြွက်ကျစ်တို့ကို မြတ်စွာဘုရားအား လှူဒါန်းကြကုန်၏။ ထိုသူတို့သည် ပထမဦးဆုံး ဆွမ်းအလှူရှင်များ ဖြစ်ကြသည်။


ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားထံ၌ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ ဟူသော ဒွေဝါစိက သရဏဂုံ ခံယူဆောက်တည်ပြီး ဘုရားနှင့်တရားကို ကိုးကွယ် ဆည်းကပ်သော ပထမဦးဆုံးသော ဥပါသကာ ဒါယကာများလည်း ဖြစ်ကြသည်။

မြတ်စွာဘုရားသည် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်၍ ပါရှိလာသော ဆံတော်ရှစ်ဆူကို ကုန်သည်ညီနောင်တို့အား ဘုရားရှင်ကိုယ်စား ကိုးကွယ်ဆည်းကပ်ရန် ပေးအပ်တော်မူသည်။ ထိုညီနောင်တို့ ဆံတော်ရရှိသည့်နေ့ကား၊ ဘုရားဖြစ်တော်မူသည့်နေ့မှစ၍ ရက်ပေါင်း ငါးဆယ်ပြည့်၊ ဝါဆိုလဆန်းခြောက်ရက်၊ ကြာသပတေးနေ့ ဖြစ်သည်။ ပထမဦးဆုံး အသမ္ဘိန္န ဆံတော်ဓာတ်ကို ချီးမြှင့်ခံကြရသူများလည်း ဖြစ်ကြသည်။ ညီနောင်နှစ်ဦးကား အခြားသူများ မဟုတ်ကြ။ မြန်မာပြည်ဖွား တိုင်းရင်းသားများသာ ဖြစ်ကြသည် [၁]။

ထို့ကြောင့် မြန်မာပြည်သည် ကမ္ဘာ့အလယ်တွင် ဦးဦးဖျားဖျား ၊ ထူးထူးခြားခြား ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အစောဆုံး ရောက်ရှိခဲ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ပေသည်။ ဘုရားရှင်ထားခဲ့သော ဗုဒ္ဓသာသနာတော်ကြီး အနှစ်ငါးထောင် ကာလကြာအောင် အစွန့်ရှည် တည်တံ့ . နိုင်မြဲလိမ့်မည် ဟု ဗျာဒိတ်ပေးခြင်း ခံခဲ့ရသော နိုင်ငံတစ်ခု ဖြစ်၍လည်း ထင်ရှားနေပေသည်။

## (ဂ) အနန္တ ဂုဏ်အင် - ဘုရားရှင်၊ ဖူးမြင်လိုကြချင်

အထက်ဖော်ပြခဲ့ပါအတိုင်း ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင် ပါရမီဆယ်ပါးနှင့် စွန့်ခြင်းကြီး ငါးပါး ဖြည့်ကျင့်တော်မူပြီး သဗ္ဗညုတဘုရားရှင် ဖြစ်တော်မူလာသည့်အခါ လေးဆယ့်ငါးဝါ ကာလပတ်လုံး ဝေနေယျ သတ္တဝါ အားလုံးတို့ကို ကျောသား - ရင်သား မခွဲခြားဘဲ ၊ တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူရာတွင် နေ့ရော - ညဉ့်ပါ အခါမလပ် ဆုံးမရတော်မူသည်ဖြစ်၍၊ တစ်နေ့တာ ၂၄ နာရီ၌ ၂၂-နာရီခန့် ကာလပတ်လုံး သတ္တဝါများ ကောင်းကျိုးချမ်းသာကို သယ်ပိုးဆောင်ရွက်တော်မူရသည်။



တစ်နေ့ . တစ်နေ့ အနားယူချိန် နှစ်နာရီမျှသာ ကျန်ရှိသည်။ နိစ္စဓူဝ လုပ်ဆောင်ရသည်ဖြစ်၍ သာမန်လူတို့ ပြုကျင့်နိုင်ရန် မလွယ်ကူပေ။ ထို့ကြောင့် တစ်နှစ်လျှင် နာရီပေါင်း (၈၀၃၆) မျှ အလုပ်လုပ်တော်မူ၍၊ ပရိနိဗ္ဗာန်စံ သည့်တိုင်အောင် နာရီပေါင်း (၃၆၇၉၂၀)အလုပ်လုပ်သွားခဲ့သည်။ စံလွန် ပုဂ္ဂိုလ်ထူး ဖြစ်သည်။ အနှိုင်းမဲ့ မဟာ ကရုဏာ အနန္တကြောင့်သာ ပြုကျင့်နိုင်ခြင်း ဖြစ်ပေသည်။ သို့ဖြစ်၍ ဤစာရေးသူအနေဖြင့် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော် အနန္တကို ထုတ်ဖော်ပြောဆိုရေးသား၍ ကုန်အံ့မထင်ပါ။ ဘုရားရှင်၏ ကျေးဇူးတရား အလွန့်အလွန်ကြီးမားလှပါသည်။

---

၁။ စေတီယပကာသနီကျမ်း၊ နှာ ၈၇ - ၈၈။

ဗုဒ္ဓမြတ်စွာသည် ရှစ်ဝါမြောက်တွင် မိတ္တီလာပြည်သို့ ဒေသစာရီ ကြွချီတော်မူသည်။ နောက်ပါ သံဃာတော်များထဲတွင် ဂဝံပတိရဟန္တာ အရှင်မြတ် တစ်ပါးလည်း ပါဝင်တော်မူသည်။ ထိုအချိန်တွင် ရာမညတိုင်း၊ သထုံပြည်၌ မဟာသိရီမာသောက (မူကွဲ - တိဿ ဓမ္မသီဟရာဇာ) မင်းပြုနေပေသည်။ ဂဝံပတိရဟန္တာ အရှင်မြတ်သည် သူ၏ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်တော်မူရာ၊ ရှေးရှေးဘဝက ဆွေမျိုးတော်စပ်ခဲ့ဖူးသော ဆွေတော်မျိုးတော်များ သထုံပြည်တွင် ရှိနေကြောင်း သိရှိ တော်မူသည်။

ထိုမထေရ်မြတ်သည် သထုံပြည်သို့ ကြွရောက်ကာ မင်းကြီးနှင့်တကွ ပြည်သူ - ပြည်သား လူအများအား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူရာ သရဏဂုံ ပဉ္စသီတည်ကြကုန်၏။

မင်းနှင့်တကွ ပြည်သူပြည်သားတို့သည် -

၁။ ဓမ္မ သရဏံ ဂစ္ဆာမိ = တရားတော်ကို ကိုးကွယ်ဆည်းကပ် ပူဇော်ခွင့်ရကြသည်။

၂။ သံဃံသရဏံ ဂစ္ဆာမိ = ရဟန်း သံဃာတော်ကိုလည်း မျက်ဝါးထင်ထင် ဖူးမြင်ရပြီဖြစ်၍ ကိုးကွယ်ဆည်းကပ် ပူဇော်ခွင့်ရရှိကြသည်။

၃။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = ယခုချိန်တိုင် မြတ်စွာဘုရားရှင်ကို တစ်ကြိမ်၊ တစ်ခါမျှ မဖူးမြင်ရသေးသဖြင့် မြတ်စွာဘုရားရှင်ကို ကိုးကွယ်၊ ဆည်းကပ်၊ ပူဇော်၊ ဖူးမြော်နိုင်ရန် ဆန္ဒအလွန် ပြင်းပြနေကြသည်။ အာသီသ ရှိနေကြသည်။

## (ဃ) မင်းနှင့် ပြည်သူ့ ဆန္ဒအလျောက် ဘုရားရှင်ကြွရောက်ချီးမြှောက်

မဟာသိရီမာသောကမင်းနှင့်တကွ ပြည်သူ - ပြည်သား လူအများတို့သည် ဂဝံပတိရဟန္တာမထေရ် မှတစ်ဆင့် မြတ်စွာဘုရားရှင်အား ပင့်လျှောက်တောင်းပန်လေသောအခါ၊ မြတ်ဗုဒ္ဓသည် နောက်ပါ သံဃာတော်နှစ်သောင်း ခြံရံလျက် ကောင်းကင်ခရီးဖြင့် သထုံပြည်သို့ ဒေသစာရီ ကြွချီတော်မူခဲ့သည်။

ဘုရားရှင်သည် မြို့၏ အရှေ့မြောက်အရပ်ရှိ ကာနွဲ့ဓနတောင်ထိပ်သို့ သက်ဆင်းကာ သီတင်းသုံးတော်မူခဲ့သည်။ မြတ်စွာဘုရားရှင် ကြွရောက်တော်မူလာကြောင်း မင်းနှင့်ပြည်သူတို့ သိရှိကြသောအခါ သဒ္ဓါသက်ဝင် ယုံကြည်စွာတည်လျက် ဆည်းကပ်ပူဇော်ကြသည်။ လှူဒါန်းဖွယ် အစုစုတို့ဖြင့် လှူဒါန်းကြသည်။ တစ်ပြည်လုံးနီးပါး သရဏဂုံ ပဉ္စသီ တည်ကြသည်။

## (င) ဘုရားရှင်ကိုယ်စား၊ ချီးမြှင့်ပေးသနား - ဆံတော်ဓာတ်ခြောက်ပါး


ကာနွဲ့ဓနတောင်ထိပ်ရှိ ရသေ့သူတော်စင် ခြောက်ဦးတို့သည် ဗုဒ္ဓမြတ်စွာဘုရားရှင်အား အလွန်တစ်ရာပင် သက်ဝင်ယုံကြည် ကြည်ညိုလေးစားကြသည်။ ဘုရားရှင် ပြန်ကြွသွားလျှင် ဘုရားရှင်ကိုယ်စား ကိုးကွယ်နိုင်ရန် ချီးမြှောက်ပေးသနားတော်မူပါရန် လျှောက်ထားတောင်းပန်ချက်အရ မြတ်စွာဘုရားက တစ်ဦးလျှင် ဆံတော်ဓာတ်မြတ် တစ်ဆူစီ ချီးမြှင့်ပေးသနားတော်မူခဲ့လေသောကြောင့် "စုစုပေါင်း ဆံတော်ဓာတ်မြတ် ခြောက်ဆူ" ပူဇော်ကိုးကွယ်ခွင့် ရရှိကြလေသည်။

ထို့နောက် မြတ်စွာဘုရားသည် မဇ္ဈိမဒေသသို့ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူပါသည်။

## (၂) မြန်တိုင်းဌာနီ ဆံတော်ရှင်စေတီ၊ ပေါများလှသည် ဖူးမြော်မကုန်ပြီ

၁။ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်အား ဘုရားရှင် ချီးမြှင့်လိုက်သည့် ဆံတော်ရှစ်ဆူအနက် ဆံတော်ဓာတ်နှစ်ဆူကို *အဇ္ဈတ္တနဂရမင်းကြီးက ဆိပ်ကမ်းခွန်အဖြစ် ကောက်ယူတော်မူသည်။ အကြောင်းမှာ မင်းကြီးနှင့်မိဖုရား ပြည်သူ ပြည်သားတို့သည် ဘုရားရှင်၏ ဆံတော်ဓာတ်ကို ဖူးမြော်မဝ ပူဇော်လိုကြသောကြောင့် ဖြစ်သည် [၁]။

* (မူကွဲ - ဇေယျမင်းကြီး၊ ဇေယျ မြို့ဆိပ်ကမ်းဟုလည်း ဆိုသည်)



မဟာမကုဋ္ဌရံသီ ဆံတော်ရှင် မြတ်မော်တင် စေတီတော်


၂။ နောက်ထပ် ဆံတော်ဓာတ်နှစ်ဆူကို ဇေယျသေန နဂါးမင်းက ၎င်း၏ တန်ခိုးတော်ဖြင့် ပင့်ဆောင်ယူ၍ မော်တင်စွန်းဒေသ (ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ ငပုတောမြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်း)တွင် **"မဟာမကုဋ္ဌရံသီ ဆံတော်ရှင် မြတ်မော်တင် စေတီတော်"** ဟု လည်းကောင်း။

၃။ ကြွင်းကျန်သော ဆံတော်ဓာတ်လေးဆူကို သစ္စာမိဌာန်ပြုရာ မူလအတိုင်း ဆံတော်ဓာတ် ရှစ်ဆူ ပြန်ဖြစ်လာသည်ဟု သိရ၏။ ၎င်းဆံတော်ဓာတ် ရှစ်ဆူကို ဥက္ကလာပမင်းကြီး၊ ကုန်သည်ညီနောင်နှင့်တကွ ပြည်သူ ပြည်သားတို့က ယခု မဟာရန်ကုန်မြို့တော်၏ သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် **"လေးဆူဓာတ်ပုံ မြတ်ရွှေတိဂုံ (အံ့ချီးဖွယ်မကုန်) စေတီတော်"** ဟုလည်းကောင်း တည်ထားကိုးကွယ် ပူဇော်ခဲ့ကြသည်။ (၎င်း သိင်္ဂုတ္တရ ကုန်းတော်ကို ရှေးအခါက ပေါက္ခရဝတီမြို့၊ တရိဟကမ္မမြို့၊ အသိတဥ္စနမြို့၊ ရမ္မနဂရမြို့ ဟူသော လေးမြို့ ဝန်းရံလျက်ရှိကြောင်း ရာမညရာဇဝင်အရ သိရသည်)။

ဗုဒ္ဓမြတ်စွာ ချီးမြှင့်လိုက်သည့် ကေ္ကန္ဒနေတောင်ထိပ်ရှိ ရသေ့သူတော်စင်တို့၏ ဆံတော်ခြောက်ဆူနှင့် ပတ်သက်၍ မှုတစ်ခုတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

---

၁။ မော်တင်ဆံတော် စေတီတော်မြတ်ကြီးသမိုင်း ၊ နှာ - ၅၃ ၊ ၅၅



၁။ တိဿရသေ့ကြီးနှင့် သီဟရသေ့တို့အား ဆံတော်ဓာတ်မြတ် နှစ်ဆူစီ ချီးမြှင့်သည်။ တိဿ ရသေ့ကြီး ရရှိသော ဆံတော်ဓာတ်နှစ်ဆူ နှင့် ဒိုးခလွန်တောင်(ခေါ်) ကေလာသတောင်မှ တိလ ရသေ့ကြီး ရရှိသည့်ဆံတော် ဓာတ်နှစ်ဆူအနက် (တစ်ဆူကို ကေလာသ ဆံတော်ရှင် စေတီ) ကျန်တစ်ဆူကို ပေါင်းစု၍ဆံတော် ဓာတ်သုံးဆူ ပါဝင်သော **"ကျိုက်ထီးရိုး ဆံတော်ရှင် စေတီတော်"** (ကင်ပွန်းစခန်း၊ ကျိုက်ထို မြို့နယ်၊ မွန်ပြည်နယ်) ကိုလည်း တည်ထားကိုးကွယ် ပူဇော်ခဲ့ကြသည်။

၂။ သီဟရသေ့ ရရှိသော ဆံတော်ဓာတ်နှစ်ဆူအနက် -

- ဆံတော် တစ်ဆူကို ဇင်းကျိုက်တောင်တွင် **"ဇင်းကျိုက် ဆံတော်ရှင်စေတီတော်"**၊
- ကျန်ဆံတော်တစ်ဆူကို ဖွဲကပင် တောင်တွင် **"ဖွဲကပင် ဆံတော်ရှင်စေတီတော်"**

ဟုလည်းကောင်း၊ အသီးသီး တည်ထား ကိုးကွယ် ပူဇော်ခဲ့ကြောင်း သိရသည်။

ဆံတော်များနှင့် ပတ်သက်၍ အခြားမှုကွဲတစ်ခုတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

၁။ ဘီးလင်း၊ ကုသိနာရုံတောင်မှ ရသေ့တစ်ပါးအား ဆံတော်ဓာတ်မြတ် နှစ်ဆူ ချီးမြှင့်ခဲ့ရာ (ဘီးလင်းမြို့၏ မြောက်ဖက် လေးမိုင်ခန့်အကွာ ) ကုသိနာရုံတောင်ပေါ်တွင် **"ကုသိနာရုံတောင်ပေါ်စေတီ(ခေါ်) နဂါးဥ နှင့် ရွှေစေတီတော်"** ဟု လည်းကောင်း၊

၂။ ဒိုးခလွန်တောင် ( ခေါ်) ကေလာသတောင်မှ တိလရသေ့တစ်ပါးအား ဆံတော်ဓာတ်မြတ်နှစ်ဆူ ချီးမြှင့်ခဲ့ရာ ကေလာသတောင်ပေါ်တွင် ဆံတော်ဓာတ်တစ်ဆူကို **"ကေလာသဆံတော်ရှင် စေတီတော်"** ဟု လည်းကောင်း၊ ကျန်ဆံတော်ဓာတ်တစ်ဆူကို တိဿ ရသေ့ကြီး၏ ဆံတော်ဓာတ်နှစ်ဆူနှင့်ပေါင်း၍ ဆံတော်ဓာတ်သုံးဆူပါဝင်သော **"ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်"** (ကင်ပွန်းစခန်း ကျိုက်ထိုမြို့ နယ်၊ မွန်ပြည်နယ်) ဟုလည်းကောင်း၊

၃။ ကျိုက္ကမီတောင်မှ ရသေ့တစ်ပါးအား ဆံတော်ဓာတ်မြတ် နှစ်ဆူချီးမြှင့်ခဲ့ရာ ( ) တွင် ( ) ဆံတော်ရှင် စေတီတော်ဟု လည်းကောင်း၊

၄။ မွတ်လအိတောင်မှ ကပ္ပရသေ့တစ်ပါးအား ဆံတော်ဓာတ်မြတ် နှစ်ဆူ ချီးမြှင့်ခဲ့ရာ ( ) တွင် ( ) ဆံတော်ရှင် စေတီတော်ဟု လည်းကောင်း၊

၅။ မွတ်လအပ်တောင်မှ နာရဒ ရှင်ရသေ့တစ်ပါးအား ဆံတော်ဓာတ်မြတ် နှစ်ဆူ ချီးမြှင့်ခဲ့ရာ ( ) တွင် ( ) ဆံတော်ရှင် စေတီတော်ဟု လည်းကောင်း၊

၆။ ကောယက္ခ (မှုကွဲ) ကော့ယစဇုတ်သုတ်ကျွန်း (ခေါ်) ကော့ကလွတ်တကော (ခေါ်) နတ်ဘီလူးကျွန်းမှ နတ်ဘီလူးညီနောင်အား ဆံတော်ဓာတ်မြတ် နှစ်ဆူ ချီးမြှင့်ခဲ့ရာ - (ယခင်) ကျိုးထီးစောင်း (ယခု) **"ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီတော်"** ဟု လည်းကောင်း အသီးသီး တည်ထားကိုးကွယ်ပူဇော် ခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။

နောက်ထပ် အခြားမှုကွဲတစ်ခုတွင် အောက်ပါအတိုင်း ဖော်ပြထားကြောင်း သိရှိရပါသည်။

၁။ ဗန္ဓဝဂီရိ ( ဖွဲကပင်တောင် ) တွင် သီတကုမာရ ရသေ့က "ဖွဲကပင်ဆံတော်ရှင်စေတီတော်" ကိုလည်း ကောင်း၊

၂။ ဂစ္ဆဂီရိ(ဇင်းကျိုက်တောင်) တွင် တိဿရသေ့က "ဇင်းကျိုက်ဆံတော်ရှင် (ခေါ်) ကျိုက်ဖျင်းနတ်ဆံ တော်ရှင် စေတီတော်" ကိုလည်းကောင်း၊

၃။ ဒိုးခလွန် (ကေလာသတောင်) တွင် တိလရသေ့က "ကေလာသဆံတော်ရှင် စေတီတော်" ကိုလည်း ကောင်း၊

၄။ သိရိပဗ္ဗတ (ကုသိနာရုံတောင်) ဒိဗ္ဗစက္ခုအဘယ ရသေ့က "ကုသိနာရုံ တောင်ပေါ်စေတီ (ခေါ်) နဂါးဥ နှင့် ရွှေစေတီ ဆံတော်ရှင်စေတီတော်"ကိုလည်းကောင်း၊

၅။ မဏိအဇ္ဈတ္တဂီရိ (ကျိုက်ထီးရိုးတောင်) ဒိုကမော့ခတွန်ဂလိုင်တောင်တွင် ဗုဒ္ဓဉာဏရသေ့က ( ) ဆံတော်ရှင် စေတီတော်ကိုလည်းကောင်း၊

၆။ နာဂပဗ္ဗတ (မဲလံတောင်) တွင် မဲလံရသေ့က ( ) ဆံတော်ရှင် စေတီတော်ကိုလည်းကောင်း၊

၇။ မွတ်လအိတောင်တွင် ( ) ရသေ့က ( ) ဆံတော်ရှင် စေတီတော်ကိုလည်းကောင်း၊

၈။ ကျိုက္ခမီတောင်တွင် ( ) ရသေ့က ( ) ဆံတော်ရှင် စေတီတော်ကိုလည်းကောင်း၊

၉။ ဒိုးယွန်းတောင်တွင် ( ) ရသေ့က ဆံတော်ဓာတ်နှစ်ဆူကို တောင်စွန်းမြို့ "ကျိုက်ဒေးယုံ ဆံတော်ရှင် စေတီတော်" ဟုလည်းကောင်း၊

၁၀။ ဆောင်ခဲတောင်တွင် အလ္လကပ္ပ ရသေ့က "ကျိုက်ကဲ ဆံတော်ရှင်စေတီတော်" ကို လည်းကောင်း၊

၁၁။ ဖုတ်သုတ်ကျွန်းတွင် နတ်ဘီလူးညီနောင်က "(ယခင်) ကျိုက်ထီးစောင်း၊ (ယခု) ကျိုက်ထီးဆောင် ဆံတော်ရှင်စေတီတော်" ကို လည်းကောင်း၊ အသီးသီး တည်ထား ကိုးကွယ်ပူဇော်ခဲ့ကြကြောင်း သိရှိရပါသည်။

## (က) အမည်ကွဲသော်လည်း ဗုဒ္ဓဆံတော်စစ်ကြောင်း အာမခံပါသည်

- တောင်အမည် မူကွဲများ၊ ရသေ့အမည် မူကွဲများ၊ ဆံတော်ရှင်စေတီ မူကွဲများ များစွာ ရှိပါသည်။ မူကွဲ (အမည်) ကွဲသော်လည်း ဆံတော်ရှင်စေတီဖြစ်ကြောင်းကိုမူ တစ်ထပ်တည်း ညွှန်းဆိုကြ ကြောင်း လေ့လာ တွေ့ရှိရသည်။
- အချို့သော ဆံတော်ရှင်စေတီတော်များကို ယခုတိုင် ရှာဖွေ၍ မတွေ့ရှိသေးသဖြင့် အသင်စာ ဖတ်သူများ အကြောင်းညီညွတ်ပါက လေ့လာသုတေသနပြု၊ ဖော်ထုတ်ကြပါရန် နှိုးဆော် တိုက် တွန်းအပ်ပါသည်။

## (ခ) ဆံတော်ဖူးရန် လမ်းကောင်းညွှန်

၁။ "သက္ကတ္ထုပ (ခေါ်) သက္ကဥသျှောင် မြတ်ဘုန်းခေါင် ဆံတော်ရှင် စေတီတော်" သည် ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီတော်၏ အရှေ့တောင်ဖက်ယွန်းယွန်း၊ တစ်မိုင်ခန့်အကွာ မြေပြန့်လွင်ပြင်တွင် တည် ရှိသဖြင့် လွယ်ကူစွာ သွားရောက် ဖူးမြော်နိုင်သည်။

၂။ "ဇုတ္တလိဆံတော်ရှင်စေတီတော်" သည် ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်နှင့် သုံးမိုင်ခန့် အကွာ လယ်ကွင်းကျယ်နှင့် ဇုတ္တလိချောင်းကို (လှေဖြင့်) ဖြတ်ကျော်ပြီး သွားရောက်ဖူးမြော်နိုင် သည်။

(ဂ) ဆံတော်ခြောက်ဆူ၊ ရည်မှန်းပူဇော် အနာဂတ်သာသနာတော် (နှစ်ပေါင်း ၂၅၀၀ ကျော်)

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ၊ ဝေဠုဝန်ကျောင်းတော်၌ ကိန်းအောင်း မွေ့လျော်စဉ် ပစ္စန္တရစ်ဒေသ၌ အနာဂတ်သာသနာ ပွင့်ထွန်းလာစေရန် ရည်ရွယ်၍ လျှောက်ထားတောင်းပန်ချက်အရ -

၁။ အရှင်အနုရုဒ္ဓါ ရဟန္တမထေရ်အား ချီးမြှင့်သည့် ဆံတော်ဓာတ်နှစ်ဆူကို သိကြားမင်းက စေတီဒါယကာ အဖြစ်ခံယူ၍ ပစ္စန္တဂါမရွာ၏ တောင်ဖျားမျက်နှာ ရွှေဝါရောင်အဆင်းရှိမြေ (သုဝဏ္ဏဘုမ္မိ - သထုံပြည်) တွင်လည်းကောင်း၊ သိမ်ဇရပ်မြို့ ဆံတော်ရှင်မဏိမေခလာထူပဝင် မြသိန်းတန်စေတီတော်သမိုင်းတွင် "သတ္တထူပဝင် စစ်တောင်းကျိုက်ကလွန်ပွန်း" ဟု ယူဆပြီး၊ ဦးသိန်းလွင်ရေး ဆံတော်ရှင်သမိုင်း အကျဉ်း ချုပ်တွင် ယခု ဘီးလင်းမြို့နယ်၊ ဝိုင်းပတ်ကျေးရွာ၊ ဝိုင်းပတ်စေတီ (သို့) သတ္တဥသျှောင် မြတ်ဘုန်းခေါင် စေတီ "သတ္တထူပါစေတီ" ဟု ယူဆကြပါသည်။

၂။ အရှင်သောဘိတ ရဟန္တာမထေရ်အား ချီးမြှင့်သည့် ဆံတော်ဓာတ် တစ်ဆူကို ပဇ္ဇုန္နနတ်သားက စေတီ ဒါယကာအဖြစ် ခံယူ၍ အထက်ပါအရပ်ဒေသမှ တောင်ဖက် သုံးဂါဝုတ်အကွာတွင်လည်းကောင်း၊ (သောဏ္ဍာယ စေတီတော် အမည်ဖြင့် ထင်ရှားအံ့ဟု ဗျာဒိတ်ထားတော်မူခဲ့သည် )။

"(ကေလာသ စေတီတော်ဟု ယူဆရပါသည် )"။

၃။ အရှင် ပဒုမုတ္တရ ရဟန္တာမထေရ်အား ချီးမြှင့်သည့် ဆံတော်ဓာတ် တစ်ဆူကို မေခလာနတ်သမီးက စေတီဒါယကာအဖြစ် ခံယူ၍၊ သမုဒ္ဒရာ ကမ်းနားအနီးတွင်လည်းကောင်း၊ (ယခု ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့ရှိ မဏိမေခလာ ထူပစေတီ ဟု ယူဆရပါသည် )။

၄။ အရှင်ဂုဏသာဂရ ရဟန္တာမထေရ်အား ချီးမြှင့်သည့် ဆံတော်ဓာတ် တစ်ဆူကို သဘောသူကြီးက စေတီဒါယကာအဖြစ် ခံယူ၍ အထက်ပါ အရပ်၏ မြောက်ဖက် ပြည်ညောင်ပင် အနီးတွင် "အန္တိကနာဝိက ထူပ" အမည်ဖြင့် လည်းကောင်း၊ (ယခုတိုင် ခန့်မှန်း နေရာပင် ရှာဖွေ၍ မတွေ့ရှိသေးပါ )။

၅။ အရှင်ဉာဏပဏ္ဍိတ ရဟန္တာမထေရ်အား ချီးမြှင့်သည့် ဆံတော်ဓာတ်တစ်ဆူကို ဝရုဏ နဂါးမင်းက စေတီဒါယကာအဖြစ် ခံယူ၍ အထက်ပါ အရပ်၏ အရှေ့ဖက် ဂင်္ဂါမြစ်အနီး သန့်ရှင်းသော မြေတွင် "ဝရုဏ နာဂရာဇထူပ" အမည်ဖြင့် လည်းကောင်း၊ (ယခုတိုင် ခန့်မှန်း နေရာပင် ရှာဖွေ၍ မတွေ့ရှိသေးပါ )။

၆။ အရှင်ရေဝတ ရဟန္တာမထေရ်အား ချီးမြှင့်သည့် ဆံတော်ဓာတ်တစ်ဆူကို လှေသူကြီးခုနစ်ဦး (သို့) ကုန်သည်ခုနစ်ဦးနှင့် ၎င်းတို့၏ ဆွေမျိုးများက စေတီဒါယကာအဖြစ် ခံယူ၍ ၊ အထက်ပါ အရပ်မှ မြောက်ဖက်တည့်တည့်တွင် "ဒမိဠစေတီ (ဝါ) သတ္တနာဝိကထူပ"အမည်ဖြင့် လည်းကောင်း (ယခုတိုင် ခန့်မှန်း နေရာပင် ရှာဖွေ၍ မတွေ့ရှိသေးပါ ) စေတီတော်များကို အသီးသီး တည်ထားကိုးကွယ် ပူဇော်ခဲ့ကြသည်။

(ဃ) မြတ်စွာဘုရား ဗျာဒိတ်ပေးထား ဆံတော်ရှင်ဘုရား

ချစ်သား အာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့် နောက် -

၁။ ငါဘုရား၏ သာသနာတော်သည် အနှစ်ငါးထောင်ပတ်လုံး တည်ရစ်လတ္တံ့။

၂။ ဤခြောက်ဆူသော ဆံတော်ဓာတ်တို့သည် နှစ်ပေါင်းနှစ်ထောင့်ငါးရာပတ်လုံး ဆင်းရဲကုန်လတ္တံ့.(ဝါ) ပူဇော်ခြင်း နည်းပါးလတ္တံ့.။

၃။ နှစ်ပေါင်း နှစ်ထောင့်ငါးရာ လွန်သောအခါ၊ ကြီးစွာသော ပူဇော်သက္ကာရ ဖြစ်လတ္တံ့.။

၄။ တစ်ဆူ. တစ်ဆူသော စေတီသည် လူပေါင်းများစွာ ဖွဲ့စည်းအပ် . တည်ထောင်အပ်သော စေတီ ဖြစ်လတ္တံ့။

ထို့ကြောင့်၊ မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်အတိုင်း၊ ယခု သာသနာ သက္ကရာဇ် ၂၅၀၀ - ကျော်လွန်လာခဲ့ပြီ ဖြစ်သည့်အတွက် ၊ မကြာမီ ဤဒေသများတွင် သာသနာတော် တစ်ခေတ် ပြန်လည် ဆန်းသစ်ပွင့်ထွန်းလာ ပါတော့မည်ဟု ယူဆမိပါသည်။

## (၃) ဘုရားဟောကြား သစ္စာလေးပါး မြတ်တရား၊ ဘီးလူး . နဂါးပွား

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် (ဘီစီ - ၅၈၉ ) ၊ ပြာသိုလပြည့်နေ့၌ ဇမ္ဗူဒိပ်ကျွန်း၊ ဖိုးဦးတောင်ထိပ်သို့ ကြွတော်မူ၍ ထိုတောင်၌နေသော သမ္ဗုလ္လဘီလူး၏ ပတ္တမြားပလ္လင်ထက်၌ နေတော်မူ၏။ ၎င်းဘီလူးနှင့် ၎င်းဘီလူး၏ မယား အဘိမုခီဘီလူးမ၊ ဝေမိဿက၊ မဟိန္ဒ၊ ဣန္ဒဝ တောင်ကြီးသုံးလုံးတွင် အရံဘီလူး တစ်ထောင်စီနှင့်တကွ နေကြကုန်သော ဝေသာမိတ္တ . ဣန္ဒိမန္တ. ဝေလုကန္တ ဘီလူးများ၊ ၎င်းတို့၏ အဆွေခင်ပွန်း ဖြစ်သော တောင်အောက်၌နေသည့် ကုဋေတစ်သိန်းသော နဂါးအပေါင်းတို့ ခြံရံ၍ တင့်တယ်စွာနေသော ဇေရာ ပထနဂါးမင်း စသည်တို့အား မြတ်စွာဘုရားသည် ဒါနကထာ . သီလကထာ အစရှိသော သစ္စာလေးပါး တရားတို့ဖြင့် ဟောပြော ဆုံးမတော်မူသည်။ ဘီလူးမင်းကြီးများ သောတာပန် တည်ကြကုန်၏။ ဇေရာပထနဂါးမင်း နှင့်တကွ ကြွင်းသော အရံဘီလူးများ၊ နဂါးမင်းတို့သည် သရဏဂုံ ပဥ္စသီ တည်ကြကုန်၏။

(က) ဘုရားရှင်အား နဂါးလျှောက်ထား ချီးမြှင့်ပေးသနား ဆံတော်ရှင်လေးပါး

ဇေရာပထနဂါးမင်းက ဘုရားရှင်အား ဘုရားရှင်ကိုယ်စား ကိုးကွယ်ရန် ပေးသနားတော်မူခဲ့ပါဟု လျှောက်ထားချက်အရ - မြတ်စွာဘုရားသည် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ် တော်မူပြီး ပတ္တမြားညိုအဆင်းနှင့် တူသော ဆံတော်ဓာတ်လေးဆူတို့ လက်၌ ကပ်ငြိပါလာသည်။ ထိုဆံတော်ဓာတ်လေးဆူတို့ကို ဇေရာပထနဂါးမင်းအား ချီးမြှင့်တော်မူရာ နဂါးမင်းက ရွှေပန်းတောင်း ဖြင့် ခံယူလေသည်။

(ခ) ဘုရားရှင်ထံ၊ ဘီလူးတောင်းခံ၊ မွေရှင်တော်ဆယ်ပါး ရရှိပြန်

သမ္ဗုလ္လ ဘီလူး၊ ဝေသာမိတ္တဘီလူး၊ ဣန္ဒိမန္တ ဘီလူး နှင့် ဝေလုကန္တဘီလူး လေးယောက်တို့က လည်း ဇေရာပထနဂါးမင်းကဲ့သို့ ကိုးကွယ်ရာ သနားတော်မူပါဟု လျှောက်ထားတောင်းပန်ချက်အရ-

၁။ ဘုရားရှင်၏ မျက်မှောက်တော် နှစ်ဖက်ကြားရှိ ဥဏ္ဏာလုံမွေရှင်တော် ရစ်ဆူအနက် မွေရှင်တော်နှစ်ဆူ ကို လက်ယာလက်ဖြင့်ယူ၍ သမ္ဗုလ္လဘီလူးအား ပေးအပ်တော်မူရာ ရွှေကြုတ်ဖြင့် ခံယူတော်မူသည်။

ထို့ပြင် ချက်တော်ကို လက်ဝဲလက်ဖြင့် သုံးသပ်ပြီး သုပုပ္ဖိက၊ ကုမုဒ၊ ပဒုမ၊ ပုဏ္ဍရိက ဟု လေးမည်ရ သုပုပ္ဖိက မွေရှင်တော်နစ်ဆူကို လက်ဝဲလက်တော်ဖြင့်ယူ၍ သမ္ဘုလ္လဘီလူးအား ထပ်မံပေးအပ်တော်မူရာ ပတ္တမြားကြုတ်ဖြင့် ခံယူတော်မူသည်။

၂။ ဘုရားရှင်၏ ရင်အုပ်တော် နစ်ဖက်၌ တစ်ဖက်လျှင် ရှစ်ဆူစီပေါက်သော မွေရှင်တော်တို့အနက် လက်ယာဘက်ကို တစ်ဆူ. လက်ဝဲဘက်က တစ်ဆူ. ထိုသို့ကြား ဦးသျှောင်မည်သော မွေရှင်တော် နစ်ဆူကို ယူ၍ ဝေသာမိတ္တ ဘီလူးအား ပေးအပ်တော်မူရာ မြကြုတ်ဖြင့် ခံယူတော်မူသည်။

၃။ ဘုရားရှင်သည် နတ်မျက်စိဖြင့်သာ မြင်နိုင်စွမ်းသော သူ၏ လက်ခုံတော်နစ်ဖက်မှ အလွန်နူးညံ့ သိမ်မွေ့လှစွာသော သာရစိန္တ မွေရှင်တော်ရှစ်ဆူစီအနက် တစ်ဖက်တစ်ဆူစီကို ယူ၍ ဣန္ဒိမန္တ ဘီလူးအား ပေးအပ်တော်မူရာ ကျောက်မျက်ရွဲကြုတ်ဖြင့် ခံယူတော်မူသည်။

၄။ ဘုရားရှင်၏ ခြေဖမိုးတော်နစ်ဖက်၌ ပေါက်သော အလွန်နူးညံ့ သိမ်မွေ့သေးသွယ်သည့် မာရဘင် မွေရှင်တော်ရှစ်ဆူစီအနက်၊ တစ်ဖက် တစ်ဆူစီကို ယူ၍ ဝေလုကန္တ ဘီလူးအား ပေးအပ်တော်မူရာ ဣန္ဒနီလာကြုတ်ဖြင့် ခံယူတော်မူသည်။

(ဂ) လှူရပ်ဌာနီ ဆံတော်စေတီ၊ ကိုးကွယ်တည်ထား အမျိုးလေးပါး အကျိုးများ

ဇရာပထနဂါးမင်းသည် မြတ်စွာဘုရားအား လျှောက်ထားသည်မှာ -

"အရှင်ဘုရား၊ တပည့်တော် ရရှိသော ဆံတော်ဓာတ်လေးဆူတို့ကို အကျွန်ုပ်၏ နေရာဖြစ်သော မဟာ သမုဒ္ဒရာ၌ ရတနာခုနစ်ပါးဖြင့် ပြီးသော တစ်ယူဇနာရှိ စေတီကြီးကို တည်၍ ကိုးကွယ်လိုပါသည်" ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် "ဇရာပထနဂါးမင်း၊ ငါ၏ ဆံတော်တို့ကို သင်တို့၏ နဂါးပြည်၌ စေတီတည်၍ ကိုးကွယ်ခဲ့သော် အမျိုးလေးပါး (လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံး) တို့သည် ကိုးကွယ်ပူဇော် ခြင်းကို မရ။ လူ့ပြည်၌သာ စေတီတည်၍ ကိုးကွယ်ပူဇော်အပ်၏" ဟု မိန့်တော်မူသည်။

(ဃ) ဆံတော်ရှင်စေတီတည်ရန် ဘုရားရှင် ညွှန်ပြ သုဒဿန

ဆက်လက်၍ နဂါးမင်းက လျှောက်ထားသည်မှာ "ဤလူ့ပြည်တွင် အဘယ်အရပ်၌ စေတီ တည်အပ်ပါသနည်း"။

ထိုအခါ မြတ်စွာဘုရားသည် ရှေးခန္ဓာဘဝအစဉ်က ပုဗ္ဗေနိဝါသာနဿတိ ဉာဏ်တော်ဖြင့် လည်း ကောင်း၊ နောက်နောင် သာသနာငါးထောင် တည်အံ့သည်ကို အနာဂတံသဉာဏ်တော်ဖြင့်လည်းကောင်း ဆင်ခြင်တော် မူသည်။ ဘုရားရှင်က သုဒဿနဂိရိတောင်သည် ရှေးနောင်တော်ဖြစ်သော -

- ကက္ကုသန်မြတ်စွာဘုရား၏ ဒုကုဋ်တော် (ပရိဘောဂစေတီ)
- ကောဏာဂုံမြတ်စွာဘုရား၏ အံသကိုဋ်သင်္ကန်းတော် (ပရိဘောဂစေတီ) နှင့်
- ကဿပ မြတ်စွာဘုရား၏ ခါးပန်းတော် (ပရိဘောဂစေတီ) စသည်တို့၏ ဌာပနာရာ ဖြစ်သည်။

ထို့ပြင် ငါဘုရားလောင်းလျာဘဝ ဖွတ်မင်း၊ ယုန်မင်း၊ ကြက်မင်း၊ ဟင်္သာမင်းတို့အဖြစ် ဤသုဒဿန ဂိရိ တောင်၌ ဖြစ်ခဲ့ဖူးသည်။

မြတ်စွာဘုရားက "နဂါးမင်း ယနေ့မှစ၍ ငါးဆယ့်ကိုးရက်သို့ရောက်လျှင် အဇ္ဈိက၊ ဘလ္လိက ကုန်သည်ညီနောင်နှစ်ယောက်တို့သည် ရောက်လာကုန်လတ္တံ့၊ ထိုကုန်သည် ညီနောင်တို့အား ဆံတော်ဓာတ်တို့ကို ပေးအပ်ပြီးလျှင် ညီနောင်တို့နှင့်တကွ တိုင်ပင်ကြကာ ဤသုဒဿနဂိရိတောင်၌ တည်ထား ကိုးကွယ်ကြလေ" ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားက ဤမျှမကသေး။ "သမ္ဗုလဘီလူး၏ ဥဏ္ဏာလုံမွေရှင်တော် တစ်ဆူ။ သုပုပ္ဖိက မွေရှင်တော် တစ်ချောင်း၊ ဤနှစ်ချောင်းသော မွေရှင်တော်တို့ကို သုဒဿနဂိရိတောင်၌ စေတီတည်လေ" ဟု မိန့်တော်မူ၏။

## (င) သမ္ဗုလ ဘီလူး တည်ကာထား၊ ကျန်မွေရှင်နှစ်ပါး ဖိုးဦးတောင်ဘုရား

တစ်ဖန် မြတ်စွာဘုရားက "သမ္ဗုလဘီလူး ကျန် ဥဏ္ဏာလုံမွေရှင်တော်တစ်ဆူ၊ ကျန် သုပုပ္ဖိက မွေရှင်တော် တစ်ချောင်း၊ ဤနှစ်ချောင်းသော မွေရှင်တော်တို့ကို သီဟပဗ္ဗတမည်သော ဖိုးဦးတောင်ထိပ်၌ စေတီတည်၍ ကိုးကွယ်လေ" ဆက်လက်၍ မိန့်တော်မူသည်မှာ "ဖိုးဦးတောင်ထိပ်သည် ငါဘုရားလောင်းလျှာဘဝ ခြသေ့်မင်း ဖြစ်ခဲ့ဖူးရာ တောင်ဖြစ်သည်"။

## (စ) ဘီလူးသုံးဦး ၊ မွေဘော်ခြောက်ဆူ၊ ပေါင်းစုလျှကာ ဘုရားတစ်ဆူပါ

မြတ်စွာဘုရားက "ဝေသာမိတ္တဘီလူး၊ ဣန္ဒိမန္တဘီလူးနှင့် ဝေလုကန္တဘီလူး တို့ သင်တို့အား ငါဘုရား ပေးအပ်တော်မူသော မွေရှင်တော် ခြောက်ဆူလုံးကိုလည်း သုဒဿနဂိရိတောင်၌ပင် တစ်ဆူတည်း ပေါင်း၍ စေတီတည်ကြလေ" ဟု မိန့်တော်မူ၏။

## (ဆ) လေးဆူဘုရား၊ လေးမည်ပြားသည့် သုဒဿနတောင်

ဤသုဒဿနဂိရိတောင်သည် -

- ကကုသန် မြတ်စွာဘုရားလက်ထက် လေးယူဇနာမြင့်သည့် ဓမ္မသေနပဗ္ဗတောင်။
- ကောဏဂုံမြတ်စွာဘုရားလက်ထက် သုံးယူဇနာမြင့်သည့် ဣသိဂိလိတောင်။
- ကဿပမြတ်စွာဘုရားလက်ထက် နှစ်ယူဇနာမြင့်သည့် မန္ဒာဂိရိတောင်။
- ယခု ငါ ဂေါတမ ဘုရားလက်ထက် တစ်ဥဿဘမြင့်သည့် သုဒဿန ပစ္စေကဗုဒ္ဓါ အမျိုးရှိသော အရှင်ပစ္စေကဗုဒ္ဓါ ငါးရာတို့သည် ရံခါမပြတ် သီတင်းသုံးရာ ဖြစ်သောကြောင့် "သုဒဿနဂိရိ" ဟု အမည်တွင်လေသတည်း [၁] ။

## (ဇ) ဘူမိနက်သန် အောင်မြေမှန်၊ လေးဆူဓာတ်ပျော် ပြည်ရွှေဆံတော်

သုဒဿနဂိရိတောင်ထိပ်တွင် လေးဆူဓာတ်ပျော် ပြည်ရွှေဆံတော် စေတီတော်ကို မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်အရ "ဇရာပထနဂါး ( ၎င်း၏ ဆံတော်ဓာတ်လေးဆူ) သမ္ဗုလဘီလူး (၎င်း၏ ဥဏ္ဏာလုံမွေရှင်တော် တစ်ဆူနှင့် သုပုပ္ဖိက မွေရှင်တော်တစ်ချောင်း)၊ တို့နှင့်အတူတကွ ဝေဿမိတ္တ . ဣန္ဒိမန္တ၊ ဝေလုကန္တ ဘီလူး၊ အဇ္ဈိက. အလ္လိက ( အဓိပစ္စယ ရမ္မာဝတီမြို့သား) ကုန်သည်ညီနောင် နှစ်ယောက် ၊ စုစုပေါင်း ခုနစ်ယောက်တို့သည် အညီအညွတ်ပြုကာ"တည်ထားခြင်း ဖြစ်သည်။

---

၁။ စေတီယပကာသနီကျမ်း နှာ ၂၆၃ မှ ၂၆၇ ထိ

ထိုတောင်သည် ဘူမိနက်သန် အောင်မြေမှန် ဖြစ်သည်။ ဇေယျဘူမိ ပကတိအောင်မြေဟူသည်၊ မီး, ရေ, လေ, မြေ ဓာတ်လေးပါးတို့၏ ထူးခြားသော ဓာတ်ပြုမှုကြောင့် ဖြစ်ပေါ်လာသော မြေဖြစ်သည်။ မြေ၏ မူလဘူတ စွမ်းအားကြောင့် မနောမယ ပတ္တမြားကဲ့သို့ စွမ်းအင်သတ္တိရှိသောမြေဖြစ်သည်။

ဗုဒ္ဓမြတ်စွာသည် "မာရ်ငါးပါးကို အောင်မြင်တော်မူ၍ သုံးလောကထွတ်ထား ဘုရားဖြစ်တော်မူရာ အပရာဇိတပလ္လင်နှင့် ဗောဓိပင်တည်ရာမြေသည် မြေတကာတို့၏ အထွတ်အထိပ် ပကတိအောင်မြေပင်" ဖြစ်သည်။ ကမ္ဘာမြေကြီးဖြစ်ပေါ်ရာတွင် ယင်းမြေက စတင်ဖြစ်ပေါ်ခဲ့၍ ကမ္ဘာမြေကြီး ပျက်စီးလျှင် ယင်းမြေသည် နောက်ဆုံးမှ ပျက်စီးကြောင်း၊ "သုတ်မဟာဝါ အဋ္ဌကထာ"၌ ပြဆိုထားသည်။ ဘုရားရှင်တိုင်းသည် ယင်းပကတိအောင်မြေ၌သာ ပွင့်တော်မူကြသည်။

အပရာဇိတ ပလ္လင်္ကော၊ သီသေ ပုထု ဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ ၊ အဂ္ဂပတ္တော ပမောဒတိ [၁] ။

ကလိင်္ဂဗောဓိဇာတ်တွင်မူ ပကတိအောင်မြေနှင့် စပ်လျဉ်း၍ ယင်းပကတိအောင်မြေ၏ အထက်ကောင်းကင်၌ လူ . သိကြား . နတ်. ပြဟ္မာတို့သည် လည်းကောင်း၊ ဆင်ပျံ. မြင်းပျံတို့သည် လည်းကောင်း ဖြတ်သန်းခြင်းငှာ မစွမ်းနိုင်။

လေးဆူဓာတ်ပျော် ပြည်ရွှေဆံတော်တွင် အခြားထူးခြားချက်များလည်း ရှိနေပါသည်။

၁။ ဌာပနာ နှစ်ထပ်ရှိသည်။ (ကုန်သည်ညီနောင်တို့၏ ဌာပနာနှင့် ဒွတ္တပေါင်မင်းကြီးဌာပနာ)

၂။ ထီးတော်နှစ်ထပ်ရှိသည်။ (မွန်မင်းထီးတော်နှင့် ဘုံကိုးဆင့်ပါ အလောင်းမင်းတရားထီးတော်)

၃။ ပွဲတော်နှစ်ထပ်ရှိသည်။ (ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြတ်စွယ်တော်ပွဲတော် )

၄။ အောင်မြေနှစ်ထပ်ရှိသည်။ (အတွင်းအောင်မြေကိုးဌာန နှင့် အပြင်အောင်မြေ ကိုးဌာန)



(ဈ) သိကြားခတ်နိပ် မြတ်တံဆိပ်တွင်၊ ပါဝင်ထင်ပေါ် ပြည်ရွှေဆံတော်

သုသုဇာဂ၊ နာမထင်ရှား၊ သိကြားခတ်နိပ်၊ တံဆိပ်ထင်ပေါ်၊ ပြည်ဆံတော်ကား၊ ဌာပနာနှစ်ထပ်၊ ထီးနှစ်ထပ်ပြင်၊ နှစ်ထပ်ပွဲတော်၊ တူစုံပျော်သား၊ ထုတ်ဖော်ကျန၊ ဂမ္ဘီရဓာတ်၊ နှစ်ထပ်အောင်မြေ၊ နင်းလျှောက် ပွေလျက်၊ လိုလေသမျှ၊ ငှဝေရသ၊ ဓာတ်စမဖြင့်၊ နှစ်ဝတူယှဉ်၊ ဓိဋ္ဌာန်ဝင်တက်လှမ်း၊ စခန်းထွေထွေ၊ ကျင့်စဉ်တွေနှင့်၊ ဆုခွဲပန်သ၊ တောင်းကုန်ကြလော့ [၂]။







၁။ ပုပ္ဗကာရသုတ်။ ၂။ လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော် အဂ္ဂပဒေသ အောင်မြေတော်။

## (ည) ဘုရားရှင် ဆံတော်ပေးသနား ရသေ့ခြောက်ပါးနှင့် ပုဂ္ဂိုလ်ခုနစ်ဦး (ဝါ)ကိုဦး

မဟာသက္ကရာဇ် ၁၁၁ - ခုနစ်တွင်၊ ဗုဒ္ဓမြတ်စွာ ဘုရားသည် နောက်ပါရဟန္တာ ငါးရာနှင့်တကွ သုဝဏ္ဏဘူမိ (သထုံ)သို့ ကြွရောက်လာတော်မူခဲ့စဉ် ရှေးဦးစွာ လာရောက်ဖူးမြော်ကြသော ရသေ့ခြောက်ပါးနှင့် နောက်မှ ရောက်ရှိလာသော **ပုဂ္ဂိုလ်ခုနစ်ဦး** အသီးသီးတို့အား ဆံတော်ဓာတ်မြတ် တစ်ဆူစီ ပေးသနား ချီးမြှင့်တော်မူခဲ့ကြောင်း သိရှိရပါသည်။

ထိုပုဂ္ဂိုလ်များထဲတွင် မုဂနိမ်းတောင်၌ သီတင်းသုံးသော နာရဒရသေ့ကြီးသည်လည်း ဆံတော်ဓာတ်တစ်ဆူ ရရှိခဲ့ပြီး မိမိနေရပ်သို့ ပြန်လာရာ ညီတော်ရသေ့နစ်ပါးက မေတ္တာရပ်ခံသဖြင့် အဓိဋ္ဌာန်ပြုကြသည်။ ဆံတော်ဓာတ် **သုံးဆူ** ပွားလာပြီး ရသေ့ညီနောင်သုံးပါးတို့ကလည်း မိမိတို့ သီတင်းသုံးကြရာ တောင်ကုန်းများပေါ်တွင် ဆံတော် တစ်ဆူစီ ဌာပနာ၍ စေတီတော် တစ်ဆူစီ တည်ထားကိုးကွယ်ခဲ့ကြသည်။ ထိုစေတီတော်များမှာ **"ဓမ္မသိုက် စေတီ၊ ဓမ္မသတ်စေတီ၊ ဓမ္မချုပ်စေတီ"** တို့ အသီးသီးဖြစ်မည်ဟု ယူဆရပါသည်။

ဘုံပျံဆရာတော် ဦးပညာသာမိ ရေးသော "ပိုလ်တစ်ထောင်ဆံတော်ဦးစေတီတော်သမိုင်း" တွင် မြတ်စွာ ဘုရားထံမှ **ရသေ့ကြီးခြောက်ပါး** ဆံတော်ရရှိပြီးနောက်၊ အခြားပုဂ္ဂိုလ် **ကိုးဦး**တို့လည်း ဆံတော်များ ရရှိခဲ့ကြသေး ကြောင်း သိရှိရပါသည်။ ၎င်းတို့မှာ -



၁။ သီဟဒီပကျွန်း ဥတ္တရဂ်တောင်မှ - ရသေ့ခေါက်
၂။ ဆောင်ခဲတောင်မှ - အလ္လကပ္ပရသေ့
၃။ ဒိုးယွန်းတောင်မှ - ရသေ့
၄။ ကျိုက်ခမီတောင်မှ - ရသေ့
၅။ မွတ်လအဒိတောင်မှ - ကပ္ပရသေ့
၆။ မွတ်လအတ်တောင်မှ - နာရဒရသေ့
၇။ ဝါဂရူလမိုင်း ကေလာသတောင်မှ - ရသေ့
၈။ သယ်သနဂရ မှ - မကော်(မတ်တော်) သူကြွယ်နှင့်
၉။ ကော့ယက္ခ ဇုတ်သုတ်ကျွန်းမှ - နတ်ဘီးလူးညီနောင်တို့ အသီးသီး ဖြစ်ကြသည်ဟုဆို၏။

တဖန် "ကျိုက်ထိုမြို့ ကျိုက်ပေါလော မဲ့ရှင်တော်ဘုရားသမိုင်း"နှင့် "တွံတေးမြို့နယ် ဆံတော်ရှင် ဓနတ်စေတီတော် သမိုင်း" တို့တွင် သုဝဏ္ဏဘူမိ (သထုံ) ဘုရင် စူဠသိရီမာသောကမင်း၏ တောင်းပန်ချက်ကြောင့် ရဟန္တာအရှင် သောဏနှင့် အရှင်ဥတ္တရတို့သည် ၎င်းတို့နှင့်အတူ မဇ္ဈိမဒေသမှပါလာသော ရဟန္တာ အရှင်ကိသာ ဂုတ္တကို အကြီးအမှူးပြု၍၊ တွံတေး ဒလသား - ရှင်တိက္ခပညာ၊ ရှင်သာဂရပညာ၊ ကျိုက်ထိုသား ရှင်ဗုဒ္ဓဉာဏ၊ ဇင်းကျိုက်သား - ရှင်တိဿ၊ ဒိန်မယ်သား - ရှင်အတိရ၊ မော်လမြိုင်သား - ရှင်သုဒ္ဓတို့ကို မဇ္ဈိမဒေသသို့ စေလွှတ်ပြီး ရဟန္တာ အရှင် မောဂ္ဂလိပုတ္တတိဿနှင့် ပါဋလိပုတ်ဘုရင် သိရီဓမ္မာသောကမင်းကြီးတို့ထံမှ မြတ်ဘုရား၏ ဓာတ်တော်၊ မွေတော်များ တောင်းခံစေသည်။


ထိုပုဂ္ဂိုလ်များ ပြန်လာသောအခါ မြတ်ဘုရား၏ **ဆံတော်** ( ၇၈ ) ဆူနှင့် သရီရဓာတ်တော် သုံးစလယ် ရရှိလာသဖြင့်၊ အသီးသီး ဝေငှပေးပြီး မိမိတို့၏ နေရပ်ဒေသ အသီးသီးတွင် ဆံတော်ဓာတ်များ ဌာပနာ၍ စေတီတည်ထား သာသနာပြုကြစေသည်ဟု လေ့လာဖတ်ရှုရပြန်ပါသည်။

---

၁။ ပုဗ္ဗကာသုတ်။ ၂။ လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော် အဂ္ဂပဒေသ အောင်မြေတော်။

## (၄) တန်ခိုးကြီးစေတီတော်ခုနစ်ဆူ

မုံရွေးဇေတဝန်ဆရာတော် "အရှင် အရိယာဝံသ အာဒိစ္စရံသီ ၏ စေတီယကထာ" တွင် ရာမညတိုင်း၌ ဘုရားရှင်လက်ထက် ဆံတော်စစ်များ ဌာပနာထည့်သွင်းတည်ထားသော **"တန်ခိုးကြီးစေတီတော် ခုနစ်ဆူ"** ရှိကြောင်း ဖော်ပြထားသည်။ ၎င်းတို့မှာ -



၁။ ရွှေတိဂုံစေတီ ၂။ ကျိုက်ဒေးပဲ စေတီ

၃။ ကျိုက်မွန်တင် စေတီ ၄။ ကျိုက်ခေါက် စေတီ

၅။ ကျိုက်ခနေတ် စေတီ ၆။ ကျိုက်မတ်ကော် စေတီ

၇။ ရွှေမောဓော စေတီ တို့ အသီးသီး ဖြစ်ကြသည်။

ထိုစေတီတော်ကြီးများထဲတွင် သက်တော်ထင်ရှား ရှိစဉ်ကတည်းက "ဆံတော်စစ် နှစ်ဆူစီ" ဌာပနာ ထည့်သွင်း တည်ထားခဲ့ကြောင်း လေ့လာသိရှိရပါသည် [၁]။

ဤခုနစ်ဆူဘုရားကိုရည်၍ -

"ရှင်တော် စတေ ခုနစ်နေသား မီးရေလေဆုံး ၊ ခြောက်ဘုံလုံးက ရွက်ကျိုးရှိခိုး ၊ စောဘုန်းထူး"။

ရှင်တော်စတေ ဟူသည်ကား ရှင်တော်ဆံတော်ဓာတ် အစစ်ကိုဆိုလိုသည်။

သံဝရနိဂုံးတွင်လည်း "ဝင်းထွတ်စတေး မှတ်တော်ထွေ ဖြင့်" ဟု ပြဆိုထားရာ ဝင်းထွတ်အစစစ် မှတ်လေသည်။

## ( ၅ )ရာမညတိုင်း သုံးရပ်ဓာတ်တော်သမိုင်း

ရာမညတိုင်း သုံးရပ်ဓာတ်တော်သမိုင်း ကျမ်းသည် သက္ကရာဇ် ၁၂၇၃ခုနှစ် နောင်တန်းခူးလတွင် ရန်ကုန်မြို့ ဂေါ်တဝင်လမ်းမတော် မြန်မာ့သြဘာစာပုံနှိပ်တိုက်မှပုံနှိပ်ခဲ့သည်။ ဤကျမ်းကို ရန်ကုန်မြို့ စစ်ကဲမောင်ထော် လေးလမ်းနေ အငြိမ်းထမ်းမြို့အုပ်သူကောင်းပြု မြို့ဝန် ဦးသာပိုးဇနီး ခင်ပွန်းမိသားစုတို့က သားရှင်ပြုရန် ဓမ္မဒါနအဖြစ် လုပ်ဆောင်ကမ်းလှမ်းသော စာအုပ်ဖြစ်သည်။

ထိုရာမညတိုင်း သုံးရပ်ဓာတ်တော်သမိုင်းသည် သက္ကရာဇ် ၁၁၅၄ခု တန်ခူးလဆန်း (၇)ရက်ကစ၍ မုတ္တမမြို့နေ မဟာပိန္နဲဘုန်းတော်ကြီးတွင် မွန်ဘာသာအက္ခရာတစ်စောင် ၃၂အင်္ဂါမှ မြန်မာဘာသာ(၄၇ အင်္ဂါ)ပြန်ဆိုစေ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း တောင်ဘီလူးလူထွက် ငပေါက်(ဦးပေါက်)ပြန်ဆိုသည် တွင် တလိုင်း(မွန်)သံတော်ခံကြပ်မ၍ ပြန်ဆိုစေသည်ဘုရားဟူ၍ စတင်ဖြစ်ပေါ်လာပုံကိုတွေ့ရသည်။ ယင်းကျမ်းတွင် ဗုဒ္ဓရှင်တော်မြတ်၏ ဆံတော်ဓာတ်များတည်ရှိရာ ဒေသပေါင်း(၇၀)ကျော်ကို တွေ့ရှိရပေသည်။

---

၁။ အောင်ဇ LL.B ၏ ကျိုက်မကော်စေတီတော်နှင့် စိတ်ဝင်စားဖွယ်ရာများမှ ကောက်နုတ်ဖော်ပြသည်။

ထိုထိုသော မြို့အမည် များသည်ကား -

၁။ ဇယားမြို့
၂။ ဝါခရုမြို့
၃။ လမိုင်းမြို့
၄။ ရေးမြို့
၅။ ဝင်းရော်မြို့
၆။ အထရံမြို့
၇။ အသမိမြို့
၈။ ဂွမ်းမြို့
၉။ တောင်ပို့မြို့
၁၀။ ကလစ်မြို့
၁၁။ ဖွဲရမြို့
၁၂။ ကော့ဘိမ်းမြို့
၁၃။ ဂျိုင်းမြို့
၁၄။ လုံပေါင်မြို့
၁၅။ သဇိုင်မြို့
၁၆။ ထားဂျိုင်းမြို့
၁၇။ ကလိမ်အောင်မြို့
၁၈။ ဒလမြို့
၁၉။ လိုင်မြို့
၂၀။
၂၁။ ဇမိမြို့
၂၂။ မြိုင်မြို့
၂၃။ လုံသယ်ဇန်မြို့
၂၄။ လုံပင်တိုင်မြို့
၂၅။ လဂုံပြင်မြို့
၂၆။ ရင်းအုံမြို့
၂၇။ ဒုံဝန်းမြို့
၂၈။ ဘီလူးကျွန်းမြို့
၂၉။ လုံရင်ဇိန်မြို့
၃၀။ လုံဂမော်မြို့
၃၁။ လုံအိတိက်မြို့
၃၂။ လုံလိုင်ဘလဲမြို့
၃၃။ လုံပြည်မြို့
၃၄။ လုံပလည်မြို့
၃၅။ လုံမော်လမြိုင်မြို့
၃၆။ ဒုံမောပုံမြို့
၃၇။ ကျိုက်ဒုံလတင်မြို့
၃၈။ ဒုံဇရာမြို့
၃၉။ ဒုံဇတ်ပြမြို့
၄၀။ ဒုံသတိုင်မြို့
၄၁။ ပဲခူးမြို့
၄၂။ ထားဝယ်မြို့
၄၃။ တြိရဂ်မြို့
၄၄။ ဒုံဂမာဂလောမြို့
၄၅။ သာယာဝတီမြို့
၄၆။ ဒုံလမေမြို့
၄၇။ ဒုံဇောင်တူမြို့
၄၈။ ပုသိမ်မြို့
၄၉။ မင်မလမြို့
၅၀။ ပန်တောင်မြို့
၅၁။ ဒုံမေဒံမြို့
၅၂။ ဒုံသင်ကောင်မြို့
၅၃။ ဒုံဒွိကျည်မြို့
၅၄။ ဒုံအပြမြို့
၅၅။ ဒုံကဘင်မြို့
၅၆။ ကုသိနာရုံမြို့
၅၇။ ဒုံအသားမြို့ (ကျိုက်ကလာ)
၅၈။ ဒုံဘန်မြို့
၅၉။ မြဝတီမြို့
၆၀။ ဒုံဒရောမြို့
၆၁။ ဒုံကမိုင်ဖြစ်မြို့
၆၂။ ဒုံအရွတ်မြို့
၆၃။ ဒုံဘိတ်သလိုက်မြို့
၆၄။ သောက္ကတဲမြို့
၆၅။ ဒုံလမောမြို့
၆၆။ ဒုံနောင်ဂဇိမြို့
၆၇။ ဒုံဒေါင်ပါပုံမြို့
၆၈။ ဒုံသံသောက်မြို့
၆၉။ ဒုံကောသံဘုံမြို့
၇၀။ ဒုံသုဝဏ္ဏဘုံမြို့
၇၁။ ဒုံမြိုက်သထုံမြို့
၇၂။ သရဝသီမြို့
၇၃။ အနိဗ္ဗုယပုရံမြို့
၇၄။ တြိဂုမ္ဘ၊ တိဂုံ၊ ဒဂုံမြို့

စသည်တို့ဖြစ်ကြသည်။

ရေးအစဉ်အလာအရ ရာမညတိုင်း၌ နောင်ကာလတွင် ဗုဒ္ဓ၏သရီရ ဓာတ်တော်. မွေတော်များကို တည်ထား ပြုစု ကိုးကွယ်ကြသည့် အကြောင်းနှင့် စပ်လျဉ်း၍ ဤသို့တွေ့ရသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် အများသတ္တဝါတို့ ကိုးကယ်ရလတ္တံ့သော ဆံတော်ဓာတ်အစရှိသော ဓာတ်တော်များကို ဘုရားရှင်က ပေးသနားတော်မူခဲ့သည့်အတွက်ကြောင့် ဗျာဒိတ်ထားတော်မူခဲ့သော (၇၁)ဌာနအရပ်၌ စေတီ. ဇရပ်. ဂူ. ကျောင်း. လှိုင်အစရှိသည့် ပြုလုပ်ကိုးကွယ်ခြင်းမှာ ဌာပနာကြသည်။

ကျောက်စာကမ္ပည်းရေးသားကြသည်။ ထိုဌာပနာတို့အပေါ်၌ ကျောက်ထီး. ကျောက်တိုင်. ကျောက်ဖျာခန်း စသည့်အမှတ်အသားစိုက်ထားကြသည်။ ဤသို့ ဓာတ်ပစ္စည်း. ရုပ်ပစ္စည်းများကို ဌာပနာပြီး ကျောက်ထီး. ကျောက်တိုင် အမှတ်အသားစိုက်ခြင်းသည် သမိုင်းကြောင်းအရ (Megalithic) မိဂလစ်သစ် ကျောက်ခေတ်လူသားတို့ ကျောက်တုံး. ကျောက်တိုင်. ကျောက်ဖျာခန်း အမှတ်အသားပြု၍ ကျောက်ဆောင် သချိုင်းသဘောမျိုးကို လေ့လာရပါသည်။ ရာမညတိုင်းသမိုင်းတွင် ဓာတ်တော်များ (၇၁)ပါးသော ရသေ့တို့ကိုးကွယ်သော ဆံတော်. ဓာတ်တော်များကို အရပ်ရပ် မင်းတို့ တည်ထားကိုးကွယ်ကြပုံကိုလည်း အကျယ်တဝင့် ရေးသားထားကြောင်း တွေ့ရသည်။ ထိုသို့ စေတီပုထိုးများ သမိုင်းကြောင်းအရ တည်ရာဌာန၊ အမည် ၊ ရသေ့ ၊ မင်းတို့အမည် ၊ စောင့်ရှောက်ကြကုန်သော တန်ခိုးကြီးနတ်များ ဘွဲ့အမည်၊ ထိုတန်ခိုးကြီး နတ်မင်းတို့၏ ဘွဲ့အမည်များသည် အလွန်ထူးခြား၍ ဆန်းပြားလှသည်။

ဆံတော်ရှင်စေတီများတည်သောအခါ စောင့်ရှောက်ကြသော နတ်မင်းကြီးများအပြင် စေတီကို စောင့်ရှောက် ကြသော ရဟန်းတော်များ ဘွဲ့အမည်များလည်း ဖော်ပြထားသည်။ ရဟန်းတော်များနှင့်အတူ မွန်တိ. မွန်စ. မွန်ည. ရှမ်း. ခံ့(ဂုံ). ခံ့ဘေး. ခံ့အိုင်း. ပအိုဝ်. ဝ - ကရီ စသောလူမျိုးများ ၊ အာရာဝတီမည်သော ယိုဒယားပြည်သားများလည်း ပါရှိကြောင်း တွေ့ရသည်။ ဤ၌တိုင်းရင်းသားများ ဆံတော်ရှင်ဘုရားတည်ရာတွင် ပါဝင်ကြောင်း သတိပြုမိပါသည်။

## (၄) ပရလောက လျှောက်ထား ဆံတော်ရှင်များ ၊ ကိုးဆူဘုရား ဖြည့်စွက်မှတ်သား

မြိုင်ကြီးငူ (ဘေးမဲ့ )ဆရာတော် ဘဒ္ဒန္တသုဇန သည် မီဇိုင်းတောင်ဆံတော်ရှင်စေတီတော်တွင် ဆယ်လ အဓိဋ္ဌာန်ဖြင့် သတ်ပဋ္ဌာန်တရားပွားများနေဆဲ၊ ပရလောကမှ အောက်ပါအတိုင်း လျှောက်ထားသွားကြောင်း သိရှိရ ပါသည်။

"မဟာသက္ကရာဇ် ၁၃၀ - ပြည့်နှစ်တွင်၊ မောတို့ဌာနေ ကမ္ဘောဇတိုင်းမြေ၌ သုဓနမင်းသား မင်းပြုခဲ့သည်။ ထိုမင်းသည် ဒွေးမယ်နော်ကို ငွေတောင်ဆည်မှ ပြန်လည်ဆောင်နှင်းခဲ့ပြီး သုံးနှစ်နန်းစံတော်မူသည်။ တစ်နေ့ သောအခါ သုဓနမင်း၏ ပင့်လျှောက်ချက်အရ - မြတ်စွာဘုရားသည် ယိုးဒယားပြည်၊ ဇင်းမယ်မှ တစ်ဆင့် ကမ္ဘောဇ တိုင်းသို့ ကြွရောက်ကာ၊ ခုနစ်ရက်သီတင်းသုံးနေထိုင်ပြီး ၊ နန်းတော်တွင် မင်းကြီး၏ ဆွမ်းလုပ်ကျွေးမှုကို ခံယူခဲ့သည်။

မင်းကြီးက - မြတ်စွာဘုရား ပြန်ကြွခါနီး ဘုရားရှင်ကိုယ်စားတော် ကိုးကွယ်ရန် ချီးမြှင့်ပေးသနားတော်မူ ပါမည့် အကြောင်း လျှောက်ထားခဲ့သည်။ ဘုရားရှင်က - ဦးခေါင်းတော်ကို ညာလက်ဖြင့် သုံးသပ်၍ ပါရှိလာသည့် ဆံတော်ဓာတ် ကိုးဆူကို မင်းကြီးအား ချီးမြှင့်ပေးသနားခဲ့သည်။

မင်းကြီးကလည်း ရရှိသည့် ဆံတော်ဓာတ်ကိုးဆူကို မိဖုရားများအား တစ်ဆူစီကိုးကွယ်ရန် ထပ်ဆင့်ပေး သနား တော်မူသဖြင့်၊ ၎င်းတို့နှစ်သက်ရာ တောင်ထွဋ်. တောင်မြတ်များတွင် ကျောက်သားအတွင်း ဌာပနာသွင်းကာ ကျောက်စေတီ အသီးသီး တည်ထားကိုးကွယ်ခဲ့ကြသည်။ ထိုဆံတော်ရှင်စေတီတည်ရှိရာ ဒေသများ အေးချမ်း သာယာဝပြော၍ ဆံတော်ရှင်သာသနာ အလျှင် - အမြန် ပွင့်လင်းအောင် (ဘေးမဲ့စားသုံးကာ) ဖွင့်လှစ်ပေးပါရန် ကိုလည်း မေတ္တာရပ်ခံ တောင်းပန်လျှောက်ထားသွားကြောင်း လေ့လာဖတ်ရှု သိရှိရပါသည်။

| | | | | |
|---|---|---|---|---|
| ၁။ | မိဖိုင်းတောင် | ဆံတော်ရှင်စေတီတော် | - | ကရင်ပြည်နယ်၊ |
| ၂။ | ဖာပွန်.ရွှေအံတော်တောင် | ဆံတော်ရှင်စေတီတော် | - | ကရင်ပြည်နယ်၊ |
| ၃။ | တိုကြိုးတောင် | ဆံတော်ရှင်စေတီတော် | - | ကရင်ပြည်နယ်၊ |
| ၄။ | တာခုလော်ကြိုးတောင် | ဆံတော်ရှင်စေတီတော် | - | ကရင်ပြည်နယ်၊ |
| ၅။ | လေးကေကူတောင် | ဆံတော်ရှင်စေတီတော် | - | ကရင်ပြည်နယ်၊ |
| ၆။ | မယ်ကစောတောင် | ဆံတော်ရှင်စေတီတော် | - | ကရင်ပြည်နယ်၊ |
| ၇။ | မယ်တော့ကြိုးတောင် | ဆံတော်ရှင်စေတီတော် | - | ကရင်ပြည်နယ်၊ |
| ၈။ | ထွီးဖားဝီးကြိုးတောင် | ဆံတော်ရှင်စေတီတော် | - | ကရင်ပြည်နယ် နှင့် |
| ၉။ | ဆင်တောင် | ဆံတော်ရှင်စေတီတော် | - | ကယားပြည်နယ် |

တို့ အသီးသီး ဖြစ်ကြသည် [၁]။

## (ခ) ရသေ့နည်းတူ တောင်းပန်ရယူ သွားတော်ဓာတ် သုံးဆယ့်သုံးဆူ

ကုန္တမနေတောင်တွင် ရသေ့သူတော်စင် ခြောက်ဦးတို့အား မြတ်စွာဘုရားက ဆံတော်ဓာတ်မြတ် ခြောက်ဆူ ချီးမြှင့်တော်မူသည့်အတွက် သထုံဘုရင် မဟာသိရိမာသောကမင်းကြီးကလည်း မြတ်စွာဘုရား၏ ကိုယ်စားတော် ကိုးကွယ်ခွင့် ချီးမြှင့်ပေးသနားတော်မူပါရန် လျှောက်ထားတောင်းပန်လေသော် မြတ်စွာဘုရားက မိန့်ကြားတော်မူသည်မှာ -

"ယခု အချိန်မှ နောက် (၃၇)ဝါမြောက်တွင် ငါဘုရား၏ သွားတော်ဓာတ် သုံးဆယ့်သုံးဆူ တို့ကို ကိုးကွယ်ပူဇော်ရလတ္တံ့." ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။ မြတ်စွာဘုရားသည် ဤရာမညတိုင်းတွင် အနာဂတ်ကာလ၌ ငါဘုရား၏ သာသနာတော် ပွင့်လင်းထွန်းတောက်တော်မူလတ္တံ့.ဟု မြင်တော်မူ၍ ထိုကုန္တမနေတောင်၏ (၃၃)ခုသော နေရာဌာနအသီးသီးတွင် ဖလသမာပတ်ဝင်စားကာ သီတင်းသုံးချီးမြှင့်ပေးတော်မူခဲ့သည်။ သာသနာ့ဓာတ်ပန္နက်တင်တော်မူခဲ့သည်။ ဆံတော်ဓာတ် ချီးမြှင့်သင့်သူကို ဆံတော်ဓာတ်၊ သွားတော်ဓာတ် ချီးမြှင့်သင့်သူကို သွားတော်ဓာတ် ရွေးချယ်ချီးမြှင့်ကြောင်း သိရှိရပါသည်။

သက္ကရာဇ် - ၁၄၈ - ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင် မလ္လာမင်းတို့၏ ဥယျာဉ်တော်ရှိ ညောင်စောင်းတော်ဝယ် မြတ်စွာဘုရား အနုပါဒိသေသ ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့သည်။ ပရိနိဗ္ဗာန် ဝင်စံတော်မူခါနီး အရှင်ဂဝံပတိ ရဟန္တာမထေရ်အား ဗျာဒိတ်စကားမိန့်မှာတော်မူချက်အရ၊ "ဘုရားရှင်၏ သွားတော်ဓာတ်သုံးဆယ့်သုံးဆူတို့ကို ထင်းပုံထက်မှ ယူဆောင်တော်မူ၍ သထုံပြည်ရှိ မဟာသိရိမာသောကမင်းအား ပူဇော်တော်မူရန် ပေးအပ်ခဲ့ကြောင်း" သိရှိရသည်။

## (ဂ) မင်းနှင့်ပြည်သူ သဒ္ဓါကြည်ဖြူ သွားတော်စေတီ သုံးဆယ်သုံးဆူလှူ

ထို့ကြောင့်၊ မဟာသိရိမာသောကမင်းကြီးသည် အလွန်ဝမ်းမြောက်စွာဖြင့် မင်းနှင့်ပြည်သူ သဒ္ဓါကြည်ဖြူ အတူတကွ လက်တွဲ၍ ဤကုန္တမနေတောင်ပေါ်တွင် ဘုရားရှင် ကြွလာခဲ့စဉ်က ဖလသမာပတ်ဝင်စား သီတင်းသုံး

---

၁။ မြိုင်ကြီးငူ ဆရာတော်၏ ဘဝအချိုးကွေ့ ယွန်းစလင်းအမြုတေ ပထမတွဲ ( နှာ - ၂၇၄ - ၂၇၅ )

နေထိုင်တော်မူခဲ့သော နေရာ ၃၃-ဌာနတွင် သွားတော်တစ်ဆူစီကို ဌာပနာပြီး ကျောက်စေတီငယ် ၃၃-ဆူ အသီးသီး တည်ထားကိုးကွယ် ပူဇော်ခွင့် အထူးကို ရရှိခဲ့ကြပေသည်။ ထိုစေတီတော်များသည် မြတ်စွာဘုရား၏ ဓာတုစေတီတော်များ ဖြစ်ကြသည်။

## (ခ) ထူးလှမြန်မာပြည် ဘုရားရှင် အကြိမ်ကြိမ်ကြွသည်

ဘုရားရှင်သည် သိကျွာဝါနှစ်ဆယ်အရတွင် မြန်မာနိုင်ငံအထက်ပိုင်း သုနာပရန္တတိုင်းသို့ နောက်ပါသံဃာ တော် တစ်ပါးယုတ်ငါးရာ (၄၉၉-ပါး)ဖြင့်လည်း၊ ခုနစ်ရက်ကြွရောက်သီတင်းသုံးတော်မူခဲ့ကြောင်း၊ မကွေး မြသလွန် သစ္စဗန္ဓရသေ့တောင်းပန်၍ (ကေ၊ လာ၊ ဝ၊ ဟ)အထက်စက်တော်ရာ ပါဒစေတီ တစ်ဆူ၊ နမ္မဒါနဂါးမင်း တောင်းပန်၍၊ (န၊ န္ဒ၊ ဂု၊ န ) အောက်စက်တော်ရာပါဒစေတီ တစ်ဆူ၊ စုစုပေါင်း လက်ဝဲပါဒစေတီတော် နှစ်ဆူ တို့နှင့်တကွ မင်းဘူးရွှေစေတီတော် ၊ မဟာပုဏ္ဏမထေရ်၏ ပင့်လျှောက်ချက်အရ ပွင့်ဖြူမြို့နယ် . စန္ဒကူးနံ့သာ ကျောင်းတော်ရာ သမိုင်းများအရလည်းကောင်း၊

ဘုရားရှင်သည် သိကျွာဝါတော်နှစ်ဆယ်အရတွင် မြန်မာနိုင်ငံ အနောက်ပိုင်း စန္ဒသူရိယမင်း၏ စိတ်ဖြင့် ပင့်လျှောက်သောကြောင့် နောက်ပါ သံဃာတော်ငါးရာဖြင့် ကြွရောက်တော်မူခဲ့ကြောင်း ၊ မဟာမုနိရုပ်ရှင်တော်မြတ် ကြီး၏ သမိုင်းများအရ လည်းကောင်း မြန်မာပြည်သို့ ဘုရားရှင်သည် နောက်ပါသံဃာတော်များနှင့်တကွ အကြိမ်ကြိမ် ကြွရောက်ချီးမြှင့်ပေးခဲ့ကြောင်း သိသာထင်ရှားစွာ လေ့လာ သိရှိရပါသည်။

## (ဂ) သာသနာ့ ဆူးငြောင့်ခလုတ်၊ အမှန်တကယ် ဖယ်ထုတ်

ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ၊ ဗုဒ္ဓသာသနာတော်၊ အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေရန်နှင့် ဗုဒ္ဓဘာသာ စည်ပင်ပြန့်ပွားစေရန်အတွက် ရဟန်းသံဃာတော်များသည် ဗုဒ္ဓသာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက် လိုသော သာသနာပြုမင်းများ၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ တိုင်းသူ၊ ပြည်သားများ၏ အလှူဒါနဖြင့် သင်္ဂါယနာတင်ခဲ့ ပါသည်။

မဟာသက္ကရာဇ် ၁၄၈-ခုနှစ် (၄၃၈-ဘီစီ)တွင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်တော်မူပြီး သုံးလအကြာ ရာဇဂြိုဟ်ပြည် အဇာတသတ်မင်း လက်ထက် "သုဘဒ်" ရဟန်းကဲ့သို့ သာသနာညစ်နွမ်းစေမည့် အယူလွဲသူတို့ အန္တရာယ်မှ ကာကွယ်ရန်အလို့ငှာ ဝေဘာရတောင်ယံ သတ္တပဏ္ဏိလိုဏ်ဂူ၌ အရှင်မဟာကဿပမထေရ် အမှူးပြု၍ ၊ ရှင်ဥပါလိ, ရှင်အာနန္ဒာ မထေရ်တို့အား အမေး-အဖြေပြုကာ ရဟန္တာငါးရာနှင့် ခုနစ်လတိုင်တိုင် စုပေါင်း ရွတ်ဆိုပြီး ပထမအကြိမ် သင်္ဂါယနာ တင်တော်မူသည်။

သာသနာနှစ် ၁၀၀ ( ၃၈၃-ဘီစီ)ပြည့်တွင် ဝေသာလီပြည် ကာလာသောကမင်းလက်ထက် "အဓမ္မတရား ဆယ်ပါး အယူမှား"များကို ကာကွယ်စိမ့်သောငှာ ဝါလုကာရုံကျောင်းတော်ကြီး၌ သဗ္ဗကာမိမထေရ် , အရှင်ရေဝတ, အရှင်မဟာယသ စသည့် ရဟန္တာ မထေရ်ကြီး ရှစ်ပါးအမှူးပြု၍ အာရုံဆောင် ရဟန္တာခုနစ်ရာနှင့် ရှစ်လတိုင်တိုင် စုပေါင်း ရွတ်ဆိုကာ ဒုတိယအကြိမ် သင်္ဂါယနာ တင်တော်မူသည် [၁] ။

၁။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်း ၁၉၉၁ ခုနှစ်၊ နာ - ၄၈၊ ၄၉၊ ၅၀

## (၆) သာသနာရွှေကြာ ရေမှာတင့်အောင်လို့ ကိုးတိုင်း . ကိုးဌာန သာသနာပြုကြွ

ဗုဒ္ဓမြတ်စွာ သာသနာတော် သက္ကရာဇ် ၂၃၅-ခုနှစ် (၂၄၇ - ဘီစီ )တွင် ပါဋ္ဌလိပုတ်ပြည်၊ သိရိဓမ္မာသောက မင်းကြီးလက်ထက် ရဟန်းအတုအယောင်များ အန္တရာယ်အညစ်အကြေးမှ သန့်စင်စိမ့်သောငှာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးပြုသော - ရဟန္တာ တစ်သောင်း ၊ သံဃာတော်ပေါင်း ခြောက်သန်း ကျော်ဖြင့် အသောကာရုံကျောင်းတော်ကြီး၌ ကိုးလတိုင် စုပေါင်းရွတ်ဆို တတိယ သင်္ဂါယနာတင်သည်။

ထို့နောက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်သည် သာသနာ့ရန်စွယ် အန္တရာယ် အသွယ်သွယ်တို့ကို ကြိုတင်သိမြင်တော်မူသဖြင့် ပစ္စန္တိမဒေသ၊ ကိုးတိုင်း ကိုးဌာနသို့ ဓမ္မဒူတခေါ် သာသနာ့စေတမန်များ သာသာနာပြု ကြွရောက်ရန် စေလွှတ်တော်မူခဲ့သည် ၁ ။

| စဉ် | ကြွရောက်တော်မူသော မထေရ်မြတ်များ | (ရှေးအခေါ်) တိုင်းများ | (ယခုအခေါ်) တိုင်းများ |
|---|---|---|---|
| ၁။ | မဇ္ဈန္တိကထေရ်နှင့် အခြားလေးပါး | ကသ္မီရဂန္ဓရ | ကရှ်မီးယားနှင့် အဖဂ္ဂနစ္စတန် |
| ၂။ | မဟာဒေဝီထေရ်နှင့် အခြားလေးပါး | မဟိံသက | မိုက်ဆိုးနယ် |
| ၃။ | ရက္ခိတထေရ်နှင့် အခြားလေးပါး | ဝနဝါသီ | ကနွဒနယ် |
| ၄။ | ယောနကဓမ္မရက္ခိတထေရ်နှင့် အခြားလေးပါး | အပရန္တက | ဘုံဘေနယ် |
| ၅။ | မဟာဓမ္မရက္ခိတထေရ်နှင့် အခြားလေးပါး | မဟာရဋ္ဌ | ဟာရပ်ရှိတရာနယ် |
| ၆။ | မဟာရက္ခိတထေရ်နှင့် အခြားလေးပါး | ယောနက | ယူနန်နယ် |
| ၇။ | မဇ္ဈိမထေရ်နှင့် အခြားလေးပါး | ဟိမဝန္တာရပ် | ဟိမဝန္တာရပ် |
| ၈။ | သောဏမထေရ်နှင့် အခြားလေးပါး | သုဝဏ္ဏဘုမ္မိ | သထုံပြည် အရှေ့ကျွန်းစု |
| ၉။ | မဟာမဟိန္ဒထေရ်နှင့် အခြားလေးပါး | လင်္ကာဒီပ | သီဟိုဠ်ပြည် သီရိလင်္ကာနိုင်ငံ |

သုဝဏ္ဏဘုမ္မိ၊ သထုံပြည်ကို ရဟန္တာအရှင်မြတ်တို့၏ သာသနာပြုရာဌာနတစ်ခုအဖြစ် သတ်မှတ်ခံရခြင်းသည် မြန်မာပြည်နှင့်တကွ အရှေ့တောင်အာရှတစ်ခုလုံး ကြီးမားသော လာဘ်၊ ကြီးမားသော ကံကောင်းခြင်းဖြစ်၍ ဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။

---

၁။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်း၊ ၁၉၉၁ ခုနှစ်၊ နှာ - ၅၁

ဗုဒ္ဓမြတ်စွာ သာသနာတော် နှစ်ပေါင်းငါးထောင်ရှိသည့်အနက် ၊ ယခု ဤစာရေးသည့်အချိန်တွင် ၂၅၅၀ ပြည့်နှစ်သို့ ရောက်ရှိနေပြီဖြစ်သဖြင့် ၊ သာသနာသက်တမ်း ထက်ဝက်ကျော် လက်ဆင့်ကမ်းသယ်ဆောင်ကာ မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး ဖြစ်ပါသည်။ ကြွင်းကျန်သက္ကရာဇ် သာသနာတော်နှစ် ၂၄၅၀- ခုနှစ်ကို ဆက်လက်မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက် ရန် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူတိုင်း တာဝန်ကိုယ်စီ (မလွဲမသွေ) ရှိကြပေသည် [၁]။

## (က) နောင့်ယှက်ကင်းစေ လာဘ်မိုးစွေဖို့

သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်တွင် ကိုးတိုင်းကိုးဌာနသာသနာပြု ဓမ္မဒူတအစီအစဉ်အရ အရှင်သောဏ နှင့် အရှင်ဥတ္တရ မထေရ်မြတ်နှစ်ပါးတို့ သထုံပြည်သို့ ကြွရောက်ကာ ဘီလူးတို့၏နောင့်ယှက်မှု ရန်စွယ်အသွယ် သွယ်တို့မှ ကင်းဝေးစေရန် ရည်ရွယ်၍ ပြဟ္မဇာလသုတ္တန် ဒေသနာတော်ကို ဟောကြားချီးမြှင့် ပေးတော်မူခဲ့သည်။ သထုံပြည်နှင့်တကွ ပတ်ဝန်းကျင်ဒေသကိုပါ သာသနာရောင်လွှမ်းအောင် အရှင်မြတ်တို့ ကြိုးစားခဲ့ကြသည်မှာ - "ကိုယ်ကျိုးမပါ သူတစ်ပါးအကျိုး သက်သက်သာ" ဖြစ်ကြပါသည်။

## (ခ) အနိဋ္ဌ လောကဓံ ကြုံ့ကြံ့ခံသော ဓာတုစေတီတော်များ

ထိုအချိန်တွင် သထုံပြည်၌ သိရီမာသောကမင်း မင်းပြုတော်မူနေသည်။ မင်းကြီး၏ လျှောက်ထား တောင်းပန်ချက်အရ ၊ မထေရ်မြတ်နှစ်ပါးက ဂဝံပတိရဟန္တာ မထေရ်နှင့် မဟာသိရီမာသောကမင်းကြီးတို့ ဣန္ဒခ တောင်ပေါ်၌ တည်ထားကိုးကွယ်တော်မူခဲ့သော သွားတော်ဓာတ် ဓာတုစေတီ ( ကျောက်စေတီငယ် ) သုံးဆယ့် သုံးဆူသည် သဘာဝတရားအရ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ သစ်ပင်ကြီးများ ချုံနွယ်ပိတ်ပေါင်းများဖြင့် ဝန်းရံကာဆီး ကာ အနိဋ္ဌ လောကဓံကို ကြံ့ကြံ့ခံနေရကြောင်း ညွှန်ကြားပြသ၍ ပြန်လည်ဖော်ထုတ် မွမ်းမံစေခဲ့သည်။

## (ဂ) သွားတော်ဓာတ်စေတီ ပွင့်ချိန်တန်ပြီ သုံးဌာနီ ရာမညတိုင်းဒေသဆီ

အရှင်သောဏနှင့် အရှင်ဥတ္တရ မထေရ်မြတ်နှစ်ပါး၏ လမ်းညွှန်မိန့်မှာချက်ဖြင့် ဖော်ထုတ်ရရှိသော သွားတော်ဓာတ် ၃၃-ဆူကို သိရီမာသောကမင်းကြီးသည် ရွှေကြုတ်တော် ၃၃-ခုတွင် ထည့်တော်မူသည်။

ထိုမှတဖန် ၎င်းတို့ကို ရွှေဖျင်းအိုး ၃၃-လုံးတွင် တစ်ဆူစီ ထည့်သွင်းတော်မူပြန်သည်။ နောက်ဆုံးတွင် ဌာပနာတိုက် ၃၃-ခုကို ပြုလုပ်ကာ ဌာပနာတိုက်အသီးသီးတွင် တစ်ဆူစီထည့်သွင်း ကိန်းဝပ်စံပယ်စေပြီး အောက်ဖော်ပြပါ သစ္စာဓိဋ္ဌာန် ပြုတော်မူခဲ့သည်။

၁။ မြတ်စွာဘုရားသည် သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ လောကသုံးပါး၌ ပွင့်ထွန်းတော်မူရသည် အမှန်ဖြစ်အံ့။

၂။ သွားတော်ဓာတ် ၃၃-ဆူတို့သည် ဘုရားရှင်၏ သွားတော်စင်စစ် အမှန်ဧကန် ဖြစ်အံ့။

၃။ ဤသွားတော်တို့သည် ရွှေဖျင်းနှင့်တကွ ကောင်းကင်သို့ ပျံတက်၍ ၊ ဝေနေယျသတ္တဝါအများ ကိုးကွယ်ထိုက်သည့် နေရာအသီးသီးသို့ ကြွရောက်ကိန်းဝပ်တော်မူစေသတည်း။

---

၁။ မဟာဗုဒ္ဓဝင်နှင့် သာသနာဝင်သမိုင်း အကျဉ်းချုပ် ၊ နှာ - ၅၆။

အဆိုပါ အဓိဋ္ဌာန်ပြုချက်အရ ရာမညတိုင်းတွင် အပါအဝင်ဖြစ်သော -

၁။ ဟံသာဝတီ တစ်ဆယ့်တစ်မြို့၊

၂။ ပုသိမ် တစ်ဆယ့်တစ်မြို့နှင့်

၃။ မုတ္တမ တစ်ဆယ့်တစ်မြို့အသီးသီးတို့သို့ ကြွရောက်သက်ဆင်း ကိန်းဝပ်တော်မူခဲ့ကြသည်။

ရာမညတိုင်းဟူသည် ဓမ္မဝိလာသဘွဲ့တော်ရ အရှင်သာရိပုတ္တရာ စီရင်တော်မူသော - ရဋ္ဌသာရဒီပနီကျမ်းတွင် မွန်တိ၊ မွန်စ၊ မွန်ည ဟူသော မွန်သုံးရပ်တို့ အချင်းချင်း "အညမည ပေါင်းစပ်ထားခြင်း" ဖြစ်သည်ဟု ဖော်ပြထား၏။ သို့ဖြစ်၍-

၁။ မွန်တိ - ရာမညတိုင်းအစိတ်တွင် တိဂုံ ဒလ စသော မြို့များ

၂။ မွန်စ - ရာမညတိုင်းအစိတ်တွင် သထုံ မုတ္တမ စသောမြို့များ နှင့်

၃။ မွန်ည - ရာမညတိုင်းအစိတ်တွင် ပုသိမ် မြောင်းမြ စသောမြို့များပါဝင်ကြသည်။

မွန်တိ နှင့် မွန်စ အညမညဖြစ်သောကြောင့် မွန်ည ဖြစ်လာရသည်။ မွန်ညဖြစ်သော ရာမညတိုင်းအစိတ်၏ ဗဟိုအချက်အချာ မင်းနေပြည်တော်သည်ကား၊ မွန်အခေါ် အတိသဉ္စနဂရ၊ ကုသိမရဋ္ဌ၊ ကုသိမနဂရ (ကုသိမ်-ကော့သမိန်)၊ နဂရ ဝေပုလ္လ မှ ပုသိမနဂရ၊ ယနေ့ ပုသိမ်မြို့ (ပသိမြို့) ဖြစ်လာခဲ့သည်။

မြတ်စွာဘုရား မိန့်မှာတော်မူခဲ့သော ဗျာဒိတ်တော်အရ - သွားတော်ဓာတ်စေတီ သုံးဆယ့်သုံးဆူတို့သည် ရာမညတိုင်းဒေသအတွင်း မွန်တိ၊ မွန်စ၊ မွန်ည "သုံးဌာနတွင် ပွင့်ချိန်တန်ပြီ"ဟု နားလည်သဘောပေါက်ယူဆမိပါသည်။

(ဃ) ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက် သာသနာရေး အားပေးကာ

သာသနာ သန့်စင်တော်မူသည်

သာသနာနှစ် ၄၅၀ (၃၃ - ဘီစီ)တွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) ဝဋ္ဋဂါမဏိမင်းလက်ထက် ယခင်ခေတ်အဆက်ဆက် ပိဋကတ်တော်ကို နှုတ်ဖြင့် အာဂုံဆောင်ခဲ့ရာမှ "ပေထက်အက္ခရာ" တင်စိမ့်သောငှာ အရှင်ဓမ္မရက္ခိတ အမှူးပြုသော ရဟန္တာ ငါးရာ ကြပ်မတ်၍ ၊ မလယ ဇနပုဒ်၊ အာလောကလိုဏ်ဂူ၌ စုပေါင်းရေးခြင်း၊ ရွတ်ဆိုခြင်းတို့ဖြင့် "စတုတ္ထအကြိမ် သင်္ဂါယနာ" တင်တော်မူသည်။

သာသနာနှစ် ၂၄၁၅၊ ကောဇာသက္ကရာဇ် ၁၂၃၂ (အေဒီ ၁၈၇၁) ခုနှစ်၌ (၁၁)နှစ်တိုင်တိုင် မြန်မာနိုင်ငံ၊ မင်းတုန်းမင်းလက်ထက် ရတနာပုံ မန္တလေးနေပြည်တော်တွင် ပိဋကတ်တော်များ သန့်စင်တည်တံ့ခိုင်မာစိမ့်သောငှာ ရဟန်းပညာရှိ လူပညာရှိတို့ အဆင့်ဆင့်ကြပ်မတ်စိစစ်ကာ "ကျောက်ထက်အက္ခရာ" တင်စေခဲ့လေသည်။ မဟာဓမ္မရာဇာဓိရာဇ် ဂုရုဆရာတော်ကြီးများ အမှူးပြုသော သံဃာတော် ၂၄၀၀ တို့ စိစစ်မေး.ဖြေ၍ သီဟာသနပလ္လင်ရှေ့၌ "ပဉ္စမအကြိမ် သင်္ဂါယနာ" တင်တော်မူသည်။

သာသနာနှစ် ၂၄၉၈၊ ကောဇာသက္ကရာဇ် ၁၃၁၆ မှ ၁၃၁၈ (အေဒီ ၁၉၅၄ - မှ ၁၉၅၆) ထိ၊ မြန်မာနိုင်ငံ ရန်ကုန်မြို့တော် "ဆဋ္ဌသင်္ဂီတိ မဟာပါသာဏဂုဟာ" ကျောက်လိုဏ်ဂူတော်ကြီးတွင် ပိဋကတ်တော်များ သန့်ရှင်းစင်ကြယ်၍၊ ကမ္ဘာအရပ်ရပ်သို့ ပိုမိုပျံ့နှံ့ကာ အဓွန့်ရှည်ကြာစိမ့်သောငှာ ညောင်ရမ်းဆရာတော်ဘုရား၊ နောင်တွင် - မစိုးရိမ်ဆရာတော်ဘုရားတို့က သံဃနာယကပြုပြီး၊ မဟာစည်ဆရာတော်က မေး၍ မင်းကွန်းတိပိဋကဓရ ဆရာတော်က ဖြေဆိုတော်မူကာ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ်ပူးချားနိုင်ငံ၊ လောနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ စသော ထေရဝါဒနိုင်ငံ ငါးနိုင်ငံမှ သံဃာတော်များအပါအဝင် သံဃာတော်ပေါင်း ၂၆၁၇ - ပါးတို့နှင့် "ဆဋ္ဌ သင်္ဂါယနာ"တင်တော်မူသည် [၁]။

---

(လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် မဟာပုဒ္ဓင်ပြခန်း ၁၉၉၁ ခုနှစ်၊ နာ - ၅၂ - ၅၃ - ၅၄ )

ပထမဆီးဖြူပင်ဆရာတော်ကြီး၏ ဩဝါဒကို ခံယူ၍ အောက်ပါ သာသနာပြုလုပ်ငန်းများကို ဤစာအုပ် စုစည်း တင်ပြသူကိုယ်တိုင် ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။


- မဟာမကုဋရံသီ ဆံတော်ရှင်စေတီတော် ဘက်စုံပြုပြင်မွမ်းမံခြင်း။
- ဧရာဝတီတိုင်း ၊ ပုသိမ်ခရိုင် ၊ ပုသိမ်မြို့နယ် ၊ ငဝန်မြစ်အနောက်ဖက်ကမ်းဒေသ ကမ်းနီဘေးမဲ့ သားလွတ် သက်ကင်းသာသနာ့နယ်မြေ ပြန်လည်ဖော်ထုတ်ခြင်း နှင့်
- ပဲခူးတိုင်း၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ရွာသာယာကျေးရွာအုပ်စု၊ စကြာတောင် (ခေါ်) ကြယ်ခတောင် ဘေးမဲ့သားလွတ် သက်ကင်းသာသနာ့နယ်မြေ ပြန်လည်ဖော်ထုတ်ခြင်းတို့ကို အောင်မြင်ခဲ့ပါသောကြောင့် မှတ်တမ်းတင်သည့်အနေဖြင့် ဆက်လက်ဖော်ပြအပ်ပါသည်။


## မဟာမကုဋရံသီ မြတ်မော်တင် ဆံတော်ရှင်စေတီတော်

## (၁) ဖြစ်-ပျက် လောကဓံ ကြုံကြုံခံ

သာသနာနှစ် ၂၅၄၈-ခု၊ ကောဇာသက္ကရာဇ် ၁၃၆၆-ခု၊ နတ်တော်လပြည့်၊ ခရစ်နှစ် ၂၆-၁၂-၂၀၀၄ ခုနှစ်၊ တနင်္ဂနွေနေ့ မြန်မာစံတော်ချိန် နံနက် ( ၇ ) နာရီ (၃၅)မိနစ်တွင် အလွန်ကြောက်မက်ဖွယ် ကောင်းလှသော သဘာဝ ဘေးအန္တရာယ်ဆိုး (စူနာမီ- **Tsunami** ရေလှိုင်းကြောင့် ဖြစ်ပေါ်သည့် ) ငလျင်ကြီး ရုတ်တရက် လှုပ်ခတ်ခဲ့သည်။

အဆိုပါ ငလျင်ကြောင့် ဧရာဝတီတိုင်း၊ ငပုတောမြို့နယ် ၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ မော်တင်ပင်လယ် ကမ်းရိုးတန်းဒေသရှိ "ရှေးဟောင်း မြတ်မော်တင် ဆံတော်ရှင် မဟာမကုဋရံသီ စေတီတော်မြတ်ကြီး" သည် နှစ်ကာလပရိစ္ဆေဒ အလွန်ကြာမြင့်ခဲ့ပြီ ဖြစ်သဖြင့် ၊ သဘာဝဘေးအန္တရာယ် လောကဓံကို ကြုံကြုံခံရင်ဆိုင်ကာ ကြာလန်မှ ပြတ်ကျခဲ့ရသည်။ ယင်းကြာလန်နှင့်အတူ ငှက်ပျောဖူးတော် ၊ ထီးတော်နှင့်တကွ ငှက်မြတ်နားတော်၊ စိန်ဖူးတော်ပါ စေတီရင်ပြင်တော်၏ အရှေ့တောင်ထောင့်တွင် ကျောက်ပြားပေါ်ဝယ် ဝပ်တွားခခဲ့ရသည်။





## (၂) မြတ်မော်တင် သာသနာ -ခွန့်ရှည်ကြာရန် ဘက်စုံကြိုးစား ဒါယကာများ

ထို့ကြောင့်၊ နိုင်ငံတော် ဩဝါဒါ စရိယ ပုသိမ်မြို့ ဥသျှစ်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဇ သဘာဒ္ဒန္တစာရိန္ဒ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပုသိမ်မြို့ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဇ ဘဒ္ဒန္တဝိသုတ နှင့် တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်များ အမှူးပြုသော ဆရာတော်များနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော် အရာရှိကြီးများ၊ ဒေသခံတပ်နယ်မှ ရေတပ်ဌာနချုပ်မှူးကြီးနှင့်တကွ တာဝန်ရှိသူများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ မော်တင်စွန်းဘုရားဂေါပကအဖွဲ့ဝင်များ၊ မြန်မာအင်ဂျင်နီယာ ပညာရှင် ဦးမြင့်အောင် (M.O.T 1st Class Part - A, 2nd Engineer R.C.L , Singapore )၊ မြန်မာမှု ဗိသုကာ ပညာရှင် ဦးကျော်မြင့်၊ ဤစာအုပ်စီစဉ်ပူဇော်သူ ဦးအောင်မြင့်ထွန်း ( B.Ag) တို့က စေတီတော် အဖြစ်အပျက် အလုံးစုံ အခြေအနေမှန်ကို အသေးစိတ် ကွင်းဆင်းလေ့လာ သတင်းမှတ်တမ်း ရယူခဲ့ကြပါသည်။

မျက်မြင်တွေ့ရှိချက်များအပေါ် လေ့လာသုံးသပ်၍၊ မြတ်မော်တင်သာသနာ အခွန့်ရှည်ခံ့ တည်တံ့ရန် ခေတ်နှင့်လျော်ညီစွာ ပြန်လည်ပြုပြင်တည်ဆောက်မည့် အသေးစိတ် အစီအစဉ်များကို ပညာရှင်များ အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းတိုင်ပင်ကာ အကောင်းဆုံးအကြံဉာဏ်များ ရယူခဲ့ကြပါသည်။

ဆရာတော်ကြီးများ၏ ဩဝါဒကို ဦးထိပ်ပန်ဆင်၍၊ နိုင်ငံတော် အကြီးအကဲများ၏ မျက်ခြေမပြတ် လမ်းညွှန်မှု၊ ပညာရှင် အသီးသီး၏ စဉ်ဆက်မပြတ် အကြံပြုတင်ပြချက်များအရ - အောက်ပါအတိုင်း အဆင့်ဆင့် အကောင်အထည်ဖော် ပြုပြင်မွမ်းမံဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါသည်။

(က) ၉-၁-၂၀၀၅၊ တနင်္ဂနွေနေ့တွင် မြန်မာအင်ဂျင်နီယာပညာရှင် ဦးမြင့်အောင်နှင့် ဦးအောင်မြင့်ထွန်းတို့ ဦးဆောင်သော အဖွဲ့က (ကုသိုလ်ဖြစ် လုပ်အားဒါန ပေးလှူ၍) သစ်သားငြမ်းစင် စတင် တည် ဆောက်သည်။ မြန်မာမှု ဗိသုကာပညာရှင် ဦးကျော်မြင့် ဦးဆောင်သော အဖွဲ့က ရင်ပြင်တော်ပေါ် ကျရောက်နေသည့် ငှက်ပျောဖူးတော်ကို ကပ္ပိသည်။

(ခ) ၁၂-၁-၂၀၀၅၊ ဗုဒ္ဓဟူးနေ့ ညနေ (၄း၃၀) နာရီတွင် တာဝန်ရှိသူများက စေတီတော်ပေါ်သို့ တက်ရောက် စစ်ဆေးရာ၊ အမှန်တကယ် လက်တွေ့တွင်မူ ကြိုတင်တွက်ဆ ခန့်မှန်းထားသည်ထက်ပင် အခြေအနေ ဆိုးရွားစွာ ပျက်စီးနေသဖြင့်၊ ခိုင်ခံ့မှုအား အလွန်နည်းနေကြောင်း သိရှိခဲ့ကြရာ စေတီတော်၏ ဖောင်းရစ်တော်ကိုးဆင့် (ဖောင်းရစ် အားလုံး ကုန်သည့်အထိ) ကပ္ပိရန် ဆုံးဖြတ်ခဲ့ကြသည်။


(ဂ) ၁၃-၁-၂၀၀၅၊ ကြာသပတေးနေ့တွင် သစ်သားလျှောစင် ပြုလုပ်သည်။


(ဃ) ၁၄-၁-၂၀၀၅၊ သောကြာနေ့မှစတင်၍ စေတီတော်၏ ခိုင်ခံ့မှုအားနည်းသော အစားထိုးလဲလှယ်မည့် ပစ္စည်းဟောင်းများ၊ စုပုံခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ၁၉-၁-၂၀၀၅၊ ဗုဒ္ဓဟူးနေ့ ညနေ (၄း၀၀) နာရီတွင် အပြီးသတ် ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ စေတီတော်၏ ဒုတိယ၊ သတ္တမ၊ အဋ္ဌမ၊ နဝမဖောင်းရစ်တော်အသီးသီးမှ ရှေးဟောင်းဌာပနာ ပစ္စည်းများကို စုဆောင်းရရှိခဲ့သည်။

(င) သာသနာ ၂၅၄၈-ခု၊ မြန်မာသက္ကရာဇ် ၁၃၆၆-ခု၊ ပြာသိုလဆန်း (၁၁)ရက်၊ ခရစ်နှစ် ၂၀-၁-၂၀၀၅၊ ကြာသပတေးနေ့၊ နံနက် (၉း၀၀) နာရီအချိန်တွင် မြတ်မော်တင် ဆံတော်ရှင်စေတီတော် ဘက်စုံ မွမ်းမံပြင်ဆင်ရန် (ပြန်လည်တည်ဆောက်ရန်) စတင်ခြင်း မင်္ဂလာအခမ်းအနား (ဗဟိုပန္နက်တိုင်နှင့် အရပ်ရှစ်မျက်နှာတွင် ပန္နက်တိုင်ရှစ်ခု၊ စုစုပေါင်း ပန္နက်တိုင် ကိုးခုစိုက်ထူခြင်း)ကို စေတီတော်၏ သပိတ်မှောက် ရင်ပြင်ပေါ်တွင် ပြုလုပ်ခဲ့ကြပါသည်။ ထို့နောက် နံနက် (၉း၄၅) နာရီတွင် "မြတ်မော်တင် (ကိုယ်ပွား) ဓာတ်ပေါင်းစုစေတီ (ကိုးတောင်ပြည့်ထီးတော်ဟောင်းစေတီ)" တည်ထားကိုးကွယ်မည့် မြေနေရာ ဗဟိုကို သတ်မှတ်သည်။ ဤသို့ မင်္ဂလာအခမ်းအနားများ အသီးသီး ကျင်းပခဲ့ကြသည်။

(စ) ၃-၂-၂၀၀၅၊ ကြာသပတေးနေ့ နံနက်(၈း၁၀) နာရီတွင် မူလဦးကင်းတော်ကို မပစ်ပယ်ပါကြောင်း ဒေသခံမော်တင်ဆရာတော်ထံ လျှောက်ထား ဩဝါဒခံယူသည်။

(ဆ) ၄-၂-၂၀၀၅၊ သောကြာနေ့ နံနက်(၈း၁၀)နာရီ မင်္ဂလာအချိန်တွင် မူလပိန္နဲတိုင်၏ ဦးကင်းတော်ပေါ်မှ ဆက်၍ ပန်းလည်တိုင် ( Steel Pipe ) ကို စိုက်ထူသည်။










(၈) ၈-၂-၂၀၀၅၊ အင်္ဂါနေ့၊ နံနက် (၉း၀၀) နာရီ မင်္ဂလာအချိန်တွင် မူလစေတီတော်မှ စုဆောင်းရရှိခဲ့သော ရှေးဟောင်းဌာပနာပစ္စည်းများနှင့်တကွ အသစ်ထပ်မံထည့်သွင်းလှူဒါန်းမည့်ဌာပနာပစ္စည်းကို ပဋ္ဌာမြား စီခင်းကာ ထည့်သွင်းတော်မူသည်။ ဆက်လက်၍ မြတ်မော်တင် (ကိုယ်ပွား) ခတ်ပေါင်းစု စေတီတော် **ပန္နက်တင်အခမ်းအနား** ကျင်းပသည်။

(၉) ၁၉-၂-၂၀၀၅၊ စနေနေ့ နံနက်(၉း၀၀) နာရီ မင်္ဂလာအချိန်တွင် ငှက်ပျောဖူး ဌာပနာပိတ်ပွဲနှင့် ပန်းလည်တိုင်စိုက်ထူပွဲ အခမ်းအနား ကျင်းပသည်။ ငှက်ပျောဖူးတော်ရှိဌာပနာတိုက်များတွင် ပဋ္ဌာမြား စီခင်းကာ -

- အရှေ့ဖက်၌ ရှင်သာရဋ္ဌ ရဟန္တာ၊
- တောင်ဖက်၌ ရှင်ဥပဂုတ္တ ရဟန္တာ၊
- အနောက်ဖက်၌ ရှင်မေခရ ရဟန္တာ နှင့်
- မြောက်ဖက်၌ ရှင်သကောသာရ ရဟန္တာ

အသီးသီးကို လက်ယာရစ်ထည့်သွင်း ဌာပနာသည်။

(ည) သာသနာ ၂၅၄၈-ခု၊ မြန်မာသက္ကရာဇ် ၁၃၆၆-ခု၊ တပေါင်းလဆန်း (၁)ရက်၊ မတ်လ (၁၀)ရက်၊ နံနက်(၈း၁၀)နာရီ မင်္ဂလာအချိန်တွင် "မြတ်မော်တင်ဆံတော်ရှင် ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူပွဲ" ကို အောင်မြင်စွာ ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကြသည်။

အဆိုပါ တင်လှူပွဲ မကျင်းပမီ၊ နှစ်စဉ်ကျင်းပမြဲ မဟာမကုဋရုံသီဆံတော်ရှင် မြတ်မော်တင် စေတီတော်၏ "ဗုဒ္ဓပူဇနိယ ပွဲတော်" စတင်ဖွင့်လှစ်ကြောင်း ဖွင့်ပွဲအခမ်းအနားကို အဆိုပါတောင်ခြေရှိ မုခ်ဦးအဝင်ဝတွင် နံနက် (၇း၀၀) နာရီ မင်္ဂလာအချိန်၌ ကျင်းပခဲ့သည်။

(ဋ) သာသနာ ၂၅၄၈-ခု၊ မြန်မာသက္ကရာဇ် ၁၃၆၆-ခု၊ တပေါင်းလပြည့် (၁၅)ရက် ခရစ်နှစ် ၂၄-၃-၂၀၀၅၊ ကြာသပတေးနေ့ တွင် "ဗုဒ္ဓပူဇနိယပွဲတော် ပိတ်ပွဲ" အခမ်းအနားကို အောင်မြင်စွာ ကျင်းပ၍ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပခဲ့ကြသည်။

- ဆံတော်ရှင်မြတ် ဖူးမြင်လတ်၊ လူ နတ် လွန်ချမ်းသာ။
- သက်တော်ထင်ရှား မြတ်ဘုရား၊ မျက်ဝါးထင်ထင်ပါ။
- ဗုဒ္ဓဓာတ်ရှင် ဖူးချင်လျှင်၊ မော်တင်ဘုရားပါ။

## (၃) မဟာမကုဋရုံသီ စေတီတော်မြတ်ကြီး၏ အစဉ်အဆက် ဘုရားဒါယကာများ

(က) မူလဦးစွာ စတင် တည်ထားကိုးကွယ်ခဲ့သော ဘုရားဒါယကာမှာ "ဇေယျသေန နဂါးမင်းကြီး" ဖြစ်သည်။

(ခ) သိရိဓမ္မာသောကမင်းကြီး (သာသနာ - ၂၁၈)၊

(ဂ) အလောင်းစည်သူမင်းကြီး (ကောဇာ - ၄၇၃ - ၅၂၉)၊

(ဃ) ရှေးဆရာတော်ကြီးများနှင့် ဒါယကာ . ဒါယိကာမများ၊

(င) ဆရာတော် ဘဒ္ဒန္တ ပညာနှင့် ဒါယကာ. ဒါယိကာမများ၊

(စ) ဆရာတော် ဘဒ္ဒန္တ ဥတ္တမ နှင့် ဒါယကာ. ဒါယိကာမများ၊

(ဆ) ဆရာတော် ဘဒ္ဒန္တ ကောသလ္လနှင့် ဒါယကာ . ဒါယိကာမများ၊ ·

(ဇ) ဆရာတော် ဘဒ္ဒန္တ သုတနှင့် ဒါယကာ. ဒါယိကာမများ နှင့်

(ဈ) ယခု "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ" လက်ထက် (ကောဇာ-၁၃၆၆)တွင် အလှူရှင် ခနစ်ရက် သား. သမီး ဒါယကာ ဒါယိကာမများ

အသီးသီး ဖြစ်ကြသည်။

## (၄) မြတ်မော်တင် သာသနာ့နယ်မြေရှိ စေတီတော်များ ပွင့်ထွန်းဝေစည်လာခြင်း


| | |
|---|---|
| သာသနာနှစ် | - ၂၅၄၈ ခုနှစ်၊ |
| မြန်မာသက္ကရာဇ် | - ၁၃၆၆ ခုနှစ်၊ |
| ခရစ်နှစ် | - ၂၀၀၅ ခုနှစ်၊ |

(က) မြတ်မော်တင်စေတီတော်၏ အရန်စေတီတော် တစ်ဆယ့်ခြောက်ဆူ ထီးတော်နှင့် စိန်ဖူးတော် တင်လှူခြင်း၊

(ခ) နောင်တော်ကြီးစေတီတော် ထီးတော်နှင့် စိန်ဖူးတော် တင်လှူခြင်း၊

(ဂ) ဖောင်တော်ဆိပ် (ပင်မ) စေတီတော်၊ အရန်စေတီတော်ရှစ်ဆူ ထီးတော်နှင့် စိန်ဖူးတော် တင်လှူခြင်း၊

ဖောင်တော်ဆိပ် (ပင်မ) စေတီတော်



(ဃ) ငွေတောင် (မြွေတောင်) ပင်မစေတီတော် ,အရန်စေတီတော်များနှင့် အနန္တဇိန (ပင်မ) စေတီတော်, အရန်စေတီတော်များ ထီးတော်နှင့် စိန်ဖူးတော်တင်လှူခြင်း၊

(င) ရွှေတောင် (ပင်မ) စေတီတော်, အရန်စေတီတော်များ ထီးတော်နှင့် စိန်ဖူးတော်တင်လှူခြင်း၊

(စ) ကျောက်တံခါးစေတီတော် ထီးတော်နှင့် စိန်ဖူးတော် တင်လှူခြင်း၊

(ဆ) လိပ်ကျွန်း (သမီးလှကျွန်း)ဒေသရှိ လောကဥသျှောင်စေတီတော် ဘက်စုံမွမ်းမံပြင်ဆင်၍ ထီးတော်နှင့် စိန်ဖူးတော် တင်လှူခြင်း၊

(ဇ) နတ်တောင်ဒေသရှိ စေတီတော်များ ထီးတော်နှင့် စိန်ဖူးတော်တင်လှူခြင်း၊

(ဈ) သိကြားတောင်ဒေသရှိ စေတီတော်များ ထီးတော်နှင့် စိန်ဖူးတော်တင်လှူခြင်း၊

(ည) ဟိုင်းကြီးကျွန်းဒေသရှိ ကျိုက်တိ (ပင်မ)စေတီတော်၊ အရန်စေတီတော်များ ထီးတော်နှင့် စိန်ဖူးတော် တင်လှူခြင်း စသော သာသနာ့အောင်မြင်မှုများကြောင့် ဒေသခံပြည်သူများ၊ ဘုရားဖူးလာ ဧည့်ပရိသတ်များ ပျော်မဆုံး၊ မော်မဆုံး၊ ဖရဏာပီတိ ဆီထိဂွမ်းပမာ ဝမ်းသာကြကာ အကြိမ်ကြိမ်သာဓုခေါ်ဆိုနေကြပေသည်။

## (၅) သဒ္ဓါဖွေးဖြူ မေတ္တာကူ – ပေးလှူပါမှ မြတ်ဒါန

(က) ၂၆-၁-၂၀၀၅၊ ဗုဒ္ဓဟူးနေ့တွင် ဌာပနာတိုက်အတွင်း ထည့်သွင်းရန်
ကျောက်မျက်ရတနာ မျိုးစုံနှင့် သတ္တဌာန ဘုရားတစ်စုံ၊ နဝကမ္မ ဝတ္ထုငွေ ၂၀,၀၀၀ ကျပ်

(ခ) ၁၂-၂-၂၀၀၅၊ စနေနေ့တွင် ထီးတော်၌ တပ်ဆင်လှူဒါန်းရန်
ကြေးခေါင်းလောင်းတော် ကိုးလုံး

(ဂ) ၅-၃-၂၀၀၅၊ စနေနေ့တွင် အသည်းပုံသဏ္ဍာန် ရွှေဆွဲကြိုး တစ်ကုံး

သာသနာ ၂၅၄၈ - ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆ - ခုနှစ်၊ တပေါင်းလဆန်း (၁)ရက်၊ ခရစ်နှစ် ၁၀ - ၃ - ၂၀၀၅ ၊ ကြာသပတေးနေ့ နံနက်(၉း၀၀) နာရီတွင် မဟာမကုဋရံသီ မြတ်မော်တင်ဆံတော်ရှင် စေတီတော်၏ ထီးတော် . ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပွဲအခမ်းအနားကို ပြုလုပ်ခဲ့ကြရာ လှူဒါန်းလိုက်သော "အသည်းပုံသဏ္ဌာန် ရွှေဆွဲကြိုးတစ်ကုံးကို ငှက်မြတ်နားတော်ရှိ **Weight Balance** အတွင်း ဤစာရေးသူကိုယ်တိုင် ထည့်သွင်းပူဇော် လှူဒါန်းခဲ့ပါသည်။ ဌာပနာပစ္စည်းများကို ဌာပနာ ထည့်သွင်း၍ ခေါင်းလောင်းကို ချိတ်ဆွဲ ပူဇော်ခဲ့ပါသည်။

(ယ) ၅ - ၃ - ၂၀၀၅၊ စနေနေ့တွင် ဆရာမကြီး ဒေါ်ငွေးငွေး မှ နဝကမ္မ ထပ်မံ လှူဒါန်းငွေ ၁၁ . ၅၀၀ ကျပ်

(င) ၆ - ၃ - ၂၀၀၅၊ တနင်္ဂနွေနေ့တွင် ဆရာမကြီး ဒေါ်ငွေးငွေးနှင့် တပည့်ကျောင်းသား ၊ ကျောင်းသူများ မှ နဂကမ္မ ထပ်မံလှူဒါန်းငွေ ၇၃ . ၀၀၀ ကျပ်

သာသနာ ၂၅၄၈ - ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆ - ခုနှစ်၊ တပေါင်းလဆန်း (၁)ရက်၊ ခရစ်နှစ် ၁၀ - ၃ - ၂၀၀၅ ၊ ကြာသပတေးနေ့ နံနက်ပိုင်းတွင် မြတ်မော်တင်ဆံတော်ရှင် စေတီတော်ကြီး၏ ထီးတော် . ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များကို တင်လှူပြီးသည့်နောက် - မိနစ်အနည်းငယ်ခြားပြီး "ဖောင်တော်ဆိပ်" (ပင်မ) စေတီတော်၊ အရန်စေတီတော် ရှစ်ဆူ၏ ထီးတော်နှင့် စိန်ဖူးတော်များကို ဆက်လက် တင်လှူ ပူဇော်အောင်မြင်ခဲ့ကြပါသည်။

ဖောင်တော်ဆိပ် အရန်စေတီတော် ရှစ်ဆူအနက် -

(စ) တစ်ဆူအတွက် (ထီးတော်နှင့် စိန်ဖူးတော်တန်ဖိုး) ၅၀ . ၀၀၀ ကျပ်
ဦးထွန်းအောင် ( မျက်ခမ်းစပ်ရောဂါကုလက်ထောက် ) + ဒေါ်စန်းစန်းမြင့်ငွေး ( ရန်ကုန်တက္ကသိုလ် စာကြည့်တိုက် - ငြိမ်း) သား - မောင်အောင်ကြီး၊ မောင်အောင်မြင့်ထွန်း၊ မောင်မြင့်အောင်၊ သမီး - ကိုဝင်းမြင့်နိုင် + မအောင်မြင့်နွယ်၊ မတင်စန်းအောင်(ခ) မအေးအေးမိုး မိသားစု ၊ ရန်ကုန်မြို့ က လည်းကောင်း

(ဆ) ကျန်တစ်ဆူအတွက် (ထီးတော်နှင့် စိန်ဖူးတော်တန်ဖိုး) ၅၀ . ၀၀၀ ကျပ်
ဦးမြထွန်း + ဒေါ်တင်အေး (တောင်ကြီးမြို့)နှင့် အစ်ကိုကြီး ဗိုလ်ချုပ် တင်ထွန်း(စစ်အင်ဂျင်နီယာ - ညွှန်ကြားရေးမှူး) တို့အား ဦးထိပ်ထား၍ ဆရာမကြီးဒေါ်ငွေးငွေး (တွဲဘက်ပါမောက္ခ၊ ဝါဏိဇ္ဇဗေဒဌာန၊ စီးပွားရေးတက္ကသိုလ် ၊ ရန်ကုန်) ၊ "သရဖီဆောင်" အဆောင်မှူးကလည်းကောင်း အသီးသီး လှူ ဒါန်းခဲ့ကြပါသည်။

သာသနာ ၂၅၄၈ - ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆ - ခုနှစ်၊ ခရစ်နှစ် ၂၀၀၅ ခုနှစ်အတွင်း "ငွေတောင် (ရွှေတောင်) စေတီ၊ အနန္တဇိနေ့စေတီ၊ ရွှေတောင်စေတီ၊ ကျောက်တံခါးစေတီ၊ လိပ်ကျွန်း (သမီးလှကျွန်း) ဒေသရှိ လောကဥဒေသျှောင်စေတီ. နတ်တောင်ဒေသရှိ စေတ်ပော်များ၊ သိကြားတောင်ဒေသရှိစေတီတော်များ၊ ဟိုင်းကြီးကျွန်းဒေသရှိ ကျိုက်တိစေတ်တော်" အစရှိသော မြတ်မော်တင် သာသနာ့နယ်မြေဒေသတစ်ဝန်း ပွင့်ထွန်းဝေစည်လာစေရန် ရည်ရွယ်၍ ဆရာမကြီး ဒေါ်ငွေးငွေး (ခ) ဒေါ်တင်မြငွေး မှ နဝကမ္မ ဝတ္ထုငွေများ ပါဝင်လှူဒါန်းခဲ့ပါသည်။

(၆) မဟာမကုဋရုံသီ မြတ်မော်တင်စေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာနှင့် မြတ်မော်တင် ဓာတ်ပေါင်းစုစေတီ ရွှေထီးတော်တင်မင်္ဂလာ ရေစက်သွန်းချ အခမ်းအနား ကျင်းပ

သာသနာနှစ် - ၂၅၄၉ ခုနှစ်၊
မြန်မာသက္ကရာဇ် - ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ( ၁ )ရက်၊
ခရစ်နှစ် - ၂၇-၂-၂၀၀၆ ( တနင်္လာနေ့ )။

ဧရာဝတီတိုင်း၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း မြို့နယ်ခွဲ သမိုင်းဝင် "ဆံတော်ရှင် မဟာမကုဋရုံသီ မြတ်မော်တင်စေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာနှင့် မြတ်မော်တင် ဓာတ်ပေါင်းစုစေတီတော် ရွှေထီးတော်တင် မင်္ဂလာ" ရေစက်ချ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်၊ နံနက် ( ၇း၀၀ ) နာရီ တွင် ကျင်းပသည်။ အဆိုပါ ရေစက်ချပွဲ မကျင်းပမီ နှစ်စဉ်ကျင်းပမြဲ မြတ်မော်တင် ဗုဒ္ဓပူဇနိယ ပွဲတော် စတင်ကျင်းပကြောင်း ဖွင့်ပွဲ အခမ်းအနားကို မော်တင်တောင်ခြေရှိ မုခ်ဦးအဝင်ဝတွင် ဦးစွာ ကျင်းပသည်။

ထို့နောက်၊ ဆံတော်ရှင် မြတ်မော်တင်စေတီတော် မင်္ဂလာမဏ္ဍပ်၌ ရေစက်ချအခမ်းအနားကို ဆက်လက် ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ ပုသိမ်မြို့ ဥသျှစ်ကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစာရိန္ဒ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပုသိမ်မြို့ ညောင်ပင်သာ ပရိယတ္တိ စာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတ နှင့် တိုင်းသံဃနာယက အဖွဲ့ ဥက္ကဋ္ဌဆရာတော်များ အမှူးပြုသော ပင့်သံဃာတော် ၄၅-ပါးတို့ ကြွရောက်တော်မူကြပြီး၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဘုရားဖူး ပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။ တိုင်းမှူးနှင့် ပရိသတ်တို့က တိုင်းသံဃနာယက အဖွဲ့ဥက္ကဋ္ဌ ( သုဓမ္မာ) ပုသိမ်မြို့ ကုန်းသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသ ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး၊ ဆရာတော် သံဃာတော်များအား ဥပါသကာ များက ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်များကို ဆက်ကပ်ကြသည် သံဃာတော် အရှင်မြတ်များက ပရိတ်တရားတော် များကို ရွတ်ဖတ်သရဇ္ဈာယ် ပွားများတော်မူကြသည်။

## (က) ဆက်ကပ်လှူဒါန်း

ထို့နောက် အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဒေသခံ တပ်နယ်မှ ရေတပ်ဌာန ချုပ်မှူးကြီး နှင့် ဇနီး၊ တာဝန်ရှိသူများက မြတ်မော်တင်ဓာတ်ပေါင်းစု စေတီတော်တွင် တင်လှူပူဇော်မည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီး၊ အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြပြီး စေတီတော်ဘက်စုံ အလှူငွေအဖြစ် ရန်ကုန်မြို့မှ ဒေါ်ခင်နွဲ့၊ သား-ဒေါက်တာတင်စိုးလင်း၊ သမီး- ဒေါ်ပွင့်မာနိုင်(ရွှေပုဖွန် မိသားစု) က မီးစက် (အလင်းဓာတ်) အတွက် ကျပ် သိန်း - ၁၅၀၊ ပုသိမ်မြို့မှ သိရီသုမင်္ဂလာ

ဦးကျင်ဟန်၊ ဒေါ်ခင်မြင့် ( ရွှေ၊ စိန်၊ နီလာ စတိုး)က ရင်ပြင်တော် ကျောက်ပြားခင်းရန် အလှူငွေ ကျပ် ၇၅-သိန်း တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာ နှင့် ဓာတ်ပုံများကို ပြန်လည်ပေး အပ်သည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီး၊ ဧည့်ပရိသတ်တို့က ကုန်းသာကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာ တရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသန် စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုတ်သိမ်းလိုက်သည်။

## (ခ) ပက်ဖျန်းပူဇော်

ဆက်လက်၍ မြတ်မော်တင်ဓာတ်ပေါင်းစုစေတီတော်တွင် တင်လှူပူဇော်မည့်ရွှေထီးတော်၊ ငှက်မြတ်နား တော်နှင့် စိန်ဖူးတော်တို့အား တိုင်းမှူးနှင့် အလှူရှင်များက ရာဇဝင်း၊ ဒေဝဝင်း၊ ပုဂ္ဂဝင်းများခင်းကာ စေတီတော် မြတ်ကြီးအား လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ကြပြီး ၊ ရွှေထီးတော်အား အမွှေးနံ့သာများဖြင့် ပက်ဖျန်းပူဇော် ၍ မင်္ဂလာဘိသေက ပညာရှင် ဦးထိန်လင်းက မင်္ဂလာဘိသေက သြဘာစာတမ်းကို ဖတ်ကြားပူဇော်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မြတ်မော်တင်ဓာတ်ပေါင်းစု စေတီတော်အား မင်္ဂလာအချိန် နံနက် ( ၈) နာရီ (၃၇)မိနစ်တွင် ဌာပနာထည့်သွင်းခြင်း၊ အမွှေးနံ့သာရေများ ပက်ဖျန်းခြင်း၊ ရွှေထီးတော်အား တင်လှူပူဇော် ခြင်းတို့ကို အဆင့်ဆင့် ဆောင်ရွက်၍ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား တင်လှူပူဇော်ကြ ပြီး ၊ ဆရာတော်ကြီးများက "ဇယန္တော ဗောဓိယာမူလေ" အစရှိသော ဂါထာတော်ကို သုံးကြိမ် ရွတ်ဆို ချီးမြှင့်ကြကာ မင်္ဂလာဘိသေက ပညာရှင် ဦးထိန်လင်းက အမျှဝေစာတမ်းကို ဖတ်ကြား၍ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ၊ ငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ယင်းနောက် မြတ်မော်တင်စေတီတော်အား ဆရာတော်ကြီးများက ဗုဒ္ဓါ ဘိသေက အနေကဇာတင် တော်မူကြကြောင်း သိရှိရပါသည် [၁] ။

## (ဂ) ဗုဒ္ဓပူဇနိယပွဲတော် အောင်မြင်စွာကျင်းပပြီး

မြတ်မော်တင် ဆံတော်ရှင် ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း (၁)ရက်နေ့တွင် စတင်ဖွင့်လှစ် ပြီး တပေါင်းလဆန်း ( ၁၅)ရက်လပြည့်နေ့တွင် ပိတ်ပွဲကျင်းပသည်။ သာသနာနှစ် ၂၅၄၉-ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၇-ခုနှစ်၊ တပေါင်းလပြည့် ( ၁၅ )ရက်၊ ခရစ်နှစ် ၁၃-၃-၂၀၀၆ (တနင်္လာနေ့)တွင် မြတ်မော်တင်ဆံတော်ရှင် ဗုဒ္ဓ ပူဇနိယပွဲတော် အောင်မြင်စွာ ကျင်းပ ပြီးဆုံးကြောင်း ကြေညာ၍ ပွဲတော်ပိတ်ပွဲ၊ အောင်ပွဲ အထိမ်းအမှတ် သံဃာ တော်များအား ဆွမ်းဆန်းစိမ်းလောင်းလှူပွဲကျင်းပခဲ့ကြကြောင်း သိရှိရပါသည်။

## ၇။ မြတ်မော်တင် ဓာတ်ပေါင်းစု စေတီတော် အသစ်တည်ထားကိုးကွယ်ခြင်း

မူလမြတ်မော်တင် ဆံတော်ရှင် စေတီတော်၏ ကြာလန်တော် ငှက်ပျောဖူးတော် ကွန်ကရစ် (ကျောက်) ထီးတော်၊ စေတီတော်မှ ကပ္ပိထားသော ဟောင်းနွမ်းယိုယွင်းပျက်စီးနေသည့် အပိုင်းအစ၊ အကျိုး အပဲ့များ၊ အုတ်. သဲ. ကျောက် အစရှိသည့် အသွေးတော် ၊ အသားတော်များ၊ ဒေသအသီးသီးမှ စုဆောင်းရရှိသော ဗုဒ္ဓနှင့် ပတ်သက်သည့် ပစ္စည်းအမျိုးမျိုးတို့ကို ပေါင်းစုဌာပနာ၍ "မြတ်မော်တင် ဓာတ်ပေါင်းစုစေတီတော်"အား အင်္ဂါ ထောင့် ( အရှေ့တောင်ဖက်) တွင် အသစ်တည်ထားကိုးကွယ်ခဲ့ကြခြင်း ဖြစ်သည်။

---


၁။ ၅-၃-၂၀၀၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ စာမျက်နှာ - ၈ ကို မှီငြမ်းရေးသား ပါသည်

မြန်မာအင်ဂျင်နီယာပညာရှင် ဦးမြင့်အောင် B.E (Mech) က မြတ်မော်တင်ဓာတ်ပေါင်းစုစေတီတော် ၏ ပုံစံကို ရေးဆွဲပုံထုတ်ရာတွင် မူလမြတ်မော်တင် ဆံတော်ရှင် စေတီတော်၏ ပန္နက်ပုံကို မပျက်ယွင်းစေဘဲ၊ ရေးမူ မပျက်၊ ပုံစံ မပျက် အချိုးအစားအလိုက် ဉာဏ်တော်အမြင့် ကိုးတောင်ပြည့်ရှိ စေတီပုံတော်ကို စေတီ, ဘုရား တည်ထားကိုးကွယ်ပုံ ကျမ်းမြတ်များ ဒ္ဒါပနာတော်သွင်း ကျမ်းမြတ်တို့နှင့်အညီ ပုံစံရေးထုတ်ခဲ့ခြင်း ဖြစ်သည်။

ဦးမြင့်အောင်ကိုယ်တိုင် အနီးကပ်ကြီးကြပ်၍၊ ကာယအား၊ ဉာဏအား၊ ဝီရိယအားတို့ဖြင့် စွမ်းစွမ်းတမံ ကြိုးစား အကောင်အထည်ဖော် တည်ဆောက်ခဲ့ရာ ယင်းနှစ် မိုးဦးကာလ ကျရောက်ခါနီးအချိန်တွင် စေတီတော်၏ ပုံသဏ္ဍာန် ပီပြင်စွာ ရုပ်လုံးပေါ်အောင် တည်ဆောက်နိုင်ခဲ့ပါသည်။ စေတီတော် တည်ဆောက်ဆဲကာလတွင် အနည်းငယ် လိုအပ်နေသော အသပြာငွေကြေးများနှင့် စက်သုံးဆီများကို စေတနာထက်သန်သော ဒေသခံ ဓမ္မမိတ်ဆွေများ၏ ဝိုင်းဝန်းကူညီပံ့ပိုး စောင့်ရှောက်မှုများဖြင့် ပြေလည်အောင် ဖြေရှင်းခဲ့ကြောင်းလည်း ပြောပြ သိရှိရပါသည်။

## (၈) စွန့်လွှတ်လှူဒါန်း မြတ်နိဗ္ဗာန်ရည်မှန်း

(က) သံဃာဂုဏ်တော်ကိုးပါးကို ရည်မှန်း၍ ဦးမြထွန်း+ဒေါ်တင်အေး(တောင်ကြီးမြို့) အား အမှူးထား ကာ အစ်ကိုကြီး ဗိုလ်ချုပ်တင်ထွန်း(စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး)တို့အား ကျေးဇူးဆပ် ပူဇော် သည့် အနေဖြင့် "မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာအုပ်စု၊ အောင် ခေမာရပ်ကွက်၊ သိရီမင်္ဂလာ အုတ်ဖိုကျောင်းတိုက် ဦးစီးပဓာန နာယက ကျေးဇူးရှင်သက်တော်ရှည် အထုပ်တစ်ရာ ဆရာတော်ကြီး ဘဒ္ဒန္တ ဝါသဝ မဟာထေရ် ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်းစာအုပ်" သာသနာ့ဝင်ကျမ်းကို ဆရာမကြီး ဒေါ်ငွေငွေ(ခ)ဒေါ်တင်မြငွေ (တွံ့ဖက်ပါမောက္ခ၊ ဝါဏိဇ္ဇ ဗေဒဌာန၊ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်) (အဆောင်မှူး၊ သရဖီဆောင်၊ လှိုင်တက္ကသိုလ်နယ်မြေ) ကိုယ်တိုင် စုစည်းတင်ပြ၍ ဓမ္မဒါန ဓမ္မပူဇာ ထုတ် ဝေလှူဒါန်းရန် စီစဉ်နေ ဆဲဖြစ်သည်။



အထုပ်တစ်ရာ ဆရာတော်ကြီး၏
ခွင့်ပြုချက်အရ
ဆရာမကြီးဒေါ်ငွေငွေ(ခ)ဒေါ်တင်မြငွေ
တွဲဘက်ပါမောက္ခ၊ ဝါဏိဇ္ဇဗေဒဌာန
စီးပွားရေးတက္ကသိုလ်၊
ဦးအောင်မြင့်ထွန်း (စီစဉ်သူ)နှင့် ကိုထွန်းလင်းတို့က
လက် နှင့် ခြေ လက္ခဏာတော်မြတ် ရယူစဉ်။



(ခ) သာသနာ ၂၅၄၉-ခုနှစ်၊ ကောဇာ ၁၃၆၇-ခုနှစ်၊ တန်ခူးလဆန်း (၅)ရက်၊ ခရစ်နှစ် ၂-၄-၂၀၀၆၊ တနင်္ဂနွေနေ့ မှ စတင်၍ ၈-၄-၂၀၀၆ စနေနေ့တွင် ရေဂါလန် ၆၀၀ ဝင်ဆံ့သည့် **မေတ္တာရေစင်တော်ကြီးကို** သိရီမင်္ဂလာအုတ်ဖိုကျောင်းတိုက်တွင် သံဃိကအဖြစ် ဆောက်လုပ်လှူဒါန်း အောင်မြင်ပြီးစီးသည်။


| | | |
|---|---|---|
| မ.တည် လှူဒါန်းငွေမှာ | = | ၆၆၅,၀၀၀ ကျပ် |
| DFAC Batch ( 7 ) Yangon | = | ၁၆,၈၅၀ ကျပ် |


(ဂ) မြတ်မော်တင် (ကိုယ်ပွား) ခတ်ပေါင်းစု ထီးတော်စေတီ၏ ဌာပနာတွင် ထည့်သွင်းရန် စိန်တစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်းကို လှူဒါန်းခဲ့ပါသည်။

(ဃ) မန္တလေးမြို့ အံ့ဖွယ်ထူးခြား ကျွန်းသားဘုရားကြီး၏ အာရုံခံတန်ဆောင်းအတွက် လှူဒါန်းငွေ ( ၂၉-၁-၂၀၀၆၊ တနင်္ဂနွေနေ့ ) = ၁၃,၂၀၀ ကျပ်

(င) သက်တော်ရှည် ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိစာအုပ်များအတွက် ထပ်မံလှူဒါန်းငွေ ( ၂၉-၁-၂၀၀၆၊ တနင်္ဂနွေနေ့ ) = ၁၀,၀၀၀ ကျပ်

(စ) ၁၇-၁၁-၂၀၀၄ ဗုဒ္ဓဟူးနေ့တွင် တတိယကစင်ဆရာတော်ကြီး ဘဒ္ဒန္တသုမန၏ (၈၉)နှစ်ပြည့် မွေးနေ့၌ ကစင်ဆရာတော်ကြီးကျောင်းတွင်သောက်ရေတွင်း၊ သောက်ရေကန်တော်နှစ်လုံး နှင့် ရေစုပ်မော်တာ လှူဒါန်းခဲ့ပါသည်။






သောက်ရေကန်တော်နှစ်လုံး နှင့် ရေစုပ်မော်တာ

(ဆ) ၁၉-၂-၂၀၀၆ တနင်္ဂနွေနေ့တွင် ကစင်ဆရာတော်ကြီးကျောင်းသို့
အလင်းဓာတ်အတွက် မီးစက် မ,တည်လှူဒါန်းငွေ = ၄၅,၀၀၀ ကျပ်

- ဗိုလ်ကြီးလှိုင်မင်းထွန်း + ဒေါ်သည်းဖြူမောင်မောင် မိသားစု = ၉၀,၀၀၀ ကျပ်
- ဒေါ်တင်တင် = ၂,၀၀၀ ကျပ်

MISU R 175 A
DIESEL ENGINE
MAX OUT PUT 5.73 KW ( 7.8 HP )
RATED OUT PUT 4.85 KW ( 6.6 HP )
RATED SPEED 2600 r/min
NET WEIGHT 60 kg
No. 006174 DATE 04.09

MADE IN CHINA




(ဇ) တတိယကစင်ဆရာတော်ကြီး ဘဒ္ဒန္တသုမန မဟာထေရ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်းစာအုပ် ဓမ္မဒါန ဓမ္မပူဇာဦးဦးဖျားဖျား ထည့်ဝင်လှူဒါန်းငွေ
= ၅,၀၀၀ ကျပ်

(ဈ) သက်တော်ရှည် ကံလုံဆရာတော်ဘုရားကြီး၏ ရာပြည့်အကြို တစ်ဘဝ သာသနာစာအုပ်အတွက် ဓမ္မဒါန ဓမ္မပူဇာ လှူဒါန်းငွေ = ၁၀,၀၀၀ ကျပ်

(ည) ပထမ ဆီးဖြူပင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သူရိယ မဟာထေရ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်းစာအုပ် ဓမ္မဒါနဓမ္မပူဇာ ထည့်ဝင်လှူဒါန်းငွေ = ၅,၀၀၀ ကျပ်





# မြတ်မော်တင် သာသနာ စွန့်ရှည်ကြာရန် ဘက်စုံကြိုးစား ဒါယကာများ







ထီးတော်တင်လှူ အောင်ဓာတ်ရယူ





ကာကွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များက လာရောက်ကြည့်ရှုဖူးမြော်နေပုံ

# မြတ်မော်တင် သာသနာ ရွှန်းရှည်ကြာရန် ဘက်စုံကြိုးစား ဒါယကာများ








မြတ်မော်တင် ဓာတ်ပေါင်းစုစေတီ




# မြတ်မော်တင် သာသနာ့နယ်မြေ ပွင့်ထွန်းဝေစည်လာခြင်း





ဒေါ်မေ သာသနာပြု မိသားစုမှ ထီးတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်သည်။





ပန်းလည်တိုင်




မော်တင်စွန်း ဘုရားတွင် ထီးတင်လှူစဉ်

## မြတ်မော်တင် သာသနာ့နယ်မြေ ပွင့်ထွန်းဝေစည်လာခြင်း


နတ်တောင်



သိကြားတောင်


ငွေတောင်


ကံချိုင့်


ရွှေတောင်

## ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ



# မှတ်တမ်းတင်ဂုဏ်ပြုလွှာ

ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ကံချိုင်ကျေးရွာအုပ်စု၊ မော်တင်တောင်ပေါ်ရှိ သမိုင်းဝင် မဟာမကုဋရုံသီဆံတော်ရှင်မြတ်မော်တင် စေတီတော် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရန်အတွက် စေတနာသဒ္ဓါထက်သန်စွာ ဖြင့် ပါဝင်လှူဒါန်းသည့် အလှူဒါနကုသိုလ်ရှင်အား မှတ်တမ်းတင်ဂုဏ်ပြု အပ်ပါသည်။

အလှူရှင်အမည်။ ဦးအောင်မြင့်ထွန်း

ဂုဏ်ထူး။ ( B.Ag )

နေရပ်။ ရန်ကုန်မြို့


ဥက္ကဋ္ဌ

( ဗိုလ်ချုပ်စိုးနိုင် )

ရက်စွဲ။ ၂၀၀၅ ခုနှစ်၊ မတ်လ ၂၇ ရက်

နေရာ။ ပုသိမ်မြို့

## ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ



# မှတ်တမ်းတင်ဂုဏ်ပြုလွှာ

ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ကံချိုင်ကျေးရွာအုပ်စု၊ မော်တင်တောင်ပေါ်ရှိ သမိုင်းဝင် မဟာမကုဋ္ဌရုံသီဆံတော်ရှင်မြတ်မော်တင် စေတီတော် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရန်အတွက် စေတနာသဒ္ဓါထက်သန်စွာဖြင့် ပါဝင်လှူဒါန်းသည့် အလှူဒါနကုသိုလ်ရှင်အား မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

အလှူရှင်အမည်။ ဦးမြင့်အောင်

ဂုဏ်ထူး။ B.E,(Mech.)

နေရပ်။ ရန်ကုန်မြို့

ဥက္ကဋ္ဌ
( ဗိုလ်ချုပ်စိုးနိုင် )

ရက်စွဲ။ ၂၀၀၅ ခုနှစ်၊ မတ်လ ၂၇ ရက်
နေရာ။ ပုသိမ်မြို့

# ပြန်ကြားရေးဝန်ကြီးဌာန

## ကျေးဇူးတင်ရှိကြောင်း

# ဂုဏ်ပြုလွှာ

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားရေးအတွက် ကိုယ့်အားကိုယ်ကိုး ကျေးရွာ စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်လျက် ရှိပါသည်။

၂။ အဆိုပါ စာကြည့်တိုက်များတွင် ထားရှိအသုံးပြုရန်အတွက် ——— ရေသွယ်ဝဝ/ တံဆိပ်ရှိ သုတ (၁၀၉၅)အုပ် နှင့် ဖာဘာယာလာဘာကနုမိလောကချမ်းသာ (အခွေ) (၁၄၅)အုပ်

လှူဒါန်းသော အလှူရှင် ဦးအောင်ကြီး၊ ဦးအောင်မြင့်ထွန်း၊ ဦးမြင့်အောင်၊ ဦးဝင်းမြင့်နိုင် ဒေါ်အောင်မြင့်နွယ်၊ ဒေါ်တင်စန်းအောင်

အခန်း (၉)၊ တိုက်အမှတ်(၁၁၀)၊ ပ-ထပ်၊ နန္ဒဝန်လမ်း၊ ဗဟန်းမြို့နယ်


အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

ရက်စွဲ၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ လ (၉) ရက်

# ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၊ ငဝန်မြစ်အနောက်ဖက်ကမ်းဒေသ ကမ်းနီးဘေးမဲ့သားလွတ် သက်တမ်း သာသနာ့နယ်မြေ ပြန်လည်ဖော်ထုတ်အောင်မြင်ခြင်း မှတ်တမ်း ( အကျဉ်း )


| စဉ် | အကြောင်းအရာ | အုတ်မြစ်စီမင်္ဂလာ | စိန်ဖူးတော်နှင့် ထီးတော်အတွင်တင်မင်္ဂလာ |
|---|---|---|---|
| ၁။ | စူဠာမဏိကိုးနဝင်း အောင်စေတီ ( ရွှေတိဂုံစေတီ) | ၂၇-၁၂-၀၃ | ၁၃-၁-၀၄ ၊ အင်္ဂါ၊ နေ့လည် ( ၁၂း၀၀ )နာရီ |
| ၂။ | ရေးဟောင်းဓာတ်ပေါင်းစု စည်းခုံရှင်အောင်တော်မူစေတီ | ၁၃-၁-၀၄ | ၁၄-၂-၀၄၊ စနေ၊ နံနက် (၁၀း၃၀ ) နာရီ |
| ၃။ | စူဠာမဏိသဗ္ဗညုအောင်စေတီ | ၁၄-၂-၀၄ | ၁၃-၄-၀၄ ၊ အင်္ဂါ |
| ၄။ | ရွှေဆံတော်စေတီ | ၄-၄-၀၄ | ၂၉-၄-၀၄ ၊ ကြာသပတေး၊ နံနက်(၄း၃၀)နာရီ |
| ၅။ | နဂါးလေးကောင်ပါ သာသနာ့အလံတံခွန်တိုင် | ၇-၃-၀၄ | ၂၀-၃-၀၄ ၊ စနေ၊ နေ့လည် ( ၂း၀၃၀ ) နာရီ |
| ၆။ | ဖြိုဟ်ပြေ-နံပြေ ဘုရားရှစ်ဆူ နှင့် လင်းလွန်းမဟာဗောဓိပင် (ရွှာဦး) | ၆-၃-၀၄ | |
| ၇။ | ရွှေရင်မြော်စေတီ | ၂၉-၄-၀၄ | ၂၉-၅-၀၄၊ စနေ |
| ၈။ | ရေးဟောင်းဓာတ်ပေါင်းစု ရွှေမင်းဝံစေတီ (ရွှာဦးထိပ်) | ၄-၄-၀၄ | ၂၇-၅-၀၄၊ ကြာသပတေး |
| ၉။ | ဆံတော်ရှင်ကျိုက်ထီးရိုးစေတီ | ၃-၅-၀၄ | ၂၇-၆-၀၄၊ တနင်္ဂနွေ |
| ၁၀။ | ရေးဟောင်းဓာတ်ပေါင်းစု ရွှေတိဂုံစေတီ (ဗျိုက်ကြီး ) | ၄-၄-၀၄ | ၅-၈-၀၄ ၊ ကြာသပတေး |
| ၁၁။ | သိရီမင်္ဂလာကမ္ဘာအေးစေတီ (ကုန်းကျောင်း) | ၁၃-၄-၀၄ | ၂၄-၁၀-၀၄၊ တနင်္ဂနွေ ၊ နံနက်(၈း၀၀) နာရီ |
| ၁၂။ | အောင်ချမ်းသာဓာတ်ပန္နက်စေတီ | | |
| ၁၃။ | ရှင်သီဝလိ ရဟန္တာမထေရ် | ၂၄-၆-၀၄ | ၁၇-၇-၀၄ ၊ တနင်္လာ |
| ၁၄။ | ရှင်ဥပဂုတ္တရဟန္တာမထေရ် ကျောင်းဆောင်နှင့် ရေကန် | ၆-၈-၀၄ | ၁၃-၉-၀၄၊ တနင်္လာ၊ နေ့လည် (၁း၁၃) နာရီ |
| ၁၅။ | နဂါးရုံဘုရား (မုစ္စလိန္ဒ)နှင့် မောင်နမ ခုနစ်ဖော်ရေကန် | ၁၄-၇-၀၄ | ၁၆-၈-၀၄ ၊ တနင်္လာ |
| ၁၆။ | ရွှေတိဂုံအောင်စေတီ သစ်ပုတ်ကုန်း | ၂၃-၁၀-၀၄ | ၂၈-၁၁-၀၄ ၊ တနင်္ဂနွေ၊ နံနက် ( ၇း၃၅ ) နာရီ |
| ၁၇။ | လောကနန္ဒာစေတီ အောင်တော်မူစေတီတော်ကြီး | ၅-၃-၀-၄ | ၁၃-၂-၀၅၊ တနင်္ဂနွေ ၊ နံနက် (၇း၃၀) နာရီ |

| စဉ် | အကြောင်းအရာ | အုတ်မြစ်စီမင်္ဂလာ | စိန်ဖူးတော်နှင့် ထီးတော်အထွဋ်တင်မင်္ဂလာ |
|---|---|---|---|
| ၁၈။ | ရွှေမောင်းထောင် ဂျပန်ဘုရား (မရမ်းချောင်း) | | ပြန်လည်ပြုပြင်မွမ်းမံ၍ ရွှေဆေးသင်္ကန်း ကပ်လှူသည်။ |
| ၁၉။ | ရွှေတိဂုံမြသိန်းတန်စေတီ (ကြောင်ပန်းကုန်း) | ၂၈-၁၁-၀၄ | ၁၉-၁၂-၀၄ ၊ တနင်္ဂနွေ |
| ၂၀။ | ရွှေတိဂုံသဗ္ဗသိဒ္ဓိစေတီ (ကြခတ်ချောင်) | ၁၉-၁၂-၀၄ | ၂-၁-၀၅ ၊ တနင်္ဂနွေ ၊ နံနက် (၈း၀၀) နာရီ |
| ၂၁။ | ရွှေတိဂုံနန်းဦးစေတီ (နတ်မြားကုန်း) | ၂-၁-၀၅ | ၁၆-၁-၀၅၊ တနင်္ဂနွေ၊ နံနက် (၈း၀၀)နာရီ |
| ၂၂။ | ကမ်းနီတွင် တန်ဆောင်းသစ် ဆောက်လုပ်ခြင်း | ၂၉-၄-၀၄ | ပုသိမ် ခ.ယ.က နှင့် ခုနစ်ရက်သား.သမီးများ |
| ၂၃။ | ဂါလန် ၅၀၀ ဆံ့ ရေစင်ဆောက်လုပ်ခြင်း | ၂၀၀၄ | ရွှေမြင်းမိုရ် သာသနာပြုမိသားစု |
| ၂၄။ | အောင်မြေနေရာသတ်မှတ်ခြင်း | ၂၀၀၄ |  |
| ၂၅။ | ဂေါပကရုံးခန်းဆောက်လုပ်ခြင်း | ၂၀၀၄ | |
| ၂၆။ | ဧည့်ဆောင်များ ဆောက်လုပ်ခြင်း | ၂၀၀၄ | |
| ၂၇။ | မဟာရာမ်တံတိုင်း ကာရံခြင်း | ၂၀၀၅ | |
| ၂၈။ | သန့်စင်ခန်းများဆောက်လုပ်ခြင်း | ၂၀၀၅ | |
| ၂၉။ | ရင်ပြင်တော် ကြွေပြားခင်းခြင်း | ၂၀၀၆ | |
| ၃၀။ | ကုန်းတော်ကြီးတစ်ခုလုံး ရောင်တော်ဖွင့်ခြင်း | ၂၀၀၆ | စေတီအိုများမှ ရရှိသော ရှေးဟောင်းရုပ်ပွားတော်များ |
| ၃၁။ | ရုပ်ပွားတော် (၂၈)ဆူ တည်ထားခြင်း | ၂၀၀၆ | |
| ၃၂။ | အထက်ပစ္စယံတွင် (ရုပ်ပွားတော်) (၁၁ဆူ) တည်ထားခြင်း | ၂၀၀၆ |  |
| ၃၃။ | ခြေတော်ရာတန်ဆောင်း ဆောက်လုပ်ခြင်း | ၂၀၀၆ | |
| ၃၄။ | ထိန်ချောင်တွင် မြေထိန်းနံရံ တည်ဆောက်ခြင်း | ၂၀၀၆ | ကမ်းနီဒေသခံ ပြည်သူများ |
| ၃၅။ | မဟာရာမ်တံတိုင်းကာရံခြင်း | ၂၀၀၆ | |
| ၃၆။ | ကမ်းနီတွင် မြေထိန်းနံရံ တည်ဆောက်ခြင်း | ၂၀၀၆ | |

| စဉ် | အကြောင်းအရာ | အောင်မြင်သည့် သာသနာနှစ် | အလှူရှင်အမည် |
|---|---|---|---|
| ၁။ | စူဠာမဏိကိုးနဝင်းအောင်စေတီ ရွှေတိဂုံစေတီ | ၂၅၄၇ | စိန်ဖူးနှင့်ထီးတော် - ဦးခင်မောင်ဝင်း+ဒေါ်ဝင်းဝင်းမေ၊ စေတီတော် - ဦးသန့်စင်ဌေး+ဒေါ်သန်းသန်းဝင်း၊ ကိုဖြိုးမြင့်အောင်။ |
| ၂။ | ရေးဟောင်းဓာတ်ပေါင်းစု စည်းခံ့ရှင်အောင်တော်မူစေတီ | ၂၅၄၇ | ဦးခင်မောင်ဝင်း(D.C.E တံတားအထူးအဖွဲ့-၈) +ဒေါ်ဝင်းဝင်းမေ၊ သမီး-မကြည်စင်သန့်၊ မနင်းဝင့်ခင်။ |
| ၃။ | စူဠာမဏိ သဗ္ဗညုအောင်စေတီ | ၂၅၄၇ | တံတားအထူးအဖွဲ့(၈)၊ ပုသိမ်တံတားစီမံကိန်း။ |
| ၄။ | ရွှေဆံတော်စေတီ | ၂၅၄၇ | န.တ.ခ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ+ ဒေါ်ခင်သောင်း မိသားစု။ |
| ၅။ | နဂါးလေးကောင်ပါ သာသနာ့အလံတံခွန် | ၂၅၄၇ | ဦးခင်မောင်ဝင်း(D.C.E တံတားအထူးအဖွဲ့-၈) +ဒေါ်ဝင်းဝင်းမေ၊ သမီး-မကြည်စင်သန့်၊ မနင်းဝင့်ခင်။ |
| ၆။ | ဂြိုဟ်ပြေ-နံပြေဘုရားရှစ်ဆူ နှင့် လင်းလွန် မဟာဗောဓိပင် (ရွာဦး) | ၂၅၄၇ | စေတနာရှင်အလှူရှင်များ၊ ခုနက်ရက်သားသမီးများ။ |
| ၇။ | ရွှေရှင်မြော်စေတီ | ၂၅၄၈ | ဆ.သ.ရ တပ်ရင်းမှူး ဗိုလ်မှူးကြီး လှိုင်မြင့် မိသားစုနှင့် စေတနာရှင်များ။ |
| ၈။ | ရေးဟောင်းဓာတ်ပေါင်းစု ရွှေမင်းဝံစေတီ (ရွာဦးထိပ် စေတီ) | ၂၅၄၈ | ဦးသန့်စင်ဌေး+ဒေါ်သန်းသန်းဝင်း၊ သား မောင်ထိန်လင်း၊ မောင်စောရန်နိုင်။ |
| ၉။ | ဆံတော်ရှင်ကျိုက်ထီးရိုးစေတီ | ၂၅၄၈ | **Dr.** ညွန့်ဖေ(**Prof** ဇီဝနည်းပညာဖွံ့ဖြိုးမှုဌာန)+ ဒေါ်နန်းချစ်ဆွေ။ |
| ၁၀။ | ရေးဟောင်းဓာတ်ပေါင်းစု ရွှေတိဂုံစေတီ(ပျိုက်ကြီး) | ၂၅၄၈ | ဦးမြင့်အောင် (**B.E, Mech, 2nd Engr-R.C.L, Singapore** ) (သာသနာ့အကျိုးတော်ဆောင်) ။ |
| ၁၁။ | သိရိမင်္ဂလာကမ္ဘာအေးစေတီ (ကုန်းကျောင်း) | ၂၅၄၈ | စေတနာရှင်အလှူရှင် ခုနစ်ရက်သားသမီးများ။ |
| ၁၂။ | အောင်ချမ်းသာဓာတ်ပန္နက် စေတီ | ၂၅၄၈ | ဦးမြင့်အောင်(သာသနာ့အကျိုးဆောင်) နှင့် ဦးသန်းပု။ |
| ၁၃။ | ရှင်သီဝလိ ရဟန္တာမထေရ် | ၂၅၄၈ | တံတားအထူးအဖွဲ့(၈)၊ ပုသိမ်တံတားစီမံကိန်း။ |
| ၁၄။ | ရှင်ဥပဂုတ္တ ရဟန္တာမထေရ် | ၂၅၄၈ | တံတားအထူးအဖွဲ့(၈)၊ ပုသိမ်တံတားစီမံကိန်း။ |
| ၁၅။ | နဂါးရုံဘုရား(မုဋ္ဌလိန္ဒ)နှင့် မောင်နှစ်မခုနစ်ဖော်ရေကန် တော် | ၂၅၄၈ | ဦးခင်မောင်ဝင်း(D.C.E တံတားအထူးအဖွဲ့-၈) +ဒေါ်ဝင်းဝင်းမေ၊ သမီး-မကြည်စင်သန့်၊ မနင်းဝင့်ခင်။ |
| ၁၆။ | ရွှေတိဂုံအောင်စေတီတော် (သစ်ပုတ်ကုန်း) | ၂၅၄၈ | ဦးသန့်စင်ဌေး+ဒေါ်သန်းသန်းဝင်း၊ သား မောင်ထိန်လင်း၊ မောင်စောရန်နိုင်။ |

| စဉ် | အကြောင်းအရာ | အောင်မြင်သည့် သာသနာနှစ် | အလှူရှင်အမည် |
|---|---|---|---|
| ၁၇။ | လောကနန္ဒာစေတီ (အောင်တော်မူစေတီတော်ကြီး) | ၂၅၄၈ | စေတနာရှင် အလှူရှင် ခုနစ်ရက်သားသမီးများ။ |
| ၁၈။ | ရွှေမောင်းတောင် - ဂျပန်ဘုရား (မရမ်းချောင်း) | ၂၅၄၈ | ဦးမြင့်အောင်(ရာသက်ပန် ဘေးမဲ့သားလွှတ်အကျိုးဆောင်) ပြီး၊ စေတနာရှင်အလှူရှင်ခုနစ်ရက်သားသမီးများ။ |
| ၁၉။ | ရွှေတိဂုံမြသိန်းတန်စေတီ (ကြောင်ပန်းကုန်း) | ၂၅၄၈ | ဦးကျော်ရှိန်း(ACE) + ဒေါ်နွဲ့နွဲ့ရီ (လမ်းအထူးအဖွဲ့ - ၂) ဦးအောင်သောင်း + ဒေါ်မိမိမော်၊ ဗိုလ်မှူးလှသိန်း + ဒေါ်လှရင်။ |
| ၂၀။ | ရွှေတိဂုံသဗ္ဗသိဒ္ဓိစေတီ (ကြခတ်ချောင်) | ၂၅၄၈ | စေတနာရှင် အလှူရှင် ခုနစ်ရက်သားသမီးများ။ |
| ၂၁။ | ရွှေတိဂုံနန်းဦးစေတီ (နတ်မြားကုန်း) | ၂၅၄၈ | ဦးခင်မောင်ဝင်း(D.C.E တံတားအထူးအဖွဲ့ - ၈) + ဒေါ်ဝင်းဝင်းမေ၊ သမီး - မကြည်စင်သန့်၊ မနင်းဝင့်ခင်။ |
| ၂၂။ | စွယ်တော်ပင့်ဆင်ဖြူတော် | ၂၅၄၈ | ဦးခင်မောင်ဝင်း(D.C.E တံတားအထူးအဖွဲ့ - ၈) + ဒေါ်ဝင်းဝင်းမေ၊ သမီး - မကြည်စင်သန့်၊ မနင်းဝင့်ခင်။ |
| ၂၃။ | အောင်ဝိဇ္ဇာစေတီ (ရန်ကင်းတောင် - ဆေးတပ်) | ၂၅၄၉ | ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညွှန့်နှင့် ဒေါ်ခင်သန္တာဦး မိသားစု။ စေတနာရှင် အလှူရှင် ခုနစ်ရက်သားသမီးများ။ |
| ၂၄။ | မုဋ္ဌလိန္ဒ နဂါးရုံဘုရားနှင့် ရေကန်တော် (ရန်ကင်းတောင်ဆေးတပ်) | ၂၅၄၉ | ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညွှန့်နှင့် ဒေါ်ခင်သန္တာဦး မိသားစု။ စေတနာရှင် အလှူရှင် ခုနစ်ရက်သားသမီးများ |
| ၂၅။ | ငြိမ်းပြေ - နံ့ပြေ ဘုရားရှစ်ဆူ နှင့် မဟာဗောဓိပလ္လင် (ထင်းပုံဆိပ်) | ၂၅၄၉ | စေတနာရှင် အလှူရှင်ခုနစ်ရက်သားသမီးများ။ |
| ၂၆။ | ရွှေဝက်ဂုစေတီတော် (လှည်းကျော်ကုန်း) | ၂၅၄၉ | စေတနာရှင် အလှူရှင်ခုနစ်ရက်သားသမီးများ။ |
| ၂၇။ | ရွှေတိဂုံ(ကိုယ်ပွား)စေတီတော် နှင့် အလံတံခွန်(သပြေပင်) | ၂၅၄၉ | စေတနာရှင် အလှူရှင်ခုနစ်ရက်သားသမီးများ။ |
| ၂၈။ | မြတ်မော်တင်ဓာတ်ပေါင်းစု (ကိုယ်ပွား)စေတီတော် (သပြေပင်) | ၂၅၄၉ | ဦးလှသိမ်းမောင် + ဒေါ်နန်းတင်အေး(ခ)မရှမ်းမ၊ သား - စည်သူထွန်း၊ မင်းဇော်ငြိမ်းအောင်၊ ကောင်းမွန် မိသားစု၊ မန္တလေး။ |
| ၂၉။ | ရွှေတိဂုံ ကန်တော်ဦးစေတီ တော်နှင့် အလံတံခွန် (ထိန်ချောင်) | ၂၅၄၉ | စေတနာရှင် အလှူရှင်ခုနစ်ရက်သားသမီးများ။ |

| စဉ် | အကြောင်းအရာ | အောင်မြင်သည့် သာသနာနှစ် | အလှူရှင်အမည် |
|---|---|---|---|
| ၃၀။ | ရွှေတိဂုံ(ကိုယ်ပွား)စေတီငယ် (ရှမ်းကွင်း) | ၂၅၄၉ | စေတနာရှင် အလှူရှင်ခုနစ်ရက်သားသမီးများ။ |
| ၃၁။ | ရွှေတိဂုံ(ကိုယ်ပွား)စေတီကြီး (ရှမ်းကွင်း) | ၂၅၄၉ | စေတနာရှင် အလှူရှင်ခုနစ်ရက်သားသမီးများက တည်ဆောက်ရန် စီစဉ်နေဆဲ ဖြစ်ပါသည်။ |
| ၃၂။ | မုစ္ဆလိန္ဒ နဂါးရုံဘုရား (ကြောင်ပန်းကုန်း) | ၂၅၄၉ | စေတနာရှင် အလှူရှင်ခုနစ်ရက်သားသမီးများ။ |
| ၃၃။ | ရှင်ဥပဂုတ္တရဟန္တာနှင့် ကျောင်းဆောင်(ကြောင်ပန်းကုန်း) | ၂၅၄၉ | စေတနာရှင် အလှူရှင်ခုနစ်ရက်သားသမီးများ။ |
| ၃၄။ | ရှင်သီဝလိရဟန္တာနှင့်ကျောင်းဆောင်(ကြောင်ပန်းကုန်း) | ၂၅၄၉ | စေတနာရှင် အလှူရှင်ခုနစ်ရက်သားသမီးများ။ |
| ၃၅။ | ကမ္ဘာ့ငြိမ်းချမ်းရေးစေတီ ထီးတော်(ဇရာဝတီတိုင်း၊ မြင်းကဆိပ်ကျေးရွာ) | ၂၅၄၉ | ဦးထွန်းအောင် + ဒေါ်စန်းစန်းမြင့်ဌေး၊ သား - မောင်အောင်ကြီး၊မောင်အောင်မြင့်ထွန်း၊မောင်မြင့်အောင်၊ သမီး - မအောင်မြင့်နွယ်၊ မတင်စန်းအောင်၊ ရာသက်ပန် ဘေးမဲ့သားလွှတ်စား မိသားစု၊ ရန်ကုန်။ |



မှတ်ချက်။ ။ ဤစာအုပ်စုစည်းတင်ပြသူ - ဦးအောင်မြင့်ထွန်းသည် မန္တလေးမြို့တွင် သက်တော်ရှည် ကံ့လုံဆရာတော်ဘုရားကြီး၏ ရာပြည့်အကြို တစ်ဘဝသာသနာ ကျမ်းစာအုပ်ကြီးအား ပုံနှိပ်နေဆဲကာလ၊ ၁၈ လက်မ ကြေးထီးတော် ရွှေစစ်ချကို မြန်မာမှုလက်ရာမြောက်စွာ စိတ်တိုင်းကျ လုပ်ဆောင်၍ ရန်ကုန်မြို့သို့ ပင့်ဆောင် ယူခဲ့ပါသည်။


ရန်ကုန်မှ တစ်ဆင့် ညီဖြစ်သူ ဦးမြင့်အောင်(သာသနာ့အကျိုးဆောင်) ထံ ပေးပို့ကာ ကမ်းနီဘေးမဲ့သားလွှတ် သက်ကင်းသာသနာ့နယ်မြေ လောကနန္ဒာ အာရုံခံတန်ဆောင်းတွင် အပူဇော်ခံထားရှိခဲ့ပါသည်။

များမကြာမီ - ဇရာဝတီတိုင်း၊ မြင်းကဆိပ်ကျေးရွာ "ကမ္ဘာ့ငြိမ်းချမ်းရေးစေတီ" အို စေတီပျက်ကို ပြန်လည် ပြုပြင်မွမ်းမံနေသည့် ဦးဆောင်သူ ဘစကြာ(ခေါ်)ကိုရင်လေး၏ အာရုံနိမိတ်အရ (ဦးမြင့်အောင် အားတင်ကြို အကြောင်းကြားထားခြင်း မရှိဘဲ) ၎င်းကြေးထီးတော် (ရွှေစစ်ချ) နှင့် စိန်ဖူးတော်ကို လာရောက်ပင့်ဆောင်ကြသည်။

အကြောင်းမှာ စေတီတော် အလျင်အမြန် အောင်မြင်စေရန်အတွက် "အောင်ဓာတ်ရယူ" အလှူခံလာခြင်းဖြစ်သည်။ ဦးမြင့်အောင်ကလည်း မူလကတည်းကပင် လိုအပ်သည့် နေရာတွင် ပေးပို့လှူဒါန်းရန် စီစဉ်ခဲ့ခြင်း ဖြစ်သောကြောင့် တစ်ပါးတည်း ပင့်ဆောင် သွားရန် လှူဒါန်းလိုက်သည်ဟု သိရှိရပါသည်။

## (၁) ဆက်လက်အကောင်အထည်ဖော်နေသော သာသနာပြု ဆောင်ရွက်ချက်များ

### (က) လောကနန္ဒာစေတီတော် - ဘုရားဘွဲ့



လင်္ကာဒီပ၊ သီဟဠ၊ မြန်းကြွမြတ်စွယ်တော်။
တောင်းပန်ညွတ်တွား၊ ဓာတ်တော်ပွား၊ အများရှိပူဇော်။
အနော်ရထာ၊ ဇေယျဖရဏာ၊ ဆောစွာ ဖြန်းဖြန်းဖျော်၊
သင်ဖြူတော်မြတ်၊ စွယ်တော်ဓာတ်၊ ကိန်းဝပ် ကျောက်ကုန်းပေါ်။
မိဌာန်ဆုညွတ်၊ ဆင်ဖြူလွှတ်၊ တုပ်ဝပ် ပ ချေသော်။
ဒေသထိုရပ်၊ ဂူထွင့်မြတ်၊ တည်လတ် သာဓုခေါ်။
လောကနန္ဒာ ဘွဲ့သညာ၊ ကမ္ဘာဟိုးဟိုးကျော်။

### (ခ) လောကနန္ဒာ စေတီတော် ကမ္ပည်းမော်ကွန်း ကျောက်စာ

ဇယတု၊ အောင်ပါစေသတည်း၊

နမော ဗုဒ္ဓဿ

သာသနာတော်နှစ် ၂၅၄၈-ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၆-ခုနှစ်၊ တပို့တွဲလဆန်း(၅)ရက်၊ ၁၃-၂-၂၀၀၅၊ တနင်္ဂနွေနေ့၊ နံနက် (၇)နာရီ၊ (၄၅)မိနစ်၊ (၂၀)စက္ကန့် မင်္ဂလာအချိန်တွင် ဇရာဝတီတိုင်း၊ ပုသိမ်မြို့ ကမ်းနီသာသနာ့နယ်မြေရှိ ပုသိမ်တံတားဦး အောင်တော်မူကုန်းတော် မြေဝတ္ထုကံတည်နေရာ၌ **"လောကနန္ဒာ"** ဘွဲ့နာမံ ရှိတော်မူသော၊ ဤစေတီတော်ကို ရှေးသာသနာ အစဉ်အလာနှင့်ညီစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး အမှူးပြုသော ဆောက်လုပ်ရေးဝန်ကြီးဌာနမိသားစုများနှင့် သူတော်စင် ဘုရားဒါယကာ . ဒါယိကာမ အပေါင်းတို့က လူအများတို့ အမြဲမပြတ် ဝတ်ပြု . ဝတ်ကပ် ပူဇော်မှုများ ပြုနိုင်ရန် အလို့ငှာ ပြန်လည်တည်ထား ကိုးကွယ်ကြပါသည်။

နတ် . လူ သာဓု ခေါ်စေသော်။

### (ဂ) ကြေးခေါင်းလောင်းတော် လှူဒါန်းခြင်း

သာသနာနှစ် - ၂၅၄၈ ခုနှစ်၊ မြန်မာသက္ကရာဇ် - ၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၅)ရက်၊ ခရစ်နှစ် ၂၉-၁-၂၀၀၅၊ စနေနေ့ တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးအောင်မင်း (ဒုတိယအင်ဂျင်နီယာချုပ်-စက်မှု) + ဒေါ်သန်းသန်းမြင့် နှင့် ယန္တရား ဝန်ထမ်းမိသားစုမှ ကြေးခေါင်းလောင်းတော် တစ်လုံး လှူဒါန်းပါသည်။

### (ဃ) လောကနန္ဒာရင်ပြင် ဓမ္မပူဇာ သဘင်ပွဲတော်

သာသနာနှစ် - ၂၅၄၉ ခုနှစ်၊ မြန်မာသက္ကရာဇ် - ၁၃၆၈ခုနှစ်၊ တန်ခူးလပြည့်ကျော် (၆)ရက်၊ မြန်မာနှစ် ဆန်းနေ့စ်ရက်၊ ခရစ်နှစ် - ၁၈-၄-၂၀၀၆ ခုနှစ်၊ အင်္ဂါနေ့တွင် **သာသနာ့အကျိုးတော်ဆောင် ဦးမြင့်အောင်၏ ဦးဆောင်မှုဖြင့်** ကမ်းနီဘေးမဲ့သားလွှတ် သက်ကင်းသာသနာ့နယ်မြေ လောကနန္ဒာစေတီရင်ပြင် ဓမ္မပူဇာ သဘင် ပွဲတော်ကို ကျင်းပခဲ့ရာ ဝါးယားချောင်းကျေးရွာ၊ တပ်ဦးကျောင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက၊ မဟာဂန္ထဝါစကပဏ္ဍိတ၊



ဝန်ကြီးအဆင့် ပုဂ္ဂိုလ်များကလည်း
သာသနာအတွက် ကြွရောက်ချီးမြှောက်

ကမ္မဋ္ဌာနာစရိယ၊ တရားဟော နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တ တေဇနိယ ဆရာတော် အရှင်သူမြတ်က "ဒါနဟူ သမျှ အတုယူကြ" နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ကို ည(၉း၀၀)နာရီမှ (၁၁း၀၀) နာရီ အချိန်ထိ၊ တရားချစ်ခင် ဓမ္မမိတ်ဆွေ သူတော်စင်များအား ဟောကြားချီးမြှင့် ပေးတော်မူခဲ့ကြောင်း သိရှိရပါသည်။

သာသနာနှစ် - ၂၅၄၉ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၇-ခုနှစ်၊ တပို့တွဲလဆန်း ( ၁၂ )ရက်မှ (၁၅)ရက် လပြည့်နေ့အထိ၊ ခရစ်နှစ် (၉-၂-၂၀၀၆ ) ကြာသပတေးနေ့ မှ (၁၂-၂-၂၀၀၆ ) တနင်္ဂနွေနေ့ထိ **"လောကနန္ဒာ စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ပွားပူဇော်ပွဲ"** အခမ်းအနား ကျင်းပခဲ့ကြောင်းကိုလည်း သိရှိရပါသည်။




(င) ကြောင်ပန်းကုန်း - မဟာဗောဓိရွှေညောင်ပင် ဓမ္မပူဇာပွဲတော်

သာသနာနှစ် - ၂၅၄၉ ခုနှစ်၊ မြန်မာသက္ကရာဇ် - ၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၁)ရက်၊ ခရစ်နှစ် ၈-၄-၂၀၀၆ ခုနှစ် စနေနေ့တွင် သာသနာ့အကျိုးတော်ဆောင်များ ဖြစ်ကြသော - ဦးမြငွေ၊ ဦးမြတ်ငြိမ်း၊ ဦးသန်းအေး၊ ဦးမော်မော်နှင့် ဦးကျော်စိုးတို့က စနစ်တကျ ဦးစီးဦးဆောင်ပြု၍ ဇရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ကြောင်ပန်းကုန်းကျေးရွာ၊ မဟာဗောဓိရွှေညောင်ပင်၏ ရွှေပလ္လင်တော် ဓမ္မသဘင်မဏ္ဍပ်၌ ဓမ္မပူဇာသဘင်ပွဲတော်ကို ကျင်းပခဲ့ရာ ပုသိမ်မြို့ မြောင်းမြကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက တရားဟော ဓမ္မကထိက ဘဒ္ဒန္တပညာသိရီ ဆရာတော် အရှင်သူမြတ်က "ကြိုက်ရာရွေးချယ်၊ လမ်းနစ်သွယ်" နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ကို ည(၇း၀၀)နာရီမှ (၉း၀၀)နာရီ အချိန်ထိ တရားချစ်ခင် ဓမ္မမိတ်ဆွေ သူတော်စင်များအား ဟောကြားချီးမြှင့်ပေးတော်မူခဲ့ကြောင်း သိရှိရပါသည်။

# (၂) နှစ်ကျိပ်ရှစ်ဆူ သဗ္ဗညု မြတ်စွာဘုရားတို့၏ ဗုဒ္ဓဝင်အကျဉ်း (က)

| စဉ် | ဘုရားရှင်ဘွဲ့ | လွန်ခဲ့သော အသင်္ချေ | ကမ္ဘာ | သက်တမ်း (နှစ်) | မြို့တော် နေပြည်တော် | ခမည်းတော် | မယ်တော် | မိဖုရား | သားတော် | တောထွက် သည့်ယာဉ် | ဒုက္ကရ စရိယာ | ဇောဓိပင် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | တဏှင်္ကရာ | ၄၊ တစ်သိန်း | သာရမဏ္ဍ | တစ်သိန်း | ပေါရဝတီ | နရိန္ဒမင်း | သိရိစန္ဒီ | | | | ၁၀လ | ကံ့ကော် |
| ၂။ | မေဓင်္ကရာ | ၄၊ တစ်သိန်း | သာရမဏ္ဍ | ကိုးသောင်း | ကာသိဝတီ | အဂ္ဂိသေနမင်း | သုမာလာ | | | | ၆ လ | သရက်ဖြူ |
| ၃။ | သရဏင်္ကရာ | ၄၊ တစ်သိန်း | သာရမဏ္ဍ | ကိုးသောင်း | ခေမာ | သုဘိန္ဒမင်း | သိရီမာလာ | | | | ၃ လ | ညောင်ကြတ် |
| ၄။ | ဒီပင်္ကရာ | ၄၊ တစ်သိန်း | သာရမဏ္ဍ | တစ်သိန်း | ရမ္မာဝတီ | သုဒေဝမင်း | သုမေဓာ | ပဒုမာဒေဝီ | ဥသဘက္ခန္ဓ | ဆင် | ၁၀ လ | ညောင်ကြတ် |
| ၅။ | ကောဏ္ဍည | ၃၊ တစ်သိန်း | သာရ | တစ်သိန်း | ရမ္မာဝတီ | သုနန္ဒမင်း | သုဇာတာ | ရုစိဒေဝီ | ဝိဇိတသေန | မြင်းရထား | ၁၀လ | ကြောင်လျှာ |
| ၆။ | မင်္ဂလ | ၂၊ တစ်သိန်း | သာရမဏ္ဍ | ကိုးသောင်း | ဥတ္တရ | ဥတ္တရမင်း | ဥတ္တရာ | ယသဝတီ | သီဝလ | မြင်း | ၈ လ | ကံ့ကော် |
| ၇။ | သုမန | ၂၊ တစ်သိန်း | သာရမဏ္ဍ | ကိုးသောင်း | မေခလ | သုဒတ္တမင်း | သိရီမာ | ဝဋံသိကာ | အနုပမ | ဆင် | ၁၀ လ | ကံ့ကော် |
| ၈။ | ရေဝတ | ၂၊ တစ်သိန်း | သာရမဏ္ဍ | ခြောက်သောင်း | သုဓညဝတီ | ဝိပုလမင်း | ဝိပုလာ | သုဒဿနာ | ဝရုဏ | မြင်းရထား | ၇ လ | ကံ့ကော် |
| ၉။ | သောဘိတ | ၂၊ တစ်သိန်း | သာရမဏ္ဍ | ကိုးသောင်း | သုဓမ္မ | သုဓမ္မမင်း | သုဓမ္မာ | မင်္ဂလာဒေဝီ | သီဟ | ပြာသာဒ် | ၇ ရက် | ကံ့ကော် |
| ၁၀။ | အနောမဒဿီ | ၁၊ တစ်သိန်း | ဝရ | တစ်သိန်း | စန္ဒဝတီ | ယသဝါမင်း | ယသောဓရာ | သိရိမာ | ဥပဝါဏ | ရွှေထမ်းစင် | ၁၀ လ | ထောက်ကြံ့ |
| ၁၁။ | ပဒုမ | ၁၊ တစ်သိန်း | ဝရ | တစ်သိန်း | ဓမ္မက | အသမမင်း | အသမာ | ဥတ္တရာဒေဝီ | ရမ္မ | မြင်းရထား | ၈ လ | ကြောင်လျှာ |
| ၁၂။ | နာရဒ | ၁၊ တစ်သိန်း | ဝရ | ကိုးသောင်း | ဓညဝတီ | သုဒေဝမင်း | အနောမာ | ဝိဇိတသေနာ | နန္ဒုတ္တရ | ခြေလျင် | ၇ ရက် | ကြောင်လျှာ |
| ၁၃။ | ပဒုမုတ္တရ | ကမ္ဘာတစ်သိန်း | သာရ | တစ်သိန်း | ဟံသာဝတီ | အာနန္ဒမင်း | သုဇာတာ | ဝသုဒတ္တာ | ဥတ္တရ | ပြာသာဒ် | ၇ ရက် | ထင်းရှူး |
| ၁၄။ | သုမေဓ | ကမ္ဘာသုံးသောင်း | မဏ္ဍ | ကိုးသောင်း | သုဒဿန | သုဒတ္တမင်း | သုဒတ္တာ | သုမနာဒေဝီ | သုနန္ဒသု | ဆင် | ၁၅ ရက် | တမာ(ကညော) |
| ၁၅။ | သုဇာတ | ကမ္ဘာသုံးသောင်း | မဏ္ဍ | ကိုးသောင်း | သုမင်္ဂလ | ဥဂ္ဂတမင်း | ပဘာဝတီ | သိရီနန္ဒာ | ဥပသန | မြင်း | ၉ လ | ကြခတ်ဝါး |
| ၁၆။ | ပိယဒဿီ | ကမ္ဘာ ၁၈၀၀ | ဝရ | ကိုးသော်း | သုဓညဝတ | သုဒတ္တမင်း | စန္ဒာ | ဝိမလာဒေဝီ | ကဥ္စနာဝေဠ | မြင်းရထား | ၆ လ | ရေခံတက် |
| ၁၇။ | အတ္ထဒဿီ | ကမ္ဘာ ၁၈၀၀ | ဝရ | တစ်သိန်း | သောဘဏ | သာဂရမင်း | သုဒဿနာ | ဝိသာခါ | သေလ | မြင်း | ၈ လ | စကား |
| ၁၈။ | ဓမ္မဒဿီ | ကမ္ဘာ ၁၈၀၀ | ဝရ | တစ်သိန်း | သာရဏ | သရဏမင်း | သုနန္ဒာ | ဝိစိကောဠီ | ပုညဝဍ္ဎန | ပြာသာဒ် | ၇ ရက် | သံသတ် |
| ၁၉။ | သိဒ္ဓတ္ထ | ၉၄ ကမ္ဘာ | သာရ | တစ်သိန်း | ဝေဘာရ | ဥဒေနမင်း | သုဖဿာ | သောမနဿ | အနုပမ | ရွှေထမ်းစင် | ၁၀ လ | ယှားရှောက် |
| ၂၀။ | တိဿ | ၉၂ ကမ္ဘာ | မဏ္ဍ | တစ်သိန်း | ခေမက | ဇနသန္ဓမင်း | ပဒုမာ | သုဘဒ္ဒါ | အာနန္ဒ | မြင်း | ၈ လ | ပိတောက် |

## (၂) နှစ်ကျိပ်ရှစ်ဆူ သဗ္ဗညု မြတ်စွာဘုရားတို့၏ ဗုဒ္ဓဝင်အကျဉ်း (က) အဆက်

| စဉ် | ဘုရားရှင်ဘွဲ့တော် | လွန်ခဲ့သော အသင်္ချေ | ကမ္ဘာ | သက်တမ်းနှစ် | မြို့တော် နေပြည်တော် | ခမည်းတော် | မယ်တော် | မိဖုရား | သားတော် | တောထွက် သည့်ယာဉ် | ဒုက္ကရစရိယာ | ဗောဓိပင် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၁။ | ဖုဿ | ၉၂ ကမ္ဘာ | မဏ္ဍ | ကိုးသောင်း | ကာသိက | ဇယသေနမင်း | သီရိမာ | ကိသာဂေါတမီ | အနုပမ | ဆင် | ၆ လ | သျှိသျှား |
| ၂၂။ | ဝိပဿီ | ၉၁ ကမ္ဘာ | သာရ | ရှစ်သောင်း | ဗန္ဓုမတီ | ဗန္ဓုမမင်း | မန္ဓုမတီ | သုဒဿနာ | သမဝတ္တက္ခန္ဓ | မြင်းရထား | ၈ လ | သခွတ် |
| ၂၃။ | သိခီ | ၃၁ ကမ္ဘာ | မဏ္ဍ | ခုနစ်သောင်း | အရုဏဝတီ | အရုဏမင်း | ပဘာဝတီ | သဗ္ဗကာမာ | အတုလ | ဆင် | ၈ လ | သရက်ဖြူ |
| ၂၄။ | ဝေဿဘူ | ၃၁ ကမ္ဘာ | မဏ္ဍ | ခြောက်သောင်း | အနောမ | သုပ္ပတီတမင်း | ယသဝတီ | သုစိတ္တာ | သုပ္ပဗုဒ္ဓ | ရွှေထမ်းစင် | ၆ လ | အင်ကြင်း |
| ၂၅။ | ကကုသန် | ယခုကမ္ဘာ | ဘဒ္ဒ | လေးသောင်း | ခေမဝတီ | အဂ္ဂိဒတ္တပုဏ္ဏား | ဝိသာခါ | ရောစိနီ | ဥတ္တရ | မြင်းရထား | ၈ လ | ကုက္ကို |
| ၂၆။ | ကောဏာဂုံ | ယခုကမ္ဘာ | ဘဒ္ဒ | သုံးသောင်း | သောဘဝတီ | ယညဒတ္တ ပုဏ္ဏား | ဥတ္တရာ | ရုစိဂတ္တာ | သတ္တဝါဟ | ဆင် | ၆ လ | ရေသဖန်း |
| ၂၇။ | ကဿပ | ယခုကမ္ဘာ | ဘဒ္ဒ | နှစ်သောင်း | ဗာရာဏသီ | ဗြဟ္မဒတ္တ ပုဏ္ဏား | ဓနဝတီ | သုနန္ဒာ | ဝိဇိတသေန | ပြာသာဒ် | ၇ ရက် | ပညောင် |
| ၂၈။ | ဂေါတမ | ယခုကမ္ဘာ | ဘဒ္ဒ | တစ်ရာ | ကပိလဝတ် | သုဒ္ဓေါဒနမင်း | မဟာမာယာ | ယသောဓရော | ရာဟုလာ | မြင်း | ၆နှစ် | ညောင်ဗုဒ္ဓဟေ |
| | အရိမေတ္တေယျ | ယုခကမ္ဘာ | ဘဒ္ဒ | တစ်သိန်း | ကေတုမတီ | သုဗြဟ္မ | ဗြဟ္မဝတီ | စန္ဒမုခိ | | ပြာသာဒ် | ၆ ရက် | ကံ့ကော် |



ဝန်ကြီးအဆင့်
ပုဂ္ဂိုလ်များကလည်း
သာသနာအတွက်
ကြွရောက်ချီးမြှောက်



## (၂) နှစ်ကျိပ်ရှစ်ဆူ သဗ္ဗညု မြတ်စွာဘုရားတို့၏ ဗုဒ္ဓဝင်အကျဉ်း (ခ)

| စဉ် | ဘုရားရှင်ဘွဲ့တော် | ဉာဏ်တော် | အလုပ်အကျွေး | အဂ္ဂသာဝက | | အဂ္ဂသာဝိကာ | | ဗျာဒိတ်ရသောဂေါတမဘုရား |
|---|---|---|---|---|---|---|---|---|
| | | | | လက်ယာရံ | လက်ဝဲရံ | လက်ယာရံ | လက်ဝဲရံ | |
| ၁။ | တဏှင်္ကရာ | ၈၈ တောင် | | | | | | နိယတဗျာဒိတ် မရသေးပါ |
| ၂။ | မေဓင်္ကရာ | ၈၈ တောင် | | | | | | နိယတဗျာဒိတ် မရသေးပါ |
| ၃။ | သရဏင်္ကရာ | ၉၀ တောင် | | | | | | နိယတဗျာဒိတ် မရသေးပါ |
| ၄။ | ဒီပင်္ကရာ | ၈၀ တောင် | သာဂတ | သုမင်္ဂလ | တိဿ | နန္ဒာ | သုနန္ဒာ | သုမေဓာရသေ့ |
| ၅။ | ကောဏ္ဍည | ၈၈ တောင် | အနုရုဒ္ဓါ | ဘဒ္ဒ | သုဘဒ္ဒ | တိဿာ | ဥပတိဿာ | ဝိဇိတာဝီမင်း |
| ၆။ | မင်္ဂလ | ၈၈ တောင် | ပါလိတ | သုဒေဝ | ဓမ္မသေန | သီဝလာ | အသောကာ | သုရုစိပုဏ္ဏား |
| ၇။ | သုမန | ၉၀ တောင် | ဥဒေန | သရဏ | ဘာဝိတတ္တ | သောဏာ | ဥပသောဏာ | အတုလနဂါးမင်း |
| ၈။ | ရေဝတ | ၈၀ တောင် | သမ္ဘဝ | ဝရုဏ | ဗြဟ္မဒေဝ | ဘဒ္ဒါ | သုဘဒ္ဒါ | အတိဒေဝပုဏ္ဏား |
| ၉။ | သောဘိတ | ၅၈ တောင် | အနောမ | အသမ | သုနေတ္တ | နကုလာ | သုဇာတာ | သုဇာတပုဏ္ဏား |
| ၁၀။ | အနောမဒဿီ | ၅၈ တောင် | ဝရုဏ | နိသဘ | အနောမ | သုန္ဒရီ | သုမနာ | ဘီလူးစစ်သူကြီး |
| ၁၁။ | ပဒုမ | ၅၈ တောင် | ဝရုဏ | သာလ | ဥပသာလ | ရာဓာ | သုရာဓာ | ခြင်္သေ့မင်း |
| ၁၂။ | နာရဒ | ၈၈ တောင် | ဝါသေဋ္ဌ | ဘဒ္ဒသာလ | ဝိဇိတမိတ္တ | ဥတ္တရာ | ဖဂ္ဂုနီ | ရသေ့ |
| ၁၃။ | ပဒုမုတ္တရ | ၅၈ တောင် | သုမန | ဒေဝလ | သုဇာတ | အမိတာ | အသမာ | ဇဋိလမင်း |
| ၁၄။ | သုမေဓ | ၈၈ တောင် | သာဂရ | သရဏ | သဗ္ဗကာမ | ရာမာ | သုရာမာ | ဥတ္တရလုလင် |
| ၁၅။ | သုဇာတ | ၅၀ တောင် | နာရဒ | သုဒဿန | သုဒေဝ | နာဂါ | နာဂသမာလာ | စကြာမင်း |
| ၁၆။ | ပိယဒဿီ | ၈၀ တောင် | သောဘိတ | ပါလိတ | သဗ္ဗဒဿီ | သုဇာတာ | ဓမ္မဒိန္နာ | ကဿပလုလင်ပုဏ္ဏား |
| ၁၇။ | အတ္ထဒဿီ | ၈၀ တောင် | အဘယ | သန္တ | ဥပသန္တ | ဓမ္မာ | သုဓမ္မာ | သုသီမရသေ့ |
| ၁၈။ | ဓမ္မဒဿီ | ၈၀ တောင် | သုနေတ္တ | ပဒုမ | ဖုဿဒေဝ | ခေမာ | သစ္စနာမာ | သိကြားမင်း |
| ၁၉။ | သိဒ္ဓတ္ထ | ၆၀ တောင် | ရေဝတ | သမ္ဗလ | သုမိတ္တ | သီဝလာ | သုရာမာ | မင်္ဂလရသေ့ |
| ၂၀။ | တိဿ | ၆၀ တောင် | သမင်္ဂ | ဗြဟ္မဒေဝ | ဥဒယ | ဖုဿာ | သုဒတ္တာ | သုဇာတရသေ့ |

## (၂) နှစ်ကျိပ်ရှစ်ဆူ သဗ္ဗညု မြတ်စွာဘုရားတို့၏ ဗုဒ္ဓဝင်အကျဉ်း (ခ) အဆက်

| စဉ် | ဘုရားရှင်ဘွဲ့တော် | ဉာဏ်တော် | အလုပ်အကျွေး | အဂ္ဂသာဝက | | အဂ္ဂသာဝိကာ | | ဗျာဒိတ်ရသောဂေါတမဘုရား |
|---|---|---|---|---|---|---|---|---|
| | | | | လက်ယာရံ | လက်ဝဲရံ | လက်ယာရံ | လက်ဝဲရံ | |
| ၂၁။ | ဖုဿ | ၅၈ တောင် | ဘဘိယ | သုရက္ခိတ | ဓမ္မသေန | စာလာ | ဥပစာလာ | ဝိဇိတာဝီမင်း |
| ၂၂။ | ဝိပဿီ | ၈၀ တောင် | အသောက | ခဏ္ဍ | တိဿ | စန္ဒာ | စန္ဒမိတ္တာ | အတုလနဂါးမင်း |
| ၂၃။ | သိခီ | ၇၀ တောင် | ခေမင်္ကရ | အဘိဘူ | သမ္ဘဝ | သခိလာ | ပဒုမာ | အရိန္ဒမမင်း |
| ၂၄။ | ဝေဿဘူ | ၆၀ တောင် | ဥပသန္တ | သောဏ | ဥတ္တရ | ရာမာ | သမာလာ | သုဒဿနမင်း |
| ၂၅။ | ကကုသန် | ၄၀ တောင် | ဗုဒ္ဓိဇ | ဝိဓုရ | သဉ္ဇိဝ | သာမာ | စမ္ပာ | ခေမမင်း |
| ၂၆။ | ကောဏာဂုံ | ၃၀ တောင် | သောတ္ထိဇ | ဘိယျောသ | ဥတ္တရ | သမုဒ္ဒါ | ဥတ္တရာ | ပဗ္ဗတမင်း |
| ၂၇။ | ကဿပ | ၂၀ တောင် | သဗ္ဗမိတ္တ | တိဿ | ဘာရဒွါဇ | အနုဠာ | ဥရုဝေဠာ | ဇောတိပါလပုဏ္ဏား |
| ၂၈။ | ဂေါတမ | ၁၈ တောင် | အာနန္ဒာ | သာရိပုတ္တရာ | မောဂ္ဂလာန် | ခေမာ | ဥပ္ပလဝဏ် | အဇိတရဟန်း |
| ❁ | အရိမေတ္တယျ | ၈၈ တောင် | | | | | | အရိမေတ္တေယျ ဘုရားလောင်း |



ကမ်းနီမှ စေတီအို စေတီပျက်များ



ကမ်းနီမှ စေတီအို စေတီပျက်များ

(က) ဂေါတမမြတ်စွာဘုရားအလောင်းတော် ဖျာဒိတ်ခံရသော အဖြစ်တော်တို့တွင်

၁။ ရသေ့အဖြစ် ငါးဘဝ၊

၂။ ရဟန်းအဖြစ် ကိုးဘဝ၊

၃။ လူအဖြစ် ငါးဘဝ၊

၄။ နဂါးအဖြစ် နှစ်ဘဝ နှင့်

၅။ သိကြား၊ ဘီလူး၊ ခြင်္သေ့မင်း တစ်ဘဝစီသာ ဖြစ်သည်။

✿ ရသေ့. ပဉ္စ၊ နဝ. ဘိက္ခု၊ လူ့အဖြစ်. ငါး၊ နှစ်. နဂါးတည့်၊
သိကြား.ယက္ခ၊ သီဟရာဇာ၊ တစ်စီသာ၊ သချာဇောဝိသ [၁] ။

(ခ) ဆယ့်တစ်မီးငြိမ်းရန် ရည်ရွယ်ထည်ထား ဗုဒ္ဓရုပ်ပွားတော်များ

တစ်ဆယ့်တစ်သီး ဒုက္ခမီးများဖြစ်ကြသော - ရာဂမီး (လိုချင်တပ်မက်ခြင်း)၊ ဒေါသမီး (စိတ်ဆိုး၊ စိတ်ပျက်ခြင်း)၊ မောဟမီး(အမှန်အတိုင်းမသိခြင်း)၊ ဇာတိမီး (ပဋိသန္ဓေနေရခြင်း)၊ ဇရာမီး(အိုရခြင်း)၊ မရဏမီး(သေရခြင်း)၊ သောကမီး(စိုးရိမ်ပူဆွေးရခြင်း)၊ ပရိဒေဝမီး(ငိုကြွေးရခြင်း)၊ ဒုက္ခမီး(ကိုယ်ဆင်းရဲရခြင်း)၊ ဒေါမနဿမီး(စိတ်ဆင်းရဲ ရခြင်း)နှင့် ဥပါယာသမီး(ပြင်းစွာ ပူပန်ရခြင်း) တို့မှ ငြိမ်းအေးစေရန် ရည်ရွယ်၍၊ လောကနန္ဒာစေတီတော်၏ အထက်ပစ္စယံဘေးပတ်လည်တွင် ဉာဏ်တော်အမြင့် ၁၈ လက်မအရွယ်ရှိ ကျောက်သလင်းဖြူ ဗုဒ္ဓရုပ်ပွားတော်များကို ပလ္လင်တော်၊ မုခ်ဦးများနှင့်ထက္ကွ စနစ်တကျ သပ်ရပ်လှပစွာ ပူဇော်ထားရှိပါသည်။

အလှူရှင်များမှာ -

၁။ ဦးထွန်းန + ( ဒေါ်အုံးတင် ) ကမ်းနီအား အမှူးထား၍ ဦးထွန်းဖေ + ဒေါ်တင်မြင့်၊ မြေး-မစန္ဒာမြင့် မိသားစု၊ ရန်ကုန်မြို့။

၂။ ဦးမျိုးညွန့် + ဒေါ်သန်းငြိမ်း၊ မစန္ဒီမာ၊ မောင်းဟိန်းဇော်ထက်၊ မောင်မျိုးကိုကိုဟိန်း၊ မရီနွယ်ထွန်း၊ မောင်ထက်အောင်လွင် မိသားစု၊ ထင်းပုံဆိပ်၊ ပုသိမ်။

၃။ ဦးထွန်းအောင်(မျက်ခမ်းစပ်ရောဂါကုလက်ထောက်) + ဒေါ်စန်းစန်းမြင့်ဌေး(ခ)ဒေါ်တင်တင်အေး (ငြိမ်း၊ရန်ကုန် တက္ကသိုလ်၊ စာကြည့်တိုက်)၊ သား - မောင်အောင်ကြီး၊ မောင်အောင်မြင့်ထွန်း (တာဝန်ခံ စုစည်းတင်ပြသူ)၊ မောင်မြင့်အောင် (ကမ်းနီ - သာသနာ့အကျိုးဆောင်)၊ သမီး - ကိုဝင်းမြင့်နိုင် + မအောင်မြင့်နွယ်၊ မတင်စန်းအောင်(ခ)မအေးအေးမိုး မိသားစု၊ ရန်ကုန်။

၄။ ကမ်းနားကျောင်းဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ အား အမှူးထား၍ ကမ်းနီကျေးရွာ ခနစ်ရက် သားသမီး အများကောင်းမှု။

၅။ ဦးသန့်စင်ဌေး(အငယ်တန်းအင်ဂျင်နီယာ ၂၊ စက်မှုယန္တရား၊ တောင်) + ဒေါ်သန်းသန်းဝင်း၊ သား - မောင်ထိန်လင်း၊ မောင်စောရန်နိုင် မိသားစု တို့ အသီးသီး ဖြစ်ကြပါသည်။

---

၁။ ဗုဒ္ဓဘာသာ လက်စွဲ ပန္နက်သဲကျမ်း နှာ ၁၈၀။

## (ဂ) ပွင့်တော်မူပြီး (၂၈)ဆူ ဘုရား ရည်မှန်းကိုးကွယ် လောကနန္ဒာ စေတီတော်ပတ်လည်

| စဉ် | ဘုရားဘွဲ့တော် | တောဓိပင်အမည် | ဉာဏ်တော် | အလှူရှင်အမည် |
|---|---|---|---|---|
| ၁။ | တဏှင်္ကရာ | ကံ့ကော်ပင် | ၈၈ တောင် | D.C.E ဦးခင်မောင်ဝင်း + ဒေါ်ဝင်းဝင်းမေ၊ သမီး - မကြည်စင်သန့်၊ မနင်းဝင့်ခင် မိသားစု၊ ရန်ကုန်။ |
| ၂။ | မေဓင်္ကရာ | သရက်ဖြူပင် | ၈၀ တောင် | D.C.E ဦးခင်မောင်ဝင်း + ဒေါ်ဝင်းဝင်းမေ၊ သမီး - မကြည်စင်သန့်၊ မနင်းဝင့်ခင် မိသားစု၊ ရန်ကုန်။ |
| ၃။ | သရဏင်္ကရာ | ညောင်ကြွတ်ပင် | ၉၀ တောင် | တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် + ဒေါ်သန်းသန်းနွဲ့အား ဦးထိပ်ထား၍၊ ကမ်းနီကျေးရွာ၊ ခုနစ်ရက်သားသမီး အများကောင်းမှု။ |
| ၄။ | ဒီပင်္ကရာ | ညောင်ကြွတ်ပင် | ၈၀ တောင် | ဦးသိန်းထွန်း + ဒေါ်မြင့်မြင့်ဝင်း၊ သမီး - မခင်ငြိမ်းငြိမ်းသူ၊ မဖြူစင်သန့် မိသားစု၊ ရန်ကုန်။ |
| ၅။ | ကောဏ္ဍည | ကြောင်လျှာပင် | ၈၈ တောင် | ဦးပါ + ဒေါ်ထွေးခင်၊ သမီး - မရွှေရည်ဦး မိသားစု၊ ကမ်းနီကျေးရွာ၊ ပုသိမ်။ |
| ၆။ | မင်္ဂလ | ကံ့ကော်ပင် | ၈၈ တောင် | နှစ်ဖက်သောမိဘများနှင့် ကျေးဇူးရှင်များအား အမှူးထား၍ ဦးခင်တင့် + ဒေါ်ခင်သန်းအေး၊ မောင်မိုးသူ၊ မတင်ဇာဇာမိုး၊ မတင်နိုင်နိုင်မိုး မိသားစု၊ ပုသိမ်မြို့။ |
| ၇။ | သုမန | ကံ့ကော်ပင် | ၉၀ တောင် | နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးဝင်းကိုသန်း(S.A.E)နှင့် ဇနီး မိသားစု၊ မော်လမြိုင်မြို့။ |
| ၈။ | ရေဝတ | ကံ့ကော်ပင် | ၈၀ တောင် | ကမ်းနီကျေးရွာ ဒေသခံသာသနာ့အကျိုးဆောင် ဦးသန်းပု + ဒေါ်စန်းရီ မိသားစု။ |
| ၉။ | သောဘိတ | ကံ့ကော်ပင် | ၅၈ တောင် | ကမ်းနီကျေးရွာ ဒေသခံသာသနာ့အကျိုးဆောင် ဦးသပိတ် + ဒေါ်သန်းသန်းဝင်း နှင့် ဦးချစ်တိုး + ဒေါ်တင်ကြည် မိသားစု။ |
| ၁၀။ | အနောမဒဿီ | ထောက်ကြံ့ပင် | ၅၈ တောင် | ဦးထွန်းထွန်း(ယန္တရား - တောင်) + ဒေါ်ခင်စုစု သား - မောင်လှမြင့်ကျော်၊ မောင်ရဲမင်းစိုး မိသားစု၊ ရန်ကုန်။ |
| ၁၁။ | ပဒုမ | ကြောင်လျှာပင် | ၅၈ တောင် | ဦးစိန်ထွေး အား ရည်စူး၍ ဒေါ်အေးအေးမြင့် မိသားစု၊ တလိုင်းချောင်း၊ ကမ်းနားလမ်း၊ ပုသိမ်။ |

| စဉ် | ဘုရားဘွဲ့တော် | ဗောဓိပင်အမည် | ဉာဏ်တော် | အလှူရှင်အမည် |
|---|---|---|---|---|
| ၁၂။ | နာရဒ | ကြောင်လျှာပင် | ၈၈ တောင် | ကမ်းနီဘေးမဲ့သားလွတ် သက်ကင်းသာသနာ့နယ်မြေမှတ်တမ်း၊ စီစဉ်ပူဇော်သူ ဦးအောင်မြင့်ထွန်း(B.Ag) |
| ၁၃။ | ပဒုမုတ္တရ | ထင်းရှူးပင် | ၅၈ တောင် | ဦးမောင်မောင်လတ်+ဒေါ်မြင့်မြင့်မော်၊ (သား) မောင်သော်ဇင်လတ် "ရွှေသရဖူ ရွှေဆိုင်" မိသားစု၊ ပုသိမ်။ |
| ၁၄။ | သုမေဓ | တမာ(ကျည်း) ပင် | ၈၈ တောင် | ဒု-တိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ+ဒေါ်ခင်သောင်း (သမီး) မအေးသီတာဆွေ၊ မသင်းစပယ်ဆွေ၊ (သား) မောင်ရဲမင်း(ခ)ရဲကျော်စွာဆွေ မိသားစု၊ ပုသိမ်မြို့။ |
| ၁၅။ | သုဇာတ | ကြခတ်ဝါးပင် | ၅၀ တောင် | D.C.E ဦးခင်မောင်ဝင်း+ဒေါ်ဝင်းဝင်းမေ၊ (သမီး)မကြည်စင်သန့်၊ မနှင်းဝင့်ခင် မိသားစု၊ ရန်ကုန်။ |
| ၁၆။ | ပိယဒဿီ | ရေခံတက်ပင် | ၈၀ တောင် | နစ်ဖက်သောမိဘများအား ဦးထိပ်ထား၍ ဦးမောင်မောင်မင်းကြည်+ဒေါ်ဥမ္မာလွင် မိသားစု၊ ကမ်းနီကျေးရွာ၊ ပုသိမ်။ |
| ၁၇။ | အတ္ထဒဿီ | စကားပင် | ၈၀ တောင် | ဦးအောင်မြင့်+ဒေါ်ရှုပါ၊ (သား)မောင်တင်အောင်မြင့်၊ ရွှေမြင်းမိုရ် မိသားစု၊ စက်မှုဇုန်၊ ပုသိမ်မြို့။ |
| ၁၈။ | ဓမ္မဒဿီ | သံသတ်ပင် | ၈၀တောင် | အမှတ်(၄)စစ်မြေပြင် ဆေးတပ်ရင်း၊ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညွန့်+ဒေါ်ခင်သန္တာဦး၊ သမီး-မချစ်မိုးပွင့်ဖြူ၊ မအိနှင်းပွင့်ဖြူ မိသားစု၊ ရန်ကုန်။ |
| ၁၉။ | သိဒ္ဓတ္ထ | မဟာလှေကား | ၆၀ တောင် | D.C.E ဦးခင်မောင်ဝင်း+ဒေါ်ဝင်းဝင်းမေ၊ (သမီး)မကြည်စင်သန့်၊ မနှင်းဝင့်ခင် မိသားစု၊ ရန်ကုန်။ |
| ၂၀။ | တိဿ | ပိတောက်ပင် | ၆၀ တောင် | ဦးအုန်းလှိုင်(S.S.A.E)+ဒေါ်သန်းသန်းအေး၊ သမီး-မောင်ဇာနည်အောင်+မဇင်မာလှိုင်၊ (သား) မောင်သက်ပိုင်ဦး+မစုစုစံ မိသားစု၊ ရန်ကုန်။ |
| ၂၁။ | ဖုဿ | သျှိသျှားပင် | ၅၈ တောင် | နစ်ဖက်သော မိဘများအား အမှူးထား၍ ဦးသိန်းငွေ+ဒေါ်ခင်မြင့်(သား)မောင်စိုးမင်း၊(သမီး) မမြမြမော်၊ မအိအိ၊ မမြတ်သီရိဝင်း မိသားစု။ |
| ၂၂။ | ဝိပဿီ | သခွတ်ပင် | ၈၀ တောင် | နစ်ဖက်သော မိဘများအား အမှူးထား၍ ဦးမြငွေ+ဒေါ်စန်းစန်းအေး၊ (သား) မောင်ကျော်ဇင်ဦး၊ (သမီး) မဥမ္မာခိုင် မိသားစု၊ ကြောင်ပန်းကုန်း။ |

| စဉ် | ဘုရားဘွဲ့တော် | ဇာတိပင်အမည် | ဉာဏ်တော် | အလှူရှင်အမည် |
|---|---|---|---|---|
| ၂၃။ | သိခီ | သရက်ဖြူပင် | ၇၀ တောင် | မိဘနှစ်ပါးအား ဦးထိပ်ထား၍ ဦးတင်ဦး (ငွေစာရင်း)၊ ပုသိမ်တံတား စီမံကိန်း။ |
| ၂၄။ | ဝေဿဘူ | အင်ကြင်းပင် | ၆၀ တောင် | ဦးအောင်မြင့် + ဒေါ်ရွှေဟုန်၊ မနှင်းနှင်းအိ၊ မယမင်းအိ၊မောင်စိုးနိုင်ဝင်း၊ မအိအိချော၊ မအိအိငယ်၊ မအိအိသွယ် မိသားစု။ |
| ၂၅။ | ကကုသန္ဓ | ကုက္ကိုပင် | ၄၀ တောင် | မောင်လွင်မင်းသိန်း အား ရည်စူး၍ ဦးသန်းလွင် + ဒေါ်ခင်ခင်သိန်း ၊ (သမီး) မသူသူအောင် မိသားစု။ |
| ၂၆။ | ကောဏာဂုန | ရေသဖန်းပင် | ၃၀ တောင် | ဦးအောင်သန်းထွဋ် + ဒေါ်ခင်ပြုံးရီ၊ (သား) မောင်ကျော်ကျော်ထွဋ်၊ မောင်အာကာစိုး၊ (သမီး) မအိသူဇာအောင် မိသားစု |
| ၂၇။ | ကဿပ | ပညောင်ပင် | ၂၀ တောင် | ဦးထွန်းအောင် + ဒေါ်တင်တင်အေး(ခ) ဒေါ်စန်းစန်းမြင့်ဌေး အား ဦးထိပ်ထား၍ ကမ်းနီ သာသနာ့နယ်မြေဖော်ထုတ်သူ အကျိုးဆောင် ဦးမြင့်အောင် M.O.T (1st Class Part-B)ရန်ကုန်။ |
| ၂၈။ | ဂေါတမ | ညောင်ဗုဒ္ဓဟေပင် | ၁၈ တောင် | ဦးဝင်းညွှန့် + ဒေါ်မြင့်မြင့်ဦး ၊ မြင်းကျား မီးသွေး၊ မိသားစု။ |



## (၃) ရွှေမြင်းမိုရ် သာသနာပြု မိသားစု အလှူတော်

အထက်ဖော်ပြပါ နှစ်ကိုပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များတွင် သံထီးတော်မိုး၍ ၊ ရွှေဆေးသင်္ကန်းကပ်လှူသော အလှူရှင်မှာ - ဦးအောင်မြင့် + ဒေါ်ရှုပါ၊ သား - မောင်တင်အောင်မြင့်၊ "ရွှေမြင်းမိုရ် သာသာပြု" မိသားစု၊ စက်မှုဇုန်၊ ပုသိမ်မြို့ဖြစ်ပါသည်။ ထိုမိသားစုကပင် အောက်ပါအလှူဒါနများကို ဆက်လက် ကုသိုလ်ပြု ခဲ့ကြကြောင်း သိရပါ၏။

(က) လောကနန္ဒာ စေတီတော်၏ အထက်ပစ္စယံ တစ်ခုလုံး ကြွေပြားအပြည့် ခင်းလှူခြင်း၊

( ခ ) ရေဂါလန် ငါးရာခန့်ဝင်ဆံ့သော အာစီ ရေစင်တော် ဆောက်လုပ်ခြင်း၊

( ဂ ) **5-KVA** မီးအားမြှင့်စက်တစ်လုံးနှင့် ကြွေပြားဖြတ်စက်တစ်လုံး လှူဒါန်းခြင်း၊

(ဃ) အလင်းဓာတ်အတွက် မီးစက်တစ်လုံး လှူဒါန်းခြင်း၊

( င ) မြန်မာသက္ကရာဇ် ၁၃၆၇ - ၆၈ခုနှစ်၊ သင်္ကြန်တွင်းကာလတွင် ကမ်းနီဘေးမဲ့သားလွှတ် သက်ကင်း သာသနာ့နယ်မြေနှင့် ပုသိမ်မြို့ပေါ်ရှိ ထင်ပေါ်ကျော်ကြား စေတီတော်များ၏ မဏ္ဍပ်များတွင် လာရောက်သမျှ ဘုရားဖူးလာ ဧည့်ပရိသတ်များကို မုန့်လုံးရေပေါ်နှင့် သာကူများ အလျှံအပယ် ကျွေးမွေးလှူဒါန်းခြင်း စသည်တို့ ဖြစ်ကြသည်။

ထိုမျှသာမကသေး၊ သာသနာနှစ် ၂၅၄၉ - ခု၊ မြန်မာသက္ကရာဇ် ၁၃၆၇ - ခု၊ တပို့တွဲလပြည့်ကျော် (၆)ရက်၊ ခရစ်နှစ် ၁၈ - ၂ - ၂၀၀၆ စနေနေ့တွင် အောက်ပါအလှူဒါများကို ရေစက်သွန်းချ ခဲ့ကြသည်။

ပထမ မိဂဒါဝုန် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သုမနစာရ မဟာထေရ်မြတ်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ပစ္စည်းလေးပါးတို့၌ ရောင့်ရဲလွယ်သော - သန္တုဋ္ဌိဂုဏ်၊ ဒါယကာတို့ မွေးမြူပြုစုလွယ်သော - သုဘရဂုဏ် နည်းပါးသည့် နကမ္မအမှု ဟူသော - အပ္ပကိစ္စဂုဏ်၊ ဒါယကာ ဒါယိကာမတို့၌ တဏှာ သံယောဇဉ်မက်မော တွယ်တာခြင်း မရှိသော - ကုလေသွနနုဂိဒ္ဓဂုဏ် အစရှိသော ကြည်ညိုဖွယ်ရာ ဂုဏ်အဖြာဖြာတို့ကို ရည်မှန်း၍ -

(က) ဆရာတော်ကြီးများ၏ ရုပ်ကလာပ်တော်မြတ်တည်ရာ လိုဏ်ဂူစေတီတော်နှင့် လိုဏ်ဂူတော်ပတ်လည် ထုံးသုတ်ခြင်းမှ အစပြုခဲ့ပြီ ၊

( ခ ) ထို့နောက် လိုဏ်ဂူစေတီတော်အား အသစ်တစ်ဖန် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက် ရောင်တော်ဖွင့်ခြင်း။

( ဂ ) ၎င်း လိုဏ်ဂူစေတီတော်အား ထီးတော်နှင့် စိန်ဖူးတော် တင်လှူခြင်း၊

နိုင်ငံတော်အဆင့် ထီးတော်နှင့် စိန်ဖူးတော်တင်လှူပွဲကို ကျင်းပခဲ့ရာ သာသနာ့အကျိုးဆောင် ဦးမြင့်အောင် (**B.E, Mech**) ၏ အနီးကပ် ဦးဆောင်ကြီးကြပ်မှု၊ ကမ်းနီကျေးရွာ၊ ကမ်းနီဖျားကျေးရွာ၊ ကြောင်ပန်းကုန်းကျေးရွာ၊ နတ်မြွားကုန်းကျေးရွာ စသော ကျေးရွာများရှိ ဓမ္မစကြာဝတ်ရွတ်အသင်းများ၏ ဝိုင်းဝန်းကူညီ ပံ့ပိုးလုပ်ဆောင်မှုများဖြင့် အောင်မြင်ခဲ့ကြောင်း မှတ်တမ်းတင်ပါသည်။


( ဃ ) စေတီတော်မုခ်ဦး တည်ဆောက်ခြင်း၊

( င ) ပတ္တမြားမဂ္ဂင်ကျောင်းတော်ကြီး၏ ရှေ့အဝင် နှစ်ထပ်ဆောင်ကြီးတည်ဆောက်ခြင်း၊

( စ ) ကျောင်းတွင်း သာသနိက အဆောက်အဦများ ပြုပြင်တည်ဆောက်ခြင်း၊

( ဆ ) ကျောင်းတွင်း ကွန်ကရစ်လမ်းခင်းခြင်း၊

( ဇ ) ရေချိုးခန်းနှင့် ကုဋီခြောက်ခန်းတွဲ ဆောက်လုပ်ခြင်း၊



(ဈ) ပထမ မိဂဒါဝုန် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား အဖိုးတန် အဆင့်မြင့် ကြာသက်န်း တစ်စုံ ကပ်လှူခြင်း၊

(ည) ပထမ မိဂဒါဝုန်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ အကျဉ်းကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ကျောက် ထက်အက္ခရာတင် မော်ကွန်းထိုးစိုက်ထူ လှူဒါန်းခြင်း၊

(ဋ) ပထမ မိဂဒါဝုန်ဆရာတော်ကြီး၏ ထေထေရုပ္ပတ္တိ နှင့် ကျင့်စဉ်တော်များစာအုပ်ကို ဓမ္မဒါန ပုံနှိပ် ထုတ်ဝေ လှူဒါန်းခြင်း၊

(ဌ) ဗုဒ္ဓါ ဘိသေက အနေကဇာတင်လှူ ပူဇော်ခြင်း၊

(၃) ကြွရောက်လာကြသော ဧည့်ပရိသတ်များကို ဘေးမဲ့သက်ပယ်သားသတ်လွတ် ထမင်းဟင်းများ ကျွေးမွေးခဲ့ကြရာ ပွဲတော်ရက်မဟုတ်ဘဲ ကြားရက်များမှာပင် တစ်နေ့လျှင် ခန့်မှန်းကုန်ကျစရိတ် ခုနစ်သိန်းခန့်ရှိကြောင်း၊ ပုသိမ်မြို့ပေါ်ရှိ ဘာသာရေးအသင်းအဖွဲ့(ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ မွတ်စလင်ဘာသာ)များ၊ လူမှုရေးအသင်းအဖွဲ့များကလည်း ကုသိုလ်ဖြစ် လုပ်အားဒါန ပြုခဲ့ကြကြောင်း သိရှိရပါသည်။

ရွှေမြင်းမိုရ် မိသားစုသည် ၎င်းတို့၏ စေတနာစေ့ဆော်မှုကြောင့် ဖြစ်ပေါ်လာသော သဒ္ဓါတရားအပေါ် နေ့စဉ် စောင့်ထိန်းသော အကျင့်သီလ သိက္ခာ ကုသိုလ်ကောင်းမှု အစုစုတို့ကို "ထပ်ဆင့် သစ္စာဓိဋ္ဌာန်ပြု ဆောင်ရွက်ခြင်းဖြင့်" လုပ်ငန်းကိစ္စများ အလိုလို အဆင်ပြေ ချောမွေ့ကာ စိတ်ကြံစည်တိုင်း လှူဒါန်းနေနိုင်ခြင်း ဖြစ်ကြောင်း သိရှိရပါသည်။ စိတ်ပါဝင်သားစုများ အတုယူလိုက်နာနိုင်ရန် မှတ်တမ်းတင် ဖော်ပြခြင်း ဖြစ်ပေသည်။

## (က)သံသရာဝဋ်လွတ်ကြစေချင် ဓမ္မပူဇာသဘင်

ဧရာဝတီတိုင်း၊ ပုသိမ်မြို့၊ မိဂဒါဝုန် သာသနာ့ရိပ်သာ ကျောင်းတိုက်တွင် လွန်ခဲ့သည့် နှစ်(၉၀)ခန့်က ရဟန္တာဟု ကျော်ကြားသော "သံဃရာဇာ၊ ဂဏာဓိပတိ၊ တတိယဒွါရ သာသနာပိုင် ပထမ မိဂဒါဝုန် ဆရာတော် ဘုရားကြီး ဘဒ္ဒန္တ သုမနစာရ မဟာထေရ်မြတ်၏ ရုပ်ကလာပ်တော်ကိန်းဝပ်ရာ လိုက်ဂူတော်စေတီ ထီးတော်နှင့် စိန်ဖူးတော်တင် ရေစက်ချ အလှူတော်မင်္ဂလာ၌" ရွှေမြင်းမိုရ် မိသားစုက အောက်ပါ ဓမ္မပူဇာသဘင် အစီအစဉ်ကို ကုသိုလ်ဖြစ် ကျင်းပပြုလုပ်ခဲ့ပါသည်။

၁။ သာသနာ ၂၅၄၉ ခု၊ မြန်မာသက္ကရာဇ် ၁၃၆၇-ခု၊ တပို့တွဲလပြည့် ၁၂-၂-၂၀၀၆ တနင်္ဂနွေနေ့။

❀ အရှင် ဇေိကာဘိဝံသ (သာသနဓဇ၊ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိက)။

၂။ သာသနာ ၂၅၄၉-ခု၊ မြန်မာသက္ကရာဇ်၊ ၁၃၆၇-ခု၊ တပို့တွဲလပြည့်ကျော်(၁)ရက်၊ ၁၃-၂-၂၀၀၆ တနင်္လာနေ့။

- ဒေါက်တာအရှင်ဉာဏိဿရ (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ဂုဏ်ထူးဆောင် ပါမောက္ခ၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထ ဝါစက ပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ)။
- ကမ္ဘာအေးဆရာတော်၏ ရာပြည့်ပူဇော်ပွဲတရား ဟောကြားပါသည်။

၃။ သာသနာ ၂၅၄၉ ခု၊ မြန်မာသက္ကရာဇ် ၁၃၆၇-ခု၊ တပို့တွဲလပြည့်ကျော်(၂)ရက်နှင့် (၃)ရက်၊ ၁၄-၂-၂၀၀၆ (အင်္ဂါနေ့) နှင့် ၁၅-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)။

- အရှင် သောဘဏ ( ရွှေမြင်းမိုရ် ဆရာတော်) (ပိဋကတစ်ပုံအောင်၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိကဗဟုဇန ဟိတဓရ)။

၄။ သာသနာ ၂၅၄၉ခု၊ မြန်မာသက္ကရာဇ် ၁၃၆၇-ခု၊ တပို့တွဲလပြည့်ကျော်(၄)ရက်၊ ၁၆-၂-၂၀၀၆ (ကြာသပတေးနေ့)။

- ရွှေမြင်းမိုရ် ကြယ်တစ်ပွင့် ဆရာတော် အရှင်ကေလာသဘ (သာသနဓဇဓမ္မာစရိယ)။

၅။ သာသနာ ၂၅၄၉ ခု၊ မြန်မာသက္ကရာဇ် ၁၃၆၇-ခု၊ တပို့တွဲလပြည့်ကျော်(၅)ရက်၊ ၁၇-၂-၂၀၀၆ (သောကြာနေ့)။

- မဏိရတနာ ကျောင်းဆရာတော် အရှင်ပဏ္ဍိတ (ပိဋကနစ်ပုံအောင်၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ ဝိနယဓရ၊ ဝိနယ ဝိဒူ၊ နယ်လှည့် ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ)။

၆။ သာသနာ ၂၅၄၉ -ခု၊ မြန်မာသက္ကရာဇ် ၁၄၆၇-ခု၊ တပို့တွဲလပြည့်ကျော်(၆)ရက်၊ ၁၈-၂-၂၀၀၆(စနေနေ့)။

- ဓမ္မစေတီ - အရှင်ကောသလ္လ (သာသနာ့တက္ကသိုလ မဟာဓမ္မစရိယ **M.A - Buddhism**)
- ညစဉ် ၇း၀၀ နာရီအချိန်တွင် ဓမ္မကထိက ဆရာတော်များက တရားဟောကြား ချီးမြှင့်ပေးတော်မူ၏။

## (ခ) အလှူတော်မင်္ဂလာပွဲ ခြိမ့်ခြိမ့်သဲ သာဓုခေါ်သံ မစဲ


၁။ ၁၃၆၇-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၅)ရက်၊ ၁၇-၂-၂၀၀၆၊ သောကြာနေ့ နံနက်(၄း၀၀) နာရီ အချိန်တွင် ပုသိမ်မြို့လုံးကျွတ် သံဃာတော် နစ်ထောင်ကျော်အား အရဏ်ဆွမ်းနှင့်တကွ ဆွမ်းဟင်းလျာများ လောင်းလှူပါသည်။

၂။ ၁၃၆၇-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၆)ရက်၊ ၁၈-၂-၂၀၀၆၊ စနေနေ့ နံနက်(၈း၀၀) နာရီ အချိန်တွင် လိုဏ်ဂူတော် စေတီတော်ကြီး၏ ထီးတော်နှင့် စိန်ဖူးတော်တင်ပွဲ အလှူတော်မင်္ဂလာ အခမ်းအနား ကျင်းပပါသည်။

၃။ ၁၃၆၇-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၆)ရက်၊ ၁၈-၂-၂၀၀၆၊ စနေနေ့တွင် ထီးတော်တင်မင်္ဂလာ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ပင့်သံဃာ (၁၂၅) ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်းလျာ၊ ခဲဖွယ်နှင့် လှူဖွယ်ဝတ္ထုအစုစုတို့အား ဆက်ကပ်လှူဒါန်းပြီး ဧည့်သည်တော် နှစ်ထောင်ကျော်အား ဧည့်ခံ ကျွေးမွေးပါသည်။

၄။ ထိုနေ့၊ နေ့လည်(၁း၀၀)နာရီအချိန်တွင် ငါးသိုင်းချောင်းမြို့၊ စလင်းကျောင်း ပရိယတ္တိ စာသင်တိုက် ပဓာန နာယက၊ ဓမ္မာစရိယ၊ ဓမ္မကထိက မဟာဂန္ထဝါစက ပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ဇဝိကာဘိဝံသ ထံမှ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အနုမောဒနာ တရားတော် ဟောကြားချီးမြှင့်တော်မူ၏။

## ၄။ ဘူးဘုရား လွန်ထူးခြား၊ ဖူးမြော်ကြသူများ ကောင်းကျိုးပွား



သာသနာနှစ် - ၂၅၄၉ ခုနှစ်၊
မြန်မာသက္ကရာဇ် - ၁၃၆၇-ခုနှစ်၊
နတ်တော်လပြည့် ( ၁၅ )ရက်၊
ခရစ်နှစ် - ၁၅-၁၂-၂၀၀၅ ခုနှစ်၊
ကြာသပတေးနေ့၊ နံနက်(၉း၀၀)နာရီ။

ဖူးမြော်ကြသူများ လောကီ၊ လောကုတ္တရာ နှစ်ဖြာ အလွန်ထူးခြားစွာ ကောင်းကျိုးပွားများ ဖြစ်ထွန်းစေမည့် အတိတ်နိမိတ်အဖြစ် "ဘူးဘုရား" တည်ထားကိုးကွယ်ရန် ပန္နက်တင်မင်္ဂလာ ကျင်းပသည်။ ကျောက်စာ ကမ္ပည်း မော်ကွန်းအောက်ပါအတိုင်း ရေးထိုးထား သည်ကို တွေ့ရှိရပါသည်။

### မေတ္တာ သတ္တော အနန္တော


ဤစေတီ တည်ထားကိုးကွယ်နေစဉ် ဘေးမဲ့သားလွတ်စားကာ မေတ္တာသုတ်တော်၊ ဓမ္မစကြာပဋ္ဌာန်း ဒေသနာတော်တို့ကို နေ့စဉ် ရွတ်ပွားပူဇော်၍ တည်ထားကိုးကွယ်ခဲ့ကြောင်း မှတ်တမ်းတင်ပါသည်။

ဦးအုန်းလှိုင် (**S.S.A.E** ပုသိမ်တံတား၊ အထူးအဖွဲ့- ၈ ) + (ဒေါ်သန်းသန်းအေး)

သမီး-မောင်ဇာနည်မောင် + မဇင်မာလှိုင်၊ သား-မောင်သက်ပိုင်ဦး+မစုစုစံ သာသနာပြု မိသားစု မှ ဦးဆောင် ကမ္ဗကထပြု၍ ခုနစ်ရက်သား, သမီး အများကောင်းမှု။

## ၅။ (က) ကြံ့ကြိုက်ရွာနှင့် သက်သာကျေးရွာတွင် တံခွန်တိုင်စိုက်ထူ

သာသနာနှစ် - ၂၅၄၈ ခုနှစ်၊
မြန်မာသက္ကရာဇ် - ၁၃၆၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ( ၄ )ရက်၊
ခရစ်နှစ် - ၂၇-၂-၂၀၀၅ ခုနှစ်၊ တနင်္ဂနွေနေ့၊ နံနက် ( ၈း၀၀ ) နာရီ။



ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ ကြံ့ကြိုက်ရွာတွင် ဦးအုန်းလှိုင်(**S.S.A.E** ပုသိမ်တံတား၊ အထူးအဖွဲ့-၈) + (ဒေါ်သန်းသန်းအေး)၊ သမီး-မောင်ဇာနည်မောင်+မဇင်မာလှိုင်၊သား-မောင်သက်ပိုင်ဦး+မစုစုစံ သာသနာပြုမိသားစုမှ လှူဒါန်းသော တံခွန်တိုင်, တံခွန်လုံး၊ ဟင်္သာနှင့်တကွ ထီးတော်, စိန်ဖူးတော် တို့ကို သာသနာ့အကျိုးဆောင် ဦးမြင့်အောင် ( **B.E Mech**)၏ ဦးဆောင်မှုဖြင့် အောင်မြင်စွာ စိုက်ထူလှူဒါန်းခဲ့ကြပါသည်။

ထိုးမှုရာဇဝင်၊ တင်မှုကမ္ပည်း၊ ရေးမှုမှတ်တမ်း၊ ထားမှု မော်ကွန်း၊ ရှိမှု သမိုင်း၊ မှတ်မှု ကောဇာ၊ ထိုးမှု မြို့-ရွာ ရှည်ကြာမြဲမြံတည် ကြောင်းတည်း။

အဆိုပါမိန့်ချက်များနှင့်အညီ ရန်ကုန်တိုင်း၊ ၄၅-မြို့နယ်ပါ တိုက်ကြီး မြို့နယ်၊ မြောက်အရပ် ၁၈-မိုင်ခန့် အကွာတွင် "သက်သာကျေးရွာ" တည်ရှိသည်။ ၎င်းရွာ၏ အနောက်ဖက်၌ လှိုင် မြစ် ရှိသည်။

ရာဇဝင် သမိုင်းလာအရ - ပုဂံပြည့်ရှင်မင်း အလောင်းစည်သူ မင်းတရားကြီးသည် သက္ကရာဇ်-၄၇၄ ခုနှစ်တွင် ဖောင်တော်ရေယာဉ်ဖြင့် တိုင်းခန်းလှည့်လည်လာရာ ၊ ၎င်း၏ မိဖုရား အထွေးရတနာပုံသည် လေနာရောဂါ ပြင်းထန်စွာ ခံစားနေရရာမှ ယခု ဘုရားစေတီရှိသည့် အရပ်ဒေသသို့ အရောက်တွင် ရောဂါဝေဒနာပျောက်ကင်း သက်သာလာသည်ကို အစွဲပြု၍ "မြသက်သာစေတီ" ကို တည်ထားကိုးကွယ်တော်မူခဲ့ခြင်း ဖြစ်သည်။

ခေတ်အဆက်ဆက် ၊ ရတနာပုံမင်းနေပြည်တော် မန္တလေး(မန်းပြန်)ဆရာတော်များ၊ ရန်ကုန်မြို့ ဆေးဝက်ဘာဆရာတော် ဘဒ္ဒန္တ သူရိယနှင့် ဒါယကာ ၊ ဒါယိကာမများက ပြုပြင်မွမ်းမံခဲ့ရာ ဉာဏ်တော် ၅၇-တောင်၊ ၂-မိုက်ထိ ရှိလာပါပြီ။ ဤစေတီတော်ကြီးသို့ သာသနာ့အကျိုးဆောင် ဦးမြင့်အောင် ဦးစီးသော ကိုသက်ပိုင်ဦး+မစုစုစံ တို့အဖွဲ့က တံခွန်တိုင်စိုက်ထူလှူဒါန်းခြင်း၊ ရင်ပြင်တော် **(Topping)**ခင်းလှူခြင်းနှင့် စေတီတော်ကြီး ရောင်တော်ဖွင့်ခြင်းတို့ကို စေတနာရှင် အလှူရှင် ခုနစ်ရက်သား. သမီး ရွာသူရွာသားများ ဝိုင်းဝန်းကူညီမှုဖြင့် အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

## (ခ) မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော် - ဓမ္မစေတီတော်

ဧရာဝတီတိုင်း ပုသိမ်ခရိုင် သူတော်ကုန်းကျေးရွာတွင် ခရစ်ယာန်ဘာသာဝင်အများစု နေထိုင်ကြပြီး ဗုဒ္ဓဘာသာဝင် အိမ်ထောင်စု (၁၂)အိမ်မျှသာ ရှိသည်။ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွှန့် နှင့် ဦးမြင့်အောင်တို့သည် မဟာပဋ္ဌာန်းကျမ်းမြတ်များကို ဓမ္မစေတီအဖြစ် ထိုရွာရှိ သက်တော် ၇၀ ကျော် မဲဇလီကုန်းဘုန်းတော်ကြီးထံသို့ လှူဒါန်းခဲ့ကြပါသည်။ ထိုကျမ်းစာအုပ်များကို အသုံးပြု၍ ကမ်းနီဝတ်ရွတ်အဖွဲ့နှင့် သစ်ပုတ်ကုန်းကျေးရွာမှ ဦးစိုးမြင့်ခေါင်းဆောင်သော ဝတ်ရွတ်အဖွဲ့တို့မှ ညစဉ် ဓမ္မစကြာနှင့် မဟာပဋ္ဌာန်းကို ၁၁-ရက်ကြာ အသံမစဲ ရွတ်ပွားပူဇော် ခဲ့ကြပါသည်။

ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်ညွှန့် အကျိုးဆောင်သော အဖွဲ့က ရွာအတွင်း ဉာဏ်တော်အမြင့် ခုနစ်တောင်ခန့်ရှိ စေတီပျက် ဟု ယူဆရသည့် အုတ်ကျိုးပဲ့များရှိရာ နေရာ၊ ရွှေကျောင်းဆောင် နေရာနှင့် သိမ်နေရာတို့ကို ရှာဖွေတွေ့ရှိခဲ့ သောကြောင့် ရာဇမတ်ထရံကာရံပြီး၊ သန့်ရှင်းရေးလုပ်ပေးခဲ့ကြကြောင်းလည်း သိရှိရပါသည်။



မဲဇလီကုန်း ဘုရားစေတီတော် မဟာရာမ်အုတ်တံတိုင်းကာရံရန် လိုင်းကျင်းတူးဖော်စဉ်က ရှေးဟောင်း ဌာပနာ ပစ္စည်းများကို တွေ့ရှိခဲ့ရသောကြောင့် ၊ အဆိုပါ မဟာရာမ်တံတိုင်းအတွင်းသို့ ဘုန်းတော်ကြီးများနှင့် အမျိုးသားများသာ ဝင်ရောက်ခွင့်ပြုပြီး အမျိုးသမီးများ ဝင်ရောက်ခြင်းမပြုရသော ကန့်သတ်နယ်မြေအဖြစ် စီစဉ် ဆောင်ရွက်ခဲ့ကြ ကြောင်းလည်း သိရှိရပါသည်။

## ၆။ သာသနာ အစွန့်ရှည်ဖို့ ရည်မှန်းပူဇော် ပါဒစေတီတော်

သာသနာနှစ် ၂၅၄၉ခုနှစ်၊ မြန်မာသက္ကရာဇ် - ၁၃၆၇-ခုနှစ်၊ ခရစ်နှစ် - ၂၀၀၆ ခုနှစ်တွင် သာသနာ့အကျိုးဆောင် ဦးမြင့်အောင် ၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် "ဗုဒ္ဓခြေတော်ရာ ပါဒစေတီတော်"များကို အောက်ပါဒေသအသီးသီးသို့ ပေးပို့လှူဒါန်းခဲ့ပါသည်။

(က) ဧရာဝတီတိုင်း ၊ ပုသိမ်ခရိုင် "ကမ်းနီဘေးမဲ့သားလွတ် သက်ကင်းသာသနာ့နယ်မြေ" သို့ ဗုဒ္ဓခြေတော်ရာ ပါဒစေတီတော် ဝဲ-ယာ တစ်စုံ။

(ခ) ဧရာဝတီတိုင်း "ပုသိမ်မြို့ ၊ ဆေးတပ်" ရန်ကင်းတောင် မုစ္စလိန္ဒနဂါးရုံဘုရား. ဘုရားသုံးဆူ ဝန်း (အောင်ဝိဇ္ဇာစေတီ) သို့ ဗုဒ္ဓခြေတော်ရာ ပါဒစေတီတော် ဝဲ-ယာ တစ်စုံ [၁] ။

(ဂ) ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ "ကမ်းနီဖျားကျေးရွာ" သို့ ဗုဒ္ဓခြေတော်ရာ ပါဒစေတီတော် ဝဲ-ယာ တစ်စုံ။

(ဃ) ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင် "သစ်ပုတ်ကုန်းကျေးရွာ"သို့ ဗုဒ္ဓခြေတော်ရာ ပါဒစေတီတော် ဝဲ-ယာ တစ်စုံ။


(င) ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ "ကြောင်ပန်းကုန်းကျေးရွာ" သို့ ဗုဒ္ဓခြေတော်ရာ ပါဒစေတီတော် ဝဲ-ယာ တစ်စုံ။

(စ) ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့ "ရေကြည်ဦး စေတီတော်"သို့ ဗုဒ္ဓခြေတော်ရာ ပါဒစေတီတော် ဝဲ-ယာ တစ်စုံနှင့်

(ဆ) ဧရာဝတီတိုင်း၊ ငပုတောမြို့နယ် ၊ "ဒီပါဇ ဆံတော်ရှင်စေတီတော်" သို့ ဗုဒ္ဓခြေတော်ရာပါဒစေတီတော် ဝဲ-ယာ တစ်စုံ

"ဒီပါဇ"ဆံတော်ရှင်စေတီတော်ရှိ ပါဒစေတီတော်၏ ပလ္လင်တော်နှင့် တန်ဆောင်းအဆောက်အဦကို ဦးသန်းဦး+ဒေါ်ဌေးဌေးနိုင်၊ သမီး မဇင်ဇင်ဦး သာသနာပြုမိသားစုက လှူဒါန်းရန် တည်ဆောက်နေပြီ ဖြစ်ပါသည်။






၁။ မှတ်ချက်။ ။ အမှတ်(၄) စစ်မြေပြင်၊ ဆေးတပ် - တပ်ရင်းမှူးကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညွန့်နှင့် ဇနီး ဒေါ်ခင်သန္တာဦး၊ သမီး-မချစ်မိုးပွင့်ဖြူ၊ သမီး-မအိနင်းပွင့်ဖြူ သာသနာပြုမိသားစု က ပါဒစေတီတော်များ အလျင်အမြန် အောင်မြင်စေရန် အစီအစဉ်ဝင်ပေးခဲ့ကြောင်း သိရှိရပါသည်။

ကမ်းနီဒေသရှိ ရွှေပါဒစေတီတော်ကို ဦးသန်းညွှန့် (စိမံထူးချွန်) (ဒုတိယအင်ဂျင်နီယာမှူးကြီး) နှင့် ဇနီး ဒေါ်ခင်အုံးမြင့် သာသနာပြု မိသားစုမှ အသာပြာငွေကျပ် ငါးသိန်း မ,တည်၍ စေတနာရှင်၊ အလှူရှင်၊ ခုနစ်ရက် သား,သမီး အများကောင်းမှုဖြင့် ပါရမီရှင် သာသနာ့အကျိုးဆောင် ဦးမြင့်အောင် (B.E Mech)က ဦးစီးဦးဆောင်ပြုကာ ရဟန်း,ရှင်,လူ အများ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် တည်ထား , ကိုးကွယ် , ပူဇော်ထားခြင်း ဖြစ်ပါသည်။ ထိုပါဒစေတီတော်၏ အရွယ်ပမာဏတို့မှာ အလျား (၅၁)လက်မ၊ အနံ ခြေဖျားတော် (၂၄)လက်မ၊ ခြေဖဝါးတော်(၂၄)လက်မ၊ ခြေဖနောင့်တော် (၁၈)လက်မ အသီးသီး ဖြစ်ကြပေသည်။

ရွှေပါဒစေတီတော်သည်ကား - မြတ်စွာဘုရားရှင်၏ ဘယ်ခြေတော်နှင့် ညာခြေတော်အားဖြင့် ခြေတော်ရာတစ်စုံ ဖြစ်သည်။ (၁၀၈)ကွက် ရေတွက်နည်းမှုအမျိုးမျိုးတွင် **"တောင်ခွင်သာသနာပိုင်နှင့် မင်းကွန်း တိပိဋက ဓရ ဆရာတော်ကြီးတို့၏ တိပိဋက မဟာဗုဒ္ဓဝင်ကျမ်းလာမှု"** ဖြစ်သည်။ (၁၀၈)ကွက် ထားနည်းနှစ်မျိုးတွင် စက်ဝန်းအဝိုင်း၏ အပြင်ဘက်မှ လက်ယာရစ် ခရုပတ် လှည့်ပတ်၍ ပြထားသည်။ မြတ်စွာဘုရားရှင် ခြေတော် တို့မှ လည်း ရောင်ခြည်တော်များ ဖြာထွက်နေသည်ဟူ၍ အဋ္ဌကထာဆရာတို့ မိန့်ဆိုချက်အရ ခြေတော်ရာတို့ကို ခြေတော်ပုံအတိုင်း ရောင်ခြည်စက်ဝန်းဖြင့် တန်ဆာဆင်ထားခြင်း ဖြစ်သည်။


ပါဒ စက်တော်ရာ တန်ဆောင်း၏ အကျယ်အဝန်းမှာ - အလျား ၁၇ ပေ ၊ အနံ ၁၇ ပေ ၊ အမြင့် ၈ ၁/၂ ပေဖြစ်ပြီး ဗုဒ္ဓခြေတော်ရာစေတီ ပလ္လင်တစ်ခုစီ၏ အကျယ်အဝန်းမှာ - အလျား ၈ ပေ × အနံ ၄ပေ × အမြင့် ၂ ၁/၂ ပေ အသီးသီး ဖြစ်ကြပါသည်။ အဆောက်အဦမှာ ရင်ပြင်တော် ကြွေပြားခင်း၊ မီးခံပြား မျက်နှာကြက်နှင့် သွပ်မိုး ဖြစ်သည်။ ကမ်းနီကျေးရွာရှိ မိသားစုဝင်များက တစ်အိမ်လျှင် သွပ်တစ်ချပ်စီ ပါဝင်လှူဒါန်းခဲ့ကြသည်။ လုပ်အား ကုသိုလ်ရှင်များမှာ -ဦးသန်းပု၊ ဦးချစ်တိုး၊ ဦးချစ်သောင်း၊ ဦးမျိုးညွှန့်၊ ဦးလှထွန်းနှင့် ဦးမြင့်သိန်း တို့ ဖြစ်ကြပါသည်။ ဗုဒ္ဓခြေတော်ရာ ပါဒစေတီတော်များကို အခြားဒေသများသို့လည်း ဆက်လက်ပေးပို့လှူဒါန်းခဲ့ပါသည်။

(က) သာသနာနှစ် - ၂၅၅၀ - ပြည့်နှစ်၊ မြန်မာသက္ကရာဇ် - ၁၃၆၈-ခုနှစ်၊ နယုန်လဆန်း(၁)ရက်၊ ခရစ်နှစ် - ၂၇-၅-၂၀၀၆၊ စနေနေ့တွင် ရန်ကုန်တိုင်း၊ လှော်ကား၊ လိပ်ပုတ်ကျေးရွာ၊ သိကြားစမ ဘွဲ့တံဆိပ်တော်ရ စေတီရံများပါ နှစ်ကျိပ်ရှစ်ဆူ စေတီတော်မြတ်ကြီး (ဘေးမဲ့သားလွတ် သက်ကင်း သာသနာ့နယ်မြေ) သို့ ၊ စေတနာရှင်၊ အလှူရှင် ခုနစ်ရက်သား, သမီး အများကောင်းမှု အဖြစ် ဗုဒ္ဓခြေတော်ရာ ပါဒစေတီတော် ဝဲ,ယာ တစ်စုံကို ပေးပို့လှူဒါန်းခဲ့ကြပြီး ၊ ခန္တီး ဆရာတော်ဘဒ္ဒန္တ ဂန္ဓသာရ၏ ဩဝါဒကို ခံယူကာ ခြေတော်ရာ ပူဇော်ပွဲ ကျင်းပပြုလုပ်ခဲ့ကြပါသည်။



(ခ) သာသနာနှစ် - ၂၅၅၀ - ပြည့်နှစ်၊ မြန်မာသက္ကရာဇ် - ၁၃၆၈-ခုနှစ်၊ နယုန်လဆန်း(၁၂)ရက်၊ ခရစ်နှစ် ၆-၆-၂၀၀၆၊ အင်္ဂါနေ့တွင် ရန်ကုန်တိုင်း၊ အနောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ ကစင်ကျေးရွာ၊ သာသနာ့နယ်မြေသို့ ဦးသန့်စင်ဌေး+ဒေါ်သန်းသန်းဝင်း၊ သား-မောင်ထိန်လင်း၊ မောင်စောရန်နိုင် သာသနာပြုမိသားစုက ဗုဒ္ဓခြေတော်ရာ ပါဒစေတီတော် ဝဲ.ယာ တစ်စုံကို **"တတိယကစင်ဆရာတော်ကြီး ဘဒ္ဒန္တသုမန"** ၏ ဩဝါဒခံယူ၍ လှူဒါန်းခဲ့ကြပါသည်။ ပလ္လင်တော်နှင့် ပါဒစက်တော်ရာတန်ဆောင်းအလှူရှင်များ လိုအပ်နေသောကြောင်း လျှောက်ထားရာ "ဆုတောင်းပါ"ဟု မိန့်ကြားသည်။ ဆရာတော်ကြီး ကျေးဇူးကြောင့် ဦးမြင့်အောင်သည် ကစင် သာသနာ့နယ်မြေကို ဦးစွာ ဖော်ထုတ်အောင်မြင်ခဲ့ပြီး၊ ကမ်းနီ သာသနာ့နယ်မြေကိုလည်း ဆက်လက်ဖော်ထုတ် အောင်မြင်ခဲ့ကြောင်း လျှောက်ထားရာ - "ကျေးဇူးရှိမှန်းသိက၊ ပြန်၍ကျေးဇူးပြုပေးပါ"ဟု မိန့်ကြားသည်။ မျှားမကြာမီ သာသနာနှစ် ၂၅၅၀-ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၈-ခုနှစ်၊ နယုန်လပြည့် ( မဟာအခါသမယ) နေ့ ၁၅ရက်၊ ခရစ်နှစ် ၁၀-၆-၂၀၀၆ ခုနှစ်၊ စနေနေ့တွင် ဦးသန့်စင်ဌေး(အငယ်တန်းအင်ဂျင်နီယာ-၂၊ စက်မှုယန္တရား၊ တောင်)+ဒေါ်သန်းသန်းဝင်း၊ သား-မောင်ထိန်လင်း၊ မောင်စောရန်နိုင် သာသနာပြုမိသားစုနှင့် ကွယ်လွန်သူ ဦးပါကြီးအား ရည်စူး၍ ဒေါ်ကျင်အေး သာသနာပြု မိသားစုတို့က ဗုဒ္ဓခြေတော်ရာ ပါဒစေတီတော် တင်လှူရန် လိုအပ်နေသော ပလ္လင်တော် ဝဲ.ယာ တစ်စုံကို လှူဒါန်းခဲ့ကြပါသည်။

သာသနာနှစ် ၂၅၅၀-ပြည့်နှစ်၊ ကောဇာ ၁၃၆၈-ခုနှစ်၊ နယုန်လပြည့်ကျော်(၃)ရက်၊ ခရစ်နှစ် ၁၃-၆-၂၀၀၆ ခုနှစ်၊ အင်္ဂါနေ့ နံနက် ( ၁၁း၃၀ ) နာရီတွင် တတိယကစင်ဆရာတော်ကြီး ဘဒ္ဒန္တသုမန၏ ဩဝါဒ ခံယူခဲ့ကြပြီး၊ ဗုဒ္ဓခြေတော်ရာ ပါဒစေတီတော်၏ ပလ္လင်တော် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဤစာရေးသူ၊ ဦးမြင့်အောင်၊ ဦးသန့်စင်ဌေး၊ ဒေါ်ဇာနည်အောင်၊ ဦးမောင်အေး နှင့် ဦးငွေသိမ်းတို့က အောင်မြင်စွာ ကျင်းပ ခဲ့ကြသည်။




(ဂ) ကစင်ဆရာတော်ကြီးက မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်၊ အင်ကုန်းကျေးရွာ **"အောင်မြင် ဇေယျာသစ္စာ ကမ္ဘာ့ဗဟိုဓာတ်ပေါင်းစုစေတီတော်"**၏ဗောဓိပင်တွင် သင်္ကန်းကပ်လှူရန် သင်္ကန်းနှစ်စုံ၊ စေတီတော်၏ ရင်ပြင်တော်နှင့် မဟာရာမ်အုတ်တံတိုင်း အတွက် ဦးသန့်စင်ဌေး+ဒေါ်သန်းသန်းဝင်း သာသနာပြုမိသားစုမှ နဝကမ္မ အလှူငွေ ၂၄၀၀၀ ကျပ်နှင့် ဦးထွန်းအောင်+ဒေါ်စန်းစန်းမြင့်ဌေး သာသနာပြု မိသားစုမှ ၃၀၀၀ ကျပ် အသီးသီးကို ဒေါ်ဇာနည်အောင်မှ တစ်ဆင့် လှူဒါန်း ခဲ့ကြပါသည်။

(ဃ) သာသနာနှစ် ၂၅၅၀ ပြည့်နှစ် မြန်မာသက္ကရာဇ် ၁၃၆၈-ခုနှစ်၊ နယုန်လပြည့်(၁၅)ရက်၊ ခရစ်နှစ် ၁၀-၆-၂၀၀၆ ခုနှစ်၊ စနေနေ့တွင် ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ ဥတိုကျေးရွာ နီးဘုရား၊ ရုပ်ပွားတော်မြတ်ကြီးနှင့် ဂန္ဓကုဋီ အဆောက်အဦး (တည်ဆောက်ဆဲ) သာသနာ့နယ်မြေသို့ လည်းကောင်း၊ သာသနာနှစ် ၂၅၅၀-ပြည့်နှစ်၊ မြန်မာသက္ကရာဇ် - ၁၃၆၈-ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက်၊ ခရစ်နှစ် ၂-၇-၂၀၀၆ ခုနှစ်၊ တနင်္ဂနွေနေ့တွင် မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်း၊ သိရီမင်္ဂလာအုတ်ဖိုကျောင်းတိုက်သို့လည်းကောင်း၊ ဦးထွန်းအောင်(မျက်ခမ်းစပ်ရောဂါကု လက်ထောက်) +ဒေါ်တင်တင်အေး(ခ)ဒေါ်စန်းစန်းမြင့်ဌေး (ငြိမ်း၊ ရန်ကုန်တက္ကသိုလ်၊ စာကြည့်တိုက်)၊ သား-မောင်အောင်ကြီး၊ မောင်အောင်မြင့်ထွန်း(စုစည်းတင်ပြသူ)၊ မောင်မြင့်အောင် (သာသနာ့အကျိုးဆောင်)၊ သမီး-ကိုဝင်းမြင့်နိုင်+မအောင်မြင့်နွယ်၊ မတင်စန်းအောင်(ခ) မအေးအေးမိုး သာသနာပြု မိသားစုက ဗုဒ္ဓခြေတော်ရာ ပါဒစေတီတော် ဝဲ,ယာ တစ်စုံစီ ကို အသီးသီး ပေးပို့ လှူဒါန်းခဲ့ပါသည်။ ပလ္လင်တော်အတွက် အသပြာငွေ ၅၀၀၀၀ိ/- ကျပ်ကိုလည်း ထည့်ဝင် လှူဒါန်းခဲ့ကြပါသည်။

ဗုဒ္ဓစက်လက္ခဏာအစုံကို အာရုံတင်လျက် တန်ခိုးတော်မြတ်ဖြင့် လူ, နတ်, ဗြဟ္မာ, သတ္တဝါအများမှာ ကောင်းကျိုးချမ်းသာ ပွားစေသတည်း။

## ၇။ ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ် ကျောင်းဆောင်တော်ကြီးနှင့် · သောက်ရေကန်တော်ကြီး တည်ဆောက်ခြင်း

ဧရာဝတီတိုင်း၊ လပွတ္တာမြို့ ကညင်ကုန်းကျေးရွာ၊ "သစ္စဓမ္မမာလာကျောင်းတိုက်" အတွင်း ရှင်ဥပဂုတ္တ ရဟန္တာ မထေရ်မြတ် ကျောင်းဆောင်တော်ကြီးနှင့် သောက်ရေကန်တော်ကြီးကို **D.C.E** ဦးခင်မောင်ဝင်း၏ မေတ္တာရပ်ခံချက်အရ သာသနာ့အကျိုးတော်ဆောင် ဦးမြင့်အောင် (**B.E, Mech**) ၏ ဦးဆောင် အကောင်အထည် ဖော်ဆောင်မှုဖြင့်၊ ဦးလှထွန်း(ကမ်းနီကျေးရွာ၊ ပုသိမ်မြို့)၊ ဦးမြင့်သိန်း(ကမ်းနီကျေးရွာ၊ ပုသိမ်မြို့)၊ ဦးသပိတ် (ခ) ဦးစံငြိမ်း(ကမ်းနီကျေးရွာ၊ ပုသိမ်မြို့)နှင့် မောင်ဟိန်းဇော်ထက် (ထင်းပုံဆိပ်ကျေးရွာ၊ ပုသိမ်မြို့) တို့က ကုသိုလ်ဖြစ် လုပ်အားဒါနပြု တည်ဆောက်ခဲ့ကြပါသည်။ တည်ဆောက်နေဆဲ ကာလတစ်လျှောက်လုံးတွင် ဘေးမဲ့ သားလွတ် စားသုံးခဲ့ကြပါသည်။ နေ့စဉ် ခင်ပွန်းကြီးဆယ်ပါး ကံချေ၍ နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး၊ ငါးပါးသီလ ခံယူကာ သရဏဂုံသုံးပါး ပုတီးစိပ်ကြသည်။ ကညင်ကုန် ဓမ္မစကြာ ဝတ်ရွတ်အဖွဲ့မှ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်ကို နေ့စဉ် ရွတ်ပွား, ပူဇော်ကာ အမိဋ္ဌာန်ပင်ပေးခဲ့ကြကြောင်း သိရှိရပါသည်။



သာသနာနှစ် ၂၅၄၉-ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၇-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၂)ရက်၊ ခရစ်နှစ် ၁၅-၃-၂၀၀၆ ခုနှစ်၊ ဗုဒ္ဓဟူးနေ့တွင် လုပ်ငန်းစတင်ခဲ့ကြပါသည်။ အလှူရှင်များမှာ ရန်ကုန်မြို့နေ ဦးခင်မောင်ဝင်း (ဒုတိယအင်ဂျင်နီယာ မှူးကြီး၊

**ပုသိမ်တံတားတည်ဆောက်ရေး အထူးအဖွဲ့ - ၈ )နှင့် ဇနီး ဒေါ်ဝင်းဝင်းမေ၊ သမီး-မကြည်စင်သန့်၊ မနင်းဝင့်ခင် သာသနာပြု မိသားစုတို့ ဖြစ်ကြပါသည်။**

ဒေသခံပြည်သူများ သန့်ရှင်းစင်ကြယ်စွာ သောက်သုံးနိုင်ကြစေရန် ဆောက်လုပ်သည့် ရေကန်တော်ကြီး၏ အကျယ်အဝန်းမှာ အလျား ပေ-၄၀၊ အနံ ပေ-၄၀၊ အမြင့် ၅ ၁/၂ ပေ ရှိ၍ အာစီကွန်ကရစ် ဖြစ်ပါသည်။ ဝင်ဆံ့နိုင်သော ရေဂါလန် ပမာဏမှာ - ငါးသောင်းခန့် ဖြစ်ပါသည်။ ရေကန်တော်ကြီး၏ အလယ်တွင် ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်၏ ကျောင်းဆောင်တော်ကြီးကို အာစီ Structure ဖြင့် ဆောက်လုပ်ထားရာ အကျယ်အဝန်းမှာ အလျား ၆ -ပေ × အနံ ၆ - ပေ ×အမြင့် ၇ ပေ ရှိပါသည်။ လူသွားစင်္ကြံလမ်း၏ အကျယ်အဝန်းမှာ -၄ ပေရှိ၍ ၊ ပူဇော်ဝတ်ပြု ကန်တော့ရန် နေရာအကျယ်မှာ အလျား ၇ ပေ × အနံ - ၇ ပေ ဖြစ်ပါသည်။

သာသနာနှစ် ၂၅၄၉ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၇-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈)ရက်၊ ခရစ်နှစ် ၁၅-၃-၂၀၀၆ ဗုဒ္ဓဟူးနေ့တွင် ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်၏ ကျောင်းဆောင်တော်ကို ထီးတော်နှင့် စိန်ဖူးတော် အောင်မြင်စွာ တင်လှူနိုင်ခဲ့ကြပါသည်။ ကုန်ကျစရိတ်စုစုပေါင်းမှာ အသပြာငွေ ကျပ် ၁၃သိန်းကျော်ခန့် ဖြစ်ပါသည်။

## ( ၈ ) သဘာဝဘေးအန္တရာယ် ရန်စွယ်ကာကွယ် သာသနာ့နယ်

၃၁-၈-၂၀၀၆ ၊ ကြာသပတေးနေ့တွင် ပုသိမ်မြို့နေ၊ ရွှေမြင်းမိုရ် မိသားစု ဒေါ်ရှုပါ က ရန်ကုန်မြို့နေ၊ ဦးမြင့်အောင် ထံ တယ်လီဖုန်းဖြင့် ဆက်သွယ်သတင်းပေးပို့ချက်အရ -

**ကမ်းနီသာသနာ့နယ်မြေတွင် ကမ်းပါးပြိုနေကြောင်း ၊ ဤဒေသတွင် နှစ်ပေါင်း (၂၀)အတွင်း မိုးအများဆုံး ရွာသွန်းခဲ့သည့် နှစ်တစ်နှစ် ဖြစ်ကြောင်းနှင့် နေ့စဉ်ရက်ဆက် မပြတ် မိုးရွာသွန်းနေသောကြောင့် မကြာမီက ပြုပြင်မွမ်းမံ တည်ထားခဲ့သော စေတီတော်များအတွက် အလွန်စိုးရိမ်နေရကြောင်း ကြားသိရပါသည်။**

ဦးမြင့်အောင်သည် ဗုဒ္ဓကိစ္စဖြစ်သည့်အတွက် သတင်းရရှိပြီးသည်နှင့်တစ်ပြိုင်နက် ချက်ချင်းစီစဉ်ကာ ၊ နောက်တစ်နေ့ ၁-၉-၂၀၀၆ ၊ သောကြာနေ့တွင် ပုသိမ် ၊ ကမ်းနီ သာသနာ့နယ်မြေသို့ သွားရောက်ခဲ့ပါသည်။ ဦးမြင့်အောင်သည် ဧရာဝတီတိုင်း ၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း အဆင့်ဆင့်ထံ ကမ်းနီသာသနာ့နယ်မြေအတွက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်တွက်ဆ အကြောင်းကြားတင်ပြခဲ့ပြီး ၊ လိုအပ်သလို ဆက်လက်ဆောင်ရွက်ခွင့် ပြုပါရန် ခွင့်တောင်းခံခဲ့ပါသည်။ ခွင့်ပြုချက်ပေးရုံမျှမကသေး ၊ တိုင်းဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း အဆင့်ဆင့်၏ ကူညီပံ့ပိုးမှုကိုလည်း ရရှိခဲ့ပါသည်။

ဗုဒ္ဓဘာသာ သာသနာ့ဒါယကာ. ဒါယိကာမများ၏ စေတနာသဒ္ဓါတရား ထက်သန်မှု ၊ ဒေသခံ ပြည်သူများ၏အချိန်နှင့် တစ်ပြေးညီ မနားမနေ ကြိုးစားအကောင်အထည် ဖော်ဆောင်မှုတို့ကြောင့် မြေပြိုပျက်စီးယိုယွင်းမှု သဘာ ဝဘေးအန္တရာယ် ရန်စွယ်မှ သက်သာ ရာအချိန်မီ ရရှိခဲ့ပါသည်။ နေ့စဉ် နေ့တိုင်း ကုသိုလ်ဖြစ်လုပ်အား ဒါနပေး လှူကြသည့် စေတနာ့ရှင် ရွာသူ့ ရွာသားများကို ၊ ဦးစွာပထမ ခင်ပွန်းကြီး ဆယ်ပါးအား ကံချေ ကန်တော့စေပါသည်။ အလုပ်လုပ်နေဆဲ ကာလများတွင်လည်း အချို့က ဓမ္မစကြာ ရွတ်ပွားပူဇော်ခြင်း၊ အချို့က ပဌာန်းဒေသနာတော် ရွတ်ပွားပူဇော်ခြင်း၊ အချို့



သရဏဂုံသုံးပါး ရွတ်ဖွားပူဇော်ခြင်း တို့ဖြင့် အချိန်ပြည့် ဗုဒ္ဓဓာတ် ကိန်းအောင်းကာ ပါဝင်ဆောင်ရွက်စေခဲ့ပါသည်။

ကြွရောက်လာသော ဖည့်ပရိတ်သတ်အားလုံးကို ဦးအောင်မြင့် + ဒေါ်ရွှေပါ သား - မောင်တင်အောင်မြင့် ရွှေမြင်းမိုရ် သာသနာပြုမိသားစုမှ ဘေးမဲ့သားလွတ် အာဟာရကို အလှူအပယ်ကျွေးမွေးကာ တာဝန်ယူခဲ့သည့်အပြင် လက်သမား ပန်းရံနှင့်တကွ လိုအပ်သမျှ ကိစ္စအဝဝကို ကူညီပံ့ပိုး ဖြည့်ဆီးကာ ကုသိုလ်ရယူခဲ့ကြပါသည်။

အခြား သဒ္ဓါထက်သန် စေတနာ့ရှင် အလှူရှင်များမှာ -

(က) ပုသိမ်တံတား တည်ဆောက်ရေး အထူးဖွဲ့ (၈)မှ (DCE) ဦးခင်မောင်ဝင်း + ဒေါ်ဝင်းဝင်းမေ သမီး မကြည်စင်သန့် ၊ မနင်းဝင့်ခင် သာသနာပြု မိသားစုမှ ကျပ်ငွေ (၁၀၀. ၀၀၀) ၊

(ခ) ရာသက်ပန် ဘေးမဲ့သားလွတ် ဦးထွန်းအောင် + ဒေါ်စန်းစန်းမြင့်ငွေး ၊ သား မောင်အောင်ကြီး၊ မောင်အောင်မြင့်ထွန်း (ဤစာရေးသူ)၊ မောင်မြင့်အောင်(ကမ်းနီသာသနာပြုအကျိုးဆောင်)၊ သမီး ကိုဝင်းမြင့်နိုင် + မအောင်မြင့်နွယ် ၊ မတင်စန်းအောင် သာသနာပြု မိသားစု ကျပ် (၁၀၀. ၀၀၀) ၊

(ဂ) ဦးသန့်စင်ငွေး + ဒေါ်သန်းသန်းဝင်း၊ သား - မောင်ထိန်လင်း၊ မောင်စောရန်နိုင် သာသနာပြုမိသား စု ကျပ် (၁၀၀. ၀၀၀) ၊

(ဃ) လိုအပ်သမျှ ဝါးနက်ဝါးများကို လှူဒါန်းကြသည့် အလှူရှင်များမှာ -

- ကုန်းကျောင်းဆရာတော်နှင့် ဒကာ + ဒကာမများ ၊
- ဦးမျိုးညွှန့် + ဒေါ်သန်း ညိမ်းသာသနာပြုမိသားစုနှင့် ဦးသိန်းဟန် သာသနာပြုမိသားစု ၊

(င) စေတနာ့ရှင် အလှူရှင် ခုနစ်ရက်သား. သမီးများ အသီးသီးဖြစ်ကြပါသည်။

- ၂ - ၉ - ၂၀၀၆ ရက်နေ့တွင် ကမ်းနီဘုရားဘုရားဝန်းကျင် အောက်ခြေကမ်းပါး သဲအိတ်စီခြင်းကို ဒေသခံ ရွာသူ. ရွာသားများ ၊ ကျောင်းသူ. ကျောင်းသားများ၏ ကုသိုလ်ဖြစ် လုပ်အားပေးမှုဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။
- ၃ - ၉ - ၂၀၀၆ ရက်နေ့တွင် ဆက်လက်၍ ဝါးနက်များကို အသုံးပြုကာ ပိုင်ရိုက်ခြင်း၊ သဲအိတ်သွတ်ခြင်း သဲအိတ်များ စီချခြင်းတို့ကို ပြုလုပ်ခဲ့ကြပါသည်။
- ၄ - ၉ - ၂၀၀၆ ရက်နေ့တွင် ကမ်းနီဖျား ရွာသူ. ရွာသားများကလည်းကောင်း ၊
- ၅ - ၉ - ၂၀၀၆ ရက်နေ့တွင် ကြောင်ပန်းကုန်း ရွာသူ. ရွာသား၊ များကလည်းကောင်း ၊
- ၆ - ၉ - ၂၀၀၆ ရက်နေ့တွင် နတ်မြားကုန်း ရွာသူ. ရွာသားများကလည်းကောင်း ၊
- ၇ - ၉ - ၂၀၀၆ ရက်နေ့တွင် သပြေပင် ရွာသူ. ရွာသားများကလည်းကောင်း၊
- ၈ - ၉ - ၂၀၀၆ ရက်နေ့တွင် သပြေပင် နှင့် ထိန်ချောင် ရွာသူ. ရွာသားများကလည်းကောင်းကုသိုလ်အဖြစ် လုပ်အားဒါန အသီးသီးပြုကြလျက် သဲအိတ်များ စီချခဲ့ကြပါသည်။
- ၉ - ၉ - ၂၀၀၆ ရက်နေ့တွင် ထင်းပုံဆိပ် ရွာသူ.ရွာသားများကကုသိုလ်ဖြစ် လုပ်အား ဒါနပေးလှူ၍ စေတီတော်အားလုံးကို ဆပ်ပြာဖြင့် ဆေးကြောသန့်စင် ရေသပ္ပါယ်ကာ ရောင်တော်ဖွင့်ခဲ့ကြပါသည်။

အချုပ်ဆိုရသော် ၊ ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများမှာ -

(က) ကမ်းနီသာသနာကုန်းမြေတွင် မြေထိန်းနိုင်ရန်( Retainning Wall ) ပြုလုပ်ခြင်း ၊

(ခ) ထိုကုန်းတော်ကြီး တစ်ခုလုံး မိုးရေးစီးကြောင်း ကာကွယ်ရန် အုတ်ရေမြောင်း ဖောက်လုပ်ခြင်း ၊


(ဂ) လောကနန္ဒာစေတီတော်ကြီး၏ အထက်ပစ္စယံ တစ်ခုလုံး ကြေးပြား ကပ်လှူပြီးစီးခြင်း၊

(ဃ) တန်ဆောင်းဘေးတွင် မြေထိန်းနိုင်ရန် လက်ရမ်းပြုလုပ်ခြင်း၊

(င) ရွှေမြင်းမိုရ် သာသနာပြုမိသားစု၏ အလှူဒါနဖြင့် ကမ်းနီသာသနာ့ကုန်းတော် အဝင်ဝတွင် အလျား ပေ-၃၀ × အနံ ၁၄-ပေ အကျယ်ရှိ ကွန်ကရစ်ခင်း၊ ဝင်, ထွက်လမ်း ဖောက်လုပ်ခြင်း၊

(စ) မင်္ဂလာအောင်မောင်း စင်တော် တည်ဆောက်ခြင်း၊

(ဆ) ရွှေရည်ဦး သာသနာပြုမိသားစု ကိုဇော်ကြီး + မရွှေစင်ဝင်း တို့၏ အလှူဒါနဖြင့် ဗုဒ္ဓဝေယျာဝစ္စ သီးသန့် အတွက် ဘုရားသောက်တော်ရေကန် တည်ဆောက်ခြင်းနှင့် တန်ဆောင်းအတက်, အဆင်းလှေကား ကြေးပြား ကပ်လှူခြင်းတို့အောင်မြင်ခဲ့ပါသည်။



ကမ်းနီ ဘေးမဲ့သားလွတ် သက်ကင်းသာသနာ့နယ်မြေကို အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်း စောင့်ရှောက်ရန်အလို့ငှာ ဒေသခံ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ဒေသခံကျေးရွာ(၁၃) ရွာ ပါဝင်သော စေတနာရှင်, ကုသိုလ်ရယူလိုသူများက အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားကြရန် သန္နိဋ္ဌာန်ချ မှတ်ခဲ့ကြ၏။

(က) တစ်လလျှင် သုံးရက်ကျ ကျေးရွာတစ်ရွာစီမှ အလှည့်ကျ တာဝန်ယူ ကြပါမည်။

(ခ) တာဝန်ကျ ကျေးရွာမှ တစ်နေ့လျှင် သုံးယောက်ကျစီ အလှည့်ကျ စောင့်ရှောက်ကြပါမည်။

(ဂ) ဓမ္မစကြာ ရွတ်ပွားပူဇော်ပွဲ၊ အသံမစဲ မဟာပဋ္ဌာန်းရွတ်ပွား ပူဇော်ပွဲ များကိုလည်း လစဉ်အခါအားလျော်စွာကျင်းပပြုလုပ် သွားကြပါမည်။


## ၉ ။ သာသနာ့နယ်မြေများ တိုးချဲ့သတ်မှတ်ခြင်း

(က) ဦးမြဝင်း + ဒေါ်အေးဌေး သာသနာပြုမိသားစု နှင့်

(ခ) ကမ်းနားကျောင်း ဂေါပက ဥက္ကဋ္ဌ ဦးတင်လှိုင် + ဒေါ်ကြည်လေး သာသနာပြုမိသားစုတို့က မြေ အကျယ် (၂၄၁-ပေ × အနံ ၁၅-ပေ၊ ၆၅ -ပေ) အသီးသီးလှူဒါန်းကြသဖြင့် ကမ်းနီဘေးမဲ့ သားလွတ်သာသနာ့ နယ်မြေကို မူလကထက် (တိုးချဲ့) သတ်မှတ်နိုင်ခဲ့ကြပါသည်။

(ဂ) ဆက်လက်၍ ကမ်းနီဆရာတော် ဒေသခံ စေတနာရှင် အလှူရှင် (၇)ရက်သားသမီးများနှင့် ဦးမြင့် အောင်(သာသနာ့အကျိုးဆောင်) တို့၏ အလှူဒါနဖြင့်၊ ဇရာဝတီတိုင်း, ပုသိမ်ခရိုင်, မယ်ဇလီကုန်း ကျေးရွာ (ခရစ်ယာန် သာသနာ့ကျောင်းဝန်းအတွင်းရောက်ရှိနေသော) ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ အထွဋ်မြတ်ထားရာ သိမ်တော် (အလျား ၁၃၀-ပေ × အနံ ၇၄-ပေ) ကို နစ်ဖက်သာသနာပြုပုဂ္ဂိုလ်များ ပြေလည်စွာ ညှိနှိုင်းချက်အရ သင့်တင့်မျှတသော အဖိုးနှုန်း ထား ပေးချေကာ ဗုဒ္ဓသာသနာ့နယ်မြေ အဖြစ် တိုးချဲ့သတ်မှတ်နိုင်ခဲ့ကြပါသည်။

## ၁၀။ စေတီတည်ထား သပြေပင်ဆရာတော်ဘုရား





ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ သပြေပင်ကျေးရွာတွင် သပြေပင်ဆရာတော်ကြီး၏ မ,တည်လှူဒါန်းငွေ ကျပ်နှစ်သိန်းဖြင့် စတင် အကောင်အထည်ဖော်ကာ စေတနာ့ရှင် အလှူရှင် (၇) ရက်သားသမီးများ၏ ပါဝင်လှူဒါန်းမှုဖြင့် ဉာဏ်တော် အမြင့် ၂၈ - ပေ ၁ လက္ခရှိ စေတီတော်ကို ပြုပြင်မွမ်းမံ တည်ထားကိုးကွယ်ခဲ့ကြပါသည်။



သာသနာတော်နှစ် ၂၅၅၀ - ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၈ - ခုနှစ်၊ တော်သလင်းလဆန်း(၄)ရက်၊ ခရစ်နှစ် ၂၀၀၆ - ခုနှစ်၊ စက်တင်ဘာလ ( ၁၀)ရက်နေ့ တနင်္ဂနွေနေ့တွင် ကျေးရွာပေါင်းဆယ့်သုံးရွာ ပါဝင်သော၊ ည(၉း၀၀)နာရီ မှ (၁၂း၁၅) နာရီ အထိ ကျင်းပပြုလုပ်သည့် အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ပုသိမ်မြို့နယ်၊ ကမ်းနီကျေးရွာအုပ်စု၊ ကမ်းနီသာသနာ (ဘေးမဲ့ သက်လွတ် သက်ကင်း သာသနာ့နယ်မြေ) ဩဝါဒါစရိယအဖွဲ့၊ နာယကအဖွဲ့၊ ဂေါပက အဖွဲ့များအား တစ်ဖက်ဖော်ပြပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်။

ဩဝါဒါစရိယအဖွဲ့

| | | |
|---|---|---|
| ၁။ | ကမ်းနီကမ်းနားကျောင်း | ဆရာတော် |
| ၂။ | ကမ်းနီကုန်းကျောင်း | ဆရာတော် |
| ၃။ | ကမ်းနီဖျားကျောင်း | ဆရာတော် |
| ၄။ | ထင်းပုံဆိပ်ကျောင်း | ဆရာတော် |
| ၅။ | သစ်ပုတ်ကုန်းကျောင်း | ဆရာတော် |
| ၆။ | မဲဇလီကုန်းကျောင်း | ဆရာတော် |
| ၇။ | ကြခတ်ချောင်ကျောင်း | ဆရာတော် |
| ၈။ | ကြောင်ပန်းကုန်းကျောင်း | ဆရာတော် |
| ၉။ | ကြိန်နီကုန်းကျောင်း | ဆရာတော် |
| ၁၀။ | ထိန်ချောင်ကျောင်း | ဆရာတော် |
| ၁၁။ | သပြေပင်ကျောင်း | ဆရာတော် |
| ၁၂။ | လှည်းကျော်ကုန်းကျောင်း | ဆရာတော် |
| ၁၃။ | ကွင်းပေါက်ကျောင်း | ဆရာတော် |
| ၁၄။ | ဖျိုက်ကုန်းကျောင်း | ဆရာတော် |

နာယကအဖွဲ့

၁။ ဒုတိယတိုင်းမှူး ဗိုလ်ချုပ်တင့်ဆွေ(အနောက်တောင်တိုင်းစစ်ဌာနချုပ်)
၂။ ဗိုလ်မှူးထွန်းရှင် ( တိုင်းသာသနာရေး) ဇရာဝတီတိုင်း
၃။ ဒုတိယဗိုလ်မှူးကြီး လှသွင်၊ ဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းဖြိုးကောင်စီ၊ ပုသိမ်ခရိုင်
၄။ ဦးအေးလွင်၊ ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းဖြိုးကောင်စီ၊ ပုသိမ်မြို့

အဝေးရောက် နာယကအဖွဲ့

၁။ ဒုတိယ ဗိုလ်မှူးကြီးခင်မောင်ညွန့် (အမှတ်-၄ ဆေးတပ်ရင်းမှူး)
၂။ ဒုတိယဗိုလ်မှူးကြီး လှိုင်မြင့် (ပုသိမ်ဆက်သွယ်ရေးတပ်)
၃။ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်း (ဝံတားစီမံကိန်း၊ ပုသိမ်)
၄။ သာသနာအကျိုးဆောင် ဦးမြင့်အောင် (နိုင်ငံခြားသဘော်ာ အင်ဂျင်နီယာ)
၅။ ဦးရွှေလေး ( ACE ပုသိမ်ဝံတား)
၆။ ဦးအုန်းလှိုင် ( SSAE ပုသိမ်ဝံတား)
၇။ ဦးသန့်စင်ဌေး (ယန္တရား SAE ရန်ကုန်)
၈။ ဦးအောင်စိုးလင်း (ယန္တရား SAE ရန်ကုန်)
၉။ ဦးထွန်းထွန်း ( ယန္တရားစာရေး၊ ရန်ကုန်)
၁၀။ ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့၊ မန္တလေး )

ဂေါပကအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်မြင့် | ရွှေမြင်းမိုရ်၊ ပုသိမ်မြို့ | ဥက္ကဋ္ဌ |
| ၂။ | ဦးစိုးမြင့် | သစ်ပုတ်ကုန်းကျေးရွာ | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးချစ်တိုး | ကမ်းနီကျေးရွာ | အတွင်းရေးမှူး |
| ၄။ | ဦးလှသိန်း | ကမ်းနီဖျားကျေးရွာ | တွဲဘက်အတွင်းရေးမှူး |
| ၅။ | ဦးအောင်မြင့် | ရွှေမြင်းမိုရ်၊ ပုသိမ်မြို့ | ဘဏ္ဍာရေးမှူး |
| ၆။ | ဦးချစ်တိုး | ကမ်းနီကျေးရွာ | ပစ္စည်းထိန်း |
| ၇။ | ဦးမြင့်အောင် | ရန်ကုန်မြို့ | စာရင်းစစ် (၁) |
| ၈။ | ဦးသိန်းနိုင် | သစ်ပုတ်ကုန်းကျေးရွာ | စာရင်းစစ် (၂) |
| ၉။ | ဦးဇော်လွင် | ကြခတ်ချောင်းကျေးရွာ | စာရင်းစစ် (၃) |
| ၁၀။ | ဦးဂျော်နီ(ခ)မြသိန်း | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၁၁။ | ဦးမြင့်သိန်း | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၁၂။ | ဦးမျိုးညွှန့် | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၁၃။ | ဦးစံသိန်း | ကမ်းနီဖျားကျေးရွာ | အဖွဲ့ဝင် |
| ၁၄။ | ဦးအုန်းမောင် | ကမ်းနီဖျားကျေးရွာ | အဖွဲ့ဝင် |
| ၁၅။ | ဦးအောင်ကြည် | ကမ်းနီဖျားကျေးရွာ | အဖွဲ့ဝင် |
| ၁၆။ | ဦးသိန်းနိုင် | သစ်ပုတ်ကုန်းကျေးရွာ | အဖွဲ့ဝင် |
| ၁၇။ | ဦးသိန်းညွှန့် | သစ်ပုတ်ကုန်းကျေးရွာ | အဖွဲ့ဝင် |
| ၁၈။ | ဦးဟန်လွင် | သစ်ပုတ်ကုန်းကျေးရွာ | အဖွဲ့ဝင် |
| ၁၉။ | ဦးစိန်သောင်း | ထင်းပုံဆိပ်ကျေးရွာ | အဖွဲ့ဝင် |
| ၂၀။ | ဦးသိန်းဟန် | ထင်းပုံဆိပ်ကျေးရွာ | အဖွဲ့ဝင် |
| ၂၁။ | ဦးဝင်းတင် | ထင်းပုံဆိပ်ကျေးရွာ | အဖွဲ့ဝင် |
| ၂၂။ | ဦးမြငွေ | ကျောင်းပန်းကုန်းကျေးရွာ | အဖွဲ့ဝင် |
| ၂၃။ | ဦးတင်ဝင်း | ကျောင်းပန်းကုန်းကျေးရွာ | အဖွဲ့ဝင် |
| ၂၄။ | ဦးလှမြင့် | ကျောင်းပန်းကုန်းကျေးရွာ | အဖွဲ့ဝင် |
| ၂၅။ | ဦးဇော်လွင် | ကြခတ်ချောင်းကျေးရွာ | အဖွဲ့ဝင် |
| ၂၆။ | ဦးခင်ညွှန့် | ကြခတ်ချောင်းကျေးရွာ | အဖွဲ့ဝင် |
| ၂၇။ | ဦးစိုးဝင်း | ကြခတ်ချောင်းကျေးရွာ | အဖွဲ့ဝင် |
| ၂၈။ | ဦးစံထွေး | ထိန်ချောင်ကျေးရွာ | အဖွဲ့ဝင် |
| ၂၉။ | ဦးရွှေဝင်း | ထိန်ချောင်ကျေးရွာ | အဖွဲ့ဝင် |
| ၃၀။ | ဦးမြသန်း | ထိန်ချောင်ကျေးရွာ | အဖွဲ့ဝင် |
| ၃၁။ | ဦးလှအေး | နတ်မြှားကုန်းကျေးရွာ | အဖွဲ့ဝင် |
| ၃၂။ | ဦးလှငွေ | နတ်မြှားကုန်းကျေးရွာ | အဖွဲ့ဝင် |
| ၃၃။ | ဦးကျော်အေး | နတ်မြှားကုန်းကျေးရွာ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၃၄။ | ဦးကိုသိန်း | ကွင်းပေါက်ကျေးရွာ | အဖွဲ့ဝင် |
| ၃၅။ | ဦးစိန်ရွှေ | ကွင်းပေါက်ကျေးရွာ | အဖွဲ့ဝင် |
| ၃၆။ | ဦးလှမြင့် | ကွင်းပေါက်ကျေးရွာ | အဖွဲ့ဝင် |
| ၃၇။ | ဦးဆန်းဝင်း | သပြေပင်ကျေးရွာ | အဖွဲ့ဝင် |
| ၃၈။ | ဦးကျင်ရွှေ | သပြေပင်ကျေးရွာ | အဖွဲ့ဝင် |
| ၃၉။ | ဦးအုန်းသိန်း | သပြေပင်ကျေးရွာ | အဖွဲ့ဝင် |

ပြုပြင်တည်ဆောက်ရေးအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးသန်းပု | ကမ်းနီကျေးရွာ | အဖွဲ့ခေါင်းဆောင် |
| ၂။ | ဦးသိန်းဟန် | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၃။ | ဦးအုန်းမြင့် | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၄။ | ဦးအောင်သန်း | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၅။ | ဦးမြင့်သိန်း | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၆။ | ဦးမျိုးညွန့် | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၇။ | ဦးသန်းထွန်း | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၈။ | ဦးမောင်ဝင်း | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၉။ | ဦးစံငြိမ်း | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၁၀။ | ဦးဝင်းစိန် | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၁၁။ | ဦးလှထွန်း | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၁၂။ | ဦးအေးကြိုင် | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၁၃။ | ဦးသောင်းထွန်း | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၁၄။ | ဦးအောင်အောင် | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၁၅။ | ဦးသန့်ဇင်ဦး | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၁၆။ | ကိုသက်နိုင် | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၁၇။ | ဦးမြမော် | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၁၈။ | မောင်မောင်ညွန့် | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၁၉။ | ဇော်ဇော် | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၂၀။ | ကျော်စိုးလင်း | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |
| ၂၁။ | နိုင်လင်းဝင်း | ကမ်းနီကျေးရွာ | အဖွဲ့ဝင် |

# ၁၁ ။ ဆက်လက်သာသနာပြုမည့်အစီအစဉ် သွားရောက်လျှောက်ထား ကစင်ဆရာတော်ဘုရား

သာသနာတော်နှစ် ( ၂၅၅၀ )ပြည့်နှစ်၊ မြန်မာသက္ကရာဇ်(၁၃၆၈)ခုနှစ်၊ နယုန်လဆန်း (၈)ရက်၊ ခရစ်နှစ် - ၃ - ၆ - ၂၀၀၆ ခုနှစ်၊ စနေနေ့၊ နေ့လည် ( ၃ )နာရီတွင် တတိယ "ကစင်"ဆရာတော်ကြီး ဘဒ္ဒန္တသုမန ထံသို့ ဤစာရေးသူ ၊ စာရေးသူ၏ညီ ဦးမြင့်အောင် ၊ ဦးသန်းဦး+ဒေါ်ငွေးငွေးနိုင်၊ သမီး-မဇင်ဇင်ဦး၊ သာသနာပြုမိသားစုတို့က သွားရောက်ဖူးမြော် လျှောက်ထားခဲ့ကြပါသည်။

အကြောင်းမှာ -

(က) သာသနာပြုသမိုင်း မှတ်တမ်းစာအုပ်များ ထုတ်ဝေမည့်ကိစ္စ၊

( ခ ) ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ ဥတိုကျေးရွာတွင် နီးဘုရားရုပ်ပွားတော် တည်ထားကိုးကွယ်မည့်ကိစ္စ၊

( ဂ ) ဧရာဝတီတိုင်း ၊ သာပေါင်းမြို့နယ်အတွင်းရှိ - "အကျော်ဇေယျပသသထ"စေတီတော်မြတ်ကြီး ၊ ပြုပြင်မွမ်းမံလိုသည့်ကိစ္စ၊

(ဃ) ရန်ကုန်တိုင်း၊ မြောက်ပိုင်းခရိုင်၊ လှော်ကား၊ လိပ်ပုတ် ကျေးရွာရှိ "ရွှေတိဂုံ"စေတီတော်ပုံတူအား သိကြားစမ ဘွဲ့တံဆိပ်တော်ရ စေတီရံများပါသော နှစ်ကျိပ်ရှစ်ဆူစေတီတော်များ တည်ထားကိုးကွယ်မည့်ကိစ္စ၊

( င ) အဆိုပါဒေသတွင်၊ ရှင်ဥပဂုတ္တ ရဟန္တာ မထေရ်မြတ်ကျောင်းဆောင်၊ ရေသိမ်တော်နှင့် သောက်ရေကန်တော်ကြီး တည် ဆောက်ရေးတို့အတွက် ဩဝါဒခံယူခဲ့ကြပါသည်။

"ကစင်"ဆရာတော်ကြီးက "အောင်ပါတယ်"ဟု သုံးကြိမ်တိုင်တိုင် မိန့်ကြားပြီး ၊ သာသနာတော်အတွက် မ.တည် နဝကမ္မအလှူတော်ငွေ များများထည့်ဝင်လိုပါသည်ဟု မိန့်ကြားရာ - ကပ္ပိယအကျိုးတော်ဆောင် အသပြာငွေတစ်ထောင်ကျပ်နှင့် ဘုန်းတော်ကြီးဆောင်း ထီးသုံးလက် စွန့်လိုက်ပါသည်။ မိမိတို့ အသင့် ယူဆောင်လာခဲ့သော ရေသန့်ဘူးများကိုလည်း ပရိတ်ရွတ်ပွားပူဇော် မေတ္တာပြုပေးလိုက်ပါသည်။



# ပဲခူးတိုင်း ၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ရွာသာယာကျေးရွာအုပ်စု၊ စကြာတောင်(ခ)ကြယ်ခတောင် ဘေးမဲ့သားလွတ် သက်ကင်း သာသနာ့နယ်မြေ (အောင်ဘောဂသိဒ္ဓိ သာသနာပြုစခန်း)

## (၁) သမိုင်းဝင်တောင်ကိုးလုံးတွင် တစ်ခုပါဝင်

ပဲခူးတိုင်း၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ရွာသာယာကျေးရွာအုပ်စုအတွင်းရှိ သမိုင်းဝင် တောင်ကိုးလုံးအနက် ကြယ်ခတောင်သည် တစ်ခုအပါအဝင် ဖြစ်ပါသည်။

သမိုင်းဝင် တောင်ကိုးလုံး၏ အမည်များမှာ -

(က) သီဟပဗ္ဗတ(ခေါ်) ဖိုးဦးတောင် (မြတ်စွာဘုရားသခင် သက်တော်ထင်ရှား ရှိဆဲက နှစ်ကြိမ် ကြွရောက် သီတင်းသုံးတော်မူခဲ့သည်။ ဘုရားအလောင်းဘဝ- ခြသေ့်မင်းဖြစ်စဉ်ကလည်း နေခဲ့ဖူးသည်။ သမ္ဗုလ ဘီလူးအား ချီးမြှင့်တော်မူခဲ့သော "ဥဏ္ဏာလုံမွေရှင်တော်တစ်ဆူနှင့် သုပုပ္ဖိက မွေရှင်တော် တစ်ချောင်း" ဤနှစ်ချောင်းသော မွေရှင်တော်တို့ကို ဌာပနာ တည်ထားသော စေတီရှိ၏ [၁] ။



(ခ) နွားလဥသဘာတောင်၊

(ဂ) ယုန်ဖြူတောင်၊

(ဃ) အုန်းပင်တောင်၊

(င) ဝါဆိုတောင်၊

(စ) တောင်ကြီး၊

(ဆ) ဘုရား (ကုန်း)တောင်၊

(ဇ) မြင်းဟည်းလာတောင် နှင့်

(ဈ) ကြယ်ခတောင် တို့ အသီးသီး ဖြစ်ကြပါသည်။

## (၂) နိဗ္ဗာန်ရည်မှန်း စွန့်လွှတ်လှူဒါန်း ကြယ်ခတောင်စခန်း

သာသနာ ၂၅၄၇-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၆၅-ခုနှစ်၊ တပေါင်းလဆန်း ( ၁၀)ရက်၊ ခရစ်နှစ် ၂၉-၂-၂၀၀၄ ၊ တနင်္ဂနွေနေ့ ၊ နံနက် (၉း၀၀) နာရီအချိန်တွင် ကြယ်ခတောင်ပေါ်၌ သာသနာ့နယ်မြေ သတ်မှတ်၍ သာသနာ့ပန္နက်တင် အောင်လံတံခွန်လွှင့်ထူခြင်း မင်္ဂလာ အခမ်းအနား ကျင်းပခဲ့ကြသည်။ မြေပိုင်ရှင် (ဦးစိတ်တို) +ဒေါ်နီမ (သမီး) မခင်လှိုင် သာသနာပြု မိသားတစ်စုက ၎င်းတို့ပိုင်မြေကို သာသနာ့မြေအဖြစ် နိဗ္ဗာန်ရည်မှန်း၍ စွန့်လွှတ်လှူဒါန်းခဲ့ကြခြင်း ဖြစ်သည်။

ယခုအခါ မြို့နယ် သံဃာ့နာယကအဖွဲ့၏ ခွင့်ပြုမိန့်အရ သာသနာ့နယ်မြေအဖြစ် တရားဝင် ပီပီပြင်ပြင် ပေါ်ထွက်လာခဲ့ပြီ ဖြစ်ပါသည်။ ဤတောင်ပေါ်တွင် ကျွန်းပင်၊ ယင်းမာပင်၊ သနွှင်ပင်၊ ဂုန်းပင်၊ ထောက်ကြံ့ပင်၊ တမာပင်၊ ဒီးဒူးပင်၊ ဖက်သန်းပင်၊ နှောပင်၊ ဘင်္ဂပင်၊ သခွတ်ပင်၊ ဇီးပင်၊ ဖက်မွဲပင်၊ ရှားပင်၊ ကသစ်ဖြူပင်၊ သစ်ကျွတ်ပင်၊ လိန်ပင်၊ ဇောင်းမလေးပင်၊ ချဉ်ယုတ်ပင်၊ ဆေးခါးကြီးပင် ၊ ဆင်တုံးမနွယ်ပင် ၊ ရင်းဖျားပင် ၊

၁။ စေတီယပကာသနီကျမ်း ၊ နှာ - ၂၆၉။

တောင်နံကြီးပင်၊ ဆေးကမြင်းပင် (လူသံမကြားက လေမတိုက်ဘဲ အလိုလို လှုပ်နေပြီး၊ လူသံကြားသည်နှင့် တစ်ပြိုင်နက် ငြိမ်သက်သွားတတ်သည်) ဝံအူဥ (ဒူးနာ ပျောက်သည်)၊ ဆောင်းမလေးခါး(သွားဖုံးဆေး)၊ မင်းကိုကာပင် အစရှိသော သစ်ပင်အမျိုးမျိုး၊ တိုင်းရင်းဆေးပင် အမျိုးမျိုး၊ စားပင်အမျိုးမျိုး၊ တောပန်း၊ တောင်ပန်း အဖုံဖုံတို့ဖြင့် ပြည့်နက်နေပါသည်။

## (၃) ခုနစ်ရက်သား . သမီးများ စုပေါင်းလှူဒါန်း သံဃိက ကျောင်းသင်္ခမ်း

သာသနာ ၂၅၄၇-ခုနှစ်၊ ကောဇာသက္ကရာဇ် - ၁၃၆၅-ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ခရစ်နှစ် ၅-၃-၂၀၀၄ ခုနှစ်၊ သောကြာနေ့ နံနက်(၉း၀၀) နာရီအချိန်တွင် ကြယ်ခတောင်ပေါ်ရှိ ဆရာတော်ကြီး သီတင်းသုံးနေထိုင်ရန် ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းမည့် ပန္နက်တင် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ကြသည်။ အဆိုပါ ကျောင်းတော်ကြီးကို သာသနာ့နယ်မြေ အနီးပတ်ဝန်းကျင်ရှိ ရွာနီးချုပ်စပ်မှ ခုနစ်ရက်သား . သမီးများ၏ သဒ္ဓါကြည်ဖြူစွာ လှူဒါန်းသော နဝကမ္မ ဝတ္ထုငွေများကို ပေါင်းစု၍ အသုံးပြုကာ ၎င်းတို့၏ ကာယ . ဉာဏ. ဝီရိယ စွမ်းအားတို့ဖြင့် ကိုယ်တိုင်.ကိုယ်ကျ ပါဝင် ဆောင်လုပ်ခဲ့ကြခြင်းဖြစ်သည်။

ကျောင်းတော်ကြီး၏ သွပ်မိုး အလှူရှင်များမှာ -

(က) ဒေါ်ခင်အုန်းမြင့် ၊ ဒေါ်တင်အိ ( ကြို့ပင် ကောက်မြို့) -နှင့်

(ခ) ဒေါ်ကျင်မြ နှင့် သမီး ( စစ်ကွင်းမြို့) တို့ ဖြစ်ကြသည်။

သာသနာ ၂၅၄၇-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆-ခုနှစ်၊ ကဆုန်လဆန်း(၈)ရက်၊ ခရစ်နှစ်-၂၆-၄-၂၀၀၄၊ တနင်္လာနေ့တွင် သံယာတော်ကိုးပါးအား ဆွမ်းပင့်ဖိတ် ကပ်လှူ၍ ကျောင်းတော်ကြီးကို သံဃိကအဖြစ် ရေစက်သွန်းချ လှူဒါန်းခဲ့ကြရာ ဆရာတော် ဘဒ္ဒန္တ စိန္တိတ (လူ့ဘဝအမည် - ဦးစိုးဝင်း ) က ကျောင်းထိုင် ချီးမြှင့်ပေးတော်မူသည်။

## (၄) ကထိန်လှူကြ-မြတ်ဒါန၊ စုပေါင်းပါဝင်ရ

သာသနာ ၁၅၄၈-ခုနှစ်၊ ကောဇာသက္ကရာဇ် - ၁၃၆၆-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ( ၆ )ရက်၊ ခရစ်နှစ် ၃-၁၁-၂၀၀၄ ခုနှစ်၊ ဗုဒ္ဓဟူးနေ့တွင် "ပထမအကြိမ်" ဘုံကထိန်ခင်း လှူဒါန်းပူဇော်ပွဲကြီးကို ခုနစ်ရက်သား. သမီး များ၏ ကောင်းမှုကုသိုလ်ဒါနဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြပါသည်။

သာသနာ ၂၅၄၉-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၁)ရက်၊ ခရစ်နှစ် ၁၁-၁၁-၂၀၀၅ ခုနှစ်၊ သောကြာနေ့တွင် "ဒုတိယအကြိမ်" ဘုံကထိန်ခင်း လှူဒါန်းပူဇော်ပွဲကြီးကိုလည်း ဒေါ်တင်စိုး (အလယ်ရွာ)၊ ဒေါ်သိန်းညို (တောင်ဘိုတစ်ရာရွာ)၊ ဒေါ်တင်ဥ နှင့် ဒေါ်ညွန့် (ရန်ကုန်မြို့) တို့က မ.တည်၍ ခုနစ်ရက် သား.သမီးများ၏ ကောင်းမှုကုသိုလ်ဒါနဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြပါသည်။

## (၅) သိမ်ရှိမှ ရဟန်းသိက္ခာ တင်လို့ရသည်

သာသနာ ၂၅၄၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆-ခုနှစ်၊ နတ်တော်လဆန်း(၁)ရက်၊ ခရစ်နှစ် ၁၂-၁၂-၂၀၀၄ ခုနှစ်၊ တနင်္ဂနွေနေ့ ၊ နံနက်(၉း၀၀) နာရီအချိန်တွင် "ခဏ္ဍသိမ်" တော် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ကြရာ တိုင်းရင်းဆေးဆရာကြီး ဦးဟန်စိန်+ဒေါ်ညွန့်ရီ မိသားစု နှင့် ဦးအောင်ပွင့်(ခ)ဦးအောင်လေး+ ဒေါ်ဝင်းကြည် မိသားစုများက အမာခံအဖြစ် အဓိကပါဝင်၍ ခုနစ်ရက် သား. သမီးများ၏ ကောင်းမှုကုသိုလ်ဒါနဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြသည်။

သာသနာ ၂၅၄၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၆)ရက်၊ ခရစ်နှစ် ၃၀-၃-၂၀၀၅ ခုနှစ်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၁၀း၂၉) နာရီ မင်္ဂလာအချိန်တွင် "သိမ်သမုတ်ပွဲ" စတင်ခဲ့သည်။

ပင့်သံဃာတော်များမှာ-

| | | |
|---|---|---|
| (က) | ရွှေမုဋ္ဌော ကျောင်းဆရာတော် | တစ် ပါး |
| (ခ) | ဘိုရုံကျောင်းဆရာတော် | တစ် ပါး |
| (ဂ) | ဖိုးဦးတောင် တောင်ပေါ်ကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒ | တစ် ပါး |
| (ဃ) | ရွာသာယာကျောင်းဆရာတော် ဘဒ္ဒန္တ ဓမ္မသာမိ | တစ် ပါး |
| (င) | အခြားဆရာတော်များ | ၃၅ ပါး |
| | ပင့်သံဃာ စုစုပေါင်း | ၃၉ ပါး |

ပါဝင်၍ သိမ်သမုတ်တော်မူကြပါသည်။

"သိမ် ရှိမှ ရဟန်းသိက္ခာ တင်လို့ရသည်။ သိမ်မရှိဘဲနှင့် မည်သည့်နည်းဖြင့်မှ သိက္ခာတင်လို့ မရနိုင်၊ သိက္ခာရှိ မဖြစ်နိုင်ပါ" သိမ်နုတ်ရခြင်းသည် ရှေးက သိမ်ဟောင်းများကို သန့်စင်ပစ်ခြင်းသာ ဖြစ်သည်။ သည်နေရာမှာ သိမ်ဟောင်းများ မရှိပါဟု မည်သူမျှ အာမ မခံရဲကြပါ။ ရေးဆွဲထားသော အကွက်တိုင်းတွင် နုတ်ရခြင်းသည် သည်ဘက် အကွက်တွင် သိမ်ဟောင်းဖြင့် မစပ်သော်လည်း အခြား ဟိုဘက်အကွက်တွင် သိမ်ဟောင်းများဖြင့် စပ်ကောင်း၊ စပ်နေ နိုင်ပါသည်။ သိမ်ဟောင်းများဖြင့် စပ်နေပါက ပြုသမျှ ကံအားလုံး ပျက်ပြယ်သွားတတ်ပါသည်။ ထို့ကြောင့် ရေးဆွဲ ထားသော အကွက်တိုင်းကွင် လှည့်လည်ပြီး သိမ်နုတ်ရခြင်း ဖြစ်ပါသည်။ ကျောက်တိုင် ကလေးများသည် သိမ်အတွင်း သီးသန့်နယ်နိမိတ်များ ပိုင်းခြား မှတ်သား ပေးခြင်းသာ ဖြစ်ပါသည်။

သိမ်နိမိတ် ကြားပြီးသည့်နောက် -

❂ "ပုဒ်စပ် ချော ပြေ၊ သန္ဓေ ကြားဖြတ်၊ သံလွှတ် ဖွင့်ဆို၊
ရှည်တို လေး ပေ့၊ တင်း ၊ လျော့ နိဂ္ဂဟိတ် ၊ အစိတ်အဖြာ၊ အင်္ဂါဆယ်ခု"။

ဟူသော ဗျဉ္ဇန ဗုဒ္ဓိဆယ်ပါး နှင့်အညီ ကမ္မဝါများ ရွတ်ဖတ်ပွားများ ပေးတော်မူကြ၍ သိမ်သမုတ်ခြင်းကိစ္စ ကောင်းစွာ ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ရှိပါပြီ။ ၃၁-၃-၀၅ ညနေတွင် သိမ်တိုင်စိုက်ထူကြ၏။

သာသနာ ၂၅၄၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၇)ရက်၊ ခရစ် ၃၁-၃-၂၀၀၅ ခုနှစ်၊ ကြာသပတေးနေ့တွင် အဆိုပါ သိမ်၌ ကြယ်ခတောင် ဆရာတော် ဘဒ္ဒန္တ စိန္တိတ အား ဦးစွာပထမ ဆရာလေး ဒေါ်ဇေယျ တီကလည်းကောင်း၊ ထို့နောက် ဒေါ်တင်အိ (ကြို့ပင်ကောက်မြို့) ကလည်းကောင်း၊ အသီးသီး သိက္ခာထပ် ကြပါသည်။ ထိုနေ့တွင်ပင် ရဟန်းလောင်းနှစ်ပါး ပေါ်ထွက်ခဲ့ရာ ကိုနီနှင့် ဘုရားပေါ်ရွာသားတို့ ဖြစ်ကြသည်။ ၎င်းတို့ နှစ်ဦးသည် အဆိုပါ ခဏ္ဍသိမ်မှ ပထမဦးဆုံး မွေးထုတ်လိုက်သော ရဟန်းသစ်နှစ်ပါး ဖြစ်ကြပါသည်။

## (၆) ရွတ်ပွားပူဇော် ပဋ္ဌာန်းဒေသနာတော်

သာသနာ ၂၅၄၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆-ခုနှစ်၊ ပထမဝါဆိုလ ခရစ်နှစ်၂၀၀၄ ခုနှစ်တွင် "ပထမအကြိမ်" အသံမစဲ မဟာပဋ္ဌာန်းရွတ်ပွားပူဇော်ပွဲကြီးကို ခုနစ်ရက်သား.သမီးများ၏ ကောင်းမှုကုသိုလ်ဒါနဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြပါသည်။

## (၇) ဘုရားကြွလာ ယုံမှားပျောက်ကာ လှူဒါန်းသူမှာ ပီတိဝေဖြာ

သာသနာ ၂၅၄၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆-ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ခရစ်နှစ် ၂၈-၁၀-၂၀၀၄ ခုနှစ်၊ ကြာသပတေးနေ့တွင် ကြယ်ခတောင်ပေါ်သို့ ဗုဒ္ဓရုပ်ပွားတော် (ကိုယ်စားတော်)ခြောက်ဆူ ကြွရောက်သီတင်းသုံး တော်မူသည်။

အလှူရှင်များမှာ "တည်ပင်ကျိုး ရွာသူ". ရွာသားများ ဖြစ်ကြသည့် -

(က) ဦးဟန်စိန် + ဒေါ်အုန်းရီ မိသားစု ကောင်းမှု တစ်ဆူ

( ခ ) ဒေါ်ညွန့်ရီ မိသားစု ကောင်းမှု တစ်ဆူ

( ဂ ) ဒေါ်သိန်းညို မိသားစု ကောင်းမှု တစ်ဆူ

(လယ်ယာမြေသစ်ဖော်ထုတ်ပြီး၊ နေထိုင်သည့် လယ်တည်မိသားစု)

(ဃ) ဦးဘို + ဒေါ်မရီ မိသားစု ကောင်းမှု တစ်ဆူ

( င ) ဦးပုတင် + ဒေါ်ခင်စန်းရီ မိသားစုကောင်းမှု တစ်ဆူ

( စ ) ဦးမျိုးဦး + ဒေါ်ခင်မာလွင် မိသားစု ကောင်းမှု တစ်ဆူ တို့ အသီးသီး ဖြစ်ကြပါသည်။

## (၈) မြတ်နိဗ္ဗာန် ရည်မှန်း၊ ဆောက်လုပ်လှူဒါန်း

သာသနာ ၂၅၄၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆-ခုနှစ်၊ ပြာသိုလတွင် ကြယ်ခတောင်၌ ဓမ္မာရုံ ဆောက်လုပ်ရန် စီစဉ်ခဲ့ကြရာ -

(က) ကြယ်ခတောင်ဆရာတော် ဘဒ္ဒန္တ စိန္တိတ က လှူဒါန်းငွေ = ၂၀၀၀၀ ကျပ်

( ခ ) ဦးမြကြီး (စစ္စရံကျေးရွာ) = ၅၀၀၀ ကျပ်

( ဂ ) ဦးအောင်ပွင့် (ဦးအောင်လေး) + ဒေါ်ဝင်းကြည်(အလယ်ရွာ) = ၅၀၀၀ ကျပ်

အသီးသီး ထည့်ဝင်လှူဒါန်းကြပြီး၊ လုပ်ငန်းစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

ဆရာတော် ဘဒ္ဒန္တ စိန္တိတ၏ ဩဝါဒကို ခံယူ၍၊ ဦးပဋ္ဌင်း ဦးထွန်းသိန်းနှင့် ဦးအောင်ပွင့်တို့က ဦးဆောင်ကာ ရခိုင်ရိုးမတောင်ခြေရှိ ယောင်ကြီးကျေးရွာ၊ လိန်ကုန်းကျေးရွာတို့သို့ သွားရောက်ပြီး ဓမ္မာရုံအတွက် လိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းများကို ရှာဖွေစုဆောင်းခဲ့ကြသည်။ ပထမဦးဆုံးအကြိမ် အောက်ဖော်ပြပါ လှည်းများဖြင့် ကုသိုလ်ဖြစ် သယ်ယူပို့ဆောင် လုပ်အားဒါန ပြုခဲ့ကြရာ ကြယ်ခတောင်သို့ ပြာသိုလဆန်း(၁၄)ရက်နေ့ နံနက်(၈း၀၀) နာရီတွင် ချောချောမောမော ပြန်လည်ရောက်ရှိခဲ့ကြသည်။ ကုသိုလ်ပြုကြသူများမှာ -

(က) ဦးထွန်းသန်း (ရွာသာယာကျေးရွာ ) = လှည်းတစ်စီး

( ခ ) ဦးရဲတင့် ( ရွာသာယာကျေးရွာ ) = လှည်းတစ်စီး

( ဂ ) ဦးသိန်းဦး ( ရွာသာယာကျေးရွာ ) = လှည်းတစ်စီး

(ဃ) ဒေါ်တင်စိန် (ရွာသာယာကျေးရွာ ) = လှည်းတစ်စီး


( င ) ဦးအုန်းကျော် (လိန်တုန်းကျေးရွာ ) = လှည်းတစ်စီး

( စ ) ဦးခင်မောင်ဇော် (လိန်တုန်းကျေးရွာ ) = လှည်းတစ်စီး

(ဆ) ဦးတင်ဝင်း ( အလယ်ရွာ ) = လှည်းတစ်စီး

( ဇ ) ဒေါ်တင်စိုး ( အလယ်ရွာ ) = လှည်းတစ်စီး

(ဈ) ဦးမြကြီး (စစ္စရုံကျေးရွာ) = လှည်းတစ်စီး
(ည) ကိုသန်းညွှန့်+မချောတင်(တောင်ဘို့တစ်ရာရွာ) = လှည်းတစ်စီး
(ဋ) ဒေါ်ညွှန့်ရီ (လယ်-တည်) =လှည်းနှစ်စီး တို့ အသီးသီးဖြစ်ကြသည်။



ဒုတိယအကြိမ်၊ ကုသိုလ်ဖြစ် သယ်ယူပို့ဆောင်လုပ်အားဒါန ပြုကြသူ များမှာ -
(က) ကိုသန်းညွှန့်+မချောတင်(တောင်ဘို့တစ်ရာရွာ) = လှည်းတစ်စီး
(ခ) ဦးသန်းဦး (ရွာသာယာကျေးရွာ) = လှည်းတစ်စီး
(ဂ) ဦးနီ (လယ်-တည်) = လှည်းတစ်စီး
(ဃ) ဦးဟန်စိန် (လယ် - တည်) = လှည်းတစ်စီး
(င) ဒေါ်ညွှန့်ရီ (လယ်-တည်) = လှည်းတစ်စီး တို့ အသီးသီးဖြစ်ကြပါသည်။

သာသနာနှစ် ၂၅၄၉ - ခုနှစ်၊ မြန်မာသက္ကရာဇ် - ၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း (၇)ရက်၊ ခရစ်နှစ် ၅-၃-၂၀၀၆ ခုနှစ်၊ တနင်္ဂနွေနေ့၊ နံနက်(၇း၀၀)နာရီ အချိန်တွင် ဓမ္မာရုံပန္နက်တင်မင်္ဂလာ ကျင်းပခဲ့ကြသည်။

သာသနာနှစ် - ၂၅၄၉ - ခုနှစ်၊ မြန်မာသက္ကရာဇ် - ၁၃၆၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁)ရက်နေ့၊ ခရစ်နှစ် ၁၄-၃-၂၀၀၆ ခုနှစ်၊ အင်္ဂါနေ့၊ နံနက် (၇း၀၀) နာရီအချိန်တွင် ဆောက်လုပ်မည့် ဓမ္မာရုံအတွက် လိုအပ်သည့် လိုင်းကျင်းများကို တူးဖော်ခဲ့ကြသည်။

## (၉) သဒ္ဓါဖွေးဖြူ မေတ္တာကူ၊ ပေးလှူတည်ထား မြတ်ဘုရား၊ ပူဇော်ကြအများ

သာသနာ ၂၅၄၉-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၇-ခုနှစ်၊ ပြာသိုလဆန်း (၁)ရက်၊ ခရစ်နှစ် ၃၀-၁၂-၂၀၀၅ ခုနှစ်၊ သောကြာနေ့ နံနက် (၇း၃၀) နာရီအချိန်တွင် ဤစာရေးသူ ဦးအောင်မြင့်ထွန်း၊ ကိုရန်လင်းနိုင်၊ ဆရာလေး ဒေါ်ဇေယျာတီ၊ ဒေါ်ဇာနည်အောင် နှင့် မအောင်မြင့်နွယ် တို့ ပါဝင်သော အဖွဲ့သည် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်းမှ "ရန်ကုန် - ပြည် - အောင်လံ -ဒုံ" မှန်လုံ အမြန်မော်တော်ယာဉ် ဖြင့် ပြည်မြို့သို့ ထွက်ခွာလာခဲ့ကြရာ နေ့လည် (၁၁း၄၅) နာရီတွင် ရောက်ရှိခဲ့ကြသည်။ ဆက်လက်၍ ပြည်မြို့ ဈေးကြီး (မော်တော်ဆိပ်) မှ အောင်စံပယ်မော်တော်ဖြင့် ဧရာဝတီမြစ် အနောက်ဖက်ကမ်း ရွာသာယာကျေးရွာသို့ ကူးခဲ့ကြသည်။ နေ့လည် (၃း၀၀)နာရီအချိန်တွင် ဖိုးဦးတောင်ခြေ ၊ ရွာသာယာကျေးရွာ ဓမ္မာလင်္ကာရကျောင်းတိုက်၊ ဆရာတော် ဘဒ္ဒန္တသာမိထံမှောက်သို့ ရောက်ရှိကာ ဘာသာရေးစာအုပ်များနှင့်တကွ လှူဖွယ်ဝတ္ထုပစ္စည်း အစုံအလင်တို့ဖြင့် ပူးမြော် ကန်တော့ခဲ့ကြပါသည်။ ဩဝါဒ ခံယူခဲ့ကြသည်။

ညနေ (၄း၃၀) နာရီအချိန်တွင် အဆိုပါအဖွဲ့သည် ပွေးဖိုဦးတောင်(ခ) ဖိုးဦးတောင်ထိပ်သို့ တက်ရောက်၍ "ဖိုးဦးတောင် ဆုတောင်းပြည့် စေတီတော်"ကို ဖူးမြော်ကန်တော့ကြပါသည်။ မကြာမီ အကောင်အထည်ဖော် ဆောင်ရွက်တော့မည် ကြယ်ခတောင် သာသနာပြု ကိစ္စအဝဝ၊ လွယ်ကူ ချောမော အနှောင့်အယှက် ကင်းဝေးစွာ အောင်မြင်စေရေးအတွက် သစ္စာဓိဋ္ဌာန်ပြုခဲ့ကြပါသည်။ ည (၇း၃၀)နာရီ အချိန်တွင် ဓမ္မာလင်္ကာရကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိခဲ့ကြပြီး ဒေသခံများအား ကြယ်ခတောင်သာသနာ့ကိစ္စများနှင့် ပတ်သက်၍ အကြံညှိနှိုင်း ဆွေးနွေး တိုင်ပင်ကြပါသည်။

၃၁-၁၂-၂၀၀၅ ခုနှစ်၊ စနေနေ့ နံနက်(၇း၀၀) နာရီအချိန်တွင် ဤစာရေးသူတို့ သာသနာပြုအဖွဲ့သည် ဓမ္မာလင်္ကာရကျောင်းတိုက်မှ ထွက်ခွာလာခဲ့ကြရာ နံနက်(၉း၀၀)နာရီအချိန်တွင် ကြယ်ခတောင်၊ ဘေးမဲ့သားလွတ် သာသနာ့နယ်မြေအောင်ဘောဂသိဒ္ဓိ သာသနာပြုစခန်းသို့ ကောင်းမွန်စွာ ရောက်ရှိခဲ့ကြပါသည်။ လမ်းခရီး တစ်လျှောက်တွင် တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ လျှိုမြောင်ကမ်းပါး စိမ့်စမ်းများကို ဖြတ်ကျော်ခဲ့ ကြရပါသည်။

ဤဒေသတွင် မစိုက်ပျိုးရသေးသော မြေလွတ်၊ မြေရိုင်းများစွာ ကျန်ရှိသေးကြောင်းကိုလည်း တွေ့မြင် သိရှိရပါသည်။ ဒေသခံရွာသားများ ဖြစ်ကြသည့် ကိုထွေးမြင့်+မကြည်ကြည်မာ၊ မဇာခြည်ဝင်းတို့က ဤသာသနာ ပြုအဖွဲ့အား လမ်းညွှန်ပြသရင်း လိုအပ်သလို ပံ့ပိုး ကူညီနိုင်ရန် တစ်ပါးတည်း လိုက်ပါလာခဲ့ကြပါသည်။

ကြယ်ခတောင်ပေါ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ဤစာရေးသူတို့အဖွဲ့သည် သက်ဆိုင်ရာ ပုဂ္ဂိုလ်အစောင့် အရှောက်များကို အလေးဂရုပြု၊ အသိအမှတ်ထားသည့်အနေဖြင့် ငှက်ပျောငါးဖီး၊ အုန်းသီးတစ်လုံး၊ အောင်သပြေ၊ အလင်းတိုင်၊ အမွှေးတိုင်း၊ အမွှေးနံ့သာရည်၊ လဘက်၊ ကွမ်းယာ၊ အစရှိသည်တို့ဖြင့် "အနန္တော အနန္တဂိုဏ်းဝင် ဘုရား. တရား . သံဃာ . မိဘ. ဆရာသမား အပေါင်းတို့အား ဦးထိပ်ထား၍" သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်မှန်းပူဇော် ပွဲတော် ကပ်လှူပါသည်။ အနမတဂ္ဂသံသရာတွင် အတိတ် . ပစ္စုပ္ပန်ကာလများ၌ ကာယကံ . ဝစီကံ. မနောကံတို့ဖြင့် ပြစ်မှားကျူးလွန်ခဲ့သည်များ ရှိခဲ့ပါလျှင် အပြစ်များမှ ခွင့်လွှတ်တော်မူကြပါရန် ဩကာသ ကန် တော့ချီးဖြင့် ဝန်ချ တောင်းပန် ကန်တော့ခဲ့ကြသည်။ မိမိတို့အပေါ် တစ်စုံတစ်ယောက်သောသူက ပြစ်မှားမိခဲ့ သည်များ ရှိခဲ့ပါလျှင်လည်း ခွင့်လွှတ်ပါ၏။ သည်းခံပါ၏။ မေတ္တာအထူးပို့လွှတ်ပါ၏။

ယခု ဤသာသနာပြုအဖွဲ့သည် ကြယ်ခတောင်ပေါ်ရှိ စေတီတော်ကို သန့်ရှင်းစင်ကြယ် ကောင်းမြတ်သော မွန်မြတ်သည့်စိတ် စေတနာ သဒ္ဓါတရားတို့ဖြင့် အသစ်တဖန် ပြန်လယ်ပြုပြင် မွမ်းမံမည်ဖြစ်ပါသည်။

နိုင်ခံ့အားနည်းသည့်နေရာတွင် နိုင်ခံ့အား ပိုမိုကောင်းမွန်လာစေရန် အစားထိုး လဲလှယ်ကြမည် ဖြစ်ပါ သည်။ ပျက်စီးစေလိုသော စိတ်ဆန္ဒဖြင့် ဖျက်ဆီးနေခြင်းမဟုတ်ပါကြောင်း မှန်ကန်သော စကားကို ဆိုကာ သစ္စာပြုဓိဋ္ဌာန်ခဲ့ကြသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ အစောင့်အရှောက်များက ခွင့်ပြုပေးပါရန်နှင့် အလျင်အမြန် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါရန်အတွက် ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြပါရန် အထူး မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။ အကြောင်းကြားအပ်ပါသည်။ ရောက်ရှိရာ အရပ်မှ အမြန်ဆုံး သိရှိနိုင်ကြပါ စေ။

မကြိုက်နှစ်သက်သည်များ ရှိပါက၊ ဤသာသနာပြုအဖွဲ့မှ တစ်ဦးဦးအား အိပ်မက်ဖြင့်သော်လည်းကောင်း၊ အခြားသိရှိနိုင်သော နည်းတစ်မျိုးမျိုးဖြင့်သော်လည်းကောင်း သိရှိအောင် အကြောင်းကြားပေးကြပါရန်နှင့် အမှားအယွင်း ချို့ယွင်းချက်များ တစ်စုံတစ်ရာ ရှိပါက၊ မေတ္တာတရား ရှေ့ထား၍ ခွင့်လွှတ်သည်းခံပေးပါရန် လေးလေး

နက်နက် ထပ်လောင်း မေတ္တာရပ်ခံအပ်ပါသည်။ သိစေအပ်ပါသည်။ ဤသာသနာပြုအဖွဲ့ကလည်း သတ္တဝါများအား မေတ္တာတရား ရှေ့ထားကာ လုပ်ငန်းစတင်သည့်အချိန်မှ လုပ်ငန်းတစ်ခုလုံး အောင်မြင်ပြီးဆုံးသည့် အထိ၊ ဘေးမဲ့ သားလွတ် အာဟာရကိုသာ မှီဝဲစားသုံးကာ လုပ်ဆောင်ကြမည် ဖြစ်ပါကြောင်း မှန်ကန်သောစကားကို ဆိုပြီး၊ တိုင်တည် သစ္စာပြုကြပါ၏။

ယခု စေတီတော်ကို ပြုပြင်၊ မွမ်းမံ၊ တည်ထား၊ ကိုးကွယ်ရာတွင် မူလဘုရားဒကာ၊ ဒကာမဟောင်းများ (ဦးထွန်း+ဒေါ်ခင်ပြုံး သာသနာပြု မိသားစုဟု နောင်တွင် သိရှိကြရသည်)။ မိမိတို့ ကိုယ်တိုင်ကိုယ်ကျ ပါဝင် လုပ်ဆောင်ခွင့် ရနေဘိသည့်အလား သဘောမှတ်ယူကာ ဝိုင်းဝန်းကူညီ လုပ်ဆောင်ကြပါရန် လေးမြတ်စွာ အကြောင်းကြား ဖိတ်ခေါ်အပ်ပါသည်။ ထို့နောက် စေတီတော် ပြုပြင် မွမ်းမံခြင်းလုပ်ငန်းများကို စတင်လုပ်ဆောင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။

၁-၁-၂၀၀၆ တနင်္ဂနွေနေ့တွင် ကြယ်ခတောင်ဆရာတော် ဘဒ္ဒန္တစိန္တိတ ၏ဩဝါဒကို ခံယူ၍ ဆရာတော်နှင့် ဒေသခံ ရွာသူ၊ ရွာသားများ အဖွဲ့က "အနန္တမေတ္တာ ပြည်လုံးချမ်းသာ ကပ်ကျော်စေတီတော်" (သို့မဟုတ်) "ဝင်္ကကြွေးကျေ အေးငြိမ်းသာယာဆုတောင်းပြည့်စေတီ"

(က) စေတီတော်၏ ရင်ပြင်ပတ်လည်တွင် ရှင်းလင်း မြေညှိခြင်း၊

(ခ) စေတီတော်၏ ရင်ပြင်ပတ်လည်ကို ကျောက်စီတိုးချဲ့ခြင်း၊

(ဂ) အတက်၊ အဆင်း လှေကားများ စနစ်တကျ ဖောက်လုပ်ခြင်း၊

(ဃ) စေတီတော်တစ်ဆူလုံးကို ကျောက်စီ၍ သေသပ်လှပစွာ ပြုပြင်မွမ်းမံခြင်း အသီးသီးတို့ ပြုလုပ်ခဲ့ကြသည်။

ထိုတနင်္ဂနွေနေ့တွင် ဤစာရေးသူ၊ ကိုရန်လင်းနိုင်၊ ကိုထွေးမြင့်၊ မကြည်ကြည်မာ တို့ အဖွဲ့က ဧရာဝတီမြစ် အရှေ့ဖက်ကမ်း ပြည်မြို့သို့ သွားရောက်၍ စေတီတည်ထားရာတွင် လိုအပ်မည့် ပစ္စည်းများကို ဝယ်ယူခဲ့ကြသည်။ ပြည်မြို့ ဆယ်ထပ်ကြီးဘုရားအနီးရှိ "ဦးဘဘု+ဒေါ်မြင့်အေး သား-(ကိုအောင်ဌေးကို)+မအေးအေးသန်း နိဗ္ဗာန်ကုန် မြန်မာ့တူရိယာနှင့် ရန်ကုန် ဂဠုန်တံဆိပ်သက်န်းပရိက္ခရာဆိုင် အမှတ်(၈၈၅)၊ နဂါးလိမ်လမ်း၊ ပြည်မြို့ ဖုန်း - ၀၅၃-၂၂၇၄၇ သာသနာပြုမိသားစု" က စာရေးသူအား တွေ့လျှင်တွေ့ခြင်း သားရင်းတစ်ဦးပမာ ရင်ဝယ် သတ်မှတ်ကြသည်။ သို့ဖြစ်၍စာရေးသူတို့၏ သာသနာပြုလုပ်ငန်းတွက် လိုအပ်သော နိဗ္ဗာန်ကုန် ပစ္စည်း အမျိုးမျိုးတို့ကို သင့်တင့်မျှတသော အဖိုးနှုန်းဖြင့် ကြိုက်နှစ်သက်သလောက် ယူဆောင်အသုံးပြုစေခဲ့ပါသည်။

ထို့ပြင်မက ၎င်းတို့၏ ဓမ္မမိတ်ဆွေ ဆောက်လုပ်ရေးကုမ္ပဏီ "ဝင်းသစ္စာ" ဦးမျိုးဝင်းအောင်+ ဒေါ်သန်းသန်းဌေး၊ အမှတ်(၄၂၅)၊ လမ်းရှည်လမ်း၊ ပြည်မြို့ ဖုန်း ၀၅၃-၂၁၈၃၁ မှလည်း၊ ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများကို ၎င်းတို့၏ အမည်ဖြင့် လိုအပ်သလောက် တစ်ပါတည်း ယူဆောင်သွားပါရန် အကြံပြုဆက်သွယ်ပေးသည်။

စာရေးသူ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပြီးမှ လွှဲငွေကို ဘဏ်မှတစ်ဆင့် ပို့ပေးပါရန် ပြောကြားလာပါသည်။ လွှဲငွေ မပို့ဖြစ်ခဲ့လျှင်လည်း ၎င်းတို့ မိသားစု၏ အလှူဒါနပင် ဖြစ်သည်ဟု လိုလိုလားလား မှာကြားပါသည်။ ပဋ္ဌာန်းဆက်၊ ပါရမီဆက်ရှိ၍ ဤမျှကူညီနေခြင်းပေလား ?မသိ နိုင်တော့ပေ။ ဤစာရေးသူ က ရန်ကုန်ရောက်သည်နှင့် တစ်ပြိုင်နက် ဘဏ်မှတဆင့် လွှဲငွေပို့ပြီး ဖြစ်ပါသည်။ ဦးဘဘုတို့ မိသားစုကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ပွင့်ပွင့်လင်းလင်း အားမနာတမ်း ပြောရမည်ဆိုလျှင်၊ ထိုအချိန်က ဤစာရေးသူသည် အဆိုပါခရီးစဉ်ကို လိုက်လိုခြင်းဆန္ဒ အလျဉ်းမရှိခဲ့ပါ။ ယမန်နေ့က မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ရောက်ကာစ ဖြစ်သည်။ အကြောင်းမှာ "ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်၊ ထယ်သွန်းကျေးရွာအုပ်စု၊ ဂဠုန်တောင်၊ ကုံလုံကျောင်းတိုက် ဦးစီးပဓာန မဟာနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တ တေဇနိယ မဟာထေရ်မြတ် သက်တော်ရှည် ကုံလုံဆရာတော်ဘုရားကြီး၏ "ရာပြည့်အကြို တစ်ဘ၀ သာသနာ" စာအုပ် တရားဝင် ဖြန့်ချိခွင့် ရရှိရေး ကိစ္စအလွန် အရေးကြီးနေသောကြောင့် ဖြစ်သည်။

သို့သော် စာရေးသူ၏ ညီမရင်းတစ်ဦးဖြစ်သူ - မအောင်မြင့်နွယ်၏ ဖိတ်မန္တကပြုမှုကြောင့်၊ ဤခရီးစဉ်တွင် လိုက်ပါခဲ့ရခြင်း ဖြစ်သည် ထိုအခါတွင်လည်း အကြောင်းတစ်ခုခုကြောင့် ဘုရားတည်ထားဖြစ်လျှင် အချိန်ကြာလင့် မည်စိုးသဖြင့် မန္တလေးမြို့ အသင့်ပင့်ဆောင်လာခဲ့သော သတ္တဌာန ဌာပနာပစ္စည်းများ၊ ထီးတော်နှင့် စိန်ဖူးတော် တို့ကိုပင် ပင့်ဆောင်ယူလာခဲ့ခြင်း မပြု။ ရန်ကုန်အိမ်တွင် ပူဇော်ထားရှိခဲ့သည်။ ယခု စေတီတော်ဟောင်းကို ဖူးမြင်ရသောအခါ နလုံးသားဝယ် ခံစားနိုင်စွမ်း မရှိတော့။ သို့ဖြစ်၍ ကြိုတင် အစီအစဉ် မရှိပါဘဲလျက် ဘုရား တည်ထား ကိုးကွယ်ရန် အခြေအနေ၊ အချိန်အခါ  အခွင့်အလမ်း ပေးလာခဲ့ပေပြီ။ "တာဝန်သိသူသည် တာဝန်ရှိ ပေသည်" ဟူသော ဆောင်ပုဒ်အတိုင်း တာဝန်သိ၍ တာဝန်ဆောင်ရွက်ရသည်မှာ တာဝန်တိုး၍ တက်ပါသည်။

"အစိန္တံ တမ္ပိ ဘဝတိ၊ စိန္တံ တမ္ပိ ဝိနဿတိ"

ပြုဖူးသော ကုသိုလ်ကံ ကြီးသူတို့သည် မကြံပြားသော်လည်း ဖြစ်တတ်၏။ ပြုဖူးသောကုသိုလ်ကံ မရှိ သူတို့သည် ကြံပြားသော်လည်း ပျက်တတ်၏။

"စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"

စေတနာသည် ကံ၊ ကံသည်-အလုပ်၊ အလုပ်သည်ပင် - ကံ ဖြစ်၏။ ကံသည်လည်း - စေတနာပင် ဖြစ်၏။ စေတနာ  သဒ္ဒါတရား စေ့ဆော်မှုအားကောင်းလျှင် အလုံးစုံ ပြီးစီးနိုင်ပါ၏ ဟု ဗုဒ္ဓ မိန့်မှာချက်ကလည်း မှတ်သားဖွယ်ရာ ကောင်းပါသည်။


ဤစာရေးသူတို့ အဖွဲ့က ယခု သာသနာ့ကိစ္စ မျှော်မှန်းထားသည်ထက် ပို၍ အောင်မြင်တော့မည့်အရေး

| | | |
|---|---|---|
| ပုဗ္ဗစေတနာ | = | မလှူမီ ကြိုတင် ဝမ်းမြောက်ခြင်း၊ |
| မုဉ္စစေတနာ | = | လှူဆဲ ကာလ ဝမ်းမြောက်နေခြင်း၊ |
| အပရစေတနာ | = | လှူပြီးသည့်နောက် အဖန်တလဲလဲ သတိရဝမ်းမြောက်ခြင်းဖြင့် စေတနာ |

သုံးတန်ပြတ် လှူဒါန်းလိုကြခြင်း ဖြစ်ပါသည်။

ဤစာရေးသူတို့ အဖွဲ့ ပြည်မြို့မှ ကြယ်ခ တောင်ပေါ်သို့ ပြန်လည်ရောက်ရှိလာပြီး ညနေ(၄း၃၀)နာရီ မင်္ဂလာအချိန်တွင် "စေတီတော် တည်ထား ကိုးကွယ်ရာ၌ လုပ်ဆောင်ရမည့် ဌာပနာတော်သွင်းကျမ်းမြတ်များနှင့်အညီ ကြေးသွန်းသတ္တဌာန သတ္တာဟ ဌာပနာတော်များကို" သွင်းလှူ ပူဇော်သည်။ အနောင့်အယှက် ဘေးအန္တရာယ် ကင်းရှင်းစေရေး အတွက်လည်း ကြေးသွန်း "ရှင်ဥပဂုတ္တ ရဟန္တာမြတ်မထေရ် တစ်ဆူကို" ငှက်ပျောဖူးတော်တွင် ထည့်သွင်း ဌာပနာသည်။ ခုနစ်ရက် သား၊ သမီး အလှူရှင်များက ထည့်ဝင်လှူဒါန်းသော ကျောက်မျက် ရတနာ များကိုလည်း ထည့်သွင်း ဌာပနာသည်။ ရွာသူ၊ ရွာသား၊ ခုနစ်ရက်သား၊ သမီးများ၏ ရှေ့မှောက်တွင် ကြယ်ခတောင် ဆရာတော် ဘဒ္ဒန္တစိန္တိတ ကိုယ်တိုင် ဌာပနာတိုက် အဆင့်ဆင့် ထည့်သွင်း ဌာပနာတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဤကြယ်ခတောင်စေတီတော် ဘက်စုံမွမ်းမံပြင်ဆင်ရာတွင် ကုန်ကျစရိတ်အဝဝကို -



(က) ဦးထွန်းအောင်(မျက်ခမ်းစပ်ရောဂါကု လက်ထောက်) + ဒေါ်စန်းစန်းမြင့်ဌေး(ခ)ဒေါ်တင်တင်အေး (ရန်ကုန်တက္ကသိုလ်၊ စာကြည့်တိုက်၊ ငြိမ်း) သား - မောင်အောင်ကြီး၊ မောင်အောင်မြင့်ထွန်း (သာသနာ့အကျိုးဆောင်)၊ မောင်မြင့်မြတ်အောင်၊ သမီး - မတင်စန်းအောင်(ခ)မအေးအေးမိုး သာသနာပြု မိသားစုနှင့်

(ခ) နှစ်ဖက်သောမိဘများကို ဦးထိပ်ထား၍ ဦးဝင်းမြင့်နိုင်(**Little Pari's Speaking Classes**) +ဒေါ်အောင်မြင့်နွယ်(**B.Sc, Chem:**) (သမီး) မနင်းလဲ့လဲ့နိုင် သာသနာပြု မိသားစုတို့မှ စေတနာ၊ သဒ္ဓါ သုံးတန်ပြတ် လှူဒါန်းခဲ့ကြပါသည်။

စေတီတော်ကို ပြုပြင် မွမ်းမံခဲ့ကြရာတွင် ရွာသာယာကျေးရွာ၊ အလယ်ရွာ၊ တောင်ဘို့တစ်ရာရွာ၊ လယ်-တည် အစရှိသည့် ဒေသခံရွာသူ၊ ရွာသားများ ဓမ္မမိတ်ဆွေများ၊ သူတော်စင်များ ကိုယ်တိုင် ပါဝင်လုပ်ဆောင်ကာ ကုသိုလ်ဖြစ် လုပ်အားဒါန ပေးလှူခဲ့ကြသည်။

စေတီတော်တည်ရာတွင် လိုအပ်သည့် "သဲ"ကို ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ဖိုးဦးတောင်သို့ ကြွရောက်ခဲ့စဉ်က ဧရာဝတီမြစ်အလယ်ကျွန်း မြတ်စွာဘုရား စကြံ့ကြွခဲ့သော စကြံ့ကျွန်းသို့ မော်တော်ဖြင့် သွားရောက် ကျုံးယူရပါသည်။ ထို့မှတစ်ဆင့် လှည်းဖြင့်သယ်ကာ လူဖြင့် တောင်ပေါ်သို့ ထမ်းတင်ရပါသည်။ ထိုနည်းတူပင် "ရေ"ကိုလည်း ဧရာဝတီမြစ်တွင်းမှ ရေစည်လှည်းများဖြင့် သယ်ယူပြီး လူဖြင့် တောင်ပေါ်သို့ ထမ်းတင်ရပါသည်။ မြစ်ဆိပ်နှင့် ကြယ်ခတောင်ခရီး အကွာအဝေးမှာ အနည်းဆုံး အချိန်တစ်နာရီကျော်သာသာ သွားရပါသည်။ ခက်ခက်ခဲခဲ မနားမနေ ရွက်ဆောင်ခဲ့ကြရပါသည်။ တော်ရုံဇွဲဖြင့် အောင်မြင်ရန် မလွယ်ကူပေ။

၂-၁-၂၀၀၆ တနင်္လာနေ့တွင် စေတီတော်၏ လေးဖက်လေးတန်၌ မုခ်များ ကို ဖြည့်စွက်ထည့်သွင်း တည်ထားကြသည်။

(က) အရှေ့ဖက်တွင် မုခ်ပေါက်တစ်ခုနှင့် ၎င်းမုခ်တွင်း ရုပ်ပွားဆင်တုတော်တစ်ဆူ၊
(ခ) တောင်ဖက်တွင် မုခ်ပေါက်တစ်ခုနှင့် ၎င်းမုခ်တွင်း ရုပ်ပွားဆင်တုတော်တစ်ဆူ၊
(ဂ) အနောက်ဖက်တွင် မုခ်ပေါက်တစ်ခုနှင့် ၎င်းမုခ်တွင်း ရုပ်ပွားဆင်တုတော်တစ်ဆူနှင့်၊
(ဃ) မြောက်ဖက်တွင် မုခ်ပေါက်တစ်ခုနှင့် ၎င်းမုခ်တွင်း ရုပ်ပွားဆင်တုတော်တစ်ဆူ၊

အသီးသီး ထည့်သွင်းပူဇော်လှူဒါန်းခဲ့ကြသည်။

သာသနာ ၂၅၄၉-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၆၇-ခုနှစ်၊ ပြာသိုလဆန်း (၅)ရက်၊ ခရစ်နှစ် ၃-၁-၂၀၀၆ ၊ အင်္ဂါနေ့တွင် စေတီတော်တစ်ဆူလုံးကို ရွှေဆေးသက်န်း ကပ်လှူသည်။ ထိုနေ့ ညနေ (၃း၃၀)နာရီ မင်္ဂလာအချိန်တွင် ကြေးထီးတော်(သစ်စေးသုတ် ရွှေဆေးသင်္ကန်းကပ်)နှင့် စိန်ဖူးတော်ကို ဆရာတော် ဘဒ္ဒန္တစိန္တိတ ကိုယ်တိုင် အောင်မြင်စွာ တင်လှူပူဇော်နိုင်ခဲ့ကြသည်။ ရွာသူ ရွာသား ပရိသတ်အများ တက်ရောက်ခဲ့ကြသည်။ အောင်ပွဲ အထိမ်းအမှတ် ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးခဲ့ကြပါသည်။

ရှာသူ၊ ရှာသားတို့မှာ သူတို့တစ်သက် ဤစေတီကို ယခုကဲ့သို့ သပ္ပါယ်စွာ ဖူးမြင်ရလိမ့်မည်ဟု မျှော်လင့်မထား ခဲ့မိကြ၊ မြေကြီးထဲမှ ရွှေစေတီတစ်ဆူ အလိုလို ပေါ်ထွက်လာလေသလား ? ဟု ထင်မှတ်မှားရသည်။ ထီးတင်ပွဲလာ ပရိသတ်များမှာ ဝမ်းသာလုံးဆို့၍ ကျောက်ရုပ်ပမာ ငြိမ်သက်ကာ မှင်သက်မိနေခဲ့ကြသည်။ မေ့လျော့နေကြသည်။ စေတီတော်၏ "ထီးတော်နှင့် စိန်ဖူးတော်တင်လှူပွဲ အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပါပြီ" ဟု အော်ဟစ်သတိပေးလိုက် သောအခါကျမှသာ သက်ဝင်လှုပ်ရှား လာကြတော့သည်။ ပြောမယုံ ကြုံဖူးမှ သိပါလိမ့်မည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တစိန္တိတနှင့် ကြွရောက်လာကြသော ဧည့်ပရိသတ်များက "ဗုဒ္ဓါဘိသေက အနေကဇာတင်" ပူဇော်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြီး အခမ်းအနားကို အောင်မြင်စွာ ရုတ်သိမ်းခဲ့ကြ၏။

သာဓု - သာဓု - သာဓု ခေါ်ဆိုသံများက မိုးယံ ဘဝဂ် ပျံ့လွင့်လျက် ။

ဝမ်းသာပီတိ အပြုံးပန်းများက ပျော်မဆုံး၊ မော်မဆုံး၊ ရွှင်လန်းမဆုံးကြ။

စေတီတော်မှ ဆည်းလည်းသံများကလည်း လေပြေ လေးညင်းတိုက်ခတ်လိုက်သည့်အခါတိုင်း တချွင်ချွင်မြည်လျက်၊ တောတောင်တစ်ခွင့် သံသာ ပျံ့လွင့်လျက် ရှိနေပါတော့သည်။

ကြယ်ခတောင် ဘေးမဲ့သားလွတ်သာသနာ ကမ္ဘာတည်သရွေ့ မြဲပါစေ

- ဩော် - - - - လူပြည်လောက၊ လူ့ဘဝကား၊
  အိုရ၊ နာရ၊ သေရဦးမည်၊ မုန်ပေသတည်း။
- သို့တပြီကား၊ သင်သေသွားသော်၊
  သင်ဖွားသောမြေ၊ သင်တို့မြေသည်၊
  အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။
- သင်၏ မျိုးသား၊ စာစကားလည်း၊
  ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။
- သင်ဦးချ၊ အမျှဝေရာ စေတီသာနှင့်၊
  သစ္စာအရောင် ၊ ဉာဏ်တန်ဆောင်လည်း၊
  ပြောင်လျှက်၊ ဝင်းလျှက်၊ ကျန်စေသတည်း [၁] ။



## (၁၀) ရောင်ခြည်တော်ကွန့်မြူး စေတီထူး

အနန္တ မေတ္တာ ပြည်လုံးချမ်းသာ ကပ်ကျော်စေတီ (ဝါ) ဝင့်ကြွေးကျေ အေးငြိမ်းသာယာ ဆုတောင်းပြည့် စေတီတော်သည် -

(က) မြန်မာသက္ကရာဇ် ၁၃၆၇ - ခုနှစ်၊ တပို့တွဲလပြည့်၊ ခရစ်နှစ် ၁၂ - ၂ - ၂၀၀၆ ခုနှစ်၊ တနင်္ဂနွေနေ့ နံနက် (၅)နာရီ (၁၀)မိနစ် အချိန်တွင် ထီးတော်အောက်မှ အလင်းတန်းတစ်ခု ပထမဆုံးအကြိမ် ကွန့်မြူးလွှတ်ထုတ်ရာ ဆရာတော်ဘဒ္ဒန္တ စိန္တိတ တစ်ဦးတည်းသာ ကောင်းမွန်စွာ ဖူးမြင်လိုက်ရကြောင်း မိန့်ကြားသဖြင့် သိရှိရပါသည်။

(ခ) ထို့နောက် ဒုတိယအကြိမ် ထပ်မံ၍ သာသနာနှစ် ၂၅၄၉ - ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၇ - ခုနှစ်၊ တပေါင်းလပြည့်၊ ခရစ်နှစ် ၁၃ - ၃ - ၂၀၀၆ ခုနှစ်၊ တနင်္လာနေ့၊ ည(၉)နာရီ (၁၅)မိနစ်အချိန်မှစ၍

၁။ ဆရာဇော်ဂျီ

(၁၀)နာရီ(၁၅)မိနစ် အချိန်ထိ စေတီတော် တနင်္ဂနွေထောင့်နှင့် ကြာသပတေးထောင့်တို့တွင် စိန်ဖူးတော်မှ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူး လွတ်ထုတ်ရာ၊ ဆရာတော် ဘဒ္ဒန္တစိန္တိတ ဆရာလေးဒေါ်ဇေယျတီ၊ ဦးမြကြီးနှင့် ဒေါ်သန်းသန်းအေးတို့က ကောင်းမွန်စွာ ဖူးမြော်လိုက်ရကြောင်း သိရှိရပါသည်။





ထိုနေ့တွင် "သူတော်ချင်းချင်း သတင်းရွှေ့ရွှေ့" ဓမ္မမိတ်ဆွေများ ကောင်းသောပေါင်းစည်းခြင်းအနေဖြင့် ကောက်ညှင်းပေါင်းဆွမ်း ကပ်လှူကာ ကြွရောက်လာကြသော ဘုရားဖူးလာဖြည့်ပရိသတ်များကိုလည်း ကျွေးမွေးဖြည့်ခံခဲ့ကြကြောင်း သိရှိရပါသည်။

## (၁၁) စကြာတော်(ခ)ကြယ်ခတောင် ဘေးမဲ့သားလွတ်သက်ကင်း သာသနာ့နယ်မြေ ပြန်လည်ဖော်ထုတ်အောင်မြင်ခြင်း(ကမ္ဘည်းမော်ကွန်း)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**နသော ဘိက္ခဝေ သတ္တော သုလဘရူပေါ၊**

**ယော န မာတာပိတ ဘူတ ပုဗ္ဗေ ဣမိနာ ဒီဃေန အဒ္ဓုနာ။**

(နိဒါန ဝဂ္ဂသံယုတ်ပါဠိ၊ အနမတဂ္ဂသုတ်)

ဤလောကရှိ သတ္တဝါတို့တွင် မိမိနှင့် အဆွေအမျိုး မတော်စပ်ခဲ့ဖူးသော သတ္တဝါဟူ၍ မရှိ၊ သို့အတွက် အမျိုးအဆွေဖြစ်သော သတ္တဝါချင်းအတူတူ တစ်ဦးပေါ်တစ်ဦး မေတ္တာထားကြပါ။ မညှဉ်းဆဲကြပါနှင့်။ မသတ်ဖြတ်ကြပါနှင့်၊ မိမိအသက်ကို မိမိချစ်သကဲ့သို့ သူ့အသက်ကို ချစ်ပါလေ။

(မြန်မာပြန် အဓိပ္ပာယ် ဖွင့်ဆိုချက်)

**စားသူ မရှိရင် သတ်သူ ဘယ်ရှိတော့မှာလဲ?။**

ဖြစ်နိုင်ရင် သတ္တဝါတွေရဲ့ အသားကို မစားတဲ့အတွက် ဖြစ်ပေါ်လာမယ့်အကျိုး ၊ စားလို့ ရရှိလာမယ့် အပြစ်တွေကို လေ့လာသိရှိပြီး လေးလေးနက်နက် ကြိုးစား. ကျင့်ကြံ အားထုတ်ကြဖို့ ကောင်းနေပြီ။

ဆရာတော် ဘဒ္ဒန္တစိန္တိတ နှင့်

(ရာသက်ပန် ဘေးမဲ့သားလွတ်)သာသနာ့အကျိုးဆောင် ဦးအောင်မြင့်ထွန်း

သာသနာ ၂၅၄၉ ခုနှစ်၊ ကောဇာ ၁၃၆၇-ခုနှစ်၊ ခရစ် ၂၀၀၆ ခုနှစ်။ ရန်ကုန်။

---

မှတ်ချက်။ ။အသားစားသုံးကြသူများသည် အသားစားမှု ရသတဏှာကို စွန့်ခွာ၍ တရားတော် တည်းဟူသော "ဓမ္မရသ"ကို ခံစားနိုင်ကြမှသာလျှင် သတ္တဝါအပေါ်၌ မိမိ၏ တစ်ဦးတည်းသော သားသဖွယ် သဘောထား မေတ္တာတရား ပွားများနိုင်ကြမည် ဖြစ်ပါသတည်း။

# (၁၂) ထပ်မံ ပေးပို့လှူဒါန်း ကြယ်ခတောင် ဘေးမဲ့စခန်း

သာသနာနှစ် ၂၅၄၉-ခု၊ မြန်မာသက္ကရာဇ် ၁၃၆၈-ခု၊ ကဆုန်လဆန်း(၃)ရက်၊ ခရစ်နှစ် ၂၉-၇-၂၀၀၆ ခု၊ စနေနေ့တွင် အောက်ပါလှူဖွယ်ပစ္စည်းများကို ကြယ်ခတောင် ဘေးမဲ့သားလွှတ် သာသနာ့နယ်မြေ သို့ မိုးသည်းထန်စွာ ရွာသွန်း၍ မာလာလေပြင်းမုန်တိုင်း တိုက်ခတ်နေသည့်ကြားမှ ခက်ခက်ခဲခဲ ပေးပို့ လှူဒါန်းခဲ့ပါသည်။

| စဉ် | နေ့နံထောင့် | ဂြိုဟ်သင်္ချာ | ဉာဏ်တော် | လှူဖွယ်ပစ္စည်း အမျိုးအမည် |
|---|---|---|---|---|
| (က) | တနင်္ဂနွေ | ၆ | ၁၈ လက်မ | ကျောက်ဆင်းတု ရုပ်ပွားတော်နှင့် ကမ္ပည်းစာတမ်း |
| (ခ) | တနင်္လာ | ၁၅ | ၁၈ လက်မ | ကျောက်ဆင်းတု ရုပ်ပွားတော်နှင့် ကမ္ပည်းစာတမ်း |
| (ဂ) | အင်္ဂါ | ၈ | ၁၈ လက်မ | ကျောက်ဆင်းတု ရုပ်ပွားတော်နှင့် ကမ္ပည်းစာတမ်း |
| (ဃ) | ဗုဒ္ဓဟူး | ၁၇ | ၁၈ လက်မ | ကျောက်ဆင်းတု ရုပ်ပွားတော်နှင့် ကမ္ပည်းစာတမ်း |
| (င) | ကြာသပတေး | ၁၉ | ၁၈ လက်မ | ကျောက်ဆင်းတု ရုပ်ပွားတော်နှင့် ကမ္ပည်းစာတမ်း |
| (စ) | သောကြာ | ၂၁ | ၁၈ လက်မ | ကျောက်ဆင်းတု ရုပ်ပွားတော်နှင့် ကမ္ပည်းစာတမ်း |
| (ဆ) | စနေ | ၁၀ | ၁၈ လက်မ | ကျောက်ဆင်းတု ရုပ်ပွားတော်နှင့် ကမ္ပည်းစာတမ်း |
| (ဇ) | ရာဟု | ၁၂ | ၁၈ လက်မ | ကျောက်ဆင်းတု ရုပ်ပွားတော်နှင့် ကမ္ပည်းစာတမ်း |

ထို့ပြင်မက -

(ဈ) မြတ်စွာဘုရား ဖွားတော်မူဟန်၊ ပွင့်တော်မူဟန်၊ တရားဟောတော်မူဟန်၊ ပရိနိဗ္ဗာန် စံတော်မူဟန် ( ဖွား၊ ပွင့်၊ ဟော၊ စံ) နှင့် နတ်မင်းကြီးလေးပါး ပါ ရွှေဆေးသုတ် ဉာဏ်တော်အမြင့် ၂၀-လက်မ မံ ရုပ်ပွားတော်တစ်ဆူ။

(ည) မြတ်မော်တင် ဆံတော်ရှင်(ပန်းလည်တိုင်မှ ဓာတ်သား)ပါ ဉာဏ်တော်အမြင့် ၃-လက်မ ရုပ်ပွားတော် တစ်ဆူ။

(ဋ) ရှင်ဥပဂုတ္တ ရဟန္တာ မထေရ်မြတ် ကျောက်ဆင်းတု ရုပ်ပွားတော်တစ်ဆူ။

(ဌ) ရှင်သီဝလိ ရဟန္တာမထေရ်မြတ် ကျောက်ဆင်းတု ရုပ်ပွားတော်တစ်ဆူ။

(ဍ) မဇ္ဈိမဒေသ၊ ဗုဒ္ဓဂယာ မဟာဗောဓိပင်မှ ဗောဓိညောင်တစ်ရွက်။


(ဎ) အလျား ၃၆ လက်မ၊ အနံ ၂၇ လက်မရှိ သာသနာ့အောင်လံတော်(**Steel**) **ball type** တစ်ခု။

(ဏ) ပတ္တမြားရိုင်း အချို့( ရတနာပလ္လင်တော် စီခင်းဌာပနာရန် ဖြစ်သည်)။

(တ) **F.M.I** တိုင်ကပ်နာရီ တစ်လုံးနှင့်

(ထ) စေတီရင်ပြင်တော်ခင်းရန် လိုအပ်သော ကျွေပြားတို့ အသီးသီး ဖြစ်ကြပါသည်။


ကြယ်ခတောင် ဘေးမဲ့သားလွှတ် သက်ကင်း သာသနာ့နယ်မြေကို ဘဝပဋ္ဌာန်းဆက် ခနစ်ရက် သားသမီး များက ဘေးမဲ့သားလွှတ်စားသုံးကာ ဖော်ထုတ်အောင်မြင်ခဲ့ကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။



## (၁၃) သာသနာ့အကျိုး ဆောင်သည်(သယ်)ပိုး သဒ္ဓါမိုးတွေရွာသွန်းဖြိုး

၁။ နှစ်ဖက်သောမိဘများကို ဦးထိပ်ထား၍ ဦးသန့်စင်ဌေး+ဒေါ်သန်းသန်းဝင်း (သား) မောင်ထိန်လင်း၊ မောင်စောရန်နိုင် မိသားစု ရန်ကုန်။ ၁၀၀,၀၀၀ ကျပ်

၂။ အထုပ်တစ်ရာ ဆရာတော်ကြီး၊ ဦးမြထွန်း+ဒေါ်တင်အေး(တောင်ကြီးမြို့) နှင့် အစ်ကိုကြီး ဗိုလ်ချုပ်တင်ထွန်း (စစ်အင်ဂျင်နီယာဉ္စန်ကြားရေးမှူး) တို့အား အမှူးထားလျက် ဒေါ်ဌေးဌေး(ခ) ဒေါ်တင်မြဌေး(တွဲဖက်ပါမောက္ခ၊ ဝါဏိဇ္ဇဗေဒဌာန) (အဆောင်မှူး၊ သရဖီဆောင်)၊ စီးပွားရေးတက္ကသိုလ်၊ရန်ကုန်။ (သာသနာ့အောင်လံတံခွန်တော်နှင့် ပလ္လင်တော်) ၉၀,၀၀၀ ကျပ်



၃။ ကွယ်လွန်သူ ဖခင်ကြီး+ဦးပေါ်မောင် အား ရည်စူး၍ ဒေါ်အုံးကြင်၊ ဦးတင်ဝင်း + ဒေါ်နုနုဇင် မိသားစု၊ ရန်ကုန်။ ၈၄,၀၀၀ ကျပ်

၄။ နှစ်ဖက်သော မိဘများကို ဦးထိပ်ထား၍ ဦးသန်းဌေး+ဒေါ်ဆန်းဆန်းကြည် (သား) မောင်လွင်မိုးအောင်၊ (သမီး)မသက်ထားသူဇာ မိသားစု၊ ဟိုင်းကြီးကျွန်း။ ၅၀,၀၀၀ ကျပ်

၅။ ဦးသိန်းငွေ+ဒေါ်ခင်မြင့် မိသားစု၊ အမှတ်(၂၁၅/၅)၊ နွယ်သာကီလမ်း (၂၅) ရပ်ကွက် သုဝဏ္ဏ၊ ဖုန်း ၀၁-၅၇၀၆၇၇။ ၃၀,၀၀၀ ကျပ်

၆။ ဒေါ်မိမိလှိုင် ( **LLB, Advocate**)။ ၂၀,၀၀၀ ကျပ်

၇။ မခိုင်စုလတ် သာသနာပြုမိသားစု၊ ရန်ကုန်။ ၂၀,၀၀၀ ကျပ်

၈။ ဦးဝင်းဌေး+ဒေါ်တင်ဥမ္မာမင်း (သမီး) မသန်းရွှန်းလက်ဝင်း မိသားစု၊ ရန်ကုန်။ ၁၅,၀၀၀ ကျပ်

၉။ ဦးဝင်းမောင်(မန်နေဂျာ၊ နယ်စပ်စည်ပင်) + ဒေါ်အုံးမြိုင် (ကထိက) မိသားစု၊ ကျိုက်ဝိုင်း၊ ရန်ကုန်၊ ဖုန်း ၀၁-၆၅၁၅၆၂။ ၁၃,၃၀၀ ကျပ်

၁၀။ ဒေါ်တင်လှ သာသနာပြုမိသားစု၊ ရန်ကုန်။ ၁၀,၀၀၀ ကျပ်

၁၁။ ဦးအုန်းလှိုင်(**S.S.A.E** တံတားအထူးအဖွဲ့-၈)+(ဒေါ်သန်းသန်းအေး) (သမီး) မဇင်မာလှိုင်၊ (သား) မောင်သက်ပိုင်ဦး မိသားစု၊ ရန်ကုန်။ ဖုန်း ၀၁-၂၂၉၅၆၆ ၁၀,၀၀၀ ကျပ်

၁၂။ ဦးအေးချို+ဒေါ်မြင့်မြင့်(အင်ဂျင်နီယာပညာရှင်) မိသားစု၊ ကျိုက်ဝိုင်း၊ ရန်ကုန်။ ဖုန်း -၀၉-၉၀ ၃၂၃၅၆။ ၁၀,၀၀၀ ကျပ်

၁၃။ ဦးမျိုးထွန်း+ဒေါ်သောင်းသောင်းတို့အား အမှူးထား၍ (သမီး)ဒေါ်တင်မာရီထွန်း (တွဲဖက်ပါမောက္ခ)၊ မြေး-မောင်ခန့်ဖြိုးပိုင် မိသားစု၊ ရန်ကုန်။ ဖုန်း၀၁-၅၁၆၄၇၅။ ၁၀,၀၀၀ ကျပ်

| | | |
|---|---|---|
| ၁၄။ | ဦးမောင်မောင်အေး + ဒေါ်ခင်မြင့်မြင့်မူ မိသားစုနှင့် ဓမ္မမိတ်ဆွေများ၊ ရွှေဂုံတိုင်၊ ရန်ကုန်။ | ၁၀ . ၀၀၀ ကျပ် |
| ၁၅။ | ဦးသန်းဆွေ + ဒေါ်စန်းစန်းမြင့် မိသားစု၊ အမှတ်(၅၇)၊ ဗိုလ်စိန်မှန်လမ်း၊ ရန်ကုန်၊ ဖုန်း ၀၁ - ၇၂၂၁၆၁။ | ၁၀ . ၀၀၀ ကျပ် |
| ၁၆။ | မငယ်၊ မခင်လေးနွယ်၊ တိုက်(၄)၊ အခန်း(H-5)၊ ဝင်္ကဘာလမ်း၊ ရန်ကုန်။ ဖုန်း ၀၁ - ၇၂၁၈၁၆။ | ၇. ၀၀၀ ကျပ် |
| ၁၇။ | ဒေါ်ဇာနည်အောင် ရွာသစ်၊ အင်းစိန်၊ ရန်ကုန်။ | ၆. ၀၀၀ ကျပ် |
| ၁၈။ | ဆရာမ ဒေါ်မြတ်သူဇာ(ငြိမ်း) အ.ထ.က - ၁၆၊ မန္တလေး။ | ၅. ၀၀၀ ကျပ် |
| ၁၉။ | ဒေါ်ချယ်ရီထွန်း အမှတ်(၃၈)၊ သီတာလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်၊ ရန်ကုန်။ | ၅ . ၀၀၀ ကျပ် |
| ၂၀။ | ဦးတိုးမြင့်ဝေ (ကထိက) + ဒေါ်တင်တင်မော် အား ဦးထိပ်ထား၍ (သား) ကိုလင်း အမှတ်(၄၈)၊ ပထမထပ်၊ ညောင်တုန်းလမ်း၊ စမ်းချောင်း၊ ရန်ကုန်။ | ၅ . ၀၀၀ ကျပ် |
| ၂၁။ | ကျော့လှုံဆရာတော် ဘဒ္ဒန္တသမိဒ္ဓိ၊ မုဒုံ၊ မွန်ပြည်နယ်။ | ၅ . ၀၀၀ ကျပ် |
| ၂၂။ | ကိုမျိုးမင်းထွန်း + မဇာနည်ငြိမ်းငြိမ်းလွင်၊ (သား)ဖွဲ့ထွဋ်ပိုင်မှူး၊ ရန်ကုန်။ | ၅ . ၀၀၀ ကျပ် |
| ၂၃။ | ဦးတင့်ဆွေ + ဒေါ်တင်မြ သားသမီးမြေးတစ်စု၊ ရန်ကုန်။ | ၅ . ၀၀၀ ကျပ် |
| ၂၄။ | ဒေါ်ညိမ်း သာသနာပြု မိသားစု၊ ရန်ကုန်။ | ၅ . ၀၀၀ ကျပ် |
| ၂၅။ | ဦးဇော်ထိုက် သာသနာပြု မိသားစု၊ ရန်ကုန်။ | ၅ . ၀၀၀ ကျပ် |
| ၂၆။ | (ဦးသိန်းဖေ) + ဒေါ်သိန်းမေ မိသားစု၊ ရန်ကုန်။ | ၅ . ၀၀၀ ကျပ် |
| ၂၇။ | မစုစုဝင်း သာသနာပြု မိသားစု၊ ရန်ကုန်။ | ၃ . ၀၀၀ ကျပ် |
| ၂၈။ | ကိုစိုးအောင် + မသန္တာထွဋ် (သမီး) မဆုလဲ့ဝတီနွယ်၊ ရန်ကုန်။ | ၃ . ၀၀၀ ကျပ် |
| ၂၉။ | ကိုတင်လင်း + မနွဲ့နွဲ့ဝင်း သာသနာပြု မိသားစု၊ ရန်ကုန်။ | ၃ . ၀၀၀ ကျပ် |
| ၃၀။ | ဦးသာထွန်းအောင် + ဒေါ်တင်တင်ရီ(ဆေးသုတေသနဦးစီးဌာန)မိသားစု၊ ရန်ကုန်။ | ၂ . ၀၀၀ ကျပ် |
| ၃၁။ | ကိုတင်မောင်ထွန်း + မနွဲ့ ( ဆေးသုတေသနဦးစီးဌာန )၊ မိသားစု၊ ရန်ကုန်။ | ၁ . ၀၀၀ ကျပ် |
| ၃၂။ | ဦးတင်ရွှေ + ဒေါ်မြသန်း သာသနာပြု မိသားစု၊ ရန်ကုန်။ | ၁ . ၀၀၀ ကျပ် |
| ၃၃။ | ကိုသီဟထွဋ် + မချိုမာလွင် သာသနာပြု မိသားစု၊ ရန်ကုန်။ | ၁ . ၀၀၀ ကျပ် |
| ၃၄။ | ကိုသန်းဝင်းနိုင် + မဂျူး သာသနာပြု မိသားစု၊ ရန်ကုန်။ | ၁ . ၀၀၀ ကျပ် |
| ၃၅။ | ဒေါ်ရီရီတင် သာသနာပြု မိသားစု၊ ရန်ကုန်။ | ၁ . ၀၀၀ ကျပ် |
| ၃၆။ | ကိုလှဝင်း + မနန္ဒာအေး သာသနာပြု မိသားစု၊ ရန်ကုန်။ | ၁ . ၀၀၀ ကျပ် |
| ၃၇။ | ကိုသန်းထိုက်စိုး သာသနာပြု မိသားစု၊ ရန်ကုန်။ | ၁ . ၀၀၀ ကျပ် |
| ၃၈။ | မသင်းလဲ့သီ သာသနာပြု မိသားစု၊ ရန်ကုန်။ | ၁ . ၀၀၀ ကျပ် |
| ၃၉။ | ကိုမျိုးမင်းဦး သာသနာပြု မိသားစု၊ ရန်ကုန်။ | ၁ . ၀၀၀ ကျပ် |

## မာတာပိတု နှင့် အာစရိယပူဇာ

## ၁။ မိဘ . ဆရာတို့၏ အနန္တဂုဏ်တော် ရည်မှန်းပူဇော် ဓမ္မဒါန အလှူတော်

ဗြဟ္မာတိ မာတာပိတာရော၊
ပုဗ္ဗာစရိယာတိ ဝုစ္စရေ။
အာဟုနေယျာ စ ပုတ္တာနံ၊
ပဇာယ အနုကမ္ပကာ။

| | | |
|---|---|---|
| မာတာပိတရော | = | မိခင်၊ ဘခင် ကျေးဇူးရှင်တို့ကို။ |
| ဗြဟ္မာတိ | = | မေတ္တာ ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ရှာန်လေးပါး ပွားများနေသည့် ဗြဟ္မာတို့နှင့် တူကြသောကြောင့် ဗြဟ္မာကြီးများ ဖြစ်ကြသည် ဟူ၍လည်း။ |
| ဝုစ္စရေ ဝုစ္စန္တိ | = | ကောင်းစွာမသွေ ဆိုအပ်ပါပေကုန်၏။ |
| ပုဗ္ဗာစရိယာတိ | = | လက်ဦးဆရာတို့ ဟူ၍လည်း။ |
| ဝုစ္စရေ ဝုစ္စန္တိ | = | ဆိုအပ်ပါပေကုန်၏။ |
| ပဇာယ | = | သား၊ သမီးတို့အပေါ်၌။ |
| ပဇာယ | = | သား၊ သမီးအပေါင်းကို။ |
| အနုကမ္ပကာ | = | အစဉ် သနား စောင့်ရှောက် ချီးမြှောက်တတ်ကြကုန်သည် ဖြစ်၍။ |
| ပုတ္တာနံ | = | သား သမီးတို့၏။ |
| အာဟုနေယျာ စ | = | ပူဇော်အထူးကို ခံထိုက်ကြသည့် ပုဂ္ဂိုလ်ထူး အစစ်အမှန် ဧကန် ဖြစ်ကြပါပေကုန်၏။ |

### (၁) "လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ"

မိဘနှင့် သား သမီးတို့ ဟူသည်မှာ - အစဉ်ထာဝရ အေးမြစိုရွှန်း မခန်းသော မေတ္တာ၊ မနွမ်းသော ကရုဏာ၊ ဝမ်းမြောက် လိုလားသော - မုဒိတာ၊ လူလားမြောက် အရွယ်ရောက်၍ သီးခြားအိမ်ထောင် ခွဲသွားသောအခါ၌လည်း လျစ်လျူရှု ခွင့်ပြုပေးနိုင်သော ဥပေက္ခာတရားတို့ဖြင့်အခြေခံကာ နိုင်မာစွာဖွဲ့စည်းတည်ဆောက်ထားပေသည်။ မိခင် ဘခင်ဟူသည် တစ်ဘဝ၊ တစ်သက်တာ၌ တစ်ကြိမ်တစ်ခါသာ မိမိ၏ ကံကြမ္မာအလျောက် ဖြစ်ပေါ်လာရသည့် ရှားပါး ပစ္စည်းများသဖွယ် ဖြစ်ကြ၏။

အခြားအရာများကို အစားထိုးရန် လွယ်ကူသော်လည်း မိရင်း၊ ဘရင်းမှာမူ အစားထိုး စရာရှာမရနိုင်သော ရှားပါးပစ္စည်းများ ဖြစ်သကဲ့သို့ တုပ၍ မရသော ပစ္စည်းများ၊ နှိုင်းယှဉ်၍ မရသော ပစ္စည်းများ လည်း ဖြစ်ကြ၏။ ထို့ကြောင့် သား - သမီးတို့အနေဖြင့် အမေဟု ခေါ်ရသောအခွင့်၊ အဖေ ဟု ခေါ်ရသော အခွင့် ရရှိခြင်းသည်ပင် အလွန်ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ တစ်ခု ဖြစ်ပါ၏။

ထို့ပြင် အမေဟု ခေါ်ရသော အရသာ၊ အဖေဟု ခေါ်ရသော အရသာထက်၊ သာလွန်သော အေးချမ်းမြေ့သော အရသာလည်း ရှိနိုင်တော့မည် မဟုတ်ပါပေ။

## (၂) မိဘမေတ္တာ

❀ မိ.ဘ တို့ကား

သမီး . သားကို ၊ ချမ်းအားပိုလျက်၊
အချို . အခါး ၊ ဆိုစကားနှင့်၊
စိတ်ထားပုံရိပ်၊ ဟန်နှင့် . ဟိတ်နှင့်၊
ချစ်စိတ်ကိုဖုံး၊ မာန်ကိုသုံးကာ၊
နလုံးလှစေ၊ ယဉ်ကျေးစေ၍၊
သိစေ . တတ်စေ၊ မေတ္တာဝေသည်၊
ချစ်တာ တွေ၏၊ အဖြစ်ပါလား။
နစ်နာစေချက် ၊ မစွက်ပါတကား။

## (၃) မိတ်ကောင်းမိမှ (နိဗ္ဗာန်ထိ) ချမ်းသာရ၏

ကလျာဏ မိတ္တာ မာတာ စ၊ ပိတာ စ ဟိတ ကာရကာ။
တေသံ ပစ္စောပကာရာယ၊ ကာတဗ္ဗံ ပူဇနံ သဒါ။

| | | |
|---|---|---|
| မာတာ စ | = | မွေးသမိခင် ကျေးဇူးရှင်သည်လည်းကောင်း။ |
| ပိတာ စ | = | မွေးသဘခင် ကျေးဇူးရှင်သည်လည်းကောင်း။ |
| ဟိတ ကာရကာ | = | သား . သမီးတို့၏ အကျိုးစီးပွားကို လိုလား . စောင့်ရှောက်တတ်ကြကုန်သော။ |
| ကလျာဏ မိတ္တာ | = | မိတ်ကောင်း . ဆွေကောင်း အစစ် . အမှန် ဧကန် ဖြစ်ကြပါပေကုန်၏။ |
| တေသံ | = | ထိုမိတ်ကောင်း . ဆွေကောင်း ဖြစ်ကြသည့် မိဘနှစ်ပါး ကျေးဇူးရှင်များတို့ကို။ |
| ပစ္စောပကာရာယ | = | ကျေးဇူးဆပ်တုံ့ပြန်မှု ပြုခြင်းငှာ။ |
| သဒါ | = | အခါခပ်သိမ်း။ |
| ပူဇနံ | = | ပူဇော်ခြင်းကို။ |
| ကာတဗ္ဗ မေဝ | = | အမှန်တကယ်ပင် ပြုသင့် ပြုထိုက် ပြုအပ်လှပါပေ၏။ |

အမိ . အဘတို့သည် သား သမီးများအပေါ်၌ အလွန်ကြီးမားသော မေတ္တာ ထားရှိကြသည်။ သား . သမီးတို့အား နို့ချိုတိုက်ကျွေးကာ ထမင်း . အဖျော်တို့ကို ပေး၍ ကျွေးမွေး . ပြုစု ယုယတတ်ခြင်း၊ မှက် . ခြင် . ယင်မှ အစ မသန်းရ လေအောင် ဂရုစိုက်ခြင်း၊ ကြီးပွား . တိုးတက်အောင် စောင့်ရှောက်တတ်ခြင်း စသည်တို့ကြောင့် အလွန်ပင် ကျေးဇူး ကြီးမားလှသော အနန္တကျေးဇူးရှင်ကြီးများ ဖြစ်ကြပေသည်။

မိဘတို့သည် သား . သမီးတို့၏ အကျိုးစီးပွားကို အမှန်တကယ်ပင် လိုလိုလားလား ဆောင်ရွက်တတ်ကြသော ကလျာဏမိတ္တ (ခ)မိတ်ဆွေကောင်း အစစ်လည်း ဖြစ်ကြပါပေသည်။ မိတ်ဆွေကောင်းကို ပေါင်းသင်းဆက်ဆံရခြင်းကြောင့် ကိုယ့်မှာ မဖြစ်သေးသော ကုသိုလ်တွေ ဖြစ်ရသည်၊ ဖြစ်ပြီးသား အကုသိုလ်တွေ ပျက်စီးကုန်ကြရသည် [၁]။

လောကတွင် ကလျာဏမိတ္တ = မိတ်ဆွေကောင်းကို ရရန် အလွန်ခဲယဉ်းလှပေသည်။ မိတ်ဆွေကောင်း ရရှိပြီဆိုလျှင်လည်း လောကီ . လောကုတ္တရာ နှစ်ဖြာသော အလုံးစုံအကျိုးကို လွယ်လင့်တကူ ရာနှုန်းပြည့် ပြီးစီး နိုင်ပေသည်။

မိတ်ဆွေ စစ် . မိတ်ဆွေမှန် . မိတ်ဆွေကောင်းတစ်ဦး ၏ ရရှိမည့် အင်္ဂါလက္ခဏာများမှာ -

၁။ ပေးနိုင်ခဲသော ပစ္စည်းကို ပေးနိုင်ခြင်း။

၂။ ပြုနိုင်ခဲသော ကိစ္စအမှုကို ပြုလုပ်ပေးနိုင်ခြင်း။

၃။ သည်းခံနိုင်ခဲသောအရာကို သည်းခံနိုင်ခြင်း။

၄။ လျှို့ဝှက်အပ်သော အကြောင်းအရာကိစ္စကို လျှို့ဝှက်ထားတတ်ခြင်း။

၅။ ဖော်ပြသင့်သော ကျေးဇူးဂုဏ်များကို ဖော်ပြတတ်ခြင်း။

၆။ ပစ္စည်း ဥစ္စာ ကုန်ခမ်းသွား၍ ဆင်းရဲနေစေကာမူ မိတ်ဆွေအပေါ်၌ အထင်အမြင် မသေးခြင်း။

၇။ ဘေးဒုက္ခ ဖြစ်ပေါ်လာသောအခါ စွန့်ပစ်မသွားခြင်း အသီးသီး ဖြစ်ကြသည်။

တစ်နည်းဆိုရသော် (အံ ၊ ၂ ၊ ၄၂၂ ) တွင် -

| | | | |
|---|---|---|---|
| ၁။ | ပိယမနာပဂုဏ် | = | သီလနှင့် ပြည့်စုံသောကြောင့် ချစ်ခင်မြတ်နိုးအပ်ခြင်း။ |
| ၂။ | ဂရုဂုဏ် | = | သီလဂုဏ်ကြောင့် အလေးပြုထိုက်ခြင်း။ |
| ၃။ | ဘာဝနီယဂုဏ် | = | တရားတော်ကို တိုးပွားစေတတ်ခြင်း။ |
| ၄။ | ဝတ္တာဂုဏ် | = | ပါဠိတော်နှင့်အညီ၊ အဋ္ဌကထာနှင့်အညီ၊ နိကာယ်ငါးရပ်ပါဠိတော်နှင့် အညီ ကျကျနန ဆုံးမဩဝါဒပေး၍ နည်းလမ်းကောင်း ပြပေးခြင်း။ |
| ၅။ | ဝစနက္ခမဂုဏ် | = | သူတစ်ပါးက နည်းလမ်းပြဆုံးမသည်ကို ခံယူခြင်း၌ စွမ်းနိုင်ခြင်း။ |
| ၆။ | ဂမ္ဘီရဥ္စကထံကတ္တာဂုဏ် | = | ပဋိစ္စသမုပ္ပါဒ်နှင့်စပ်၍ သစ္စာလေးပါးနှင့် ပတ်သက်၍ ခက်ခက်ခဲခဲ သိမ်သိမ်မွေ့မွေ့ ဟရားအလုပ်ကို ကွက်ကွက်ကွင်းကွင်း၊ ထင်ထင် ရှားရှား ဟောကြားဖော်ပြနိုင်ခြင်းနှင့် |
| ၇။ | နော စ အဋ္ဌာနေ နိယောဇကဂုဏ် | = | မိမိ၏ သတိကို မသင့်လျော်သော နေရာဌာနတို့၌ တိုက်တွန်း မပေးလိုသည့် သတိရှိခြင်းတို့ ဖြစ်ကြပါသည်။ |

ဤဖော်ပြပါ ဂုဏ်ခုနစ်ပါးနှင့် ပြည့်စုံနေသော တရားသမားဆိုလျှင် ရိုက်ချင် ရိုက်ပါစေ၊ မာန်ချင် မာန်ပါစေ၊ ဆိုချင် ဆိုပါစေ၊ မည်သို့ပင်ဖြစ်စေ မစွန့်ခွာသင့်တော့ပါ။

တောင်းဆိုး ၊ ပလုံးဆိုးကိုသာ ပစ်ရိုးထုံးစံရှိသည်။ သားဆိုး သမီးဆိုးပင် ဖြစ်စေကာမူ (ဗုဒ္ဓဘာသာ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ) ပစ်ရိုးထုံးစံမရှိပါပေ။ ကလျာဏမိတ္တမည်သော မိဘ. ဆရာတို့၏ မေတ္တာစေတနာသည် တုနိုင်းမရသော အနန္တမေတ္တာ၊ စေတနာရှင်များ ဖြစ်ကြသည့် အားလျော်စွာ သား သမီး တပည့်တို့အား ဆုတ်ယုတ်စေလိုသော မကောင်းသည့် စေတနာ၊ ဆန္ဒ လုံးဝ(လုံးဝ) မရှိကြသူများလည်း ဖြစ်ကြ၏။

❀ လူကြီးမိဘ၊ ဆရာစကား၊ စိုးရသခင်၊ ကျေးဇူးရှင်တို့၊
ပြစ်တင်မောင်းမဲ၊ ရိုက်ပုတ်ဆဲလည်း၊ ဝမ်းထဲမနဲ့၊ ယုန်လျှင်ကျဲ့သို့၊
ဆိုတုံ့မဝံ့၊ စောင်းမာန်ညဲ့၍၊ ကြောက်ရွံ့ရိုသေ၊ သည်းခံထွေဖြင့်၊
ဆောင်စေနလုံး၊ ယဉ်စေမင်း။

ကန်တော်မင်းကျောင်းဆရာတော်၊

ကျေးဇူးရှင် မိဘ ၊ ဆရာသမားတို့က တစ်ခါတစ်ရံ ပြစ်တင် မောင်းမဲ၊ ရိုက်ပုတ်ဆဲဆိုခြင်းတို့သည် မိမိတို့၏ သား၊ သမီးများ၊ မိမိတို့၏ တပည့်များ လောကအလယ် မျက်နှာပန်းတင့်တယ်၊ ဂုဏ်ဝါ ဝင့်ထယ်ကာ အသိအလိမ္မာ ဉာဏ်ပညာပြည့်စုံပြီး လူတစ်လုံး သူတစ်လုံး ဖြစ်စေချင်လွန်းသော အလွန်ကြီးမားသည့် ဆန္ဒကြောင့်သာ ဖြစ်ပါသည်။

❀ မိဘစကား နားထောင်ပြား၊ သံပြားကျောက်စောင်း ကျိုသောပြောင်း၏၊

မိဘစကား နားဝယ်ထား၊ ကြီးပွားချမ်းသာကြောင်း။

သို့ဖြစ်ရာ မိမိတို့အပေါ် ကောင်းမွန်ခဲ့သော မိဘတို့၏ အနန္တကျေးဇူးဂုဏ်တို့ကို ထုတ်ဖော် ၊ ပြောကြား ၊ ရေးသားခြင်းငှာ ကုန်နိုင်မည် မဟုတ်ပါပေ။ ဤအနန္တဂုဏ်တော်ကြီးများကို အာရုံပြု ရည်မှတ်၍၊ ကတညုတ - ကတဝေဒီ တရား လက်ကိုင်ထားကာ ကောင်းမှုကုသိုလ်များ ပြုလုပ်ပြီး ကျေးဇူးဆပ် ပူဇော်ခြင်း ဖြစ်ပါပေသည်။

မာတာပိတု ဂုဏော၊ အနန္တော ဟု အပြောကျယ်စွာ၊ သံသရာဝယ်၊ မာတာပိဘာ၊ မိနှင့် ဖ တို့၊ ရေကြည် ကလလ၊ တည်ဦးစက၊ ချို့ချဉ်ပူစပ်၊ ချင်ရှင်းပြတ်အောင်၊ မပြတ်ယုယ၊ မိဘတို့မှာ၊ စိုးရိမ်စွာဖြင့်၊ အစာဆိမ့်အေး၊ နို့ချိုပေး၍၊ မွေးသည့်မိခင်၊ ကျွေးဖခင်ကို၊ ဦးစွာပထမ လက်အုပ်မိုး၍၊ ရှိခိုးပါ၏၊ ကျေးဇူးဆပ်ပါ၏။

ထိုသို့ ကျေးဇူးဆပ်ပူဇော်ခြင်းသည်ကား၊ မိဘတို့၏ လိုအင်ဆန္ဒငါးမျိုးတွင် တစ်ခု အပါအဝင်ဖြစ်သော ဆန္ဒကို ပြည့်ဝအောင် ဖြည့်ဆည်းလိုက်ခြင်းပင် ဖြစ်ပေသည်။ မြတ်ဘုရားက မိန့်ကြားတော်မူခဲ့သည်မှာ အမြော်အမြင်ရှိသော မိဘတို့သည် သား - သမီးကို ရလိုကြရာ၌ ရည်ရွယ်ချက်ငါးမျိုး ရှိကြ၏။


၁။ အိမ်၌ရှိသော မိဘတို့၏ အလုပ်ကိစ္စကို ကူညီမည့်သူ ရရှိရန်။
၂။ မိဘတို့ အိုမင်းရင့်ရော်လာလျှင် ပြုစုလုပ်ကျွေးမည့်သူ ရှိရန်။
၃။ အမွေခံ သား သမီး ကျန်ရစ်ရန်။
၄။ ကိုယ့်အမျိုး အစဉ်အဆက် မတိမ်ကော မပပျောက်စေရန် နှင့်
၅။ မိဘတို့ တစ်နေ့တွင် ဘဝတစ်ပါးသို့ ပြောင်းသွားလျှင် ကုသိုလ်ကောင်းမှုပြုကာ သေသေချာချာ အမျှပေးဝေမည့်သူ ရှိစေရန် ဟူ၍ ရည်ရွယ်ချက် ရှိကြပေသည်။

ယခု ဤစာအုပ်ကို စုစည်းတင်ပြသူက သား - သမီး တို့ ပြုလုပ်ပေးရမည့် နောက်ဆုံးရည်ရွယ်ချက်ကို တာဝန်ကျေကျေ အကောင်အထည်ဖော် ဆောင်ရွက်ပေးလိုက်ခြင်းပင် ဖြစ်ပါသည်။ ဤသည်ကား မိဘတို့ကို တန်ဖိုးထားသူ၊ မိဘတို့၏ ကျေးဇူးတရားကို သိတတ်သူတို့၏ (မလွဲမသွေ) ဆောင်ရွက်အပ်သည့် ပြုမြဲနိစ္စဘတ်-ကျင့်ဝတ်တစ်ခုလည်း ဖြစ်ပေသည်။

အမိ - အဘတို့အပေါ်မှာ ထိုမျှ အရေးပေး၍ ရှေ့တန်းတင်ကြရသည်မှာ နိုင်မာသော အကြောင်းသာကေ ရှိပါ၏။ စံနမူပြုရမည်ဆိုလျှင် - အဘ - ဘုရားရှင်ကိုပင် ပြရမည်ဖြစ်ပြီး ၊ မိမိတို့လည်း အတုယူကြရမည် ဖြစ်၏။ ဘုရားလောင်းတော်၏ ဘဝဖြစ်စဉ် ငါးရာ့ငါးဆယ် ဇာတ်တော်များ၌ မိဘများကို အထူးဦးစားပေး၍ လုပ်ကျွေးကာ ကျေးဇူးဆပ်ခဲ့ပုံများအနက်မှ ထုတ်ဖော်ပြရမည် ဆိုပါလျှင် သုဝဏ္ဏသာမဇာတ်၊ နန္ဒိယမျောက်မင်းညီနောင်ဇာတ်၊ ကာဒိရ ကျေးမင်းဇာတ်၊ မာတုပေါသက ဆင်မင်းဇာတ် ၊ သောဏပဏ္ဍိတ ရသေ့ညီနောင် ဇာတ် စသည်ဖြင့် များစွာ ဟောညွှန်ပြသထားကြောင်း လေ့လာ တွေ့ရှိနိုင်ပါသည် ။ သဗ္ဗညုတ ဉာဏ်ရရှိပြီး ဘုရားဖြစ်တော်မူလာသောအခါ တွင်လည်း မိဘတို့အား ပြုစုလုပ်ကျွေးရန် အထူးမိန့်ဆိုတော်မူသည်။ ပြုစုလုပ်ကျွေးသည်ကိုလည်း အထူး ချီးမွမ်းတော်မူသည်။

သို့ဖြစ်၍ ဤစာအုပ်ကို စုစည်းတင်ပြသူသည် ဗုဒ္ဓဘာသာဝင်တစ်ဦး ပီသစွာ အဘ ဘုရားသခင်၏ လမ်းညွှန်ချက်နှင့်အညီ -

- မိခင် - ဘခင်၊ ကျေးဇူးရှင်ကို၊ ချစ်ခင်မြတ်နိုး၊ ဂူပုထိုးသို့၊ ရှိခိုးဦးတင်၊ ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍၊ လုပ်ကျွေး ခ,ယ၊ ရိုတုပ်ကွလျက် [၁]။



မိမိ မသိ ၊ နားမလည် ငယ်ရွယ်စဉ်အခါကပင် ပြောဆို ဆုံးမ ၊ သွန်သင် ပြသခဲ့သော လက်ဦးဆရာ မည်ထိုက်စွာသည့် ကျေးဇူးရှင်ဖခင်ကြီး ဦးထွန်းအောင်(မျက်ခမ်းစပ်ရောဂါကုလက်ထောက်) +ယခုထက်တိုင် အနီးကပ်လမ်းညွှန်ပြသနေသော မိခင်ကြီး ဒေါ်တင်တင်အေး(ခ) ဒေါ်စန်းစန်းမြင့်ဌေး(ငြိမ်း၊ တက္ကသိုလ်စာကြည့်တိုက်၊ ရန်ကုန်) တို့အား ဦးထိပ်ထား၍ သံဃာ့ဂုဏ်တော်ကိုးပါး ရည်မှန်းကာ ဤ "ဆီးဖြူပင်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်း" သာသနာဝင် စာအုပ်ကို စုစည်း တင်ပြရေးသား ပူဇော် လှူဒါန်းခြင်းဖြင့် ကျေးဇူးဆပ်ကန်တော့အပ်ပါသည်။

"**ပဋ္ဌာကနိပါတ် အင်္ဂုတ္တိုရ် ပုတ္တသုတ် ဒေသနာတော်**" လာအရ အနန္တ ကျေးဇူးရှင်မိဘများ၊ အသက်ထင်ရှားမရှိတော့ဘဲ တမလွန်ဘဝသို့ ကူးပြောင်းရောက်ရှိသွားသည့်အခါ ထိုသူတို့အား ရည်မှန်း၍ ဘုရား ၊ တရား၊ သံဃာ အစရှိသော ရတနာမြတ်သုံးပါးတို့၏ ဂုဏ်ကျေးဇူးတော်တို့ကို ဦးထိပ်မှာပန်ဆင်ပြီး သင်္ကန်း၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသည့် လေးပါးသော ပစ္စည်း ဝတ္ထုတို့ကို စုံစုံလင်လင် ဖွယ်ဖွယ်ရာရာ လှူဒါန်းပေးခြင်းဖြင့် (အကယ်၍ ပုထုဇဉ် သဘာဝ တစ်စုံတစ်ရာကို စွဲလမ်း၊ နှစ်သက်မိပြီး၊ ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့သည့်တိုင်) **အမျှဝေ သာဓုခေါ်ဆိုခွင့် ရရှိနိုင်သည်။ သာဓုခေါ်ဆိုခွင့် ရရှိသည်နှင့် တစ်ပြိုက်နက်တည်း ကောင်းရာသုဂတိဘုံသို့ ချက်ချင်းရွေ့ပြောင်း ရောက်ရှိနိုင်ကြောင်း။**

ဤသို့လည်း မိဘများကို ကျေးဇူးဆပ်နိုင်ပေသည်ဟု "သာရိပုတြ ထေရ မာတာ ပိတု ဥပဋ္ဌာန် ဝတ္ထု" လာအရ သိရှိရပါသည်။

- လူ့ဘုံဌာန၊ ဤလောက၌၊ ဘ. ကို လက်ယာ၊ မိ . မှာ လက်ဝဲ၊ ကိုင်စွဲချီလျက်၊ ပခုံးထက်ဝယ်၊ အသက်ရာတိုင်၊ မမှန်းနိုင်ဘဲ၊ ဆုံးတိုင်လုပ်ကျွေး၊ ပြုစုမွေးလည်း၊ ကျေးဇူးဂုဏ်ဆိုင်၊ မကုန်နိုင်ဘူး [၂]။

မိဘနှစ်ပါးကဲ့သို့ပင် မိမိ ၏ ဘဝတစ်လျှောက် လောကီ ၊ လောကုတ္တရာ နှစ်ဖြာကောင်းကျိုးအတွက် လမ်းညွှန် ပြသ သွန်သင် ဆုံးမ ဩဝါဒ ပေးနေကြသော ကျေးဇူးရှင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းတို့ကိုလည်း ဤစာအုပ်ဖြင့် ရိုသေစွာ ကန်တော့လိုက်ပါသည်။

---

၁။လောကသာရဆုံးမစာ။ ၂။အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ။

မေတ္တာရပ်ခံ တောင်းပန်အပ်ပါသည်

အထပ်တစ်ရာ ၊ တည်းဖြတ်ပါလည်း၊
အက္ခရာပုဒ်ဆွေး၊ မှားယွင်းသေးဟု၊
ရှေးကဆိုထုံး၊ နလုံးမူကာ၊ ပြင်ဆင်ပါလျှင်၊
စာမူသန့်သန့် ရမည်တည်း ^၁။

စာရေးသူသည်လည်း လူသားထဲက လူတစ်ယောက်ပင် ဖြစ်၍ ပုထုဇဉ် သဘာဝ အားနည်းချက် လိုအပ်ချက်များ ရှိနိုင်ပါသည်။ ထိုအားနည်းချက် လိုအပ်ချက်များသည် ဆီးဖြူပင်ဆရာတော်ဘုရားကြီးနှင့် လုံးဝပတ်သက်ခြင်း မရှိပါ။ ဤစာရေးသူ၏ တာဝန်သာ ဖြစ်ပါသည်။ အသင် စာရှုသူ သိရှိထားသော ဆရာတော်ကြီး၏ အကြောင်းအရာ အချို့ မပါရှိကာမျှဖြင့်၊ ဆန္ဒစောကာ စာရေးသူအား ပြစ်တင်၊ ဝေဖန် ပြောဆိုနေမည့်အစား၊ ကွက်လပ်ကျန်နေသော အကြောင်းအရာများကို ထပ်မံ ဖြည့်စွက်ပြီး ဆောင်းပါးရေးလိုက ရေး၊ လုံးချင်းစာအုပ်ထုတ်လိုက ကြိုးစားထုတ်ဝေကြပါရန် အကြံပြုပါသည်။

စာဆိုတာ သူများရေးထားတာကို ကြည့်လိုက်ရင် သိလွယ်တယ်၊ ပြင်လွယ်တယ်။ ကောင်းတယ် မကောင်းဘူး ဝေဖန်ရလွယ်တယ်။ ခက်တယ်လို့ကတော့ မထင်မိတတ်ကြဘူး။ ဒါပေမဲ့ သူများရေးထားတာကို မကြည့်ဘဲနဲ့၊ ကိုယ်တိုင်ရေးကြည့်ကြစမ်းပါ၊ စာအုပ် ထုတ်ကြည့်ကြစမ်းပါ ဆိုတော့ စွမ်းနိုင်ခဲကြပါတယ်။ အပြောလွယ်လွယ် ပြောသလောက် အလုပ်မှာ အတိုင်းအတာ တစ်ခုထိ ခက်တယ်ဆိုတာ ကိုယ်ချင်းစာတရားထား နားလည်ပေးကြပါလို့ မေတ္တာရပ်ခံ တောင်းပန်ပါရစေ။

ဤစီစဉ်ပူဇော်သူသည် တတ်ကျွမ်းသောပညာ၊ မလျော့သောဇွဲ၊ ခိုင်မြဲသောစိတ်ဓာတ်၊ တည့်မတ်သော စေတနာနှင့်၊ ယုံကြည်ထက်သန်သော သဒ္ဓါတရားတို့ဖြင့် "ပြည့်ပြည့်ဝဝ စွမ်းစွမ်းတမံ" ကြိုးစား တင်ပြထားပါသည်။ စနစ်တကျ သေသပ်လှပသော စာအုပ်ကောင်းကောင်း၊ သန့်သန့်တစ်အုပ် ဖြစ်ပေါ်လာရေးမှာ နည်းပညာ တတ်ကျွမ်းရုံ၊ ငွေကြေးဥစ္စာ ခနရှိရုံ၊ လောကီပညာတတ်ကျွမ်းရုံမျှဖြင့် မလုံလောက်သေးပါ။ အတတ်ပညာရှင်များ ဖြစ်ကြသည့် ကွန်ပျူတာစာစီ၊ မိတ္တူမှ အစ၊ ဒီဇိုင်း၊ ဖလင်ဖလက်၊ ပုံနှိပ်တိုက် ( အော့ဖ်ဆက်) နှင့် စာအုပ်ချုပ်သည်အထိ စသော "လုပ်ငန်းအဆင့်ဆင့်တွင် စိတ်ကောင်း၊ စေတနာကောင်းဖြင့် သဒ္ဓါတရား၏ စေ့ဆော်မှုသည် အလွန်အရေးကြီးပါသည်"။

အဆင့်တစ်ခုတွင် အနည်းငယ်သတိမေ့လျော့ ချွတ်ချော်တိမ်းပါးသွားသည်နှင့် တစ်ပြိုင်နက် စာအုပ်ဖြစ်ပေါ်လာသောအခါ၊ များစွာကွဲလွဲ အပြစ်ထင်ရှားလာပါတော့သည်။ စာမူခမ်းနားကြီးကျယ်နေလျှင်သော်လည်းကောင်း၊ စာရေးသူ စည်းစနစ်ကျနနေလျှင်သော်လည်းကောင်း၊ တာဝန်ခံစီစဉ်သူက စေ့စပ်သေချာလွန်းလျှင်သော်လည်းကောင်း၊ ပုံနှိပ်တိုက်(အော့ဖ်ဆက်) အများစုက ရဲရဲတင်းတင်း တာဝန်ခံ၍ ရိုက်နှိပ်လုပ်ဆောင်ပေးလိုကြခြင်းဆန္ဒအလျဉ်းမရှိပေ။ ယင်းအခက်အခဲသည် ကိုယ်တိုင်ရေးသား၊ စာအုပ်ထုတ်ဝေဖူးသူတိုင်း ယနေ့ "မလွှဲမသွေ အမှန်တကယ်တွေ့ကြုံ နေကြရသည့် ကြီးမားသော အခက်အခဲ ပြဿနာတစ်ခု" ဖြစ်နေပေသည်။ ထိုအခက်အခဲကိုလည်း စာဖတ်သူ ဓမ္မမိတ်ဆွေတို့က စီစဉ်သူတို့အား နားလည်ခွင့်လွှတ်ပေးစေလိုပါသည်။

စာရေးသူသည် စိတ်ကောင်း၊ စေတနာကောင်းဖြင့် ကျမ်းဂန်များအရ ရေးသားချက်များ နှစ်သက်ငြားက မှတ်သားကြလျက်၊ မနှစ်သက်မူ၊ မယူစွန့်ကာ မေတ္တာ၊ ကရုဏာ နှစ်ဖြာရှေ့ထား၊ အမှားပါလျှင် သမ္မာဉာဏ်သက်ဝင်၍ ပြင်ဆင်ဖတ်ရှုတော်မူကြပါရန် လေးလေးနက်နက် မေတ္တာရပ် တောင်းပန်အပ်ပါသည်။

---

၁။နန်းတော်ရှေ့ အရှင်ပဝရ။

စာရေးသူအနေဖြင့်မူ ဤကျမ်းစာကို အတတ်နိုင်ဆုံး စုဆောင်းရှာဖွေစုစည်း တင်ပြထားပါသော်လည်း လုံးဝဥဿုံ ပြည့်စုံပြီဟု မဆိုနိုင်ပါ။ စာရေးသူ၏ တင်ပြချက်နှင့် အကြောင်းအရာများသည် အသင် စာရှုသူ၏ ဆန္ဒနှင့် ကိုက်ညီမှု ရှိသည်လည်း ပါ၏။ ဆန္ဒနှင့် တစ်ထပ်တည်း မကျသည်လည်း ပါကောင်း ပါနိုင်၏။ ဤစာအုပ် ရေးသားပြုစုရာတွင် "မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်နစ်နာ စေလိုသောဆန္ဒရင်းမပါရှိရိုး အမှန်ပင် ဖြစ်ပါသည်"။ အကယ်၍ မတော်တဆ တိုက်ဆိုင်မှုရှိပြီး၊ တစ်စုံတစ်ရာ ထိခိုက်နစ်နာသည်ဟု ယူဆမိပါက (မိမိကိုယ် မိမိ သာသနာပြုပုဂ္ဂိုလ် တစ်ဦးဟု ခံယူလျက်) သဘောထားကြီးစွာဖြင့် ခွင့်လွှတ်နားလည်ပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံ တောင်းပန်အပ်ပါသည်။

စာရေးသူသည် ကျေးဇူးရှင် မင်းကွန်းတိပိဋကဆရာတော်ကြီး၏-

- မလုပ်မပြော၊ လုပ်မှပြော၊ သဘောစင်လှစေ၊

  အပြောသာချဲ့၊ အလုပ်မဲ့၊ ကဲ့ရဲ့ မလွတ်ချေ ဟူသော ကဗျာလင်္ကာနှင့်

စစ်ကိုင်းရွှေဟင်္သာဆရာတော်ကြီး၏ -

- အများအကျိုး၊ ဆောင်သယ်ပိုးက၊ ခနိးခနဲ့ ဆိုကဲ့ရဲ့လည်း၊

  မရွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေ့ရှုနှင်လော့ ဟူသော ကဗျာလင်္ကာများ တစ်ခါတစ်ရံ တိကျ မှန်ကန်နေတတ်ကြောင်း သတိရနေမိပါသည်။ မည်သို့ပင်ဖြစ်စေ -

- စိတ်ရှည် ဇွဲသန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထား၍ "ဤဆီးဖြူပင်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ၊ သြဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်းများ" စာအုပ်ကို အောင်မြင်သည်အထိ ပြုစုနိုင်ခဲ့သဖြင့်၊ ယခုအသင် စာဖတ်သူ၏ လက်ဝယ်သို့ပင် ရောက်ရှိနေပြီတကား။

## ကျေးဇူးတင်လွှာ

## ကျေးဇူးဆပ်တာ မြတ်မင်္ဂလာ ပြုနိုင်ခဲ့လှတာ

မင်္ဂလာတရားတော်နှင့်အညီ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါသည်။

မြတ်ဗုဒ္ဓဘုရားရှင်သည် အရှင်သာရိပုတ္တရာကို အကြောင်းပြု ဟောကြားတော်မူရာတွင် -

"ကတညုတ၊ ကတဝေဒီ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ"။

သူတစ်ပါးပြုအပ်သော၊ ကျေးဇူးကို သိတတ်၊ သိလေ့ရှိသော ပုဂ္ဂိုလ်မျိုးသည် လောက၌ ရခဲ၏ ဟု မိန့်ကြားတော်မူခဲ့ပါသည်။

ခန္ဓာကိုယ်၏ လည်းကောင်း၊ ဂုဏ်ကျေးဇူးတို့၏လည်းကောင်း ထူးခြားမှုသည်ကား စင်စစ် ဝေးစွာသာလျှင်ကတည်း။ ခန္ဓာကိုယ်သည်ကား ပစ္စုပ္ပန်ခဏ၌ ပျက်တတ်စွာ၏။ ဂုဏ်ကျေးဇူးတို့သည်ကား ကမ္ဘာအဆုံးတိုင် တည်ကုန်၏ [၁]။

သူတစ်ပါးက မိမိအပေါ် ကျေးဇူးပြုခဲ့ကြောင်း ကျေးဇူးပြုမှန်း သိခြင်းသည် ကတညုတာမင်္ဂလာနှင့် ပြည့်စုံ၏။ မိမိက ထိုသူ၏ ကျေးဇူးကို တစ်ဖန် ပြန်လည်တုံ့ ဆပ်ခြင်းသည် ကတဝေဒီတာမင်္ဂလာနှင့် ပြည့်စုံ၏။ ထိုသို့ ကျေးဇူးသိ၍ ကျေးဇူးဆပ်ခြင်းသည် ပညာရှိ သူတော်ကောင်းတို့က ကောင်းမြတ်သောမင်္ဂလာဖြစ်သည်ဟု ခံယူထားသကဲ့သို့၊ ဤစာရေးသူကလည်း ခံယူထားပါ၏။ လောက၌ ကျေးဇူးတရား မသိတတ်သူများပြားလှသောကြောင့် "ကျေးဇူးရှိက ကျေးစွပ်သည်" ဟု ဆိုရိုးစကားပုံ ထွက်ပေါ်လာရ၏။

---

၁။ မဟာရဟာနီတိဂါထာ - ၂၅ ။

ဤစာရေးသူသည် ကျေးဇူးတရားရှိသူများကို ကျေးဇူးရှိသည့်အတိုင်း ထုတ်ဖော် ပြောကြားရေးသားရန် ဝန်မလေးပါသဖြင့် သီးသန့် သတ်မှတ် ဖော်ပြထားခြင်း ဖြစ်ပါ၏။

ဤ ပထမဆီးဖြူပင် ဆရာတော်ဘုရားကြီး၏ ကျမ်းစာအုပ်ကို စ-လယ်-ဆုံး စနစ်တကျ စိတ်ပါဝင်စားစွာ သုတ်သင်တည်းဖြတ်ပေးသော ဆရာတော် ဘဒ္ဒန္တ ပဝရ (နန်းတော်ရှေ့) ပဓာနနာယကဆရာတော်၊ ပဋ္ဌာတာရာမ တကောင်းကျောင်းတိုက်၊ မန္တလေးမြို့ အား ဦးစွာပထမ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။

အမှာစာများ ရေးသားချီးမြှင့်ပေးခဲ့ကြသော -

၁။ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဝါးတန်းဆရာတော်ကြီး၊ ဝါးတန်းကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့။

၂။ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီဘိဝံသ၊ မင်္ဂလာဗိမာန်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့။

၃။ မြို့ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန မဟာမြို့ကြီးငူ အထူးဒေသ၊ စုံနံ့သာမြိုင်ဆွေမြို့တော်၊ ကရင်ပြည်နယ်။

၄။ စည်ပင်ဂိုဏ်းအုပ်ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒာလင်္ကာရ တောင်ငူမြို့ ပဲခူးတိုင်း။

မှီငြမ်းကိုးကားခဲ့သော ကျမ်းပြုဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များ ဖြစ်ကြသည့် -

၁။ စေတီပုထိုး တည်ထားဌာပနာပုံနှင့် ရုပ်ပွားဆင်းတုတော် ဌာပနာပုံကျမ်း ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ကျေးဇူးရှင် မင်းကွန်း ဓမ္မနာဒ ဆရာတော်ဘုရားကြီး ) ဓမ္မနာဒကျောင်းတိုက်၊ မင်းကွန်း၊ စစ်ကိုင်းတိုင်း။

၂။ စေတိယပကာသနီကျမ်း၊ ဘဒ္ဒန္တ မေဓာဝီ၊ မန်ကျည်းပင်ကျောင်းတိုက်ဆရာတော်ဘုရားကြီး (မဟာ တုလ ရန်အောင် စေတီတော်မြတ်ကြီးအနီး )၊ မန်ကျည်းပင်ရွာ၊ ပေါင်းတည်မြို့ ပြည်ခရိုင်။

၃။ ပါဒစေတီယ ဝန္ဒနာ၊ ဘဒ္ဒန္တ နာရဒါဘိဝံသ၊ (ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန် အကျော်၊ ဝင်္ဂသကာ၊ ပါဠိပါရဂူ၊ သ.စ.အ ဓမ္မာစရိယ) လှရတနာကျောင်း၊ ညောင်တုန်းကျောင်းတိုက်၊ ရန်ကုန်မြို့။

ဗုဒ္ဓ၏ပါဒစက်တော်ရာပုံတော်ဖော်ထုတ်သူ ဆရာ ဦးသောင်းဆွေ၊ ဆရာဦးသက်ဦး၊ ဆရာဦးအောင်မြင့် (ပွား) သာသနာပြု မိသားစုတို့နှင့်တကွ ဝိုင်းဝန်းကူညီစောင့်ရှောက်ပံ့ပိုးပေးကြကုန်သော ဆရာတော် အရှင်သူမြတ်များ အားလုံးတို့၏ ပို့သသော မေတ္တာတော်တို့ကို ပြည့်ဝစွာ ခံယူလျက် ဂုဏ်ကျေးဇူးတော်အပေါင်းတို့ကို ရိုသေလေးမြတ်စွာ လက်ဆယ်ဖြာ ဦးထိပ်မှာတင်ကာ ရှိခိုးကန်တော့ပါ၏။ အလွန်ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်ပါသည်။

ထို့ပြင် ကျေးဇူးရှင် ပထမဆီးဖြူပင် ဆရာတော်ကြီး၏ မှတ်တမ်းဓာတ်ပုံများ၊ သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးခဲ့ကြသော ဆရာတော်ကြီးအား အနီးကပ် ပြုစုစောင့်ရှောက်လျက် ရှိကြသည့် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ၊ ဦးဇင်းများ၊ ရှင်သာမဏေများ၊ သီလရှင်-ဒေါ်ဓမ္မစာရီ၊ ယောဂီများ၊ အကျိုးတော်ဆောင်များ၊ သခင်မကြီး ဒေါ်ယဉ်ယဉ်အောင်၊ ဒေါ်မာမာဌေး(ဆု-ဆန်ရောင်းဝယ်ရေး) အားလုံးတို့ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ဤစာအုပ် စီစဉ်နေဆဲတွင် စာရေးသူအား နားလည်မှု အပြည့်အဝဖြင့် အောင်မြင်အောင် ကြည်ဖြူစွာ ကူညီပေးခဲ့ကြသည့် စာရေးသူ အစ်ကို ဦးအောင်ကြီး **B.Ag**၊ ညီ-ဦးမြင့်အောင် ( **B.E, Mech, M.O.T, 1st Class Part (B) , 2nd Engineer, R.C.L , Singapore** )၊ ညီမများဖြစ်ကြသော - ဦးဝင်းမြင့်နိုင် ( **Little**

**Paris Speaking Classes** ) +ဒေါ်အောင်မြင့်နွယ် ( **B.Sc, Chem:**) နှင့် ဒေါ်တင်စန်းအောင် (ခ) ဒေါ်အေးအေးမိုး(**B.Sc, Bot:**) တို့အားလည်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။





ဤဆီးဖြူပင် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ဩဝါဒကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်း စာအုပ်ကို စုဆောင်းရေးသား စီစဉ်ပူဇော်သူ မိမိ အနေဖြင့် မည်မျှပင် မှတ်တမ်းပြုစုနိုင်စေကာမူ ဓမ္မဒါန ကုသိုလ်ပြုမည့်သူ အလှူရှင်များ မရှိခဲ့ပါလျှင် ဤကျမ်းစာအုပ် ပေါ်ထွက်လာနိုင်မည် မဟုတ်ပါ။

ဤစာရေးသူတို့ မိသားစုအပြင် အခြား ကုသိုလ် ပြု ဓမ္မဒါန အလှူရှင်မှာ ဦးသန့်စင်ဌေး (အငယ်တန်း အင်ဂျင်နီယာ-၂၊ စက်မှုယန္တရားတပ်ခွဲ၊ တောင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်) နှင့် ဇနီး ဒေါ်သန်းသန်းဝင်း (သား) မောင်ထိန်လင်း၊ မောင်စောရန်နိုင် သာသနာပြုမိသားစုကလည်း အနန္တောအနန္တငါးပါး ဦးထိပ်ထားလျက် နစ်ဘက် သော မိဘများဖြစ်ကြသည့် ဦးကျော်စိန် (ကုန်သည်) +ဒေါ်ခင်ခင်ကြီး (ငြိမ်း၊ ကျောင်းဆရာမ) နှင့် (ဦးသိန်း မောင်)(ရုံးအုပ်စာရေးကြီး၊ မြန်မာ့သစ်လုပ်ငန်း) +(ဒေါ်မြရင်) (ကျောင်းဆရာမ) တို့ကို ဦးထိပ်ထား ရည်မှန်း၍ ကျေးဇူးဆပ် ပူဇော်သည့်အနေဖြင့် ထုတ် ဝေလှူဒါန်းခြင်း ဖြစ်ပါသည်။

## ဆီးဖြူပင်ဆရာတော်ကြီး၏ ကျမ်းစာအုပ် သတ်မှတ်ရက်ထက် ဆောလျင်စွာ ထွက်ပေါ်လာ



သာသနာတော်နှစ် ၂၅၅၀- ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၈-ခုနှစ်၊ တပို့တွဲလဆန်း(၁၀)ရက်၊ ခရစ်နှစ် ၇-၂-၂၀၀၆ ခုနှစ် အင်္ဂါနေ့ ည (၈း၃၀) နာရီအချိန်တွင် (ယခင်က တစ်ကြိမ်တစ်ခါမျှ ရေသားထုတ်ဝေခဲ့ဖူးခြင်း မရှိသည့်) ကျေးဇူးရှင် သက်တော်ရှည် သီရိမင်္ဂလာအုတ်ဖိုကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တ ဝါသဝ မဟာထေရ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်း မှတ်တမ်းကို (သက်တော်ထင်ရှားရှိဆဲ မှတ်တမ်းရယူ၍) စာအုပ်အဖြစ် မှတ်တမ်းတင် ထုတ်ဝေရန် စီစဉ်လိုပါကြောင်း မေတ္တာရပ်ခံချက်အရ-ဆရာမကြီး ဒေါ်ငွေးငွေး(ခ) ဒေါ်တင်မြငွေး (တွဲဖက်ပါမောက္ခ၊ ဝါဏိဇ္ဇဗေဒဌာန၊ စီးပွားရေး တက္ကသိုလ်၊ ရွာသာကြီး၊ အခန်းအမှတ်-၂၀၅) (သရဖီဆောင်၊ အဆောင်မှူး) နှင့်အတူ ဤစာရေးသူတို့က ထိုနေ့မှာပင် ချက်ချင်းစတင်ကာ ဆရာတော်ကြီး၏ မှတ်တမ်းများ စုဆောင်းခြင်း၊ ဓာတ်ပုံမှတ်တမ်းများ ရယူခြင်း၊ အသံသွင်းကြိုးခွေဖြင့် အသံသွင်းယူ မှတ်တမ်း တင်ခြင်း၊ စုစည်းရေးသားခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။

အဆိုပါ သာသနာ့ဝင်သမိုင်းမှတ်တမ်းကျမ်းစာအုပ် ဆောလျင်စွာ ထွက်ပေါ်လာစေရန် "ဘူမိနက်သန် အောင်မြေနေရာမှန်ဖြစ်သည့် သရဇီဆောင်" တွင် နေ့ရက်ပေါင်းများစွာ အကြိမ်ကြိမ် ပေါင်းစပ်စုစည်း ညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။ သံဃာ့ဂုဏ်တော်များကို ရည်မှန်း၍ နေ့မအား၊ ညဥ့်မနား ရေးသား ပြုစုခဲ့ကြပါသည်။ သစ္စာပြု မိဋ္ဌာန်ဝင်ခဲ့ကြပါသည်။

သာသနာတော်နှစ် ၂၅၅၀-ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၈-ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်၊ ခရစ်နှစ် ၂-၇-၂၀၀၆ ခုနှစ်၊ တနင်္ဂနွေနေ့ နေ့လည် (၃)နာရီ (၃၀)မိနစ်တွင် ဆရာတော်ကြီး၏ လက်ဝယ်သို့ (လက်ရေး စာမူကြမ်း) စာအုပ်နှင့်တကွ ဗုဒ္ဓခြေတော်ရာ ပါဒစေတီတော် (ကွန်ကရစ်) (ဝဲ၊ ယာ တစ်စုံ) နှင့် ၎င်းပလ္လင်တော် အတွက် နဝကမ္မ အလှူတော်ငွေ ငါးသောင်းကျပ်တိတိကိုပါ အများဒကာ၊ ဒကာမ စုံညီရှေ့တွင် မြန်မာလူမျိုး ဗုဒ္ဓဘာသာပီပီ သဒ္ဓါပြတ် အပ်နှံလှူဒါန်းခဲ့ကြပါသည်။ တစ်စုံတစ်ရာ အမှားအယွင်းများ ရှိခဲ့ပါက အပြစ်မှ ခွင့်လွှတ် ပါရန် ကံချေ ကန်တော့ခဲ့ကြပါသည်။

အဆိုပါ စာအုပ်ကိစ္စနှင့် ပတ်သက်၍ ဆရာမကြီးက -ကျေးရွာရှင် ဖခင်ကြီး ဦးမြထွန်းနှင့် မိခင်ကြီး ဒေါ်တင်အေး(တောင်ကြီးမြို့) တို့ အား ဦးထိပ်ထား ရည်စူးကား ဆရာမကြီး၏ ဘဝတစ်လျှောက် လောကီ လောကုတ္တရာ နှစ်ဖြာကောင်းကျိုးအတွက် ယခုထက်တိုင် လမ်းညွှန်ပြသ သွန်သင်ဆုံးမဩဝါဒ ပေးနေသော ကျေးရွာရှင် အစ်ကိုကြီး ဗိုလ်ချုပ် တင်ထွန်း (စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး) နှင့် ဇနီး ဒေါ်ခင်မြဝေ တို့အား ထိုက်ထိုက်တန်တန် ကျေးဇူးဆပ် ပူဇော်ရန် စုစည်းတင်ပြ၍ အောင်မြင်သည့်ထိ၊ ဆက်လက်တာဝန်ယူ ဆောင်ရွက်သွားပါတော့မည်ဖြစ်ကြောင်း၊ တိကျခိုင်မာ ပြတ်သားစွာ သိရှိရသည့်အချိန်မှစ၍ "ပထမဆီးဖြူပင် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်း" ကျမ်းစာအုပ်ကိုသာ ဆောလျင်စွာ ထွက်ပေါ်လာစေရေးအတွက် ဤစာရေးသူက ဦးတည်ချက် တစ်ခုတည်းဖြင့် သတ်သတ်မှတ်မှတ် လုပ်ဆောင်ရန် အခြေအနေ အချိန်အခါ အခွင့်အလမ်း ပေးလာခဲ့ပါသည်။

ကောင်းကျိုးပြု စေတနာ အရင်းခံသဒ္ဓါတရားဖြင့် စိတ်တူ . သဘောတူ. ဆန္ဒတူ. ရည်ရွယ်ချက်တူဖြင့် ကုသိုလ် ဖြစ် လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပါသည်။ ၂၈-၅-၂၀၀၆ ခုနှစ်၊ တနင်္ဂနွေနေ့ နံနက် (၈)နာရီတွင် ဆရာမကြီး ဒေါ်ငွေငွေ က ဦးရန်အောင်မှတစ်ဆင့် ဤစာရေးသူထံ အထုပ်တစ်ရာဆရာတော်ကြီး၏ စာအုပ် အောင်မြင်မှုအတွက် အသပြာ ငွေ (၅၀၀၀)ကျပ် ချီးမြှင့်ခဲ့ရာ၊ "ဆီးဖြူပင်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ စာအုပ်" တွင် ၎င်းတို့ မိသားစု အလှူတော်ငွေ အဖြစ် ထည့်ဝင်လှူဒါန်းပေးခဲ့ပါသည်။

အဆိုပါ အထုပ်တစ်ရာဆရာတော်ကြီး၏ စာအုပ်ကို အကြောင်းအရင်းခံပြု၍ အောက်ပါသာသနာပြုလုပ်ငန်း များကို ဆက်လက် အောင်မြင်ခဲ့ပါသောအကျိုးကြောင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်စွာ သာဓုခေါ် ဆိုပါကြောင်း ကမ္ပည်းမော်ကွန်းရေးထိုး မှတ်တမ်းတင်ပါသည်။

(က) ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ သဖန်းပင်ကျေးရွာ အုပ်စု၊ ဆီးဖြူပင်ကျေးရွာ၊ ဆီးဖြူပင် သာသနာ့ရိပ်သာကျောင်းတိုက်၊ ဦးစီးပဓာနနာယက၊ မဟာကမ္မဋ္ဌာနာစရိယ၊ ပထမဆီးဖြူပင်ဆရာတော်ကြီး ဘဒ္ဒန္တ သူရိယ မဟာထေရ်မြတ် သက်တော်(၉၉)နှစ်၊ မွေးနေ့အထိမ်း အမှတ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြု သမိုင်း မှတ်တမ်း စာအုပ်ကို တာဝန်ခံ စုဆောင်းရေးသား စီစဉ်ပူဇော်ထုတ်ဝေရန် အခြေ အနေ ဖန်တီးဖြစ်ပေါ်လာခဲ့ရာ၊ ယခု အောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။

(ခ) ထိုမှတစ်ဖန် မန္တလေးတိုင်း၊ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဉသျှောင်ရပ်ကွက်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ နယားကျောင်း ဦးစီးပဓာနနာယက အဘိဇဓမဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက နယားကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တ မေဓိယာဘိဝံသ သက်တော်(၉၄)နှစ်၏ "တစ်ဘဝ သာသနာမြတ်ကျမ်းစာ" စာအုပ် ကိုလည်း စုစည်းတင်ပြ စီစဉ်ပူဇော် ထုတ်ဝေရန် စီစဉ်နေဆဲ ဖြစ်ပါသည်။

(ဂ) သာသနာတော်နှစ် ၂၅၅၀-ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၈-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကျော် (၅)ရက် နေ့၊ ခရစ်နှစ် ၆-၁၀-၂၀၀၆ ခုနှစ်၊ သောကြာနေ့မှ ၁၁-၁၀-၂၀၀၆ ခုနှစ်၊ ဗုဒ္ဓဟူးနေ့အထိ စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ နဘက်မြို့ မာရ် အောင်ရတနာ ဓာတ်စကြာဝန်း (ဘေးမဲ့သားလွတ်သာသနာ့နယ် မြေ)သို့ သွားရောက်၍ ပါဒစေတီတော်၏ တန်ဆောင်းအဆောက်အဦ၊ သွပ်မိုး ဆောက်လုပ်လှူဒါန်းအောင်မြင်ခဲ့ပါသည်။

(ဃ) ဤစီစဉ်ပူဇော်သူ၏ ဓမ္မမိတ်ဆွေတစ်ဦးဖြစ်သူ ဦးစိုးမြင့်လှိုင် + ဒေါ်စိုးချိုချိုမော် သာသနာပြုမိသားစုက ၁၇-၁၀-၂၀၀၆ ခုနှစ်၊ အင်္ဂါ နေ့ည (၈း၃၀)နာရီအချိန် ညှိနှိုင်းဆွေးနွေးချက်အရ မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ မြို့သာအုတ်ကျောင်းရှိ၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တကုမာရ၏ ဘုန်းတော်ကြီးကျောင်းဝန်းအတွင်း နဂါးရုံဘုရားတစ်ဆူ အလျင်အမြန် တည်ထားကိုးကွယ်လိုသည့် ဆန္ဒရှိပါကြောင်း ဆွေးနွေးလာပါသည်။

ထို ဆွေးနွေးချက်အရ - သာသနာတော်နှစ် ၂၅၅၀-ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၈-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၂)ရက်၊ ခရစ်နှစ် ၁၈-၁၀-၂၀၀၆ ခုနှစ်၊ ဗုဒ္ဓဟူးနေ့ ညနေ (၅း၀၀)နာရီ မင်္ဂလာ ချိန်တွင် - ဉာဏ်တော်သုံးဆယ်လက်မအမြင့်ရှိ ကျောက်သလင်းဖြူ ရုပ်ပွားတော်တစ်ဆူ၊ သတ္တဋ္ဌာန တစ်စုံ၊ နဝရတ်ကိုးပါးတစ်စုံ၊ ဤစီစဉ်ပူဇော်သူ၏ ဆရာ. မိဘစဉ်ဆက် ကိုးကွယ်လာခဲ့သော နဂါးရုံဘုရား တစ်ဆူ၊ ကြေးသွန်းနဂါးရုံ ဘုရားတစ်ဆူ၊ ရှင်ဥပဂုတ္တရဟန္တာ မထေရ်မြတ် တစ်ဆူ၊ ဗုဒ္ဓ ဓာတ်တော်များ၊ ရဟန္တာဓာတ်တော်များ၊ မဇ္ဈိမဒေသ ဗုဒ္ဓ ဂယာမှ မဟာအောင်မြေများနှင့်တကွ နဝကမ္မဝတ္ထုငွေ ၅၀၀၀ ကျပ်ကို ရေစက်ချလှူဒါန်း အောင်မြင်ခဲ့ကြပါသည်။

(င) ဤစီစဉ်ပူဇော်သူသည် ၂၂-၁၁-၂၀၀၆ခုနှစ်၊ တနင်္ဂနွေနေ့ ည ၈း၀၀ နာရီအချိန်တွင် တကောင်းကျောင်းတိုက်၌ တကောင်းဆရာတော် ဘဒ္ဒန္တပဝရအား ဆီးဖြူပင်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိစာအုပ် ကိစ္စ၊ နယားဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာမြတ်ကျမ်းစာ စာအုပ်ကိစ္စများ လျှောက်ထားတင်ပြပါသည်။

ဤစီစဉ်သူကပင် မိမိတို့၏ လက်ဝယ်၌ စာအုပ်ငယ်များ ဓမ္မဒါနလှူဒါန်းရန် အလွန်နည်းနေပြီဖြစ်သဖြင့် "သက်တော်ရှည်ကုံလုံဆရာတော်"အမည်ရှိ စာအုပ်ငယ်ကို ပြန်လည် ထပ်မံပုံနှိပ်ထုတ်ဝေက သင့်တော်မည်လားဟု ဆွေးနွေးမိသည်မှ အစပြု၍၊ ဆရာတော်က "သက်တော်ရှည်ကုံလုံဆရာတော်စာအုပ်"အစား "အရဟံ ရန်အောင်ဘုန်းပွင့်စေတီတော်၊ တကောင်းအဘိရာဇာ မဟာမုနိဆုတောင်းပြည့် ကျွန်းဘုရားကြီး၏ သမိုင်းမှတ်တမ်း" စာအုပ်သစ်ကို ပုံနှိပ် ထုတ်ဝေလိုသည့်ဆန္ဒ ပြင်းပြနေကြောင်း ထုတ်ဖော်မိန့်ကြားလာပါသည်။

ထိုသို့ဖြင့်၊ သာသနာတော်နှစ် ၂၅၅၀ ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၈-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ ခရာဇ်နှစ် ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက် စနေနေ့အမီ-"အရဟံ ရန်အောင် ဘုန်းပွင့်စေတီတော် သမိုင်းမှတ်တမ်း" စာအုပ် အမှတ်မထင် မမျှော်လင့်ဘဲ စီစဉ်ထွက်ပေါ် အောင်မြင်ခဲ့ရပါသည်။

စကားချုပ်။ ။ ဘယ်သူပဲဖြစ်ဖြစ်၊ ဘယ်အာရုံပဲ ကြုံကြုံ ကုသိုလ်ဘက်ကိုယိမ်းပြီး ဆုံးဖြတ်တတ်တဲ့ အထုံရှိတဲ့ သူဟာ ကုသိုလ်ဘက်ကိုပဲ ယိမ်းပြီး ဆုံးဖြတ်သွားမှာပါ။ ဘယ်အာရုံကိုပဲ ကြုံကြုံ အ.ကုသိုလ်ဘက်ကို ယိမ်းပြီး ဆုံးဖြတ်တတ်တဲ့ အထုံရှိတဲ့သူဟာ အ.ကုသိုလ်ဘက်ကိုပဲ ယိမ်းပြီး ဆုံးဖြတ်သွားမှာပါ။ ဒါကြောင့် ကိုယ်က ကုသိုလ်ဘက်ကို ယိမ်းပြီး ဆုံးဖြတ်နိုင်ဖို့ အထုံဖြစ်အောင် ကျင့်စဉ်တစ်ခုလို သဘောထားပြီး ကျင့်ယူရပါလိမ့်မည်။

လောကတွင် လူတိုင်းသည် နေ့စဉ် အာရုံမျိုးစုံနဲ့ ကြုံနေရတာဆိုတော့ အာရုံတွေကို အခြေခံပြီး ဆုံးဖြတ်ချက်မျိုးစုံ ဆုံးဖြတ်နေရမှာပါ။ ကြုံလာတဲ့ အာရုံလေးတွေကို ကိုယ်က သတိကပ်ပြီး ဆုံးဖြတ်သွားရုံပါပဲ။ ဒီလို အကျင့်လုပ်သွားရင် ကြာတော့ အထုံ ဖြစ်သွားမှာပါ။ တချို့ ဆုံးဖြတ်ချက်တွေဟာ ဘဝအတွက် အရေးမကြီးပေမယ့် တချို့ ဆုံးဖြတ်ချက်တွေကျတော့ ဘဝတစ်ခုလုံး အတွက် တော်တော်လေး အရေးကြီးပါတယ်။ ဆုံးဖြတ်ချက် တစ်ခုမှားသွားရင် ဘဝသံသရာ တစ်လျှောက်လုံး ပါသွားတတ်တယ် ဆိုတာ သတိရဖို့ လိုပါတယ်။အရေးကြုံလို့ ကိစ္စတစ်ခု ကြုံလာရင် ထူပူနေတုန်းမှာ မဆုံးဖြတ်ဘဲ အချိန်ယူပြီးမှ ဆုံးဖြတ်ပေးတာက အကောင်းဆုံး ဆုံးဖြတ်ချက်တစ်ခု ဖြစ်ပါလိမ့်မည်။

## ဓမ္မပူဇာ ဓမ္မရတနာကို ရေးသားပြုစုရကျိုး

အခြေမူလ၊ ပိဋကတ်ကို၊ ရေးသားစေမူ၊ ပြုစုကျိုးကား -

သိကြားစကြာ၊ ပြဟ္မာမိုးဖျား၊ ဖြစ်ပြားကြိမ်ဖန်၊ ပျော်စံကြည်ရွှင်၊ ထိုပြင်တစ်ဝ၊ ယုတ်စွာအဆုံး၊ တစ်လုံး အက္ခရာ၊ ရေးသားပါမူ၊ စကြာမင်းမြတ်၊ ကြီးလတ်ချမ်းသာ၊ ကမ္ဘာရှစ်သောင်း၊ လေးထောင်ဆောင်း၍၊ ကိန်း အောင်းစံနေ၊ ဖြစ်ရပေ၏။ ပဒေသရာဇ်၊ ဧကရာဇ်နှင့်၊ ရလစ်မမှား၊ ပုဏ္ဏားပညာရှိ၊ ကြီးဘိသူကြွယ်၊ မိုးဝယ်အာကာ၊ ခြောက်ဖြာနတ်ပြည်၊ စဉ်တိုင်းမီ၍၊ ကိုးလီသချေ၊ စံလေပြီးမှ၊ စုတေကျသော်၊ ဘဝလူလာ၊ ဖြစ်ရပါလည်း၊ ငါးဖြာသီလ၊ ပြည့်စုံလှ၍၊ လေးဝအပါယ်၊ ကျဖွယ်ကင်းပ၊ ဗုဒ္ဓအလောင်း၊ ဖြစ်ရကြောင်းကို၊ ကျဉ်းမြောင်းမကျယ်၊ ပညာကြွယ်သား၊ ဂုဏ်ဝယ်ကြီးဘိ၊ သာရိပုတ္တရာကို၊ ဟောမိန့်ဆိုသည်၊ ဗမျှားဗိုလ်လူတို့၊ မှတ်ဖွယ်တည်း [၁]။

(အကျယ်တဝ၊ များလှကျိုးပေး၊ ရှိတုံသေး၏။ )

## နိဂုံး

## ဆရာတော်ကြီး၏ သီလရနံ့ သင်းပျံ့ပျံ့မွှေး

မြတ်စွာဘုရားရှင်၏ သားတော်များဖြစ်ကြသော ရဟန်း၊ သံဃာတော်တို့သည် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးပါးတို့ကို အသက်တမျှ စောင့်ရှောက်ထိန်းသိမ်းကြရကုန်၏။ ထိုသို့ စောင့်ရှောက်ထိန်းသိမ်းသော သူတို့၏ သီလရနံ့တော်သည်ကား နတ်ပြည်ခြောက်ထပ်မက အထက်ဘဝဂ်တိုင်အောင် ရနံ့ သင်းပျံ့ မွှေးကြိုင်လှ ပါသည်။ သီလရနံ့နှင့်တူသော၊ သီလရနံ့ထက် သာလွန်မွှေးပျံ့သော ရနံ့မည်သည် လောကတွင် မရှိတော့ပြီ။

## "သီလ ဂန္ဓတော အညော ဥတ္တရိစာရတ္တော ဂန္ဓော နာမနတ္ထိ"

ထို့အတူ၊ သူတော်စင် ကျေးဇူးတော်ရှင် ပထမ ဆီးဖြူပင် ဆရာတော်ကြီးသည်လည်း သီလ . သမာဓိ. ပညာ သိက္ခာသုံးပါးတို့ကို အသက်တမျှ စောင့်ရှောက် ထိန်းသိမ်းလာခဲ့သည်ဖြစ်၍ ဆရာတော်ကြီး၏ သီလဂုဏ်သတင်း၊ ထုံသင်းပျံ့ကြိုင်နေမှုကြောင့် ပြဟ္မာ၊ သိကြား၊ နတ်အများတို့ ဆရာတော်ကြီးထံပါး ခစားပ်တွား၍၊ အမှန်တကယ် တရားနာ ကြွရောက်လာခြင်းရှိ-မရှိကို ကာယကံရှင်မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ မသိရှိနိုင်ပါပေ။

---

၁။ သဗ္ဗဂုဏ်လ ဓမ္မဒေသနာ၊ နာ-၅၃၄၊ ၅၃၅။

❀ သီလဂန္ဓ သမော ဂန္ဓော၊. ကုတောနာမ ဘဝိ ဿတိ။
ယော သမံ အနုဝါတေစ၊ ပဋိဝါတေ စ ဝါယတိ ၁ ။

❀ နပုပ္ဖဂန္ဓော ပဋိဝါတမေတိ၊ န စန္ဒနံတဂ္ဂရ မလ္လိကာဝါ။
သတဉ္စဂန္ဓော ပဋိဝါတမေတိ၊ သဗ္ဗာဒိသာ သပ္ပုရိသော ပဝါယတိ ၂ ။

အကြင်မွှေးရနံ့သည် လေကြော့ လေအောက်၌လည်းကောင်း၊ လေညာ. လေထက်၌လည်းကောင်း အတူအမျှ တကြိုင်ကြိုင် လှိုင်၏။ သီလနံ့သာနှင့်တူသော (သီလရနံ့နှင့်တူသော ) အညာ. အကြေ ရနံ့လှိုင်ဝေနိုင်သော သဘောရှိသော နံ့သာမျိုးသည် အဘယ်ကြောင့် ရှိသည် ဖြစ်လတ္တံ့နည်း။

လောက၌ အလွန် မွှေးကြိုင်လှသော စန္ဒကူး၊ တောင်ဇလပ်၊ မုလေး(မြတ်လေး) ပန်းတို့၏ ရနံ့သည် လေအကြေသို့သာ မွှေးကြိုင်နိုင်သည်။ လေညာသို့ လွှင့်တက်၍ မမွှေးကြိုင်နိုင်ပေ။ မသင်းပျံ့နိုင်ပေ။ ယခု ဆီးဖြူပင်ဆရာတော်ကြီး ဘဒ္ဒန္တ သူရိယ၏ မွှေးရနံ့သည်ကား သီလ. သမာဓိ . ပညာ တည်းဟူသော မွှေးရနံ့ဖြစ်၍ လေညာ အရပ်သို့လည်းကောင်း၊ အလုံးစုံသော အရပ်မျက်နှာ အသီးသီးတို့သို့ လည်းကောင်း သင်းပျံ့မွှေးကြိုင်လှိုင်နေကာ လူမျိုးစုံအသီးသီး၊ လူတန်းစားအလွှာအသီးသီးတို့ လာရောက်ဦးခိုက် ဖူးမြော်နေကြခြင်း ဖြစ်ပေသည်။

## သူတော်စင် သူတော်ကောင်း သူမြတ်လောင်းတို့သည်သာ ကျင့်နိုင်ရာ၏

ဤစာရေးသူသည် ဆီးဖြူပင်ဆရာတော်ကြီး၏ အနီးနေ တပည့်သံဃာများ၊ ဒါယကာ၊ ဒါယိကာမများ၊ ဥပါသကာ၊ ဥပါသိကာမများ ထံမှ ဆရာတော်ကြီးအကြောင်းကို ချဉ်းကပ် လေ့လာ စုံစမ်းသိရှိခွင့် ရရှိခဲ့ခြင်း ဖြစ်ပါသည်။ စုံစမ်းသိရှိရသမျှ လွန်စွာဆန်းကြယ်လှပေသည်။ အံ့ဩလောက်ပေသည်။ သဘာဝ ယုတ္တိတရားနှင့် ယှဉ်သော် ဖြစ်နိုင်ဖွယ်ရာ မရှိပါပေ။ သို့သော် "ပြောမယုံ ကြုံဖူးမှ သိမည်" ဆိုသည့် စကားအတိုင်း၊ မျက်မြင်ဖြစ်မှသာ အောချကြရပေတော့သည်။ တစ်ဦးထံက ကြားသိရသော အကြောင်းအရာနှင့် အခြားသူတစ်ဦးထံက ကြားသိရသော အကြောင်းအရာ၊ အချက်အလက်များ၊ တူညီခြင်းမရှိဘဲ တစ်မျိုးတစ်ဖုံစီ ကွဲပြားခြားနားနေကြောင်း လေ့လာတွေ့ရှိရပေသည်။

စာရေးသူသည် မိမိ၏ ကိုယ်တွေ့အကြောင်းအရာများကို မှတ်တမ်းတင်ရာတွင် စာအရေးအသား အဖွဲ့အနွဲ့ ပြေပြစ်ချောမောခြင်းထက် အကြောင်းအရာ အချက်အလက် တိကျမှန်ကန်မှုကို အဓိကထား ရေးသားအပ်ပါသည်။ ယခု တင်ပြခဲ့သော အကြောင်းအရာများကို စာဖတ်သူများအနေဖြင့် ပြီးပြည့်စုံပြီဟု မယူဆစေလိုပါ။ လိုအပ်နေဦးမည်သာ ဖြစ်ပါသည်။

ဤစာကို ရေးသားခြင်းသည် မိမိကိုယ်မိမိ ထင်ပေါ်ကျော်ကြားလိုမှုအတွက် ရေးသားခြင်းလည်း မဟုတ်ပါ။ စေတနာ . သဒ္ဓါ ထက်သန်စွာဖြင့် မိမိကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ရေးသားထားခြင်းသာ ဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာသာသနာ၏ သာသနာတော်သုံးရပ် အစွန့်ရှည်တည်တံ့ရန် "အုတ်တစ်ချပ် သဲတစ်ပွင့်" အနေဖြင့် အမှန်တကယ်ပါဝင်ဆောင်ရွက်ခွင့် ရသည်ဟူသော ပညာအသိ၊ တရားသတိ လက်ကိုင်ထားကာ ဆရာတော်ကြီး၏ လုပ်ဆောင်ချက်အချို့ကို ရှာဖွေပေါင်းစုလျက် ဤ "ဆီးဖြူပင်ဆရာတော်ကြီး ဘဒ္ဒန္တသူရိယ၏ ထေရုပ္ပတ္တိ။ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်း" တစ်နည်းဆိုရသော် "ဆီဖြူပင်ဆရာတော်ကြီး၏ သာသနာဝင်" မှတ်တမ်းကို စုစည်းတင်ပြ ရေးသားပူဇော်ခြင်းသာ ဖြစ်ပါသည်။

---

၁။ဓိသုဒ္ဓိ၊ ၁ ၊ ၁၀ ။၂။သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ ဖြဟ္မဇာလသုတ်။

ဆရာတော်ကြီးကို လောကီအမြင်အားဖြင့် သိဒ္ဓိမြောက်ပုဂ္ဂိုလ်တစ်ပါးဖြစ်သည်ဟု ထင်မြင်ယူဆနေကြပေသည်။ ဆရာတော်ကြီးသည် ဗုဒ္ဓသာသနာတော်နှင့် စပ်သမျှ အလျဉ်းသင့်သလို အားပေးလှူဒါန်းခဲ့သော သာသနာပြု ပုဂ္ဂိုလ်ထူးတစ်ပါးဖြစ်သည်ဟုလည်း ပြောဆိုနေကြပေသည်။ သံဃာတော်တစ်ပါး ဖြစ်သည့်အားလျော်စွာ သာသနာတော်သုံးရပ်ကို တာဝန်ကျေပွန်စွာ ထမ်းဆောင်နေခြင်းသာ ဖြစ်သည်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အင်္ဂုတ္တိုရ်ပါဠိတော်၊ သင်္ဂါရဝသုတ်တော်လာအရ "ရဟန်းဟူသည် မိမိကိုယ်ကျိုး တစ်ခုတည်းအတွက်သာ ကျင့်ကြံရသည်မဟုတ်ပေ၊ အများကောင်းကျိုးအတွက်လည်း ကျင့်တော်မူရခြင်း ဖြစ်ပေသည်" ဟု ဆိုသော မိန့်ခွန်းတော်နှင့်အညီ ဆရာတော်ကြီးက ကျင့်ကြံနေထိုင်တော်မူခြင်းသာ ဖြစ်ပေသည်။ ထိုသို့ ကိုယ်ကျိုးမဖက် - အများအကျိုးတွက် - သာသနာတော်အကျိုးကို ဆောင်ရွက်တော်မူကြရင်း ကိုယ်စီ ကိုယ်င တစ်ဘဝသာသနာကို ဆောင်ရွက်ခဲ့ကြသော ရဟန်းပုဂ္ဂိုလ်များ၊ လူပုဂ္ဂိုလ်များ မရေတွက်နိုင်လောက်အောင်ပင် ရှိခဲ့ဖူးလေပြီ။ အချို့လည်း ယခုလောလောဆယ် ဆောင်ရွက်နေကြဆဲပင်။ ထိုသို့ ဆောင်ရွက်မည့် မျိုးဆက်သစ်အချို့လည်း ဆက်လက်ပေါ်ထွန်းလျက်ပင် ရှိနေသည်။ သို့သော် အလွန်နည်းပါးလှချေ၏။

ယနေ့ခေတ်ကာလတွင် ကမ္ဘာနှင့်အဝှမ်း နေ့စဉ်နှင့်အမျှ ရုပ်ဝတ္ထုပစ္စည်း အသစ်အဆန်းများ အံ့မခန်း ထွက်ပေါ်လျက် ရှိနေသည်။ ထိုရုပ်ဝတ္ထုပစ္စည်းများနောက်သို့ ခေတ်လူတို့လိုက်၍ မဆုံးတော့ပြီ။ လိုက်လေ - မောလေ - အလိုဆန္ဒ မပြည့်ဝလေသာ ဖြစ်နေကြရပေသည်၊ သတိပြုမိသင့်ကြပေပြီ။ ခေတ်လူဆိုသည်မှာ - လူသားထဲက လူတစ်ယောက်ပင် ဖြစ်၍ ရုပ်ဝတ္ထုပစ္စည်းနောက် လိုက်ရင်း. လိုက်ရင်း ဘဝတစ်သက်တာ ကုန်ဆုံးခဲ့ကြရသည်။ လူ့ဘဝရခိုက်၊ အကျိုးရှိအောင် ဆောင်ရွက်နိုင်သူကား လက်ချိုးရေတွက်၍ပင် ရနိုင်လောက်၏။ လူ့ဘဝ အနှစ်သာရကို အကျိုးရှိအောင် အသုံးမချသူများက ဒုနှင့် ဒေး အများအပြားပင် ဖြစ်သည်။ လူသားထဲက လူဖြစ်၍၊ လောဘဆန္ဒ ရှိသင့်သလောက် ရှိသည်ကို အပြစ်မဆိုသာပေ။

သို့သော်၊ ထို့ထက်ပို၍ မတော်လောဘ မထားသင့်သည်ကတော့ အမှန်ပင် ဖြစ်၏။ "လူ့အလို နတ်မလိုက်နိုင်" ဟူသော ဆိုရိုးစကားသည် လောဘ အတော မသတ်နိုင်သူများအတွက် ပေါ်ထွက်လာရသော ဆိုရိုး တစ်ခု ဖြစ်လေသည်။

ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုထက် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုက သာလွန်အရေးကြီးပေသည်၊ လူတို့ သတိမေ့လျော့နေကြ၍ ဂရုမပြုမိကြခြင်း ဖြစ်ပေသည်။ စိတ်ချမ်းသာ . ကိုယ်ကျန်းမာစေရန် စိတ်ထောင်း ကိုယ်ကြေ မဖြစ်စေရန် ရုပ်လှဖို့ထက် စိတ်လှဖို့က အရေးကြီးပေသည်၊ စိတ်ဆင်ရိုင်းကို - ပညာချွန်းဖြင့် အုပ်ထားနိုင်မှသာ တော်ကာကျမည်၊ ဗုဒ္ဓဟောကြား လမ်းညွှန်ပြခဲ့သော တရားတော်များကို လိုက်နာ . ကျင့်ကြံ . ပွားများခြင်းသည် စိတ်ချမ်းသာ. ကိုယ်ကျန်းမာရုံမျှမက နိဗ္ဗာန်တိုင်အောင်ပင် အကျိုးထူးကို ရရှိနိုင်စွမ်း ရှိပါပေသည်။ အတ္တဆန်လွန်းသော လောကကြီးတွင် အတ္တအကျိုးကို ဘေးဖယ်ထား၍ ပရအကျိုးကို ဆောင်ရွက်လိုသည့် စိတ်ထားရှိနိုင်ကြသော ပုဂ္ဂိုလ်တို့သည် ပါရမီဘုန်းကံထူးချွန်မွန်မြတ်သည့် သူတော်စင်၊ သူတော်ကောင်း၊ သူမြတ်လောင်းတို့သည်သာလျှင် ပြုကျင့်နိုင်သော ခက်ခဲသည့် အကျင့်မြတ်ပိုင်ရှင်များ ဖြစ်ကြသည်၊

သူတော်ကောင်းတို့၏ အကြောင်းအရာ ဂုဏ်ကျေးဇူးတို့ကို တစ်ကြိမ် တစ်ခါ ကြားနာရ၍ တစ်ခါ ပီတိ သောမနဿ ဖြစ်လျှင် "လူမင်းအဖြစ် ခုနစ်ကြိမ်၊ နတ်မင်းအဖြစ် ခုနစ်ကြိမ်တိုင်" ဒုအကျိုးတရား ရရှိခံစားရကြောင်းကို အရဏဝတီသုတ်တွင် ဟောကြားတော်မူထားပါသည်။

ယခု ပထမဆီးဖြူပင် ဆရာတော်ကြီး၏ သာသနာဝင်မှတ်တမ်းကို ဖတ်ရှုလေ့လာခြင်းဖြင့် အကြားအမြင် ဗဟုသုတများစေနိုင်သည့် = သုတမယဉာဏ်၊ နှုတ်တက်အာဂုံဆောင်နိုင်သည့်=ဓာရဏဉာဏ်၊ မှန်ကန်စွာ စဉ်းစား

ဆင်ခြင် တွေးခေါ်ယူဆနိုင်သည့် = စိန္တာမယဉာဏ် အသီးသီး ရရှိကြပြီးလျှင်၊ တစ်ဆင့်ပြီးတစ်ဆင့် အနိစ္စ = အမြဲမရှိ။ ဒုက္ခ = ဆင်းရဲ၏။ နောက်ဆုံးတွင်၊ အနတ္တ = မိမိကိုယ်ကိုမိမိ အစိုးမရနိုင်ပါတကား ဟူသော ဝိပဿနာ ဘာဝနာရောက်အောင် ဘာဝနာမယဉာဏ်သို့ တက်လှမ်းနိုင်ကြပြီး၊ အေးငြိမ်းသာယာသော မဟာသန္တိသုခ = နိဗ္ဗာန် ချမ်းသာမြတ်ကို ရရှိခံစား . စံစားနိုင်ကြပါစေဟု တောင်းဆုခြွေကာ၊ မေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတော့ သတည်း။

## ဆုတောင်း

## သဒ္ဓါတရားနှင့် ယှဉ်သော အာသီသဆန္ဒ

ဤစာရေးသူကိုယ်တိုင်ကလည်း ဆီးဖြူပင်ဆရာတော်ဘုရားကြီး၏ တစ်ဘဝတာ သာသနာဝင် ကျမ်းစာအုပ် ရေးသားရခြင်းဖြင့် -

(က) စဉ်းစားခြင်း၊ စိတ်ကူးခြင်း၊ တွေးတောခြင်း၊ ကြံစည်ခြင်း၊ ယူဆခြင်း ဟု ဆိုအပ်သော "ဓမ္မာနုပဿနာ တရားသဘော"ကို ဆင်ခြင်မိစေခြင်း။

(ခ) မကောင်းသော အာရုံကြောင့် စိတ်ကို ပျံ့လွင့်စေမှုဟု ဆိုအပ်သော "အကုသိုလ် အစုစုမှ လျော့နည်း ပပျောက်စေခြင်း" စိတ်ကို ပိတ်ဖုံးထားသော "နီဝရဏ တရား" များမှ ရှင်းလင်းသွားခြင်း၊

(ဂ) မိမိစိတ်စွမ်းအား ရှိသလောက် နှစ်သက်၊ ဝမ်းမြောက်၊ ကြည်နူးပီတိဖြစ်ရခြင်း၊ ကာမအနှောင်အဖွဲ့မှ လွတ်မြောက်ကြောင်းကို မှီ၍ ဖြစ်ပေါ်လာသော ပီတိ သောမနဿကြောင့် "ကိုယ်ရော စိတ်ပါ ပေါ့ပါး လန်းဆန်း တက်ကြွ" နေခြင်း။

(ဃ) စိတ်ရွှင်လန်းချမ်းသာနေခြင်းကြောင့် "သုခဝေဒနာ" ဖြင့် ပြည့်စုံရခြင်းနှင့်

(င) စူးစိုက်တည်ငြိမ်သောကြောင့် "သမာဓိတရား" ရရှိစေခြင်း အကျိုးတို့ကို ဖြစ်ပေါ်စေပါသည်။

ထို့အပြင် "ဇိနလင်္ကာရ ဋီကာကျမ်း" အဆိုအရ -

(စ) ကောင်းသော စိတ်နှလုံးဖြင့် တရားသဘောကို စဉ်ဆက်မပြတ် ကြံစည်အားထုတ်နေခြင်းသည် နိဗ္ဗာန်ကို အမြန်ရောက်ကြောင်းတရား၌ သက်ဝင်ယုံကြည်သော "သဒ္ဓါတရား" တိုးပွားစေခြင်း နှင့်

(ဆ) နိဗ္ဗာန်သို့ အမြန်ရောက်ကြောင်း "အကျင့်သီလ၊ အကြားအမြင် ဗဟုသုတ၊ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း - စာဂ၊ ဝိပဿနာ မဂ်ပညာနှင့် ဝိပဿနာ ဖိုလ်ပညာတရားတို့ကိုလည်း တိုးပွားစေ၏။"

ဤစာကို ရေးသားစဉ်တွင် မြတ်စွာဘုရား အကြိမ်ပေါင်း တစ်သောင်းခြောက်ထောင့်လေးရာ နှစ်ဆယ့်ငါး (၁၆၄၂၅) ကြိမ် ဟောကြားတော်မူခဲ့သော - "မမေ့မလျော့ သတိနှင့် ယှဉ်သောစိတ်ဖြင့်" (မှန်ကန်သောအမြင်ဖြင့်) ဆင်ခြင်သုံးသပ် ရေးသားအပ်ပါသည်။

(က) ထိုသို့ ဆင်ခြင်သုံးသပ် ရေးသားခြင်းဖြင့် ဝိပဿနာဉာဏ်အဆင့်ဆင့် လွယ်ကူစွာပင် မြင့်တက်လာ ပါစေ။

(ခ) တဏှာစိတ်၊ ဒိဋ္ဌိစိတ်တို့ဖြင့် မစွဲ. မယူမိစေဘဲ ကိလေသာအာသဝေါ တို့မှ အလျင်အမြန် ကွာလျောကျ လွတ်မြောက်နိုင်ပါစေ။

(ဂ) အကယ်၍ ကိလေသာ အာသဝေါတို့မှ မလွတ်မြောက်နိုင်ပါသေးလျှင် အောက်ထစ်ဆုံးအားဖြင့် "ဖြစ်သမျှ တရားအားလုံး ပျက်ဆုံးသည်" ဟု သိသော ကိလေသာမြူ အညစ်အကြေး ကင်းစင်သည့် "သောတာပတ္တိမဂ်ဉာဏ်" တရားမျက်စိ ဖြစ်ပေါ်နိုင်ပါစေ။

ဥပမာအားဖြင့် လျှောက်ထားပါရစေ -


အရှင်နာဂသိန်မထေရ်သည် ဆွမ်းဒါယိကာမကြီးအား ဆွမ်းအနုမောဒနာပြု၍ ကိုယ်ဟောသည့် တရားစဉ်ကို ဆင်ခြင်လျက် ဝိပဿနာဉာဏ်ကို ဖြစ်စေပြီး၊ ထိုနေရာ၌ပင်လျှင် "ဖြစ်သမျှ - ပျက်ရသည်" ဟု သိသော ကိလေသာမြူအညစ်အကြေး ကင်းစင်သည့် သောတာပတ္တိမဂ်ဉာဏ် တရားမျက်စိဖြစ်ပေါ်သကဲ့သို့ ၊ ဤစာရေးသူသည်လည်း မိမိ ရေးသားသီကုံးအပ်သော "ဆီးဖြူပင်ဆရာတော်ဘုရားကြီး၏ တစ်ဘဝတာ သာသနာဝင် ဤကျမ်းစာ" ကို ဆင်ခြင်စဉ်းစား အကြိမ်ကြိမ်ဝိပဿနာ ဘာဝနာပွား၍ "အမှန်တကယ်ပင် ဖြစ်သမျှ - ပျက်ရသည်" ဟု သိနိုင်သော ကိလေသာမြူ အညစ်အကြေးကင်းစင်သည့် တရားမျက်စိ ဖြစ်ပေါ်နိုင် ပါစေဟု ဆိုလိုရင်း ဖြစ်ပါသည်။

ဤကား စာရေးသူ၏ အာသီသ ဆန္ဒပင် ဖြစ်ပေတော့သတည်း။

တာဝန်ခံ စုဆောင်းရေးသား စီစဉ်ပူဇော်သူ -

ဦးအောင်မြင့်ထွန်း(စိုက်ပျိုးရေးပညာဘွဲ့)
အုပ်ချုပ်မှုဒါရိုက်တာ
**Green Group Co., Ltd.**
ရန်ကုန်မြို့ မြန်မာပြည်။

သာသနာနှစ် - ၂၅၅၀ -ပြည့်နှစ်
မြန်မာသက္ကရာဇ် - ၁၃၆၈ - ခု၊ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာနေ့)
ခရစ်နှစ် - ၆ - ၁၀ - ၂၀၀၆၊ သောကြာနေ့ မွန်းတည့် ၁၂း၀၀ နာရီတိတိ။



ကစင်ကျောင်းတိုက်တွင်
ဗုဒ္ဓခြေတော်ရာ တည်ဆောက်ဆဲ



ကစင်သာသနာ့နယ်မြေ

## မှီငြမ်းကိုးကားသော စာအုပ်စာတမ်းများ

- ပုပ္ပားတောင်ကသောပ် ဝိဇ္ဇာဓိုရ် အောင်မင်းခေါင်၏ ထွက်ရပ်ပေါက် ရာဇဝင်
ဦးပေါ်ဦး ၊ မိဘမေတ္တာ ပုံနှိပ်တိုက်၊ အမှတ်(၁၇)၊ ဗဟန်း(၃)လမ်း၊ ရန်ကုန်မြို့။
ခရစ်နှစ် ၁၉၅၂ - ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀။

- ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်သမိုင်း
ဦးဘကြွား ၊ စာပေလောက ပုံနှိပ်တိုက်၊ အမှတ်(၁၇၃)၊ ၃၃-လမ်း၊ ရန်ကုန်မြို့။
ခရစ်နှစ် ၁၉၆၉ - ခုနှစ်၊ ဧပြီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ - ၂၅၀၀။

- မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း
မြန်မာစာအဖွဲ့ဦးစီးဌာန ၊ ပညာရေးဝန်ကြီးဌာန၊ ဥက္ကာကျော်ပုံနှိပ်တိုက်၊ အမှတ် - ၅၆ (က )၊ အင်းလျားလမ်း၊ ရန်ကုန်မြို့။
ခရစ်နှစ် ၁၉၉၉ - ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။

- နှစ်တစ်ရာပြက္ခဒိန်
ဦးမင်းနိုင်၊ စိန်သန်းအောင် ပုံနှိပ်တိုက်၊ အမှတ်(၈၆)၊ မြောင်းကြီးလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်။
ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။

- အဂ္ဂါဘိဓေ နှင့် ရွှေတော့မဂ္ဂဇင်း၊ ဗဟန်းပါဠိတက္ကသိုလ် သောင်တုန်းကျောင်းတိုက်၊ ရန်ကုန်မြို့၊
သိန်းသန်းဦး ပုံနှိပ်တိုက်၊ အမှတ် ( ၁၁၉ - ၁၂၁ )၊ ၃၄ - လမ်း၊ ရန်ကုန်မြို့။
ခရစ်နှစ် ၂၀၀၅ - ခု၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။

- ဘုရားရှိခိုးကြပါစို့
ဦးမျိုးညွန့် (သသန) ရွှေခြသေ့ အော့ဖ်ဆက်၊ အမှတ် ( ၁၂ )၊ သရဖီလမ်း၊ စောရန်ပိုင်အရှေ့ရပ်၊ အလုံ၊ ရန်ကုန်မြို့။

- စားတတ်လျှင် မေတ္တာ၊ မစားတတ်လျှင် ဝေဒနာ ( သို့မဟုတ် ) တဏှာ
ဦးအောင်မြင့်ထွန်း ( B.Ag ) သပြေညို အော့ဖ်ဆက်၊ အမှတ်(၁၃၇/၂) ၊ သံသုမာလမ်း၊ သုဝဏ္ဏမြို့သစ်၊ ရန်ကုန်မြို့။
ခရစ်နှစ် ၁၉၉၉ - ခုနှစ်၊ ဧပြီလ၊ တတိယအကြိမ်၊ အုပ်ရေ - ၁၀၀၀။

- ဘာဝနာနယ ဒီပကကျမ်း
ဘဒ္ဒန္တဝိမလာစာရမဟာထေရ်၊ (နိုင်ငံတော်ကမ္မဋ္ဌာနာစရိယ၊ ပဓာနနာယက မဟာဓမ္မကထိက မဟာဂန္ထာရုံ ဝိပဿနာ ကမ္မဋ္ဌာန်းတိုက် စစ်ကိုင်းတောင်ရိုး )၊ စာပေပေါင်းကူးပုံနှိပ်တိုက်၊ အမှတ်(၉၀ - အေ,ဘီ)၊ ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပ၊ ရန်ကုန်။
ခရစ်နှစ် ၁၉၉၀ - ပြည့်နှစ်၊ ဧပြီလ၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။

- မယဒေ‌ဝေ လောကာသစ် ခက်ဆစ်အဖြေ ( ပထမတွဲ )
အရှင်ဇဝန ( မြစေတီ )၊ သုဓမ္မဝတီ စာပုံနှိပ်တိုက်၊ အမှတ် ( ၅၃ )၊ ဗိုလ်ရွှေလမ်း၊ ရန်ကုန်မြို့။
ခရစ်နှစ် ၁၉၉၁ - ခုနှစ်၊ ဒီဇင်ဘာလ ၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။

- မဟာဗုဒ္ဓဝင်နှင့် သာသနာဝင် သမိုင်းအကျဉ်းချုပ်
ဦးသန်းစိန် ( သီရိပျံချီ )၊ စိန်ကြည် ပုံနှိပ်တိုက်၊ အမှတ် (၃၆၁)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။
ခရစ်နှစ် ၁၉၈၁ - ခု၊ မတ်လ၊ ဒုတိယအကြိမ် ၊ အုပ်ရေ - ၅၀၀၀။

- သိမ်ဖြေပ်မြို့၊ ဆံတော်ရှင် မဏိမေခလာ ထူပဝင် မြသိန်းတန် စေတီတော်သမိုင်း
ညောင်ခါးရှည် မိုင်းဝေနှင့် ပိုင်စိုးဦး၊ တိုး ပုံနှိပ်တိုက်၊ အမှတ်(၂၅၃)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တစ်ထောင်၊ ရန်ကုန်မြို့။
ခရစ်နှစ် ၁၉၉၃ - ခု၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။

- ငွေကပင် ဆံတော်ရှင် စေတီတော်သမိုင်း
ဘဒ္ဒန္တစန္ဒန ( ဘားအံ )၊ ဆန်းသဇင် ပုံနှိပ်တိုက်၊ အမှတ် ( ၁၉၈ )၊ ၃၉ - လမ်း၊ ရန်ကုန်မြို့။
ခရစ်နှစ် ၁၉၉၅ - ခုနှစ်၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ - ၂၀၀၀။

- ဆံတော်ရှင် သမိုင်းအကျဉ်းချုပ်နှင့် ကေလာသစေတီတော်ကြီး၏ ထီးတော် ၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များ ဆက်ကပ်လှူဒါန်းသည့် အထူးပွဲတော်၊
  ဦးသိန်းလွင်၊ လုပ်အားပုံနှိပ်တိုက်၊ အမှတ်(၅)၊ လမ်း-၁၀၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့
  ခရစ်နှစ် ၁၉၈၄ - ခုနှစ်၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ - ၅၀၀၀။
- မော်ဘင်ဆံတော် စေတီတော်မြတ်ကြီးသမိုင်း
- မြိုင်ကြီးငူဆရာတော်၏ ဘဝအချိုးအကွေ့များ ယှဉ်နှဲစလင်းအမြွတေ ( ပထမတွဲ )
  မြိုင်နန်းဆွေ၊ ဦးဂျမားလူဒင်၊ အမှတ်(၆၃)၊ အင်းဝလမ်း၊ ကျောက်မြောင်းကြီးရပ်၊ တာမွေ၊ ရန်ကုန်မြို့
  ခရစ်နှစ် ၁၉၉၆ - ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။
- မြိုင်ကြီးငူဆရာတော်၏ ဘဝအချိုးအကွေ့များ ယှဉ်နှဲစလင်းအမြွတေ ( ဒုတိယတွဲ )
  မြိုင်နန်းဆွေ၊ ဦးသန်းရွှေ၊ အမှတ်(၆၃)၊ အင်းဝလမ်း၊ ကျောက်မြောင်းကြီးရပ်၊ တာမွေ၊ ရန်ကုန်မြို့
  ခရစ်နှစ် ၁၉၉၇ - ခု၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။
- ဒေးဆူခတ်ပျော် ရွှေဆံတော် စေတီတော် အဂ္ဂပဒေသ အောင်မြေတော်
  အောင်ရဲတံခွန် (သိရိခေတ္တရာ)၊ ဦးမြင့်ဦး၊ အမှတ်(၁၉၉)၊ ၅၁-လမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့
  ခရစ်နှစ် ၂၀၀၄ - ခုနှစ်၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ - ၅၀၀၀။
- စေတီယပကာသနီကျမ်း
  ဘဒ္ဒန္တမေဓာဝီ (မန်ကျည်းပင်ကျောင်းတိုက်၊ ဆရာတော်ဘုရားကြီး)၊ မန်ကျည်းပင်ရွာ၊ ပေါင်းတည်၊ ပြည်ခရိုင်၊
  သိန်းထွန်း အော့ဖ်ဆက်၊ အမှတ် - ၅၀ - ၅၂၊ ဒဂုံသိရိလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့
  ခရစ်နှစ် ၂၀၀၄ - ခုနှစ်၊ ဖေဖော်ဝါရီလ၊ တတိယအကြိမ်၊ အုပ်ရေ - ၁၀၀၀။
- ဒေးဆူခတ်ပုံ ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်း ၁၉၉၁-ခုနှစ်
- အနှင်နေကာဘိဝံသ၏ တစ်ဘဝသာသနာ
  အရှင်ယောသိတ၊ နယူးဘားမားအော့ဖ်ဆက်၊ ပိဋကတ်ပုံနှိပ်တိုက်၊ မဟာဂန္ဓာရုံဇရပ်ဝင်း၊ အမရပူရမြို့
  ခရစ်နှစ် ၂၀၀၀ - ပြည့်နှစ်၊ တတိယအကြိမ်၊ အုပ်ရေ - ၂၀၀၀။
- သပြေကန်ဘားပေါင်းချုပ် အမှတ်(၂)
  အရှင်ဝါသေဋ္ဌာဘိဝံသ (ကျမ်းပြုအကျော် ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရားကြီး ရွှေကျင်ဥပဥက္ကဋ္ဌ၊ အဘိဇမဟာရဂုရု)
  အမှတ်(၁၅)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့
  ခရစ်နှစ် - ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။
- ပါဒစေတီယ ဝန္ဒနာ
  ဘဒ္ဒန္တ နာရဒါဘိဝံသ (လုရတနာ)၊ သိန်းသိန်းဦး ပုံနှိပ်တိုက်၊ အမှတ်(၁၂၁)၊ ၃၄ - လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
  ခရစ်နှစ် ၂၀၀၄ - ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။
- ဗုဒ္ဓမြတ်စွာဘုရား၏ ၁၀၈ ကွက် ဗုဒ္ဓစက် ပါဠိ - မြန်မာ အဓိပ္ပါယ်နှင့် မြန်မာအသံထွက် ပုတီးစိပ်ကျင့်စဉ်
  ဦးအောင်မြင့်၊ သုဝဏ္ဏ ပုံနှိပ်တိုက်၊ အမှတ် ( ၆၈)၊ မာလာမြိုင် ၂ - လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
  ခရစ်နှစ် ၂၀၀၁ - ခုနှစ်၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ - ၂၀၀၀။
- ခမ္မင်ရှားနယ် (အတွဲ-၁၊ အမှတ်-၁၃၊ ၁၃၆၇-ခုနှစ်၊ တပို့တွဲလဆန်း၁၀ရက်)
  မုံရွာနေဇာ၊ ဘိုးရာဇာ ပုံနှိပ်တိုက်၊ အမှတ်(၁၆၂)၊ ၄၅ - လမ်း၊ ဗိုလ်တစ်ထောင်၊ ရန်ကုန်မြို့
  ခရစ်နှစ် ၂၀၀၆ - ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။
- ကံ့ကော်ဆရာတော်ဘုရားကြီး၏ ရာပြည့်အကြို တစ်ဘဝသာသနာ
  ဦးအောင်မြင့်ထွန်း(စိုက်ပျိုးရေးပညာ)၊ သောင်းထွန်းဇော် ပုံနှိပ်တိုက်၊ အကွက်(၆၆၅)၊
  ထီးတန်းရပ်၊ ဟေမမာလာတောင်၊ မဟာအောင်မြေ၊ မန္တလေးမြို့
  ခရစ်နှစ် ၂၀၀၅ ခုနှစ်၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။

- ပါရမီ မဂ္ဂဇင်း ( အမှတ် - ၁၆၃ )
  ပါရမီ အော့ဖ်ဆက်၊ အမှတ်(၅၈၉)၊ ရန်ကြီးအောင်လမ်း၊ ကျောက်ရေတွင်း၊ မရမ်းကုန်း၊ ရန်ကုန်။
  ခရစ်နှစ် ၂၀၀၆-ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၀။

- ဗုဒ္ဓဘာသာသက်စွဲ ပန္နက်သဲကျမ်း ( ပထမတွဲ)
  အရှင်ကေဝလာဘိဝံသ၊ တော်ဝင် ပုံနှိပ်တိုက်၊ အမှတ် ( ၉၂)၊ ၂၈-လမ်း၊ ရန်ကုန်မြို့။
  ခရစ်နှစ် ၁၉၈၄-ခုနှစ်၊ မတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ - ၂၅၀၀။

- ရှိုင်ပြည်နယ် မအီစက်တော်ရာသမိုင်း
  ဦးအရိယဝံသ၊ အောင်မိတ်ဆက် ပုံနှိပ်တိုက်၊ အမှတ်-၅၀၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
  ခရစ်နှစ် ၁၉၇၁- ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ - ၃၀၀၀။

- အတွေးများနှင့် မိတ်ပွဲ့ခြင်း
  ရဝေနွယ်(အင်းမ)၊ ရာပြည့်အော့ဖ်ဆက်၊ အမှတ်(၁၉၉)၊ လမ်း-၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
  ခရစ်နှစ် - ၂၀၀၀၆- ခုနှစ်၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ - ၆၀၀၀။

- မဏိဇောတ ဘာသာရေးမဂ္ဂဇင်း (အတွဲ - ၃၊ အမှတ်-၆ )
  လှဲ့လှဲ့မွန် ပုံနှိပ်တိုက်၊ အမှတ်(၁၅၈)၊ ၄၅-လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။
  ခရစ်နှစ် ၂၀၀၆-ခုနှစ်၊ ဧပြီလ ၊ ပထမအကြိမ် ၊ အုပ်ရေ - ၁၀၀၀။

- အပ္ပမာဒ မွေ့ရေသမဂ္ဂဇင်း ( အတွဲ-၆၊ အမှတ်-၆ )
  ရွှေနိုင်ငံ ပုံနှိပ်တိုက်၊ အမှတ်(၉၀) စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။
  ခရစ်နှစ် ၂၀၀၅- ခုနှစ်၊ ဇွန်လ ၊ ပထမအကြိမ် ၊ အုပ်ရေ ၁၀၀၀၀။

- အပ္ပမာဒ မွေ့ရေသမဂ္ဂဇင်း ( အတွဲ-၇၊ အမှတ်-၃ )
  ရွှေနိုင်ငံ ပုံနှိပ်တိုက်၊ အမှတ်(၉၀) စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။
  ခရစ်နှစ် ၂၀၀၆- ခုနှစ်၊ စက်တင်ဘာလ ၊ ပထမအကြိမ် ၊ အုပ်ရေ ၁၀၀၀၀။

- ပါရမီ ခမ္မမဂ္ဂဇင်း
  ပါရမီ အော့ဖ်ဆက်၊ အမှတ်(၂၄)၊ ၁၀၉-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
  ခရစ်နှစ် ၁၉၉၆- ခုနှစ်၊ အောက်တိုဘာလ ၊ ပထမအကြိမ် ၊ အုပ်ရေ - ၂၀၀၀။

- နက္ခတ္တရောင်ခြည် မဂ္ဂဇင်း

- ကမ္ဘာ့သာသနာပြု ဆဋ္ဌသင်္ဂါယနာ ပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသောဘန သက်တော် ရာပြည့်အထိမ်းအမှတ် မော်ကွန်း
  Stars Empire, အမှတ်(၂၈/၃၂)၊ ၄၂-လမ်း၊ အောက်ဘလောက်၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။
  ခရစ်နှစ် - ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ၊ အုပ်ရေ - ၂၀၀၀။

- ရတနာမွန် မဂ္ဂဇင်း (အတွဲ ၃၃၊ အမှတ် -၁၁ )
  မိုးကောင်းကင် အော့ဖ်ဆက် ၊ အမှတ် (၁၂၁) ၃၈-လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
  ခရစ်နှစ် ၂၀၀၆-ခုနှစ်၊ နိုဝင်ဘာလ ၊ ပထမအကြိမ်-အုပ်ရေ -၁၅၀၀။

- တောင်ငူရာဇဝင် အကျဉ်းချုပ်နှင့် ရွှေဆံတော်ဘုရားသမိုင်း
  မိတ်ကောင်းပုံနှိပ်တိုက်၊ အမှတ် (၁၃၅)၊ ၄၆-လမ်း၊ ရန်ကုန်မြို့
  ခရစ်နှစ် ၁၉၉၁-ခုနှစ်၊ ဇန်နဝါရီလ၊ တတိယအကြိမ်-အုပ်ရေ-၁၀၀၀။

ထွက်ခဲ့သမျှ မွေ့ပူဇာ ခမ္မရဓာနာ

(၁) စားတတ်လျှင် မေတ္တာ၊ မစားတတ်လျှင် ဝေဒနာ (သို့မဟုတ်) တဏှာ (တတိယအကြိမ်)။

(၂) သာမညတောင်ဆရာတော်ကြီး၏ ညွှန်ကြားချက်အရ ပြုစုသော ""သက်လွတ်မေတ္တာ အဆိုအမိန့်များ"" (တတိယအကြိမ်)။

(၃) နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏိန္ဒ၏ ""ဥပုသ် သီလတရားတော်များ"" (ဒုတိယအကြိမ်)။

(၄) နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ စုဆောင်း ရှာဖွေ တင်ပြသော ""စတုရာ ရက္ခ ရှဖွယ်ကျမ်း""။

(၅) မဟာပရိတ္တာရုံ စလေကျောင်းတိုက် ရွှေကျင် နိကာယ ရတ္တညူ မဟာနာယက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာထေရ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြု မှတ်တမ်း။

(၆) အမြင်မှန် သစ္စာဉာဏ် အမြန်ရောက်ဖို့ အခုလက်တွေ့စကြစို့ (ပဉ္စမအကြိမ်)။

(၇) ဂဠုန်တောင် ကံ့လုံ့ကျောင်းတိုက် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာထေရ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုမှတ်တမ်း။

(၈) မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဝိမာန်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီဘိဝံသ မဟာထေရ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်း။

(၉) ကံ့လုံ့ဆရာတော်ဘုရားကြီး၏ ရာပြည့်အကြို တစ်ဘဝသာသနာ။

(၁၀) သက်တော်ရှည်ကံ့လုံ့ဆရာတော်။

(၁၁) ကမ်းနီဘေးမဲ့သားလွတ် သက်ကင်း သာသနာ့နယ်မြေ ပြန်လည်ဖော်ထုတ်အောင်မြင်ခြင်း မှတ်တမ်း။

(၁၂) ရန်ကုန်တိုင်း၊ အနောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ ကစင်ကျေးရွာ၊ ကစင်ကျောင်းတိုက် ဦးစီးပဓာနနာယက တတိယ ကစင်ဆရာတော်ကြီး ဘဒ္ဒန္တ သုမန မဟာထေရ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်း မှတ်တမ်း။

(၁၃) ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ သဖန်းပင်ကျေးရွာအုပ်စု၊ ဆီးဖြူပင်ကျေးရွာ၊ ဆီးဖြူပင်သာသနာ့ရိပ်သာကျောင်းတိုက်၊ ဦးစီးပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယ ပထမဆီးဖြူပင်ဆရာတော်ကြီး ဘဒ္ဒန္တ သုရိယ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်း။

ဆက်သက်ဆုဘ်ဒေ မည့် စာအုပ်များ

(၁၄) မန္တလေးတိုင်း၊ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ နယားကျောင်းတိုက် ဦးစီးပဓာန နာယက အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက နယားကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တ မေဓိယာဘိဝံသ မထေရ်မြတ် ၏ ""တစ်ဘဝသာသနာမြတ်ကျမ်းစာ""။

ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ) တာဝန်ခံ စုစည်းတင်ပြရေးသား စီစဉ်ပူဇော်သည်။

(၁၅) ပဲခူးတိုင်း၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ မဟာသိရီ မင်္ဂလာ အုတ်ဖိုကျောင်းတိုက် ဦးစီးပဓာနနာယက အထုပ်တစ်ရာ ဆရာတော်ကြီး ဘဒ္ဒန္တ ဝါသဝ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒ ကထာနှင့် သာသနာပြု ိုင်းမှတ်တမ်း။

မှတ်ချက်။ ။ ဆရာမကြီး ဒေါ်ငွေငွေ(ခ)ဒေါ်တင်မြငွေ (တွဲဖက် ပါမောက္ခ၊ ဝါဏိဇ္ဇဗေဒဌာန၊ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်၊ အခန်းအမှတ် - ၂၀၅၊ ရွာသာကြီး၊ သရဖီဆောင်၊ အဆောင်မှူး)က စုစည်းတင်ပြ ထုတ်ဝေလှူဒါန်း၍- ဦးအောင်မြင့်ထွန်း(စိုက်ပျိုးရေးပညာ)က စုဆောင်း စီစဉ်ပူဇော်သည်။

(၁၆) မေတ္တာနှောင်ကြိုး၊ ရေးသူ ၊ (မြတ်သက်ထား)

ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ) တာဝန်ခံ စုစည်းတင်ပြရေးသား စီစဉ်ပူဇော်သည်။

ဆုဘ်ဒေပြီး မွေ့ဓာတေးသီချင်း ကက်ဆက်ခွေနှင့် ဗွီဒီယို ဘိတ်ခွေ

(၁) စားတတ်လျှင် မေတ္တာ၊ မစားတတ်လျှင် ဝေဒနာ (သို့မဟုတ်) တဏှာ၊ (လက်တန်း သီကုံးပူဇော်သူ ဒေါ်ဇာနည်အောင်)။

(၂) လောကချမ်းသာ အဘယလာဘမုနိ ဓမ္မပူဇာတေးစီးရီး၊

(လက်တန်း သီကုံးပူဇော်သူ ဒေါ်ဇာနည်အောင်)။

# ပထမဆီးဖြူပင် ဆရာတော်ကြီး ဘဒ္ဒန္တသူရိယ မဟာထေရ် ၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်း မှတ်တမ်း မ.တည် အလှူရှင်များ စာရင်း

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | လှူငွေ(ကျပ်) |
|---|---|---|
| ၁။ | ပထမဆီးဖြူပင်ဆရာတော်ကြီး ဘဒ္ဒန္တသူရိယမဟာထေရ်မှ ချီးမြှင့်လှူဒါန်းငွေ | ၂၀.၀၀၀ |
| ၂။ | ဦးသန့်စင်ဌေး+ဒေါ်သန်းသန့်ဝင်း သား-မောင်ထိန်လင်း၊ မောင်စောရန်နိုင် မိသားစု၊ ရန်ကုန်၊ ၀၉-၅၁၂၀၅၉၃၊ ၀၉-၉၉၂၂၈၉၂ | ၁၀၀၀.၀၀၀ |
| ၃။ | ဦးထွန်းအောင်+မျက်ခမ်းစက်ရောဂါကုလက်ထောက်)+ဒေါ်တင်တင်အေး (ခ) ဒေါ်စန်းစန်းမြင့်ဌေး (ငြိမ်း၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်)၊ သား-မောင်အောင်ကြီး၊ မောင်အောင်မြင့်ထွန်း၊ (တာဝန်ခံစုစည်းတင်ပြသူ)၊ မောင်မြင့်အောင် (ကမ်းနီ-သာသနာ့အကျိုးတော်ဆောင်)၊ သမီး- ကိုဝင်းမြင့်နိုင်+မအောင်မြင့်နွယ်၊ မတင်စန်းအောင် မိသားစု၊ ရန်ကုန်။ | ၅၀၀.၀၀၀ |
| ၄။ | ဦးအောင်မြင့်+ဒေါ်ရူပါ သား-မောင်တင်အောင်မြင့်၊ ရွှေမြင်းမိုရ် မိသားစု၊ ပုသိမ်။ | ၁၅၀.၀၀၀ |
| ၅။ | ဦးသန်းဦး+ဒေါ်ဌေးဌေးနိုင် သမီး-မဇင်ဇင်ဦး မိသားစု၊ ရန်ကုန်။ | ၁၀၀.၀၀၀ |
| ၆။ | နှစ်ဘက်သော မိဘများနှင့် ကျေးဇူးရှိခဲ့ဖူးသူများကို ရည်မှန်း၍ ဦးတင်ထွန်း+ဒေါ်ပြုအောင်၊ ဒေါ်ခင်ဝင်းကြည် (ရွှေဖားလေးကျောက်စိမ်းကုမ္ပဏီ၊ ရွှေညောင်ပြင်လေး ဟိုတယ်၊ မားသားဝေါ်ဟိုတယ်) မန္တလေး၊ ၀၉-၂၀၄၂၀၈၈။ | ၁၀၀.၀၀၀ |
| ၇။ | ဦးကြည်လွင်+ဒေါ်တင်ထွေးနှင့် ဒုတိယဗိုလ်မှူးကြီး သိန်းတင်(ငြိမ်း)+ဒေါ်ခင်နွဲ့ တို့ကို ဦးထိပ်ထား၍ (မြတ်နိုးသူကုမ္ပဏီပိုင်ရှင်) ဦးကျော်စိုးလွင်+ဒေါ်သူသူတင်၊ သမီး-မစိုးသူဇာလွင် မိသားစု၊ မန္တလေး၊ ၀၂-၆၀၈၆၂ | |
| ၈။ | ဒေါ်နန်းခမ်း၊ မလီ မိသားစု၊ လမ်း ၈၀၊ ၂၂×၂၃ လမ်း၊ မန္တလေး၊ ၀၂-၃၂၈၃၆။ | |
| ၉။ | အဂ္ဂမဟာသီဟ သုဓမ္မ မဏိဇောတဓရ ၊ သိရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်+သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ သမ္မတသက်န်းတိုက် နှင့် နိပ္ပာန်ကုန်၊ ရန်ကုန်၊ ၀၁-၅၄၅၃၉၅။ | ၅၀.၀၀၀ |
| ၁၀။ | ဦးလှအောင်+ဒေါ်မှတ်ကြီးအား ရည်စူး၍ ဦးအိုက်ရီ+ဒေါ်မိုက်ခမ်း အား အမှူးထားလျက် ဦးလှသိန်းမောင်+ဒေါ်နန်းတင်အေး (ခ) မရှမ်းမ ၊ သား-မောင်စည်သူထွန်း ၊ မောင်မင်းဇော်ငြိမ်းအောင် ၊ မောင်ကောင်းမွန် မိသားစု ၊ မန္တလေး ၊ ၀၂-၅၇၄၃၄။ | ၅၀.၀၀၀ |
| ၁၁။ | ဦးဝင်းမြင့်(ကျောက်မျက်)+ဒေါ်ခင်ဝင်း (ဥပဒေဘွဲ့) တရားရုံးချုပ်ရှေ့နေ၊ အမှတ် ၆၇၊ ရွှဝံမှုကြို၊ ပါရမီလမ်း၊ ၆၃×၃၄-လမ်း၊ ၃၃×၃၄-လမ်း၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး၊ ဖုန်း ၀၉-၂၀၀၃၂၃၈။ | ၅၀.၀၀၀ |
| ၁၂။ | ဦးညီညီ+ဒေါ်စိုးယုမော် (ကြယ်တံခွန် စာအုပ်ချုပ်) ၈၂-လမ်း၊ ၃၄ -လမ်းထောင့် မန္တလေး။ | ၅၀.၀၀၀ |
| ၁၃။ | နဂါးမယ်တော်အား အမှူးထား၍ ဦးချို+ဒေါ်သန်း၊ သမီး-ဒေါ်ခင်သန်းနွယ် အ.ထ.က (၈) အမှတ် (၈၀)၊ ၈၃-လမ်း၊ ၂၁-၂၂×၂၂ လမ်း၊ မန္တလေး။ | ၄၀.၀၀၀ |
| ၁၄။ | ဦးတင်ထွန်းရှိန်+ဒေါ်မာမာဌေး၊ (ဆု)ဆန်ရောင်းဝယ်ရေး မိသားစု၊ တောင်ငူ ၀၅၄-၂၄၇၇၄။ | ၃၀.၀၀၀ |
| ၁၅။ | ဒေါ်ကျင်လှ-တူ ကိုကျော်တင့်+မခင်မာဝင်း "မြို့ပွဲရုံ" မိသားစု၊ တောင်ငူ ၀၅၄-၂၄၈၅၂။ | ၃၀.၀၀၀ |

၁၆။ ဦးအောင်စိုးလင်း (S.S.A.E လမ်းအထူးအဖွဲ့-၄) +ဒေါ်နှင်းနှင်းလွင် မိသားစု၊ ရန်ကုန်၊ ၀၉-၉၉၂၁၆၉၇။ ၃၀.၀၀၀

၁၇။ ဒေါ်ကြည်ဝင်းမေ (ခ) ဒေါ်ညိုညို သား မောင်မြင့်ဆွေ၊ ပ-၈/၁၀ ၃၆×၃၇-လမ်း၊ လမ်း ၆၀ မဟာအောင်မြေ၊ မန္တလေး။ ၃၀.၀၀၀

၁၈။ ဦးထွန်းအောင်+ဒေါ်မေထွေး မိသားစု၊ ရန်ကုန်။ ၂၀.၀၀၀

၁၉။ ဦးဝင်းမာ (ယန္တရား-တောင်)+ဒေါ်ခင်ညိုဆွေ သား-မောင်ဇင်မင်းထက်၊ မောင်ဖြိုးပိုင်စိုး၊ မိသားစု၊ ရန်ကုန်။ ၂၀.၀၀၀

၂၀။ ဦးပျော့+ဒေါ်မြ မိသားစု၊ တောင်ငူ၊ ၀၅၄-၂၃၆၄၀။ ၁၀.၀၀၀

၂၁။ ဦးကျော်စိုး+ဒေါ်မာမာအေး "သစ်ဆန်းကဖီး" မိသားစု၊ တောင်ငူ၊ ၀၅၄-၂၃၆၄၀။ ၁၀.၀၀၀

၂၂။ ဆရာမကြီး ဒေါ်ကျင်ကျင်ညွန့် (မြစ်သား) ၆၄-လမ်း၊ ၂၃-လမ်းထောင့် ၊ နန်းရှေ့ မန္တလေး။ ၁၀.၀၀၀

၂၃။ ဦးသန်းဆွေ+ဒေါ်စန်းစန်းမြင့် မိသားစု၊ အမှတ် (၅၇)၊ ဗိုလ်စိန်မှန်လမ်း။ ရန်ကုန်၊ ၀၁-၇၂၂၁၆၁။ ၁၀.၀၀၀

၂၄။ ဦးစိန်ဝင်း+ဒေါ်တင်နွယ်ဦး (ဗိုလ်စိန်မှန် မုန့်ဟင်းခါး) ၊ ၃၆×၈၄ လမ်း၊ မန္တလေး။ ၁၀.၀၀၀

၂၅။ ဒေါ်ဆွေဆွေသန်း၊ ရတနာရောင်းဝယ်ရေး၊ မန္တလေး။ ၁၀.၀၀၀

၂၆။ ဦးမြင့်ဆွေ+ဒေါ်ကျင်သောင်း ၊ သမီး-ဆရာမ ဒေါ်အေးအေးသွင် အ.ထ.က(၁၁)၊ မန္တလေး။ ၁၀.၀၀၀

၂၇။ ဦးလှကို+ဒေါ်သန်းရွှေ၊ တရားရုံးချုပ်ရှေ့နေ၊ မန္တလေး။ ၁၀.၀၀၀

၂၈။ Dr. ညီညီဇော် သွားဆရာဝန်၊ နန်းရှေ့ မန္တလေး။ ၁၀.၀၀၀

၂၉။ ဦးမြင့်ကျော် ၊ အမှတ်-၅၁ (ဘီ) ယမုံနာရိပ်မွန်၊ ဒေါ်ပုံသဘောကျင်းလမ်း၊ ရန်ကုန်။ ၀၉-၈၀၃၁၄၉၄။ ၁၀.၀၀၀

၃၀။ ဦးစိုင်း +ဒေါ်နန်းနုငြိမ်း၊ ပန်းန စာရေးကိရိယာ၊ မန္တလေး။ ၁၀.၀၀၀

၃၁။ ဦးနုမြင့်+Dr. အေးအေး Australia. ၁၀.၀၀၀

၃၂။ ဦးထိန်း+ဒေါ်နွယ်နွယ်ဦး အလင်းရောင်ဘော်ဒါ၊ မန္တလေး။ ၁၀.၀၀၀

၃၃။ ဦးသာအောင် သား-ဆရာဉာဏ်သစ် (ဉာဏ်သစ်ဇီဝ)+ မငွေငွေလှိုင်၊ မန္တလေး။ ၁၀.၀၀၀

၃၄။ ဆရာမ ဒေါ်မြတ်သူဇာ (ငြိမ်း) အ.ထ.က (၁၆) ၊ မန္တလေး။ ၁၀.၀၀၀

၃၅။ မန္တလေးမြို့ အ.ထ.က (၁၆)ကျောင်းသား. ကျောင်းသူဟောင်းများ။ ၅.၀၀၀

၃၆။ မန္တလေးမြို့ အ.လ.က (၄) ကျောင်းသား. ကျောင်းသူဟောင်းများ။ ၅.၀၀၀

၃၇။ တောင်ငူမြို့ အ.ထ.က (၁)ကျောင်းသား. ကျောင်းသူဟောင်းများ။ ၅.၀၀၀

၃၈။ တောင်ငူမြို့ အ.ထ.က (၆)ကျောင်းသား. ကျောင်းသူဟောင်းများ။ ၅.၀၀၀

၃၉။ ဒေါ်ဇာနည်အောင်၊ အင်းစိန်၊ ရန်ကုန်။ ၅.၀၀၀

၄၀။ ဦးစိုင်းမြင့်လှိုင်+ဒေါ်စိုးချိုချိုမော် မိသားစု၊ မန္တလေး။ ၅.၀၀၀

၄၁။ ဦးမြမောင်+ဒေါ်ဒေါင်းဒေါင်း မိသားစု၊ မန္တလေး။ ၅.၀၀၀

၄၂။ ဒေါ်လှမြိုင် ၊ တူမ ဆရာမ ဒေါ်လှလှ အ.ထ.က (၁၆) မန္တလေး။ ၅.၀၀၀

၄၃။ ဦးကျော်ငြိမ်းအောင်+ဒေါ်နှင်းနှင်းလွင် သမီး - မသက်မြတ်နိုးနှင်း၊ ဝင်းလဲ့ရွှေရည်မိသားစု၊ အမှတ် (၁၂၁)၊ ၈၂-လမ်း၊ ၁၈×၁၉ လမ်း၊ မန္တလေး။ ၀၂-၃၄၃၇၈။ ၅.၀၀၀

၄၄။ ဦးခင်မောင်ဖုန်း+ဒေါ်သီတာ (မင်္ဂလာစတိုး) ၊ မင်္ဂလာဈေးအရှေ့ပေါက်၊ မန္တလေး။ ၅.၀၀၀

၄၅။ ဦးကိုကိုဝင်း အားရည်စူး၍ ဒေါ်တာတာစန်း ၊ သမီး- Dr.တင်မီမီကို၊ မခင်စန္ဒာကို၊ မမေရတနာကို ၊ မြနန္ဒာလမ်း၊ အောင်တော်မူ၊ မန္တလေး။ ၅.၀၀၀

| | | |
|---|---|---|
| ၄၆။ | ဦးထွန်းခင် + ဒေါ်လှလှအေး၊ သား - မောင်ဟိန်းမင်းလွင်၊ သမီး မမြဇာဖြူ မိသားစု၊ ဆင်မလိုက်၊ ရန်ကုန်။ | ၅,၀၀၀ |
| ၄၇။ | ဦးကျော်ထူး (မော်ကွန်းထိန်း အဆင့် - ၁၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂလီကောလိပ်) + ဒေါ်ကျင်မြဝင်း ၊ မိသားစု၊ မန္တလေး။ | ၅,၀၀၀ |
| ၄၈။ | ဦးမျိုးခိုင် + ဒေါ်သီတာ မိသားစု၊ တောင်ငူ။ ၀၅၄ - ၂၄၆၈၉။ | ၅,၀၀၀ |
| ၄၉။ | မနီလာခိုင် တောင်ငူ။ ၀၅၄ - ၂၃၆၄၀။ | ၅,၀၀၀ |
| ၅၀။ | ဦးမြင့်တိုး + ဒေါ်ဝင်းမာ "ဒေါ်လာပွဲရုံ" မိသားစု၊ တောင်ငူ။ | ၅,၀၀၀ |
| ၅၁။ | ဦးပေါ်အောင် + ဒေါ်ဆွေဆွေမြင့် အမှတ် (၅၄၀)၊ မင်းရဲကျော်စွာလမ်း၊ (၁၉)ရပ်ကွက်၊ တောင်ငူ၊ ၀၅၄ - ၂၄၃၃၈။ | ၅,၀၀၀ |
| ၅၂။ | ဦးထွန်းထွန်း (ယန္တရား၊ တောင်) + ဆရာမ ဒေါ်ခင်စုစု မိသားစု၊ ရန်ကုန်။ | ၅,၀၀၀ |
| ၅၃။ | ဦးမြထွန်း + ဒေါ်တင်အေး(တောင်ကြီးမြို့ )နှင့် အကိုကြီး ဗိုလ်ချုပ်တင်ထွန်း (စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး) အား ဦးထိပ်ထား၍၊ ဆရာမကြီး ဒေါ်ငွေးငွေး၊ (ခ)ဒေါ်တင်မြငွေး (တွဲဖက်ပါမောက္ခ ၊ ဝါဏိဇ္ဇဗေဒဌာန ၊ စီးပွားရေးတက္ကသိုလ်)၊ ရန်ကုန်၊ ၀၁ - ၆၆၀၃၅၉။ | ၅,၀၀၀ |
| ၅၄။ | ယုကိုရှင်, B.A (History) Credit, M.A Credit, BEd (Q), Ph.D (Dissertation) ဗေဒင်လက္ခဏာ ဓာတ်ဆင်ယတြာ၊ အခန်း (၅၀) အောင်ပင်လယ်ဆောင်၊ မန္တလေး တက္ကသိုလ်အနီး၊ ၀၂ - ၆၁၀၂၃၊ ၀၇၅ - ၅၀၂၂၀။ | ၅,၀၀၀ |
| ၅၅။ | ဦးဝင်းစိုး + ဒေါ်ရီရီမြင့် သား - မောင်ကျော်ကျော်ထွန်း ၊ မောင်ရဲရင့်ထွန်း မိသားစု၊ မန္တလေး။ | ၃,၀၀၀ |
| ၅၆။ | ဦးကံ + ဒေါ်စန်းမြင့် သမီး - ဒေါ်ဆွေဆွေ ပညာရေးတက္ကသိုလ်၊ မန္တလေး ။ | ၁,၀၀၀ |

အမှတ် ၂၇၀၅၅
နေ့စွဲ ၄ . ၈ . ၀၉

ပုံနှိပ်မှတ်တမ်း
မွေ့ဒါန ဖြန့်ဝေသည်

| | | |
|---|---|---|
| အကြိမ် | - | ပထမအကြိမ် |
| ခုနှစ်၊ လ၊ ရက် | - | ၂၀၀၆ - ခုနှစ်၊ ဇွန်လ၊ (၂၅)ရက် |
| တန်ဖိုး | - | ၇၀၀၀ ကျပ် |
| ကွန်ပျူတာနှင့် စာပြင် | - | အရှင်ဉာဏဝံသ (ပါဠိ)<br>မစိုးရိမ်ကျောင်းတိုက်၊ မန္တလေး။ |
| ဂရစ်ဖစ်ဒီဇိုင်း | - | ကိုရဲ၊ မန္တလေး။ |
| အတွင်းစာသားဖလင် | - | အောင်မြင်းမိုရ်<br>၃၃ - လမ်း၊ ၈၀ - ၈၁လမ်းကြား၊ မန္တလေး။ |
| အတွင်းပုံနှိပ် | - | နီလာ အော့ဖ်ဆက်၊<br>၈၀ × ၈၁ လမ်းကြား၊ ၂၆ × ၂၇ - ကြား၊ မန္တလေး။ |
| မျက်နှာဖုံး | - | ဝင်းစတားပုံနှိပ်<br>၃၅ × ၃၆ လမ်းကြား၊ ၈၀ - လမ်း၊ မန္တလေးမြို့ |
| စာတ်ပုံမှတ်တမ်း | - | ဦးမြင့်အောင် (B.E, Mech) |
| စာအုပ်ချုပ် | - | ဦးညီညီ၊ ကြယ်တံခွန်<br>၈၂ - လမ်း၊ ၃၄ × ၃၅ လမ်းကြား၊ မန္တလေးမြို့။ |
| တာဝန်ခံ စီစဉ်ပူဇော်သူ | - | ဦးအောင်မြင့်ထွန်း၊ (စိုက်ပျိုးရေးပညာ) |
| ☎ - ၀၉၅၁ - ၈၈၅၉၄ | (၁) | အမှတ်(၁၀၀)၊ အခန်း (၉)၊ ပထမထပ်၊<br>နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်၊ စာပို့သင်္ကေတ (၁၁၂၀၁) |
| | (၂) | အမှတ် ၅/၃၊ မြနန္ဒာလမ်း၊ ၂၆ × ၂၇၊ ၆၂ × ၆၃လမ်းကြား၊<br>အောင်တော်မူ၊ မန္တလေးမြို့ စာပို့သင်္ကေတ (၀၅၀၇၂) |


မျက်နှာဖုံးပုံ ရှင်းလင်းချက်။ ရွှေပါဒစေတီတော်သည်ကား မြတ်စွာဘုရားရှင်၏ ဘယ်ခြေတော်နှင့် ညာခြေတော်အားဖြင့် ခြေတော်ရာတစ်စုံ ဖြစ်သည်။ (၁၀၈)ကွက် ရေတွက်နည်း မှုအမျိုးမျိုးတွင် "တောင်ခွင်သာသနာပိုင်နှင့် မင်းကွန်းတိပိဋကဆရာတော်ကြီးတို့၏ တိပိဋကမဟာဗုဒ္ဓဝင်ကျမ်းလာမှု" ဖြစ်သည်။ (၁၀၈)ကွက်ထားနည်းနှစ်မျိုးတွင် စက်ဝန်းအဝိုင်း၏ အပြင်ဘက်မှ လက်ယာရစ် ခရုပတ်လှည့်ပတ်၍ ပြထားသည်။

မြတ်စွာဘုရားရှင်၏ ခြေတော်တို့မှလည်း ရောင်ခြည်တော်များဖြာထွက်နေသည်ဟူ၍ အဋ္ဌကထာဆရာတို့ မိန့်ဆိုချက်အရ ခြေတော်ရာတို့ကို ခြေတော်ပုံအတိုင်း ရောင်ခြည်စက်ဝန်းဖြင့် တန်ဆာဆင်ထားခြင်း ဖြစ်သည်။

ထိုဗုဒ္ဓခြေတော်ရာပါဒစေတီတော်ကို ဆီးဖြူပင်ဆရာတော်ကြီး သီတင်းသုံးရာ ဆီးဖြူပင်သာသနာ့ရိပ်သာကျောင်းတိုက် ချမ်းမြေ့ ကြည်ဖြူ သီတဂူသာသနာ့ဗိမာန်တော်အတွင်း ကိုးကွယ်ပူဇော်ထားပါသဖြင့် လေးလေးမြတ်မြတ် မျက်နှာဖုံးပုံအဖြစ် ဖော်ပြအပ်ပါသည်။



တကောင်းကျောင်းတိုက်အတွင်းရှိ အရဟံ ရန်အောင်း

နန်းရှေ့



922.591, 6-41
A1MMGB027055

ပွင့် စေတီတော်နှင့် သာသနိက အဆောက်အဦများ။

လေး။

# ပထမဆီးပြုပြင် ဆရာတော်ဘုရားကြီး

၏

## ထေရုပ္ပတ္တိ၊ ဩဝါဒကထာ နှင့် သာသနာပြု သမိုင်းမှတ်တမ်း



**စီစဉ်ပူဇော်သူ - ဦးအောင်မြင့်ထွန်း (B.Ag) ၏ အဓိဋ္ဌာန်သစ္စာ**

ကျွန်ုပ်သည် - ကုန်းနေသတ္တဝါတို့၏အသား၊ ရေနေသတ္တဝါတို့၏အသား၊ ကောင်းကင်နေ သတ္တဝါတို့၏အသား၊ တွင်းအောင်းနေသတ္တဝါတို့၏အသားများကို မစားသုံးပါ။ ဤသစ္စာစကားမှန်ကန်ပါကဖြစ်လေရာဘဝတိုင်း၌-မြေကြီးထု နှင့် တူသော၊ သမုဒ္ဒရာရေလှိုင်းနှင့်တူသော များပြားလှသည့်ဘုန်းသမ္ဘာ၊ ကံ၊ ဉာဏ်ပညာ၊ ဝီရိယတို့နှင့်ပြည့်စုံ၍ မဂ်ဉာဏ်၊ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို လျင်လျင်မြန်မြန် ရ.ရပါလို၏။

ရန်ကုန်မြို့၌အဖ ဦးထွန်းအောင်(မျက်ခမ်းစပ်ရောဂါကုလက်ထောက်)၊အမိ ဒေါ်တင်တင်အေး (ခ)ဒေါ်စိန်းစိန်းမြင့်ဌေး (ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်-ငြိမ်း) တို့မှ ၁၉၆၄ ခုနှစ်၊ မေလ(၅)ရက်၊ တနင်္ဂနွေနေ့တွင် မွေးဖွားသည်။ မွေးချင်းငါးဦးအနက် ဒုတိယမြောက်သားရတနာတစ်ဦး ဖြစ်သည်။ ညီ အစ်ကို မောင်နှမများမှာ အစ်ကို ဦးအောင်ကြီး(B.Ag)၊ ညီ ဦးမြင့်မြတ်အောင် (B.E, Mech,M.O.T 2nd Class Part(A), 2nd Engineer,R.C.L, Singapore)၊ ညီမများဖြစ်ကြသော - ဦးဝင်းမြင့်နိုင် (Little Paris Speaking Classes) + ဒေါ်အောင်မြင့်နွယ်(B.Sc,Chem:) နှင့် ဒေါ်တင်စန်းအောင်(ခ)ဒေါ်အေးအေးမိုး (B.Sc,Bot:) တို့ အသီးသီး ဖြစ်ကြသည်။

ငယ်စဉ်က မန္တလေးမြို့၊ အမှတ်(၁၆)အစိုးရအထက်တန်းကျောင်းတွင် ပညာဆည်းပူးခဲ့ပြီး၊ ၁၉၈၁ ခုနှစ်တွင် အခြေခံပညာအဆင့်မြင့်တန်းကို လည်းကောင်း၊ ၁၉၈၂ ခုနှစ် နှင့် ၁၉၈၃ ခုနှစ်တွင် မန္တလေးတက္ကသိုလ် (ရတနာဘုမ္မိနယ်မြေ)၌ သိပ္ပံဇီဝဘာသာတွဲဖြင့် ဒေသကောလိပ်ကို လည်းကောင်း အောင်မြင်ခဲ့ပါသည်။ ၁၉၈၄ ခုနှစ်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ဆက်လက်ပညာသင်ကြားခဲ့ရာ ၁၉၈၇ ခုနှစ်တွင် သင်ယူရသည့်ဘာသာကိုးဘာသာရှိသည့်အနက် ရှစ်ဘာသာဂုဏ်ထူးဖြင့် ပထမအဆင့် ထူးချွန်စွာ အထူးအောင်မြင် ရရှိခဲ့ပေသည်။

ဘွဲ့ရပြီး ရန်ကုန်မြို့ မြန်မာ-ဂျာမန် သီးနှံပိုးမွှားရောဂါ ကာကွယ်ရေးစီမံကိန်း တမာသုတေသနဌာန၌ သုတေသနလက်ထောက်အဖြစ် ၁၉၈၈ ခု၊ နှစ်ကုန်ပိုင်းထိ လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကန်တော်ကလေး ပန်းဥယျာဉ်၏ ဥယျာဉ်တည်ဆောက်ရေးလုပ်ငန်းများတွင် စခန်းတာဝန်ခံအဖြစ် ၁၉၉၁ ခုနှစ်ထိလည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၂ ခုနှစ် မှ ၁၉၉၄ ခုနှစ် ထိ ပြည်ပနိုင်ငံများသို့ သွားရောက်၍ သာသနာ့အကျိုးဆောင်ရွက်ရင်း အလုပ်လုပ်ကိုင်ခဲ့ပါသည်။ မြန်မာပြည်သို့ ပြန်ရောက်သော် Green Group Co-op Ltd တွင် အုပ်ချုပ်မှုဒါရိုက်တာအဖြစ် ယနေ့အထိ တာဝန်ယူထားဆဲဖြစ်ပါသည်။ အမည်ရင်းမှာ ဦးအောင်မြင့်ထွန်းပင်ဖြစ်သည်။ မိဘနှစ်ပါးမှာအမြဲတမ်းသားသတ်လွတ်အေးမဲ့စားသူဖြစ်၍ ပင်္ဂိသန္ဓေဘဝတည်းကပင် သားသတ်လွတ် သန္ဓေဖြစ်နေပေသည်။ မည်သို့ပင်ဖြစ်စေကာမူ မွေးစကပင် ယခုထိ သားသတ်လွတ်စာဖြင့်သာ တင်းတိမ်ရောင့်ရဲသူဖြစ်သည်။

ဤစာအုပ်သည် စာရေးသူ၏ စစ်မှန်သော စေတနာ၊မေတ္တာ၊သဒ္ဓါဖြင့် ပြုစုရေးသားထားခြင်းဖြစ်ပါသည်။ ထေရဝါဒ ဗုဒ္ဓ သာသနာ့ အကျိုးပြု စာပေများကိုသာ ပြုစုရေးသားလေ့ ရှိပါသည်။ ယခုအမှတ် (၁၀၀)၊ အခန်း(၉)၊ ပထမထပ်၊ နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့ စာပို့သင်္ကေတ(၁၁၂၀၁) တွင် နေထိုင်လျက် ရှိပါသည်။